
လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။


www.burmeseclassic.com

မဂ္ဂပစ္စယော

# ဈေးပြိုင်

မဂ္ဂဇင်း










- ကျိုက်သီရိမေ့သိုက် (စာ-၁၇)
- မဟာဓေယျသိဒ္ဓိ အမိဋ္ဌာန်ကျင့်စဉ် (စာ-၄၂)
- ဈေးခေါ်ဖို့ (စာ-၇၇)
- ဇီးကွက် ဇော်ဂျီ ဈေးခေါ်မည် (စာ-ဂ၅)
- ဈေးခေါ်ယောက်မ (စာ-၉၅)
- နေကြွယ်ရန် ဓာတ်ပန်းပန် (စာ-၉၇)
- ဈေးဆိုင်အတွက် (စာ-၂၁၅)

မင်းသိင်္ခ ၏
လာဘ်ခေါ်တစ်ချက်
ငွေဇီးကွက် (စာ-၇၉)


Graphic; Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးစွေဂါထာ**

ဓါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္တလာဘောမေ၊
သဒါပဟောတု ဘဝါဘဝေ။

# မင်္ဂလာပွဲယော ရောင်ပြန် မဂ္ဂဇင်း

၂၀၁၇-ခုနှစ်၊ မေလ၊ အမှတ် (၂၈၀)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
အယ်ဒီတာရုံးအဖွဲ့ - မိုးမိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၁၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
စာအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ပညတ်၊ စံလွင်မောင်၊ ဖိုးအောင် တို့က ပန်းချီရေး၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော စာစောင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ဆိုင်သဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မွေ့ဝစ္စသော

# ရှုမဝ

မဂ္ဂဇင်း


၂၀၁၇ ခုနှစ် မေလ အမှတ် (၂၈၀)

## မာတိကာ

### ရောင်ပြန် ကဗျာ

ဖျာပုံရည်လွင်အောင်၊ ကြည်တင့်နိုင်၊
ဘုန်းလျှံ၊ ရွှေဒါန်းသန်းလွင်(မုံရွာ)၊
အေးမြပိုင်စိုး၊ သိန်းဝင်း(ကျောက်ပန်းတောင်း)၊
သွေးရည်၊ ဇော်ရာဇာ(ဥက္ကလာ)

BURMESE CLASSIC





စာ-၂၃၇

စာ-၁၁၃

အလောင်းမင်းတရားကြီး
လက်ထက် ရန်ကုန်

မောင်အေးသန့်



စာ-၂၅



ဈေးဆိုင်အတွက်


သိဒ္ဓိ

### ရောင်ပြန် အခန်းဆက်ရသ

တစ်နှုံကိုး(၃)
ရှုံး ―――――――――――――――― ၁၆၃
ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့(၂)
ကျော်မြသန်း ―――――――――――― ၁၈၂
ရာဇဗြိုဟ်ရဲ့ ငွေလမင်း(၂)
နန္ဒမိုးကြယ် ――――――――――――― ၂၀၂
မောင်ဘာဘာစိန်(ဇာတ်သိမ်း)
မင်းသိခ် ―――――――――――――――― ၂၃၇
နေနတ်မင်း၏ သမီးတော်(၂)
မနုဿကျော်ဝင်း ―――――――――――― ၂၄၆
မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရုပ်တော်မှု(၈)
မောင်ယဉ်မွန်(မောင်နေခြည်) ――――――― ၂၈၄

www.burmeseclassic.com

www.burmeseclassic.com




## မြန်မာ့ရေးရာ

အင်းတကော်မြို့မှ ဆံတော်မြတ် ကိန်းဝပ်စံပျော်
ကျိုက်သီရိမွေ့သိုက်စေတီတော်
မိုးမြင့်လွင် —— ၁၇

မြောက်ဦးမြို့မှ မာန်ငါးပါးဘုရားများ
လေးဝတီကျော် —— ၂၄

ထူးခြားဂုဏ်ဖော် ဘုန်းတော်ပြည့် သဘော်စေတီတော်နှင့်
သာသနာပြုပုဂ္ဂိုလ်ကျော် တကောဆရာတော်
ပန်းတနော်နောင်လတ် —— ၃၁

စစ်ကိုင်းတောင်ရိုး သစ္စာဝါဒီချောင်၊ ပဓာနနာယက ...
ထူးဆန်းမြင်တွေ့ ကြားသိရသော ဂုဏ်တော်နှင့် ဖြစ်တော်စဉ်များ
မောင်အောင်မြင့်(မိတ္ထီလာ) —— ၃၈

မဟာဝေယျသိဒ္ဓိ အမိတ္တာန်ကျင့်စဉ်
ပထမံဆရာကြီးဦးအောင်သူ —— ၄၂




## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) —— ၁၁၀

## ရောင်ပြန် ရသ

မိန်းမဆိုးယောက်ျားရဲ့ အမှားသံသရာ
အောင်ဘသိန်း —— ၁၅၈

ဖက်စစ်အကျဉ်းသား
ဝီတာမြိုး —— ၁၇၄

အရင်ကတော့ ကျွန်မချစ်သူ
မြမြလှိုင် —— ၂၂၀

အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး


**လာဘ်မိုးစွေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)
၅၂ - လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇





www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ

ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ———— ၄၇
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———— ၄၉
မေလမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ———— ၅၁
နေ့သားအလိုက် အောင်မြင်ဖို့
မဟီဒ္ဒိကျော်ခေါင် ———— ၅၂
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———— ၅၃
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ———— ၅၄
လကဆုန် ညောင်ရေပွဲပေမို့
တက္ကသိုလ်သျှင်ဥက္ကာ ———— ၅၅
နမောဂါထာတော်များ
ရှယ်လီသိန်းမောင် ———— ၅၇
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇-မေလ
ကေဝီအောင်သိန်း ———— ၅၉
ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘာန်ချောင်
ဦးတိုး(တက္ကသီလ) ———— ၆၃
ယူဂျင်းနီးယားလော့စ်၏ ၂၀၁၇-ခုနှစ် တစ်နှစ်
ဦးတိုး(တက္ကသီလ) ———— ၆၆
ကျွန်တော့်၏ သာကဗ ဗေဒင်ဓါးသနာရှင်
အောင်ကေ၂၃ညို(ဆင်ချဆိပ်) ———— ၇၁
ဗေဒင်ဆရာ၊ ဗေဒင်ပညာနှင့် သူ၏ စီဇများ
ရှုရှုအောင် ———— ၇၃
ကျွန်ုပ်နှင့် မောင်မြင့်ပြီး မပန်းဖြူတို့ ဇနီးမောင်နှံ
ဝေမျှလင်းထက် ———— ၁၀၂
သတိချပ်စေချင် တတ်ပုံရိုက်လျှင်
မော်တင်သိန်းဇော် ———— ၁၀၅
ကျွန်တော်နှင့် အနုပညာ
ဒေါက်တာသက်ဆွေ ———— ၁၀၇
အလောင်းမင်းတရားကြီးသက်ထက် ရန်ကုန်
မောင်အေးသန်း ———— ၁၁၃
ဝိဇ္ဇာဓရ (၉)ဂါထာ
ဝေယျ(B.A) ———— ၁၁၉
မိုးသခင် ချင်လွန်းဖန်
မောင်မောင်စန်းထွေး ———— ၁၂၀
မဟာသဒ္ဒမ္မဇောတိကဓဇ
မောင်ချို့မင်း(ကန္တာရဝတီ) ———— ၁၂၄



www.burmeseclassic.com

**မဟာဇေယျသိဒ္ဓိ**
**အာစိဏ္ဏာန်ကျင့်စဉ်**
ပထမံဆရာကြီးဦးအောင်သူ



စာ - ၄၂

## လောကီရေးရာ

ဘဝအမောစင်မယ့် လူတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ———————— ၁၂၅
နေ့အလိုက် ရွတ်ဆိုရမည့် မန္တန်များ
တင်ရွှေ ———————— ၁၂၉
ခင်သာညီနောင်သုံးဦးနှင့် ဒကာရက္ခိုသ်
ခင်မောင်အေး(မန္တလေး) ———————— ၁၃၁
ဘုရှင်ကျောင်းသား အကောင်းသား
မြင့်မင်း ———————— ၁၃၃
ရှေးခေတ်လူမှုရေးလုပ်ငန်းများ
ခင်ခန့်ကိုကို ———————— ၁၃၅
ဗိုလ်ဘတ်ထဲမှ ဂန္ထိရ(၁)
သာချုံလ ———————— ၁၃၇
အကျိုးရှုလှ သူ့ဒါန
မောင်သောကျော်ဝင်း ———————— ၁၄၀
မင်းသန်းရှာ ကုသိုလ်ယူဓာတ်ပါစေ
ဆယ်ဦးဦး ———————— ၁၄၃
ဘုရား…ဘုရား…ဘုရားတွေ ကယ်ပါဦး
ချိုမြင့် ———————— ၁၄၆
ဆိုင်းထဲက မို့(တ်)ဝိန်း
ဆန်းကောင်းမြိုင် ———————— ၁၅၁
အလိုပြည့် တတိုင်းရဂါထာ
တက္ကသိုလ်အပန်ငယ် ———————— ၁၅၄
လလေးလုံးအတွက် အစီအရင်ထက်
မော်တင်သိန်းဇော်ဇ ———————— ၁၇၂
ဒိနပတိ ဇောတိသဗေဒင်
ညွန့်လွင်(စက်မှုတက္ကသိုလ်) ———————— ၁၈၀
ဆံမြိတ်လည်းပြေ ပန်းလည်းကြွေရသော ပုဂံအလှကချေသည်
မင်းညွန့်နွယ်(တောင်တွင်းရွှေပြည်) ———————— ၁၉၃
သဗ္ဗေသတ္တာအာဟာရဋ္ဌိတိကာ အားလုံးသတ္တဝါအစာသည်တည်ရာ
ချောယဉ်သာမြင့် ———————— ၁၉၅
ကြာင့်၊ ခန်း၊ စက်၊ ဝင်၊ နတ်၊ မှင်၊ ရိပ်သန်း···
ညွန့်လွင်(စက်မှုတက္ကသိုလ်) ———————— ၂၀၀
နေ့ကိုကြည့်၍ လျှပ်တစ်ပြက်ဗေဒင်ဟောကိန်း
ညွန့်လွင်(စက်မှုတက္ကသိုလ်) ———————— ၂၁၄
ပြည်မြို့ သရေခေတ္တရာ ရဟန္တာဂါထာတော်များ
ဥာဏ်လင်း ———————— ၂၅၃
နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၄)
မဟာထွန်း ———————— ၂၇၀




စာ - ၁၈၂

www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

ရေးခေါ်ဖို့
မြပနှမ္မာ ———— ၇၇
လာဘ်ခေါ်တစ်ချက် ငွေဝီးကွက်
မင်းသိမ် ———— ၇၉
ရေးခေါ် ငွေရှင်၊ ငွေဝီးကွက်
မင်းကြည်ညို ———— ၈၁
ဝီးကွက် ဇော်ဂျီ ရေးခေါ်သည်
[illegible] ———— ၈၅
[illegible]
[illegible] ———— [illegible]
ရေးရောင်းကောင်းစေရာ ငွေတွေရှုပ်နေသည့် စေယကြာ
ဝင်းဇော်(သုံးဆယ်) ———— ၈၉





ဂဏ္ဍီရငွေခေါ် ရွှေဟား
ဦးသန်းမောင်(မိုးကုတ်) ———— ၉၁
ကုန်ရောင်းကောင်းဖို့
ဆရာပါမြစ ———— ၉၃
ရေးခေါ်ယောက်မ
ဝင်းမောင်မောင်(တောင်ငူ) ———— ၉၅
ရေကြွယ်ရှန် ဓာတ်ပန်းပန်
သုခဇော် ———— ၉၇
ရေးဆိုင်အတွက်
သိန္ဓီ ———— ၂၁၅
ငွေနဲ့ရွှေ အဆင်ပြေဖို့
မောင်ပုတ်စည် ———— ၂၁၇

လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com







အင်္ဂလိပ်စာအသုံး/ ကြော်ငြာနှင့် မြန်မာစာရေး

လာဘ်မိုးရွှေ စာပေ

အိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
-ဘမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၁၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇

## ရောင်ပြန်နှစ်သစ်လက်ဆောင်

၁၃၇၉ ခုနှစ် မင်္ဂလာအပြည့်နဲ့မင်္ဂလာနှစ်သစ်
ဒေါက်တာစောယုနွယ် ——— ၂၇၅

ပြည့်စုံစေသောမင်္ဂလာခေါင်းဆေးယတြာ
ဒေါက်တာစောယုနွယ် ——— ၂၇၇

## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ——— ၂၈၅

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ——— ၂၉၄

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ——— ၂၉၆




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တစ်ခန်းရပ်

ဘုန်းလျှံ

● “ဘီလူး”ရုပ်ကို၊ “ယမင်း”ဆို၍
“ယမင်း”ရုပ်ကို၊ “ဘီလူး”ဆိုစဉ်
သဘင်ဇာတ်ခေါင်း ကွဲတော့၏။ ■





www.burmeseclassic.com

www.burmeseclassic.com



# ရင်ထဲက လှုပ်ရှပ်


ရွှေဒါနိုးသန်းလွင်(မုံရွာ)

● တွင်းတူးတယ်
တဖြည်းဖြည်း အနိမ့်ကိုဆင်း။

● တံတိုင်းစီတယ်
တဖြည်းဖြည်း အမြင့်ကိုတက်။

● အများရဲ့တွေးချက်
အမြင့်ကိုတက်တော့ တော်
အနိမ့်ကိုဆင်းတော့ ရှော်။

● ကဲ...လမ်းတကာအော်
အိမ်သာတွင်းတူး
မိဘကျေးဇူးဆပ်
ကျပ်မပြည့်တဲ့ကျပ်
လှုပ်တတ်တဲ့လှုပ်ရှပ်
ဘယ်လိုသုံးသပ် ဆုံးဖြတ်ကြမလဲနော်။ ။



www.burmeseclassic.com

www.burmeseclassic.com

# သဘာဝ မျိုးဆက်တော်လှန်ရေး

အေးမြိုင်စိုး

● "မန်ကျည်းကိုင်း...ပုတ်"
"ဆီးကိုင်း...ခုတ်"လျက်
"သရက်ပင်...ထစ်"
"ပိန္နဲ...ပစ်"တဲ့
ဘိုးဘေးထားခဲ့ ရှေးစကား။

● ပုတ်စမ်း...
ခုတ်စမ်း...
ထစ်စမ်း...
ပစ်စမ်း...
ဗီဇစွမ်းအား၊ မျိုးဆက်ပွားဖို့

● အားမာန်ကြိုးကုတ်၊ နွေသရုပ်မှာ
အပုတ်ခံ မန်ကျည်း၊ ပိုမိုသီးမြဲ
အခုတ်ခံ ဆီး၊ ပိုမိုသီးမြဲ
အထစ်ခံ သရက်၊ အသီးပိုထွက်မြဲ...
အပစ်ခံ ပိန္နဲ၊ အသီးပိုထွက်မြဲ...
မာနငွဲ့ပြ
စာဂရဲစွ
ဝ ာစ်ခါမှ လဲမကျ
တုံ့ပြန်ကြပြီ
ပကာသနအကျိုးမက် အပျော်ကြံမတွေး
သဘာဝမျိုးဆက် တော်လှန်ရေး။ ■





www.burmeseclassic.com

www.burmeseclassic.com




# အင်ဂျင်ဝိုင်လဲရမယ့် နှလုံးသား

သိန်းဝင်း(ကျောက်ဖန်းတောင်း)

● မီးခိုးလုံးတွေကြားထဲ
လောင်ကျွမ်းပျောက်ဆုံးသွားတဲ့ ရွာလေးရဲ့မြင်ကွင်း
အဝေးမှ ကြည့်ခွင့်ရတဲ့ခဏ
ပြင်းထန်ပေါက်ကွဲသံနဲ့အတူ
အမေ့ရဲ့ ခြေအစုံဟာ သံပတ်ပေးလိုက်သလို
ကျွန်တော့်လက်ကို တင်းတင်းဆုပ်ကိုင်ဆွဲခေါ်ရင်း
ရွာလေးနဲ့ဝေးရာဆီ
ဦးတည်ရာမဲ့ အမေပြေးလွှားနေတယ်။

● အဖေ…
အဖေ…လို့
အော်ခေါ်နေတဲ့ ကျွန်တော့်အသံဟာ
မျက်ရည်တွေနဲ့ စီးမျောရင်း
နာနာကျင်ကျင် ဘဝတွေကို ဖွဲ့ယူခြေမွသွားတဲ့
စစ်ပွဲတွေကို မုန်းတယ်။

● အမေ့ကျောမှာ ပိုးထားတဲ့
ညီမလေးရဲ့
ဆာလောင်မှုနဲ့အတူ ငိုကြွေးသံတွေက
ကျွန်တော့်နှလုံးသားကို ထိခိုက်နာကျင်စေခဲ့
အတ္တတွေနဲ့
ငြိမ်းချမ်းရေးကို ကျောခိုင်းထားသူတွေရဲ့
နှလုံးသားထဲမှာ
ချစ်ခြင်းမေတ္တာတရားနဲ့ စာနာစိတ်ဆိုတာ
မှန်ညင်းစေ့ရှာရသလို
ဘယ်ခါမှ တွေ့မည်မထင်…။ ။



www.burmeseclassic.com

www.burmeseclassic.com



# တဲရှင်နှင့်ကုလားအုတ်


သွေးရည်

- အပေါက်ဝဆီက
  ခဏလောက် နေခိုပါရစေတဲ့
  ချိုမြတဲ့ အရိပ်မှာ။

- နွေကန္တာရခရီးကြမ်း
  ပန်းခဲ့သူပါ။

- ခေါင်းကလေးဝင်ရုံမျှ
  မေးရဖို့ အားကိုးရှာ
  မိုးကာနဲ့ ရွက်ဖျင်တဲ။

- ခေါင်းအဝင် ကိုယ်ပါခွံ့လေမှ
  အံ့စရာ "ဟာ" ခနဲပေပေါ့
  တဲရှင်ကို တကာတဲ အပြင်မောင်းလို့ရယ်
  ထောင်းထုကြေကွဲ။ ။



www.burmeseclassic.com

www.burmeseclassic.com



# မြေ

အောင်ရေဇာ(ဥတ္တရလာ)

● ကမ္ဘာတစ်ဝှမ်းလုံးက
လူသားတွေရဲ့ ဘဝအစမှာ
ချမ်းသာတဲ့လူက မွေးမွေး
ဆင်းရဲတဲ့လူက ဖွားဖွား
အသားအရောင် ဖြူဖြူမည်းမည်း
ဘာသာအယူတွေ ဘယ်လောက်ပဲကွဲကွဲ
တစ်မူခွဲမပေးတဲ့
"အူဝဲတေး"နဲ့ စတင်သလို···။

● အားလုံးရဲ့
နောက်ဆုံးခရီးမှာလည်း
အတောက်ဆုံးမီးနဲ့ ပြာပဲဖြစ်ရပေါ့···။

● သည်တော့···
လူ့ဘဝရဲ့ အစနဲ့အဆုံးကို
(သင်တို့ရဲ)
အစွဲတရား အသစ်နဲ့
ခွဲခြားပစ်လို့ ရမလား···။ ။



www.burmeseclassic.com

www.burmeseclassic.com

# အင်းတကော်မြို့မှ

## ဆံတော်မြတ်ကိန်းဝပ်စံပျော်

# ကျိုက်သီရိ ဓမ္မသိုက်စေတီတော်

**မိုးမြင့်လွင်**

### အစီအစဉ်ပြုမှုစော်ခြင်း

မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးတွင် ဥဒိဿစေတီတော်များ တည်ထားကိုးကွယ်ကြရာတွင် တချို့သော စေတီတော်မြတ်များသည် မြတ်ဗုဒ္ဓ၏ ဆံတော်မြတ်များကို ပူဇော်တည်ထားကြသည်ကို ဖူးမြင်ရပါသည်။

ထင်ရှားသော စေတီတော်မြတ်များကို ပြပါဆိုလျှင် ရန်ကုန်မြို့ သိင်္ဂုတ္တရတောင်မှ ရွှေတိဂုံစေတီတော်၊ ပဲခူးမြို့ သုဒ္ဒ နတောင်ကုန်း၌တည်ထားသော ရွှေမော်ဓောစေတီတော်၊ ပဲခူးတိုင်း၊ ပြည်မြို့ ရွှေဆံတော်နှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့မှ ကျိုက်ထီးရိုးစေတီတော်မြတ်များ ဖြစ်ကြသည်။


သို့သော် သမိုင်းစာမျက်နှာဝယ် မပေါ်လွင် မထင်ရှားသည့် ဆံတော်မြတ်ဌာပနာ တည်ထား စေတီအများ






www.burmeseclassic.com

www.burmeseclassic.com



ထုံးသာက်နံ့နှင့် မွေသိုက်စေတီတော်



ရင်ပြင်တော်ပေါ်မှ အရံစေတီတစ်ဆူ

အပြားလည်း မြန်မာနိုင်ငံဗုဒ္ဓသာသနာတွင် ရှိနေသေးသည်ကို စေတီဘုရားသမိုင်းစာပေ တချို့၌ မှတ်သားရပါသည်။

ယခု စာရေးသူဖူးမြော်ခွင့်ရခဲ့သည်မှာ ပဲခူးမြို့နယ်၊ အင်းတကော်မြို့မှ သမိုင်းဝင် ကျိုက်သီရိမွေသိုက်စေတီတော်မြတ်ဖြစ်ပါသည်။ စေတီတော်မြတ်ကြီးသည် ရန်ကုန်–မန္တလေး ကားလမ်းမကြီး၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင်တည်ရှိပြီး အင်းတကော်မြို့မှ ပဲခူးဖက်သို့အသွား မိုင်တိုင် အမှတ် ၃၆/၃ သို့ရောက်လျှင် ကျိုက်မွေသိုက်စေတီတော်ဟု ရေးထားသည့် မုခ်ဦးကြီးကို ကားလမ်းမကြီး အရှေ့ဘက်ခြမ်း၌ တွေ့မြင်နိုင်ပါသည်။ ၎င်းမုခ်ဦးကြီးမှ ဝင်ရောက်ဖူးမြော်နိုင်ပါသည်။ စေတီတော်ထိ ကတ ရာလမ်းခင်းထားသဖြင့် ဆိုင်ကယ်များဖြင့်လည်း ဝင်ရောက်ဖူးမြော်နိုင်ကြောင်း လမ်းညွှန်လိုက်ရပါသည်။

ဲးသားစွာဝန်ခံရေးရပါလျှင် ဤမျှ တန်ခိုးတော်ဂုဏ်နှင့်ပြည့်စုံတော်မူသည့် ဆံတော်ရှင် ကျိုက်သီရိမွေသိုက်စေတီမြတ်ကို စာရေးသူတစ်ကြိမ်တစ်ခါမျှ ဖူးမြော်ခွင့်မရခဲ့ပါ။ စာရေးသူတို့နယ်မြေဖွား ဖြစ်ပေမယ့် အနီးကပ်ဖူးမြော်ရခြင်း မရှိခဲ့ဘဲ အဝေးကသာ လက်အုပ်ချီဦးခိုက်ရသည်က များသည်။


ယခုတော့ ဖူးမြော်ခွင့်အချိန်ကျလာပြီဟု ထင်ပါသည်။ ပြီးခဲ့သည့် ၂၀၁၆ စက်တင်ဘာလက အင်းတကော်မြို့မှ စာရေးသူ၏ မိတ်ဆွေများဖြစ်သည့် ကိုသန်းဇော်ဦးနှင့် ကိုဆန်းဦး (ဒေါင်းအိုးဝေ စားဖွယ်စုံ) ဆိုင်ပိုင်ရှင်တို့သည် ကျိုက်သီရိမွေသိုက်စေတီတော်မြတ်ကြီး ဘက်စုံဖွံ့ဖြိုးရေးအတွက် စာရေးပေးပါရန် မေတ္တာရပ်ခံလာပါသည်။ စာရေးသူမှလည်း သဘောတူသဖြင့် ကိုသန်းဇော်ဦးမှ စေတီတော်မြတ်ကြီးသို့ ကားနှင့်လိုက်ပို့ပေးပါသည်။

စာရေးသူ စေတီတော်မြတ်ကြီးအား လက်ဦးရစ်ဖူးမြော်ပြီး အဓိဋ္ဌာန်ပြုရှိခိုးပါသည်။ ထိုသို့ရှိခိုးအာ ပြု အဓိဋ္ဌာန်ဝင်နေချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီး

www.burmeseclassic.com



*နဂါး ၊ ၊ ဝိပ္ပား*



*အာ ၊ ခံတန်ဆောင်းမှ ဗုဒ္ဓ ၊ ဝိပ္ပား*

မှုညင်းများ ဖြန်းဖြန်းထကာ စိတ်ထဲမှာလည်း တစ်မျိုးကြီး ခံစားလာရပါသည်။ တည်တည်ငြိမ်ငြိမ်ထား အာ ၊ ပြုတာ အဓိဋ္ဌာန်ပြုခဲ့ပါသည်။ စိတ်ထဲမှာတော့ ငါမွေသိုက်စေတီတော်မြတ်ကြီး၏ သမိုင်းကို လက်လှမ်းမီသရွေ့ လေ့လာရေးသားပူဇော်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။


ဩော်, သဘာဝအတိုင်း ထုံးဖြူဖြူ သက်နီးဖြင့် ကြည်ညိုဖွယ် အတိဖြစ်တော်မူသည့် ကျိုက်သီရိမွေသိုက်စေတီတော်မြတ်ကြီးအား ဖူးမြော်ခွင့်ရခဲ့လေပြီမို့ စိတ်ထဲမှာ ကြည်နူးနေမိပါတော့သည်။

## မြတ်ဗုဒ္ဓနှင့် ရသေ့ခြောက်ဦး

မြတ်ဗုဒ္ဓပွင့်ထွန်းပေါ်ခဲ့သည်မှာ ရှစ်နှစ်မြောက်မှုခဲ့လေပြီ။ မာန်ငါးပါးကို ဒေါင်မြင်တော်မူ ပွင့်ထွန်းခဲ့သည့်နှစ်ကား သက ရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်သောကြာနေ့ ထိုနေ့မှသည် ယခုမြတ်စွာဘုရားရှင် ဝိဒေဟရစ်တိုင်း မိတိ လာပြည်သို့ ကြွရောက်တော်မူသည်မှာ ၁၁၁ ခုနှစ် ဖြစ်သည်။ ရှစ်နှစ်၊ ရှစ်ဝါမြောက် ဖြစ်သည်။ ဘုရားရှင်နှင့်တကွ ရဟန္တာမထေရ်မြတ်ကြီးများလည်း အတူပါလာကြသည်။

ဘုရားရှင်သည် ဒေသစာရီကြွချီရာ လမ်းတစ်လျှောက်၌ သတ ဝါဝေနေယျအပေါင်းအား တရားမွေများဟောကြားတော်မူ၏။ ဘုရားရှင်နှင့်အတူ ပါလာသည့် ဂဝံပတိ ရဟန္တာမထေရ်မြတ်သည် သုဝဏ္ဏဘူမိ သထုံပြည်ရှိ ဆွေတော်မျိုးတော်များထံ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးသောအခါ သထုံပြည့်ရှင် မဟာသီရိအသောကမင်းအား ဘုရားရှင်ကြွလာကြောင်း မိန့်ကြား၏။ ဘုရင်မှလည်း ဘုရားတည်းဟူသော အသံကြားဖြင့် သွေ့ဒိဋ္ဌိတ်များပေါ်ပေါက်လာကာ –

www.burmeseclassic.com



အရှင်ဂဝံပတိမထေရ်မြတ် ဘုရားရှင်အား သထုံပြည်သို့ ပင့်ပေးပါဟု လျှောက်ထားလေသည်။ ဂဝံပတိမထေရ်မှလည်း လက်ခံတော်မူ ဘုရားရှင်အား သထုံပြည်သို့ ကြွရောက် တရားဓမ္မဟောကြားတော်မူပါရန် လျှောက်ထားလေသည်။

ဘုရားရှင်နှင့်တကွ ရဟန္တာမထေရ်မြတ်အပေါင်းတို့သည် ကောင်းကင်ခရီးဖြင့် မိတီ လာပြည်မှသည် သထုံပြည်သို့ ကြွတော်မူ၏။

သထုံပြည့်ရှင် ဘုရင်နှင့် တိုင်းသူပြည်သားများသည် ဘုရားရှင်နှင့် ရဟန္တာမထေရ်မြတ်ကြီးများ သီတင်းသုံးရန် မဏ္ဍပ်ကြီးများ ခမ်းနားစွာ တည်ဆောက်ကြသည်။ ဆွမ်းကွမ်း ဝေယျာဝစ ပန်းဆီမီး ရေချမ်းများ လှူဒါန်းပူဇော်ကြကုန်၏။

ဘုရားရှင်သည် သထုံပြည်တွင် (၇)ရက် သီတင်းသုံး တရားဟောကြားပြီးနောက် ပြန်ကြွတော့မည်ဖြစ်သည်။ ဤသို့ မြတ်ဗုဒ္ဓပြန်ကြွတော်မူခါနီးတွင် အမှတ်မထင် ခြောက်ယောက်သော ရသေ့များသည် ဘုရားရှင်ထံတော်မှောက် ဖူးမြော်ရောက်လာကြသည်။

ရသေ့တို့သည် တရားလည်းနာ ဘုရားရှင်အားလည်း ပူဇော်မှုအဖုံဖုံဖြင့် ပူဇော်ကန်တော့ကြပြီးနောက် မြတ်စွာဘုရားနောက်အခါတွင် လူနတ်ဗြဟ္မာ သတ္တဝါအများ အရှင့်ကိုယ်စား ကိုးကွယ်ပူဇော်နိုင်ရန် တစ်စုံတစ်ရာသော ပူဇနီယဝတ္ထုတစ်ခုခု ပေးသနားချီးမြှင့်ပါဘုရားဟု ရသေ့ခြောက်ပါးတို့မှ လျှောက်ထားတောင်းပန်ကြလေသည်။

ထိုအခါ ဘုရားရှင်သည် အတိတ်အကြောင်းကို ပြန်လည်အောက်မေ့သုံးသပ်ခြင်း လက်ရှိ ပစ္စုပ္ပန်ကို ကြည့်ခြင်း၊ အနာဂတ်သာသနာတော်ကို မျှော်ရည်ပြီးနောက် မဟာကရုဏာတော်ကြီးမားစွာဖြင့် ဆံတော်မြတ် ခြောက်ဆူတို့ကို ရသေ့ခြောက်ယောက်တို့အား ပေးသနားတော်မူလေသည်။

ထိုစဉ်က ဆံတော်ရရှိကြသည့် ရသေ့ခြောက်ဦးတို့မှာ (၁) သဒ္ဒင်သိရိရသေ့ (၂) ခုလုကရသေ့ (၃) နာရဒရသေ့ (၄) လောပရသေ့ (၅) သီဟရသေ့ (၆) သာဂိယရသေ့တို့ ဖြစ်ကြသည်။ မြတ်စွာဘုရားထံမှ ဆံတော်မြတ်များရရှိပြီးနောက် ရသေ့တို့သည် မိမိတို့သီတင်းသုံးရာ ဒေသအရပ် အသီးသီးသို့ ပြန်ကြွလေသည်။

www.burmeseclassic.com


## စေတီတော် တည်ထားကိုးကွယ်ခြင်း

ဆံတော်ရရှိသည့် ရသေ့ခြောက်ပါးတို့တွင် နာရဒရသေ့ ယခု ကျိုက်သီရိုဓမ္မသိုက် စေတီတည်သည့် ရသေ့ဖြစ်လာခဲ့ပုံမှာ ဤသို့ဖြစ်သည်။

နာရဒရသေ့သည် မိမိ၏ သီတင်းသုံးရာ ဒေသဖြစ်သည့် ပဲခူးမြို့နယ် မုဂနိမ်တောင်တန်းသို့ ပြန်ကြွလာလေသည်။ မုဂနိမ်တောင်တန်းတည်ရှိနေရာမှာ အင်းတကော်ရွာ၊ ယခု အင်းတကော်မြို့အုပ်စုဖြစ်သည့် ပျဉ်မငူရွာ အရှေ့ဘက်တွင် တည်ရှိပါသည်။

နာရဒရသေ့နည်းတူ ကျန်ရသေ့ငါးပါးတို့သည်လည်း ဆံတော်မြတ်များ ဌာပနာလျက် ကျိုက်ထီးရိုးစေတီ၊ ကျိုက်ထီးဆောင်းစေတီ၊ ဖွဲကပင်တောင်စေတီ၊ ကေလာသတောင်စေတီ၊ ဇင်းကျိုက်စေတီစသည်ဖြင့် တည်ထားကိုးကွယ်ကြပါသည်။ ၎င်းစေတီငါးဆူအား မွန်ပြည်နယ်တွင် ဖူးမြင်နိုင်ပါသည်။

နာရဒရသေ့ကြီး မုဂနိမ်တောင်တန်းသို့ ပြန်ကြွလာပြီးနောက် ညီတော်ရသေ့နှစ်ပါးသည် နာရဒရသေ့ကြီးထံ



မှန်ဦးအဝင် အစောင့်ယက္ခ

ရောက်လာကြသည့်နောက်တော့ ရသေ့ကြီး မြတ်စွာဘုရားထံတော်မှ ဆံတော်မြတ်ရရှိကြောင်း ညီတော်များသိရှိရပါသည်။ သို့ပါ ညီတော်တို့လည်း ပူဇော်နိုင်ရန်အလို့ငှာ ဆံတော်မြတ် နှစ်ဆူပွားပေးတော်မူပါဟု လျှောက်ထားကြလေသည်။

ထိုအခါ နာရဒနောင်တော်လည်း မိမိ၏ဦးခေါင်းဆံကျစ်ထဲတွင် ထည့်ကိုးကွယ်ထားသည့် ဆံတော်အစစ်အား ထုတ်ယူပူဇော်ပြီး ဆံတော်နှစ်ဆူပွားကာ ညီတော်နှစ်ပါးအား ပေးသနားလေသည်။ သည့်နောက် နောင်တော်၊ ညီတော်ရသေ့တို့သည် ဆံတော်မြတ်များ ဌာပနာပူဇော် စေတီသုံးဆူကို ဖိုခနောက်ဆိုင်တည်ကြလေသည်။

၎င်းစေတီသုံးဆူမှာ ဓမ္မသိုက်စေတီ၊ ဓမ္မချုပ်စေတီ၊ ဓမ္မသတ်စေတီ သုံးဆူဖြစ်ပါသည်။ ယခု အင်းတကော်မြို့မှ ပဲခူးမြို့သို့အသွား အမှတ်(၁၀၅) ခြေမြန်တပ်မအနီး ရန်ကုန်–မန္တလေး ကားလမ်းမကြီးမှတစ်မိုင်ကျော် အကွာတွင် ဖူးမြင်နေရသော စေတီများ ဖြစ်ပါသည်။

ကျိုက်သီရိုဓမ္မသိုက်စေတီတော်သည် ဗုဒ္ဓ၏ ဆံတော် အစစ်ကိန်းဝပ်တော်မူသည့် စေတီဖြစ် ထူးခြားမှုများလည်း ရှိခဲ့ပါသည်။ တောတောင်ရေမြေသဘာဝအရ အစောင့်အရှောက်များလည်းရှိနိုင်ပါသည်။ သို့ဖြစ် တရားဓမ္မအားထုတ်လိုသူ ကေစာရီကျင့်လိုသူ အဓိဋ္ဌာန်ပြုလိုသူများသည် အေးချမ်း တိတ်ဆိတ်ငြိမ်သက်ရာ ဓမ္မသိုက်စေတီတော်ကြီး၌ စရဏပွားအားထုတ်ကြသည်ကို တွေ့မြင်ခဲ့ရပါသည်။


## သာသနာပြုမင်းနှင့် စီတော်ဆင်း

ဟံသာဝတီ (ပဲခူး) ပထမခေတ်ဖြစ်သည့် သက ရာဇ် ၃၀၄ ခုနှစ်၊ ကရဝိကမင်းနှင့် မိဖုရားဝိမာယဒေဝီ လက်ထက်တွင် ဟံသာဝတီနေပြည်တော်ဟု ခေါ်ဆိုသည့် ပဲခူးမြို့သည်၊ သာသနာတော်ထွန်းကားသည်။ ဘုရင်ကလည်း သာသနာပြုမင်း ဖြစ်သည်။ သူတို့တွင် သားတော်တစ်ပါး ဖွားမြင်ထားသည်။ ပဥ လမင်းသားဟု အမည်တွင်သည်။

ကရဝိဘုရင်သည် သာသနာပြုသည့် မင်းဖြစ်သည့်အလျောက် သာသနာပြုရာတွင် အများနှင့်မတူပေ။ ထူးခြားလှသည်။ မည်သို့ထူးခြားသနည်းဟူမူ သူ့တွင် မင်္ဂလာစီး

www.burmeseclassic.com

www.burmeseclassic.com



အစောင့်ယက္ခ ညီနောင်

တော် ဆင်တစ်စီးရှိသည်။ ထိုစီးတော်ဆင်အား သ၁၀ အဓိဋ္ဌာန်ပြု စေလွှတ်တော်မူ၏။ သ၁၀အဓိဋ္ဌာန်မှာ သူသည် သာသနာပြု မင်းတစ်ပါးမှန်ပါ၏။ မှန်ပါလျှင် ဤမင်္ဂလာစီးတော်ဆင်သည် မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော် ဆံတော် အံတော် စသည်များဖြင့် တည်ထားကိုးကွယ်သော ဘုရားစေတီဂူပုထိုးများ ရှိရာနေရာတွင် ကိန်းဝပ်ပါစေသတည်း။ ကျွန်ုပ်ကရဝိဘုရင်သည် တိုင်းပြည်နှင့် တိုင်းသူပြည်သားများအပေါ် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်၏။ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်များ တည်ထားကိုးကွယ်သည့် ဘုရားပုထိုးစေတီများကိုလည်း ပြုပြင်တည်ထား သာသနာပြု၏။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးကိုလည်း ကိုးကွယ်ဆည်းကပ်၏။ မြတ်ဗုဒ္ဓဟောကြားတော်မူသည့် တရားဓမ္မများကိုလည်း အကြွင်းမဲ့ ယုံကြည်သူဖြစ်၏။ မိမိသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အဓွန့်ရှည်ကြာအောင် သာသနာပြုမည့်သူမှန်ပါ၏။ ဤစကား ဤသ၁၀မှန်ပါလျှင် ဤဟံသာဝတီ (ပဲခူး)ရှိ မြတ်ဘုရား၏ ဆံတော်သွားတော် မွေတော်ဓာတ်များတည်ရှိရာအရပ် စေတီပုထိုးများတွင် မင်္ဂလာဆင်တော် ဦးညွှတ်ပါစေသတည်းဟုလည်း အဓိဋ္ဌာန်ပြုစေလွှတ်တော်မူ၏။

တစ်နေ့တွင် ထိုသို့အဓိဋ္ဌာန်ပြုလျှက် စီးတော်မင်္ဂလာဆင်အား လွှတ်လိုက်ရာ မင်္ဂလာဆင်သည် မုဂနိမ်တောင်ပေါ်ရှိ (ယခု မွေသိုက်စေတီတော်နေရာ) စေတီတော်ကြီးတည်ရှိရာသို့ ရောက်ရှိပြီး ဦးညွှတ်ဝပ်ဆင်းလေသည်။

မင်္ဂလာဆင်တော်ကြီး ဦးညွှတ်သည့်နေရာသို့ ကရဝိဘုရင်ကြီးနှင့် မိဖုရားဝိမာယဒေဝီ သားတော် ပဥ လဝန်ကြီး ဝန်လေး မင်းမှုထမ်းများ မောင်းမမိသံများ ရောက်ရှိလာကြပြီး စေတီတော်မြတ်ဖူးမြော်ကြလေသည်။ သို့သော် နှစ်ပေါင်းကြာရှည်စွာ တည်ရှိခဲ့သော စေတီဖြစ် သစ်တောဝါးတောများကလည်း ထူထပ်သလို ချုံနွယ်ပိတ်ပေါင်းများကလည်း စေတီတော်အား ဖုံးအုပ်ထားလေသည်။

ထိုချုံနွယ်များကို ရှင်းလင်းပြီး ယခင် ၁၈တော်မြင့် ၇၅ တောင် ဆံတော်မှသည် ကရဝိက မင်းကြီးမှ ၁၈တော် ၁၃၅ တောင် ဆံတော်တိုးမြှင့်တည်ထားတော်မူလေသည်။ တစ်ဖန် စေတီအရံပေါင်း ရှစ်ဆယ်နှင့် ဆင်တော်ဝပ်ခြင်းအထိမ်းအမှတ်အဖြစ် စေတီတော် ထောင့်ရှစ်ရာတွင် ဆင်ဝပ်နေပုံများကိုလည်း ထုလုပ်ထားသည်ကို ယနေ့တိုင် တွေ့မြင်ခဲ့ရပါသည်။

စေတီတော်အတွင်းသို့ ဌာပနာရာ၌လည်း ကရဝိက မင်းကြီး၏ ကိုယ်အလေးချိန်နှင့် ညီမျှသော ရွှေပိတု မိဖုရား ဝိမာယဒေဝီ၏ ကိုယ်အလေးချိန်နှင့် တူမျှသော ရွှေပိတု၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရတနာပန်းခိုင်၊ ပြည်သူပြည်သားများ လှူဒါန်းသော ရွှေပန်းတောင်း၊ ငွေပန်းတောင်း၊ ရတနာပန်းတောင်းများကိုလည်း ထည့်သွင်းဌာပနာတော်မူလေသည်။

အကျဉ်းအားဖြင့်ဆိုရပါမူ ဟံသာဝတီ(ပဲခူး)၏ ခေတ်သုံးခေတ်တွင် စေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက် မင်းအဆက်ဆက်တို့မှ ပြုပြင်လာခဲ့ကြလေသည်။ စေတီတော်မြတ်ကြီး၏ သမိုင်းကို အတိအကျရေးရပါမူ စာအုပ်တစ်အုပ်ပြုစုမှသာ ပြည့်စုံနိုင်မည် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်ပါသော်လည်း စေတီတော်တည်ရှိရာ နေရာသည် လူသူနည်းပါးသည့် နေရာဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများမှာလည်း နယ်ချဲ့လက်အောက် ရောက်လိုက်နှင့်မို့ စေတီတော်မှာ သစ်တော ဝါးတောများ

www.burmeseclassic.com

ကြားတွင် ချုံနွယ်ပိတ်ပေါင်းများပြန်လည် ဖုံးအုပ်ခြင်း ဝင့်ကြွားတော်ခံရပြန်လေသည်။

## မှတ်တမ်းများ ပြုစုရန်လိုအပ်

မကြာမကြာဆိုသလို ချုံနွယ်များ ဖုံးလွှမ်းလျက်ရှိသည့် ဓမ္မသိုက်စေတီတော်မြတ်၏ ပြုပြင်မှုသမိုင်းကိုကြည့်လျှင် ၁၉၈၂ ခုနှစ်တွင် ရန်ကုန်တိုင်း၊ ဟံသာဝတီခရိုင် ခရမ်းမြို့မှ မောင်းမဆရာတော် ဦးမေဓာအရှင်မြတ်သည် တပည့်များဖြင့် ရောက်ရှိလာပြီး တောများခုတ်ထွင်ရှင်းလင်း ပြုပြင်လေသည်။ စေတီအနီးမှ ရွာသူရွာသားများလည်း ဝိုင်းဝန်းခုတ်ထွင်ရှင်းလင်းရန် စေတီကြီးအား ပြုပြင်ကြလေသည်။

ထိုစဉ်က မောင်းမဆရာတော်ကြီးနှင့်အတူ စေတီတော်ကြီးအား ပြုပြင်ကြသည့် ဘုရားဒါယကာများမှာ ဦးစံခင်၊ ဦးအုန်း၊ ဦးချို၊ ဦးချစ်တီး၊ ဦးလှဖေ၊ ဦးမြမောင် စသည့် ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။

ထို့နောက် ဆရာတော်ဦးပါမောက္ခ၊ ဦးပညာစာရ၊ ရန်ကုန်မြို့ ချော်တွင်းကျောင်းဆရာတော် ဦးဝိလာသ စသည်ဖြင့် ဆရာတော်များအဆက်ဆက်မှလည်း တပည့်ဒကာ၊ ဒကာမများနှင့် လက်တွဲ၍ စေတီတော်ကြီးအား ပြုပြင်လာခဲ့ကြသဖြင့် ယနေ့ အင်းတကော်မြို့၏ ကျက်သရေဆောင်ဟု ခေါ်ဆိုအပ်သည့် ကျိုက်သီရိ ဓမ္မသိုက်စေတီတော်ကြီးအား သဘာဝအတိုင်း ထုံးဖြူးသင်္ကန်းဖွေးဖွေး ပြုလျက်ကြည်ညိုစွာ ဖူးမြော်ကြရပါသည်။

ယခုအခါမှာတော့ အင်းတကော် မြို့သူ၊ မြို့သားများ၊ အမှတ်(၁၀၅) ခြေမြန်တပ်မှ စစ်သည်တော်များ ဒကာ၊ ဒကာမများမှ ဘက်စုံပြုပြင်လျက် နှစ်စဉ်တပို့တွဲလ ရောက်တိုင်း ဘုရားပွဲတော်ကြီးအား စည်ကားစွာ ကျင်းပလျက်ရှိပါသည်။

ဓမ္မသိုက်စေတီတော်မြတ်ကြီးနှင့် နည်းတူ ကရဝိက မင်းကြီး ပြုပြင်တည်ထားတော်မူသည့် စေတီ ခုနစ်ဆူရှိကြောင်း ဖတ်ရှုရပါသည်။ ၎င်းခုနစ်ဆူမှာ ကျိုက်သီရိ ဓမ္မသိုက်၊ ကျိုက်ဒေးတိုးစေတီ၊ ကျိုက်ဒေဝီစေတီ၊ ကျိုက်ဒေရှင်စေတီ၊ ကျိုက်လစင်စေတီ၊ ကျိုက်မိုးနတ်စေတီ၊ ကျိုက်[illegible]စေတီတို့ ဖြစ်ကြသည်။

တစ်ဖန် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီးနှင့် မရှေးမနှောင်း တည်ထားသည့် စေတီများမှာ ပဲခူးမြို့နယ်၊ ချောင်းဖျားဒေသ ထန်းတောကြီး ကျေးရွာမှ ရွှေမုဋ္ဌောစေတီ။ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့မှ မဟာဝိဇယစေတီတော်။ ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖူးချောင်း ကျေးရွာမှ မိုးနတ်ဘုရား။ ကဝမြို့နယ်၊ ပျဉ်းမငူရွာမှ ဓမ္မသိုက်ဘုရား။ ပဲခူး၊ သနပ်ပင်မြို့နယ်၊ မိုးခိုင်ကြီးရွာမှ မိုးခိုင်ကြီးဘုရား။ ကဝမြို့နယ်၊ ဖလေးကျေးရွာမှ ကျိုက်မတ်ကော်စေတီတော်တို့ ဖြစ်ကြသည်။

ထိုဘုရားစေတီများမှာ ယနေ့တိုင် ဖူးမြင်နေရသည် ဖြစ်ပါသည်။ သို့ပါသောကြောင့် ယခုပူဇော်ရေးသားပါသော ကျိုက်သီရိဓမ္မသိုက်စေတီတော်မြတ်ကြီး၏ သမိုင်းအပြည့်အစုံကိုရေးမည်ဆိုလျှင် စာအုပ်အဖြစ် ပြုစုမှသာလျှင် ပြည့်စုံမည်ဖြစ်ပါသည်။ ဆောင်းပါးသည်ကား မဂ္ဂဇင်း၏ စာမျက်နှာကို ငဲ့သောအားဖြင့် အကျဉ်းချုံးရေးရသဖြင့် ကျန်ရှိခဲ့တာလိုအပ်တာများရှိလျှင် နားလည်ခွင့်လွှတ်ပေးကြပါဟူ၍ ဆိုပါရစေ။ စေတီတော်မြတ်ကြီး၏ ပွဲတော်ကို နှစ်စဉ်တပို့တွဲလပြည့်တွင် ဘိုးဘွားများ လက်ထက်မှစ၍ ကျင်းပခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ကြက်ပျံမကျ စည်ကားသည့် ဘုရားပွဲတော်ဖြစ်သည်။ ယခုနှစ်မှစ၍ စတုဒီသာများ ကျွေးမွေးလှူဒါန်းကာ စေတီတော်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်ပါ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ကြောင်း အင်းတကော်မြို့၊ ဒေါင်းအိုးဝေ စားဖွယ်စုံမှ ကိုဆန်းဦးထံမှ ဝမ်းမြောက်ဖွယ်စကားဆိုသဖြင့် သာဓုခေါ်ဆိုရပါသည်။ သို့ဖြစ်၍ စေတီတော်ကြီး၏ သမိုင်းစာအုပ်လိုသလို ဘက်စုံဖွံ့ဖြိုးရေးနှင့် ပြုပြင်ထိန်းသိမ်းရန် ဂေါပကအဖွဲ့လည်း လိုအပ်သည်ဟု ထင်မြင်မိပါကြောင်း ရေးသားပူဇော်လိုက်ရပါသည်။

**မိုးမြင့်လွင်**

**ကိုးကား**

(၁) ရှေးဟောင်းမွန်ရာဇဝင်သမိုင်း
(၂) ရွှေမော်ဓောစေတီတော်သမိုင်း
(၃) ဟံသာဝတီခေတ် မော်ကွန်း
(၄) ကျိုက်ခမီရေလယ်ဘုရားသမိုင်း
(၅) ဓမ္မသိုက်ဘုရားကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဦးမြို့မှ မာန်ငါးပါးဘုရားများ

## လေးဝတီကျော်

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိစဉ်ကပင် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်း၏ သဒ္ဓါကြည်ညို ဖူးမြော်လိုသော ဆန္ဒကြောင့် ဘုရားကိုယ်တော်တိုင် ရခိုင်ပြည်သို့ ကြွရောက်တော်မူခဲ့လေသည်။ စန္ဒသူရိယမင်း လျှောက်ထား တောင်းပန်ခြင်းကြောင့် ရုပ်ရှင်တော်မဟာမုနိကို သွန်းလုပ်စေခဲ့သည်။ စန္ဒသူရိယမင်းနှင့် မိဖုရား၊ ညီတော်၊ နှမတော်တို့နှင့် တိုင်းသားပြည်သူအပေါင်းတို့အား ဓမ္မစကြာတရားတော်နှင့် ဘုရားဆင်းတုတော် ကိုးကွယ်ခြင်းဖြင့် အကျိုးဖြစ်ထွန်းခြင်းကို သတ္တုပိမ္ဗ ပူဇနီယာနိသံသ သုတ္တန်တရားတော်ဖြင့် ဘုရားသခင်ချီးမြှင့်တော်မူခဲ့လေသည်။ ထိုအခါ စန္ဒသူရိယဘုရင်၊ မိဖုရားကြီး ပဒုမ္မဒေဝီ၊ ညီတော်ဥရုလဝ၊ နှမတော် ဥမ္မာဒေဝီတို့နှင့် ရစ်ထောင်သော ပရိသတ်တို့ သောတာပန်တည်ခဲ့ကြလေသည်။ ထိုအချိန်မှစပြီး ရခိုင်ပြည်တွင် သာသနာတော်သည် နေရောင်လရောင်ပမာ အစဉ် ထွန်းလင်းခဲ့ပေသည်။

စန္ဒသူရိယမင်းနောက် ခြောက်ဆက်မြောက်သော သူရိယစက္ကမင်း (ဘီစီ ၃၁၆–၂၇၂) ဓညဝတီထီးနန်းကို ဆက်ခံစိုးစံခဲ့သည်။ ထိုအချိန်၌ အိန္ဒိယပြည် ပါဋလိပုတ်တွင် အသောကမင်း (သိရိဓမ္မာသောကမင်း) အုပ်စိုးသော အချိန် ဖြစ်လေသည်။ အသောကမင်း ဆည်းကပ်ကိုးကွယ်သော ရဟန္တာ အရှင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် စေလွှတ်သဖြင့် အသျှင်မာဟုလမထေရ်နှင့် အသျှင်တိဿ မထေရ်တို့သည် ဘုရား၏ ဓာတ်တော်မွေတော်များကို ယူဆောင်၍ သူရိယစက္ကမင်းအား စေတီတည်ရန် ပေးအပ်ခဲ့လေသည်။ ထိုဓာတ်တော်မွေတော်များကို မြတ်စွာဘုရား ရခိုင်ပြည်သို့ ကြွရောက်ခဲ့စဉ် သောလာဂိရိမောရ ပဗ္ဗတတောင်မှနေ၍ ဗျာဒိတ်ပေးခဲ့သော နေရာလေးဆယ့်ရှစ်ခုတို့၌လည်း စေတီတော်ရှစ်ရာကို တည်ထားခဲ့လေသည်။


ဓညဝတီခေတ် ကုန်ဆုံးပြီးနောက် ဝေသာလီခေတ်၊ ပဉ္စာခေတ်၊ ပုရိန်ခေတ်၊ နေရဉ္စရာခေတ်၊ လောင်းကြက်ခေတ် စသည့် လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်တို့တွင် အုပ်စိုးခဲ့သော ဘုရင်ဆက်ဆက်တို့သည် မရေမတွက်နိုင်အောင်များပြားသော စေတီပုထိုးများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ယင်းကြောင့် "သဖင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း"ဟု ဆိုရိုးစကား ပေါ်ပေါက်ခဲ့သည်။ ထိုခေတ်အဆက်ဆက်က တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများတွင် နောက်ဆုံးခေတ်ဖြစ်သည့် မြောက်ဦးခေတ်၌ တည်ထား ကိုးကွယ်ခဲ့ကြသော စေတီပုထိုးများအနက် မပြိုမီ ဖူးမြော်ကြည်ညိုရန် နိုင်ငံတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်များ နှစ်စဉ်နှစ်တိုင်း လာရောက်သကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသုတေသီများ လာရောက်ကြသည်။ မြောက်ဦးမြို့ရှိ ဘုရားစေတီပုထိုးများအနက် မာရ်ငါးပါးဘုရားစေတီ ငါးဆူမှာ ထင်ရှားလှသိမ်များကြသည်။ ယင်းတို့မှာ ဇိနမာရ်အောင်စေတီ၊ လောကမာရ်အောင်စေတီ၊ ရတနာ့မာရ်အောင်စေတီ၊ သက္ကျမာရ်အောင်စေတီနှင့် မင်္ဂလာမာရ်အောင်စေတီတို့ ဖြစ်ကြသည်။

### ဇိနမာရ်အောင်စေတီ

### (သက္ကရာဇ် ၁၀၂၀ ခု၊ ခရစ်နှစ် ၁၆၅၈ ခု)

ဇိနမာရ်အောင်စေတီတော်မှာ နန်းတော်ကုန်း၏ တောင်ဘက်မိုင်ဝက်ခန့်အကွာ ပန်းထိမ်တောင်ပေါ်တွင် တည်ရှိသည်။ စန္ဒသုဓမ္မရာဇာမင်းသည် မြောက်ဦး ထီးနန်းကို

www.burmeseclassic.com



ဇိနမာရ်အောင်စေတီတော်

သက ရာဇ် ၁၀၂၀ ခု၊ ခရစ်နှစ် ၁၆၅၈ ခုတွင် အုပ်စိုးခဲ့သည်။ ထိုမင်းသည် ရှေဦးစွာ နန်းတက်စတွင် စေတီငယ် တစ်ဆူကို တည်ထားခဲ့သည်။ ထိုအခါ သူငယ်တို့က "စံသုဘုရင် အရှင် ကောင်းမှု ပန်းထိမ်တောင်ဘုရား သာမုမခေါ်လောက်"ဟု အော်ဟစ်ကြ သည်။ ဤအကြောင်းကို ဘုရင်ကြား တော်မူသော် မှူးမတ်ပညာရှိတို့အား မေးမြန်းလေသည်။ မှူးမတ်တို့က အရှင်မင်းကြီးသည် ဘုန်းကြီးသော ဘုရင်ဖြစ်ပြီး ကောင်းမှုကုသိုလ်ပြုရာ တွင် မပြောစလောက်သေးငယ်သော စေတီကိုသာ တည်ထားသဖြင့် နတ် တို့က သူငယ်တို့အား ဘုရင်သတိရ စေရန် ပြောဆိုခြင်း ဖြစ်နိုင်သည်ဟု လျှောက်ထားကြသည်။ ထိုအခါ ဘုရင် သည် အရှက်တော်ရ တည်ပြီးသော စေတီအနီးတွင် ကျောက်စေတီကြီးကို သက ရာဇ် ၁၀၂၀ ခု၊ ခရစ်နှစ် ၁၆၅၈ ခုတွင် တည်စေသည်။ ဘုရားတည် ခြင်းကို အောင်မြင်သော အထိမ်း အမှတ်အဖြစ် စေတီတော်ကို ဇိနမာရ် အောင်စေတီဟု ခေါ်တွင်စေခဲ့သည်။

စေတီအောက်ခြေမှာ ရှစ်မြေ ဘင် ဖြစ်ပြီး ထောင့်ချိုးများတွင် လူဦး ခေါင်းနှင့် ခြသေ့်ကိုယ်နှစ်ခုပါသော မနုသီဟ ပုံများရှိသည်။ အရှေ့ဖက် တွင် ဂန္ဓကုဋီတိုက်သို့ ဝင်ရန် ဂူပေါက် တစ်ခုရှိသည်။ ရှေးအခါက ဂန္ဓကုဋီ တိုက်တွင် ကြေးဆင်းတုရှိခဲ့သည်။ ဗြိတိသျှစစ်တပ်က ယူသွားသဖြင့် ယခုအခါ အုတ်အင်္ဂတေဖြင့် ပြုလုပ် ထားသော ဆင်းတုတော်တစ်ဆူ ရှိသည်။ ဝင်လမ်းဂူအထက်တွင် မုခ် ငါးဆင့်ဖြင့် တည်ဆောက်ထားသည်။ ပစ္စယံ၏ ဒုတိယအဆင့်တွင် ထောင့် များ၌ ပူ ပ်များ ထုလုပ်ထားသည်။ စောင့်ရှောက်ထိန်းသိမ်းထားရှိသည်။

## လောကမာရ်အောင်စေတီ

## (သက္ကရာဇ် ၁၀၂၀ ခု၊ ခရစ်နှစ် ၁၆၅၈ ခု)

လောကမရ်အောင်စေတီမှာ နန်းတော်ကုန်း၏ အနောက်တောင် ဘက်တစ်မိုင်ခန့်အကွာ ကျောက်ရစ် ချောင်းအနီး မြေပြန့်တွင် တည်ရှိ သည်။ ဤစေတီတော်ကို စန္ဒသုဓမ္မ ရာဇာမင်း သက ရာဇ် ၁၀၂၀ ခု၊ ခရစ် နှစ် ၁၆၅၈ ခုတွင် တည်ထားခဲ့သည်။



www.burmeseclassic.com


www.burmeseclassic.com



လောကမာရ်အောင်စေတီတော်

လောကသုံးပါးဖြစ်သော သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတို့မှ မြတ်စွာဘုရားရှင် ထွက်မြောက်အောင်မြင်တော်မူခြင်းကို အထိမ်းအမှတ်အဖြစ် စေတီတော်ကို လောကမာရ်အောင်စေတီတော်ဟု အမည်ပေးခဲ့သည်။ အောက်ခြေမှာ လေးမြေ ဘင့်ဖြစ်ပြီး ပစ္စယံလေးဆင့် တင်ထားသည်။ အောက်ဆုံးပစ္စယံတွင် ထောင့်လေးထောင့်၌ ဦးခေါင်းတစ်ခု ခန္ဓာကိုယ်နှစ်ခုရှိသော ပူးပုပ်များရှိသည်။ အရုပ်လေးမျက်နှာသို့ မျက်နှာမူထားသော ပူးပုပ်ရှစ်ပုပ်ရှိသည်။ ဒုတိယပစ္စယံမှ စတုတ္ထပစ္စယံအထိ ပစ္စယံသုံးဆင့်၏ ထောင့်များတွင် စေတီငယ်တစ်ဆူစီ ရှိသည်။ ထိုပစ္စယံအဆင့်အလယ်တည့်တည့်တွင် မုခ်ပိတ်ဂူငယ်တစ်ခုစီ ရှိသည်။ ရှေ့ဖက်တွင် ဝင်လမ်းဂူရှိသည်။ ထိုဂူမှ ဝင်သွားလျှင် ဂန္ဓကုဋီတိုက်သို့ ရောက်သည်။ ဂန္ဓကုဋီတိုက်တွင် ၁၂ ပေခန့်မြင့်သော ကျောက်တစ်လုံးတည်းကို ထုလုပ်ထားသည့် ကျောက်ဆင်းတု တစ်ဆူရှိသည်။ ဂူ၏မျက်နှာစာတွင် ကျောက်ဆစ်လက်ရာများရှိသည်။ စေတီတော်၏ အထွတ်မှာ ပြေပြစ်လှသည်။

ပစ္စယံအဆင့်ရှိ မုခ်တံကဲများမှာ လှပသော ကျောက်ဆစ်လက်ရာများရှိသည်။ စေတီအရှေ့ဘက်တွင် သိမ်တော်နှင့် တန်ဆောင်းရှိသည်။ ဗြိတိသျှခေတ်၌ ဝါစျေးရပ်မှ ဦးသာထွန်းဦးက စေတီတော်ကို ပြုပြင်ပြီး သိမ်တော်နှင့် တန်ဆောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဂျပန်ခေတ်တွင် သိမ်တော်နှင့် တန်ဆောင်းမှာ ဗုံးထိပြိုပျက်သွားခဲ့သည်။ ယခုရှိနေသော



လောကမာရ်အောင်စေတီလိုဏ်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်



www.burmeseclassic.com


www.burmeseclassic.com

သိမ်တော်နှင့် တန်ဆောင်းကို ဦးမောင်ပျော့နှင့် ဦးစံထွန်းအောင်တို့ ဦးဆောင် အလှူရှင်များပါဝင် ဆောက်လုပ်ခဲ့သည်။ စေတီနှင့် သိမ်တော်ကို တံတိုင်းကာရံထားသည်။ စေတီ၏ လုံးပတ်မှာ ပေ ၃၀၀ ရှိပြီး အမြင့်ပေ ၁၀၀ ခန့် ရှိသည်။ ဂေါပကအဖွဲ့မှ စောင့်ရှောက်ထိန်းသိမ်းလျက်ရှိသည်။

### ရတနာ့မာရ်အောင်စေတီ
### (သက္ကရာဇ် ၁၀၂၀ ခု၊ ခရစ်နှစ် ၁၆၅၈ ခု)

ရတနာ့မာရ်အောင်စေတီသည် နန်းတော်ကုန်း၏ အရှေ့မြောက်ထောင့် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။ ဤစေတီတော်ကို စန္ဒသုဓမ္မရာဇာဘုရင်သည် သက္ကရာဇ် ၁၀၂၀ ခု၊ ခရစ်နှစ် ၁၆၅၈ ခုတွင် တည်ထားခဲ့သည်။ ရခိုင်လူမျိုးတို့သည် ရတနာသုံးပါးကို ယုံကြည်ခြင်းရှိရာ၌ အမျိုးဆိုင်ဆက် အောင်မြင်မှုရှိခဲ့သည်ကို သိရှိရန် အထိမ်းအမှတ်အဖြစ် စေတီတော်ကို ရတနာ့မာရ်အောင်ဟု ခေါ်တွင်ခဲ့သည်။ စေတီတော်၏ အောက်ခြေမှာ ရှစ်မြေဒေါင့်ဖြစ်ပြီး ထုချွန်ပုံဖြစ်သည်။ ပစ ယံကိုးဆင့်ရှိသည်။ ခေါင်းလောင်းရင်ဖွဲ့၊ သပိတ်မှောက်၊ ပေါင်းရစ်၊ ကြာမှောက်၊ ငှက်လုံး (ပတီးစေ့)၊ ကြာလှန်၊ ငှက်ပျောဖူး။ သံထီး၊ ငှက်မြတ်နား။ စိန်ဖူး စသည်ဖြင့် အဆင့်ဆင့် တည်ဆောက်ထားသည်။ စေတီလုံးပတ် ၃၈၄ ပေရှိပြီး အမြင့်ပေ ၁၈၀ ခန့်ရှိသည်။ တံတိုင်းနှစ်ထပ် ကာရံထားသည်။ စေတီအနီး အရပ်ရှစ်မျက်နှာတွင် ဂြိုဟ်ပုံများရှိသည်။ စေတီ၏ မြောက်ဘက်နားတွင် အလျား ၅၄ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၀ ပေရှိသော ဘုရင်၏ ဥပုသ်ဆောင်ရှိသည်။ ဂူဖြူဟုခေါ်သည်။ ဤဂူဖြူတွင် သီတင်းသုံးနေထိုင်ခဲ့သော ဂူဖြူဆရာတော်သည် ၁၆၉၇ ခုနှစ်တွင် နန်းတင်ခံရပြီး မာ့မီ ယ အမည်ဖြင့် တစ်နှစ် အုပ်ချုပ်ခဲ့သည်။

အရှေ့ဘက်တွင် ကျောက်ဂူတစ်ခုနှင့် ဂူထဲတွင် ကျောက်ဆင်းတုတော်များရှိသည်။ ဂူ၏အရှေ့တွင် သိမ်ဆောက်လုပ်ထားသည်။ စေတီ၏ ရှေ့ဘက်တံတိုင်းအပြင်ဘက်တွင် လေးခင်းပြင်ဟုခေါ်သော ကွင်းပြင်ရှိသည်။ မြောက်ဦးခေတ်က ပြာသိုလတွင် ဆင်ခင်းသဘင်၊ မြင်းခင်းသဘင်၊ လေးခင်းသဘင်များကို ဤကွင်း၌ ကျင်းပခဲ့ကြသည်။ ရှေးအခါက ကွင်း၏တောင်ဖက်တွင် ပွဲကြည့်ခင်းအဖြစ် ကျောက်များကို အဆင့်ဆင့် တန်းထားသောနေရာရှိသည်။ စေတီ၏ မြောက်ဘက်တွင် ရတနာစံဦးကျောင်းတော်ရှိရာသည် ယခုအခါ ကျောင်းဆောက်ပြီး မြို့မှ ဒကာ၊ ဒကာမများ ကိုးကွယ်သော သံဃာတော်များ နေထိုင်သီတင်းသုံးလျက်ရှိသည်။ ဂေါပကအဖွဲ့မှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။


ရတနာ့မာရ်အောင်စေတီ


### သကျမာရ်အောင်စေတီ
### (သက္ကရာဇ် ၉၉၁ ခု၊ ခရစ်နှစ် ၁၆၂၉ ခု)

သကျမာရ်အောင်စေတီသည် နန်းတော်ကုန်း၏ အရှေ့ဘက် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။ ဤစေတီတော်ကို စန္ဒသုဓမ္မရာဇာမင်းက သက္ကရာဇ် ၉၉၁ ခု၊ ခရစ်နှစ် ၁၆၂၉ ခုတွင် တည်ထားခဲ့သည်။ သကျ သာကီဝင်မင်းမျိုးနွယ်မှ မင်းစဉ်မင်းဆက် နန်းမြဲမပျက်အုပ်ချုပ်စိုးစံခဲ့သည်ကို အောင်မြင်သော အထိမ်းအမှတ်အဖြစ် သကျမာရ်အောင်စေတီဟု ခေါ်တွင်စေခဲ့သည်။ စေတီတော်ကို ကျောက်တံတိုင်း နှစ်ထပ်ကာရံထားသည်။ အနောက်ဘက် ဝင်လမ်း ဝဲ



www.burmeseclassic.com


www.burmeseclassic.com



သဏ္ဍုမာရ်အောင်စေတီတော်

ယာတွင် တာနေ့ာယက္ခနှင့် ပီဠိယက္ခ ဘီလူးညီနောင်တို့ သန်လျက်ထမ်း စောင့်နေပုံရှိသည်။ ထိုမှတစ်ဆင့် ဝင်သွားလျှင် ဝိသကြုံနှင့် ပဥ္စသီခနတ်သားတို့ ဘုရားကိုပူးမြော်နေပုံကို တွေ့ရပေမည်။ စေတီတော်မှာ ကျောက်စေတီဖြစ်ပြီး ပဒုမ္မာကြာပန်းပုံ တည်ထားသည်။ အောက်ခံကြာပွင့်များ ပွင့်အာနေပုံ၊ ဖိနပ်ပေါ်၌ စေတီတော် ပေါက်ထားဟန်ဖြစ်သည်။

နွံတည်းဟူသော လောကီဘုံမှ ဗုဒ္ဓတည်းဟူသော ကြာပွင့်ပွင့်လာဟန် သ ပ်ဖော်ထားခြင်းဖြစ်သည်။ ပစ ယံ နှစ်ဆင့်တွင် မုခ်ငယ်လေးခုစီရှိသည်။ မုခ်များထဲတွင် တံကဲနှင့် မုခ်ထွက်များရှိသည်။ ပစ ယံအဆင့်များတွင် စိန်ဘောင်များ တပ်ဆင်ထားသည်။ စေတီကြီးကို စေတီငယ် ၁၂ ဆူက ရံထားသည်။ ထောင့်လေးထောင့်တွင် သမုခ်သိမ်ကြီးတစ်ခုစီရှိသည်။ သမုခ်သိမ်တိုင်များမှာ ခြောက်ပေပတ်လည်ခန့်ရှိပြီး မြေပေါ်တွင် သုံးပေခန့် ပေါ်



မင်္ဂလမာရ်အောင်စေတီတော်

နေသည်။ စေတီ၏ အရှေ့ဘက်နား တွင် သိမ်တစ်ဆောင်ရှိသည်။ သိမ်ထဲမှ ဘုရားများမှာ ပြည်ကြီးစိုး ဘုရားမှ ၁၉၁၅ ခုနှစ်တွင် ပြောင်းယူခဲ့သော ဆင်းတုတော်များ ဖြစ်သည်။ ဘုရားများအနီးတွင် မြောက်ဦးခေတ် စက်လက္ခဏာ ၁၀၈ ကွက်ပါသော ဘုရားခြေရာတော်ရှိသည်။ စေတီ၏ လုံးပတ်မှာ ၂၄၀ ပေခန့်ရှိပြီး ၁၁၄ ပေခန့်မြင့်သည်။ ဂေါပကအဖွဲ့မှ စောင့်ရှောက်ထိန်းသိမ်းထားသည်။


### မင်္ဂလမာရ်အောင်စေတီ

### (သက္ကရာဇ် ၁၀၄၇ ခု၊ ခရစ်နှစ် ၁၆၈၅ ခု)

စန္ဒသုဓမ္မရာဇာမင်း၏ သားတော် ဥဂ္ဂဗလသည် မြောက်ဦးထီးနန်းကို သကရာဇ် ၁၀၃၆ ခု၊ ခရစ်နှစ် ၁၆၇၄ ခုတွင် ဆက်ခံခဲ့သည်။ ထိုမင်းနန်းစံ ၁၁ နှစ်ကြာသောအခါ နန်းတော်၏မြောက်ဘက် မင်္ဂလာတံတားအနီးတွင် စေတီတစ်ဆူ တည်ထားခဲ့သည်။ ရခိုင်လူမျိုးတို့သည် ၃၈ ဖြာမင်္ဂလာတရားတော်ကို မျိုးနိုးစဉ်ဆက် အောင်မြင်စွာ စောင့်ထိန်းခြင်းအထိမ်းအမှတ်အဖြစ် စေတီတော်ကို မင်္ဂလာမာရ်အောင်ဟု ခေါ်တွင်စေခဲ့သည်။ ထိုမင်္ဂလမာရ်အောင်စေတီနှင့် တစ်ချိန်တည်း မြိတ်မြို့ဟောင်းနေရာတွင် မင်္ဂလာဦးစေတီတော်ကို တည်စေသည်။

တစ်ခါသော် ဥဂ္ဂါဗလမင်းသည် မဟာမုနိဘုရားကို ဖူးပြီး အပြန်တွင် မင်္ဂလာဦးစေတီတော်မှာ တည်၍မဖြစ် ခဏခဏ ပြိုကျနေကြောင်း၊ မင်းစေလုလင်တို့ လျှောက်ထားခဲ့ကြသည်။

www.burmeseclassic.com



မင်္ဂလမာရ်အောင်
စေတီမှန်

မင်းကြီးသည် ကိုယ်ရံတော်တို့အား မြောက်ဦးသို့ ပြန်စေပြီး မိမိစီးသော လှေတော်တစ်စီးတည်းဖြင့် မိဖုရားနှစ်ဦးနှင့်အတူ ခြိတ်မြို့သို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ထိုအကြောင်းကို တောင်ဘက်စား ရဲဘော်သီဟ ကြားသိလေလျှင် လုပ်ကြံလို ခြိတ်မြို့သို့ ခြေလျင်အမြန်ချီခဲ့လေသည်။ ဥဂ္ဂါဗလမင်း ခြိတ်မြို့သို့ ဆိုက်ရောက်သောအခါ လှေတော်မှတက်လျှင်တက်ချင်း ရဲဘော်သီဟ လှံဖြင့်ထိုး နတ်ရွာစံခဲ့ရလေသည်။ မင်္ဂလာမာရ်အောင်စေတီနှင့် မင်္ဂလာဦးစေတီတို့မှာ မပြီးစီးဘဲ တစ်ပိုင်းတစ်စ ကျန်ရှိခဲ့လေသည်။ ဥဂ္ဂါဗလမင်းအားဆက်ခံသော ဝရဓမ္မရာဇာမင်းသည် စေတီတော်တို့ကို ပြီးစီးအောင် တည်ထားခဲ့လေသည်။

စေတီတော်မှာ လုံးပိတ်ထုချွန်ပုံဖြစ်ပြီး ကျောက်အတိဖြင့် တည်ဆောက်ထားသည်။ မဟာရံတံတိုင်းကာရံထားသည်။ တံတိုင်းလေးဘက်တွင် ဝင်လမ်းမုခ်ပေါက်များနှင့် လှေကားများရှိသည်။ စေတီ၏ ပစ္စယံနှစ်ဆင့်တွင် မုခ်ငယ် ရှစ်ခုစီရှိ မုခ်များထဲတွင် ကျောက်ဆင်းတုဘုရားများရှိသည်။ ဝါချေးရပ်မှ ဘုရားဒကာ ဦးသာထွန်းဦး ရဟန်းခံ မင်္ဂလာမာရ်အောင် တောအရပ်သို့ တောထွက်ကျင့်ကြံခဲ့သည်။ ထိုအခါ အနီးရှိတောများကို ခုတ်ထွင်ရှင်းလင်းပြီး ပြိုပျက်နေသော စေတီတော်ကို ပြုပြင်ခဲ့သည်။ စေတီတော်ကို ပြုပြင်ရန် ဦးဆောင်ခဲ့သူမှာ ပုဏ္ဏက်ဖေရွာမှ ဘုရားဒကာ ဦးမောင်ရွှေပျော့ ဖြစ်သည်။ အထိမ်းအမှတ်အဖြစ် ဘုရားတကာ ဦးသာထွန်းဦး၊ ရဟန်းအမည်သျှင် ဓမ္မပိယ ပ်ထုကို အင်္ဂတေဖြင့် ပြုလုပ်ပြီး ထိုအရှင် သီတင်းသုံးနေထိုင်ခဲ့သော ကျောင်းနေရာ၌ ထားရှိသည်။ စေတီတော်၏ အောက်ခြေတစ်ဖက်မှာ ၃၅ ပေရှိ လုံးပတ် ၁၄၀ ပေရှိပြီး အမြင့် ၈၀ ပေခန့် ရှိသည်။ စေတီ၏ ပတ်လည်အရပ်လေးမျက်နှာတွင် ဆီမီးခွက်တင်ထွန်းရန် ကျောက်တိုင်ကြီးများရှိသည်။ စေတီ၏ ရှေ့ဘက်တွင် သမုန်သိမ်ကြီးတစ်ခုရှိသည်။ ယခုအခါ ထိုနေရာတွင် သိမ်ဆောက်လုပ်ထားကာ သိမ်ထဲရှိ ဘုရား ပ်ပွားတော်များမှာ စေတီတော်မှ မိုင်ဝက်ခန့်ဝေးသော ကုန်းတော်မှ ပြောင်းရွှေ့တည်ထားခြင်း ဖြစ်သည်။

မင်္ဂလာမာရ်အောင် ဘုန်းတော်ကြီးကျောင်းအနီးတွင် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ် သီရိသုဓမ္မရာဇာဘုရင်ကြီးနှင့် မိဖုရားကြီး နတ်သျှင်မေတို့ ကောင်းမှုတော်တပင်တိုင် နန်းဦးဘုရားရှိသည်။ ဘုရားမှာ ကျောက်ဆင်းတုဖြစ်ပြီး ၇ ပေ ကျော်မြင့်သည်။ ဘုရား၏ပလ္လင်မှာ ကျောက်ဆစ်လက်ရာများဖြင့် လှပတင့်တယ်သည်။ ဘုရားသိမ်တော်ကြီး၏ အရပ်လေးမျက်နှာတွင် ကျွန်းကြီးလေးကျွန်းမှ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးစီ ယှဉ်တွဲရပ်နေသော ပုံများကိုတွေ့မြင်နိုင်သည်။ ဂေါပကအဖွဲ့မှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ မြောက်ဦးမြို့ရောက်လျှင် မာရ်ငါးဆူဘုရားရောက်အောင်သွားဟု အဆိုရှိသည်။

**ကျမ်းကိုး**

၁။ မြောက်ဦးမြို့ဘုရားသမိုင်း၊ ဆရာကြီးဦးဦးသာထွန်း
၂။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ရမ်းဗြဲမြို့တောင်ကျောင်းဆရာတော်
၃။ ထင်ရှားသော သမိုင်းဝင်ဘုရားများ၊ ဆရာကြီးဦးကျော်ကျော်လှ

**လေးဇော်ကျော်**



www.burmeseclassic.com

www.burmeseclassic.com

### စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

## ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

# ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃနာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဝုဏ်ကိုင်းလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနှစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဂွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားဂုဏ်ဖော်
# ဘုန်းတော်ပြည့်သဘောကစေတီတော်
## နှင့်
# သာသနာပြုပုဂ္ဂိုလ်ကျော် တကောသရာတော်

## ပန်းတနော်[နောင်းလတ်]

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ ည ၈ နာရီ ၂၀ မိနစ်။

"ဝုန်း"

ကျယ်လောင်သော အသံကြီး မြေပြင်ပါ တုန်လှုပ်ခါယမ်းသွားသည်ဟု ထင်ခဲ့ကြရသည်။ ထင်ခဲ့ကြသူများမှာ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ဇရပ်လုကြီးကျေးရွာတွင် နေထိုင်ကြသူများဖြစ်သည်။ ထိုသို့ ထင်ခဲ့ကြသူများတွင် စာရေးသူတို့ဇနီးမောင်နှံလည်း ပါဝင်သည်။

"ဘာသံကြီးလဲ"

"သစ်ပင်လဲသံ ထင်တယ်"

စာရေးသူ၏အဖြေကို ဇနီးသည် ဒေါ်တင်တင်ကြည်က စောဒကတက်သည်။

"ညဘက် ဘယ်သူက သစ်ပင်ထုံမလဲ"

မြန်မာ့ရုပ်မြင်သံကြားကို ကြည့်ရှုနားထောင်နေရာမှ စာရေးသူတို့က အမေးအဖြေပြုလုပ်ခဲ့သည်။ စာရေးသူက "ညဘက်ဘယ်သူ သစ်ပင်လှဲမလဲ" ဆိုသော ဇနီးသည်၏ အမေးကို အဖြေမပေးခင် အိမ်ရှေ့လမ်းမပေါ် ရောက်နေသော ဦးလှုစိန်နှင့် မခင်မာမာတို့ကို မြင်သည်။ သူတို့စကားသံကို ကြားရသည်။

"သစ်ပင်လဲတာဖြစ်မယ်"

ဦးလှုစိန်၏ အသံ။

မခင်မာမာ၏ ခန့်မှန်းထင်မြင်ချက်စကား။ ထိုစကားသံများနှင့်အတူ ခေါင်းရင်းအိမ်မှ ကိုဇော်မင်း၏ အသံထွက်ပေါ်ခဲ့သည်။

"စခန်းရှေ့က ညောင်ပင်ကြီးလား မသိဘူး"

အိမ်ပေါ်မှဆင်းလာသော စာရေးသူက အိမ်ရှေ့အရောက်၌ ခပ်သုတ်သုတ်လျှောက်လာကြသော ရွာအနောက်ပိုင်းသားများဖြစ်ကြသည့် ဦးကျော်ဝင်း၊ ဦးစိန်လှ၊ ဦးတင်ဝင်း၊ ဦးမန်းကြည်ဝင်း၊ ဦးမြင့်ထွန်းနိုင်တို့နှင့် ဦးမောင်မောင်တို့ကို တွေ့လိုက်ရသည်။ သူတို့ဦးတည်သွားနေသည်မှာ ရွာလယ်ပိုင်းသို့။

သူတို့ရှေ့ကို ကျော်လွန်ပြီး သွားနေသူများကိုလည်း စာရေးသူမြင်သည်။ နောက်ကျောများကိုသာ မြင်ရခြင်းဖြစ်၍ မည်သူမည်ဝါများဟုမသိ။

"သွားကြည့်ပါလား"

သွားကြည့်ပါလားဆိုသော စကားနှစ်ခွန်းက တစ်ပြိုင်တည်း တစ်ထပ်တည်း။ တစ်ခွန်းက ကိုဇော်မင်း၏ဇနီး မယဉ်ရွှေ၏စကားသံ၊ တစ်ခွန်းက စာရေးသူ၏ဇနီး ဒေါ်တင်တင်ကြည်၏ စကားသံ။

စာရေးသူ ရွာလယ်ပိုင်းရောက်သောအခါ လူစုလူဝေးကို မြင်ရသည်။ သူတို့စကားသံများကို ကြားရသည်။

"ဟာ ... ညောင်ပင်ကြီးထက်ခြမ်းကွဲ လဲကျတာပါလား"


"ထက်ခြမ်းကွဲပြီး ကုက္ကိုပင်နှစ်ပင် ဖြစ်သွားတာပဲ"

"မင်းတို့မသိတာ ဦးကြီးပြောပြမယ်။ ဒီနေရာမှာ တို့မိဘတွေ လက်ထက်က ကုက္ကိုပင်နှစ်ပင် ယှဉ်ပြီး ပေါက်ခဲ့တာ။ နောက်တော့ တစ်ကပ်ပေါက်လာတဲ့ ညောင်ပင်က ကုက္ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးလဲကျပြီးနောက် ဘုန်းတော်ပြည့် သဘော်ာစေတီတော်

တွေကို ငုံလိုက်တာနဲ့ ညောင်ပင်ကြီး လို့ ထင်ကြရတာ''

သံစုံတီးဝိုင်းသံ ကြားရသကဲ့သို့ အသံစုံကြားခဲ့ရသည်။ ဇရပ်လှကြီး ကျေးရွာသည် ရှေးယခင်က လက်ထောက်မြို့ပိုင် ႏုံးစိုက်ရာဒေသ၊ တိရစ္ဆာန်ဆရာဝန်ႏုံးထားရှိရာဒေသ၊ ဌာနာအုပ် အုပ်ချုပ်သော ရဲဌာန၊ ယခုအခါ ဇရပ်လှကြီးကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် မြန်မာနိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့စခန်းဆိုသော ရဲစခန်း ရှိနေပေပြီ။

ရဲစခန်းနှင့် ရွာလမ်းမှာ ကပ်လျက်ရှိသကဲ့သို့ ရွာလမ်းနှင့် ဘုန်းတော်ပြည့် သဘော်ာစေတီတော်မှာလည်း ကပ်လျက်ရှိနေပါသည်။ ရဲစခန်းနှင့် ဘုန်းတော်ပြည့်စေတီတော်၏ အကွာအဝေးမှာ ၁၄ ပေခန့်သာ ရှိသည်။

''စေတီတော်ကြီးက သိပ်ပြီး တန်ခိုးကြီးတယ်ဗျ''

လဲကျနေသော ညောင်ပင်ကြီးကို ကြည့်ပြီး စာရေးသူနှင့် အိမ်နီးချင်းဖြစ်သော ဆရာဦးကြည်ဝင်းက ပြောလိုက်ခြင်း ဖြစ်သည်။

''ဟုတ်တယ် ဆရာရဲ့။ ညောင်ပင်ကြီးလဲကျတာ စေတီတော်ကြီးကို လုံးဝ မထိဘူး။ အရံစေတီတော်တွေကိုတောင် မထိဘူး။ ဘယ်သူ့ကိုမျှ မထိဘူး''

ဟု ပြောလိုက်သော ကိုဇော်မင်း၏ စကားမှာ လုံးဝ မမှား။ အားလုံးမှန်သည်။

ရဲစခန်းနှင့် ဘုန်းတော်ပြည့် သဘော်ာစေတီတော်ကြားရှိ ရွာလယ်လမ်းသည် လူသွားများသော နေရာ။ ဆက်သွယ် ရေးလမ်းကြောင်းကောင်းမွန်လာသော ယခုကာလ မရောက်မီကတည်းက စည်ကားစွာ သွားလာသော နေရာ။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအသွားအပြန်ရှိသော နေရာ။ စက်ဘီးများစွာ၊ ဆိုင်ကယ်များစွာ၊ ဒိန်းဒေါင်းများစွာ၊ ကားများစွာ ဖြတ်သန်းသွားလာရာနေရာ။ အထူးသဖြင့် ဇရပ်လှကြီးကျေးရွာရှိ ကျောင်းသူ၊ ကျောင်းသားများသာမက စံကျပိန်းချောင်း၊ စာဖြူဝဲ၊ ငါးကြင်းချောင်း၊ ကျခတ်ကုန်း၊ ကျုံခရမ်း စသော အနီးပတ်ဝန်းကျင်ဒေသများမှ ကျောင်းသားကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းတိုင်း ဖြတ်သန်းသွားလာကြရသည့် နေရာ။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်ပွဲဝင်နိုင်ရေးအတွက် ဇရပ်လှကြီး အထက(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးတင်မင်းထိုက်နှင့် ဆရာ၊ ဆရာမများက ထိုစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်း လေ့ကျင့်ပေးနေသည့် အချိန်၊ ညတိုင်း ၁၀ နာရီထိုးပြီးသည်နှင့် ဆိုင်ကယ်သံများကို စာရေးသူတို့ ကြားနေကျ။

ထို ၁၀ နာရီထိုးပြီးမှ ညောင်ပင်ကြီးကလဲကျခဲ့လျှင် အသက်များပင် သေနိုင်သော်လည်း ညောင်ပင်ကြီးက ထိုအချိန်မတိုင်မီ ည ၈ နာရီ ၂၀ မိနစ်၌ လဲကျခဲ့သောကြောင့် လူကြီး၊ လူလတ်၊ လူရွယ်၊ လူငယ်၊ ကလေး တစ်ဦးတစ်ယောက်မျှ ထိခိုက်ခဲ့ခြင်း မရှိ။ လူမပြောနှင့် ညတိုင်း ဟိုသွား သည်သွား လုပ်တတ်သော ခွေးလေ ခွေးလွင့်များအနက် တစ်ကောင်တလေမျှ ထိခိုက်ခဲ့ခြင်းမရှိသောကြောင့် ကိုဇော်မင်း၏ စကားဖြစ်သော ''ဘယ်သူ့ကိုမျှ မထိဘူး'' ဆိုသော စကားကို စာရေးသူက လုံးဝ မမှား၊ အားလုံးမှန်သည်ဟု ပြောရခြင်း ဖြစ်သည်။

သူတို့သာ ''ဘုန်းတော်ပြည့် သဘော်ာစေတီတော်ကြီး''၏ ဂုဏ်တော် ထူးခြားထင်ပေါ်သည်ကို သိ

www.burmeseclassic.com


www.burmeseclassic.com

သည်မဟုတ်။ စာရေးသူလည်းသိသည်။ သိသည်မှာ ယခုမှသိသည်မဟုတ်။ ဘုန်းတော်ပြည့် သဘော်စေတီ စတင် တည်လှူပူဇော်စဉ် ကတည်းက သိသည်။ သိသောကြောင့် ထူခြားထင်ပေါ် ဘုန်းတော်ပြည့် သဘော်စေတီတော်အကြောင်းကို မဂ္ဂဇင်း၌ ရေးသားဖော်ပြခဲ့ပြီးပြီ။

ဘုန်းတော်ပြည့် သဘော်စေတီတော်၏ ဂုဏ်တော်မှာ ထူးခြားထင်ပေါ်သကဲ့သို့ ဘုန်းတော်ပြည့်သဘော်စေတီတော်ကြီးကို တည်လှူပူဇော်ခဲ့သော သာသနာပြု ပုဂ္ဂိုလ်ကျော် တကောဆရာတော်၏ ထင်ရှားသော ဂုဏ်တော်အချို့ကိုလည်း စာရေးသူ သိပြီးသား။

* * *

သာသနာပြုပုဂ္ဂိုလ်ကျော် ခေးတော်အာဆရာတော် အပါအဝင် သာသနာပြုပုဂ္ဂိုလ်ကျော်များစွာ စာရေးသူတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ပေါ်ထွန်းခဲ့ဖူးသကဲ့သို့ သာသနာပြုပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းနေဆဲဖြစ်သည်။ နောင်တွင်လည်း သာသနာပြု ပုဂ္ဂိုလ်ကျော်များ ဆက်လက်ပေါ်ထွန်းနေမည်ဟု စာရေးသူ အကြွင်းမဲ့ ယုံကြည်သည်။ ယုံကြည်ခြင်းမှာ မြတ်စွာဘုရားသခင်၏ ဝိနည်းများနှင့်အညီ ကျင့်ကြံနေထိုင်တော်မူကြသော သီလ၊ သမာဓိ၊ သိက္ခာ တော်မြတ်များကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြသော သံဃာ့ဂုဏ်တော်များကို ပိုင်ဆိုင်တော်မူကြသော သံဃာတော်အရှင်သူမြတ်များ၊ ရဟန်းတော်မြတ်များကို ဖူးတွေ့ရသောကြောင့်တည်း။



ထိုရဟန်းတော်မြတ်များတွင် ပါဝင်သည့် သာသနာပြုပုဂ္ဂိုလ်ကျော်တစ် ပါးဖြစ်သည့် တကောဆရာတော် ဦးဝိလာသ၏ ထေ႑ုပ တ်ိ အကျဉ်းကို ဗုဒ္ဓနွယ်ဝင် သူတော်စင်များ ို့သေစွာ ကြည်ညိုပူဇော်နိုင်ရန် ဖော်ပြလိုက်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ သီရိမင်္ဂလာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ သာသနာပြု ပုဂ္ဂိုလ်ကျော် တကောဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း**

ဘွဲ့တော် – ဦးဝိလာသ၊ ခမည်းတော် ဦးကျင်လှိုင်၊ မယ်တော်–ဒေါ်ယဉ်ကြည်၊ ငယ်နာမည်–မောင်လှသိန်း၊ ဇာတိ – ပန်းတနော်မြို့နယ်၊ အင်းမစံပြကျေးရွာ၊ ရှင်သာမဏေဖြစ်ခြင်း– ဥပဇ္ဈာယ်ဆရာတော်မှာ ညောင်ပိုင်းတောရ ဆရာတော်ဖြစ်သည်။

ရဟန်းဖြစ်တော်မူခြင်း–ပန်းတနော်မြို့နယ်၊ အင်းမစံပြကျေးရွာရှိ ကံ့ကော်ဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော်ဦးသုမနကို ဥပဇ္ဈာယ်ပြု ရဟန်းဖြစ်တော်မူပါသည်။

ကျင့်သီလ – သမထ(၂)ပုံ၊ ဝိပ နာ(၁)ပုံ


သာသနာပြုစွမ်းရည် – (က) ပရိတ်တော်ကြီး ရွတ်ဖတ်ပူဇော်ခြင်း ၂၅ နှစ်၊ (ခ) အသားသတ်လွတ် ဘုဉ်းပေးခြင်း ၂၅ နှစ်။

သာသနာပြုခြင်း – (က) ကိုးတောင်ပြည့်စေတီတော်မှ ၇၅ တောင် ဂုဏ်တော်မြင့်သည့် စေတီတော်များ တည်လှူ ပူဇော်တော်မူခြင်း ၂၁၅ ဆူ။

(ခ) တည်လှူပူဇော်တော်မူပြီးသော ကျောက်သဘော်စေတီတော် ခုနစ်ဆူမှာ –

(၁) အိမ်မဲစစ်တပ် ခ့လ့ရ (၆၁) တစ်ဆူ၊ (၂) ဇရပ်ဆိပ် တစ်ဆူ၊ (၃) အသုတ်မြို့ နှစ်ဆူ၊ (၄) ရေနံကွင်း တစ်ဆူ၊ (၅) ဇရပ်လှကြီး တစ်ဆူ၊ (၆) ဆားမလောက် တစ်ဆူဖြစ်သည်။

www.burmeseclassic.com



ပညာရေး ဆောင်ရွက်ပေးခြင်း – အမကများမှ အထကများအထိ ၁၅ ကျောင်း ဆောက်လုပ်လှူဒါန်းပြီး ပြီ။

ကျန်းမာရေး ဆောင်ရွက်ပေး ခြင်း – ကျေးလက်ကျန်းမာရေးဌာန တစ်ခု။

လမ်းပန်းဆက်သွယ်ရေး ကောင်း မွန်ရန်လှူဒါန်းခြင်း –

(က) ကျောက်ချောလမ်း သုံး လမ်းမှာ (၁) ပေ ၅၀၀၀ အရှည် နှစ် လမ်း။ (၂) ပေ ၁၁၀၀၀ အရှည် တစ် လမ်းဖြစ်ပြီး။

(ခ) ကွန်ကရစ်လမ်း တစ်လမ်း မှာ ပေ ၃၃၀ ရှည်ပါသည်။

အထွေထွေအနေဖြင့် တကော ဆရာတော်သည် တန်ဆောင်း ၁၀၀ နှင့် ရေတွင်း ၁၀၀ ကို လှူဒါန်းခဲ့ပြီး ဖြစ်သည့်အပြင် ရှင်သာမဏေပြုပေး ခြင်း၊ ရဟန်းဘောင်သို့ ရောက်အောင် မြှင့်တင်ပေးခြင်းများကို ဆောင်ရွက် ပေးခဲ့သည်သာမက အိုမင်းပြိုဆင်း ပျက်စီးနေသော ရှေးဟောင်းစေတီ တော်များကို ပိုမိုကြည်ညိုသဒ္ဓါတရား ပွားများကာ ပူဇော်နိုင်ရန် ထပ်မံတည် လှူပေးတော်မူခြင်းများ၊ သာသနာ မထွန်းကားသည့် စေတီဘုရားများမရှိ သေးသည့် ဒေသများတွင် စေတီ တော်အသစ်တည်လှူပေးခြင်း၊ ဝိပ နာတရားဒေသနာတော်များ ဟော ကြား ဆုံးမတော်မူခြင်း အစရှိသည့် သာသနာပြုမှုကောင်းမှု ကုသိုလ်များ ရယူနေသော သာသနာပြုပုဂ္ဂိုလ် ကျော် ဖြစ်တော်မူပါသည်။

* * *

သာသနာပြု ပုဂ္ဂိုလ်ကျော် တကောဆရာတော်၏ ထင်ပေါ်သော ထင်ရှားသည့် ဂုဏ်များစွာရှိသည့် အနက် စာရေးသူ သိသောဂုဏ်တော် အချို့မှ ဂုဏ်တော်တစ်ခုကို စာဖတ် သူများ ကြည်ညိုနိုင်ရန် ဖော်ပြပါမည်။

တကောဆရာတော် ဦးဝိလာသ သည် ရှင်သာမဏေဘဝသို့မရောက်

မီ မောင်လုသိန်းဟူသော လူငယ်ဘဝ က ရေဝတီတိုင်းဒေသကြီး၊ မအူပင် ခရိုင်၊ ပန်းတနော်မြို့နယ်၊ ချောင်း ကလေး စံပြကျေးရွာအုပ်စု၊ ကျွဲပ တောကျေးရွာရှိ ဦးအောင်မောင်းတို့ နေအိမ်၌နေထိုင်ကာ အိမ်ရှင်ဦးအောင် မောင်း၏ နွားများကို ကျောင်းခဲ့ရာ သည်။

တစ်နေ့သ၌ မောင်လုသိန်း သည် နွားကျောင်းရာမှ အိမ်သို့ပြန် ရောက်သောအခါ အိမ်ရှင်ဦးအောင် မောင်း၏သား မောင်စန်းအောင်ကို ပြောခဲ့ဖူးသည်။

"မောင်စန်းအောင် ငါပြောမှာကို သေသေချာချာ နားထောင်"

''ဘာပြောမလဲ ပြော''

"အခု မင်းတို့ကျွဲပတောရွာက ရေလုပ်သားရွာ၊ ငါးရှာတဲ့အသံ၊ ငါး ဖမ်းတဲ့အသံ၊ ငါးခုတ်တဲ့အသံ၊ အဲဒီ အသံတွေ ဆူညံနေတာ နေ့ရောည ရောပဲ။ ငါးညှီ နံ့တွေကလည်း အရမ်း နံနေတယ်''

"တို့ရွာက ချောင်းနိုးက အင်း ချောင်းနိုး၊ အင်းချောင်းနိုးဆိုတော့ ငါး တွေရှိတယ်။ ငါးရှိတော့ လူတွေက ငါးဖမ်းတာ၊ ငါးတွေရှိလို့ ငါးခုတ်လို့ ငါးညှီ နံ့တွေ နံတာ ဘာဖြစ်လဲ"

"အခုတော့ ဘာမှမဖြစ်ဘူး။ မင်းမှတ်ထား၊ တစ်နေ့ကျရင် မင်းတို့ ချောင်းနိုးက အင်းချောင်းနိုးမဟုတ် တော့ဘူး။ မင်းတို့အိမ်ရှေ့အပါအဝင် အင်းတဲလုပ်တဲ့နေရာကလည်း မြေ သန့်နေပြီ။ ငါးညှီ နံ့တွေမနံတော့ဘူး ငါးတွေလည်း မခုတ်တော့ဘူး။ အဲဒီ မြေသန့်နေရာမှာ မဏ္ဍပ်ကြီးထိုးထား တာ အကျယ်ကြီးပဲ။ မဏ္ဍပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

တရားနာနေတဲ့ လူတွေကလည်း အများကြီး၊ တရားဟော ပလ္လင်ကြီးကလည်း အကြီးကြီး။ အဲဒီပလ္လင်ပေါ်မှာ ဆရာတော်တစ်ပါး တရားဟောနေတယ်။ အဲဒီဆရာတော်ကို ဘယ်သူလို့ မင်းထင်လဲ”

“ဘယ်သိမလဲကွ”

“မှတ်ထား အဲဒါ ငါကွ”

“ထိုစဉ်က တရားဟောဆရာတော်ဆိုတာ ငါကွဟု ပြောခဲ့သော မောင်လှသိန်း၏စကားကို မောင်စန်းအောင်က မယုံခဲ့။ မယုံခဲ့သည့်အပြင်–

“မောင်လှသိန်းရာ မင်းက ဘော်တော်စိတ်ကူးယဉ်တာပဲ”ဟု ပြောကာ ရယ်မောခဲ့ဖူးပါသည်။

* * *

နှစ်ကာလများစွာ ကြာပြီးသောအခါ ဦးအောင်မောင်း၏သား မောင်စန်းအောင်က ကိုစန်းအောင် ဖြစ်လာခဲ့သည်။ ချောင်းကလေးစံပြကျေးရွာအုပ်စု၏ ရဝတ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ရဝတဥက္ကဋ္ဌ ဖြစ်လာသောကြောင့် ကိုစန်းအောင်ကို ဦးစန်းအောင်ဟု ခေါ်ခဲ့ကြသည်။

မောင်စန်းအောင်က ကိုစန်းအောင်၊ ဦးစန်းအောင် ဖြစ်လာချိန်တွင် မောင်လှသိန်းက ကိုလှသိန်းဖြစ်နေသလား။ ဦးလှသိန်းဖြစ်နေသလားဟု မောင်စန်းအောင်ဆိုသော ဦးစန်းအောင် သတိမထားမိ။ မိမိအလုပ်ဖြင့်သာ မိမိအလုပ်ရှုပ်ခဲ့ဖူးပါသည်။

သို့သော် အများအလုပ်၊ အုပ်စုအလုပ်လုပ်နေသော သားဖြစ်သူ ဦးစိန်းအောင်ကို အသက်အရွယ်ပိုမိုကြီးလာသည့် ဦးအောင်မောင်းက တစ်နေ့သ၌



သတိပေးစကားပြောခဲ့သည်။

“သား အဖေတို့ ကျုံပတောရွာက တခြားရွာတွေနဲ့ မတူဘူး။ စာသင်ကျောင်းမရှိသလို ဘုန်းကြီးကျောင်းလည်း မရှိဘူး။ ကျေးလက်ကျန်းမာရေးဌာန (ခွဲ) တောင်မရှိဘူး။ ရွာသူရွာသားတွေ ဘာသာတရား ိုသေကိုင်း ိုင်းကြမ့် လိမ္မာယဉ်ကျေးမယ်။ ဒါမှ တို့ရွာတိုးတက်မယ်။ တို့ချောင်းကလေးအုပ်စုထဲမှာ တခြားရွာတွေက အထိုက်အလျောက် တိုးတက်ပြီး တို့ရွာနောက်ကျန်နေတာ မဖြစ်သင့်ဘူး။ ရွာမှာ စေတီတစ်ဆူ တည်လှူပူဇော်နိုင်အောင် မင်း ဦးဆောင်ပါ”

မိဘစကားက အမှန်ဖြစ်သည်။ မိဘစကားမပယ်ရှားသော သားလိမ္မာ ရဝတဥက္ကဋ္ဌ ဦးစန်းအောင်က စေတီတော် တည်လှူနိုင်ရန် ငွေစုသည်။ ဆင်းရဲနွမ်းပါးသော ရွာဖြစ် ထိုစဉ်က တစ်ရွာလုံးစုမှ ငွေငါးသောင်းသာ ရရှိခဲ့သည်။

“ကျွန်တော်တို့အိမ်က ထည့်တဲ့ငွေနဲ့မှ ငါးသောင်းပဲ ရတယ်အဖေ”

“တစ်ရစ်စီ စုရမှာပေါ့ကွ။ စိုက်ထားတဲ့ စပါးတွေ၊ ပဲတွေလည်း ရှိကြတာပဲ”

ဖခင် ဦးအောင်မောင်း၏ စကားကမှန်ပြန်သော်လည်း ဘာလရှည်ကြာမည်ဖြစ် ဦးစန်းအောင်က အလှူရှင်ရှာခဲ့သည်။ သို့သော် အလှူရှင်ကို

www.burmeseclassic.com

မတွေ့၊ သတင်းကောင်း တစ်ပုဒ်သာ ကြားခဲ့ရသည်။

"တကောဆရာတော်က ငွေကြေးရှိရှိ၊ မရှိရှိ စေတီတော်ကို ရက်ပိုင်း၊ လပိုင်းအတွင်း ထီးတော်တင်လှူပူဇော်ပြီးအောင် ဆောင်ရွက်ပေးတယ်" ... တဲ့။

* * *

ရဝတဥက္ကဋ္ဌ ဦးစန်းအောင် ဦးဆောင်သော ကျုံပတော ရွာသားအချို့က အိမ်မဲမြို့တစ်ဖက်ကမ်းရှိ ကမ်းနားတကောကို ရောက်ခဲ့သည်။

"တကောဆရာတော်က ဒီရွာမှာ သီတင်းသုံးတာပါ လားခင်ဗျာ"

"မဟုတ်ဘူးဗျ။ တကောဆရာတော်က ဟိုဘက်ကုန်း တကောရွာမှာ ရှိတာ"

ကမ်းနားတကောနှင့် သိပ်မဝေးသော ကုန်းတကောသို့ ရောက်သောအခါ တကောဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် ဖြစ်တော်မူသော တကောဆရာတော် ဦးဝိပုလကို ဖူးတွေ့ကြရသည်။

ဦးစန်းအောင်တို့ အဖွဲ့က ဘုရားကန်တော့ပြီး တကောဆရာတော်ကို ရှိခိုးကြသည်။ လာရင်းကိစ္စကို မပြောရသေး။ တကောဆရာတော်က ဦးစန်းအောင်ဆိုသော မောင်စန်းအောင်ကို ကြည့်ပြီး -

"မင်းတို့ ကျုံပတော ချောင်းရိုးက အခု အင်းချောင်းမဟုတ်တော့ဘူး ဟုတ်လား၊ မင်းတို့ ရွာသူရွာသားတွေ ငါးရှာတဲ့ ရေလုပ်သား အလုပ်တွေ မလုပ်တော့ဘူး။ ငါးမခုတ်တော့ဘူး။ စိုက်ပျိုးရေးပဲ ကောင်းရောင်းကောင်းဝယ် လုပ်နေတာ ဟုတ်လား"

ဆိုသောအခါမှ ဦးစန်းအောင်ဆိုသော မောင်စန်းအောင်က တကောဆရာတော် ဦးဝိလာသဆိုတာ သူတို့အိမ်မှာ အတူနေခဲ့သော မောင်လှသိန်းပါလားဟု သတိရလာကာ ဝမ်းသာအားရဖြင့် -

"ဟာ ... တကောဆရာတော်ဆိုတာ မောင်လှသိန်း ... အဲ ..."

ဆိုပြီး စကားမဆက်နိုင်။

တကောဆရာတော်က ထိုအခါမှ မေးခွန်းစသည်။

"မင်း ငါ့ကိုမှတ်မိသားပဲ။ ကဲ ဘာကိစ္စလဲပြော"

"တပည့်တော်တို့ရွာမှာ စေတီတော်တစ်ဆူ တည်လှူပူဇော်ချင်လို့"

"စေတီတည်ချင်ရင် တည်ပေါ့ကွ"

"တပည့်တော်တို့ ငွေစုတာ ငါးသောင်းပဲရတာနဲ့"

"ဟေ့ကောင် ... တစ်ပြားမှမရှိလည်း ဖြစ်တယ်။ မင်းတို့ ရွာသားတွေရဲ့ စေတနာသဒ္ဓါတရားနဲ့ လုပ်အားပဲ လိုတယ်"

ဦးစန်းအောင် ရဲရဲဝံ့ဝံ့ ကတိပေးခဲ့သည်။

"ဒီအတွက် လုပ်အားအပြည့် ပေးဖို့တော့ တပည့်တော် လုံးဝ တာဝန်ယူပါတယ်ဘုရား"

"ကဲ ... ဒါဆို ငါပြောခဲ့သလို မဏ္ဍပ်အကျယ်ကြီးထိုး၊ ပလ္လင်ကြီးထား၊ ရွာသူရွာသားတွေကို တရားနာဖို့ဖိတ်၊ ဖိတ်ပြီးတာနဲ့ မဏ္ဍပ်ထဲမှာ လူတွေပြည့်နေမယ်။ ဘယ်ကလာတဲ့ လူတွေပဲဖြစ်ဖြစ် အမေးအမြန်းမထူနဲ့။ ပလ္လင်ပေါ်တက်ပြီး ငါတရားဟောမယ်။ သူတို့ လှူတာတွေကို စနစ်တကျ ရေးမှတ်သိမ်းထား။ ဘုရားစေတီတည်တဲ့အထဲမှာ သုံးရမယ်"

သာသနာပြု ပုဂ္ဂိုလ်ကျော် တကောဆရာတော် မှာကြားသည့်အတိုင်း ဦးစန်းအောင်တို့ ကျုံပတော ရွာသူ ရွာသားများက လိုက်နာဆောင်ရွက်ပေးခဲ့ကြသည်။ ဆရာတော်၏ ညတရားပွဲများသို့ ရွာနီးချုပ်စက်များရှိ ရွာသူရွာသားများသာမက မြို့နယ်ချင်းစပ်သော အိမ်မဲ၊ ကျောင်းကုန်း၊ ပန်းတနော် စသော မြို့များတွင် နေထိုင်သူများသာမက မျက်နှာစိမ်း၊ လူစိမ်းများလည်း လာရောက် တရားနာကြသည်။ လှူဒါန်းကြသည်။ ငွေစက္ကူများထက်ငွေများ၊ ငွေဒင်္ဂါးများနှင့် လက်ဝတ်ရတနာရွှေထည်များပါ လှူဒါန်းကြသောကြောင့် ယခုအခါ ကျုံပတောရွာဦးရွာထိပ်တွင် ကြည်ညိုဖွယ်ရာ အလိုဆန္ဒပြည့်စေတီတော်တစ်ဆူ တည်လှူပူဇော်ပြီးခဲ့ပါပြီ။

ဤသည်မှာ တကောဆရာတော်၏ ထင်ပေါ်ကျော်ကြားသော သာသနာပြုမြတ်ကောင်းမှု ဂုဏ်များအနက်မှ တစ်ခုဖြစ်ပါသည်။

* * *

ဇရပ်လှကြီးအုပ်စုရှိ ဇရပ်လှကြီးကျေးရွာနှင့် မရမ်းကျေးရွာအုပ်စု သရက်ငုကျေးရွာသည် မျက်နှာချင်းဆိုင် ရွာနှစ်ရွာ။ အလယ်မှာ ဇရပ်လှကြီးချောင်းရိုးရှိသည်။ သရက်ငုရွာတွင် ဟိုးတစ်ချိန်က ဗိုလ်တဲရှိသောအချိန် ဇရပ်လှကြီးရွာတွင် ကိုးတောင်ပြည့်စေတီတော်ရှိသည်။

ဇရပ်လှကြီးရဲတပ်ဖွဲ့ စခန်းရှေ့

www.burmeseclassic.com

ညောင်ပင်ကြီးအနီးရှိ ထိုစေတီတော်မှာ နှစ်ကာလ ကြာမြင့်ခြင်းက တစ်ကြောင်း၊ ချောင်းကမ်းပါးရှိစေတီဖြစ်၍ ချောင်းရေလှိုက်စားပုတ်ခတ်ခြင်းက တစ်ကြောင်းကြောင့် ချောင်းရိုးဘက်သို့ တိမ်းစောင်းခဲ့သည်မှာ ကြာပြီ။ ကမ်းစပ်မြေမှာ မြေနုဖြစ်၍ တဖြည်းဖြည်း တိမ်းစောင်းမှုပိုလာသောအခါ ဇရပ်လုကြီးရွာသားများက သာသနာပြုပုဂ္ဂိုလ်ကျော် တကောဆရာတော်ထံ သွားရောက်ပြီး ထိုစေတီတော်ကို မူလအတိုင်း ပြန်လည်တည့်မတ်သည်အထိ ကြည်ညိုဖွယ်ရာ စေတီတော်ဖြစ်အောင် ဆောင်ရွက်ပေးပါရန် လျှောက်ထားတောင်းပန်ခဲ့ကြသည်။

သာသနာ့တာဝန် ငါ့တာဝန်ဟု ထာဝစဉ်သဘောထားသော တကောဆရာတော်က နှစ်ခါမလျှောက်ရ။

"အေး ….. ငါလာပြီး ဆောင်ရွက်ပေးမယ်"

ဟု ကတိပေးခဲ့သည်။ ဆရာတော်က ကတိပေးခဲ့သည့်အတိုင်း ဇရပ်လုကြီးရွာသို့ လာခဲ့သော်လည်း ရွာသားများ၏ ဆန္ဒအတိုင်း တိမ်းစောင်းနေသော စေတီတော်ကို ပြန်လည် တည့်မတ်အောင် မဆောင်ရွက်ပေး။

ထိုစဉ်က ကိုးတောင်ပြည့်စေတီတော်ကို အုပ်မိုးနေသော လုံးပတ်ကြီးမားသော ညောင်ပင်ကြီးက စေတီတော်နှင့် သိပ်မဝေး၊ အလွန်ဆုံး နှစ်တောင့်ထွာသုံးတောင်ထက် မပို။

"ကျောက်သဘော်စေတီ တည်လှူပူဇော်မယ်"

တကောဆရာတော်က ထိုကိုးတောင်ပြည့် စေတီတော်ကို ပြန်လည်တည့်မတ်အောင်မလုပ်ဘဲ ပလ္လင်တော်အဖြစ် ကျောက်သဘော်ပုံတည်ပြီးမှ သဘော်ပေါ်တွင် ကိုးတောင်ပြည့်စေတီ တည်လှူမည်ဟု အမိန့်ရှိသောအခါ စာရေးသူနှင့် အိမ်နီးချင်းဖြစ်သော ဆရာဦးကြည်ဝင်းက –

"သဘော်စေတီတည်ရင် စေတီကို အုပ်မိုးနေတဲ့ ညောင်ကိုင်းကြီးနဲ့ လွတ်မှာ မဟုတ်ဘူးဘုရား"

ဆိုပြီး လျှောက်ထားရာ –

"ဘာမှ မစိုးရိမ်နဲ့၊ အားလုံး အဆင်ပြေသွားမယ်"

ဆိုပြီး ဆရာတော်က သူ့အလုပ်ကို သူလုပ်ခဲ့သည်။

စာရေးသူတို့က သာသနာပြုပုဂ္ဂိုလ်ကျော် တကော ဆရာတော်၏ အလုပ်ကိုမသိ၊ မမြင်။ သိရမြင်ရသည်မှာ စခန်းရှေ့ရှိ ညောင်ပင်ကြီး၏ ကြီးမားသော ညောင်ကိုင်းကြီး ကိုးတောင်ပြည့်စေတီတော်ကို နှစ်တောင့်ထွာအကွာအထိ နိမ့်ဆင်းအုပ်မိုးနေသော ညောင်ကိုင်းကြီး ထိုညောင်ကိုင်းကြီးမှာ အလိုလို မြင့်တက်သွားခြင်းသာ ဖြစ်သတည်း။

ကိုးနဝင်းကို ရည်မှန်းတည်လှူသော ကိုးတောင်ပြည့်စေတီတော် တိမ်းစောင်းနေသော ကိုးတောင်ပြည့် စေတီတော်ထက် များစွာမြင့်မားလာသော ဘုန်းတော်ပြည့် သဘော်စေတီတော်၏ စိန်ဖူးတော်အထက် နှစ်လံကျော် သုံးလံအကွာ ရောက်အောင် မြောက်တက်သွားသော ညောင်ကိုင်းကြီးကို မြင်ကြရသည်မှာ ညောင်ပင်ကြီး လဲမကျမီ အချိန်အထိ။

ဘုန်းတော်ပြည့် သဘော်စေတီတော်၏ ဂုဏ်တော်မှာ ထူးခြားထင်ပေါ်ကျော်ကြားခဲ့သည်တကား။

* * *

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ ည ၈ နာရီ ၂၀ မိနစ်က ဇရပ်လုကြီးရဲစခန်းရှေ့ရှိ ညောင်ပင်ကြီးတစ်ပင် (သို့မဟုတ်) ကုက္ကိုပင်ကြီးနှစ်ပင်လဲကျခဲ့ပြန်သည်။ ဆိုခဲ့ပြီးသည့်အတိုင်း ဘုန်းတော်ပြည့် သဘော်စေတီတော်၏ စိန်ဖူးတော် အထက် နှစ်လံကျော်၊ သုံးလံအကွာ အထိ နိမ့်ဆင်းနေသော ညောင်ကိုင်းကြီးမှာ ညောင်ပင်ကြီးလဲကျသည်နှင့် ဘုရားပေါ်သို့ ကျရမည့်အစား စေတီတော်ပတ်လည်ရှိ အရံစေတီတော် တစ်ဆူတလေကိုမျှ ထိခိုက်ခြင်းမရှိ။ အရံ စေတီတော်ပေါင်းက သဘော်ဦးတွင် လေးဆူ၊ သဘော်ပဲ့ပိုင်းတွင် လေးဆူ၊ စေတီတော်ကြီးပါ ပေါင်းလျှင် ကိုးဆူ။

မြတ်စွာဘုရား၏ ဂုဏ်တော်များကို ရည်မှန်းပူဇော်လှူဒါန်းသော ဘုန်းတော်ပြည့်စေတီတော်၏ ဂုဏ်တော်မှာ ထူးခြားလှပါသည်။ ကြည်ညိုရိုသေစွာ ဖူးမြော်ကန်တော့လျှင် ကောင်း ကျိုးလိုရာဆန္ဒပြည့်ဝမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သာသနာပြုပုဂ္ဂိုလ်ကျော် တကောဆရာတော်၏ ဂုဏ်တော်မှာလည်း ထူးခြားလှပါသည်။ သံဃာ့ဂုဏ်ကို ရိုသေစွာပူဇော်ကန်တော့လျှင် ကောင်းကျိုးလိုရာဆန္ဒပြည့်ဝမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

**ပန်းတနော် နောင်ပတ်**

www.burmeseclassic.com

www.burmeseclassic.com

### စစ်ကိုင်းတောင်ရိုး သစ္စဝါဒီကျောင်း၊ ပဓာန နာယက (ရတ္တညူ မဟာနာယက)

### သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါ

# သက်တော်ရှည် ဘဒ္ဒန္တသံဝရ မဟာထေရ်မြတ်၏

## လူးဆန်းမြင်တွေ့ ကြားသိရသော ဂုဏ်တော်နှင့် ဖြစ်တော်စဉ်များ


**မောင်အောင်မြင့်(မိတ္ထီလာ)**

စစ်ကိုင်းတောင်ရိုး သစ္စဝါဒီ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသံဝရသည် ရွှေကျင်ဂိုဏ်းကြီး၏ ဦးထိပ်ပန်ဆင်လေးစားမှီခိုအားထားရာ မဟာထေရ်ကြီးတစ်ပါး ဖြစ်သည်။ စာချဆရာ ဥပဇ္ဈာယ်ဆရာတော်တို့၏ စောင့်ရှောက်ကြည့်ရှု့ သိမှုကိုခံယူခြင်းခံရသော ဆရာတော်ကြီး ဖြစ် လည်း ရွှေကျင်ဂိုဏ်းကြီးနှင့် လောကတခွင် ရဟန်းရှင်လူများအတွက်ပါ မှီခိုအားထားရာလည်း ဖြစ်တော်မူခဲ့သည်။

သက်တော်ရှည်ဆရာတော်ကြီး၏ ထူးခြားသော ပင်ကိုယ်စရိုက်လက္ခဏာမှာ မိမိ၏ကိုယ်စိတ် ချမ်းသာရေးအတွက် သူတစ်ပါးအား ဒုက္ခမဖြစ်စေလိုပဲ၊ သူတစ်ပါးကိုယ်စိတ်ချမ်းသာရေးအတွက် မိမိရရှိခံစားရသော ဒုက္ခများကို သည်းခံခွင့်လွှတ်နိုင်သော စိတ်ထားကောင်းရှိတော်မူခြင်းပင် ဖြစ်သည်။

ဤသို့အားဖြင့် သာသနာတော်တစ်လျှောက် ဖြတ်သန်းတော်မူခဲ့ရသော နဝမဇ္ဈိမထေရ်၊ မဟာထေရကာလအတွင်း (ကြီးသူကိုလေးစားခြင်း) (ရွယ်တူကို မဆန့်ကျင်)၊ (ငယ်သူကို သနားသည်းခံခွင့်လွှတ်ခြင်း)ဖြင့် ညီညွတ်မှုတစ္စာ ကျင့်သုံးအပ်သော သမဂ္ဂ ဂုဏ်နှင့် ပြည့်စုံ သံဃာတော်များ၏ ရှေ့တန်းဝင် ရွှေကျင်ဂိုဏ်းကြီး၏ ရှေ့ဆောင် မဟာထေရ်တစ်ပါးအဖြစ် နာယကဂုဏ်ဖြင့် ညီညွတ်သူအဖြစ် လူသိများထင်ရှားခဲ့သည်။

တွေ့ကြုံ ဖြေရှင်းရသော ပြ နာအဝဝ(ကိစ ဝိစ ) များတွင်လည်း အများနှင့် ဆန့်ကျင်မှုမရှိအောင် အေးဆေးငြိမ်သက်စွာဆောင်ရွက်နိုင်သည့် အဝိဒ္ဓဂုဏ်လည်း ရှိတော်မူသဖြင့် သစ ဝါဒီသက်တော်ရှည်ဆရာတော်ကြီးအဖြစ် စစ်ကိုင်းရွှေကျင်သာသနာကို ထွန်းတောက်စေခဲ့သည်။



စစ်ကိုင်းတောင်ရိုး သစ္စဝါဒီ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသံဝရ

ဤသို့ ပညာ၊ ဝီရိယ၊ မေတ္တာ အများ ရစ်ပတ်နှောင်ဖွဲ့သည့် စိတ်ထားဖြင့် သာသနာတော်ကြီးကို လေးမြတ်အားထားမှုများစွာဖြင့် ထမ်းဆောင်တော်မူခဲ့သဖြင့် ဆရာတော်ကြီးအား ရတ ညူ မဟာနာယကဘွဲ့တော်ကို ဆက်ကပ်ပေးအပ်ချီးမြှင့်ခြင်းလည်းဖြစ်သည်။ ထိုနည်းတူစွာ ကမ္ဘာ

www.burmeseclassic.com

ကျော် ရွှေကျင်ဂိုဏ်း ဥပဥက္ကဋ္ဌ သီတဂူ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ၏ အဓိပတိ ဖြစ်တော်မူသော သီတဂူဆရာတော်ကြီး၏ လေးစားအသိအမှတ်ပြု ဒင္မိမိတ္တ. ပိယ သဟာယ ဆရာတော်တစ်ပါးလည်း ဖြစ်သည်။

### ဘဝနေဝင်ချိန်

အထက်ဖော်ပြပါ တုနှိုင်းမမှီသော ဂုဏ်တော် အပေါင်းနှင့်ပြည့်စုံတော်မူသော စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းကြီး၏ မှီခိုအားထားရာ သစ္စဝါဒီ သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသံဝရသည် သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါရောက်ချိန် သက်ရှိသတ္တဝါအားလုံး မလွန်ဆန်နိုင်သော ဗျာဓိဘေး၊ မရဏဘေး သေမင်း လက်တွင်းသို့ သခ်ါရသဘောဖြင့် ၁၃၇၇ ခုနှစ် ပြာသိုလ ပြည့်ကျော် ၂ ရက်၊ နံနက် ဝ၆း၂၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော် မူရှာပြီဖြစ်သည်။

သစ္စဝါဒီ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူခြင်းသည် ရပဓာန်းရှင်လူ အားလုံးအမြွတ်တနိုး ဦးထိပ်ပန်ဆင်ထားရှိသော ပန်းခိုင်ကြီးမှ ပန်းတစ်ပွင့် ကြွေလင့်မြေခဲ့ရသလို စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းကြီး၏ တန်ဖိုးကြီးမားသော ပန်းကုံးကြီးမှ ပန်းတစ်ပွင့်ပမာ ရောဂါလေကြမ်း ဇော့ယမ်းတိုက်ခတ်မှုကြောင့် မရဏသေမင်း ခြေရင်းသို့ မြေခ ကြွေကျသွားခြင်းပင် ဖြစ်သည်။

### ထူးဆန်းအံ့ဖွယ် ဖူးတွေ့ရသော ဓာတ်တော်များ

သစ္စဝါဒီ ဆရာတော်ကြီး သက်တော်ရှည် ဘဒ္ဒန္တသံဝရ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃၇၇-ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ညနေ ၃ နာရီအချိန်တွင် စစ်ကိုင်းမြို့၏ အနောက်ဘက် ရောဝတီမြစ်သဲသောင်ပြင်ပေါ်တွင် အဂ္ဂိစျာပန၊ မီးပူဇော်ကျင်းပသည်။ ဆရာတော်ကြီး၏ ထူးခြားသော အကျင့်ဂုဏ်တော်တို့ကြောင့် ရှေးယခင် ပျံလွန်တော်မူကြသော ဆရာတော်ကြီးများ၏ ရုပ်ကလပ်ကို (gas) ဂက်(စ်)မီးဖြင့် အဂ္ဂိစျာပနပူဇော်ရာတွင် တစ်နာရီခန့် အချိန်အတွင်း အရိုးတော်များ ပြာကျပြီး မြောက်ခဲ့သော်လည်း ကျေးဇူးရှင် သစ္စာဝါဒီဆရာတော်ကြီး ရုပ်ကလပ်ကို သုံးနာရီ အချိန်ကြာ (ညနေ ၃ နာရီမှ ၆ နာရီ) နေဝင်ခါနီး ၆ နာရီ အချိန်တွင် (gas) ဂက်(စ်) မီးပြင်းတိုက်၍ အဂ္ဂိစျာပန ပူဇော်ကြသော်လည်း အလုံးစုံ မပြီးမြောက်ဖြစ်ရသည်။ ဦးခေါင်းတော်ပွင့်လျက် ဦးခေါင်းအတွင်းမှ မီးမလောင်သော အချပ်အလွှာများ ကျန်နေကြောင်း တွေ့ရှိရသည်။

အဂ္ဂိစျာပနပြုလုပ် မီးပူဇော်ကြသူများမှ အတွေ့အကြုံအရ နေမဝင်မီ အဂ္ဂိစျာပနပြီးမြောက်နိုင်ရေးအတွက် ဆရာတော်ကြီးအား ရည်မှန်းပြီး မီးငြိမ်းခွင့်တောင်းပန်၍ နောက်ထပ် ဂက်(စ်)မီးဖြင့် ၄၅ မိနစ်ကြာ ထပ်မံမီးဖြင့် တိုက် ပူဇော်ကြပါသည်။ ထို့နောက် မီးမလောင်ဘဲ ကျန်ရှိနေသောအရာတို့အား အုန်းရည်ဖြင့် ပက်ဖျန်းဆေးကြောကြရာ ဖြူဖွေးတောက်ပြောင်သော အရိုးဓာတ်တစ်ဆူ (ဓာတ်ပုံ) ဦးခေါင်းအတွင်းမှာရှိကြပြီး ကျောရိုးမှလည်း အရိုးဓာတ်တော်တစ်ဆူပါ တွေ့ရှိကြရပါသည်။

အဆိုပါ မီးမလောင်ကျွမ်းသော ဦးခေါင်းတော်မှ အုန်းရည်ပက်ဖျန်း၍ ရရှိသော ဓာတ်တောတ်တစ်ဆူနှင့် ကျောရိုးမှ ရရှိသော အရိုးဓာတ်တော်တစ်ဆူ စုစုပေါင်း အရိုးဓာတ်တော် နှစ်ဆူကို ဆရာတော်ကြီး ဇာတိရွာ အင်းသာသို့ ဆွေမျိုးတော်များမှ ပင့်ဆောင်၍ အရိုးအိုးစေတီပြုလုပ်ပြီး ဓာတ်တော်များကို ဌာပနာထည့်သွင်း လှူဒါန်းကြကြောင်း သိရှိရပါသည်။

### လူ့လောကအတွင်း တိုးဝင်လာသူ သစ္စာဝါဒီ ဆရာတော်လောင်းလျာ

ရတ္တည္ဴ မဟာနာယက၊ ကျောင်းတိုက်ကြီး သုံးတိုက်၏ ပဓာန နာယက ဖြစ်တော်မူသော လောက၊ သာသနာ နှစ်ဖြာသိမ်းကြုံး ကျေးဇူးပြုပေးနိုင်ခဲ့သော ထူးဆန်းသော ဖြစ်စဉ်ဂုဏ်တော်တို့ဖြင့် ပြည့်စုံတော်မူသော သက်တော်ရှည် သစ္စာဝါဒီဆရာတော်လောင်းလျာကို ပဲခူးတိုင်း၊ သာရဝေါမြို့နယ်၊ အင်းသာရွာ၊ ခမည်းတော် ဦးအောင်ဘ၊ မယ်တော် ဒေါ်မေပုတို့မှ ၁၂၈၀ ခု၊ ဝါခေါင်လဆန်း ၂ ရက်၊ သောကြာနေ့ ၅ နာရီအချိန်တွင် ဖွားမြင်တော်မူသော လောကဒသေတာရဂုဏ်ကို အပ်နှင်းဓေား နိုင်သော သားရတနာဖြစ်သည်။ ငယ်နာမည် မောင်သန်းထွန်းဖြစ်သည်။ မွေးချင်းခုနစ်ယောက်အနက် တတိယ မြောက် သားရတနာ ဖြစ်သည်။

### သာသနာ့မှုခ်ဦးသို့


သစ္စာဝါဒီ ဆရာတော်လောင်းလျာ ၁၃ နှစ်သား



www.burmeseclassic.com

www.burmeseclassic.com

အရွယ်တွင် မိဘများက ပဲခူးတိုင်း၊ သာရဝေါမြို့နယ်၊ အင်းသာရွာဦးကျောင်းဆရာတော်ထံ အပ်နှံပြီး သာသနာ့ မှခ်ဦး ရှင်သာမဏေပြုပေး ပညာသင်နို့သောက်စို့စေရာ အင်းသာရွာကျောင်းဆရာတော်က အခြေခံစာပေများကို ပတ မြားငိုးကို လှပသောတန်ဖိုးထိုက်တန်အောင် သွန် သင်၊ ပညာအနှစ်များပေးခဲ့သည်။ ထို့နောက် ရွာကျောင်း ဆရာတော်မှာ တစ်ဆင့် ရေဝတီတိုင်း၊ ဟင်္သာတမြို့နယ် တာငါးဆယ်ရှိ ကျေးကန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အာစရံထံ အပ်နှံပညာသင်ကြားစေခဲ့သည်။ သစ ၁ဝါဒီ လောင်းလျာ ရှင်သာမဏေ သံဝရသည် သက်တော် ၂၀ နှစ်အရွယ်တွင် ကျေးကန်ကျောင်းတိုက်ခဏ္ဍာသိမ်တော်တွင် ကျေးကန် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစရံကို ဥပဇ္ဈာယ်ပြု မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ သည်။



စစ်ကိုင်းတောင်ရိုး သစ္စဝါဒီ သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသံဝရ၏ အရိုးဓာတ်တော်

သစ ၁ဝါဒီ ဆရာတော် ရဟန်းဖြစ်စအချိန် ၁၃၀၁ ခုနှစ်သည် ဂျပန်တို့ ကြီးစိုးသော ဂျပန်ခေတ်ကာလဖြစ် မိဘများက ဆရာတော်အား ရပ်ဝေးသို့ မသွားစေလိုသဖြင့် မိဘတို့၏ ဆန္ဒကို လေးစားကျဉာထားသောအားဖြင့် ရဟန်းဝါ ၁၀ ဝါအထိ ဟင်္သာတမြို့ ဓမ္မာရာမ ညောင်ကုန်း ဓာတ်တော်မြောင်ကျောင်းတိုက်တွင်လည်းကောင်း၊ ရဟန်း ဝါ ၁၁ ဝါမှစ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီး တိုက်၊ ထို့နောက် မန္တလေးမြို့အနောက် ခင်မတန်ကျောင်း တိုက်နှင့် ရွှေဒါးကျောင်းတိုက်တို့တွင် အထက်တန်း ပရိ ယတ္တိ စာပေများကို ဆည်းပူးသင်ယူလေ့လာခဲ့ပါသည်။

သစ ၁ဝါဒီ ဆရာတော်ကြီးသည် ပရိယတ္တိ စာပေများ ကို ကျောင်းတိုက်အသီးသီးတွင်သင်ယူဆည်းပူးခဲ့ပြီးနောက် ပုပ္ပါးတောင်တော်တွင် နှစ်နှစ်ခန့် တောရဆောက်တည် နေတော်မူပြီးနောက် သီပေါမြို့ ရေပေါ်ကျောင်းတိုက်တွင် စာသင်သားများအား ပရိယတ္တိ စာပေများ ပို့ချပေးတော်မူခဲ့ သည်။ သစ ၁ဝါဒီ ဆရာတော် ဝါ ၂၀ အရတွင် ဟင်္သာတ မြို့ ဓမ္မာရာမ ညောင်ကုန်းကျောင်းတိုက် ဆရာတော်ကြီး ဦးအာဒိစ္စဝံသက ပင့်လျှောက် မိမိကျောင်းတိုက်အား အပ်နှံသဖြင့် အဆိုပါကျောင်းတိုက်တွင် ၁၀ နှစ် သာသ နာပြုခဲ့ ရဟန်းဝါ ၃၀၊ သက်တော် ၅၀ နှစ်တွင် ဦးရိုးတော် သစ ၁ဝါဒီဆရာတော် ဦးပညိန္ဒ၏ လွှဲအပ်ချက်အရ စစ်ကိုင်း တောင်ိုး သစ ၁ဝါဒီချောင်နှင့် ကြည့်မြင်တိုင် ဝိဇ္ဇာမိုရ်ဘုရား တို့ကို ပုံလွှန်တော်မူသည့် အသက် ၉၇ နှစ်၊ သိက္ခာတော်

၇၇ ဝါထိ စောင့်ရှောက်သီတင်းသုံးသာသနာပြုခဲ့သည်။

သစ ၁ဝါဒီ ဆရာတော်ကြီး ဘဒ္ဒန္တသံဝရ သက်တော် ၅၈ နှစ်အရွယ် ၁၃၃၉ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ မြောက်ဦး မြို့၌ ဘုရားဆင်းတုတော် တစ်ဆူတူးဖော်ရန် အိပ်မက်ပေးမှု အရ ထိုအချိန် (ပါတီကောင်စီ)နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တို့၏ ကူညီပံ့ပိုးပူးပေါင်းမှုဖြင့် အခမ်းအနားဖြင့် တူးဖော်ရယူ နိုင်ခဲ့သည်။ အဆိုပါ တူးဖော်ရရှိသော ဆင်းတုတော်မှာ ရွှေ၊ ငွေ၊ သွပ်၊ သံ၊ ပြဒါးတို့ဖြင့် သွန်းလုပ်ထားသော ပဥ္စလောဟာ ဘုရားဖြစ် ဒူးတော်မှာ ကိုးလက်မ ရှိ သည်။ ယခုအချိန်ထိ စစ်ကိုင်းတောင်ိုး သစ ၁ဝါဒီချောင် တွင် အမြဲပူဇော်ထားရှိသည်။

သစ ၁ဝါဒီ ဆရာတော်ကြီးသည် မွေးဇာတိ အင်း သာယာရွာတွင် အနောက်နန်းမတော်မမြလေး တည်ထားခဲ့ သော ဘုရားစေတီသုံးဆူ ပြိုကျပျက်စီးနေသည်ကို ပြန် လည် တစ်ဆူတည်းဖြစ်အောင် ပြုပြင်ခဲ့ရာ ယခုချိန်ထိ အနန္တဖြိုန ဓာတ်ပေါင်းစေတီတော် ဘွဲ့အမည်ဖြင့်လည်း ကောင်း၊ စစ်ကိုင်းတောင်ိုးမှ ကြည့်မြင်နိုင်သော ဝိဇ္ဇာမိုရ် ဘုရားကို ဒကာ၊ ဒကာမ ကုသိုလ်ရှင်များ အကူအညီဖြင့် ပြန်လည် မွမ်းမံတည်ထားကိုးကွယ်ခဲ့ပြီး ထိုဘုရား ပရဝုဏ် နယ်နေအတွင်း မုန်စီရွှေချ ဂန္ဓကုဋီတိုက်နှင့် ရဟန်းသံဃာ တော်များ သီတင်းသုံးနိုင်ရန် ကျောင်းဆောင်အဆောက် အဦများဖြင့် ပြည့်စုံစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ သက်တော်ရှည် သစ္စာဝါဒီ ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုး ကြံခင်းချောင် (ပဋ္ဌာနတာရုံ) ဆရာတော် ဦးကောဏ္ဍညမှ လှူဒါန်းသော လေးဧကအကျယ်အဝန်းရှိ ကြံခင်းချောင်ကို ၁၃၅၅ ခုနှစ်က မုံရွာမြို့ ပဋ္ဌာနတာရုံ ဆရာတော်အား စာသင်တိုက် တည်ထောင်ရန် ပထမ ရွှေဟင်္သာဆရာတော်နှင့် အဖွဲ့သံဃာတော်များ ရှေ့မှောက်တွင် တစ်ဆင့်လှူဒါန်းတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ၁၃၅၈ ခုနှစ်ကလည်း မန္တလေးမြို့၊ ဝါခင်းကုန်း ဆရာတော်ဦးတိက္ခ မြဟွံစိုရ်အသင်း၏ ဩဝါဒစရိယကို အမှူးထား၍ မိမိပိုင် ဂရာဘဏ်၊ လဟုဘဏ် ပစ္စည်းများနှင့်တကွ စစ်ကိုင်းတောင်ရိုး သစ္စာဝါဒီချောင်၊ ဝိဇ္ဇာပါရဂူချောင်၊ ကြည့်မြင်တိုင် ဝိဇ္ဇမိုရ်ဘုရားနှင့် သာသနာ့အဆောက်အဦများ၊ ဟင်္သာတမြို့ ဓမ္မရာမံ ဩောင်ကုန်းကျောင်းတိုက်တို့ကို တပည့်ရင်းဖြစ်သူ ဦးပဏ္ဍိတအား လွှဲအပ်ခဲ့ပါသည်။ ဤသို့အားဖြင့် သစ္စာဝါဒီ သက်တော်ရှည် ဆရာတော်ကြီးသည် တပည့်ဖြစ်သူ ဦးပဏ္ဍိတ ဆရာတော်အား ပရိယတ္တိသာသနာပြုနိုင်ရန် အနီးကပ်ကူညီစောင့်ရှောက်တော်မူခဲ့သည်။

အဆိုပါ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီဖြစ်သော သက်တော်ရှည် သစ္စာဝါဒီ ဆရာတော်ကြီး ဘဒ္ဒန္တသံဝရသည် စစ်ကိုင်းတောင်ရိုးတွင် ကိုယ်ပိုင်ကျောင်းသရိယဖြင့် အခြေချ သာသနာပြုနိုင်ရန် အဖက်ဖက်မှ အားထုတ်ပြုလုပ်ပေးတော်မူသော ဆရာတော်ကြီးဖြစ်၍ ယနေ့ကမ္ဘာကျော် ရွှေကျင်ဂိုဏ်း ဥပဥက္ကဋ္ဌ သီတဂူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အဓိပတိဖြစ်တော်မူသော သီတဂူဆရာတော်ကြီး၏ လေးစားယုံကြည်မှုရှိသော (ဒဋ္ဌမိတ္တ ပိယသဟာယ) ဆရာတော်တစ်ပါးအဖြစ် တင်စားအသိအမှတ်ပြုခံရသည်။

ထို့ပြင် သစ္စာဝါဒီ ဆရာတော်ကြီး ဘဒ္ဒန္တသံဝရသည် ဒါန၊ သီလ၊ ဘာဝနာ အကျင့်သုံးရပ်နှင့် ပြည့်စုံပြီး လွန်စွာ တည်ငြိမ်အေးချမ်းသော ဆရာတော်ကြီးဖြစ်သဖြင့် ...ချုပ်ကာလပ်ကို အင်္ဂလိပ်ရာပန မီးပူဇော်ရာတွင် တစ်မူထူးခြားသော ဖြစ်စဉ်များမြင်တွေ့သိရှိရသည့် ဂုဏ်ဒြပ်...ရှင် သက်တော်ရှည် ဆရာတော်ကြီးတစ်ပါးအဖြစ် ပြည်...မာတစ်ခွင်တွင် အမှတ်တရ မှတ်တမ်းတင် တည်ရှိနေ...သော ဖြစ်ကြောင်း လာဘ်မိုးရွာစေပေ ရောင်ပြန်...မှုတစ်ဆင့် ရေးသားတင်ပြပူဇော်အပ်ပါသည်။

**(၁) ဝန်ခံချက်**

သက်တော်...ဆရာတော်ကြီး ဘဒ္ဒန္တသံဝရ၏ ထူးခြားဂုဏ်ဖြစ်စဉ်များကို ရေးသားရာတွင် စစ်ကိုင်းတောင်ရိုး ဓမ္မရပ်မဂ်လာအရှင်ကောမုဒိဝရ၊ ကိုရင်စစ်(စစ်ကိုင်း)၏ စစ်ကိုင်းတောင်ရိုး၊ သစ္စာဝါဒီချောင် ပဓာန နာယက ရတ္တညူမဟာနာယက၊ သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါရှိ ဘဒ္ဒန္တသံဝရ မဟာထေရ်မြတ်၏ ဖြစ်တော်စဉ် ဖတ်လျှောက်ပူဇော်စာတမ်းနှင့် မြတ်မင်္ဂလာစာစောင်၊ ဩဂုတ်၊ ၂၀၁၆ ပါ ဆရာစန်းပဘာ၏ သစ္စာဝါဒီ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိဆောင်းပါးမှတ်တမ်းတို့မှ မှီငြမ်းလျက် ရေးသားပြုစုကြောင်း ဝန်ခံပါသည်။

**(၂) ကျေးဇူးတင်ရှိခြင်း**

သက်တော်ရှည်ဆရာတော်ကြီး၏ ဓာတ်ပုံနှင့် အရိုးဓာတ်တော်ပုံတို့နှင့်အတူ ဆရာတော်ကြီး၏ ဂုဏ်ဒြပ်အကျဉ်းများ ချီးမြှင့်တော်မူသော သစ္စာဝါဒီချောင် ဆရာတော်ဘဒ္ဒန္တပဏ္ဍိတနှင့် ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် ဖတ်လျှောက်ပူဇော်စာတမ်းနှင့် မြတ်မင်္ဂလာစာစောင်မှ ဆရာတော်ကြီး၏ ဖြစ်စဉ်မှတ်တမ်းများကို ရှာဖွေကူညီပံ့ပိုးသော ဦးဖင်း ရွှေမန်းဦးဖင်းမျိုးဆွေတို့အား အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**(၃) စာရေးသူ၏ ဥယျောဇဉ်**

၂၂၊ ၉၊ ၂၀၁၆ နေ့က ကွယ်လွန်သူ ညီ ဦးညွန့်မောင်၊ ဒုညွှန်မှူး(သစ်တောဦးစီးဌာန)၏ သုံးနှစ်မြောက် ရည်စူးပြီး စစ်ကိုင်းတောင်ရိုး သစ္စာဝါဒီချောင် ဆရာတော် ဦးပဏ္ဍိတကို အမှူးပြု၍ စစ်ကိုင်းတောင်ရိုး ဆရာတော်ကြီး ၁၁ ပါးအား နေ့ဆွမ်းကပ်လှူပွဲတွင် ပျံလွန်တော်မူသော သစ္စာဝါဒီသက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသံဝရ၏ ဖြစ်စဉ်အကျဉ်း၊ ပုံတော်နှင့် အရိုးဓာတ်တော်ပုံကို ရှင်းလင်းပြသသော ဆရာတော်ကြီး၏ တပည့်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ မိန့်ဆိုချက်ကို အခြေခံ၍ အခြားလိုအပ်သည့် အချက်များကို ရှာဖွေမှီငြမ်း၍ရေးသားပါသည်။

(စာရေးသူ)

**မောင်အောင်မြင့်(မိတ္ထီလာ)**




www.burmeseclassic.com

www.burmeseclassic.com

# မဟာဇေယျသိဒ္ဓိ အစိဒ္ဓာန်ကျင့်စဉ်

## ပထမံဆရာကြီးဦးအောင်သူ



မဟာဇေယျသိဒ္ဓိ ကျင့် စဉ်ခေါ် ဗုဒ္ဓနုဿတိဘာဝနာကို အောက်မေ့ဆင်ခြင် ပွားများခြင်းကြောင့် တည်ရာမရှိ ဟင်းလင်းအပြင် မိုးကောင်းကင်မှ ကျရှုပင်လာသော်လည်း မြေပြင်ကဲ့သို့ အခါခပ်သိမ်း တည်ရာမှိရာ ကိုးကွယ်ရာကို မုချမလွဲ အမြဲရကြကုန်၏။

အလုံးစုံသော ဘေးရန်ဟူသမျှ ပိုက်ကွန်အတွင်းမှလည်းကောင်း ဘီလူး၊ သရဲ၊ ခိုးသူဘေး အစရှိသော အသက်အန္တရာယ်ကို တိုက်ခိုက်ဖျက်ဆီးတတ်သော ဘေးအမျိုးမျိုးမှလည်းကောင်း လွတ်မြောက်ချမ်းသာရရှိကြသောသူတို့ကို ဂဏန်းသင်္ချာဖြ ် ရေတွက်ပြနိုင်ခြင်းသည် မရှိသာတည်း။ အစရှိသဖြင့် သဂါထာ သံယုတ်ပါဠိတော် ဓဇဂ္ဂသုတ္တန်၌ မဟာဇေယျသိဒ္ဓိ (ခေါ်) ဗုဒ္ဓါနုဿတိဘာဝနာ၏ ထူးခြားဆန်းကြယ်သော အကျိုးကျေးဇူးကြီးမားပုံကို ညွှန်ပြထားပေသည်။

အပါဒါန်အဋ္ဌကထာကိုရဲ့အစရှိသော ပါဠိတော် အဋ္ဌကထာ ဋီကာများစွာတို့၌လည်း မဟာဇေယျသိဒ္ဓိခေါ် ဗုဒ္ဓါနုဿတိဘာဝနာ၏အကျင့်တရား ကြီးကျယ်မြင့်မြတ်ကြောင်းကို ထင်ရှားစွာ ဟောရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းအတွက်ကြောင့် ဗုဒ္ဓိဂုဏ်တော်မြတ်၏ ကြီးကျယ်မြင့်မြတ်သော အကျိုးကျေးဇူးတော်ကို ယုံကြည်မှုသဒ္ဓါမှန် ပညာအမြင်သန်သော ယောဂီသူတော်စင်အပေါင်းတို့သည် ဤအဓိဋ္ဌာန်ကျင့်စဉ်ခေါ် ဗုဒ္ဓါနုဿတိဘာဝနာကို အရိုးကြေကြေ အရေခန်းခန်း မလျှော့တမ်း ဇွဲလုံ့လဖြင့် တရားဓာတ်ရရှိရေးကို အရင်းပြု၍ မမေ့မလျော့ စီးဖြန်းပွားများအားထုတ်ခြင်းကို ပြုလုပ်ကြကုန်ရာသတည်း။

မဟာဇေယျာသိဒ္ဓိဟူသည် ကြီးကျယ်မြင့်မြတ်သော အလိုဆန္ဒရှိသမျှ ကိစ္စအဝဝကို ပြီးစီးအောင်မြင်ခြင်းကို ခေါ်ပါသည်။ ဤကျင့်စဉ်သည် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရသော ကျင့်စဉ်တစ်မျိုးဖြစ်သည်။ ဤကျင့်စဉ်ကို အရိုးကြေကြေ အရေခန်းခန်း မလျှော့သော ဇွဲလုံ့လဖြင့် ကြိုးစားကြမည်ဆိုလျှင် ဖော်ပြပါ အကျိုးတရားများကို ဒိဋ္ဌလက်ငင်း တွေ့ကြုံခံစားကြရမည် ဖြစ်ပါကြောင်း ဖော်ပြလိုပါသည်။

## လက်ငင်းဒိဋ္ဌတွေ့ကြုံခံစားရမည့် အကျိုးတရားများ

၁။ မြတ်စွာဘုရား၌ ရိုသေလေးမြတ် တုပ်ဝပ်ကျိုးနွံစွာရှိခြင်း

၂။ သဒ္ဓါပြန့်ပြောပေါ်များသည်၏ အဖြစ်ကို ရရှိခြင်း

၃။ သတိပြန့်ပြောပေါ်များသည်၏ အဖြစ်ကို ရရှိခြင်း

၄။ ပညာပြန့်ပြောပေါ်များသည်၏ အကျိုးကို ရရှိခြင်း

၅။ ကုသိုလ်ကောင်းမှု ပြန့်ပြောပေါ်များသည်၏ အဖြစ်ကို ရရှိခြင်း

၆။ ပီတိပါမောဇ္ဇ နှစ်သက်ဝမ်းမြောက်ခြင်းများစွာ ဖြစ်ခြင်း

၇။ ၎င်းပီတိပါမောဇ္ဇ ဖြစ်ခြင်း၏ အကြောင်းအကျိုး အဆက်ဆက်ကရသော အကျိုးတရားကို ရရှိခြင်း။ ဘေးငယ်၊ ဘေးကြီးတို့ကို ဖိစီးနှိမ်နင်းနိုင်ခြင်း

၈။ ဆင်းရဲမှုဒဏ်ကို သည်းခံနိုင်စွမ်းရှိခြင်း

၉။ မြတ်စွာဘုရားနှင့်အတူ နေရသည်ဟူသော အမှတ်ကိုရရှိခြင်း

၁၀။ ဘုရားဂုဏ်တော်ကို ကြည်ညိုလေးမြတ်မ် အထပ်ထပ် ပွားများအားထုတ်သော အမှတ်ကို ရရှိခြင်း

၁၁။ လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့ကြုံဆုံစည်းကာ မျက်မှော  င်ရှား ဘုရားရှင်ကိုဖူးမြင်ရသကဲ့သို့ အရှက် အကြောင်းတရား ထင်ရှားဖြစ်ပေါ်လာခြင်းကို ရရှိခြင်း

၁၂။ ဤပစ္စုပ္ပန်မျက်မှောက်ဘဝ၌ မဂ်ဖိုလ်မရသေးမီ သုဂတိဘဝ၌ပင်လျှင် လဲလျောင်းရာကို ရရှိခြင်း (ဤကား ဝိသုဒ္ဓိမဂ်လာအကျိုးများတည်း)

၁၃။ သံသရာဝဋ်ဆင်းရဲ၌ တပ်မက်ခြင်းကင်းခြင်း

၁၄။ ကိလေသာဝဋ်ငြိမ်းအေးခြင်းကို ရရှိခြင်း

၁၅။ အကြောင်းကင်းသော အမတဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအကျိုးရရှိခြင်း (ဤကား ကေနိပါတ် အင်္ဂုတ္တရ်ပါဠိတော်၌လာသော အကျိုးများ)

၁၆။ ကမ္မဋ္ဌာန်းဘာဝနာစိတ်ကို ရွှင်ပျနှစ်သက်ခြင်း

၁၇။ ဝိပဿနာလွယ်ကူစွာဖြစ်ခြင်း အကျိုးတရားရရှိခြင်း (ဤကား ကော်ဂုတ္တရအဋ္ဌကထာ ၎င်းဋီကာ၌လာသော အကျိုးနှစ်ပါးသော ကမ္ဘာပေါင်းသုံးသောင်း ကာလပတ်လုံး နတ်ပြည်၌ မွေ့လျော်ရခြင်း အကျိုးကို ရရှိခြင်း)

၁၈။ ကမ္ဘာပေါင်းသုံးသောင်း ကာလပတ်လုံး နတ်ပြည်၌ မွေ့လျော်ရခြင်းအကျိုးကို ရရှိခြင်း

၁၉။ အကြိမ်ပေါင်းရှစ်ဆယ် သိကြားမင်းဖြစ်ရခြင်း

၂၀။ ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်အောင် ပဒေသရာဇ်မင်းဖြစ်ခြင်း

၂၁။ များစွာသော စည်းစိမ်ချမ်းသာကို ဆုတ်ယုတ်ပျက်ပြားသွားခြင်းမရှိခြင်း

## မဟာဇေယျာသိဒ္ဓိကျင့်စဉ်

(၁) အချိန်ပြည့် (ပုတီးစိပ်)ပွားများနည်း။ (၂) အချိန်ပိုင်း (ပုတီးစိပ်)ပွားများနည်းဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ ထိုနှစ်မျိုးတွင် (၁) အချိန်ပြည့်ပွားများနည်းဟူသည် တစ်နေ့လျှင် သုံးကြိမ်ကျ တစ်ကြိမ်လျှင် သုံးနာရီစီ ကိုးနာရီတိတိ မိမိကြိုက်နှစ်သက်ရာ ဣရိယာပုတ်တစ်ပါးတည်းဖြင့် အားထုတ်ရခြင်းကို ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၂) အချိန်ပိုင်း(ပုတီးစိပ်)ပွားများနည်းဆိုသည်မှာ မိမိနေအိမ်တွင် အလုပ်အကိုင်မပျက်စေရဘဲ အားလပ်သည့် အချိန်တွင် တစ်နေ့လျှင် အနည်းဆုံး ပုတီး ကိုးပတ်စိပ်၍ ပွားခြင်း ဖြစ်ပါသည်။

## အဓိဋ္ဌာန်အစီအစဉ်များ

အဓိဋ္ဌာန်ဆောက်တည်လိုကြသော ယောဂီသူတော်စင်မြတ်တို့သည် အစီအစဉ်များကို ဦးစွာပထမ စနစ်တကျ လေ့လာသိရှိထားကြဖို့ အထူးလိုအပ်လှ၏။

၁။ ဘုရားနေရာတော်ခင်းရန်
၂။ ပင့်ဖိတ်ထားရန်
၃။ ပစ္စည်းများ လှူဒါန်းရန်
၄။ ဝတ်ပြုရန်
၅။ အဓိဋ္ဌာန်ဝင်ရန်
၆။ အနန္တောအနန္တငါးပါး ကန်တော့ရန်
၇။ ပွားများရန် (ပုတီးစိပ်ရန်)
၈။ မေတ္တာပေးပို့ရန်နှင့် မေတ္တာခံယူရန်
၉။ အမျှဝေခြင်းနှင့် အနုမောဒနာခေါ်ယူရန်တို့ ဖြစ်ပါသည်။

## ဘုရားနေရာတော်ခင်းရန်

အစိန္တေယျ အစိန္တေယျ အပ္ပမေယျသေဋ္ဌ ဇေဋ္ဌအတုလပရေမဘောဂဝါ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွဋ်ထား မြတ်ဘုရား၏ ခံစားတည်နေတော်မူရာ ဗွေချက်ချာမှာ ပန်းရနံ့စုံစွာ ထုံဂန္ဓာတို့ဖြင့် နေရာတော်မြတ်ခင်းထားပါကြောင်း ညွတ်ပျောင်းရိုကျိုး လက်စုံမိုး၍ ရှိခိုးနားတော်လျှောက်ဝံ့ပါသည်။ သုံးလေးကာဝိပတိ မုနိဦးသျှောင် ငါးမာရ်အောင်ဇိနော်မြတ်ဘုန်းမောင်ဘုရား…ဟုဆို၍ နေရာတော်ခင်းထားပါ။

## ပင့်ဖိတ်ထားရန်

မဟာကာရုဏိကော နာထော ဗုဒ္ဓေါမေတ္တာတုဝေမဋ္ဌေမဟာကာရုဏိကော တပည့်တော်နှင့်တကွ ခပ်သိမ်းသောများဗိုလ်လူတို့အား ကြီးမားသော မဟာကရုဏာရှိတော်မူထိုက်သော နာထောမြတ်စွာ၊ လူနတ်ပရိသတ်တို့ ဆည်းကပ်ဝပ်တွား အားထားကိုးကွယ်ရာလည်း ဖြစ်တော်မူထားသော ဗုဒ္ဓေါအရပ်ံ အစ ဘဂဝါအဆုံးရှိသော ဂုဏ်ကိုးပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် မေဘုရားတပည့်တော်၏ ဝေမဇ္ဈေဗုဒ္ဓ ဓမ္မမြတ်သံဃာနှင့် မိဘရာဂုဏ်ငါးဖြာကို စိတ်မှာမျှော်မှန်း အာရုံတမ်း၍ လှူဒါန်းထားရာ အလယ် အနန္တော အနန္တပွဲတော်ကြီးရှေ့၌ ဒါတုတပည့်တော်အား အစဉ်သနားတော်မူသဖြင့် ဆိုဆုံးမလျက် အမြန်စွ စောင့်ရှောက်ပေးတော်မူပါရန် ပင့်ဖိတ်လိုက်ပါသည်။ ရွှေစက်တော်လှမ်း၍ ကြွမြန်းတော်မူလှည့်ပါ ဘုရား…ဘုရား။

### (ခ) ပုဂ္ဂိုလ်ကြီးများပင့်ရန်

မဟိဒ္ဓိဂုဏာသမ္ပန္နာ၊ တိဋ္ဌန္တု မမဒက္ခိဏေ။ မဟိဒ္ဓိဂုဏာသမ္ပန္နာ မနောမဟိဒ္ဓိ စရိုဖုံဖုံ အလုံးစုံသော တန်ခိုးဣဒ္ဓိပါဒ်တို့နှင့် ပြည့်စုံတော်မူကြကုန်သော ဝိဇ္ဇာဆရာ၊ လက်ဝဲတော်ရံ၊ လက်ျာတော်ရံ အဂ္ဂသာဝက၊ မဟာသာဝက ဖြစ်တော်မူကြကုန်လော့။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်သီဝလိ၊ အရှင်ဂဝံပတိ၊ အရှင်ဗာကုလ၊ အရှင်မိန္ဒဝိစ္ဆ၊ အရှင်ဥပဂုတ္တ အစရှိသော အရိယာမြတ်ကြီးတို့နှင့်တကွ တပည့်တော်ထက် သီလသမာဓိ ပညာဂုဏ်ဝါ မြင့်မြတ်ကြီးရင့်တော်မူသော အသိဉာဏ်သခင် သူတော်စင်အရှင်မြတ်တို့သည်၊ မမ တပည့်တော်၏ ဒက္ခိဏောဗုဒ္ဓရှင်တော်ကိန်းစံပျော်သည့် အလယ်ပွဲတော်ကြီး လက်ျာဘက်ဖြစ်သော ပွဲတော်ရှေ့၌ တိဋ္ဌန္တုတပည့်တော်အား အစဉ်သနားတော်မူသဖြင့် အမြဲမစကူညီ အမြဲစောင့်ရှောက်တော်မူကြပါ ပင့်ဖိတ်လိုက်ပါသည်။ ဂန္ဓမာဒနုဝေဒီသဿက ဝေဘာရနှင့် စိတ္တကုဋ၊ ဂိဇ္ဈကုဋ၊ ဣသိဂိလိအစရှိသော တောင်တော်သာမြတ် အသီးသီးတို့မှ ကြွမြန်းတော်မူလာကြပါဘုရား…။

## နတ်မင်းကြီးများ ပင့်ဖိတ်ရန်

### သမန္တေစက္ကဝါဠေသု-ဝါမေဂန္တွာန ဒေဝတာ

သမန္တာ - ဝန်းကျင်ပတ်ချာရပ်ဒိသာမှ၊ စက္ကဝါဠေသု-စကြဝဠာတောင်ရစ်ဝိုက်တစ်သောင်းသော ...ဿာကစာတ်

www.burmeseclassic.com

တိုက်အတွင်း၌၊ ဝသန္တာ-ခြွေရံဝန်းခ ကြည်သာချမ်းမြဲ နေထိုင်ကြကုန်သော၊ ဒေဝတာ - သိကြားဗြဟ္မာစတရွှ၊ ဝိရုဠှက ဝိရူပက္ခကုဝေရနှင့် ဒုရသသတိ၊ စန္ဒိပရမိသွာ၊ မဟာပိန္နဲ အစရှိသော သာသနာတော်စောင့်၊ ကမ္ဘာစောင့်နှင့် ဩသဒိဒေဝနတ်မင်းဝိဇ္ဇာ၊ ဒေဝနတ်မင်းအာကာသစိုး ဘုမ္မစိုး၊ ရုက္ခစိုးပါမကျန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်အပေါင်းတို့သည်၊ မေ-အကျွန်ုပ်၏၊ ဝါမေအနုတော် - အနန္တပွဲတော်ကြီး၏ လက်ဝဲဘက်ဖြစ်သော ပွဲတော်ရှေ့၌၊ အာဂစ္ဆန္တု - အမြန်စွ ကူညီမစ စောင့်ရှောက်စောင်မကြည့်ရှုရန် ဘုရားဒဘဂဝါ၏ အမိန့်တော်၊ အာကာတရားဓမ္မ၏ တန်ခိုးတေဇာ၊ အရိယာထေရာသံဃာတို့၏ အမိန့်တော်အာဏာစက်နှင့် ဆင့်ကာခေါ်လိုက်သည်၊ လျင်သောမြန်စွာ ရောက်လာကြကုန်လော။

ဣမဌာနေ - အဓိဋ္ဌာန်တော်ခန်းမ ဤဌာနသို့၊ အာဂတာနံ - ကူညီမစ စောင့်ရှောက်ကြရန် ရောက်ရှိနေကြကုန်သော၊ တေသံ တေသံ ဝိသိဋ္ဌ ပုဂ္ဂလာနံ - ထိုထိုကုန်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အပေါင်း သူတော်ကောင်းတို့အား၊ အာရောဂျံစ - ကိုးဆယ့်ခြောက်ဖြာ အနာရောဂါ မရှိကြကုန်သည်လည်းကောင်း၊ အာဝေရာစ - ရန်သူခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်လည်းကောင်း၊ နိသောကာစ - စိုးရိမ်ခြင်း ကင်းကြကုန်သည်လည်းကောင်း၊ ပောာထ - ဖြစ်ကြပါစေကုန်သတည်း။

သုခိတာစ - ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြကုန်သည်လည်းကောင်း၊ ဒီဃာပခုကာစ - အတန်ကိုကျော်တည် အသက်ရှည်ကြကုန်သည်လည်းကောင်း၊ ပောာထ - မချုပ်ငိပိုင် ဖြစ်နိုင်ကြပါစေသောဟု အဓိဋ္ဌာန်ဝင်တိုင်းဝင်တိုင်း ဤသို့ ပင့်ဖိတ်ထားပါလေ။

## အနန္တောအနန္တငါးပါး ကန်တော့ရန်

(က) အနန္တဂုဏ် ထိုက်တော်မူသော ကကုသန် ကောဏာဂုံ ကဿပ ဂေါတမအစရှိသော ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော များလှသောင်းသောင်း ဘုရားရှင်အပေါင်းတို့၏ ဂုဏ်တော်မြတ်တို့ကိုလည်းကောင်း

(ခ) အနန္တဂုဏ် ထိုက်တော်မူသော သွက္ခာတအစရှိသော ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်တို့၏ ဂုဏ်တော်မြတ်တို့ကို လည်းကောင်း

(ဂ) အနန္တဂုဏ်ထိုက်တော်မူကုန်သော သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သမုတိ ပရမတ်နှစ်ရပ်သော သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်တော်မြတ်တို့ကို လည်းကောင်း

(ဃ) အနန္တဂုဏ် ထိုက်တော်မူကုန်သော ဤဘဝ ရှေးရှေးဘဝ သံသရာအဆက်ဆက်တို့က တော်စပ်ခဲ့ဖူးသော မိခင်ဖခင် ကျေးဇူးရှင်တို့၏ ဂုဏ်တော်တို့ကိုလည်းကောင်း

(င) အနန္တဂုဏ်ထိုက်တော်မူကုန်သော ဤဘဝ ရှေးရှေးဘဝ သံသရာအဆက်ဆက်တို့က တော်စပ်ခဲ့ဖူးသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ ဂုဏ်တော်တို့ကိုလည်းကောင်း၊ ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင် တစ်ပါးပါးသော ကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့မှ အခါခပ်သိမ်း ကင်းလွတ်ပါရခြင်း အကျိုးငှာ ပဌမ၊ ဒုတိယ၊ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ရှိသေမြတ်နိုး လက်စုံမိုး၍ ကန်တော့လိုက်ပါ၏ အရှင်ဘုရား။

## ပစ္စည်းများ လှူဒါန်းရန်

အရပ်အစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါး သခင် ရှင်တော်မြတ်ဘုရား တပည့်တော်သည် အနန္တော အနန္တငါးပါးတို့ကို အာရုံပြု၍ ညောင်ရေငါးလုံး ရေချမ်းငါးခွက် ဆီမီးငါးတိုင်နှင့် အနန္တောအနန္တပွဲတော် စသော လှူဖွယ်ဝတ္ထုအစုစုတို့ လှူဒါန်းပူဇော် ဆက်ကပ်ပါ၏ အရှင်ဘုရား။ တပည့်တော်အား အစဉ်သနားတော်မူသဖြင့် လှူဒါန်းအပ်သော အလှူကို လက်ခံတော်မူပါဘုရား•••။

## ဝတ်ပြုရန်

ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသ

www.burmeseclassic.com

မွေသာရထိ သတ္တာဒေဝ မနုဿနံ ဗုဒ္ဓေါ ဘဂဝါ - ကမ္မပေဟိ နဝဟိ ဂုဏေဟိ သမ္မန္နာဂတံ ဗုဒ္ဓံသိရသာ နမာမိ သရဏံ အကာလိကော ဧဟိပဿိ ကောဩပနေ ယျိတောပစ္စတ္တံ ဒေဝိတဗ္ဗေဝိညူဟိ ကမ္မပေဟိဆဟိ ကုဏောဟိသမ္မန္နာ ဂတံ ဓမ္မံ သိရသာန မာမိ သရာဏံ ဂစ္ဆာမိပါဘုရား···

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိ ပ္ပန္နော သလတောသာဝကသံဃော ဉာယပ္ပဋိပ္ပန္နော ဘဂဝ တော သာဝကသံဃော သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ သေဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေ ယျော ဒက္ခိနေယျော အဉ္ဇလီကရဏီယော အနုတ္တရံ ပုည ခေတ္တံ လောကဿ ကမ္မပေဟိ နဝဟိဂုဏောဟိ သမ္မန္နာ ဂတံ သံဃံသိရသာ နမာမိသရဏံ ဂစ္ဆာမိပါဘုရား···။

(က) အဋ္ဌတာဂ္ဂေပါဏာပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အဋ္ဌတာဂ္ဂေပါဏာပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အဋ္ဌတာဂ္ဂေပါဏာပေတံ သံဃာ သရဏံ ဂစ္ဆာမိ
(ခ) ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇာတိပရိယန္တံ သံဃာ သရဏံ ဂစ္ဆာမိ
(ဂ) ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဘောဂပရိယန္တံ သံဃာ သရဏံ ဂစ္ဆာမိ
(ဃ) ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇီဝိတပရိယန္တံ သံဃာ သရဏံ ဂစ္ဆာမိ
(င) ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ယာဝဇီဝံ သံဃာ သရဏံ ဂစ္ဆာမိ
(စ) မရဏကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မရဏကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏကာလံ သံဃာ သရဏံ ဂစ္ဆာမိ
(ဆ) မရဏကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မရဏကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏကာလပရိယန္တံ သံဃာ သရဏံ ဂစ္ဆာမိ
(ဇ) အရဟတ္တ မဂ္ဂကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အရဟတ္တ မဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တ မဂ္ဂကာလံ သံဃာ သရဏံ ဂစ္ဆာမိ
(ဈ) အရဟတ္တမဂ္ဂ ကာလပရိယန္တံ ဗုဒ္ဓံ သရဏံဂစ္ဆာမိ
အရဟတ္တမဂ္ဂ ကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တမဂ္ဂ ကာလပရိယန္တံ သံဃာ သရဏံ ဂစ္ဆာမိ
(ည) နိဗ္ဗာနကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာနကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာနကာလံ သံဃာ သရဏံ ဂစ္ဆာမိ
(ဋ) နိဗ္ဗာနကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာနကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာနကာလ ပရိယန္တံ သံဃာ သရဏံ ဂစ္ဆာမိ

## အဓိဋ္ဌာန်ဝင်ရန်

အဓိဋ္ဌာန်ဆောက်တည်မည့် မြတ်သောယောဂီသည် ရေတစ်ခွက်ကို မိမိရှေ့၌ချ၍ ဘုရားရှင်ကို လက်အုပ်ချီ၍ ဤသို့ဆိုလေ···။

တပည့်တော်သည် ယနေ့မှစ၍ (အရဟံ)ဂုဏ်တော် ကို အဓိဋ္ဌာန် ၉ ရက် ဆောက်တည်လျက် တစ်ရက်လျှင် အနည်းဆုံး စိပ်ပုတီး ၉ ပတ်စီ ဆင်ခြင်ပွားများပါမည်ဘုရား ပွားလတ္တံ့သော ဂုဏ်တော်မြတ်ကို လေးစားသောအားဖြင့် ၉ ရက်တိတိ···

(၁) အနန္တော အနန္တငါးပါးကို မပြစ်မှားပါ
(၂) ကာမပိုင်ရှိသော သူများကို ကိုယ်ထိကာယ မကျူးလွန်ပါ
(၃) လောင်းကစားခြင်းနှင့် သေရည်အရက်သောက် စားခြင်းကို ရှောင်ပါမည်
(၄) ကျွဲသား၊ နွားသား အစရှိသော အသားမှန်သမျှ ကို မစားသုံးပါဘုရား

ဤလေးချက်ကို အရှင်ဘုရားရှေ့မှောက်တွင် သစ္စာ အဖြစ် ခံယူပါ၏။ သစ္စာလေးချက် မပျက်ကွက်ဘဲ မှန်သည် သည်ရှိသော် တပည့်တော်၏ ကိုယ်စိတ်နှလုံးတို့သည် အမြဲ



www.burmeseclassic.com

www.burmeseclassic.com

တမ်း ကျန်းမာချမ်းသာပြီး ပြောသမျှ စူးရှ လုပ်သမျှပြီးစီး ကြံသမျှ အောင်မြင်နိုင်သော မဟာဝေယျာသိဒ္ဓိ ဆုတော်မြတ်ကို ယခုမြန်စွာ ရရပါလို၏။ အရိယာသူတော်စင်တို့ သိနိုင်သော သစ္စာလေးပါး တရားထူးကို သိရ၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကိုလည်း လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏။

တပည့်တော်၏ အသက်နှင့်ခန္ဓာကိုယ်ကို မြတ်စွာဘုရားအားလည်းကောင်း၊ တရားတော်မြတ်အားလည်းကောင်း၊ သံဃာတော်အရှင်မြတ်တို့အားလည်းကောင်း၊ အရှင်သူမြတ်တို့အားလည်းကောင်း အထက် လောကီလောကုတ္တရာ ဝိဇ္ဇာမိုရ်မြတ်ကြီးတို့အားလည်းကောင်း အမြဲနိစ္စ လှူဒါန်းခဲ့ပါ၏။ သာသနာတော်စောင့် နတ်ကမ္ဘာစောင့် သမ္မာဒေဝနတ်မင်းကြီး အပေါင်းတို့အားလည်း ကျွန်ုပ်၏ အသက်နှင့်ခန္ဓာကိုယ်ကို အမြဲနိစ္စ အပ်နှံထားလိုက်သည်။ ကျွန်ုပ်အား အရာရာမှ မကောင်းကိုပယ် ကောင်းကိုကယ်၍ ကူညီမစ စောင့်ရှောက်ပေးကြပါကုန်လော့။ ကူညီမစ စောင့်ရှောက်ပေးကြမည့် ပုဂ္ဂိုလ်တို့မှအပ အနှောင့်အယှက် အပျက်အဆီး အတားအဖြစ် အပိတ်အပင် အကန့်အကွက် အပြုအတိုက် လုံးဝ မရှိစေရ။ ဘုရားရှင်၏ အမိန့်အာဏာတော်ဖြစ်သည့် အာဏာတော်မြတ် တည်စေရ၊ ဘုရားရှင်၏ အမိန့်အာဏာတော်ဖြစ်သည့် အာဏာတော်မြတ် တည်တံ့ပါစေဟု ဆို၍ မိမိရှေ့၌ ချထားသော သစ္စာရေကို သောက်လိုက်ပါ။ အဓိဋ္ဌာန်အတွင်း မည်သည့်အနှောင့်အယှက်မျှ မရှိနိုင်ပါ။

### မေတ္တာခံယူခြင်း

ဗုဒ္ဓသာသီဝါဟံမေတ္တံ ဂဏှာမိ
ဓမ္မသာသီဝါဟံမေတ္တံ ဂဏှာမိ
သံဃာသာသီဝါဟံမေတ္တံ ဂဏှာမိ
မာတာပိတုနံသီဝါဟံမေတ္တံ ဂဏှာမိ
သဗ္ဗအာစရိယနံသီဝါဟံမေတ္တံ
သဗ္ဗဝိဇ္ဇာစရနံသီဝါဟံမေတ္တံ ဂဏှာမိ
သဗ္ဗဒေဝဟာနံမေတ္တံ ဂဏှာမိ
သဗ္ဗသဗ္ဗုရိသာနံမေတ္တံ ဂဏှာမိ
သဗ္ဗပုဂ္ဂလာနံမေတ္တံ ဂဏှာမိ။

အမျှပေးဝေခြင်းနှင့် သာဓုအနုမောဒနာ ခံယူခြင်း အဓိဋ္ဌာန်ရက် ပြီးဆုံးသည့်အခါတိုင်း မိမိပြီးဆုံးအောင်မြင်သော ကဏ္ဍ(အဆင့်)တိုင်းတွင် အဓိဋ္ဌာန်တော်အောင်ပွဲကို ကျင်းပပြုလုပ်ရပါမည်။ အဓိဋ္ဌာန်တော်အောင်ပွဲဟူသည် အဓိဋ္ဌာန်ဆောက်တည်နေစဉ်ကာလအတွင်း မည်သို့သော အခက်အခဲ ဘေးဥပါဒ်အန္တရာယ် တစ်စုံတစ်ရာမှ မရှိခဲ့ဘဲ မိမိအဓိဋ္ဌာန်ကာလ ပြီးမြောက်အောင်မြင်သည့်အတွက် ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးတို့အား ဦးထိပ်ထားလျက် ကူညီမစ စောင့်ရှောက်တော်မူကြကုန်သော အထက်လောကီလောကုတ္တရာ ဝိဇ္ဇာမိုရ်သခင် ကျေးဇူးရှင်အပေါင်းနှင့် သာသနာတော်ဆိုင်ရာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်အပေါင်းတို့အား ရည်စူး၍ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပူဇော်ခြင်းကို ခေါ်ပါသည်။ လှူဒါန်းပူဇော်ရာ၌ မိမိအောင်မြင်သည့် အဆင့်အားလျော်စွာ လှူဒါန်းရပါမည်။

ဥပမာ- ပထမအဆင့်ကို အောင်မြင်သူသည် ပထမအဆင့်ရက်အတိုင်း -

(၁) ဆွမ်း(သင်ပုန်းဆွမ်း) ကိုးခု
(၂) ဆီမီး ကိုးတိုင် (သို့မဟုတ်) အမွှေးတိုင် ကိုးတိုင်
(၃) ပန်းကိုးပွင့်တို့ကို ဘုရားတွင်လှူဒါန်း၍ ငါးအရှင်ကိုးကောင် လွှတ်ပါ။

တတ်နိုင်လျှင် သံဃာတော် ကိုးပါးပင့်၍ သက်သတ်လွတ်(သားဟ)ဆွမ်းကျွေး လှူဒါန်းပါလေ။

## ပထမံဆရာကြီးဦးအောင်သူ

<u>ကျမ်းကိုး</u>

အဓိဋ္ဌာန်ဆရာတော်၏ အဓိဋ္ဌာန်ကျင့်စဉ်ကျမ်း။



www.burmeseclassic.com


www.burmeseclassic.com

# ရှောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၉-ခုနှစ်၊ ကဆုန်လ - နယုန်လ

## 2017 MAY

| | | |
|---|---|---|
| တနင်္လာ Monday | 1 ၆ အလုပ်သမားနေ့ | |
| အင်္ဂါ Tuesday | 2 ၇ အမြိတ္တစုတ်ရက် | |
| ဗုဒ္ဓဟူး Wednesday | 3 ၈ | |
| ကြာသပတေး Thursday | 4 ၉ ရက်ရာဇာ | 18 ၈ ရက်ရာဇာ |
| သောကြာ Friday | 5 ၁၀ | 19 ၉ |
| စနေ Saturday | 6 ၁၁ ရက်ရာဇာ | 20 ၁၀ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 7 ၁၂ | 21 ၁၁ |
| တနင်္လာ Monday | 8 ၁၃ | 22 ၁၂ |
| အင်္ဂါ Tuesday | 9 ၁၄ | 23 ၁၃ |
| ဗုဒ္ဓဟူး Wednesday | 10 ၁၅ ကဆုန်လပြည့် | 24 ၁၄ |
| ကြာသပတေး Thursday | 11 ၁ ရက်ရာဇာ | 25 ● ကဆုန်လကွယ် ရက်ရာဇာ |
| သောကြာ Friday | 12 ၂ | 26 ၁ အမြိတ္တစုတ်ရက် |
| စနေ Saturday | 13 ၃ ရက်ရာဇာ | 27 ၂ |
| တနင်္ဂနွေ Sunday | 14 ၄ | 28 ၃ |
| တနင်္လာ Monday | 15 ၅ | 29 ၄ |
| အင်္ဂါ Tuesday | 16 ၆ မဟာရက်ကြီး | 30 ၅ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 17 ၇ | 31 ၆ မဟာရက်ကြီး |



၁. ၅. ၂၀၁၇ စန်းပြောင်းရက်စွဲ ၁၄. ၅. ၂၀၁၇

### ၂၀၁၇ ခုနှစ်၊ မေလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၄. ၅. ၂၀၁၇ တနင်္ဂနွေနေ့ ည ၁၁ နာရီ ၄၄ မိနစ်တွင် ပြိဿရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၇. ၅. ၂၀၁၇ စနေနေ့ နေ့လည် ၂ နာရီ ၅၁ မိနစ်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၃၁. ၅. ၂၀၁၇ ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ ၃၈ မိနစ်တွင် မိဿရာသီသို့ ပြောင်းသည်။

### ၂၀၁၇ ခုနှစ်၊ မေလအတွက် နေသိင်္ကြန္တာနှင့် စန်းယှဉ်ချိန်

(၁၈. ၅. ၂၀၁၇)ကြာသပတေးနေ့၊ နံနက် ၁၀ နာရီ ၂၁ မိနစ် ၅၅ စက္ကန့်။

(၂. ၅. ၂၀၁၇) နှင့် (၂၆. ၅. ၂၀၁၇)ရက်တို့သည် အမြိတ္တစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

၂၀၁၇ ခုနှစ်၊ မေလအတွက်

နွယ်သာကီအောင်

နွေကာလ၏ အနားသတ်ရာသီသို့ အပူဒဏ်ကား ထန်ပြင်းလုပါချေ၏။ ပွင့်လင်းသွေ့ခြောက်သည် ဆိုပါသော်ငြား ရိုးတံညှာတို့ အပြိုင်းပြိုင်းဖြင့် သစ်ပင်တို့၏ ဖြစ်စဉ်မှာ တရားကျစရာ ကောင်းလှတော့သည်။ ဤတွင် ရွက်ဟောင်းစွန့်ပစ်၊ ရွက်သစ်ဝေလွှင်တော့မည်မို့ ပုရစ်ဖူးကျေးဥတို့မှာ ကိုက်ညွှန့်နုသစ်ရန် တာစူနေကြသည်မှာလည်း အားရလန်းရွှင်ဖွယ်ရာပင်။ သဘာဝရာသီအဖို့ ဩကာသ လောကကြီးအပေါ် ဖောက်လွဲဖောက်ပြန်မပြုဘဲ စည်းကာရန် ညီမျှစွာဖြင့် အလှဆင်နေဦးမှာတော့ သေချာသည်။ သို့ရာတွင် လောဘသား လူ့အချို့ကြောင့် ရာသီမမှန်၊ မိုးမမှန်ဖြစ်နေခြင်းကတော့ ဆင်ခြင်သတိပြုဖွယ် ကောင်းလှသည်။

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

မေလ (၆)၊ (၁၁)၊ (၂၅)၊ (၂၇)၊ (၃၀) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

မေလ (၂)၊ (၁၀)၊ (၁၈)၊ (၂၀)၊ (၃၀) စသောရက်များသည် ကားများ၊ ယာဉ်များဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

မေလ (၈)၊ (၁၈)၊ (၂၂)၊ (၂၆)၊ (၃၀) စသောရက်များသည် ရွှေတွင်းများ၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

မေလ (၂)၊ (၈)၊ (၉)၊ (၁၁)၊ (၁၈)၊ (၂၅)၊ (၃၀) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ကျောင်း/အိမ်ဂေဟာဆောက်ဖို့ရာ**

မေလ (၂)၊ (၈)၊ (၉)၊ (၁၁)၊ (၁၈)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၃၀) စသော ရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **ပဒ္ဓင်းခံရာ၊ ရှင်ပြု၊နားသရာ**

မေလ (၂)၊ (၆)၊ (၈)၊ (၁၁)၊ (၁၈)၊ (၂၂)၊



www.burmeseclassic.com

www.burmeseclassic.com

(၂၇)၊ (၃၀) စသော ရက်များသည် ပဉ္စင်းခံခြင်း၊ ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

မေလ (၈)၊ (၁၁)၊ (၁၈)၊ (၂၂)၊ (၂၇) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

မေလ (၂)၊ (၆)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၇)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ လက်ထပ်မင်္ဂလာ ကျင်းပရာ**

မေလ (၆)၊ (၈)၊ (၉)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၇) စသောရက်များသည် လက်ထပ်မင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ ခရီးသွားလာ ကောင်းဖို့ရာ**

မေလ (၂) (၆)၊ (၉)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၃၀) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ လယ်ထွန်မင်္ဂလာပြုဖို့ရာ**

မေလ (၂) (၆)၊ (၉)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၇)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၂။ ရောင်းပန်းဝယ်မန်း ပွင့်ဖို့ရာ**

မေလ (၂) (၆)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၇)၊ (၃၀) စသောရက်များသည် အရောင်းအဝယ်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ သီးနှံမျိုးစေ့ကြဲဖို့ရာ**

မေလ (၂)၊ (၆)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၇)၊ (၃၀) စသော ရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချ စိုက်ပျိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ရေတွင်းရေကန် တူးဖို့ရာ**

မေလ (၂)၊ (၆)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၇)၊ (၃၀) စသော ရက်များသည် ရေတွင်း ရေကန်များတူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ ပညာစတင်သင်ကြားလျှင်**

မေလ (၂)၊ (၅)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၇)၊ (၂၈)၊ (၃၀) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ ငါးဖမ်းဖို့ရာ**

မေလ (၂)၊ (၁၃)၊ (၁၈) စသောရက်များသည် မြစ်၊ ချောင်း၊ အင်းအိုင်၊ ပင်လယ်တွင်းရှိ ရေသတ္တဝါများအား ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၇။ မင်္ဂလာအခါပေးဖို့ရာ**

မေလ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၃၀) စသောရက်များသည် မင်္ဂလာအခါပေးရန် သင့်လျော်ကောင်းမွန်သော ရက်များ ဖြစ်ကြပါသည်။

■ **နှယ်သာဂီအောင်**

www.burmeseclassic.com

# မေလမှာ ဆောင်ရွက်ပါ

## ၂၀၁၇ ခုနှစ်၊ မေလအတွက်

**နေမျိုးထွင့်ခေါင်**

၁။ မေလ (၅)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၃၀) စသောရက်များသည် "နန္ဒာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ် စသည်တို့ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ မေလ (၁)၊ (၆)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၆)၊ (၃၁) စသောရက်များသည် "ဘဒြာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ မေလ (၂)၊ (၇)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၇) စသော ရက်များသည် "ဇယာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ မေလ (၃)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၈) စသောရက်များသည် "ရိတ္တာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လေ့ကျင့်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ မေလ (၄)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် "ပုဏ္ဏာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၆။ မေလ (၂)၊ (၂၆) ရက်တို့သည် "အမြိတ္တစုတ်"တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ မေလ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး ဘာသာရေး ကိစ္စအလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

■ နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# နေ့သားအလိုက် အောင်မြင်ဖို့

## ၂၀၁၇ ခုနှစ်၊ မေလအတွက်

### မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေနေ့သား မွေးဖွားသူများအဖို့**

မေလ (၂)၊ (၇)၊ (၉)၊ (၁၀)၊ (၁၇)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၈) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**တနင်္လာနေ့သား မွေးဖွားသူများအဖို့**

မေလ (၂)၊ (၃)၊ (၆)၊ (၈)၊ (၉)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၃၀) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**အင်္ဂါနေ့သား မွေးဖွားသူများအဖို့**

မေလ (၃)၊ (၆)၊ (၇)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၆)၊ (၂၉)၊ (၃၀) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**ဗုဒ္ဓဟူးနေ့သား မွေးဖွားသူများအဖို့**

မေလ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**ကြာသပတေးနေ့သား မွေးဖွားသူများအဖို့**

မေလ (၃)၊ (၅)၊ (၆)၊ (၁၀)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၄)၊ (၂၈) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**သောကြာနေ့သား မွေးဖွားသူများအဖို့**

မေလ (၂)၊ (၄)၊ (၅)၊ (၉)၊ (၁၂)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၃၀) စသော ရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**စနေနေ့သား မွေးဖွားသူများအဖို့**

မေလ (၄)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၉)၊ (၃၁) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုအချိန် မွေးဖွားသူများအဖို့**

မေလ (၄)၊ (၆)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၅) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

■ မဟိဒ္ဓိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွေးအတွက် ကံဇာတာ

၂၀၁၇ ခုနှစ်၊ မေလအတွက်

■ ဆရာမိုးဟန်ကြွယ်

အိမ်ထောင်ဘက်နှင့် စိတ်သဘောထား ကွဲလွဲတတ်သည်။ ကျန်းမာရေးအနည်းငယ် ညံ့တတ်ပါသည်။ လယ်ယာထွက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးထူးခံစားရပါလိမ့်မည်။ အောင်ဘာလေထီ ပေါက်ကိန်းရှိသည်။ ယာဉ်၊ ရတနာပစ္စည်းများ ဝင်လာတတ်သည်။ လုပ်ငန်းတွင်သော်လည်းကောင်း၊ လူမှုဆက်ဆံရေး အသိုင်းအဝိုင်း၌လည်းကောင်း စကားအပြောအဆို မှား၍ ပြဿနာပေါ်လာတတ်ပါသည်။ အိမ်ထောင်ဘက်နှင့် ပတ်သက်၍ အမွေရခြင်း၊ ငွေအစုလိုက်အပြုံလိုက်ရခြင်းတို့ ကြုံမည်။ ဆီးစပ်၊ တင်ပါးတို့တွင် အနာပေါက်တတ်သည်။

မိဘများကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ရတတ်သည်။ အကျိုးထူးများ ခံစားရပါလိမ့်မည်။ ခြေထောက်တွင် မမျှော်လင့်ဘဲ ထိခိုက်မိတာမျိုး ကြုံရတတ်၏။ ထို့အတူ အိမ်တွင်းသို့ မျှော်လင့်မထားသော သောကအပူများ ဝင်ရောက်လာတတ်ပါသည်။ လက်ရှိလုပ်ကိုင်နေသော အလုပ်သည် အပြောင်းအလဲများနှင့် ကြုံမည်။ ပိုင်ဆိုင်သော ပစ္စည်းတစ်ခုခု ပျောက်ဆုံးတတ်ပါသည်။ အချစ်ရေးကိစ္စ၌ မပြေမလည် ဖြစ်တတ်သည်။

စီးပွားရေးလုပ်ငန်းတွင် မမျှော်လင့်ဘဲ အခွင့်အလမ်းများ ပေါ်ပေါက်၍ အဆင်ပြေတတ်ပါသည်။ လုပ်ငန်းသစ်များ ချဲ့ထွင်ရပါလိမ့်မည်။ သွေးအားနည်းရောဂါ ပေါ်တတ်သည်။ ပို့ရှယ်သူများ ချစ်သူထံမှ လက်ဆောင်တစ်ခုခု ရတတ်သည်။ မိသားစုအလှူဒါနပြုရလိမ့်မည်။ သားသမီးများ၏ ပညာရေး အထူးကောင်းမွန်ပါလိမ့်မည်။ ဖခင်နှင့်ပတ်သက်ပြီး အမွေပစ္စည်းများ ရရှိတတ်သည်။ အအေးမိခြင်း၊ လည်ချောင်းနာခြင်း စသော ဥတုကြောင့်ဖြစ်သည့် ဝေဒနာများ ဝင်လာတတ်သည်။ ပို့ရှယ်သူများ ချစ်မှုရေးရာ၌ စန်းပွင့်ပါလိမ့်မည်။ ရပ်ဝေးမှ မိတ်ဆွေများ ရောက်ရှိတတ်သည်။

ပဲ၊ ပြောင်း၊ ဆန်စပါးများကို ရောင်းချလျှင် အမြတ်အစွန်းများများရမည်။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်စိမ်း၊ ပုလဲနှင့် ငွေထည်ပစ္စည်းများကို ဝယ်ယူပြီး ငါးလအကြာမှ ရောင်းလျှင် အမြတ်အစွန်းရရှိမည်။ ရှိန်းခို၊ ထင်းရှူးပင်၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ချင်း၊ နနွင်း၊ သစ်ဥသစ်ဖုများ၊ ရွှေထည်ပစ္စည်းများ၊ ရွှေရည်စိမ်ပစ္စည်းများ ဝယ်ယူလျှင် အကျိုးအမြတ်ရှိမည်။ ကြံ၊ ကြံသကာ၊ သကြားများ ဝယ်ယူသိုလှောင်ပါက ထင်သလောက် အကျိုးမဖြစ်တတ်ပါ။

သွားကိုက်ဝေဒနာ ခံစားရတတ်သည်။ အဆိပ်ရှိသော အကောင်တစ်ကောင်ကောင် ကိုက်တတ်သည်။ နိုင်ငံရပ်ခြားခရီးစဉ် အပြောင်းအလဲ ဖြစ်ပေါ်တတ်သည်။ သက်ကြီးရွယ်အိုများကို အလှူဒါနပြုရတတ်သည်။ လက်ရှိအိမ်နေရာ အပြောင်းအလဲ ဖြစ်မည်။ အစာအိမ်ဝေဒနာ ဝင်လာတတ်သည်။ ဆုံးပြီဟုထင်ရသော အကြွေးများ ပြန်လည်ရရှိတတ်သည်။ ရေအောက်၊ မြေအောက်မှ အဖိုးတန်ပစ္စည်းများ ရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဘွဲ့ထူး၊ ဂုဏ်ထူးများ ရရှိတတ်သည်။ အထက်လူကြီးများ၏ မြှောက်စားခြင်းခံရတတ်သည်။

*ယတြာပြုလုပ်လိုပါက* - ဆီမီးတစ်ခွက် ကပ်လှူပါ။ သာကူကျို၍ ပတ်ဝန်းကျင်ကို မျှဝေဒါနပြုပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

၂၀၁၇ ခုနှစ်၊ မေလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ မေလ (၂)၊ (၆)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၇)၊ (၃၀) စသောရက်များသည် အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်း ရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ မေလ (၂)၊ (၁၈)၊ (၂၁)၊ (၂၉) စသော ရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ မေလ (၂)၊ (၆)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၇)၊ (၃၀) စသော ရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁။ မေလ (၂)၊ (၆)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၀)၊ (၂၇)၊ (၃၀) စသော ရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# လကဆုန် ညောင်ရေပွဲပေမို့

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

"ကိုးကွယ်ရာကို
ဒီပါဖမ္ဗူ၊ ရွှေပြည်သူတို့
ဆုယူရှင်လန်း၊ တင်လှူဒါန်း၍
တိမ်ပန်းပဖျှန်၊ ချိန်းမဲ့သုန်သည်
ကဆုန်ရွှေညောင် ရေသွန်းတည်း"

(ဝက်မစွတ်မြို့စားမင်း နဝဒေး)

တန်ခူးလွန်မြောက်၍ ရာသီပြိုသ ကဆုန်လသို့ ရောက်ရှိခဲ့ပါပြီ။

သူရိန်နေမင်းက အပူရှိန်တွေ ပြင်းလွန်းလှပါဘိ။

သို့ပါသော်ငြား ... ယော်ရီသစ်ရွက်တွေအကြား၌ နွေကိုအန်တုသည့်အလား ကျေးဥပုရစ် ရွက်သစ်နုညွန့်တို့က လူးလွန့်ပြူထွက်လာကြလေသည်ကော။ သာရကာငှက်ကျေးအပေါင်းတို့မှာလည်း ညှာတံကိုင်းဖျားတို့၌ နားခိုကြရင်း ဖိုမသံပေး တွန်ကြွေးနေကြလေသည်။ ဝဲကတော့ထိုးလျက်ရှိသည့် တောင်လေနှင့်အတူ တောအရိုင်းပန်းကလေးများမှာ အလှတွင် အယဉ်ဆင့်လျက် မာန်ဝင့်နေကြသည်တာ တစ်မျိုးတစ်ဘာသာ ချစ်မက်စရာ။

ကဆုန်လကား နွေအပူကာလထဲမှာပင် ထူးခြားမှုအပေါင်းနှင့် ပြည့်စုံနေတော့သည်။ အထူးသဖြင့် ကဆုန်လပြည့်နေ့။ စင်စစ် ကဆုန်လပြည့်နေ့သည် ...

(၁) ခပ်သိမ်းကုန်သော ဘုရားရှင်တို့ သစ္စာလေးပါးတို့ သိကြသောနေ့၊ (၂) ဂေါတမဘုရားရှင် ဖြစ်တော်မူမည့်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသောနေ့၊ (၃) ဂေါတမဘုရားရှင်အဖြစ် ရောက်တော်မူသည့်နေ့၊ (၄) ဂေါတမဘုရားရှင်လောင်းလျာဖြစ်သော သုမေဓာရှင်ရသေ့အဖြစ်နှင့် နိယတဗျာဒိတ် ခံယူတော်မူသောနေ့၊ (၅) ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့၊ (၆) မဟာဗောဓိပင်ပေါက်သောနေ့တို့ ဖြစ်ကြလေရာ ထူးခြားသော ဝိသေသများနှင့် ပြည့်ဝလျက်ရှိသည့် နေ့ထူးနေ့မြတ်ကြီးဟု ဆိုရပါမည်။ ထို့ပြင် ကဆုန်လပြည့်နေ့ရောက်လျှင် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှင်အမှီပြုပြီး ပွင့်တော်မူရာ ဗောဓိပင်အား ညောင်ရေသွန်းလောင်းလေ့ရှိကြပါသည်။ ညောင်ရေသွန်းလောင်းသော ဓလေ့သည် ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် သာဝတ္ထိပြည်၊ ပသေနဒီကောသလမင်းကြီးမှ အစပြုပြီးနောက် သီရိဓမ္မာသောကမင်းကြီးလက်ထက်တိုင် ကဆုန်လပြည့်နေ့ရောက်လေတိုင်း ညောင်ရေသွန်းပွဲတော်ကို စဉ်လာမပျက် ကျင်းပခဲ့ကြပါသည်။

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ကြီး၌ ဘုရားရှင် သီတင်းသုံးစဉ်က အနာထပိဏ်သူဌေးကြီးသည် အရှင်အာနန္ဒာအား –

"အရှင်ဘုရား ... သဗ္ဗညုဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ မရှိသည့်အခိုက် ပူဇော်ဖူးမြော်ရန်အတွက် မဖူးမမြင်ရဘဲ ပြန်လှည့်ခဲ့ရသဖြင့် ညှိုးနွမ်းကြရပါသည်။ သည့်အတွက် ကိုယ်စားတော်ပြု၍ ဖူးမြော်ရန် ဘုရားရှင်အား လျှောက်ထားပေးတော်မူပါဘုရား"

ဟူ၍ တင်ပြလျှောက်ထားခဲ့သည်။ ထိုအခါ အရှင်အာနန္ဒာလည်း ဘုရားရှင်ထံ လျှောက်ထားပန်ကြားလေရာ ဘုရားရှင်က –

"ချစ်သား အာနန္ဒာ၊ ငါဘုရားကို မတွေ့ရ၍ ငါဘုရားမရှိသောအခါ ဘုရားကဲ့သို့ ကိုးကွယ်ထိုက်သော စေတီများရှိ၏။ ထိုစေတီများကား ...

(၁) ငါဘုရား၏အစိတ်အပိုင်းဖြစ်သော ဆံ၊ မွေးညင်း၊ သွား၊ ညှပ်ရိုး အစရှိသော သာရီရိက စေတီ

(၂) အသုံးအဆောင်များဖြစ်သော သပိတ်၊ သင်္ကန်း၊ ကျောင်း အစရှိသည့် ပရိဘောဂစေတီ

(၃) ငါဘုရားကို ရည်မှန်းထုလုပ် ကိုးကွယ်အပ်သော ဥဒ္ဒိဿစေတီ ဟူ၍ စေတီအပြားသုံးပါး ရှိ၏။ ထိုတွင် ဘုရားရှင်တို့၏ သစ္စာလေးပါးကို သိရာ မဟာဗောဓိပင်များသည် ဘုရားရှင်တို့ သက်တော်ထင်ရှားရှိစဉ်တွင် စေတီမည်တော့သည်" ဟူ၍ မိန့်ကြားတော်မူခဲ့သည်။

www.burmeseclassic.com

သည့်အတွက် အရှင်အာနန္ဒာသည် မဟာဗောဓိပင်မှ ဗောဓိစေ့ကို ယူဆောင်ခဲ့၍ ဇေတဝန်ကျောင်း မုခ်တံခါးဝ၌ စိုက်ပျိုးခဲ့လေရာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းသည် ဘုရားရှင်မရှိခိုက် ဘုရားရှင်အမှတ်ဖြင့် ကိုးကွယ်ဆည်းကပ်ကြကုန်၏။ အဆိုပါ ဗောဓိပင်အား အာနန္ဒာဗောဓိဟူ၍ ယခုတိုင် သိကြပါသည်။

မိမိတို့ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ သည့်အတွက် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်လာခြင်းအစကို မှတ်တမ်းဟောင်းများအရ မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်၌ ပုဂံပြည် အလောင်းစည်သူ၏ မြေးတော် 'နရပတိစည်သူမင်း' လက်ထက်၌ 'ပေါင်းလောင်းရှင်'ဟု ခေါ်ကြသော အရှင်ကဿပ မထေရ်သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ ကြွသွားပြီးလျှင် မဟာဗောဓိညောင်စေ့များကို ယူဆောင်လျက် နရပတိစည်သူမင်းအား ဆက်သခဲ့လေသည်။ ဗောဓိစေ့နှင့်အတူ မဟာစေတီပုံတော်၊ လောဟပါသာဒ ပြာသာဒ်ပုံတော်၊ ဓာတ်တော်၊ မွေတော်များကိုပါ ဆက်သခဲ့လေသည်။ ထိုစဉ်က ညောင်ရေသွန်းပွဲတော်ဟူ၍ သတ်သတ်မှတ်မှတ် မရှိသေးဘဲ ဗောဓိပင်စိုက်ပျိုးကိုးကွယ်မှုသာ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ကဆုန်ညောင်ရေသွန်းလောင်းသည့် အလေ့အထကား သက္ကရာဇ် ၆၈၄ ခုနှစ်၌ ပင်းယတွင် မင်းပြုသော ဥဇနာမင်းသည် 'အနုရုဒ္ဓါဓိပတိဘွဲ့'ကို ခံယူလျက် သာသနာတော်ကို လွန်စွာမှ ကြည်ညိုသည့်အလျောက် မင်းအဖြစ်သို့ ရောက်လာသောအခါ ပင်ကြားအရပ်၌ ဇမ္ဗူကမည်သော ကျောင်းမတော်ကြီးနှင့်တကွ အရံကျောင်းခြောက်ဆောင်ကို တည်ထားခဲ့၏။ ထိုကျောင်းများကို စံကားသားဖြင့် ဆောက်လုပ်သည့်အတွက်ကြောင့် စံကျောင်းဟု အမည်များတွင်ခဲ့ပါသည်။ ထိုကျောင်းတိုက်တွင် ပုဂံပြည်အလောင်းစည်သူမင်း၏ မြေးတော် နရပတိစည်သူမင်းကြီး ကိုးကွယ်တော်မူသောအခါ ဥဇနာမင်းသည် မဟာဗောဓိစေ့များကို ယူဆောင်ခဲ့သည်။ ထို့နောက် ကိုယ်တော်တိုင် စိုက်ပျိုးပြီး ထိုဗောဓိပင်ကိုလည်း ဝတ္တကံမြေနှင့်တကွ အလုပ်အကျွေးများကိုပါ လှူဒါန်းတော်မူခဲ့သည်။

ထိုမှ ကဆုန်လပြည့်နေ့သို့ ရောက်တိုင်း တိုင်းပြည်အတွင်းရှိ ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သားအပေါင်းတို့သည် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းလျက် ကုသိုလ်ယူကြလေသည်။ ထိုအချိန်အတွင်းမှာပင် ခမည်းတော် တစ်စီးရှင် သီဟသူမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော ရွှေစည်းခုံစေတီတော်မှာ မပြီးမပြတ်ဖြစ်နေသဖြင့် အစသတ်တည်ဆောက်ခဲ့ရသည်။ စံကားကျောင်းများကို အစတည်ပြီးနောက် ထပ်မံ၍ ကျောင်းပေါင်းသုံးရာကျော်တို့ကိုလည်း တည်ဆောက်တော်မူခဲ့ပြန်ပါသည်။

မြန်မာနိုင်ငံ၏ ညောင်ရေသွန်းပွဲတော်များမှာ ဥဇနာမင်းက အစပြုခဲ့ခြင်း ဖြစ်ပါသည်။ သားတော်၊ မြေးတော် အစဉ်အဆက်ကလည်း အမွန်ရည်စွာ ကျင်းပခဲ့ပါသည်။ ကုန်းဘောင်ဆက် ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တွင် စာဆိုတော် လက်ဝဲသုန္ဒရအမတ်ကြီးမှာ မင်းမျက်သင့်ခံရ၍ မဲဇာအရပ်သို့ ပို့ဆောင်ခြင်းခံရပြီး 'ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်'ဟူသော မျက်ဖြေရတုလင်္ကာကြီး ပေါ်ထွက်လာခဲ့သည်။ စင်စစ် မြန်မာနိုင်ငံ၌ ကဆုန်ညောင်ရေသွန်းပွဲတော်များကို ကျင်းပလာခဲ့သည်မှာ ယနေ့ထိတိုင် ဖြစ်သည့်အတွက် ရိုးရာယဉ်ကျေးမှုပွဲတော်အဖြစ် သတ်မှတ်ရမည် ဖြစ်ပါသည်။ ကဆုန်လရာသီမှာ ဝိသာခါနက္ခတ်နှင့်ယှဉ်၍ စကားဝါပန်းတို့ ဖူးပွင့်ကြကုန်၏။ ရှေးခေတ်စာဆိုတို့သည် ရာသီအလှကို စာစီကြကုန်၏။ သည့်အတွက် ကုန်းဘောင်ခေတ်စာဆိုတော်ကြီး မဟာအတုလမင်းကြီး၏ လွမ်းချင်းကို ဖော်ပြရင်း ညောင်ရေသွန်းကုသိုလ်ယူနိုင်ကြစေရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

"မြူခြေငယ် စွန်းပါလို့
နေဝန်းငယ် စက်ရှိန်၊
တောက်လောင်ငယ် ထိန်သည်
ဖလ်သူရိန် တေဇာကြောင့်
ပူပျာကဲတဲ့ လကိုလေး။

ရာသီငယ် ပြီသ
မဟေသီလည်း ရွှေညီခလို့
ပန်းမြ စကားဝါ၊ ဝိသာခါနှင့်
တာရာငယ်ခြံ၊ စန်းငွေယှန်ဖန်သည့်နှယ်
ဆဒ္ဒန်ပိုင့် ဖွေပုံမှာ
လကဆုန် ညောင်ရေပွဲပေမို့
သဲလှတယ်လေး။ ။

**တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်း[illegible])**



www.burmeseclassic.com

www.burmeseclassic.com

# နမော ဂါထာတော်များ

ရှယ်လီသိန်းမောင်(စိန်မိုက်ကာယ်)

မြန်မာတို့၏ နှစ်သစ်ကူးပြောင်း မင်္ဂလာရက်မြတ် အချိန်မှစ၍ နှစ်ကုန်ဆုံးသည့်တိုင် ကျက်သရေမင်္ဂလာ ဆောင်နှင်းစေနိုင်သော၊ အန္တရာယ်ကင်းဝေးစေနိုင်သော၊ ငွေကြေးပွင့်လန်းစေနိုင်သော၊ ရောဂါဘယကင်းဝေးစေနိုင်သော၊ ဥစ္စာရတနာထွန်းကားစေနိုင်သော၊ ရာထူးတိုးတက်စေနိုင်သော၊ ပညာထွန်းကားစေနိုင်သော ဘုရားဟော ဂါထာများအနက် နမော ဂါထာနေတော်များအား စုစည်း တင်ပြလျက် မေတ္တာရေသွန်းလောင်းလိုက်ပါသည်။

(နမောတဿ၊ ဘဝဂတော၊ အရဟတော၊ သမ္မာ သမ္ဗုဒ္ဓဿ)

### ၁။ ဝိဇ္ဇာချစ်သော နမော ဂါထာ

အရဟံမေ ဩြောင်း နမော ဗုဒ္ဓဿ
အရဟံမေ ဩြောင်း နမော ဓမ္မဿ
အရဟံမေ ဩြောင်း နမော သံဃဿ

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – ဤဂါထာကို အမြဲရွတ်ပွားပါက သူတော်စင်ပုဂ္ဂိုလ်မြတ်အပေါင်းတို့ ကူညီ စောင်မတတ်၏။

### ၂။ ပညာဉာဏ်ထက် နမောတေ ဂါထာ

နမောတေ သဗ္ဗဒဿာဝီ၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို့၊ တဿ မေ သရဏံ ဘဝ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – ဤဂါထာအား နေ့စဉ် သက်စေ့ပူဇော်ပါက လောကီပညာဉာဏ် ရင့်သန်၍ ကျောင်းသားများအတွက် အထောက်အကူပြုနိုင်၍ တရားအားထုတ်သော် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို အမြန်ရနိုင်မည် ဖြစ်ပါသည်။

### ၃။ အကျွတ်အလွတ် နမောတေ ဂါထာ

နမောတေ တိဏ္ဏသံသာရ၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို့၊ တဿ မေ သရဏံ ဘဝ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – ဘဝသံသရာ ဝယ် ခက်ခဲသော ခရီးကို မတွေ့ရခြင်း၊ ကိလေသာဝဋ်၊ ဝိပါကဝဋ်၊ ကမ္မဝဋ်တို့မှ ကျွတ်လွတ်ကူးမြောက်နိုင်ခြင်း၊ မြေရေလေ လမ်းခရီးတို့၌ ချမ်းသာစွာ လိုအပ်သော ဌာနသို့ ကောင်းစွာရောက်စေနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

### ၄။ ချမ်းသာကြီးစေသော နမောတေ ဂါထာ

နမောတေ အမတံ ဒဒ၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို့၊ တဿ မေ သရဏံ ဘဝ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – လောကနိဗ္ဗာန် ချမ်းသာအမျိုးမျိုး ဘဝအဆက်ဆက် ရရှိခံစားနိုင်ခြင်း၊ အမတ အမြိုက်နိဗ္ဗာန်ချမ်းသာကို မလွဲတမ်း ရရှိနိုင်စေ၏။

### ၅။ အကြီးအမှူး နမောတေ ဂါထာ

နမောတေ ပုရိသုတ္တမ၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို့၊ တဿ မေ သရဏံ ဘဝ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – လူနတ်ပြဟ္မာ အပေါင်းတို့၏ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ချစ်ခင်ခြင်းနှင့် တုဘက်၊ ယှဉ်ဘက်၊ ပြိုင်ဘက်ကင်းသော အကျိုးများ ရရှိစေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ၆။ ရတနာပွား နမောတေ ဂါထာ

နမောတေ ရတနာကရ၊ နမောတေရတနာဒဒ၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို၊ တဿ မေ သရဏံ ဘဝ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – ရတနာလို သော် ဗုဒ္ဓကို မြတ်မြတ်နိုးနိုး ရှိခိုးပါ။

### ၇။ ငွေပွား နမောတေ ဂါထာ

နမောတေ ရဇတာကရ၊ နမောတေရဇတာဒဒ၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို၊ တဿ မေ သရဏံ ဘဝ။

ငွေကို လိုသော ဗုဒ္ဓကို မြတ်မြတ်နိုးနိုး ရှိခိုးပါ။

### ၈။ လာဘ်ပွင့် နမောတေ ဂါထာ

နမောတေ လာဘဂ္ဂါကရ၊
နမောတေလာဘဂ္ဂါဒဒ၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို၊ တဿ မေ သရဏံ ဘဝ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – လာဘ်ကိုလို သော် ဗုဒ္ဓကို မြတ်မြတ်နိုးနိုး ရှိခိုးပါ။

### ၉။ ရန်အောင်မြင် နမောတေ ဂါထာ

နမောတေ မာရဝိဇယ၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို၊ တဿ မေ သရဏံ ဘဝ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – ရန်ပိုင်အောင် ဗုဒ္ဓကို မြတ်မြတ်နိုးနိုး ရှိခိုးပါ။

### ၁၀။ အထွတ်တင် နမောတေ ဂါထာ

နမောတေ အဂ္ဂါတိအဂ္ဂ၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို၊ တဿ မေ သရဏံ ဘဝ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – အမြင့်ဆုံး ဘုံဘဝကို ရယူလိုသော် အားကိုးရှိခိုးပါ။

### ၁၁။ နေမင်းပရိတ်မန္တာန်တော်

နမောတေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဝ ပဋိပ္ပန္နောသို၊ တဿ မေ သရဏံ ဘဝ။
တထာဂတံ အရဟန္တံ သူရိယော သရဏံဂတော။
ရာဟု သူရိယံ သမုဉ္စသု၊
ဗုဒ္ဓါလောကာ နုကမ္ပကာ။

### ၁၂။ လမင်းပရိတ် မန္တန်တော်

နမောတေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊
သမ္မာဝ ပဋိပ္ပန္နောသို၊ တဿ မေ သရဏံ ဘဝ။
တထာဂတံ အရဟန္တံ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စသု၊
ဗုဒ္ဓါလောကာ နုကမ္ပကာ။

ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူး – အထက်ဖော်ပြပါ ဂါထာတော်နှစ်ပုဒ်ကို မိမိကိုယ်မိမိ လနတ်သား၊ နေနတ်သားပမာထား၍ ဤအတိုင်းလည်း ရွတ်ဆိုနိုင်ပါသည်။

အကယ်၍ မိမိအတွက် ရွတ်ဆို၍ ယတြာပြုလိုပါက (စန္ဒိမာ)၊ (စန္ဒံ)၊ (သူရိယော)၊ (သူရိယံ) နေရာတွင် မိမိအမည်ကို ထည့်၍ ရွတ်ဆိုနိုင်ပါသည်။ အခက်အခဲ၊ အကျပ်အတည်း၊ အချုပ်အနှောင်မှ လွတ်မြောက်ခြင်း၊ ငြိုဟ်စီးငြိုဟ်နင်း၊ ဥပဒ်အန္တရာယ်တို့မှ ပြေပျောက်စေနိုင်သော ဂါထာတော် ဖြစ်ပါသည်။

ရွတ်ဖတ်သူအပေါင်း လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးများ ရရှိခံစားရ၍ သက်ရှည်ကျန်းမာ လိုရာဆန္ဒပြည့်ဝပါစေ၊ ဆုမွန်ကောင်း တောင်းလျက် ...။


**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**

**မှတ်ချက်** ။ မင်းလပြည့် စုစည်းစီစဉ်သည့် ဗုဒ္ဓ၏ ပရိတ်မန္တာန်တော် ပေါင်းချုပ်မှ ကောက်နုတ်တင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၇ ခုနှစ် ၊ မေလ**

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

သင် ယခုလ ကံနိမ့်နေ၍ စီးပွားရေးလုပ်ငန်း အခက်အခဲ၊ အနှောင့်အယှက်၊ အဟန့်အတားများ ရှိနေလိမ့်မည်။ မိမိရှိရင်းစွဲလုပ်ငန်း မပျက်စီးရလေအောင် ကောင်းစွာထိန်းသိမ်း ကာကွယ်ထားပါ။ ခရီးဝေးထွက်ပါ။ နိုင်ငံခြားကုန်သွယ်မှုလုပ်ပါ။ အကျိုးရှိပါလိမ့်မည်။ စေ့စပ်နိုင်၏။

**ရှောင်ကြဉ်ရန်အချက်များ**

သူတစ်ပါးအား လွယ်လွယ်ဖြင့် ကတိမပေးနှင့်။ ကတိအတိုင်းလုပ်ရန် များစွာ အခက်အခဲများ တွေ့ရှိရပါလိမ့်မည်။ ခရီးဝေးသွားနိုင်ပါသော်ငြားလည်း ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘောမစီးရ။ ရေဘေးအန္တရာယ်ကြုံတွေ့ရလိမ့်မည်။ စေ့စပ်နိုင်သော်လည်း ချက်ချင်းသက်



www.burmeseclassic.com

www.burmeseclassic.com

မထပ်ရ။ ခဏခေတ္တစောင့်ဆိုင်းပါဦးလေ။ မစောင့်နိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ ကံကြမ္မာ စန်းပွင့်နေပါလိမ့်မည်။ လုပ်ငန်းအကြံအစည် အစစအရာရာ ထမြောက်အောင်မြင်ပါလိမ့်မည်။ ရုံးဝန်ထမ်းများအဖို့ အလုပ်အကိုင် အဆင်ပြေချောမွေ့ပြီး ရာထူးတက်၊ လစာတိုးလိမ့်မည်။ မစရန် သူတော်ကောင်း ပေါ်ပေါက်လာမည်။ ခရီးထွက်လျှင် အကျိုးရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။ ပျော်ရွှင်သာယာနေပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ဘဲသား၊ ဝက်သား မစားရ။ လုံးဝ ရှောင်ပါလေ။ လေငန်းရောဂါ ဝင်ရောက်စွဲကပ် နှိပ်စက်တတ်၏။ အစားအသောက်၊ အနေအထိုင် အတော်ဂရုစိုက်မှ တော်ရုံကျပါလိမ့်မည်။ အခွင့်ကောင်းပေါ်မည်။ အခွင့်ကောင်းကို လက်မလွှတ်ပါနှင့်။ အိမ်ထောင်ရေး ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ အချင်းများလျှင် မိမိ၏အိမ်ထောင်ရေး သာယာပျော်ရွှင်မှုကို ထိခိုက်ပါလိမ့်မည်။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ အလှည့်အပြောင်းရှိ၏။ ကောင်းရာမှ ဖြန့်ညံ့သွားလိမ့်မည်။ ထိုးစစ်မဆင်ပါနှင့်။ ခံစစ်ကိုသာ ခိုင်ခိုင်မာမာ ပြုလုပ်ထားပါ။ လူမှုရေး၊ စီးပွားရေး အဘက်ဘက်တွင် သည်းခံစိတ်ရှည်ပါ။ အခက်အခဲ၊ အဟန့်အတားဟူသမျှ ကျော်လွှားနိုင်ပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

လက်သမားပစ္စည်း ဓား၊ လွှ ကိုင်ဆောင်လျှင် သတိကြီးစွာထားပါ။ မတော်တဆ ထိခိုက်မှုဖြစ်မည်။ ပြင်ပသွားလာမှု ရှောင်ပါ။ ယာဉ်တိုက်မှုဖြစ်မည်။ သွေးထွက်သံယိုမှုဖြစ်မည်။ ညအခါ ကားမမောင်းသင့်။ လုပ်ငန်းမတိုးချဲ့ရ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင် အိမ်ထောင်ကျက်သရေရှိ၏။ အခွင့်ကောင်းကို လက်မလွှတ်လိုက်ပါနှင့်။ စီးပွားရေးလုပ်ငန်းတွင် ကယ်ဆယ်ရန် မိတ်ဆွေကောင်းများ၊ သူတော်ကောင်းများ ပေါ်မည်။ ၎င်းတို့၏ ကူညီမစမှုကို လက်ခံပါ။ ကြီးပွားတိုးတက်ရပါလိမ့်မည်။ သင့်ကံကြမ္မာ မြင့်မားနေသဖြင့် ရုံးဝန်ထမ်းအဖို့ ရာထူးတိုး၊ လစာတိုးဖွယ် ရှိ၏။ လက်ရှိလုပ်ငန်းကိုသာ လုပ်ပါ။ တက်လမ်းရှိပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

လူမှုဆက်ဆံရေး အပြောအဆို ဆင်ခြင်ရပါလိမ့်မည်။ စကားတစ်ခွန်း မများပါစေနှင့်။ စကားတစ်ခွန်းကြောင့် အများပါပြီး အချင်းများရလိမ့်မည်။ ယခုလတွင်ပင် အိမ်ထောင်ကျက်သရေရှိ၏။ ငွေကြေးပစ္စည်း စုဆောင်းထားပါ။

သူခိုးဘေးရန်ရှိ၏။ လုံလုံခြုံခြုံထားပါ။ နေပါလေ။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကြမ္မာ ပြန်နိမ့်ကျနေ၏။ မိမိရှိရင်းစွဲ စီးပွားရေးလုပ်ငန်း လုံခြုံအောင် ကာကွယ်ထိန်းသိမ်းထားပါ။ သူခိုး၊ ဓားပြ၊ လုယက်သူ ရှိ၏။ ငွေကြေးများကို လုံလုံခြုံခြုံ သိမ်းဆည်းထားပါ။ ခရီးဝေးသွားခြင်းကို သတိနှင့်ဆင်ခြင်ပါ။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးဝေးသွားခြင်းကို ကြပ်ကြပ်ရှောင်ပါလေ။ နေအိမ်ဖောက်ထွင်းမှု ကြုံရတတ်၏။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်ရ။ ခဏခေတ္တရှောင်ပါဦး။ မရှောင်နိုင်ပါက ဒုက္ခတွေ့လိမ့်မည်။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကြမ္မာညှိုးနွမ်းနေ၍ မိမိမူလရှိရင်းစွဲ အလုပ်ကိုသာ မပျောက်မပျက်အောင် ကောင်းစွာထိန်းသိမ်းထားပါ။ ငွဲ



www.burmeseclassic.com

www.burmeseclassic.com



မလျှော့ဘဲ အပတ်တကုတ် ကြိုးစားလုပ်ကိုင်ပါ။ အခက်အခဲ၊ အတားအဆီးဟူသမျှတို့ကို ကျော်လွှားနိုင်ပြီး မိမိရသင့်ရထိုက်သော ငွေများ ဝင်လာပါလိမ့်မည်။ ငွေကြေးစနစ်တကျ သုံးစွဲပါ။ ငွေပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

မိမိဇနီး(မယား)နှင့် ခိုက်ရန်ဖြစ်ပွားတတ်သဖြင့် ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ သည်းခံခွင့်လွှတ်ပါ။ အိမ်ထောင်ရေး အဆင်ပြေသွားပါလိမ့်မည်။ လက်ထပ်နိုင်၏။ သားသမီးကိစ္စ စိတ်ရှည်ရှည်ထား သဘောထားကြီးနိုင်ပါစေ။ ကျန်းမာရေးကို ဂရုစိုက်ပါ။ စားသောက်နေထိုင်မှု အထူးဆင်ခြင်ပါလေ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိလက်အောက်မှ ငယ်သား ပုန်ကန်ထကြွပါလိမ့်မည်။ ပြေလည်အောင် ဆက်ဆံပါ။ အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ပါ။ ဇွဲမလျှော့ရ။ အခက်အခဲဟူသမျှ ကျော်လွှားနိုင်ပါလိမ့်မည်။ စီးပွားရေးပြိုင်ဘက်နှင့် ပြေလည်အောင် ပေါင်းပါ။ သည်းခံခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူပါ။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်ပါနှင့်ဦး။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်နိုင်ပါ အကျိုးယုတ်ရပါလိမ့်မည်။ ခရီးထွက်နိုင်သော်လည်း လေကြောင်းခရီးကို ရှောင်ပါ။ ဘေးအန္တရာယ်များ စောင့်ကြိုနေ၏။ ကံမစမ်းပါနှင့်ဦး။ ထီးမထိုးရ။ ပေါက်မည်မဟုတ်ပါ။ ငွေမချေးနှင့်။ ပြန်ရမည်မဟုတ်။ သူတစ်ပါး သွေးဆောင်မှုကို နားမယောင်ပါနှင့်။ ဆင်ခြင်ပါလေ။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ပြန်လည်စန်းပွင့် မြင့်မားနေ၏။ စီးပွားရေးရှေ့လမ်း တိုးတက်မှုရှိမည်။ သူတော်ကောင်းကယ်ဆယ် မစမည်။ ကူးသန်းရောင်းဝယ်၊ ပြင်ပ(ပြည်ပ) ကုန်သွယ်ရေး မျှော်လင့်ချက်ကောင်း၏။ အလားအလာရှိ၏။ ဈေးဆိုင်ဈေးရောင်းကောင်းပါလိမ့်မည်။ ရင်းနှီးမြှုပ်နှံနိုင်၏။ အကျိုးထူးရှိမည်။ ငွေကြေးလိမ့်၍ ဝင်ကိန်းရှိ၏။ ဝန်ထမ်းများအဖို့ ရာထူးတိုး၊ လစာတိုးမည်။ အလုပ်ကို ရိုးသားကြိုးစားလုပ်ကိုင်ပါလေ။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်ပါနှင့်ဦး။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်နိုင်ပါ အကျိုးယုတ်ရပါလိမ့်မည်။ သတိနှင့် ဆင်ခြင်ပါ။ ကျန်းမာရေးဂရုစိုက်ပါ။ အစားအသောက်၊ အနေအထိုင် ဆင်ခြင်ပါ။ အချစ်ရေး အိမ်ထောင်ရေး အဆင်မပြေဖြစ်တတ်၏။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါလေ။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင့်ကြမ္မာ ပြန်လည်နိမ့်ကျ ညှိုးနွမ်းနေပါသဖြင့် စီးပွားရေးလုပ်ငန်း မတိုးချဲ့သင့်ပါ။ ဘာသာရေးလုပ်ပါ။ အလှူအတန်းများများလုပ်ပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ ခရီးတိုထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စိုက်ပျိုးရေး မွေးမြူရေး မလုပ်ကိုင်သင့်ပါ။ အရှုံး

www.burmeseclassic.com

ပေါ်တတ်၏။ အထည်ချုပ်လုပ်ငန်းကိုလည်း ရှောင်ကြဉ်သင့်ပါသည်။ နေအိမ်သူ့ခိုးဝင်မည်။ ဖောက်ထွင်းခံရမည်။ နေအိမ်ကို လုံလုံခြုံခြုံပိတ်ထားပါ။ လူပိုညှိသည်လာလျှင် လက်မခံရပါ။ ခရီးထွက်လျှင် ရေကြောင်းခရီးကို ရှောင်ပါလေ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ကိုင်ရာတွင် အပြန်ပြန်၊ အလှန်လှန် စဉ်းစားပြီးမှ လုပ်ကိုင်သင့်ပါသည်။ သို့မဟုတ်ပါက အမှားပါသွားပြီး မလိုလားအပ်ဘဲ ပျက်စီးဆုံးရှုံးတတ်ပါသည်။ အမှားမပါအောင် အတော်ချင့်ချိန်၍ လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။ သတိနှင့်ဆင်ခြင်ပါလေ။ ငွေကုန်ကြေးကြများပါလိမ့်မည်။ ငွေကြေးကို စနစ်တကျ သုံးစွဲပါ။

## ရှောင်ကြဉ်ရန်အချက်များ

ငွေပြတ်လပ်မှု ကြုံတွေ့ရပါလိမ့်မည်။ ငွေမချေးပါနှင့်၊ ပြန်ရမည်မဟုတ်ပါ။ ငွေကြေးအလိမ်ခံရတတ်ပါသည်။ ခရီးတိုဖြစ်စေ၊ ခရီးရှည်ဖြစ်စေ မထွက်နှင့်။ ဘေးအန္တရာယ်များ စောင့်ကြို‌နေ၏။ အသစ်စေ့စပ်ခြင်းမပြုပါနှင့်။ အမှုပြဿနာတက်လိမ့်မည်။ ငွေမည်းဝင်လျှင် လက်မခံရပါ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ ဆိုးရာမှ ကောင်းရာသို့ လှည့်ပြောင်းလာပါလိမ့်မည်။ ထီထိုးပါ၊ ကံစမ်းနိုင်ပါသည်။ အမှုကိစ္စရပ်များ ကြုံတွေ့လျှင် ခေါင်းအေးအေးထား စဉ်းစားဆုံးဖြတ်ပါ။ အခက်အခဲဟူသမျှ ကျော်လွှားနိုင်ပါလိမ့်မည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ညအခါ ကားမမောင်းရ။ ပြင်ပသွားလာမှု သတိထားပါ။ မတော်တဆ ထိခိုက်မှု ကြုံမည်။ သွေးထွက်သံယိုမှု ဖြစ်တတ်၏။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်း လက်မထပ်ပါနှင့်ဦး။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်နိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။ ရေကြောင်းခရီးမသွားရ။ လေ၊ သင်္ဘောမစီးရ။ ဘေးအန္တရာယ်များ စောင့်ကြိုနေပါသည်။ သတိနှင့် ဆင်ခြင်ပါ။ အလုပ်သစ်လျှောက်ထားခြင်းမပြုပါနှင့်။ အကျိုးထူးမည် မဟုတ်ပါ။ မူလအလုပ်ကိုပဲ ရိုးသားကြိုးစားလုပ်ကိုင်ပါလေ။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင့်ကြမ္မာ နိမ့်ကျနေ၏။ စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်းကို ခဏခေတ္တရပ်နားသင့်ပါသည်။ ဘာသာရေးလုပ်ပါ။ အလှူအတန်းများများလုပ်ပါ။ နေအိမ်ခြံဝင်းသန့်ရှင်းရေးလုပ်ပါ။ ရပ်ရွာ၊ မြို့နယ်အတွင်း လမ်းခင်း၊ တံတားခင်းပါ။ ကုသိုလ်ကောင်းမှု လုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ပြင်ပသွားလာမှု အထူးဆင်ခြင်သင့်ပါသည်။ ယဉ်တိုက်မှု ဖြစ်တတ်သည်။ လဲကျတတ်၏။ ထိခိုက်ဒဏ်ရာများ ရတတ်၏။ ရင်းနှီးမြှုပ်နှံမှုများ ပြုထားလျှင် အမြန်ငွေပြန်ထုတ်လိုက်ပါ။ သို့မဟုတ်ပါက ငွေဆုံးရှုံးရပါလိမ့်မည်။ စီးပွားရေးအခြေအနေမကောင်းလှပါ။ ပြင်ပ မထွက်လျှင် အကောင်းဆုံးဖြစ်ပါသည်။ အိမ်တွင်းပုန်းလုပ်ပါ။ သင် သွားနတ်ခြင်းရောဂါကြောင့် ခွဲစိတ်ကုသခြင်းခံရမည်။ အစားအသောက် အနေအထိုင် ဂရုစိုက်ပါ။ ဆင်ခြင်မှု တော်ရုံကျမည်။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

***Ref:-***

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇ ခုနှစ်၊
(Malaysia) ကွာလာလမ်ပူမြို့။

www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီးခါသာချင်နာဘန်ချောင်း
# ၂၀၁၇ ခုနှစ် တစ်လချင်းဟောစာတမ်း

## ဧပြီလ

● ဦးတိုး(တက္ကသိုလ)

၂ လရာသီခွင် သတ်မှတ်ချက်မှာ အနောက်တိုင်းနှင့် မတူသဖြင့် မိမိ၏ မွေးလ၊ မွေးရက်ကို ရှာ၍ အဟောကို ဖတ်ရှုနိုင်ပါသည်။

### မကာရ ရာသီဖွား (ဆိတ်ရုပ်)
### ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၃ ရက်

စိတ်အနှောင့်အယှက်ဖြစ်စရာ အများအပြားမှနေ၍ သင့်တွင် စိတ်မချမ်းမြေ့ဖွယ်ရာများ ရှိနေလိမ့်မည်။ အလုပ်တွင် ခံစားနေရမှုများကြောင့် မဆုံးဖြတ်နိုင်ဘဲ သင့်ဘဝအသက်မွေးဝမ်းကျောင်း ပြောင်းလဲပစ်ရန်အတွက် ဆုံးဖြတ်ချက်ချရန် လိုအပ်နေပြီဖြစ်သည်။ ငွေကုန်ကြေးကျ များနေမည်ဖြစ်သော်လည်း ယခုလ ကုန်ဆုံးချိန်တွင် ငွေရေးကြေးရေး ကံကောင်းသဖြင့် ထေမိကာမိသွားနိုင်ပေမည်။ အချစ်ရေးတွင် စိတ်ထိခိုက်လွယ်နေပါမည်။ သို့သော်လည်း ဘာကိုမှ မျှော်လင့်ချက် မထားပါနှင့်။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
### ဖေဖော်ဝါရီလ ၁၄ ရက် မှ မတ်လ ၁၃ ရက်

အချစ်ရေးကိစ္စ၊ ငွေရေးကြေးရေးကိစ္စများကြောင့် ခေါင်းခဲရမှုများ ဆက်စပ်နေကာ ကျန်းမာရေးထိခိုက်လာနိုင်သေသည်။ အလုပ်ကိုလည်း ပင်ပင်ပန်းပန်း မလုပ်သင့်။ ယခုလကုန်ဆုံးချိန်တွင် သင့်ကံဇာတာ စန်းထလာသဖြင့် လက်ဆောင်ပစ္စည်းများ ရသည့်နည်းတူ ရာထူးတက်မည့် အခွင့်အရေးတစ်ရပ် ရှိနေလေသည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
### မတ်လ ၁၄ ရက် မှ ဧပြီလ ၁၄ ရက်

အလုပ်ခွင်တွင် စိန်ခေါ်မှုနှင့် အပြိုင်အဆိုင်များ ရှိနေခြင်းကြောင့် သင့်တွင် ပြောင်းလဲလိုစိတ်ရှိနေပါလိမ့်မည်။ ဧပြီလလယ်လောက်တွင် သင့်ထက်ငယ်ရွယ်သူတစ်ဦးထံမှ ငွေများ ဝင်လာပါလိမ့်မည်။ သင့်အနေဖြင့် တစ်ချိန်တုန်းက ကူညီပေးခဲ့ဖူးသူများထံမှ . သူတို့၏ ကျေးဇူးဆပ်မှုများဖြင့် တုံ့ပြန်ပေးကြပါလိမ့်မည်။ သင်သဘောကျနေသူတစ်ဦး၏ ချစ်မေတ္တာကို ရရှိရန် တစ်ကိုယ်တည်းသမားများ ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်ပါလိမ့်မည်။

### မိဿရာသီဖွား (သိုးထီးရုပ်)
### ဧပြီလ ၁၅ ရက် မှ မေလ ၁၄ ရက်

လုပ်ငန်းခွင်၌ သင်၏လုပ်ဆောင်မှုများကို သင်၏သူဌေး ဘော့စ်နှင့် လုပ်ဖော်ကိုင်ဖက်များမှ သဘောကျကြပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ရာထူးတက်မည့် အခွင့်အလမ်းတစ်ခုကို ရရှိမည်။ အသက်မွေးဝမ်းကျောင်း ပြောင်းလဲလိုသူများအနေဖြင့် သတင်းကောင်းများ ကြားရမည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် အပျော်ရည်းစားထားရင်း ဆိုးရွားစွာ အချစ်နယ်ကျွံမိတတ်သည်။ အခြားထင်ပေါ်ပြီးသူများအနေဖြင့် အနာဂတ်အတွက် အစီအစဉ် လုပ်သင့်နေပြီဖြစ်သည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)
## မေလ ၁၅ ရက် မှ ဇွန်လ ၁၄ ရက်

ဒေါသအမျက် ချောင်းချောင်းထသဖြင့် လုပ်ငန်းခွင်တွင် ပဋိပက္ခမှုဖြင့် ကြုံတွေ့ရတတ်သည်။ သည်းညည်းခံ စိတ်ရှည်ရှည်ထားခြင်းအားဖြင့် လုံခြုံမှုရခါ ကျော်လွှားနိုင်လိမ့်မည်။ သင့်တွင် ဘဏ္ဍာရေးအခြေအနေ အခက်အခဲကြုံနိုင်သဖြင့် အခြားသူများအား ငွေချေးပေးခြင်း ရှောင်သင့်လေသည်။ ချစ်မေတ္တာရေးတွင် ဗရုတ်ဗရက် တွေ့ကြုံရတတ်သည်။ တစ်ကိုယ်တည်းသမားများ ခရီးထွက်၍ အချစ်သစ်ရှာရန် ဆင်ခြင်စဉ်းစားသင့်လှပေသည်။

## မေထုန်ရာသီဖွား (အမြွာရုပ်)
## ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၅ ရက်

စိတ်ရှည်ရှည်မထားဘဲ သည်းညည်းမခံတတ်သူများသည် အရေးကြီးသည့် အချစ်မေတ္တာရေး၌ အဖြေရှာမရနိုင်ဘဲ ဖြစ်သွားတတ်သည်။ လုပ်ငန်းခွင်၌ တာဝန်များယူထားရသဖြင့် လုပ်ဖော်ကိုင်ဖက်များအနေဖြင့် အစဉ်အမြဲ စိတ်မအီမသာဖြစ်နေတတ်သည်။ စိတ်ရှည်ရှည်ထား၍ ဆန်းစစ်မှုမရှိသဖြင့် ငွေကြေးများ ဆုံးရှုံးသွားတတ်သည်။ ချစ်မေတ္တာရေး၌ စိတ်ကုန်ခန်းနေမည်။ တစ်ကိုယ်တည်းသမားများ မမျှော်လင့်ဘဲ ချစ်သူတွေ့တတ်သည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ ရက် မှ ဩဂုတ်လ ၁၆ ရက်

ယခုလတွင် သင်ဘာပဲ တောင့်တတောင့်တ တစ်စုံတစ်ဦးမှပေးရန် အဆင်သင့်ရှိနေလိမ့်မည်။ သင်ကိုယ်တိုင်တိုးတက်အောင် လုပ်ဆောင်မှုဖြင့် ရာထူးတက်ရန် မျှော်လင့်နိုင်သည်။ အသက်ကြီးသူများ၏ အကူအညီရရှိသဖြင့် စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်မည်။ တစ်ကိုယ်တည်းသမားများ ပျော်စရာ တစ်ပုံတစ်ခေါင်းကြီး ရှိနေသည်။ ကြားလူဝင်ရောက်နှောင့်ယှက်မှုမှ ကင်းဝေးအောင် စုံတွဲများ အတူတကွ ခရီးထွက်ရန် ရှာကြံကြပါ။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၅ ရက်

အနီးကပ် ခင်မင်ရင်းနှီးသူအပေါ် စိတ်ပူပန်သောကဖြစ်ပြီး သင့်ကျန်းမာရေး ထိခိုက်လာတတ်သည်။ လုပ်ဖော်



www.burmeseclassic.com


ကိုင်ဖက်များမှ အလွန်အကျွံဆောင်ရွက်နေမှုများမှာ သင့်အပေါ်တွင် တာဝန်ခံရမှု ပိုမိုများပြားလာပါလိမ့်မည်။ ယခုလ လယ်လောက်အထိ ရင်းနှီးမြှုပ်နှံမှုများကို ရှောင်ရှားရန် သင့်သည်။ တစ်ကိုယ်တည်းသမားများ အနေဖြင့် အခြားသူ၏ လက်တွဲဖော်ဖြင့် မှောက်မှားတတ်သည်။ အိမ်ထောင်ရှင်များမှာလည်း အသေးအဖွဲကိစ္စရပ်များမှနေ၍ နားကျင်မှုမရှိရန် သတိပြုသင့်သည်။

## <u>ကန်ရာသီဖွား (အပျိုစင်ရုပ်)</u>
## <u>စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်</u>

သင်၏ အကျပ်အတည်း(ပြဿနာများ)အတွက် ဖြေရှင်းနိုင်ပါလိမ့်မည်။ သင့်အပေါ် ကုမ္ပဏီမှ အတော်လေး ယုံကြည်ကိုးစားပြီး အခွင့်အရေးပေးပါလိမ့်မည်။ သင်လိုအပ်နေသည်များကို တောင်းဆိုပါ။ သင်၏တောင်းဆိုမှုများမှာ ရလဒ်ကောင်းများရရန် အာမခံချက်များ ရှိနေပါသည်။ ငွေရေးကြေးရေးအားဖြင့် နိမ့်ကျနေဦးမည်။ ချစ်မေတ္တာရေးတွင် မနာလိုမှုများ ဖြစ်ပေါ်လာတတ်သည်။

## <u>တူရာသီဖွား (ချိန်ခွင်ရုပ်)</u>
## <u>အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၅ ရက်</u>

နေ့နေ့ညည သင့်ထံ ပြဿနာများ ဝန်းရံနေမည်။ ကူညီမည့်သူမရှိဘဲ ကိုယ့်ကိုယ်ကိုသာ အားကိုးရာဖြစ်သည်။



လုပ်ငန်းခွင်တွင် ပြောင်းလဲမှုများ သိသိသာသာ ပေါ်ပေါက်လာမည်။ ယခုလတွင် သင့်၌ ငွေခန်းနေပါလိမ့်မည်။ ချစ်မေတ္တာရေးတွင် ဆုံးဖြတ်ချက် ခိုင်မာ၍ အခက်အခဲများကို ကျော်လွှားနိုင်ရန် မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှု ရှိရပေမည်။

## <u>ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)</u>
## <u>နိုဝင်ဘာလ ၁၆ ရက် မှ ဒီဇင်ဘာလ ၁၄ ရက်</u>

လုပ်ငန်းခွင်တွင် သင့်သူဌေးဘော့စ်သည် ရတ်တရက် အတားအဆီးကြီးဖြစ်လာမည်။ ခိုက်ရန်မဖြစ်စေရန် တည်တည်ငြိမ်ငြိမ်ရှိဖို့ လိုအပ်သည်။ အစတော့ ရင်းနှီးမြှုပ်နှံထားမှုမှနေ၍ ကြီးမားသော အကျိုးများ ရရှိမည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ပြုံးရုံလောက်သာ ပြုံးထားပါ။ လူများအား ဆွဲဆောင်နိုင်ပါလိမ့်မည်။ အိမ်ထောင်ရှင်များ ရန်ဖြစ်ကြရမည်။

## <u>ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)</u>
## <u>ဒီဇင်ဘာလ ၁၅ ရက် မှ ဇန်နဝါရီလ ၁၃ ရက်</u>

သင့်အိပ်ကပ်ထဲမှငွေများ ခုန်ပျံထွက်သွားမည်။ သင်ပိုင်ဆိုင်ထားမှုတစ်ခုမှာလည်း ဆုံးရှုံးသွားမည်။ တစ်စုံတစ်ဦး၏ အကြွေးများကို ဆပ်ပေးရန် ကတိမပြုပါနှင့်။ မဆုံးနိုင် ဂမုံးခိုင်ဆိုသလို အမျှင်မပြတ် ဖြစ်နေတတ်သည်။ သင့်ဘဝ အသက်မွေးဝမ်းကျောင်းမှု ပြောင်းလဲတော့မည်ဖြစ်ပြီး စိန်ခေါ်နေမှုသည် ပြင်းထန်မည်ဖြစ်သည်။ အချစ်မေတ္တာရေးတွင် တည်တည်ငြိမ်ငြိမ် ထားပါ။ ရန်ပွဲတစ်ခုနှင့် မကြုံအောင် ရှောင်ရှားပါ။

ဦးတိုး(တက္ကသိလ)

*Reference:*

**2017: A Year to crow about? by Khattia Chinnabanchorn.**



www.burmeseclassic.com

www.burmeseclassic.com

# ယူဂျင်းနီးယားလာ့စ်၏ ၂၀၁၇ ခုနှစ် တစ်နှစ်တာပတ်လုံး ၁၂ လရာသီဖွား အဟောများ

● ဦးတိုး(တက္ကသိလ)

ကြက်နှစ်ကာလတွင် ပဋိပက္ခမှုများ၊ အငြိမ်းပွားမှုများ၊ အချေအတင် ပြောဆိုဆွေးနွေးရေးမှုများ ရှိလာနိုင်ကြောင်း မျှော်လင့်ရပေသည်။ လူအများသည် လိုအပ်ချက်ရှိနေသည် ဖြစ်စေ၊ လိုချင်ဆန္ဒ တောင့်တမှု များရှိနေသည် ဖြစ်စေ အပြောင်းအလဲ ဖြစ်လိုသည်ဖြစ်စေ ယခုကြက်နှစ်တွင် စိုးရိမ်ထိတ်လန့်ရမှုကို မကြောက်မရွံ့ ရင်ဆိုင်ကြရပေလိမ့်မည်။ ကြက်နှစ်ကို ပညာရှင်များမှ Gon Quiote ဆိုသော ဇာတ်ကောင်နှင့် နှိုင်းယှဉ်ပြလေ့ရှိကြသည်။ ပုံပြင်ဇာတ်လမ်းထဲတွင် "ဒွန်ကွီအိုတေ"သည် ရူးရူးမိုက်မိုက် ကြောင်တောင်တောင် စရိုက်မျိုးဖြင့် မကြောက်မရွံ့ ငွတ်တိုးလုပ်ကိုင်ရာ အောင်မြင်မှု ရရှိသွားခဲ့သည်။ ကြက်သတ္တဝါကိုလည်း ထိုစရိုက်မျိုး ရှိနေပေသည်။

ယခု ကြက်နှစ်တွင် အပျင်းထူသူများ အောင်မြင်မှုကို ရရှိမည်မဟုတ်ဘဲ အပတ်တကုတ် ကြိုးစားအားထုတ်သူများသာ အောင်မြင်မှုကို ရရှိပါလိမ့်မည်။

ဖူးဖူးမှုန်ခြင်းခံရ၍ ဘာမျှမလုပ်မကိုင်ဘဲ ဇိမ်ရစ်နေကြသူများအနေဖြင့် ကတိပြုထားချက်အတိုင်း မျှော်လင့်ချက်ပန်းတိုင်ဆီသို့ ချီတက်ရန် အားမထုတ်သူများမှာ လက်ညှိုးထိုး အပြစ်ရှာ ရှုတ်ချခြင်း ခံကြရပေလိမ့်မည်။

သင်သည် စည်းကမ်းကျနခြင်းမဲ့နေလျှင် အပြင်းအထန် ဝေဖန်ခြင်းခံရမည်။ နောက်ကျကျန်ရစ်မည်။ ထို့ကြောင့် အရည်အချင်းရှိရှိ ပြီးမြောက်အောင် ဆောင်ရွက်နိုင်သူများသည်သာလျှင် မလွဲမသွေ ချီးကျူးခြင်းခံကြရပေမည်။

၁၂ လ ရာသီခွင် အဟောများကို ဖော်ပြပေးလိုက်ပါသည်။

## မကာရ ရာသီဖွား (ဆိတ်ရုပ်)
## ဒီဇင်ဘာလ ၂၂ ရက် မှ ဇန်နဝါရီလ ၁၉ ရက်

မကာရရာသီဖွားများ အနေဖြင့် လွန်ခဲ့သည့် အတိတ်မှ အဖြစ်အပျက်များကို မလေးမထား မေ့လျော့မထားသင့်ပေ။ ယခင်နှစ်မှ အတွေ့အကြုံများ၏ အရေးပါမှုကို အားထားလျက် တည်ငြိမ်မှုကိုရအောင် ထိန်းသိမ်းပြီး အရှေ့သို့ ခရီးဆက်ရမည် ဖြစ်သည်။ အခြားသူများထံမှ ရရှိသည့် အကြံဉာဏ်များကို နမူနာယူ၍ ဆောင်ရွက်လိုက်မိပါက မဟာအမှားဖြင့် ကြုံတွေ့ရတတ်သည်။ မိမိ၏ ကိုယ်ပိုင်အတွေးအခေါ် စဉ်းစားကြံဆမှုများဖြင့် စူးစမ်း ရှာဖွေပြီးနောက် အလွန်အကျွံ သုံးစွဲမှုကို ဆင်ခြင်လျက် ဆောင်ရွက်ရမည်ဖြစ်သည်။ အားကုန် ကြိုးပမ်းစရာမလိုသည့်အပြင် ဆက်လက်လုပ်ဆောင်ရင် မဝေးသောကာလအတွင်း အကျိုးအမြတ် ရရှိပါလိမ့်မည်။

**အကောင်းဆုံးသောလများ ။** ဇန်နဝါရီလ၊ ဧပြီလ၊ ဇွန်လ၊ စက်တင်ဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ ။** ပင်ကိုလက္ခဏာ ဆောင်၍ ထိုးထွင်းသိမြင်စွာဖြင့် အရည်အသွေးရှိရှိ ဆောင်ရွက်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com




**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင်** ။ ထူးခြားပေါ်လွင်မှုရှိသော အဆင်၊ ကိုယ်တိုင်းပေး၍ အော်ဒါပေး အဝတ်အထည်နှင့် ထုံးတမ်းစဉ်လာနှင့်အညီ အထက်တန်းကျကျ ဝတ်ဆင်သင့်သည်။

**ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)**

**ဇန်နဝါရီလ ၂၀ ရက် မှ ဖေဖော်ဝါရီလ ၁၈ ရက်**

ဤရာသီဖွားများ၏ အချိန်ကာလသည် လျင်မြန်စွာ ပြောင်းလဲနေပါသည်။ အတိတ်ကာလမှ အကျိုးဆက်အရ အခွင့်အလမ်းများ လမ်းဖွင့်ပေးလာခဲ့၍ အကန့်အသတ်ရှိနေသည့်အတိုင်း ရှိသည်။ အချိန်အနည်းငယ်အတွင်း ကျွမ်းကျင်ထက်မြက်စွာ ကိုယ်တိုင်ဆောင်ရွက်ရပေမည်။ အနာဂတ်ကို မျှော်မှန်းကြည့်ရန် ဆိုသည်မှာလည်း ကျယ်ပြန့်လှပါသည်။ ယခင်အကျပ်ရိုက်ခဲ့ရသည့်ကိစ္စ သင့်စိတ်ကူးပေါင်းများကို အနိုင်ယူကာ ကိုယ့်အားကိုယ်ကိုးလျက် မိမိရရှိထားသည့် အတွေ့အကြုံများဖြင့် ဖြည်းဖြည်းချင်း ကြိုးပမ်းတက်လှမ်းရပါလိမ့်မည်။

**အကောင်းဆုံးသောလမှာ** ။ ဖေဖော်ဝါရီလ၊ မေလ၊ ဇူလိုင်လ၊ နိုဝင်ဘာလ။

**ကြိုးပမ်းသင့်သောအချက်များ** ။ တိုးတက်မှုရှိပါစေ။ ပြောင်းလဲလုပ်ဆောင်တတ်ပါစေ။ ထူးချွန်အောင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

ရှက်နိုင်ပါစေ။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင်** ။ ဆန်းသစ်၊ ခေတ်ဆန် ပြောင်ပြောင်မှုရှိသော အဝတ်အထည်များကို ဝတ်ဆင်သင့်သည်။

## မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)

## ဖေဖော်ဝါရီလ ၁၉ ရက် မှ မတ်လ ၂၀ ရက်

ဤရာသီဖွားများသည် အခြားသူများအား အသုံးချမည်ဖြစ်သည်။ သူတို့တွင် အထောက်အထား နိုင်လုံစွာရှိ၍ ထိုင်စောင့်ရင်း နောက်ဆက်တွဲ အခြေအနေများကို အကဲခတ်နေမည်။ မည်သို့ကိုင်တွယ်ရမည်ကို စဉ်းစားချင့်ချိန်နေမည်ဖြစ်သည်။ သူတို့သည် အခွင့်အရေး ရှိလာသည်နှင့် စတင်ဆောင်ရွက်ကြပေလိမ့်မည်။ ဤသည်မှာ မသေချာမရေရာလှသော်လည်း ဤရာသီဖွားများအတွက် ယခုနှစ်တွင် အခွင့်ကောင်းများ ရရှိပါလိမ့်မည်။ အခြေခံအသိတရားဖြင့် အကောင်းဆုံးကိုယူ၍ တရားမျှတမှုရှိရှိ ဆောင်ရွက်နိုင်ပါလိမ့်မည်။

**အကောင်းဆုံးသောလများ** ။ ဧပြီလ၊ ဇွန်လ၊ ဩဂုတ်လ၊ အောက်တိုဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ** ။ အကျိုးအကြောင်းနိုင်မာစွာ ကိုယ်ပိုင်ဟန်ဖြင့် အကောင်းဆုံး ဆောင်ရွက်သင့်သည်။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင်** ။ ကြော့ကြော့ရှင်းရှင်း ဟန်ပါပါ လူအထင်ကြီးလောက်သော အဝတ်အထည်များကို ဝတ်ဆင်သင့်သည်။

## မိဿရာသီဖွား (သိုးထီးရုပ်)

## ဖေဖော်ဝါရီလ ၁၉ ရက် မှ မတ်လ ၂၀ ရက်

မိဿရာသီဖွားများသည် ယခုနှစ်တွင် ကြီးပွားချမ်းသာကြမည်။ အမှတ်တရ စိတ်ဝင်စားဖွယ်ရာ အဖုံဖုံရှိနေသော နှစ်တစ်နှစ်လည်းဖြစ်သည်။ တံခါးဖွင့်လှစ်လိုက်သည်နှင့် မိမိရှေ့တွင် အသစ်ဖြန့်ခင်းထားသော အခွင့်အလမ်းများကို ရရှိမည်။ အတိတ်ကာလမှ ဆုံးရှုံးခဲ့ရမှုများကို ပြန်လည်ရရှိမည်။ ထေမိကာမိကာ ဆုံးဖြတ်ချက်အမျိုးမျိုးဖြင့် ပြောင်းလဲလိုက်၍ တည်ငြိမ်မှုကို ရရှိပါမည်။ မိမိ၏ လက်ငင်းတောင့်တမှုအတိုင်း ယခုနှစ်တွင် အပြောင်းအလဲဖြစ်လာပြီး မင်္ဂလာရှိသော နှစ်တစ်နှစ် ဖြစ်လာပါလိမ့်မည်။

**အကောင်းဆုံးသောလများ** ။ ဖေဖော်ဝါရီလ၊ မေလ၊ ဩဂုတ်လ၊ ဒီဇင်ဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ** ။ လုံးလုံးလျားလျား အပြီးသတ်လျက် အသစ်များကို စဝင်ဆောင်ရွက်လိုက်ပါ။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင်** ။ အရောင်အသွေးကောင်းမွန်ပြီး မျက်စိကျစရာ အဝတ်အထည်များ သက်သောင့်သက်သာရှိသော အဝတ်အစားများ၊ အမျိုးမျိုးအဖုံဖုံများကို ဝတ်ဆင်သင့်သည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)

## ဧပြီလ ၂၀ ရက် မှ မေလ ၂၀ ရက်

ကြီးကြီးမားမား အသိအမှတ်ပြုခြင်း၊ ဆန္ဒရှိသည့်အတိုင်း ပြောလွှမ်းမိုးမှုရရှိခြင်း စသည်တို့အတွက် ကြံ့ခိုင်တည်မြဲမည့် အခြေခံအဆောက်အဦကို တည်ဆောက်ယူရမည်။ ဤသို့အားဖြင့် အနာဂတ် အောင်မြင်မှုရရှိရေးတွင် ချောမောသွားပါလိမ့်မည်။ ပြိဿရာသီဖွားများအနေဖြင့် ယခုနှစ်တွင် တိုးတက်မှုရှိမည်။ နားလည်တတ်သိမှု၊ ရှုမြင်သုံးသပ်မှုများ ကောင်းမည်။ ယခင်က မအောင်မြင်ခဲ့ရမှုများကို ဘေးချိတ်၍ နည်းဗျူဟာသစ်တစ်ရပ်ကို ဆင်နွှဲရမည်။ ဤသို့ပြီးမြောက်သွားအောင် စီမံချက်တစ်ခုကို သေချာရေးဆွဲဆောင်ရွက်ရပေမည်။

**အကောင်းဆုံးသောလများ** ။ ဇန်နဝါရီလ၊ ဇွန်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ** ။ အကဲခတ်တတ်ပါစေ။ ပြန်လည်အသုံးချတတ်ပါစေ။ လျှို့ဝှက်စွာ သိုသိုသိပ်သိပ် ဆောင်ရွက်တတ်ပါစေ။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင်** ။ ရိုးစင်း၍ လက်တွေ့အသုံးပြုနိုင်သော ဘက်စုံသုံး အဝတ်အထည်များကို ဝတ်ဆင်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

## မေထုန်ရာသီဖွား (အမြွာရုပ်)

## မေလ ၂၁ ရက် မှ ဇွန်လ ၂၀ ရက်

ဤရာသီဖွားများသည် ရွေးချယ်စရာ အများအပြား ရှိသည်။ ရှေ့သို့တက်လှမ်းရန်မှာလည်း အတိတ်ကာလမှ မသေချာသည့်ကိစ္စရပ်များမှ ဖောက်ထွက်ရန် အခက်အခဲရှိနေမည်။ ကြိုတင်ပူပန်သူများ၊ ပျော့ညံ့သူများအတွက် ယခုနှစ်တွင် အောင်မြင်မည်မဟုတ်ပါ။ မလိုလားအပ်မှုများကို ချန်လှပ်၍ တွန်းအားဖြင့် ကြိုးပမ်းလျှင် အခွင့်အရေးကောင်း ရရှိပြီး အောင်မြင်မှုကို ရရှိနိုင်ပါလိမ့်မည်။

**အကောင်းဆုံးသောလများ ။** ဖေဖော်ဝါရီလ၊ မေလ၊ ဇူလိုင်လ၊ နိုဝင်ဘာလ

**ကြိုးပမ်းဆောင်ရွက်သင့်သည့်အချက်များ ။** တိုးပွားလာအောင်၊ တည်ငြိမ်မှုရှိလာအောင် ကောင်းကွက်များ ရှာ၍ ဆောင်ရွက်သင့်သည်။

**ဝတ်စားဆင်ယင်မှုဖက်ရှင် ။** ရိုးရာထုံးတမ်းအတိုင်း လိုက်ပါခြင်း၊ ခေတ်မီစွာ ဝတ်ဆင်ခြင်းနှင့် ကိုယ်တိုင်းပေး၍ အော်ဒါချုပ်များကို ဝတ်ဆင်သင့်သည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)

## ဇွန်လ ၂၁ ရက် မှ ဇူလိုင်လ ၂၂ ရက်

ဤရာသီဖွားများအနေဖြင့် အများများကို ရှုမြင်သုံးသပ်ပြီးနောက် အစွန်းမရောက်သော အခွင့်အလမ်းများဖြင့် ရှေ့သို့ ဆက်လက်ချီတက်ရပေမည်။ တီထွင်မှုတစ်ရပ်ကို ထူးထူးခြားခြား ဆောင်ရွက်၍ အားထည့်ဆောင်ရွက်ပါက အနာဂတ်တွင် ကြီးပွားချမ်းသာမှုကို ရရှိပါလိမ့်မည်။

**အကောင်းဆုံးသောလများ ။** ဇန်နဝါရီလ၊ ဧပြီလ၊ စက်တင်ဘာလ၊ ဒီဇင်ဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ ။** ထိန်းထိန်းသိမ်းသိမ်း ထူးထူးခြားခြား ချင့်ချင့်ချိန်ချိန်ဖြင့် ဆောင်ရွက်သင့်သည်။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင် ။** စတိုင်ကျကျ၊ ခေတ်ဆန်ဆန် လိုက်ဖက်သော အသုံးအဆောင်ပစ္စည်းများနှင့် တွဲဖက်ဝတ်ဆင်သင့်သည်။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)

## ဇူလိုင်လ ၂၃ ရက် မှ ဩဂုတ်လ ၂၂ ရက်

ဤရာသီဖွားများအတွက် ဖြစ်နိုင်ချေများသည် လက်တစ်ကမ်းအလိုသို့ ရောက်ရှိနေပါပြီ။ ချင့်ချင့်ချိန်ချိန် လှုပ်ရှားလိုက်သည်နှင့် လောကတစ်ခုလုံးကို လွှမ်းမိုးနိုင်တော့မည် ဖြစ်သည်။ စဉ်းစားချင့်ချိန်၍ ရွေးချယ်ရမည့်ကာလဖြစ်သည်။ အတိတ်ကာလမှ ဆောင်ရွက်ခဲ့မှုများကို အခြေခံလျက် ဆုံးဖြတ်ချက်ကောင်းကောင်းဖြင့် လမ်းကြောင်းအတိုင်း လိုက်၍ ဆက်လက်ဆောင်ရွက်လျှင် မဟာအောင်မြင်မှုကြီးကို ရရှိနိုင်ပါလိမ့်မည်။

**အကောင်းဆုံးသောလများ ။** ဖေဖော်ဝါရီလ၊ မေလ၊ ဇူလိုင်လ၊ နိုဝင်ဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ ။** အတွေးအကြံ စွန့်စားမှုများဖြင့် မပြောင်းလဲဆောင်ရွက်ရမည်။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင် ။** ရိုးစင်း၍ အရောင်အသွေးစုံနှင့် တာရှည်ခံနိုင်သော အဝတ်အထည်များကို ဝတ်ဆင်သင့်သည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)

## ဩဂုတ်လ ၂၃ ရက်မှ စက်တင်ဘာလ ၂၂ ရက်

ကန်ရာသီဖွားများအနေဖြင့် ဖြည်းဖြည်းမှန်မှန်နှင့် ရှေ့သို့တက်လှမ်းရမည့် နှစ်တစ်နှစ်ဖြစ်ပါသည်။ အတိတ်ကာလမှ ကံဆိုးမိုးမှောင်ကျခဲ့ရမှုများကို သင်ခန်းစာယူ၍ ယခုနှစ်တွင် ကြိုးပမ်း၍ အဆုံးသတ်ပေးရမည်ဖြစ်သည်။ ဆန့်ကျင်ဘက် အပျက်သဘောမှ အပြုသဘောဆောင်သည့်ဘက်သို့ အစားထိုး၍ ခိုင်မာသော အုတ်မြစ်ကိုချလျက် အနာဂတ်ကို လုံခြုံအောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ သေချာစွာ ရေးဆွဲထားသည့် စီမံချက်အရ အကောင်အထည်ဖော်နိုင်သဖြင့် အနာဂတ်တွင် ပိုမိုလုံခြုံသောဘဝကို ရရှိနိုင်ပါလိမ့်မည်။

**အကောင်းဆုံးသောလများ ။** ဇန်နဝါရီလ၊ ဧပြီလ၊ ဇွန်လ၊ နိုဝင်ဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ ။** တိတိကျကျ မှန်မှန်ကန်ကန် တရားမျှတစွာ လုပ်ဆောင်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဝတ်စားဆင်ယင်မှု၊ ဖက်ရှင် ။ ခန့်ပေါက်ပြေးလွှား နိုင်ပြီး စတိုင်ကျသော အဝတ်အထည်များကို ဝတ်ဆင်ပါ။

## တူရာသီဖွား (ချိန်ခွင်ရုပ်)

## စက်တင်ဘာလ ၂၃ ရက် မှ အောက်တိုဘာလ ၂၂ ရက်

ဤရာသီဖွားများတွင် ယခုနှစ်အထိ ဒုက္ခသုက္ခများ ဆက်လက်ပါလာလိမ့်မည်။ ကြားဝင်နှောင့်ယှက်လာသည့် အဖျက်လုပ်ငန်းများနှင့် မမျှော်လင့်ထားသော ပြောင်းလဲမှုများသည် အခြေခံအုတ်မြစ်ကို ကိုင်လှုပ်တော့မည်ဖြစ်သဖြင့် သေချာစွာ စောင့်ရှောက်ထိန်းသိမ်းရန် လိုအပ်လာမည်ဖြစ်သည်။ မက်လုံးပေးလာမှုများကိုလည်း တွန်းလှန်ပစ်ရန် ခဲယဉ်းနေမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ကို မချနိုင်ဘဲ ဖြစ်နေပေလိမ့်မည်။ ပြင်ပမှ ဖိအားပေးလာမှုများဖြင့် ရင်ဆိုင်ရသည့်အခါ ကာကွယ်နိုင်အောင် ပြင်ဆင်ထားသင့်သည်။

**အကောင်းဆုံးသောလများ** ။ ဖေဖော်ဝါရီလ၊ မေလ၊ ဩဂုတ်လ၊ ဒီဇင်ဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ** ။ လုပ်ငန်းပိတ်ပစ်ခြင်း၊ ပြောင်းလဲပစ်ခြင်း သို့မဟုတ် တန်းတူရည်တူ ဖြစ်လာအောင် ဆောင်ရွက်သင့်သည်။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင်** ။ တီထွင်ပါ။ အနုစိတ်ပြုလုပ်ထားသော အဝတ်အစားများနှင့် ကိုယ်ပိုင်အမှတ်သညာများ ပြုလုပ်၍ ဝတ်ဆင်ပါ။

## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)

## အောက်တိုဘာလ ၂၃ ရက် မှ နိုဝင်ဘာလ ၂၁ ရက်

ကြာရှည်နေပြီဖြစ်သည့် သမားရိုးကျကိစ္စရပ်ကို စိတ်ကူးသစ်များဖြင့် တွန်းလှန်ပစ်လိုက်ပါ။ ထူးခြားသော အခွင့်အလမ်းများဖြင့် ဆောင်ရွက်ရန် တီထွင်ရမည့် ကာလဖြစ်သည်။ စောင့်ကြည့်အကဲခတ်နေသူများအား အံ့ဩသွားအောင် မိမိ၏ကျွမ်းကျင်မှုများ ပါရမီရှိမှုများဖြင့် အောင်မြင်မှုရရှိ၍ အသိအမှတ်ပြုခြင်း ခံရပါမည်။

**အကောင်းဆုံးသောလများ** ။ ဇန်နဝါရီလ၊ ဇွန်လ၊ စက်တင်ဘာလ၊ နိုဝင်ဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ** ။ ထူးထူးခြားခြား ဆန်းသစ်ခြင်း၊ ခေတ်ရေစီးကြောင်း တီထွင်ခြင်းဖြင့် အောင်မြင်အောင် ဆောင်ရွက်ပါ။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင်** ။ လက်တွေ့အသုံးဝင်မှုရှိပြီး သေသေသပ်သပ်နှင့် ပေါ့လွင်သည့် အဝတ်အထည်များကို ဝတ်ဆင်သင့်သည်။

## ဓနုရာသီဖွား (လေးစွဲယောကျ်ားရုပ်)

## နိုဝင်ဘာလ ၂၂ ရက် မှ ဒီဇင်ဘာလ ၂၁ ရက်

ဤရာသီဖွားများအတွက် စိတ်ဝင်စားဖွယ်ကောင်းသော တိုးတက်မှုရှိမည့် နှစ်တစ်နှစ်ဖြစ်ပါသည်။ စဉ်းစားစရာ အများအပြားနှင့် အခွင့်အလမ်း အများအပြားကို ရရှိမည်။ ယခင်နှစ်က ငွေကြေးကိစ္စ ကိုယ်စိတ်နှစ်ပါး မကျန်းမာသဖြင့် အပြောင်းအလဲ မလုပ်နိုင်ဘဲ ရှောင်ထိုးထားရသည့် ကိစ္စရပ်များကို ယခုချက်ချင်း ဆောင်ရွက်လိုက်ပါ။ အကန့်အသတ် အတားအဆီးများကို ကျော်လွှားနိုင်ပါလိမ့်မည်။ အတွေ့အကြုံများကို သင်ယူ၍ လက်တွေ့အကောင်အထည်ဖော်လျှင် မုချအောင်မြင်ပါလိမ့်မည်။

**အကောင်းဆုံးသောလများ** ။ ဖေဖော်ဝါရီလ၊ မေလ၊ ဇူလိုင်လ၊ နိုဝင်ဘာလ။

**ကြိုးပမ်းသင့်သည့်အချက်များ** ။ ဂုဏ်သိက္ခာရှိရှိ ကြံ့ခိုင်တတ်မှုနှင့်အတူ ကျိုးကြောင်းညီညွတ်စွာ လုပ်ဆောင်သင့်သည်။

**ဝတ်စားဆင်ယင်မှု၊ ဖက်ရှင်** ။ ထသွားလာသွား ပေါ့ပေါ့ပါးပါး အကြမ်းပတမ်းခံသည့် ရိုးရိုးယဉ်ယဉ် အဝတ်အထည်များကို ဆင်မြန်းသင့်သည်။

**ဦးတိုး(တက္ကသိုလ)**

***Reference:***

**Eugenia Last ၏ 2017, What's next. Crowing for Change.**



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်ယောက်ဖ
# ဗေဒင်ဝါသနာရှင်

အောင်ကျော်ညို(ဆင်ချဆိပ်)

ကျွန်တော့်ယောက်ဖ ဦးအောင်ကျော်လှ၊ သက်မွေးထမ်းကျောင်းအလုပ်မှာ ကုန်သွယ်ရေးဌာနမှ စပါးအဝယ်ဒိုင်မှူး၊ စပါးပေါ်ချိန်မှာ ငွေရှင်နေသည်။ မိသားစု၏ စားဝတ်နေရေး အရေးသုံးပါးကို မလစ်ဟင်းစေရ။ မိသားစုနှင့် ဝေးကွာ လုပ်ငန်းခွင်ကာလများမှာ အပေါင်းအသင်းများနှင့် သောက်စားမှု မကင်းနိုင်လည်း လွန်လွန်ကျူးကျူးမဟုတ်။

တစ်နေ့ လုပ်ငန်းခွင်မှ နားနေချိန် ကျွန်တော်နှင့် ဆုံသည်။ မမေးစဖူး ကျွန်တော့်မွေးသက္ကရာဇ်ကိုမေးသည်။ ကျွန်တော့်လက်ဝါးပြင် နှစ်ဖက်ကိုကြည့်သည်။ မွေးရက်ကိုလည်း ထပ်မေးလိုက်သေးသည်။ ဗေဒင်တွက်မလို့လား မေးတော့ ဘာမှပြန်မပြော။ စာရွက်ပေါ်မှာ အကွက်ချတွက်ပါလေတော့သည်။ ကျွန်တော့်အနာဂတ်နှင့် ပတ်



www.burmeseclassic.com

www.burmeseclassic.com

သကဲ့၍ ဟောချက်က သုံးခွန်းတည်း။

မင်း မွေးရပ်မြေမှာ မသေရဟု အတိအကျပြောသည်။ တနလာာသားဖြစ်၍ဟု ဆိုသည်။ ကျွန်တော်က မွေးရပ်မြေကို သံယောဇဉ်ကြီးသူ၊ မဖြစ်နိုင်ဟု တွေးသည်။ ကျွန်တော့်ယောက်ဖ ဟောချက်ကို မငြင်းရက်ပါ။

မင်း လက်ရှိအလုပ်မှာ မမြဲ။ အလုပ်ပြောင်းလဲလုပ်ရမည်ဟု ဟောသည်။ ဤအချက်လည်း မဖြစ်နိုင်။ လက်ရှိကျောင်းဆရာအလုပ်ကို သံယောဇဉ်တွယ်နေပြီး ကျွန်တော့်အတွက် အခြားအလုပ်ကို ပြောင်းလုပ်စရာ အကြောင်းမရှိ။ ယတိပြတ်ပြောရဲသည်။ သို့သော်လည်း မငြင်းရက်ပြန်ပါ။ တစ်ခုပဲမေးကြည့်မိသည်။ နောက်အလုပ်က လက်ရှိအလုပ်ထက် ပိုကောင်းမလားဟူ၍ ကျွန်တော့်ယောက်ဖက ယုံကြည်ချက်အပြည့်နှင့် ပြောသည်။ နောက်လုပ်ရမည့်အလုပ်က ပိုကောင်းမည်ဟု ဆိုလာသည်။

တတိယဟောချက်က ကြောက်စရာ။ ခွဲစိတ်ကုသမှု ခံယူရမည်ဟု ပြောလာပြန်သည်။ အချိန်ကာလနှင့် မည်သည့်နေရာကို ခွဲစိတ်ခံရမည် တိကျမဟော။ ကြောက်စရာဟောချက်မို့ ကျွန်တော်ကလည်း မမေး။

အမှုမဲ့ အမှတ်မဲ့နှင့် နှစ်ပရိစ္ဆေဒကြာလာခဲ့သည်။ ဦးစွာ မွေးရပ်မြေမှာ မသေရဟောချက်မှန်သည်ဟု ဆိုရမည်။ ကျွန်တော့်အသက် ၄၀ ကျော်မှာ မွေးရပ်မြေကို စွန့်ခွာ၍ ရန်ကုန်သို့ တာဝန်နှင့်ပြောင်းရွှေ့လာခဲ့ရသည်။ ဆံထုံးနောက်ကို သျှောင်ပါလာခဲ့ခြင်း။ မျက်စိသူငယ် နားသူငယ်နှင့် မေ့တစ်မျက်နှာ တစ်ရွာထင်ကာ လိုက်ပါလာခဲ့ခြင်း။ ယခု ပင်စင်ယူပြီးပြီ။ အသက်ကလည်း ၆၅ နှစ်ကျော်လာခဲ့ပြီ။ မွေးရပ်မြေသို့ အလည်တစ်ခေါက် သွားရောက်ဖို့တောင် ဘဝအခြေအနေက မလွယ်တော့ပါပြီ။

ယောက်ဖ၏ ဒုတိယဟောချက် မှန်သည်ဟု ဆိုရမည်သာ။ လုပ်ငန်းခွင်မှ အသက်ပြည့်ပင်စင်နှင့် အနားယူခဲ့ပြီးနောက်မှာ ပင်စင်နာကို ကုစားနိုင်ဖို့ ကြိုးစားရင်း ကျွန်တော်ဝါသနာပါသော အလုပ်သို့ ဝင်ရောက်နိုင်ခဲ့သည်။ တစ်နိုင်ငံလုံးသို့ ဖြန့်ဝေသည့် သတင်းစာနှင့် မဂ္ဂဇင်းတွင် စာရေးခွင့် ရခဲ့သည်။ အယ်ဒီတာများ၏ ကျေးဇူးကြောင့် စာပေနယ်မှာ နေရာလေးတစ်ခု ရလာခဲ့သည်။ ကျောင်းဆရာဘဝ နှစ်ပေါင်းလေးဆယ်ကျော်မှာ သာမန်အဆင့်နှင့် လူမသိ သူမသိ ပင်စင်ယူခဲ့လည်း ယခု စာပေခရီး ငါးနှစ်တာ ကာလမှာ အတိုင်းအတာတစ်ခုထိ လူသိများလာခဲ့သည်။ ကျွန်တော့်ယောက်ဖ ဟောခဲ့သလို နောက်အလုပ်က ပိုကောင်းလာသည် ဆိုရမည်။

ယောက်ဖ၏ တတိယဟောချက်က ကျွန်တော်အသက် ၆၀ ကျော် ပင်စင်ယူပြီးမှ မှန်လာသည်။ ဦးခေါင်းမှာ အကျိတ်တည်လာ၍ တစ်နှစ်တည်းမှာ နှစ်ကြိမ် ခွဲရသည်။

ဗေဒင်သည် စနစ်တကျ ဖွဲ့တည်ထားခဲ့သော ပညာရပ်မို့ မယုံ၍ မရ။ ကိုယ်တွေ့ဖြစ်ပါသည်။ မွေးရပ်မြေမှ အပြီးတိုင် ခွဲခွာလာခဲ့သည်မှာ နှစ်အစိတ်ကြာပြီဖြစ်၍ ယခုအချိန်မှာ ကျွန်တော့်ယောက်ဖလည်း ကွယ်လွန်ပြီး ဖြစ်နေလောက်ပါပြီ။ ဗေဒင်ဆရာမဟုတ်သော ကျွန်တော့်ယောက်ဖ ဗေဒင်ကို ဗဟုသုတအဖြစ် လေ့လာထားသော ဗေဒင်ဝါသနာရှင် အဆင့်သာ။ ဟောတုန်းက မဖြစ်နိုင်ဟု ထင်မှတ်ထားခဲ့သမျှ ယခု ဟောချက်သုံးခုလုံး အမှန်ဖြစ်လာနေပါပြီ။ မယုံသလိုဖြစ်နေသော ကျွန်တော့်အား ထိုစဉ်က ယောက်ဖပြောခဲ့သောစကား နားမှာ ကြားယောင်နေဆဲပါ။

"ဟဲ့ကောင်…မယုံသလို လုပ်မနေနဲ့။ ဗေဒင်မှာ အချုပ် မဟာဘုတ်တဲ့ကွ"

ကျွန်တော့်မွေးသက္ကရာဇ်နှင့် မဟာဘုတ်တိုင်ထု၊ မွေးနေ့တနလာာကို အခြေပြု၊ လက်ဝါးပြင်ပေါ်မှ လက္ခဏာကိုကြည့်ကာ ဟောကြားခဲ့သော ကျွန်တော့်ယောက်ဖ၏ ဗေဒင်ပညာစွမ်းပကား။ အဝေးမှ ရမ်းရော်မှန်းမျှော်ကာ ဦးနိမ်ကန်တော့လိုက်ရပါတော့သည်။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

၀၉-၇၈၅၀၉၂၁၁



www.burmeseclassic.com

www.burmeseclassic.com

# ဗေဒင်ဆရာ၊ ဗေဒင်ပညာ နှင့် သူ၏ပီဇများ

ဂုရုအောင်

ကျွန်ုပ်အား ဤသိပ္ပံနည်းကျ နက္ခတ်ဗေဒင်ပညာရပ်ကို လေ့လာလိုက်စားရန် ဖန်တီးပေးလိုက်သည့် အခြေခံအကြောင်းအရင်းမှာ ကိုယ်တွေ့ကြုံခဲ့ရသော ပြဿနာရပ်ကြောင့် ဖြစ်ပါသည်။ မှတ်မှတ်ရရအားဖြင့် လွန်လေခဲ့ပြီးသော ၁၉၆၅ ခုနှစ်၊ ဖွန်လက ဖြစ်ပါသည်။ ထိုစဉ်က ကျွန်ုပ်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဝတ်လျှော်စက်ရုံ (LAUNDRY)တွင် လက်ထောက်မန်နေဂျာတာဝန်ဖြင့် ယာယီအားဖြင့် လုပ်ကိုင်နေရစဉ် ဦးစီးမန်နေဂျာအား နေ့စဉ်သုံးပစ္စည်းအချို့ လျော့နည်းပျောက်ဆုံးနေမှုနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ အရေးယူ ရာထူးချလိုက်ရာတွင် ကျွန်ုပ်လည်း ပါဝင်သွားခဲ့ပါသည်။ သို့ရာတွင် သက်ဆိုင်ရာအာဏာပိုင်က ကျွန်ုပ်အား အစိုးရသက်သေအဖြစ် သတ်မှတ်ပေးလိုက်ပါသဖြင့် အချုပ်အနှောင်မှ လွတ်မြောက်မှုရခဲ့ပါသည်။

၎င်းကိစ္စဖြစ်ပေါ်ပြီးနောက် နှစ်ရက်ကျော်သုံးရက်ခန့်အကြာ နံနက်ပိုင်းတွင် ဇနီးသည်၏ အဒေါ်ဖြစ်သူသည် အိမ်သို့ရောက်လာပြီး ပြဿနာဖြစ်ပုံကို မေးသဖြင့် အသေးစိတ်ပြောပြလိုက်လေရာ ဗေဒင်မေးကြည့်ရန် အကြံပေးလိုက်သလို တန်ခိုးကြီးဘုရားစေတီတော်တစ်ဆူတွင် ဆိုင်ခန်းဖြင့် ဟောပြောနေသည့် ဆရာကြီးတစ်ဦးဆီသို့ သွားရန်ကိုပါ ညွှန်ပြတိုက်တွန်းပါလေတော့သည်။

ကျွန်ုပ်တို့ဇနီးမောင်နှံလည်း ထိုရက်နေ့လည်ပိုင်းတွင် အဆိုပါ ဆရာကြီးဆီသို့ရောက်သွားပြီး ဗေဒင်မေးရာ ဆရာကြီးက ကျွန်ုပ်၏ (ဖွားသက္ကရာဇ် ခု၊ လ၊ နေ့)တို့ကို တောင်းယူတွက်ချက်ကာ ဟောပြောပါသည်။ ဟောကိန်းတို့မှာ အခြေခံများနှင့်ရော၊ ဖြစ်နေသည့် ပြဿနာရပ်နှင့်ပါ ဆက်စပ်မှုမရှိဘဲ သောင်းပြောင်းထွေလာ ဖြစ်နေပါ၍ ဇဝေဇဝါဖြစ်နေစဉ်တွင် ဇနီးသည်က ပြဿနာကို တိုက်ရိုက်ပြောပြရန် တိုက်တွန်းလာပါသဖြင့် ကျွန်ုပ်လည်း ဖြစ်ရပ်မှန်ပြဿနာကို အသေးစိတ်ပြောပြလိုက်ပါတော့သည်။ ထိုအခါ ဆရာကြီးက ၎င်းကိစ္စကို ဓာတ်ရိုက်ဓာတ်ဆင်နည်းနဲ့ ယတြာချေလျှင် လွတ်မြောက်နိုင်ကြောင်း အကြံပေးပြီး တိုက်တွန်းသလို ထိုကိစ္စကို ဆောင်ရွက်ရန် ငွေငါးဆယ်ကျပ်ပေးရန်နှင့်တကွ နေ့ကောင်းရက်မြတ်တို့ကိုပါ ရွေးချယ်ပေးပါလေတော့သည်။ ကျွန်ုပ်တို့လည်း သဘောတူလက်ခံကြပြီး ပြန်လာပါမည်ဟု ကတိပြုကာ ဗေဒင်မေးညာဏ်ပူဇော်ခ ငွေငါးကျပ်ကိုပေး၍ ပြန်လာခဲ့ကြပါသည်။

ထို့နောက် ရွေးချယ်ပေးထားသည့်ရက်သို့ ရောက်သည့်နေ့တွင် ဆရာကြီးဆီသို့ ပြန်သွားကာ ယတြာချေရန် ငွေငါးဆယ်ကျပ်ကို ပေးလိုက်သည့်အခါ ဆရာကြီး က အသင့်စီမံထားသည့် ယတြာပစ္စည်းများထဲမှ တစ်မျိုးကို ယူကာ ကျွန်ုပ်အားလည်း ယတြာပန်းတစ်မျိုးကို အောင်သပြေပန်းနှင့်တွဲ၍ ဝယ်ယူစေကာ ဘုရားကြီး၏ ရွေးချယ်ထားသည့်ထောင့်အရပ်မှ နေရာယူကြပြီး ၎င်း၏ဘေးတွင် ထိုင်စေပါသည်။ ထို့နောက် ယတြာပစ္စည်းနှင့် ပန်းများကို ကပ်လှူပူဇော်ကာ လက်ာရှည်ကြီးတစ်ပုဒ်တွင် ကျွန်ုပ်၏ မွေးနံကိုထည့်လျက် ရွတ်ဖတ်ဆုတောင်းပေးပါသည်။ ပြီးလျှင် ကျွန်ုပ်ဘက်သို့လှည့်လျက် ၎င်းပြဿနာမှ တစ်ပတ်ကိုးရက်အတွင်း အကြာဆုံး လေးဆယ့်ငါးရက်အတွင်း လွတ်မြောက်ပါလိမ့်မယ်ဟူ၍ ဗျာဒိတ်စကား ပြောကြား

www.burmeseclassic.com

လိုက်ပါသည်။ ကျွန်ုပ်လည်း ကိုယ်စိတ်နှစ်ပါး ကြည်လင်ပေါ့ပါးစွာဖြင့် ဆရာကြီးအား ဦးညွှတ်ကန်တော့ကာ ပြန်လာခဲ့ပါတော့သည်။

ဤတွင် လေးဆယ့်ငါးရက်ပြည့်မြောက်ခဲ့သော်ငြားလည်း ဘာမှ ထူးထူးခြားခြား ဖြစ်မလာပါသဖြင့် ဆရာကြီးထံသို့ ပြန်သွားလေရာ ဆရာကြီးက အကြောင်းအကျိုးအမျိုးမျိုးကို ရှင်းပြပြီး သည်းခံစောင့်ရန်နှင့် မကြာမီ ဖြစ်လာရန် သူကိုယ်တိုင် သစ္စာအဓိဋ္ဌာန်ပြုပေးပါဦးမည်ဟူ၍ နှစ်သိမ့်မှုပေးပြန်ပါသဖြင့် ပြန်လာခဲ့ပါသည်။ သို့သော်ငြားလည်း ဘာမှဖြစ်မလာသည့်အတွက် ဆရာကြီးဆီသို့ နောက်ထပ်သုံးခေါက်လောက် သွားရောက်ခဲ့ပါသေးသည်။ ထို့နောက်သော်ကား လေးလကျော် ငါးလလောက်မှစ၍ သက်ဆိုင်ရာ အာဏာပိုင်ထံသို့ အသနားခံစာများကို သုံးလတစ်ကြိမ်အားဖြင့် မှန်မှန်တင်လာခဲ့ပေရာ လေးနှစ်ပြည့်မြောက်သည့် ၁၉၆၉ ခုနှစ်၊ ဇွန်လသို့ ရောက်သောအခါတွင်မှ မူလစာရေးတာဝန်အဆင့်နှင့်ပင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခွင့် ရခဲ့ပါလေတော့သည်။

ဤအဖြစ်အပျက်နှင့် ပတ်သက်၍ မဟာဘုတ်ဗေဒင်၊ အဋ္ဌလက်ဗေဒင်နှင့် တစ်ဆယ့်နှစ်ရာသီစက် ဗေဒင်တို့သည် ကျွန်ုပ်တို့၏ ကုကြမ္မာ တက်ရိပ်ကျရိပ်တို့ကို တင်ကြိုခန့်မှန်း၍ သိနိုင်စွမ်းသော (ဂမ္ဘီရပညာရပ်များ) ဖြစ်ပေသည်ဟူ၍ သဘောပေါက်စွာ လက်ခံထားသည့် အကျွန်ုပ်သည် ကိုယ်တိုင်တွေ့ကြုံခဲ့ရသော အဆိုပါဖြစ်ရပ်ကြောင့် ဘဝင်မကျ သံသယအမြင်များ ဖြစ်ခဲ့ရပါသည်။

အမှန်တွင် ဗေဒင်မေးသူတစ်ယောက်အဖို့ အိမ်ထောင်ရေး၊ စီးပွားရေး စသည်တို့နှင့် ပတ်သက်၍ အခြေခံအကျိုးပေးတတ်ပုံတို့ကပို သိလိုလိမ့်မည်ဖြစ်သလို လတ်တလော မျက်မှောက်ဖြစ်သည့် ဗေဒင်မေးဆဲအချိန်တွင်လည်း အဆိုပါ အိမ်ထောင်ရေး၊ စီးပွားရေးစသည့် အရေးအရာတို့နှင့် ပတ်သက်၍ မည်သည့်အခြေအနေမျိုးတွင် ရှိနေပုံတို့ကို သိလိုလိမ့်ဦးမည် ဖြစ်ပေသည်။ ဗေဒင်ဆရာတွင်လည်း ဖော်ပြပါ အရေးအရာတို့နှင့် ပတ်သက်၍ အခြေခံ အကျိုးပေးတတ်ပုံကိုရော လတ်တလော ဗေဒင်မေးချိန်နှင့် အနီးကပ်ဖြစ်သည့် ကာလများတွင်ပါ ပြောင်းလဲဖြစ်ပေါ်လာနိုင်ပုံတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောပေးရန် တာဝန်ရှိပေသည်။ ဤတွင် ဖော်ပြပါ ဖြစ်ရပ်ကြောင့် ဘဝင်မကျဖြစ်ခဲ့ရသည့် အကျွန်ုပ်လည်း နောက်ထပ် နာမည်ကျော် ဗေဒင်ဆရာကြီးတစ်ဦးထံတွင် မေးကြည့်ရန် ဆုံးဖြတ်လိုက်သလို အခြေအနေပေးလျှင်လည်း သင်ယူရန် ဆုံးဖြတ်ချက်ချလိုက်ပါသေးသည်။

ဤသို့ ဆုံးဖြတ်ပြီးသည့်နောက် နှစ်လခွဲကျော်သုံးလလောက်တွင် ဟောပြောမှုတို့နှင့် ပတ်သက်၍ နာမည်ကြီးနေသော နိုင်ငံကျော်လျှပ်စစ်ဗေဒင်ဆရာကြီး ဦးအုန်းသင်ထံသို့ သွားရောက်ကာ ဉာဏ်ပူဇော်ခ အထူးနှုန်းပေး၍ မေးပါသည်။ ဆရာကြီးက ကျွန်တော်၏ (ခု၊ လ၊ ရက်၊ နေ့ မွေးချိန် နာရီ၊ မွေးဖွားသည့်ဒေသ)တို့ကို တောင်းယူလျက် နာရီဝက်ခန့် တွက်ချက်ပြီးသည့်နောက် ဟောကိန်းများထုတ်ပေးရာ၌ အခြေခံစိတ်ဓာတ်သဘာဝနှင့်တကွ အိမ်ထောင်ရေးနှင့် အလုပ်အကိုင်စီးပွားရေးတို့တွင်လည်းကောင်း၊ တစ်ဖန် လတ်တလော ပြောင်းလဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေနှင့် ပတ်သက်၍လည်းကောင်း အားလုံးလိုလိုပင် ထူးထူးခြားခြား တိုက်ဆိုင်မှန်ကန်နေမှုများကို တွေ့ရပါသည်။ ထို့ကြောင့် ဤဆရာကြီးထံတွင် သင်ယူရန် ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။ နာရီလက်တံတို့သည် ရက်မှ လ၊ လမှ နှစ်သို့ အားကောင်းမောင်းသန်ဖြင့် မှန်မှန်ကြီး လည်ပတ်ကူးပြောင်း၍ သွားနေပါသည်။ ကျွန်ုပ်သည်လည်း အလုပ်ပြန်ဝင်ပြီးနောက် မကြာမီကာလတွင် ထိုဆရာကြီးထံ ပြန်ရောက်သွားကာ အဆင့်မြင့် နက္ခတ်ဗေဒင်ပညာရပ်ကို သင်ကြားပေးပါရန် ဘင်ပြတောင်းဆိုလေရာ ဆရာကြီးကလည်း သင်ပေးမည် ဟု ကတိပေးပါသည်။

ထိုစဉ်က သင်တန်းကြေးမှာ သုံးရာကျပ်ဖြစ်သလို သင်တန်းကာလမှာလည်း ၃၂ ကြိမ် ဖြစ်လျက် တစ်လတွင် စနေ၊ တနင်္ဂနွေ နေ့ရက်များတွင် ရှစ်ကြိမ်နှုန်းဖြင့် လေးလဖြစ်ပါသည်။ ထိုအပတ်သင်တန်းတွင် ကျွန်ုပ်အပါအဝင် သင်တန်းသား သုံးယောက်ဖြစ်ပြီး အခြားနှစ်ယောက်တို့မှာ မြို့နယ်အင်ဂျင်နီယာ (မြန်မာ) တစ်ယောက်နှင့် အစိုးရစာရေးကိရိယာပစ္စည်းဌာနမှ မန်နေဂျာ (ဟိန္ဒူ)တစ်ယောက်တို့ ဖြစ်ကြပါသည်။ သင်တန်းကာလပြီးဆုံးခါနီးတွင် ဆရာကြီးက ကျွန်ုပ်တို့အား ၎င်းကိုယ်တိုင် တွက်ချက်ဟောပြောထားသော ပုဂ္ဂိုလ်ကြီး၏ (ခု၊ လ၊ ရက်၊ နေ့၊ မွေးချိန်နာရီ

www.burmeseclassic.com

မွေးဖွားသည့်ဒေသ)တို့ကို ပေးလျက် အခြေခံ ဇာတာများ ဖြစ်ကြသည့် (ရာသီထက်၊ ဘာဝသက်၊ နဝင်းစက်)တို့နှင့်တကွ အိမ်ထောင်ရေးဟောကိန်း၊ စီးပွားရေး အလုပ်အကိုင် ဟောကိန်းတို့ကိုပါ ဒသာဟောကိန်းများနှင့် ပေါင်းစပ်လျက် တွက်ချက်ရေးသားပေးရန် စစ်မေးပါလေသည်။

ပြီးလျှင် ကျွန်ုပ်တို့၏ အဖြေလွှာများကို ဖတ်ရှုပြီးနောက် ဟောပြောရေးသားမှုတို့နှင့် ပတ်သက်၍ မပြတ်မသား ဝေဝါးဝါးရှိနေပုံတို့ကို သိရသောအခါ ဆရာကြီးက ဆက်လက်ပြောပြသည်မှာ ယခုသင်တန်းသည် အဆင့်မြင့်နက္ခတ်ဗေဒင်ပညာရပ်နှင့် ပတ်သက်၍ အခြေခံသဘောတရားတို့ကို နားလည်ရုံမျှသာ ဖြစ်ပေသည်ဟူ၍လည်းကောင်း၊ ပညာရှင်ဆရာတစ်ယောက်ဖြစ်ဖို့ဆိုလျှင် အနည်းဆုံး နှစ်နှစ်ခွဲသုံးနှစ်လောက် တစ်ဆင့်ပြီးတစ်ဆင့် ဖြည်းဖြည်းချင်း မှန်မှန် လေ့လာသင်ယူသွားပါမှသာလျှင် ဖြစ်နိုင်ပုံများကိုလည်းကောင်း၊ ကိုယ်တွေ့မှတ်တမ်း အထောက်အထားများနှင့် ရှင်းပြပေးပါသည်။ ဆက်လက်၍လည်း သုံးနှစ် သင်တန်းဖြစ်ဖို့အတွက် နောက်ထပ် နှစ်နှစ်ခွဲလောက် သင်ရဦးမည်ကိုလည်းကောင်း၊ သင်တန်းကြေးကိုလည်း တစ်လလျှင် နှစ်ဆယ့်ငါးကျပ်ယူကြောင်းကိုလည်းကောင်း ပြောပြပါသည်။ ကျွန်ုပ်တို့လည်း ရုံးဝန်ထမ်းများဖြစ်နေကြသောကြောင့် ကျေကျေညက်ညက်ဖြစ်စေရန် သုံးနှစ်သင်တန်းကို ဆက်လက်ယူရန် ညှိနှိုင်းတိုင်ပင်ပြီး သဘောတူ ဆုံးဖြတ်လိုက်ကြပါသည်။

ငင်းသုံးနှစ်သင်ဘန်းတွင် နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာဒသဝဂ္ဂ အပါအဝင် ဥစ်၊ ကသစ် စသည်တို့ကို တွက်ယူပုံများ၊ ဟောကိန်းအဓိပ္ပာယ်ကောက်ယူပုံများ၊ မူလဖွားဇာတာနှင့် နှစ်ပတ်လည်ကောဇာတာတို့ကို ညှိနှိုင်းပုံများ၊ ဟောစာတမ်းများ အကျဉ်းအကျယ် ရေးနည်းများနှင့်တကွ နောက်ဆက်တွဲအဖြစ် ကောဇာ ဇာတာဖြင့် **(ကပ္ပ–လက်ာရကျမ်း–ဓာတ်စမများတွက်ချက်ကောက်ယူနည်း)**များကိုပါ တဖြည်းဖြည်းချင်း သင်ကြားပေးသွားပါသည်။ သင်ပေးပြီးသမျှတို့ကိုလည်း အခါအခွင့်ကြုံတိုင်း စစ်မေးလေ့ ရှိပါသည်။ သုံးနှစ်ပြည့်သောအခါ နောက်ဆုံးစစ်မေးပြီး (အောင်လက်မှတ်များ) ထုတ်ပေးပါသည်။ ဟောပြောမှုများနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် နည်းပေးလမ်းညွှန် ဩဝါဒစကားများကို ပြော၍ နိဂုံးခပတ်အဆုံးသတ်လိုက်ပါတော့သည်။

ကျွန်ုပ်သည် ငင်းသင်တန်းပြီးဆုံးသည့်နောက်တွင်လည်း ပညာရပ်နှင့် ပတ်သက်၍ ကျေညက်နေစေရန်နှင့် မိမိကိုယ်မိမိ ပိုမို၍ ယုံကြည်မှုရှိလာစေရန်အတွက် ဘဝတူဝန်ထမ်းများနှင့်တကွ ခင်မင်ရင်းနှီးသူများနှင့် ဌာနဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်တို့ကိုပါ တွက်ချက်ဟောပြောခြင်းနှင့် ဟောစာတမ်းရေးပေးခြင်းတို့ကို သုတေသနပုံစံမျိုးနှင့် လုပ်ကိုင်နေခဲ့ပါသလို နက္ခတ်ဗေဒင်ပညာရပ်နှင့် သက်ဆိုင်သည့် ရှေးဟောင်းကျမ်းများနှင့်တကွ ခေတ်သစ်ပညာရှင်များ ပြုစုရေးသားထားကြသည့် ကျမ်းများကိုပါ ရှာဖွေဖတ်ရှုနေခဲ့ပါသေးသည်။ ထို့နောက် လေးနှစ်ကျော်၊ ငါးနှစ်လောက်အကြာတွင် ဝန်ထမ်းအလုပ်မှပင်စင်ယူပြီး ဆရာကြီး (လျှပ်စစ်ဗေဒင် ဦးအုန်းသင်)၏ စီစဉ်ပေးမှုဖြင့် နက္ခတ်ဗေဒင်အလုပ်ကို တရားဝင်ဆိုင်းဘုတ်တင်၍ စတင်လုပ်ကိုင်ခဲ့ပါတော့သည်။

အထူးတင်ပြအပ်သည်မှာ နက္ခတ်ဗေဒင်ပညာရပ်နှင့်ပတ်သက်၍ ကြိုးစားအားထုတ်မှု သုတေသနများမှ ရရှိလိုက်သည့် အတွေ့အကြုံအနှစ်ချုပ်မှာ အလွန်လျှင် နက်နဲသိမ်မွေ့ပြီး ဝေဒအဆီအနှစ်တို့နှင့် ပြည့်သိပ်နေသည့် ဤသိပ္ပံပညာရပ်ကြီးထဲသို့ မည်ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သော်မျှ မိမိ၏ကိုယ်ပိုင်အတွေးအခေါ် (အတ္တနောမတိ)များကို ထည့်သွင်းပေါင်းစပ်မှု မပြုသင့်၊ မပြုအပ်ပေဟူ၍ ဖြစ်ပေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ရံဖန်ရံခါ တစ်စုံတစ်ရာမျှော်လင့်ချက်ဖြင့် ရှေးကျမ်းများကို (ဥပဒေသ)များနှင့် သွေဖီသည့် ကောက်ချက်ဟောကိန်းများကို ထုတ်ယူရန် ကြံစည်စိတ်ကူးမိသည့်တိုင်အောင် တစ်စုံတစ်ရာသော အတွင်းစိတ်ဓာတ်အသိထူးက ကျွန်ုပ်အား ရှေးကျမ်းများ၏ အဆိုအမိန့် (ဥပဒေသ)များအတွင်း၌သာလျှင် ပညာစစ်၊ ပညာမှန်များ ကိန်းအောင်း၍ နေကြောင်းကို သတိရစေမြဲ ဖြစ်ပါပေသတည်း။


**ရှင်လန်းချမ်းမြေ့ကြပါစေ ....**

**ဂုရုအောင်**



www.burmeseclassic.com

www.burmeseclassic.com



# ဈေးရောင်းကောင်းစေတဲ့ အဆောင်

## မျိုးအိမ်ကျော်

ဈေးရောင်းဈေးဝယ် ကောင်းစေဖို့ အဆောင်ကောင်း ရှာဖွေသူများအတွက် အပြိုင်အဆိုင်ရောင်းချနေရတဲ့ ခေတ်ကြီးထဲမှာ မိမိရောင်းချနေတဲ့ ပစ္စည်းတွေ စားသောက်ဖွယ်ရာတွေ ရောင်းကောင်းပြီး လူကြိုက်များချင်သူတွေအတွက်··

ဤရောင်းကောင်းစေတဲ့ အဆောင်အစီအမံလေးကို စေတနာရှေ့ထားပြီး ချပြလိုက်တာ ဖြစ်တယ်။ ပြီးတော့ လွယ်လွယ်ကူကူလည်း ပြုလုပ်လို့ရတယ် မဟုတ်လား။

ဈေးရောင်းကောင်းစေတဲ့ အဆောင်စီရင်ပုံ စီရင်နည်းကတော့ ပထမဦးစွာ အပ်ချည်လုံးအနီရောင်တစ်လုံးကို ယူလိုက်ပါ။ မရှိလျှင် ဝယ်လိုက်ပါ။ အနီရောင်အပ်ချည်လုံးထဲမှ တစ်ပေခန့်ရှည်သော အပ်ချည်ကြိုးစ (၉)စကို ဖြတ်ပါ။ ပြီးလျှင် ဖြတ်ထားသော အပ်ချည်အနီရောင် (၉)စကို ထပ်လိုက်ပါ။ ထပ်ပြီးသည်နှင့် ထပ်ထားသောကြိုးစကို သေသေချာချာ စိုက်ကြည့်၍ "ဥုံပီယံမမလာဘာဟေ" ဟု (၃၇)ကြိမ် ရွတ်ဆိုမန်းမှုတ်ရမှာ ဖြစ်တယ်။

တစ်ကြိမ် မန်းမှုတ်ပြီးတိုင်း ပူးထပ်ထားသော အနီရောင်အပ်ချည်ကြိုးစကို အထုံးတစ်ထုံး ထုံးရမည်။ (၃၇) ကြိမ် မှုတ်ရမည်ဖြစ်၍ (၃၇)ထုံး ရှိရမယ်ဖြစ်တယ်။

အဲဒီလို ပူးကပ်ထားသော အနီရောင်အပ်ချည်ကြိုးစပေါ်တွင် အထုံး (၃၇) ထုံးဖြစ်ပြီဆိုပါက ထိုကြိုးဟာ သိဒ္ဓိရှိနေပြီဖြစ်ပါတယ်။

သည်တော့···

အထုံး (၃၇)ထုံး ရှိနေတဲ့ သိဒ္ဓိပြည့်နေတဲ့ အနီရောင်အပ်ချည်ကြိုးလေးကို ပိုက်ဆံသေတ္တာထဲမှာထည့်ပြီး ဈေးရောင်းဈေးဝယ် လုပ်ပေတော့။ ငွေတွေဟာ ဝင်လာမစဲ တသဲသဲ ဖြစ်နေတာကို တွေ့ရပါလိမ့်မည်။

**မှတ်ချက်** ။ ။ ငွေများများဝင်တိုင်း အလှူဒါနများများလုပ်ပေးရန် မမေ့ပါနှင့်။ အလှူဒါနလုပ်ပေးခြင်းဟာ (၃၇)ထုံးပါသော အနီရောင်အပ်ချည်ကြိုးလေးကို ထပ်ပြီး သိဒ္ဓိတင်ပေးရာ ရောက်တယ်ဆိုတာကို မမေ့သင့်ပါ။

**မျိုးအိမ်ကျော်**

www.burmeseclassic.com

www.burmeseclassic.com

# ဈေးခေါ်ဗို

## မြပဒုမ္မာ

မိုးကုန်လှပြီ။ ဆောင်းပင် မဝင့်တဝင် ဖြစ်နေပြီ။ နယ်တိုင်း၊ အရပ်တိုင်း၌ ဘုရားပွဲများ ကျင်းပကြတော့မည်။

ကိုလှအောင်နှင့် မအေးသော်တို့မှာ ဘုရားပွဲဈေးလိုက်သူများ ဖြစ်ကြ၏။ ဘုရားပွဲရာသီ၌ နယ်စုံရောက်သည်။ မိုးကျမှပင် ကိုယ့်အရပ်ကိုယ် ပြန်ရောက်သည်။

ဘုရားပွဲရာသီမှာ ရာဇဝင်စုဆောင်းမိသမျှဖြင့် တစ်မိုးတွင်းလုံး ထိုင်စားကြသည်။ ယခုလည်း ဘုရားပွဲရာသီ ရောက်တော့မည်မို့ ကိုလှအောင်နှင့် မအေးသော်တို့ ပွဲဈေးရောင်းရန်အတွက် ပြင်ကြ ဆင်ကြပြီ။

တစ်နေ့တွင် လင်မယားနှစ်ယောက်စလုံး ကျွန်တော်၏ထံသို့ ရောက်ရှိလာကြသည်။

"လင်မယားနှစ်ယောက်လုံး ဘယ်ကလှည့်လာကြတာလဲ"

ကျွန်တော်က သူတို့ကို နှုတ်ဆက်လိုက်၏။

"ဒီကိုပဲ တမင်လာတာ"

မအေးသော်က ပြော၏။

"ဒါဆိုရင် အကြောင်းထူးပြီ ထင်တယ်"

ကျွန်တော်က ပြန်ပြောရင်း သူတို့ကို ထိုင်ခိုင်းလိုက်၏။

"အကြောင်းထူးဆို တပေါင်း၊ တန်ခူး ရောက်တော့မယ်လေ။ ကိုယ့်လုပ်ငန်းခွင် ကိုယ်ပြန်ဝင်ရတော့မယ်"

ကိုလှအောင်က ဝင်ပြော၏။

"ခင်ဗျားတို့ တစ်မိုးတွင်းလုံး ထိုင်စားနေကြတာပဲဗျ။ အဲဒီတစ်မိုးတွင်းလုံး ထိုင်စားတဲ့ စရိတ်က မသေးဘူး။ အခု ဘုရားပွဲတွေ ဖြစ်တော့မှာမို့ ဘုရားပွဲလိုက်ရတော့မယ်။ ဒီနှစ်စားထားတဲ့ အကြွေးနဲ့ ရောင်းချဖို့ပစ္စည်းတွေကို အကြွေးယူမှာနဲ့ဆိုရင် အကြွေးက မနည်းဘူး။ ဒါပဲ လုပ်စားတတ်တော့ ဒါကိုပဲ ဆက်လုပ်ရမှာပဲ။ မနှစ်က ဘုရားပွဲရာသီမှာ ဈေးရောင်း သိပ်မကောင်းခဲ့ဘူး။ ဒီနှစ်တော့ လာမယ့်မိုးတွင်းလည်း ထိုင်စားနိုင်အောင် ဈေးရောင်းကောင်းမှ ဖြစ်မှာ"

ကိုလှအောင်က ပြော၏။ ပြီးနောက် မအေးသော်က စကားထပ်ဆက်သည်။

"ဟုတ်တယ်လေ။ အဲဒါ ဈေးရောင်းကောင်းအောင် အစ်ကိုကြီးဆီကို အကူအညီလာတောင်းတာ"

"ဘာအကူအညီလဲကွယ်"

"ဈေးရောင်းကောင်းမယ့် အဆောင်လေးလိုချင်လို့ပါ"

"ဈေးရောင်းကောင်းဖို့ဆိုတာ အဆောင်ရယ် လက်ဖွဲ့ရယ်၊ ဓာတ်ဆင်တာရယ်ဆိုပြီး နည်းသုံးမျိုးရှိတယ်။ ဘယ်နည်းကို လိုချင်လို့လဲ"

"အစ်ကိုကြီးပေးချင်တဲ့နည်းသာ ပေးပါ"

"အစ်ကိုကြီး ဓာတ်ဆင်နည်းလေး ပေးလိုက်မယ်။ သေသေချာချာ မှတ်သွားကြ"

ဟု ဆိုကာ ဈေးခေါ်ဓာတ်ဆင်နည်းကို ကျွန်တော် ပြောပြလိုက်သည်။ ကျွန်တော်ပြောပြသော ဈေးခေါ်ဓာတ်ဆင်နည်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်၏။

**ဓာတ်ဆင်ရန်အတွက် လိုအပ်သောပစ္စည်းများ**

၁။ သန့်ရှင်းသော စဥ့်ခွက်အသစ်တစ်လုံး


၂။ အ၀ ကိုးလက်မခန့်ရှိသော ဆန်ခါတစ်ခု

၃။ ၉၀ ကျပ်တန် နှစ်ရွက်။



www.burmeseclassic.com

www.burmeseclassic.com




ဈေးခေါ်ဓာတ်ဆင်ပုံ

၄။ ရွှေဇီးကွက်တစ်ရုပ်။

မိမိ၏ ဈေးဆိုင်မျက်နှာစာရှိ မိမိဈေးရောင်းသော ပစ္စည်းများအနီး၌ စဥ့်ခွက်ကို ချထားပါ။

စဥ့်ခွက်ထဲ၌ ၉၀ ကျပ်တန်တစ်ရွက်ကို ဆရာစံပုံ ပါသည့်ဘက်ကို လှန်၍ထည့်ပါ။

၉၀ ကျပ်တန်ပေါ်၌ ဇီးကွက်ရုပ်ကိုတင်ပါ။ ထိုဇီးကွက်ခေါင်းပေါ်၌ ၉၀ ကျပ်တန်ကို မှောက်လျက် ပြုတ်မကျအောင် ကော်ဖြင့်ကပ်၍ဖြစ်စေ၊ ပင်အပ်ဖြင့် တွယ်၍ဖြစ်စေ တင်ပါ။ ထို ၉၀ ကျပ်တန်သည် အလျားလိုက် ထားရမည်ဖြစ်ပြီး ဇီးကွက်ရုပ်၏ မျက်နှာကို မအုပ်မိပါစေနှင့်။

ထို့နောက် ထိုဇီးကွက်ရုပ်ကို ဆန်ခါဖြင့် အုပ်ထားလိုက်ပါ။ ဈေးခေါ်အလွန်ကောင်းပါလိမ့်မည်။

ဤအစီအရင် ဓာတ်ဆင်ရာတွင် ဈေးခေါ်ဟူသော စကားလုံးကို ဇီးကွက်၊ စဥ့်ခွက်၊ ဆန်ခါတို့ဖြင့် အဆင့်ဆင့် ဓာတ်အားဖြင့်ထားသောကြောင့် ဓာတ်အားအလွန်ကောင်းပါသည်။

ဇီးကွက်ဟူသော ဈေးခေါ်အရုပ်ကလေးကို ၉၀ ကျပ်တန်ဟူသော နဝင်းဖြင့်ခံ၍ တင်ထားသောကြောင့် နိုင်မြဲသော အစီအရင်ဖြစ်စေသည်။ အစီအရင်တစ်ခု နိုင်မြဲရန်အတွက် နဝင်းပါ သွင်းရသည်။

သတိပြုရန်မှာ ဇီးကွက်ရုပ်အား ဆန်ခါဖြင့်အုပ်ရာ၌ လုံခြုံအောင်အုပ်မိရန် လိုပေသည်။

ကျွန်တော်က ထိုဓာတ်ဆင်နည်းလေး ပေးလိုက်သောအခါ ကိုလှအောင်နှင့် မအေးသော်တို့ ကျေနပ်ပြီး ပြန်သွားကြတော့၏။

အေးသော်တို့ ဈေးခေါ်ဖို့အတွက် ဆေးဖော်လိုသူများမှာ ထိုဈေးခေါ်သော ဓာတ်ဆင်နည်းကို ယုံယုံကြည်ကြည်ဖြင့် ဆိုင်တိုင်း၌ ပြုလုပ်ထားနိုင်ကြပါသည်။

မြပဒုမ္မာ

www.burmeseclassic.com

www.burmeseclassic.com

# လာဘ်ခေါ်တစ်ချက် ငွေဇီးကွက်

မင်းသိင်္ခ

တစ်နေ့သ၌ ကျွန်ုပ်အား လက်ဖက်ရည်ဆိုင်ဖွင့်သော မိတ်ဆွေတစ်ဦးက ၎င်း၏ဆိုင်တွင် ချိတ်ဆွဲရန်အတွက် အဆောင်တစ်ခု လာ၍တောင်း၏။ ထိုအခါ ကျွန်ုပ်က…

"ခင်ဗျားနှယ်ဗျာ၊ ဇီးကွက်ရုပ်ကလေးတစ်ရုပ်လောက် ဘုရားစောင်းတန်းသွားဝယ်ပြီး ချိတ်ထားရင် တော်ပါပြီ"

ဟု ကျွန်ုပ်က ပြောရာ ၎င်းက -

"အင်း…ခင်ဗျားပြောမှ ကျုပ်က မေးရဦးမယ်၊ ခင်ဗျားလိုပဲ ခင်နေတဲ့ ဆရာတစ်ယောက်က အဲဒီလိုပဲ ဇီးကွက် ချိတ်ခိုင်းတယ်။ ကျုပ်က ဇီးကွက်ကို လူတွေဟာ လာဘ်ရှင်တဲ့ငှက်သတ္တဝါလို့ ဘာလို့ယူဆတာလဲလို့ ကျုပ်က မေးတယ်။ အဲဒီတော့ သူက ဒီလိုဗျ၊ ကျွန်ုပ်ကျွမ်းမီဒေဝီဟာ လာဘ်လာဘနဲ့ပတ်သက်တဲ့ နတ်သမီးပဲ။ သူဟာ လူတွေဆီကို ဇီးကွက်စီးပြီး ရောက်လာလေ့ရှိတယ်လို့ ပြောကြတယ်တဲ့။ ဒါကြောင့် လာဘ်ရှင်တဲ့ နတ်သမီးစီးတဲ့ငှက်ဟာ လာဘ်ငှက်လို့ ယူဆပြီး ဇီးကွက်ကို လာဘ်လာဘအတွက် ချိတ်ဆွဲတာတဲ့။ အဲဒီလို ပြောတယ်။ သူပြောတဲ့စကားကို ကျုပ်ကယုံတယ်။ သူဟာ ကျုပ်ရဲ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်နေကျ ဖောက်သည်ဖြစ်တယ်။ ပြီးတော့ ဒီလူဟာ နှံ့နှံ့စပ်စပ်ရှိတယ်။ စကားလည်း တည်တယ်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က…

"အဲဒီလိုဆိုရင်လည်း သူပြောတဲ့အတိုင်း ဇီးကွက်ကို ချိတ်တော့လေ။ ဘာဖြစ်လို့ ကျုပ်ဆီ လာမေးနေရတာတုံး"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်၏။ ထိုအခါက ကျွန်ုပ်၏ မိတ်ဆွေ လက်ဖက်ရည်ဆိုင်ရှင်က -

"သူ့ကိုယုံလို့ ကျုပ် ချိတ်ပါတယ်ဗျာ။ ဒါပေမယ့် မထူးပါဘူး။ ဇီးကွက်က တစ်ကောင်တည်းတောင်မဟုတ်ဘူး၊ အသေးလေးကနှစ်ကောင်၊ အကြီးကြီးကတစ်ကောင် သုံးကောင်တောင် ကျုပ်ချိတ်ထားတယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က…

"နတ်သမီးစီးတဲ့ ဇီးကွက်က ငွေရောင်တဲ့ဗျ။ အဲဒီတော့ ငွေဇီးကွက်ပေါ့ဗျာ။ ခင်ဗျား ချိတ်ထားတဲ့ ဇီးကွက်တွေက ငွေဇီးကွက် ဟုတ်လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုသူက…

"ခင်ဗျားတို့ ဗေဒင်ဆရာတွေ တတ်ပဲတတ်နိုင်တယ်"

ဟု ဆိုကာ ပြန်သွားလေ၏။

ထို့နောက် သူ၏ဆိုင်မှ ဇီးကွက်များကို ငွေမင်ရောင် စပရေးဘူးများဖြင့် ငွေဇီးကွက်ဖြစ်သွားအောင် ပန်းပစ်လိုက်သည်ဆို၏။ သို့ရာတွင် ထူးခြားမှုမရှိသောအခါ၌ ကျွန်ုပ်ဆီသို့ ပြန်လာပြန်၏။ ပြန်လာပြီးလျှင်…

"ဒီမှာ ခင်ဗျား ကျုပ်ဆိုင်ကိုလည်း လာကြည့်ဦး။ ကျုပ်ဆိုင်က ဇီးကွက်တွေဟာ ငွေမင်နဲ့ မှုတ်ထားလို့ ဆေးလဗား အောင်း ငွေဇီးကွက်တွေ ဖြစ်ကုန်ပြီ။ ဒါပေမယ့် ဘာမှ မထူးဘူး။ အဲဒီတော့ ဘာများ ဆင်ခြေပေးဦးမလဲ"

ဟု ကျွန်ုပ်အား မခိုးမခန့် ပြောဆို၍ ရန်တွေ့လေတော့၏။ ထိုအခါ ကျွန်ုပ်က…

"ခင်ဗျားနဲ့ ကျုပ်တို့နှစ်ယောက် လုပ်တဲ့အလုပ်က ငွေနဲ့ကြေးနဲ့ လုပ်တဲ့အလုပ်လည်း မဟုတ်ဘူး။ တစ်ဦးနဲ့တစ်ဦး ခင်မင်ရာ ခင်မင်ကြောင်းလုပ်ကြတာကိုးဗျ။ အဲဒါကြောင့် ခင်ဗျားက ဘာလို့ ကျုပ်ကို ရန်တွေ့ရတာတုံး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူက…

"အမှန်အတိုင်း ပြောရရင် ကျုပ်က ဒါမျိုးတွေ ယုံတာ မဟုတ်ဘူး။ ကျုပ်မိန်းမလွှတ်လို့ ခင်ဗျားဆီလာရတာ။ အဲဒီအခါမှာ ဘာမှ ထိရောက်မှုမရှိတော့ ကျုပ်က ဒေါပွတာပေါ့"

ဟု ပြော၏။ ထိုအခါ ကျွန်ုပ်က…

"ဩော…ခင်ဗျားဟာက အလကားလည်း လာမေးသေးတယ်။ ကျုပ်ကို ရန်လည်းတွေ့သေးတယ်ဆိုတော့ ကျုပ်ဘက်က နစ်နာဖို့ချည်းပါပဲလား"

ဟု ပြောလျှင် ထိုသူက…

www.burmeseclassic.com

"ရန်တွေ့တာယ်လို့ မပြောပါနဲ့ဗျာ။ စိတ်ဆိုးတော့လည်း ပြောမိပြောရာ ပြောတာပေါ့ဗျာ။ ဒါကို ဗွေမယူပါနဲ့။ ကျုပ် စကားမှားရင်လည်း တောင်းပန်ပါတယ်ဗျာ။ ကျုပ်ဆိုင်မှာ ချိတ်ဆွဲဖို့ အဲဒီဆောင်ကောင်းတစ်ခု လုပ်ပေးပါဗျာ။ ဗေဒင်တွေ မဟောတော့ဘူးဆိုတာလည်း ကျုပ်သိပါတယ်။ ဒီထဲက လာပြီးခိုင်းရတာလည်း အားနာပါတယ်။ ကြုံရင်လည်း ကျုပ်ဆိုင်ကိုလည်း ဝင်ပါဦး။ ရှယ်တစ်ခွက်လောက် တိုက်ချင်လို့ပါ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က…

"ဒီလို မိတ်ဆွေကြီးရ၊ ငွေဇီးကွက်ဆိုတာနဲ့ ဇီးကွက်ကို ငွေမင်တွေသုတ်ပစ်လို့ မရဘူးဗျ။ ဇီးကွက်မှာ ငွေစက္ကူတွေ ကပ်မှ သင့်တော်မယ်"

ဟု ပြောလိုက်ရာ ၎င်းဆိုင်ရှင်သည် ၎င်း၏ဖင်ကို မီးစနှင့် ထိုးလိုက်သလို အားခနဲ ထ၍အော်လိုက်လေ၏။ ထိုသို့ အော်ပြီးနောက်…

"တော်တော် ကြောက်ဖို့ကောင်းတဲ့ ဆရာတွေပဲ။ ဇီးကွက်ကနေ ငွေမင်၊ ငွေမင်ကနေ စက္ကူဖြစ်ပြန်ပြီ။ အဲဒီတော့ ဆရာသမားကို တစ်ခုပဲ ပြောမယ်။ ငွေစက္ကူကို ကော်တွေ သုတ်ပြီးကပ်လို့ မရဘူး။ ပျက်စီးသွားမယ်။ အဲဒီတော့ ငွေစက္ကူ ဖျက်ဆီးမှုနဲ့ ဖမ်းခံရမယ်"

ဟု ပြောလေ၏။

"ကျုပ်ပြောတဲ့ စကားထဲမှာ ကပ်ပါပဲပါတယ်။ ကော်တွေနဲ့ကပ်ပါ၊ ဖျက်ဆီးပါလို့လည်း မပါပါဘူး။ ဆယ်လိုတိပ်လေးနဲ့ မပျက်စီးအောင် အသာအယာကပ်ရင် ရပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုလက်ဖက်ရည်ဆိုင်ရှင်က…

"လုပ်လိုက်ဟာ"

ဟု ဆိုကာ ပြန်၍သွားလေတော့၏။

တစ်လမျှကြာလျှင် ထိုလက်ဖက်ရည်ဆိုင်ရှင်သည် ကျွန်ုပ်ထံသို့ ရောက်လာပြီးလျှင်…

"မထူးဘူး ဆရာရဲ့"

ဟု ပြောပြန်လေ၏။ ထိုအခါ ကျွန်ုပ်က…

"ဒီလိုရှိတယ် မိတ်ဆွေကြီးရဲ့ ခင်ဗျားဆိုင်က ဇီးကွက်ရုပ်မှာ ငွေစက္ကူတွေ ကပ်ထားတာတော့ ဟုတ်ပြီ။ ဒါပေမယ့် ဇီးကွက်ဆိုတဲ့ သဘောမှာက လေဓာတ်နဲ့ မြေဓာတ်ပဲ ပါသေးတယ်။ ရေဓာတ်နဲ့ မီးဓာတ် လိုသေးတယ်။ အဲဒီတော့ ဇီးကွက်မျက်လုံးနှစ်လုံးမှာ တစ်လုံးကို မီးဓာတ် ဓထည့်၊ တစ်လုံးကို ရေဓာတ် ဝလုံးထည့်ဗျာ။ နှုတ်သီးမှာ ကြီးလေးကြီးစေတီထည့်၊ အတောင်နှစ်ဖက်မှာ ကကြီး၊ ယကြီး၊ ထကြီး၊ ဋကြီး ဆိုတဲ့ မူလ ကြီးတံဆိပ်ကို တပ်ဗျာ။ ထားပါတော့လေ။ ဒါတွေပြောလို့ ခင်ဗျားသိမှာလည်း မဟုတ်ဘူး။ လုပ်လည်း လုပ်တတ်မှာ မဟုတ်ဘူး။ ခင်ဗျားဆိုင်မှာ ရှယ်တစ်ခွက်လည်း သောက်ရင်း ခင်ဗျားရဲ့ ငွေစက္ကူဇီးကွက်မှာ ဆော့ဖ်ပင်နဲ့ ရေးပေးပါ့မယ်ဗျာ"

ဟုဆိုကာ ကျွန်ုပ်သည် ၎င်း၏လက်ဖက်ရည်ဆိုင်သို့ လိုက်၍ ငွေစက္ကူများကပ်ထားသော ဇီးကွက်ပေါ်တွင် ကျွန်ုပ် ရေးလိုသောစာများ လိုက်လံရေးပေးခဲ့လေ၏။

သုံးရက်ခန့်ကြာသောအခါ ထိုလက်ဖက်ရည်ဆိုင်ရှင် ရောက်လာပြီး…

"ဆရာရေ ဗဲရီးဂွတ် သိပ်ကောင်းတာပဲ။ ဒါကြောင့် ကျွန်တော် လက်ဖက်ရည်နဲ့ မုန့်တွေ ဆရာ့အတွက် ယူလာတယ် သုံးဆောင်ပါဦး" ဟု ပြောလေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော သူတို့သည် ဤကိစ္စမျိုးများ လာရောက်၍ ခိုင်းလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ဇီးကွက်အရုပ်ကို အသုံးမပြုတော့ဘဲ ငွေပုံသဏ္ဍာန် စာရွက်တွင် ဇီးကွက်ပုံ ဒီဇိုင်းဆင်၍ ကျွန်ုပ် ရေးလိုသော သင်္ကေတများ ရေးကာ ထိုသူတို့အား ပေးခဲ့လေ၏။ ထိုသူတို့သည် ဝမ်းမြောက်စွာ ယူသွားလေ၏။ ထို့နောက် "ဒါဘာလဲ" ဟုလည်း မေးကြလေ၏။

အမှန်စင်စစ် ဤအရာသည် ဈေးဆိုင်များ လာဘ်ခေါ်သည့် နည်းအမျိုးမျိုးအနက် နည်းတစ်မျိုးပင်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်က ထိုသူတို့အား…

"လာဘ်ခေါ်တစ်ချက် ငွေဇီးကွက်ပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ထိုသူတို့သည် ကျွန်ုပ်အား ပြုံးပြသွားကြ၏။ ၎င်းတို့၏ အပြုံးများသည် ပီတိများ ဖြစ်ကြ၏။ ကျွန်ုပ်သည် ထိုပီတိများကို ကောင်းစွာစားသုံးနေသည်တကား။

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိခ်**

[မနောမယ လက်ဆောင်ပေါင်းချုပ်၊ စာမူခွင့်ပြုချက် အမှတ် ၁၀၀/၂၀၀၁(၁)]



www.burmeseclassic.com

www.burmeseclassic.com



# ဈေးခေါ် ငွေရှင် ငွေစီးကွက်

မင်းကြည်ညို

ကျွန်ုပ်၏ နိစ္စဓူဝအလုပ်ဖြစ်သော အိပ်ရာမှထ မျက်နှာ[illegible]ပြီးသည်နှင့် ဘုရားရှိခိုးခြင်း၊ ဗုဒ္ဓနုဿတိပွားများခြင်း၊ [illegible]တော်၊ ဂါထာတော်များ ရွတ်ဖတ်ခြင်း အမှုများပြု၏။ [illegible]ပြုပြီး သဗ္ဗသတ္တဝါအပေါင်းအား မေတ္တာပို့ အမျှဝေခြင်း [illegible]

ပြီးနောက် ကျွန်ုပ်၏ ဇနီးသည်က အခင်းသင့်ပြင်[illegible]ထားသော ထမင်းကြော်နှင့် ရေနွေးကြမ်း စားသောက်၏။ နံနက် အဆာပြေ စားသောက်ပြီးလျှင် ဈေးဆိုင်ဖွင့်ရန် အိမ်မှထွက်ခဲ့၏။

ဤသို့ဖြင့် ကျွန်ုပ်သည် နံနက်တိုင်း အလုပ်ဖြစ်သော ကျိုးတိုးကျဲတဲ ဈေးရောင်းချခြင်းနှင့် စာဖတ်မှတ်သားခြင်း အလုပ်အား တစ်လှည့်စီ လုပ်လေ၏။

နေ့ခင်းပိုင်းတွင် ကျွန်ုပ်၏ဇနီးသည် ထမင်းချိုင့်နှင့် အတူ ရောက်လာ၏။ ထိုအခါ ကျွန်ုပ်က…

www.burmeseclassic.com

"ဒီနေ့ရော ဘာဟင်းချက်လဲကွ"ဟု မေးလိုက်၏။

"ထုံးစံအတိုင်း ငါးလေးချက်နဲ့ ပဲကြီးဟင်း"

ကျွန်ုပ်က···

"တစ်ခါတစ်လေ ဒီပြင်ဟင်းလေး အာလေး ချက်ပါဦး"ဟု ပြောလျှင်···

"ကျွန်မလည်း ချက်ချင်တာပေါ့။ ဝင်ငွေနဲ့ထွက်ငွေ ချင့်ချိန်ပြီး ချက်နေရတာ"

ဟု ပြန်ပြောသည်နှင့် ဆက်လက် နားပူလာမည့် အရေးကြောင့် ကျွန်ုပ်သည် ခပ်မဆိတ်နေလိုက်ပြီး ထမင်းကိုသာ ငုံ့ကာစားလေ၏။

ဤကား ကျွန်ုပ်တို့ ဇနီးမောင်နှံ၏ နှစ်ပေါင်းများစွာ နေ့စဉ်ဖြစ်နေကျပုံစံတစ်ခု ဖြစ်လေ၏။

ကျွန်ုပ်သည် ထမင်းစားသောက်ပြီးသည်နှင့် ဆေးပေါ့လိပ်တစ်လိပ်အား မီးညှိလျက် ပက်လက်ကုလားထိုင်တွင် အသာအယာမှေးထိုင်ပြီး ဆေးလိပ်ဖွာရှိုက်ကာ ထမင်းလုံးစီနေ၏။

ကျွန်ုပ်၏စိတ်တွင် ရွှေတွင်း၊ ငွေတွင်းတစ်ခု၏အစကို တူးဖော်မိပြီဟု မှတ်ထင်လေ၏။ "မသိသူကျော်သွား၊ သိသူဖော်စား"ဆိုသကဲ့သို့ ကျွန်ုပ်သည် ရတနာသိုက်တစ်ခု၏ တံခါးဝသို့ ရောက်နေပေပြီ။

ရတနာသိုက်အား···သမားရိုးကျပေါက်ချွန်း၊ ပေါက်ပြားများဖြင့် တူးဖော်လျှင် အချိန်ကြာမြင့်ပေအံ့။ စက်ယန္တရားများဖြင့် တူးဖော်ပါက အလွန်လျင်မြန်ပေမည်။ ထိုဥပမာကဲ့သို့ ကျွန်ုပ်သည် မည်သို့စီရင်ဆောင်ရွက်ရမည်နည်းဟု အထပ်ထပ် တွေးတောကြံစည်လေ၏။ လိုလျှင်ကြံဆ နည်းလမ်းရ ဆိုရိုးစကားအတိုင်း ဉာဏ်အလင်းရောင်တစ်ချက် လက်ခနဲ ဖြစ်သွားသည်။

ထို့ကြောင့် ကျွန်ုပ်ပြောဆိုလာမည့် စကားကို တိတ်ဆိတ်စွာ ငုံ့လင့်နေသော ဇနီးသည်ဘက်သို့ လှည့်လိုက်၏။

"မိန်းမရေ···ဒီနေ့ ဘာနေ့လဲကွ"

ဟု ကျွန်ုပ်က မေးလျှင်···

"တနင်္ဂနွေနေ့လေ"

ဟု မဆိုင်းမတွ ပြန်ဖြေ၏။ ဇနီးသည်၏ စကားကို ကြားရသောခါ နတ်ကောင်းနတ်မြတ် နတ်ဒေဝတာများ မ,လေပြီဟု ငံစ်ထောင်းအားရရှိလှ၏။ ကျွန်ုပ်သည် အချိန်မဆိုင်းငံ့တော့ဘဲ အဝတ်အစားများ လဲလှယ်လိုက်၏။ လိုအပ်သည်များကို ယူဆောင်ပြီး ရွှေမုဋ္ဌောဘုရားသို့ ထွက်ခဲ့လေ၏။

ဘုရားကုန်းတော်ပေါ်သို့ အရှေ့မှခ်မှ တက်၏။ ကုန်းတော်ပေါ်သို့ ရောက်လျှင် လက်ယာရစ်တစ်ပတ်လှည့်ကာ ကြည်ညိုလိုက်၏။ ပြီးနောက် ဘုရားဆိုင်ခန်းများသို့ သွားရောက်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်၊ အောင်သပြေနှင့် တံခွန်ကုက္ကားများဝယ်၏။ ၎င်းပြင် ထိုဆိုင်များတွင် တွေ့ရှိရသော စက္ကူဦးကွက်ရုပ်တစ်ရုပ်၊ အလှတင်စောင်းကောက်ငယ်တစ်ခုနှင့် လာဘ်ခေါ်တစ်ချက် ငွေဦးကွက်ပုံပါသော အိတ်ဆောင်ဓာတ်ပုံတစ်ခုပါ တစ်ပါတည်းဝယ်လိုက်၏။

လိုအပ်သည်များ ပြည့်စုံလျှင် ကျွန်ုပ်၏ မွေးနံထောင့်ဖြစ်သော အင်္ဂါထောင့်သို့ သွား၏။ ဖယောင်းတိုင်၊ အမွှေးတိုင်ကို ထွန်းညှိပူဇော်၏။ ပန်း၊ ရေ၊ ဆီမီး၊ တံခွန်၊ ကုက္ကားတို့ကို ကပ်လှူ၏။ နတ်ဒေဝတာများအား မေတ္တာပို့သ၏။ ကျွန်ုပ်၏ အကြံအစည်များ အောင်မြင်ရန် စောင့်ရှောက်ပါဟု တိုင်တည်၏။

တစ်ဖန် အောင်မြေသို့ သွားရောက်ပြီး အဓိဋ္ဌာန်ပြုကာ အောင်မြေနင်း၏။ နှုတ်မှလည်း"အောင်ပြီ"ဟု သုံးကြိမ်ကြွေးကြော်လိုက်၏။

ကျွန်ုပ်သည် ဘုရားတွင် လုပ်ကိုင်စရာရှိသည်များကို လုပ်ကိုင်ပြီးသည်နှင့် ဆိုင်သို့ပြန်ခဲ့၏။ ဆိုင်သို့ရောက်လျှင် သစ်သားစင်တစ်ခု ရိုက်၏။ စင်ရိုက်ပြီးလျှင် စက္ကူအစိမ်းရောင်တစ်ခု ခင်းလိုက်၏။ ပြီးလျှင် စောင်းကောက်အား အလယ်တွင်ထားကာ ဦးကွက်တစ်ကောင်စီအား စောင်းကောက် ဝဲ-ယာတွင် ထား၏။ လာဘ်ခေါ်တစ်ချက် ငွေဦးကွက် ဓာတ်ပုံကဒ်ပြားအား စောင်းကောက်တွင်မှီလျက် ထောင်ထား၏။

အားလုံး နေသားတကျ စီစဉ်ဆောင်ရွက်ပြီးလျှင် ကျွန်ုပ်ဇနီးသည် ဝယ်ပေးထားသော လက်ဖက်ရည်တစ်ခွက်ကို သောက်လိုက်၏။ လုပ်ကိုင်ထားသော အစီအရင်များ လုံးဝဥဿုံ အောင်မြင်လေပြီဟူသော အသိဖြင့် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလေ၏။

နောက်တစ်နေ့နံနက်တွင် ဆိုင်သို့ရောက်လျှင် လုပ်နေကျ ပုံစံအတိုင်း ဆိုင်ဖွင့်၏။ တစ်နေ့တာ ရောင်းချရန် ခင်းကျင်း၏။ ပြီးလျှင် စောင်းကောက်အား ယူလိုက်၏။ "သဗ္ဗိဝေန ခယခပင်းသုဒီ ပုဇာစ" ဟူသော ငွေရဂါထာအား ကိုးခေါက်ရွတ်၏။ ဂါထာ တစ်ခေါက်ရွတ်ပြီးတိုင်း စောင်းတစ်ချက်တီးခတ်၏။ ဂါထာကိုးခေါက်ရွတ်ပြီးသော အခါ စောင်းကိုးကြိမ်တီးခတ်ပြီး ဖြစ်လေ၏။

ကျွန်ုပ်သည် ဗေလုဝနတ်စောင်းအား တီးခတ်နေသဖြင့် သက်ဆိုင်ရာ နတ်မင်း၊ ဗြဟ္မာမင်း အပေါင်းတို့သည် ဗေလုဝနတ်စောင်းသံ ကြားရပြီး ကျွန်ုပ်အား ကူညီစောင့်ရှောက် မစကြကုန်ပြီဟု နှလုံးသွင်းထားလေ၏။

နေ့ခင်းပိုင်းသို့ရောက်လျှင် ကျွန်ုပ်၏ဇနီးသည် ထမင်းချိုင့်နှင့် ရောက်လာ၏။ ကျွန်ုပ်က ထုံးစံအတိုင်း...

"မင်း နောက်ကျနေပါလား" ဟု ဆိုလျှင်...

"ဟုတ်ပါ့ရှင်။ အိမ်မှာ ဧည့်သည်ရောက်နေလို့။ လွန်ခဲ့တဲ့နှစ်က ပိုက်ဆံချေးသွားတဲ့ ရှင့်သူငယ်ချင်းပေါ့"

ကျွန်ုပ်သည် ဇနီးသည်၏စကားကို ကြားသည်နှင့် လွန်ခဲ့သောနှစ်က အဖြစ်အပျက်အား ပြန်မြင်ယောင်မိလေ၏။ ကျွန်ုပ်တို့သည် နေ့စဉ်အရောင်းအဝယ်သမားများ ဖြစ်သဖြင့် လက်ထဲတွင် ငွေအနည်းငယ်သာ ခြေစောင့်လက်စောင့် ထားရလေ၏။ ကျွန်ုပ်၏ သူငယ်ချင်းသည် ရောက်ရှိလာပြီး သူ့အတိဒုက္ခရောက်လုပါကြောင်း၊ တစ်လအတွင်း ပြန်ပေးမည်ဖြစ်ကြောင်း ကတိ အထပ်ထပ်ပေးပြီး အစအနပင် မမြင်ရဘဲ ပျောက်သွား၏။ ကျွန်ုပ်သည် အလွန်စိတ်နှလုံးမချမ်းမြေ့သဖြင့်...

"ဒင်းက ဘာလာလုပ်ပြန်တာလဲ"

ဟု အော်ကလီအာသော အသံဖြင့် မေးလိုက်၏။

"ရှင်ကလည်း စကားဆုံးအောင် နားထောင်ပါဦး။ နေ့က ရောက်လာပြီး ပေးစရာရှိတာတွေလည်းပေး၊ သူ့ အတိပျက်တာလည်း တောင်းပန်သွားရှာတယ်။ ကျွန်မတောင် သူလည်းမြင်ရော ပြောချလိုက်မယ်ဆိုပြီး မောင်းတင်ထားတာ မပြောရက်တော့ဘူး"

ပြုံးရွှင်ခွင့်လွှတ်သော အသံဖြင့် ပြောပြလေ၏။ ဤကား ခွင့်လွှတ်သနားတတ်သော မြန်မာလူမျိုးတို့၏ ဓလေ့တစ်ခုဖြစ်၏။ ကျွန်ုပ်၏ဇနီးသည် ရှင်းပြရင်း ပြုံးရွှင်သွက်လက်စွာ ထမင်းပွဲပြင်ဆင်ပြီး...

"ကဲ... ထမင်းစားကြမယ်"

"ဒီနေ့တော့ ဘာဟင်းချက်လဲ။ ထုံးစံအတိုင်းပဲလား"

"ကဲပါ...စကားများမနေနဲ့။ လက်ဆေးတော့"

ဟု ပြောလေ၏။

ကျွန်ုပ်သည် လက်ကို စင်ကြယ်စွာဆေးကြောပြီး ထမင်းစားရန် နေရာတကျ ထိုင်လိုက်၏။

"ဒါက ကြက်သား ကာလသားချက်၊ ဒါက ရှောက်သီးသုပ်၊ ဒါကတော့ မြူစွမ်ဟင်းချို၊ ထမင်းကတော့ အုန်းထမင်း"

ကျွန်ုပ်၏ ဇနီးက ဟင်းခွက်များကို တစ်ခုချင်းကိုင်ကာ ပြောပြလေ၏။ ကျွန်ုပ်သည် လွန်စွာ ထူးဆန်းအံ့ဩဖွယ် အဖြစ်အပျက်တစ်ခုကို တွေ့ဆုံရသကဲ့သို့ ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်သည် မေးခွန်းပေါင်း မြောက်မြားစွာပါသည့် အကြည့်ဖြင့် ကြည့်လိုက်လေ၏။ ဇနီးသည်က ကျွန်ုပ်၏ အကြည့်အား နားလည်သဘောပေါက်သည့် အတိုင်း

"မအံ့ဩနဲ့ရှင်။ မနက်က ရှင့်သူငယ်ချင်း လက်ဆောင်ပေးခဲ့တဲ့ ဟာတွေပေါ့။ ကြက်တစ်ကောင်ရယ်၊ အုန်းသီးငါးလုံးရယ်၊ ပေါ်ဆန်းဆန်တစ်အိတ်ရယ်"

"ဟာကွာ...ဘာဖြစ်လို့ လက်ခံထားရသလဲ။ တော်ကြာတစ်မျိုးတစ်မည် ထင်သွားမှဖြင့်ကွာ"

"ကျွန်မလည်း အတန်တန် ငြင်းပါတယ်တော်။ လက်မခံရင် သူ့စိတ်မကောင်းဖြစ်ရမယ် ဘာညာဆိုပြီး အတင်းထားပြီး ထွက်သွားတာပဲ"

"ဟာကွာ...အားနာစရာကြီး"

ဟု ပြောလိုက်ပြီး ထမင်းကို အားပါးတရ ခေါင်းမဖော်တမ်း စားသောက်လေ၏။

အုန်းထမင်းအား ကြက်သားဟင်းရည်ဆမ်းလိုက်၊ ရှောက်သွားသုပ်စားလိုက်၊ မြူစွမ်ဟင်းချိုသောက်လိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ခံတွင်းမြိန်လှ၏။ လွန်စွာ အရသာရှိ၏။

ကျွန်ုပ်သည် အလွန်ထူးခြား အရသာရှိလှသော နံနက်စာကို စားသောက်ပြီးသည်နှင့် ဆေးပေါ့လိပ်တစ်လိပ်အား မီးညှိဖွာရှိုက်ကာ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ဇိမ်ယူနေလိုက်၏။

ကျွန်ုပ်သည် ရောင်ပြန်မဂ္ဂဇင်းတွင် ပါပြီးဖြစ်သော လာဘ်ခေါ်တစ်ချက် ငွေဇီးကွက်အား အခြေခံယူပြီး မိမိမွေးနံ၏ ဆပွတ်ကျသောနေ့တွင် ဈေးခေါ်ဓာတ်အား ကက်ကင်းအရှင်ဖမ်းထားခြင်း ဖြစ်၏။

ယခုချက်ချင်း အကျိုးပေးလေပြီ။ အပေဟာသုခံ ဆရာကြီးဟု ရေရွတ်မိ၏။

ကျွန်ုပ်၏ စိတ်ကူးလိပ်ပြာသည် ဆက်လက်လွင့်ထွက်သွားပြန်၏။ ကျွန်ုပ်ကဲ့သို့ အခက်အခဲဒုက္ခကြုံတွေ့သူများ များစွာ ရှိပေအံ့။ ၎င်းသူများသည် သဲကန္တာရအလယ်တွင် ရေကြည်ပေါက် ရှာသူများကဲ့သို့လည်းကောင်း၊ ကျယ်ပြောလှသော သမုဒ္ဒရာ၏အလယ်တွင် အနားကမ်းစပ် ရှာဖွေကူးခပ်သူများကဲ့သို့လည်းကောင်း ဖြစ်နေကြပေမည်။

၎င်းလူများသည် ကျွန်ုပ်ကဲ့သို့ အကျိုးခံစားရလျှင် ကောင်းလေစွ။ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သည် တန်ဖိုးကြီးလှပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ရောင်ပြန်မဂ္ဂဇင်းသို့ မှတ်မှတ်ရရကလျာအတွက် ရေးသားပေးပို့လျှင် ကောင်းမည်ဟု စိတ်ကူးခရီးဆက်၏။ ဂန္ဓာရီခရီး လှည့်လည်နေသည့် စာရေးဆရာကြီးအား အထူးကျေးဇူးတင်ရှိကြောင်း ကျွန်ုပ်၏ အဖြစ်အပျက်အမှန်အတိုင်း အပိုအလိုမရှိ မှတ်မှတ်ရရ ဂုဏ်ပြုရေးသားလိုက်လေ၏။

ကျွန်ုပ် ကြံစည်စိတ်ကူးမိခဲ့ပုံမှာ ဤသို့ဖြစ်၏။

ဈေး+ခေါ် ဟူသောစကားသည် အင်္ဂါ+ကနင်္လာနံ ပေါင်းစပ်ထားခြင်းဖြစ်၏။ ၎င်းဈေးခေါ်အား ကက်ကင်းအရှင်သဘောအရ အင်္ဂါ+တနင်္လာဓာတ်များဖြင့် ဖမ်းယူ၏။

ခင်းထားသော စက္ကူ(အစိမ်းရောင်)သည် စက်+ကူဖြစ်သဖြင့် အင်္ဂါ+တနင်္လာ ကက်ကင်းမိ၏။ အစိမ်းရောင်သည် ပိုက်ဆံ၏အရောင်ဖြစ်ကြောင်း ဆရာကြီးသည် ဖော်ထုတ်တင်ပြခဲ့ပြီးဖြစ်လေ၏။

စက်+ ကူဇီး+ကွက် ရုပ်သည် ကက်ကင်းနှစ်ကြိမ်တစ်ခါတည်း ဖမ်းမိပြီးဖြစ်၏။ တစ်ဖန် စောင်း+ကောက်သည်လည်း အင်္ဂါ+တနင်္လာ ကက်ကင်းဓာတ်မိ၏။ ဈေးခေါ်ဟူသောဓာတ်အား ကက်ကင်းအရှင်နည်းဖြင့် ညီညွတ်စွာဖမ်းထားလေ၏။

သူကိုနိုင်လို ဆနင့်ခိုဟူသော စကားအရ မိမိ၏ အစီအရင်အောင်မြင်ရန် မွေးနံ၏ ဆပွတ်ကျသောနေ့တွင် စီစဉ်ခြင်းဖြစ်၏။ ရှင်းလင်းပြရလျှင် • • •

| မွေးနေ့မွေးနံ | ဆပွတ်ကျနေ့ |
|---|---|
| တနင်္ဂနွေ | သောကြာ |
| တနင်္လာ | စနေ |
| အင်္ဂါ | တနင်္ဂနွေ |
| ဗုဒ္ဓဟူး | တနင်္လာ |
| ကြာသပတေး | အင်္ဂါ |
| သောကြာ | ဗုဒ္ဓဟူး |
| စနေ | ကြာသပတေး |

• • • ဟူ၍ ဖြစ်လေ၏။ အလွယ်တကူ မှတ်သားလိုလျှင် ဆရာကြီး၏နည်းဖြစ်သော "အုန်းသီးလှည်းကြီး တို့များစီး" လင်္ကာအတိုင်း မှတ်ပါလေ။

ကျွန်ုပ်သည် ထိုစာရေးဆ~ ကြီး၏ လာဘ်ခေါ်တစ်ချက် ငွေဇီးကွက်အား ဆက်လက်ကြံဆပြီး အောင်မြင်ရခြင်းဖြစ်ပေ၏။ ထို့ကြောင့်လည်း ကျွန်ုပ်သည် အခြေခံလမ်းညွှန်ပြသခဲ့သော စာရေးဆရာကြီးအား အထူးကျေးဇူးတင်ကြောင်း မှတ်မှတ်ရရ ဂုဏ်ပြုရေးသားတင်ပြလိုက်ရလေသတည်း။

မင်းကြည်ညို၊



www.burmeseclassic.com

www.burmeseclassic.com

# စီးကွက်ဆော်ဂျီ

## ဈေးခေါ်မည်

ဂမ္ဘီရဆရာလှမျိုး(B.Sc)




လောကီပညာ ဓာတ်ယတြာတွင် အဆောင်အမျိုးမျိုး၊ ယတြာအမျိုးမျိုး ဓာတ်ဆင်နည်းအမျိုးမျိုးအဖုံဖုံ ရှိပါသည်။ ထိုအဆောင်ယတြာအမျိုးမျိုးအနက်မှ လူအများစိတ်ဝင်စားသော ယတြာမှာ ဈေးခေါ်ယတြာအဆောင်ပင် ဖြစ်ပါသည်။ ဈေးရောင်းနေသူများ၊ စီးပွားရေးသမားများ အရောင်းအဝယ်ကောင်း၊ ဈေးဝယ်သူများလာစေရန် မိမိရောင်းလိုသည့် ကုန်ပစ္စည်းများ အရောင်းစွံစေရန် လူဝင်၊ လာဘ်ဝင်၊ ဝင်ငွေတိုးတက်စေရန် ဆောင်ရွက်ပြုလုပ်သော အဆောင်ကို 'ဈေးခေါ်' ဟု ခေါ်ပါသည်။

www.burmeseclassic.com

ထိုဈေးခေါ်ဟူသော ဝေါဟာရသည် ဗေဒင်ပညာဖြင့် ကြည့်ပါက အင်္ဂါ+တနင်္လာနံ (၃+၂) ဖြစ်နေ၏။ ထို့ကြောင့် ရှေးဆရာကြီးများက 'ခတ်တူနံတူ ဆေးဖက်ယူ'ဟူသော အင်္ဂဝိဇ္ဇာပညာနှင့် ညှိနှိုင်း၍ ဓီးကွက် ဇော်ဂျီယတြာကို တီထွင်ထားခဲ့ပါသည်။ အဆောင်ယတြာတစ်ခုသည် အစွမ်းမထက်ပါက နှစ်ကာလကြာလျှင် မှေးမှိန်ပျောက်ကွယ်သွားတတ်ပါသည်။ ယခု ဓီးကွက်ပေါ် ဇော်ဂျီထိုင်၍ ဆေးကြိတ်နေပုံ အဆောင်မှာ နှစ်ပေါင်းကြာလေ ထင်ရှားလေ ဖြစ်နေ၏။

မဂ္ဂဇင်း၊ ဂျာနယ်များတွင်လည်း ဖော်ပြရေးသားခဲ့ကြပါသည်။ ဈေးဆိုင်များတွင်လည်း တွေ့ရှိရပါသည်။ အချို့လည်း အကုန်အကျသက်သာအောင် ခတ်ပုံ၊ ပန်းချီပုံ ပြုလုပ်ပေးကြပါသည်။ ယခု စာရေးသူရေးသားမည့် အစီအရင်မှာ ဘိုးဝါယမ ရေးသားချီးမြှင့်ပေးထားသော နည်းဖြစ်ပါသည်။ ထိုစာအုပ်တွင် "အောင်ဇော်မင်းရုပ်တုဆောင်ရွက်နည်း"ဟု ရေးသားထားပါသည်။ အဘယ်ကြောင့် အောင်ဇော်မင်း အမည်ပေးထားရသနည်းကိုတော့ ရှင်းပြမထားပါ။ ထုလုပ်ဆောင်ရွက်နည်းနှင့် သိဒ္ဓိတင်နည်းကိုသာ သေချာရေးသားထားပါသည်။

ဆောင်ရွက်နည်းမှာ– စစ်ကိုင်း၊ စဉ့်ကိုင်၊ စဉ့်ကူးမြို့တွေမှာ ပေါက်တဲ့ ဓောင်းချမ်းသားကို ဓီးကွက်ပေါ် ဇော်ဂျီဆေးကြိတ်နေပုံကို ထုပါဟု ဖော်ပြထားပါသည်။ အကယ်၍ မြို့ရွာဒေသကွဲလွဲပြီး အညာဒေသမှ ရလာသော "ဓောင်းချမ်းသား"စစ်လျှင်လည်း ပြုလုပ်၍ရပါသည်။ ဓောင်းချမ်းသား အခေါက်မှာ သနပ်ခါးအခေါက်ကဲ့သို့ ပုံစံခပ်ဆင်ဆင်တူပါသည်။ အတွင်းပင်စည်သားမှာ ဖြူနေပါသည်။ ပန်းပုဆိုင်များတွင် ရှိတတ်ပါသည်။

ဓီးကွက်ပေါ်တွင် ဇော်ဂျီဆေးကြိတ်နေပုံကို အချိုးအစားညီညီ ထုပြီး ဆေးခြယ်ပါ။ ဇော်ဂျီဆေးကြိတ် ဆေးခြယ်အားလုံး အင်္ဂါ+တနင်္လာ ဖြစ်နေပါသည်။

ထိုအရုပ်ကလေးကို ဆန်ကောတစ်ချပ်တွင် စက္ကူခင်း၊ ဆန်ကွဲကြဲပြီး အရုပ်ကလေးတင်ပါ။ လောကီပညာရှင် ဆရာကြီးတစ်ဦးမှ မည်သည့်ခတ်ယတြာကက်ကင်း ခတ်တူ၊ နံတူမဆို အဆင့် ၉ ဆင့်ထက် မပိုစေရဟု မှတ်သားရပါသည်။

ထိုအရုပ်ကလေးရှေ့တွင် စံပယ် ၉ ပွင့် (သို့မဟုတ်)၊ စိန်ပန်း(သို့မဟုတ်)၊ ဆပ်သွားဖူး၊ ဖွန်ဖူး၊ ဖွန်ပန်း စသည့် အင်္ဂါနံနှင့်စပြီး ကြာသပတေးနံဆုံးသည့် ပန်းတစ်မျိုးနှင့် မတ်စေ့ ၉ စေ့တင်ပြီး ဆောင်ပါ။

ထိုဆန်ကောအောက်တွင် ဆန်ကာ(စကာ)ခုံး တစ်ခုခံပါ။ ဆန်ကောမှာ အပေါက်မပါ။ ဆန်ကာမှာ အပေါက်ပါသည်။ ဆန်ကာခုံးထဲသို့ ပေါက်ပေါက်ပွင့် ထည့်ပါ။ ဆန်ကောနှင့် ဆန်ကာမှာ သီလရှင်များ ဆန်ခံသော အသေးကလေး အသုံးပြုနိုင်ပါသည်။ စာရေးသူအနေနှင့် ပန်းချီမကျွမ်းကျင်သော်လည်း ဆရာကြီးရေးသားထားသည်ကို ပုံဖော်ကြည့်မိလိုက်ပါသည်။

*(ဤဆောင်ရွက်ပုံ ဆောင်ရွက်နည်းကို မည်သည့် မဂ္ဂဇင်း၊ ဂျာနယ်တွင်မှ မတွေ့မိသေးပါ။*

*စာရေးသူ)*

| စစ်ကိုင်း၊ | ဓီးကွက်၊ | ဇော်ဂျီ၊ | ဆေးကြိတ်၊ | ဆေးခြယ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |

| ဆန်ကော၊ | စက္ကူ၊ | ဆန်ကွဲ၊ | ဆန်ကာ |
|---|---|---|---|
| ၆ | ၇ | ၈ | ၉ |

စုစုပေါင်း ခတ်တူနံတူ ကိုးဆင့် ဖြစ်နေပါသည်။ ဈေးခေါ်နှင့် အားလုံးတူနေပါသည်။ အကယ်၍ ၎င်းအဆင့် ကိုးဆင့်ထက် လျော့နေပါကလည်း အစွမ်းရှိပါသည်။ ကိုးဆင့်ထက် မပိုရ။ အောင်ဇော်မင်း (၁+၃+၅)=၉ ဖြစ်နေ၏။ ဘိုးဝါယမမှ ပညတ်ကောင်းစေရန် အမည်ပေးထားခြင်း ဖြစ်ဟန်တူ၏။ ဤသို့ဆောင်ရွက်ပြီး အားလုံးပြည့်စုံလျှင် ဈေးဆိုင်ထဲထား၍ အောက်ပါ သုံးဂါထာ ပုတီးစိပ်ပါ။

၁။ သုဂတော ငါးချက်ဂါထာ

သုဂတော သုဂတဠာနံ၊ သုဂ တော သုန္ဒရံပါစ သုဂတော နိဗ္ဗာနံဟတိ၊ သုဂ တော တေနမော နမာ။ *

၂။ ပဋ္ဌာန်းဂါထာ

ပဋ္ဌာန် သကလကန္ဓာ ဓမ္မေ က ပဒံ၊ ဒုကတိယာဒိ



www.burmeseclassic.com

www.burmeseclassic.com

ပဒသာ၊ နိဿနတော သမနီ ဒုန်မာ သမ္ဗု၊
သနိဒ္ဒုကမတော၊ ဝိဘဇ္ဇေ ပဋ္ဌမေန ဝိနာ။

၃။ ဓိ ၁၀ ချက်ဂါထာ
ဓိနပါပံ ဓိနံသေဋ္ဌော၊ ဓိနပါပံ ဓိ နံ ဓမ္မော၊
ဓိနပါပံ ဓိနံသံဃော၊ ဓိနောရသံ ဓိနံဂုရု၊
ဓိနဘိဓံ – ဓိနံနမေ။

<u>မှတ်ချက်</u>

- သုဂတောင်းချက် ဂါထာကို တစ်ဂါထာ တစ်လုံးချ တစ်ပတ်နှုန်း။
- ပဋ္ဌမံဂါထာကို တစ်ဂါထာ တစ်လုံးချ သုံးပတ်။
- ဓိ ၁၀ ချက် ဂါထာကို တစ်ဂါထာ တစ်လုံးချ တစ်ပတ်။

အားလုံးပေါင်း ငါးပတ်ကို မနက် ငါးပတ်၊ ည ငါးပတ်စိပ်ပါ။ နေ့စဉ် မစိပ်နိုင်လျှင် စတင်ဆောင်ရွက်နေသော နေ့မှာ အဓိက သိဒ္ဓိတင်ဆောင်ရွက်ပါ။ တစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် သိဒ္ဓိတင်ပါ။ အထူးမှာ ...

- ပုတီးစိပ်တိုင်း သစ်သီး၊ အလင်းတိုင်၊ အမွှေးတိုင်၊ ရေတော်တင် လှူပါ။
- ဘုရားရှိခိုး၊ အလှူဒါနပြု၊ သီလခံယူ ပုတီးစိပ်ပါ။ ထို့နောက် လိုရာဆန္ဒကို အနည်းဆုံး ငါးခါပြောဆို ဆုတောင်းပါ။
- ထိုဇော်ဂျီ ဓိးကွက်အဆောင်ကို ဆရာပြုလုပ်သူအား ဆောင်ရွက်ခိုင်းပါက ထိုက်တန်သော ဉာဏ်ပူဇော်ခ ချီးမြှင့်ရပါမည်။
- ကိုယ်တိုင် ပြုလုပ်မည်ဆိုပါက အထက်ပါအတိုင်း စနစ်တကျ ပြုလုပ်ဆောင်ရွက်ရပါမည်။

အရွယ်အစားမှာ ၃ လက်မခန့်လောက် ပြုလုပ်လျှင် ရပါသည်။ အလွန် သေးလွန်း၊ ကြီးလွန်းလျှင် မသင့်တော်ပါ။ အိတ်ထဲ ထည့်ဆောင်ရမည့် အဆောင်မဟုတ်ပါ။ ဈေးဆိုင်တွင် သီးသန့်စင်တစ်ခု၊ စားပွဲ၊ ကောင်တာ၊ မြင့်သောနေရာ၊ ဗီရို စသည်တို့ပေါ်တွင် တင်ထားရပါမည်။ အဆောင်ကောင်းလျှင် ပျောက်တက်၍ သတိထားပါ။

မည်သည့် ဈေးခေါ်အဆောင် ယတြာမဆို ယုံကြည်စွာ ပြုလုပ်ဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။ တန်ဖိုးနည်းခြင်း/များခြင်းထက် ယုံကြည်သက်ဝင်ဟူသော အဆိုအရ ယုံကြည်မှ သက်ဝင်နေပါမည်။ ဓာတ်ပုံ၊ ပန်းချီပုံထက် သစ်ပင်အရွက်အသားမှာ သာ၍ အစွမ်းထက်ကြောင်း အင်္ဂဝိဇ္ဇာပညာက ဆိုထားပါသည်။ ဤဈေးခေါ်အဆောင်တွင် မတ်စေ့မှလွဲ၍ ကျန်ပစ္စည်းများမှာ သဘာဝပစ္စည်းများဖြစ်၍ ဤနည်းကဲ့သို့ ပြုလုပ်ပါလျှင် အန္တရာယ်အမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုး ကင်းမည်။ ဈေးရောင်းကောင်းမည်၊ လာဘ်ရွှင်မည်၊ ကျက်သရေမင်္ဂလာရှိမည်၊ မိမိအလိုဆန္ဒအားလုံး မုချပြည့်စုံလာပါမည်၊ သိန်းသန်းချီ၍လုပ်သော လုပ်ငန်းအောင်မြင်မည်၊ လက်တွေ့ဆောင်ရွက်၍ အကျိုးထူး ခံစားရသူ များလှပေပြီ။

ဤမျှဆိုလျှင် စာဖတ်ပရိသတ်များ ဤဈေးခေါ်အဆောင်ကို လက်တွေ့ဆောင်ရွက်ကြည့်သင့်ပါပြီ။ ဆောင်ထားသူလည်း အမွှေးနံ့သာ ပက်ဖျန်း၍ ဖော်ပြပါ အစီအစဉ်အတိုင်း အသစ်တစ်ဖန် ပြန်လည်ဆောင်ရွက်နိုင်ပါသည်။ အခက်အခဲရှိသူများ စာရေးသူထံ ဆက်သွယ်ပါ။ ကူညီဆောင်ရွက်ပေးပါမည်။ ယခု ဖော်ပြပါ ဆောင်ရွက်နည်းများသည် စာရေးသူ၏ အာဘော်တီထွင်ရေးသားခြင်းမဟုတ်ဘဲ ဘိုးဝါယမ၏ ကျမ်းမြတ်မှ ပြန်လည်ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

# ဇီးကွက်ဆောင်တိုင်း ကောင်းသလား

## ထင်ကျော်သောင်း

'ဇီးကွက်'ကို လူတော်တော်များများက လာဘ်ကောင်ဟူ၍ သတ်မှတ်ကြ၏။ ထိုသို့ သတ်မှတ်ခြင်းနှင့်အတူ တမြတ်တနိုးပင် ဇီးကွက်ရုပ်ဆောင်ကြသည်ကိုလည်း တွေ့ရဖူးပါ၏။ ဇီးကွက်ဆိုသော သတ္တဝါကို မြို့၌ တွေ့ရခဲသော်လည်း ကျေးလက်တောရွာများ၌ အလွယ်တကူပင် တွေ့မြင်ရတတ်ပါသည်။ ထိုသို့ တွေ့မြင်ရာ၌ ညဘက်၌သာ တွေ့မြင်ရတတ်ပါသည်။ အကြောင်းမူ ဇီးကွက်သည် ညဘက်မှထွက်သော အနိဋ္ဌသတ္တဝါ ဖြစ်ပါ၏။

ဤ၌ ဇီးကွက်ကို ညဘက်အခါ၌ တွေ့မြင်ရသော နေရာအပေါ် မူတည်၍ အတိတ်နိမိတ် ကောက်ယူမှုများကို တင်ပြလိုပါသည်။

၁။ ညအခါ သစ်ကိုင်းစို၌ ဇီးကွက် နားနေသည်ကို တွေ့မြင်ရပါက စီးပွားဉစ္စာများ တိုးတက်ဖြစ်ထွန်းတတ်ပါသည်။

၂။ ညအခါ သစ်ကိုင်းခြောက်၌ ဇီးကွက်နားနေသည်ကို တွေ့မြင်ရပါက မိသားစုဝင်တစ်ဦးဦး အိမ်မှထွက်သွားရတတ်ပါသည်။

၃။ ညအခါ သစ်ကိုင်းခြောက်ပင်၏ အခေါင်း၌ ဇီးကွက်ရှိနေသည်ကို တွေ့မြင်ရပါက နေအိမ်မီးလောင်တက်ပါသည်။

၄။ ညအခါ သစ်ပင်အစို၏ အခေါင်း၌ ဇီးကွက်ရှိနေသည်ကို တွေ့မြင်ရပါက ခိုက်ရန်ဖြစ်ပွားတတ်သည်။

၅။ ညအခါ ချောက်ချားတုန်လှုပ်ဖွယ်ရာနေရာတစ်ခုခု၌ ဇီးကွက်ရှိနေသည်ကို တွေ့မြင်ရပါက ထိခိုက်ဒဏ်ရာတစ်ခုခုနှင့် တွေ့ကြုံရတတ်ပါသည်။

၆။ ညအခါ နေရာမရွေး ဇီးကွက်ကို တွေ့မြင်ရပါလျှင် ပစ္စည်းအခိုးခံရခြင်း၊ ငွေဝင်ခြင်း၊ အငြင်းပွားရခြင်း၊ သောကကြုံရခြင်း၊ ဒုက္ခရောက်ရခြင်းတို့ ကြုံရတတ်ပါသည်။

စင်စစ် ဇီးကွက်သည် အကာလ ညအခါကိုသာ မင်းမူရသဖြင့် အချို့က မကောင်းဆိုးဝါးငှက်ဟုပင် ဆိုကြ သတ်မှတ်ကြပါသည်။ ဇီးကွက်၏ သဘာဝကိုက မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြစ်လေရကား အဆိုးဘက်မှကြည့်လျှင် မျက်လုံးပြူး၊ မျက်ဆန်ပြူး၊ မျက်ကလဲဆန်ပျာ ဘေးဒုက္ခများမည့် နိမိတ်၊ အပူသောကနိမိတ်ပင် ဖြစ်ပါသည်။

ဤ၌ ရှေးလူကြီးသူမ ပညာရှင်များက ဇီးကွက်ရုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ ဆိုမိန့်ခဲ့သည့် ရှေးထုံးများမှာ 'မှတ်သားလိုက်နာဖွယ်ရာကောင်းလှပါသည်။

ဇီးကွက်ရုပ်ကို ဆောင်တိုင်းကောင်းသည်မဟုတ်ပါ။

တနင်္ဂနွေသားသမီး၊ ဗုဒ္ဓဟူးသားသမီး၊ အင်္ဂါသားသမီး၊ စနေသားသမီးတို့အနေဖြင့် ဇီးကွက်ရုပ်ကို (လုံးဝ)မဆောင်သင့်ပါ။ ဆောင်ပါက လာဘ်မရှင်သည့်အပြင် အနှောင့်အယှက်များ၊ စိတ်သောကရောက်စရာများနှင့်သာ ကြုံရတတ်ပါသည်။

သို့ဆိုပါက မည်သည့်နေ့နံသားတွေနှင့်သာ သင့်ပါသနည်း။

တနင်္လာသားသမီး၊ ကြာသပတေးသားသမီး၊ သောကြာသားသမီးတို့သာလျှင် ဆောင်မည်ဆိုက ဆောင်ထားနိုင်ပါသည်။

စင်စစ် လောကီလူသားများအဖို့ လောကီရေးရာ ကြီးပွားရာ ကြီးပွားရာကြီးပွားကြောင်းအတွက် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ထားခြင်း၊ လုံ့လဝီရိယရှိခြင်း၊ အလုပ်ကြိုးစားခြင်း၊ မပျင်းမရိခြင်း အစရှိသည်တို့ လိုအပ်လှပါသည်။ အဟိတ်တိရစ္ဆာန်ရုပ်ကို ဆောင်ရုံမျှနှင့်တော့ အကျိုးပေးကံမထူးလာနိုင်ပါကြောင်း လေ့လာသိရှိထားသမျှကို တင်ပြလိုက်ရပါသည်။

**ထင်ကျော်သောင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းကောင်းစေရာ ငွေစက္ကူပေါ်ရေးသည့် စမယကြာ

ဝင်းဇော်(သုံးဆယ်)

တစ်နေ့သ၌ ကျွန်တော်သည် ဖုန်တက်နေသော စာအုပ်စင်ကို ရှင်းလင်းရင်း အဘိုးဆရာသိန်း၏ မှတ်တမ်းစာအုပ်ကို လှန်လှောကြည့်ရှုမိပါသည်။ အဘိုးဆရာသိန်း ကွယ်လွန်သွားသည်မှာ နှစ်ပေါင်း ၃၃ နှစ်ရှိခဲ့ပြီ။ ကျွန်တော့် အသက်သည်ပင် ၅၃ နှစ်ရှိပြီဖြစ်ရာ အဘိုးဆရာသိန်း၏ မှတ်တမ်းစာအုပ်၏ သက်တမ်းသည် နှစ်ပေါင်း ၇၀ ကျော်ပြီလား၊ နှစ်ပေါင်း ၈၀ ကျော်ပြီလား ကျွန်တော်မခန့်မှန်းတတ်ပါ။

အဘိုးဆရာသိန်းသည် နေ့စဉ်မှတ်တမ်းကိုရေးတတ်သူဖြစ်ရာ သူ၏ မှတ်တမ်းစာအုပ်ကိုဖတ်လျှင် သူဖြတ်သန်းခဲ့ရသည့် ၁၀ကို သိရမည်သာ ဖြစ်သည်။ ကျွန်တော်သည် အဘိုး ဆရာသိန်း၏ နေ့စဉ်မှတ်တမ်းကို သူသေဆုံးသောအခါ အမွေအဖြစ်ရခဲ့သည်။ အဘိုးဆရာသိန်း၏ နေ့စဉ်မှတ်တမ်းကို ဖတ်လျှင် အဘိုးဆရာသိန်းကို သတိရကာ ဝမ်းနည်းမိသောကြောင့် မှတ်တမ်းကို ဆုံးအောင် မဖတ်ဖြစ်ခဲ့ပေ။ မှတ်တမ်းစာအုပ်၏ စာရွက်များသည် ဟောင်းနွမ်း ဝါကျင်ကျင်ဖြစ်နေပေပြီ။ စာရွက်တစ်ရွက်ချင်းကို သတိထား၍ လှန်ကြည့်နေရသည်။

အဘိုးဆရာသိန်း၏ မှတ်တမ်းထဲတွင် ဗေဒင်ဟောခဲ့သည့် ဖြစ်ရပ်များကို ရေးသားထားသည်။ ဂန္ဓာရီလှည့်ခဲ့သည့် ဒေသမှ စေတီပုထိုးများတွင် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းများကိုလည်း ရေးသားထားသည်။ ထိုဖြစ်ရပ်ဆန်းများကို ကျွန်တော်က ဂမ္ဘီရမဂ္ဂဇင်းများတွင် ဝတ္ထုတိုများ ရေးသားခဲ့ဖူးသည်။ စာဖတ်ပရိသတ်များကလည်း အထူးစိတ်ဝင်စားခဲ့ကြသည်။

အဘိုးဆရာသိန်း၏ မှတ်တမ်းစာအုပ်ထဲတွင် ဗေဒင်ဆရာနှင့်ပတ်သတ်သော ပညာရပ်များကို ရေးသားထားရာ သူသေဆုံးသွားချိန်တွင် လိုအပ်သလို အသုံးချနိုင်စေရန် ကျွန်တော့်အတွက် အမွေထားခဲ့သည်မှာ ထင်ရှားလှသည်။

မှတ်တမ်းစာအုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေမိရာ မှတ်တမ်းစာအုပ်၏ တစ်နေရာသို့ အရောက်တွင် -

၁၃၂၀ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

ကျွန်ုပ်သည် တရားအားထုတ်ရန် အလို့ငှာ တပေါင်းလဆန်း ၁ ရက်နေ့ကတည်းက မြို့မှထွက်ခွာလာခဲ့၏။ လဆန်း ၃ ရက်နေ့ မနက်တွင် မန္တလေးမြို့သို့ ရောက်ရှိသည်။ မန္တလေးမြို့ အနောက်ပြင် ။မင်းတဲအီကင်းရပ်ထဲမှ ယောက်ဖဖြစ်သူ ကိုရာကျော်၏ အိမ်တွင် တစ်ညတာ တည်းခိုသည်။ ထိုမှ မန္တလေးတောင်ပေါ်သို့ သွားကာ သီတင်းတစ်ပတ်တိတိ တရားအားထုတ်ခဲ့သည်။ ထို့နောက် ရန်ကင်းတောင်တွင် တရားအားထုတ်ရန် ရောက်ရှိနေခဲ့သည်။

မန္တလေးတောင်ထက်စာလျှင် ရန်ကင်းတောင်က ဘုရားဖူးအသွားအလာနည်းသဖြင့် တရားကို ကောင်းစွာအားထုတ်ခွင့်ရသည်။

လဆန်း ၁၃ ရက်(ယနေ့)ညတွင် ကောင်းပင်ပေါ်၌ လမင်းကြီးက ထိန်ထိန်သာနေသည်။ လရောင်ဆမ်းသဖြင့် အေးမြနေသည်။ ရန်ကင်းတောင်တွင် ကျွန်ုပ်ကဲ့သို့ တရားအားထုတ်သော ဓမ္မမိတ်ဆွေအချို့ကို တွေ့ရသည်။ မည်သည့်အရပ်ဒေသမှ လာရောက်တရားအားထုတ်ကြမှန်းတော့ မသိရသေးချေ။ ဓမ္မမိတ်ဆွေချင်း မိတ်ဆွေဖွဲ့ကာ စကားပြောနေလျှင် တရားအားထုတ်ချိန် နည်းသွားမည်ကို စိုးရိမ်သဖြင့် အချိန်ပြည့်သာ တရားအားထုတ်နေမိသည်။

ကျွန်ုပ်သည် ငါးပါးသီလ ခံယူဆောက်တည်ပြီးသည်နှင့် တရားထိုင်နေမိသည်။ ကျွန်ုပ်၏ စိတ်အာရုံသည် တရားထဲ၌သာ မြှုပ်နှံထားသဖြင့် လေတဖြူးဖြူး တိုက်ခတ်နေသည်ကိုလည်းကောင်း၊ လရောင်က ထိန်ထိန်လင်းနေသည်ကိုလည်းကောင်း သတိမထားနိုင်တော့ချေ။

ကျွန်ုပ်သည် အဘယ်မျှကြာအောင် တရားအားထုတ်နေမိသည် မသိ။ ကျွန်ုပ် အနားသို့ တစ်စုံတစ်ဦးရောက်လာသည်ကို သတိထားမိသော အချိန်ကျမှ စိတ်အာရုံတို့ကနိုးထသွားသည်။ ကျွန်ုပ်၏အနားတွင် တစ်စုံတစ်ဦးထိုင်နေသည်ကတော့ အသေအချာ။ ထိုတစ်စုံတစ်ဦးထံမှ အနံ့တစ်မျိုးသည် ကျွန်ုပ်၏ နှာခေါင်းထဲသို့ တိုးဝင်လာ၍ ဖြစ်သည်။ ကျွန်ုပ်သည် မြတ်စွာဘုရားကို ဦးချပြီးနောက် မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်လိုက်မိ၏။ ကျွန်ုပ်၏ဘေးနားတွင် ထိုင်နေသူကား ဟိန္ဒူယောဂီကြီး ဖြစ်နေလေ၏။

"တရားအားထုတ်နေတာ အနှောင့်အယှက်များဖြစ်သွားသလား" ဟု ဟိန္ဒူယောဂီကြီးက ကျွန်ုပ်ကို မေး၏။ ဟိန္ဒူယောဂီကြီးသည် သူ့ကြောင့် စိတ်အာရုံနိုးထသွားသည်ထင်ကာ အားနာနေပုံရလေ၏။

"အနှောင့်အယှက် မဖြစ်ပါဘူး။ အသွေးအသားနဲ့တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ဆိုတော့ ညောင်းညာတဲ့အခါ အသိပြန်ဝင်သွားတတ်တာပဲ။ ယောဂီကြီးက ဘယ်ဒေသကလဲ"

"မြန်မာပြည်ရဲ့ တစ်နေရာကဆိုပါတော့။ ဘုရားကျောင်းကန်စေတီပုထိုးတွေကို လှည့်လည်ပြီး တရားအားထုတ်နေတာ။ ဓမ္မမိတ်ဆွေကြီးက ကိုယ်တတ်တဲ့ပညာနဲ့ ခုနစ်ရက်သားသမီးတွေရဲ့ ဒုက္ခကို ကယ်တင်ပေးနေသူမဟုတ်လား"

"ဟင်・・・ယောဂီကြီးက ဘယ်လိုလုပ်သိတာလဲ"

"အကျင့်သီလ ရင့်သန်လာရင် သိနိုင်တာပဲ၊ ခုနစ်ရက်သားသမီးတွေရဲ့အကျိုးကို ဆောင်ရွက်ပေးတဲ့ ကောင်းတဲ့အလုပ်ကို လုပ်တာပဲ။ ကျုပ်လည်းလူသားတွေကို ကယ်တင်နေတာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ"

"ယောဂီကြီးက အသက်ဘယ်လောက်ရှိပြီလဲ"

"ကျုပ်အသက်ကို ဘယ်လောက်လို့ထင်လဲ"

"အင်း・・・ရှစ်ဆယ်ကျော်"

"ကျုပ်က လူသားတွေကို ကယ်တင်နေတာ နှစ်ပေါင်း ၇၀ ကျော်ပြီလို့ ပြောထားတယ်လေ။ မွေးမွေးချင်း လူသားတွေကို ကယ်တင်လို့မှ မရတာဘဲ"

"အဲ・・・ဟုတ်သားပဲ"

"ကျုပ်အသက်က ၁၀၀ ကျော်ပြီ။ ဘုရားရှင်တောင် ပရိနိဗ္ဗာန်စံဝင်တော်မူရသေးတာပဲ။ ကျုပ်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ခန္ဓာဝန်ချရမှာပဲ။ သင်က ကျုပ်ထက်စာရင်



အများကြီးငယ်သေးတယ်။ ဒီတော့ သင့်ကို ကျုပ်အဆောင တစ်ခုပေးမယ်။ သင့်မှာ ရေးမှတ်စရာ ပါရင်ပေး"

ဟု ဟိန္ဒူယောဂီကြီးက ပြောရာကျွန်ုပ်က သားရေအိတ်ထဲမှ စာအုပ်နှင့် ဖောင်တိန်တို့ကို ထုတ်ပေးလိုက်လေ၏။ ဟိန္ဒူယောဂီကြီးက စာအုပ်အဖြူတစ်ရွက်တွင် "ဂပယထ" နှင့် အရဟံ စမပုံပါ အက္ခရာတို့ကို ရေးသားပေးလေ၏။

"ဒီ ဂပယထ နဲ့ အရဟံ စမပုံကို ငွေစက္ကူပေါ်မှာ မင်နီနဲ့ ထင်ရှားအောင်ရေးပြီး ဘုရားစင်မှာထားရတယ်။ အဲဒီ ဂပယထနဲ့ အရဟံ စမပုံကို ဘုရားရှိခိုးတိုင်းအာရုံပြုရင် နေအိမ်ကို မီးမလောင်ဘူး။ မိမိကို ဘယ်သူကမှ မတိုက်ခိုက်နိုင်ဘူး။ ဈေးဆိုင်မှာထားရင် အရောင်းအဝယ်ကောင်းတယ်။စကားအချေအတင်ပြောရမယ်ဆိုရင် အင်္ကျီအိတ်ထဲမှာဆောင်သွား။ အကြံအစည် အောင်မြင်တယ်။ အဲဒါကို သင်လိုအပ်သလို သုံးပေတော့။ ကျုပ် တရားအားထုတ်ဖို့ သွားဦးမယ်"

ဟု ဆိုကာ ဟိန္ဒူယောဂီကြီးက ကျွန်ုပ်အနီးမှ ထွက်ခွာသွားပါသည်။ နောက်တစ်နေ့တွင် ရန်ကင်းတောင်ပေါ်၌ တစ်ပတ်ကြာ တရားအားထုတ်ပြီးလျှင် စစ်ကိုင်းတောင်၊ ထိုမှ မင်းကွန်းတို့၌ သီတင်းတ[illegible]တ်စီ တရားအားထုတ်ပြီးမှ နေရပ်သို့ ပြန်ခဲ့လေ၏။ ကျွန်ုပ်[illegible]ည် ဟိန္ဒူယောဂီကြီးပေးသော အဆောင်ကို ခုနစ်ရက်သားသမီးတို့အား ယတြာအဖြစ်ပေးရာ အားလုံးအဆင်ပြေကြောင်း သိရလေ၏။

ဟု အဘိုးဆရာသိန်းက ရေးထားလေသည်။ကျွန်တော်က အဘိုးဆရာသိန်း၏ စာအုပ်ထဲမှ ဂပယထ နှင့် အရဟံ စမပုံကို ငွေစက္ကူပေါ်တွင် ရေးသား၍ မိတ်ဆွေဈေး ဆိုင်ရှင်များအားပေးရာ ဈေးရောင်းကောင်းကြောင်း သိရပါသတည်း။

ဝင်းဇော်(သုံးဇယ်)

၀၉-၂၁၄၃၅၃၇၂

www.burmeseclassic.com

# ဂုဏ်ရှိရှ ငွေခေါ်ရှေ့ဖွား

## ဦးသန်းမောင်(မိုးကုတ်)

"ကိုသန်းမောင်ရေ"

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးသက်လွင်ထံမှ ဖုန်းဖြစ်ပါသည်။

"တောင်ကြီးက ဒုရဲမှူးကြီးဦးဝင်းမြင့်ဆီက ဖုန်းလာတယ်ဗျ။ သူ့သမီးလေးလေး မင်္ဂလာဆောင်တဲ့။ ကျွန်တော်လည်း ဟိုတယ်အလုပ်တွေ အရမ်းများနေလို့ မသွားနိုင်ဘူးဖြစ်နေတယ်။ ခင်ဗျားသွားမလား"

"ကျွန်တော်လည်း ဆိုင်ကိုပစ်ထားလို့ မဖြစ်ဘူးဗျာ။ လက်ဖွဲ့ပဲ ပါးလိုက်တော့မယ်။ မနက်ဖြန်တော့ တောင်ကြီးသွားမယ့် လူကြုံရှိတယ်။ ပါရမီကားဂိတ်မှာ သွားပါးလိုက်မယ်"

"ကျွန်တော့်နာမည်နဲ့ လက်ဖွဲ့ပစ္စည်း ထည့်ပေးလိုက်ဦးဗျာ။ ခင်ဗျားဆိုင်ထဲကာ စိန်ထည်တစ်သိန်းခွဲတန်လောက်ပေါ့"

"ဟုတ်ကဲ့ ဥက္ကဋ္ဌ၊ လုပ်ပေးလိုက်ပါ့မယ်"

သို့ဖြင့် ဇနီးသည်ဘက်သို့ လှည့်ကာ -

"မင်း စိန်ကောင်းတာထဲက တစ်သိန်းခွဲတန်လောက်ပါ ဥက္ကဋ္ဌလိုချင်လို့တဲ့ပေါ့"

"တစ်သိန်းခွဲတန်တော့ မရှိဘူး။ ဒါလေးက အနည်းဆုံး တစ်သိန်းခုနစ်သောင်း"

"မလုပ်နဲ့ကွာ၊ တစ်သိန်းခွဲထားလိုက်"

လင်မယားချင်း ဈေးဆစ်ကာ ယူထားလိုက်သည်။

နောက်တစ်နေ့နံနက် "ကိုသန်းမောင်ရေ" ဥက္ကဋ္ဌထံမှ ဖုန်းလာပြန်သည်။

"တောင်ကြီးမင်္ဂလာပွဲမသွားရင် မကောင်းဘူးဗျ။ မင်းကြီးက ကျွန်တော့်ကို သံယောဇဉ်မရှိကြတော့ဘူးလားလို့ ပြောတယ်။ ဒီညနေ Flight နဲ့ ကျွန်တော်တို့ သွားကြစို့။ ကျွန်တော် အသွားအပြန် လက်မှတ်ဝယ်လိုက်မယ်။ နစ်ညအိပ်ပြီး နောက်မနက်စောစော ပြန်လာမယ် အလုပ်က တစ်ရက်ပဲ ပျက်မယ်လေ"

သို့ဖြင့် အစီအစဉ်မရှိဘဲ Air Mandalay လေယာဉ်ဖြင့် ညနေပိုင်းတွင် ဟဲဟိုးသို့ ကောက်ကာငင်ကာ ရောက်ခဲ့တော့သည်။ ဟဲဟိုးလေဆိပ်တွင် ဒုရဲမှူးကြီး၏တပည့် ကိုသစ္စာ (ခေါ်) ဂျပုမှ လာရောက်ကြိုဆိုသည်။ ရှမ်းပြည်နယ် ခြင်းလုံး လက်ရွေးစင် ကိုသော်တာလည်းပါ၏။ တောင်ကြီး ဟိုတယ်တွင် တည်းခိုရသည်။ မကြာမီပင် ဒုရဲမှူးကြီး ဦးဝင်းမြင့် ရောက်လာသည်။

"အစ်ကိုတို့ မအားတဲ့ကြားက လာကြတာ အရမ်းဝမ်းသာတယ်ဗျာ။ မင်္ဂလာဧည့်ခံပွဲက မနက်ဖြန် ၁၂ နာရီဆိုတော့ မနက်စောစော အင်းလေးသွားလည်ကြဦးဗျာ။ ကျွန်တော် စီစဉ်ပေးလိုက်ပါ့မယ်။ မနက် ၆ နာရီ ကားလွှတ်လိုက်မယ်"

နောက်နေ့ နံနက်စောစောတွင် ညောင်ရွှေသို့ရောက်သည်။ ညောင်ရွှေတွင် စက်လှေတစ်စီး အသေအချာ စီစဉ်ထားရာ ဥက္ကဋ္ဌ၊ ကျွန်တော်နှင့် ကိုသော်တာတို့သုံးဦးသား အင်းလေးဖောင်တော်ဦးဘုရားအား ကြည်နူးစွာ အားပါးတရ

www.burmeseclassic.com

ဖူးမြော်ကြရသည်။ ဘုရားဖူးပြီး အမှတ်တရပစ္စည်းများ ဝယ်ယူရန် လှည့်လည်ကြည့်ရှုကြသည်။ ဉက္ကဋ္ဌက ရွှေဂုံတိုင်ပတ်ကိုတယ်တွင်ထားရန် လေးပေခန့်ရှည်သော အင်းလေးလှေကြီးကို အမှတ်တရ ဝယ်ယူသည်။ ကျွန်တော်က လာဘ်ခေါ်ဖားများကို လက်ဆောင်ပေးရန် ဝယ်ယူသည်။ ၎င်းနောက် အင်းလေးချည်ထည်များကို ဝယ်ယူကြသည်။

အပြန်ခရီးတွင် ကျွန်တော် တိတ်ဆိတ်ငြိမ်သက်စွာ တွေးတောလိုက်လာသည်။ လာဘ်ခေါ်ဖားများကို ဂမ္ဘီရဖားများအဖြစ် ဖန်တီးရန်ဖြစ်သည်။ ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်ရက်သည် ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ရက်ဖြစ်၍ နဝရတ်သိဒ္ဓိလက်စွပ်နှင့် နေလနှစ်ပါး သိဒ္ဓိလက်စွပ်များကို ပွဲတင်၍ အစီအရင်ပြုလုပ်သောနေ့ ဖြစ်သည်။ သို့ဖြစ်ရာ လာဘ်ခေါ်ဖားများကို ဂမ္ဘီရရွှေဖားများအဖြစ် ထိုနေ့တွင်ပင် ဖန်တီးခွင့်ရတော့သည်။ ဖားများကို ရွှေရောင်ဆေးသုတ်သည်။

မြန်မာ့ရိုးရာ ဗေဒင်ပညာတွင် အောင်ပ၊ ကုလား၊ ဆွေသား၊ နောင်ရင်း၊ ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ၊ အန္တော၊ ဂဇ္ဈော၊ စရေ၊ ဝံသေဟူသော အပြင်မိတ်၊ အတွင်းမိတ်၊ ဓာတ်မိတ်များအကြောင်း ငယ်စဉ်ကပင် သေချာကျနစွာ သင်ကြားခဲ့ရပါသည်။ လက်တွေ့အစီအရင်များလည်း သင့်လျော်သလို မကြာခဏ ပြုခဲ့ဖူးပါသည်။

တစ်ခါက တနင်္လာသားတစ်ဦး နိုင်ငံခြားရောက်နေကာ အဆက်အသွယ်မရသည်ကိုပင် မိတ်ဓာတ်နှစ်ခုဖြင့် ဓာတ်ရိုက်ကာ အဆင်ပြေစေခဲ့ဖူးပါသည်။ အခြားအသေးအမွှားများလည်း များစွာ ကြုံခဲ့ရဖူးပါသည်။ အတွေ့အကြုံအရ သတိပြုမိသည်မှာ နက္ခတ်၊ အထွက်၊ အဝင်၊ ခပတ်တို့ဂရုပြုရန် ဖြစ်ပါသည်။ အဝင်နက္ခတ်တွင် ပစ္စည်းအထွက်၊ အတွင်းစီမံပြုလုပ်၍ မရသလို အထွက်နက္ခတ်တွင် ပစ္စည်းအဝင် ဓာတ်ဆင်၍မရပါ။

ထို့ကြောင့် ကျွန်တော်သည် ဓနသိဒ္ဓိနက္ခတ်အဝင်တွင် အဆောင်လက်စွပ်များကို စီရင်ခိုက်နှင့် ကြုံကြိုက်၍ အင်းလေးက လာဘ်ခေါ်ဖားများကို ဂမ္ဘီရရွှေဖားအဖြစ် ဖန်တီးပြုလုပ်လိုက်ပါသည်။ ဖားကို ရွှေမင်ရောင်သုတ်လိုက်ပါသည်။ ကြီးလေးကြီး စမအင်းကို ဝမ်းဗိုက်တွင်ရေးသွင်းလိုက်သည်။ ငွေ၏မိတ်မှာ ရွှေဖြစ်ပါသည်။ ကုလားဆိုသော အပြင်မိတ်ဖြစ်သည်။ "ကိုရှာ"ဟူသော အတွင်းမိတ်လည်းဖြစ်ပါသည်။ ငွေ၏ဓာတ်အိမ်မှာ ဖားဖြစ်ပါသည်။ (ဂဇ္ဈော) ရွှေဖားသည် ငွေလာစေသော အပြင်မိတ်+ဓာတ်အိမ် ဖြစ်နေပါသည်။

သို့ဖြင့် ကျွန်တော်သည် နောက်တစ်နေ့ ဆိုင်အဖွင့်တွင် ဂမ္ဘီရလာဘ်ခေါ်ဖားကို ခေါက်ပါတော့သည်။ ထို့ပြင်ကျွန်တော့်နည်း ကျွန်တော့်ဟန်ဖြင့် ဂါထာရွတ်ကာ ခေါက်ပါသည်။ ကျွန်တော့်နည်းဟုဆိုသော်လည်း အနောက်နိုင်ငံက ငွေခေါ်လက်ာလေးတစ်ခုကို မှီးပါသည်။ ငါးမိနစ်ခန့်သာ ကြာပါသည်။ နဝရတ်လက်စွပ် ဝယ်ယူလိုသူတစ်ဦး ရောက်လာသည်။ ဝတ်သင့်မဝတ်သင့်ကို ကြည့်သည်။ ထို့နောက် မွေးသက္ကရာဇ် တောင်းခံကာ လက်ခံထားလိုက်သည်။ စရန်ငွေသုံးသိန်းပေးသွားသည်။ တစ်နာရီခန့်အကြာတွင် ကိုသူရဇော်ဆိုသူတစ်ဦး ရောက်လာပြန်သည်။ ကျွန်တော်နှင့် စပ်တူဝယ်ယူထားသော မြောက်ဒဂုံမှ တိုက်တစ်လုံးရောင်းထွက်သည်ဆိုကာ စရန်ငွေ ပေးသွားပြန်သည်။ နှစ်ဆိုင်ကျော်မှ နန်းထိုက်ရတနာ ရွှေဆိုင်၏ သမီးလေး လာလည်ခိုက်နှင့် ကြုံကြိုက်ရာ ဂမ္ဘီရလာဘ်ခေါ် ရွှေဖားလေးကို ခေါက်နည်းနှင့်တကွ ရွတ်ဖတ်သောဂါထာကို ပေးလိုက်ပြန်ရာ ထိုနေ့တွင်ပင် သူ့ဆိုင်သို့ စိန်အဖြူလက်ကောက်တစ်ကွင်း ကျပ်နှစ်ဆယ့်နှစ်သိန်းတန် အော်ဒါတစ်ခု အပ်သွားလေ၏။ "ထူးဆန်းလိုက်တာ အန်တီလိုင်ရယ်"ဟူ၍ ကျွန်တော်၏ဇနီးကို အားရဝမ်းသာ ပြောပြရှာ၏။ နောက်ရက်များတွင်လည်း ထိုဂမ္ဘီရလာဘ်ခေါ် ရွှေဖားကို မှန်မှန်ခေါက်ပေးရာ ကျွန်တော့်ဆိုင်ဝင်ငွေမှာ ယခင်လစံချိန်ထက် နှစ်ဆကျော်မျှ ပိုလာပါတော့သည်။ စိန်ရွှေရတနာဆိုင်ဖြစ်ရာ နေ့စဉ်နေ့တိုင်း မရောင်းရသော်ငြားလည်း ပိုမို၍ ရောင်းကောင်းလာသည်မှာ သိသာလှပေရာ ပရိသတ်များအတွက် အကျိုးရှိစေခြင်းငှာ စေတနာမှန်ဖြင့် ရောင်ပြန်မဂ္ဂဇင်းမှ ရေးသားတင်ပြလိုက်ရပါသည်။

ဂါထာလွယ်လွယ်လေး တေးဖြစ်တတ်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ ရောင်ပြန်မဂ္ဂဇင်းမှတစ်ဆင့် ဆက်သွယ်၍ ဂါထာ အခမဲ့တောင်းယူနိုင်ပါသည်။

ဦးသန်းမောင်(မိုးဇုတ်)



www.burmeseclassic.com

www.burmeseclassic.com

# ကုန်ရောင်းကောင်းဖို့

## ဆရာဟိန်္ဂြာ

ကျွန်တော်သည် တနင်္ဂနွေနေ့ရုံးပိတ်ရက် ဖြစ်သောကြောင့် မနက်စောစောပင် ရွှေတိဂုံဘုရားသို့ တက်ကာ ပုတီးစိပ်လေသည်။ ထိုသို့ ပုတီးစိပ်သည်မှာ တနင်္ဂနွေနေ့တိုင်းပင် ဖြစ်သည်။ တစ်ပတ်တစ်ခါ ဘုရားဖူးရခြင်း၊ ပုတီးစိပ်ရခြင်း အတွက် အလွန်စိတ်ကြည်နူးသန့်ရှင်း၍ ပီတိဖြစ်ရလေသည်။

ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပို့ပြီးနောက် ပုတီးကိုးပတ် စိပ်ရသည်။ ကျွန်တော်စိပ်သည့်ပုတီးမှာ ရှင်အရပဲပုတီးစိပ်နည်းပင် ဖြစ်သည်။ ထိုပုတီးစိပ်နည်းကို နေ့စဉ်စိပ်လေ့ရှိသော ကျွန်တော့်ဘကြီးမှာ ယခု အသက်ရှစ်ဆယ်ထဲ ဝင်နေလေပြီ၊ ရှင်အရပဲပုတီးစိပ်နည်း၏ အာနိသင်မှာ အလွန်တန်ခိုးထက်မြက်လှပါသည်။ ကိုယ်ရောစိတ်ပါ ချမ်းသာ၍ စီးပွားရေးအတွက်လည်း အလွန်ကောင်းသည်။ အသက်လည်းရှည်သည်။ အရောင်းအဝယ်လည်းကောင်းသည်ဟု ကျွန်တော့်ဘကြီးက ပြောသဖြင့် သူ့လို အသက်ရှည် ကျန်းမာအောင် ရှင်အရပဲပုတီးစိပ်နည်းကို ကျွန်တော်စိပ်ခြင်း ဖြစ်လေသည်။

လောဘ၊ ဒေါသ၊ မောဟတရားများနှင့် လုံးလည်ချာလည်လိုက်နေသော လူသားများအတွက် ဘုရား၏အရိပ် တရား၏အရိပ်၊ သံဃာတော်တို့၏ အရိပ်သည်သာ အအေးမြဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်သည်မို့ ထိုအရိပ်သုံးပါးအောက်တွင် စိတ္တသုခ၊ ကာယသုခကို ရှာမှီးရခြင်း ဖြစ်ပါသည်။ ကြီးငယ်မဟူ ဘာသာတရားအပေါ်၌ ရိုသေကိုင်းရှိုင်းခြင်း၊ ကျင့်ကြံအားထုတ်ခြင်းသည်သာ အမြတ်ဆုံးအလုပ် ဖြစ်ပေသည်။

နာရီဝက်ကျော်ခန့် မိမိ၏မွေးနံ့ထောင့် ဘုရားရင်ပြင်တော်ပေါ်တွင် ထိုင်ကာ ပုတီးစိပ်ပြီးနောက် ရရှိအပ်သော ဘာဝနာကုသိုလ်ကို ၃၁ ဘုံသို့ ပျံ့နှံ့အောင်မေတ္တာပို့၊ အမျှဝေမိပါသည်။ ပြီးမှ ရွှေတိဂုံစေတီတော်ကို တစ်ပတ်ပတ်၍ ဖူးမြော်ကာ မြောက်ဘက်မုခ်မှ ဆင်းလျက် အမှတ်(၃) ဟိုင်းလတ်ကားကိုစီးကာ မြေနီကုန်းမှာဆင်းသည်။ မြေနီကုန်းမှာ (၄၅)ကိုစီးပြီး မိမိနေရာ လှိုင်မြို့နယ် (၇)ရပ်ကွက်သို့ ပြန်ရလေသည်။

အိမ်ပေါ်သို့ တက်လျှင်တက်ချင်း သမီးငယ်က -
"ဖေဖေရေ…ဒီမှာဧည့်သည်တွေ ရောက်နေတယ်"ဟုပြောသံကြောင့် ဧည့်ခန်းသို့ ကြည့်လိုက်ရာ သောင်းသောင်းတို့ ညီအစ်မနှစ်ယောက်ကို တွေ့ရလေ၏။ ကျွန်တော်သည် သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်၏။

"ကဲ…မလာစဖူး လာပုံထောက်ရင် ကိစ္စတစ်ခုခုတော့ ပါလာမယ်လို့ ဦးလေးထင်တယ်"

ဟု သောင်းသောင်းနှင့် ခင်ခင်တို့နှစ်ယောက်ကို ပြောလိုက်ရာ သောင်းသောင်းက -



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဦးရဲ့။ တောင်ဒဂုံကနေ တကူးတက လာရတာယ်ဆိုတော့ ကိစ္စရှိတာ အမှန်ပါပဲ"

ဟု ဖြေလေ၏။

"ဒါဖြင့် ကိစ္စရှိတာ ပြောလေ။ နင်တို့မိဘတွေကော နေကောင်းကြရဲ့လား။ ရပ်ကွက်ဖျက်ပြီး ပြောင်းသွားကတည်းက ဦးဘမောင်နဲ့ ဦးလေးနဲ့ မတွေ့တာကြာပြီ"

"လူတွေတော့ ,နေကောင်းကြပါတယ်။ စီးပွားရေး မကောင်းဘူး ဦးလေးရယ်။ အခု ကျွန်မတို့ ညီအစ်မနှစ်ယောက် အိမ်ရှေ့မှာ ဆိုင်ကလေးဖွင့်ပြီး ဈေးရောင်းနေတာ။ ကုန်စုံဆိုင်ဆိုပါတော့။ အဲဒါ သိပ်ရောင်းမကောင်းဘူး ဖြစ်နေတယ်။ နင့်ဦးလေးဆီမှာ ဈေးရောင်းကောင်းတဲ့နည်း ရှိနေတယ် သွားတောင်းပါလားပြောလို့ လာခဲ့တာ။

"အေး···နည်းတော့ရှိတယ်။ အဆင်သင့်လုပ်ထားတာ မရှိဘူး။ ဒါကြောင့် နင်တို့အဖေ ဦးဘမောင်ကို ငါစာရေးပေးတဲ့အတိုင်း လုပ်နည်းစနစ်တကျနဲ့ လုပ်ပါလို့ ပြောလိုက်။ ငါရော နင်တို့အဖေပါ ဘာသာရေးသမားတွေ၊ သီလသမာဓိရှိသူတွေမို့ အချိန်မရွေးလုပ်လို့ ရပါတယ်"ဟု ကျွန်တော်ကပြောရင်း သောင်းသောင်းတို့ ညီအစ်မအား အောက်ပါစာတိုလေးကို ရေးပေးလိုက်ရတော့သည်။

### ကုန်ရောင်းတွင်စေသော ဆေးနည်း

၁။ ပျားဖယောင်း တစ်ကျပ်သား

၂။ မဆစ်ဆီ နှစ်ကျပ်ခွဲသား

၎င်းနှစ်ပါးကို မီးနွေးနွေးနှင့် သမအောင်ရောချက်ပါ။ ပြီးလျှင် အောက်ပါဂါထာဖြင့် ၃၇ အုပ် ဘုရားရှေ့မှောက်တွင် စုတ်ရမည်။

> နမေတ္တာကျ၊ မဟာလာချာ၊
> သဗ္ဗမိတ္တာ၊ သဗ္ဗသိနေဟာ၊ သဗ္ဗသုခံ၊
> မဟာလာဘံ၊ သဗ္ဗကောဓံ၊ ဝိနာသန္တိ။

ထိုပျားဖယောင်းဆီချက်ကို ရောင်းလိုသောကုန်ကို သုတ်ပါ။ ဆိုင်ဖြစ်က ဆိုင်ထပ်မှာသုတ်ပါ။ အိမ်နှင့်ကားသည်း ရောင်းလိုလျှင် ဤအတိုင်းလုပ်ပါ။ ကောန်ရောင်းရမည်ဖြစ်သည်။ အရောင်းအဝယ် အောင်မြင်ပါက သက်ဆိုင်ရာ အစောင့်အရှောက်ပုဂ္ဂိုလ်များကို အမြဲမေတ္တာပို့ပေးပါ။ စာရေးပြီးသည်နှင့် သောင်းသောင်းလက်ထဲ စာကိုအပ်လိုက်ကာ "ဒီအတိုင်း"နှင့်အဖေကို လုပ်ဖို့ပြောလိုက်။ ပုတီးစိပ်၊ မေတ္တာပို့ပြီးမှလုပ်ရင် ပိုထိရောက်တယ်။ ဈေးရောင်းကောင်းမကောင်းလည်း ငါ့ဆီ အကြောင်းပြန်ဦး"ဟု ပြန်ပြောရသည်။

"စိတ်ချပါ ဦးလေးရယ်။ ရောင်းကောင်းရင် ဦးလေး ကျေးဇူး မမေ့ပါဘူး"

ဟု သောင်းသောင်းက ပြန်ပြောပြီး ညီအစ်မနှစ်ယောက် ကျွန်တော်နှင့် သမီးငယ်အား နှုတ်ဆက်၍ ပြန်သွားကြလေသည်။

သောင်းသောင်းနှင့် ခင်ခင်တို့မှာ ကျွန်တော့်မျက်စိရှေ့မှောက် ကြီးလာကြသောကြောင့် ဘုရားမှန်း၊ တရားမှန်း သိကြသည်။ လူကြီးမိဘကို ရိုသေကြသည်။ မြန်မာမှုကို ကျေညက်ကြသည်။ အခြေအနေအရ စီးပွားရေးမကောင်းသည့်တိုင် ဆိုးဆိုးရွားရွားတော့ မဖြစ်နိုင်ဟု ကျွန်တော်ထင်ပါသည်။ နောက်ပိုင်းတွင် ကျွန်တော်ကိုယ်တိုင်လည်း ဈေးရောင်းကောင်းစေရန် မေတ္တာနေ့စဉ်ပို့၍ ပေးပါသည်။

တစ်လကျော်ခန့် ကြာသောအခါ ဈေးရောင်းကောင်းသဖြင့် သောင်းသောင်းတို့ ညီအစ်မ ကျွန်တော့်အိမ်ရောက်လာပြီး မုန့်နှင့် အဝတ်တစ်စုံ လာ၍ကန်တော့ကြသည်။

"နင်တို့အဖေကို ခေါ်မလာဘူးလား"

ဟု မေးကြည့်ရာ သောင်းသောင်းက -

"အဖေ ကျိုက်ထီးရိုးဘုရားမှာ အဓိဋ္ဌာန်ရက်ရှည်သွားနေတယ်"

ဟု ဖြေသောကြောင့် ကျွန်တော်ပင် သာဓုသုံးကြိမ်ခေါ်မိလေတော့၏။ သောင်းသောင်းတို့ခမျာ ခုမှပင် ရောင်းကောင်းလို့ မျက်နှာများ ကြည်လင်လန်းဆန်းနေပါတော့သည်။

ဆရာဟိန္ဒာ



www.burmeseclassic.com

www.burmeseclassic.com

# ဈေးခေါ်ယောက်မ

ဝင်းမောင်မောင်(တောင်စွန်း)

ကျွန်တော်သည် လုပ်ငန်းကိစ္စတစ်ခုအတွက် တိုင်ပင်ဆွေးနွေးရန်၊ အကြံဉာဏ်ရယူရန် ဆရာသိန်းထိုက်စိုး(ကော်သ)အိမ်သို့ ရောက်ရှိခဲ့ပါသည်။

"ဟာ…ဆရာသမား။ စုတ်တံတစ်ချောင်းနဲ့ ဘာတွေလုပ်နေတာလဲ။ ပန်းချီဆရာလုပ်နေပြန်ပြီလား"

ဤသို့နှုတ်ဆက်ရင်းက ဆရာ့အိမ်ပေါ်သို့တက်ရောက်ခဲ့ပါ၏။ ကျွန်တော်သည် ဗေဒင်လက္ခဏာပညာနှင့် ဂမ္ဘီရပညာရပ်များကိုဝါသနာပါသည့်အလျောက် လေ့လာမိပါသည်။ အကြောင်းကိစ္စပေါ်လာတိုင်းလည်း ဆရာသိန်းထိုက်စိုး(ကော်သ)နှင့် တိုင်ပင်ဆွေးနွေးပြီး လုပ်ကိုင်ပါသဖြင့် လုပ်ငန်းများတွင် အတိမ်းအစောင်း မရှိခဲ့ပါ။ ခပ်ငယ်ငယ်အရွယ်တုန်းကတော့ ငါ့မှာ အတွေးအခေါ်ရှိတာပဲ၊ အလုပ်လုပ်တတ်တာပဲ။ လုပ်လျှင်ဖြစ်ရမည်ဆိုပြီး ငါတကောကောပြီး လုပ်ဆောင်ခဲ့ပါသည်။ အောင်မြင်မှုများရှိသလို မအောင်မြင်သည်ကများပါသည်။ ဗေဒင်လက္ခဏာပညာများလည်း မယုံကြည်တတ်သလို ပုဂ္ဂိုလ်ဆိုသည်များကို သတိမထားမိပါ။ ပျက်စီးမှုများလာသည့်အခါ ခလုတ်ထိမှ အမိတလာပါတော့သည်။ ဆရာနှင့်တွေ့ဆုံဆွေးနွေးပြီး ပညာရပ်များ၏ ကြောင်းကျိုးဆက်နွယ်ပုံကို သိရသောအခါ ဂမ္ဘီရပညာရပ်များကို အထိုက်အလျောက် လေ့လာစူးစမ်းမိပါတော့သည်။ မည်သည့်ပညာရပ်ကိုပင်မဆို လေ့လာသိရှိရသောအခါ ပညာ၏အကျိုးကျေးဇူးကို လက်တွေ့ခံစားရပါတော့သည်။

"ဆရာသမား…ဒါတွေက ဝိဇ္ဇာတွေလား။ ဇော်ဂျီတွေလားဆရာ။ ဆရာတော့ ထွက်ရပ်ပေါက်တော့မယ် ထင်တယ်"

"ထွက်ရပ်မပေါက်သေးပါဘူးဗျာ၊ ဈေးခေါ်အစီအရင်အတွက် ဇော်ဂျီရုပ်တုတွေပါ"

"ဘာဗျ်ဆိုးလို့တုံး။ အတော်လုတယ်နော် ဆရာ။ တို့ဆရာက အတော်လက်ရာမြောက်တာပဲ"

"မြောက်မနေပါနဲ့ဗျာ။ ကျွန်တော်ထုတာ မဟုတ်ပါဘူး။ ပန်းပုဆရာဆီမှာ သွားအပ်ရတာပါ။ ကျွန်တော်က ဆေးခြယ်ရုံပါ"

"ဒါနဲ့ဆရာ၊ ဒီယောက်မတွေက ရော များလုချည်လား။ ဘယ်မှာသွားမွှေမလို့တုံး"

"မွှေမလို့ မဟုတ်ဘူးဗျို။ ယောက်မတွေကလည်း ဈေးခေါ်ပညာတစ်မျိုးပေါ့။ ရောင်းတဲ့သူတွေကို မ,တယ်လေ။ သူ့နာမည်ကိုက ယောက်မလို့ ခေါ်တယ် မဟုတ်လား"

"ရှင်းစမ်းပါဦး ဆရာရယ်။ ကျွန်တော်လည်း ဗဟုသုတရတာပေါ့"

ဆရာသည် ပညာကို မကွယ်မဝှက်တတ်သူဖြစ်၍ ကျွန်တော့်အား အောက်ပါအတိုင်း စိတ်ရှည်စွာ ပြောပြပါတော့သည်။

"ဇော်ဂျီရုပ်တု အစီအစဉ်က ဒီလိုဗျ။ ကျွန်တော် ရုံးအလုပ်ကထွက်ပြီး ဝါသနာပါရာ ဂမ္ဘီရပညာတွေနဲ့ အသက်မွေးနေတာ ခင်ဗျားလည်းအသိဗျာ။ ဂမ္ဘီရပညာတွေကိုလေ့လာရင်း တစ်နေ့မှာ ဘီးလင်းမြို့နယ်၊ ပိုင်ဒဝယ်ကျေးရွာအနီးရှိ ခနဲတောင်ကို အလှူကိစ္စအတွက် ရောက်သွားတယ်။ အဲဒီမှာ ဂန္ဓာရီလုပ်နေရတဲ့ ဆရာရသေ့တစ်ပါးနဲ့ တွေ့ပြီး ပညာရခဲ့တာဗျ။ ဆရာရသေ့က ပြောတယ်။ နံ့တူကက်ကင်းပညာနဲ့ စီရင်ထားခြင်းဖြစ်တယ်။ မိမိဖြစ်စေချင်တာက ဈေးခေါ်။ ဒါကို ဇင်းကျိုက်က စံကားသားနဲ့ ဇော်ဂျီဆေးကြိတ်နေတဲ့ပုံ ထုတယ်။ ဆေးခြယ်တယ်။ ဆန်ခါထဲမှာ စက္ကူခင်းပြီး ဇော်ဂျီကိုထည့်လိုက်တယ်။ နေ့ကောင်းရက်မြတ်မှာ…သနချေ၊ အသက်သွင်း၊ သိဒ္ဓိတင်ဂါထာတော်များကို ရွတ်ဖတ်ခြင်းဆိုတဲ့ အစီအမံတွေကို ပြုလုပ်ရတယ်။ သစ်သားခုတ်ယူရမယ့်ရက်မြတ်ကတော့ မဒိုဇာ သစ်ဝါးခုတ်ပါ။ ကုသိနာရုံ ပိုးစားလိုကုန် ဆိုတဲ့အတိုင်း ကြာသပတေးနေ့မှာ၊ တနင်္ဂနွေနေ့၊ အင်္ဂါနေ့တွေမှာ ခုတ်ယူရတယ်။ အဲဒီနေ့တွေမှာ အသားခုတ်ယူရင် ပိုးမစားဘူး။ သိဒ္ဓိရှိတယ်။ အခြားနေ့တွေမှာ သစ်သားခုတ်ယူရင်တော့ ပိုးစားတယ်။ သိဒ္ဓိမရှိဘူး။ အကျိုးပျက်စီးတယ်"

"အဲဒါတွေကို လေ့လာကြည့်ရင်

www.burmeseclassic.com

(ဈေးခေါ် ၃+၂)၊ (ဇင်းကျိုက် ၃+၂)၊ (စကား ၃+၂)၊ (ဇော်ဂျီ ၃+၂)၊ (ဆေးကြိတ် ၃+၂)၊ (ဆေးခြယ် ၃+၂)၊ (ဆန်ကာ ၃+၂)၊ (စက္ကူ ၃+၂) ဒါတွေအားလုံးဟာ ဈေးခေါ်အောင်မြင်အောင် နံ့တူကက်ကင်းပညာဖြင့် စီစဉ်ထားတာ ဖြစ်တယ်။ မတစ်လုံးကျေ၊ အတုလဆရာတော်ခင်ကြီးဖျော်ရဲ့ ပညာရပ်ဖြစ်တယ်လို့ သိရှိခဲ့ရတယ်။

"သိဒ္ဓိတင်ဂါထာတွေက ဘာတွေလဲဆရာ၊ ပြောပါဦး"

"သိဒ္ဓိတင်ဂါထာတွေကတော့ အဓိကကျတာက ဓမ္မစကြာကိုရွတ်ဖတ်ရတယ်။ ပြီးတော့မှ ဇယစက္ကော၊ ဇယန္တော ဇယာ၊ ဇယိတဗ္ဗော၊ ဇယံဒေတု ဇေယတ္ထာ ရောဆိုတဲ့ အောင်စကြာဂါထာရပ်ရယ်၊ ပြီးတော့မှ "ဝရဗုဒ္ဓေါ၊ ဝရဓမ္မော၊ ဝရသံဃာ၊ ဝရသာရော၊ ဝရစေတော၊ ဝရံဒေတု၊ ဝရေဟိမေ ဝရံဝရံဆိုတဲ့ ဝစကြာဂါထာတော်ကိုရွတ်တယ်။ မေတ္တာသုတ်စတဲ့ ပရိတ်တော်များကိုလည်း ရွတ်ဖတ်ပြီး သိဒ္ဓိတင်ပေးနိုင်တယ်။ ဆောင်လိုသူကာယကံရှင်ရဲ့ ခုနစ်သင်္ဂြိုဟ်ကို တွက်ချက်ပြီး ဘယ်နေရာမှာ အဆောင်အဖြစ် အသုံးပြုရမယ်ဆိုတာတွေကို ဆရာရသေ့က ကျွန်တော့်ကို ပညာပေးလိုက်တာပါဗျာ"

ဆရာသည် အာခြောက်သွားသဖြင့် အကြမ်းတစ်ခွက်ကို မနားတမ်း သောက်ချလိုက်ပါသည်။ ပြီးမှ သနပ်ဖက်ဆေးလိပ်တိုကို မီးညှိဖွာရှိုက်ရင်း ကျွန်တော့်ကိုပြုံးစိစိကြည့်နေပါသည်။ ကျွန်တော်လည်း သိစရာကျန်ရှိသေး၍ ဆရာ့အား အားမနာတမ်းဖြင့် "ယောက်မအစီအစဉ်ကရောဆရာ၊ ဘယ်ကရခဲ့တာလဲ ပြောပါဦး ဆရာရယ်"

"ဒီယောက်မပညာကတော့ ကျိုက်ထိုမြို့နယ်၊ ကော့စံကျေးရွာက ဆရာတော်ထံမှတစ်ဆင့် ရရှိခဲ့တာပါ။ စီစဉ်နည်းကတော့ ဆောင်လိုသူရဲ့ မွေးနေ့နံ့တူ သစ်သားတစ်ခုကို ယောက်မငယ်တစ်ခုပြုလုပ်ပါ။ ယောက်မရဲ့မျက်နှာပြင်အပြားမှာ (စ-ခ-ဗ-ဝ) စမတွေ့ရယ် (ပ-ထရမ-ဟွမ) စမအက္ခရာတွေကို အခါကောင်းရွေးချယ်ပြီး စီရင်ပါတယ်။ ဈေးရောင်းတဲ့လူတွေ ဆောင်ထားရင်・・・ ယောက်မဆိုတဲ့ ပညတ်အတိုင်း ဓာတ်သက်တွေဝင်ပြီး ရောင်းတဲ့သူကို မ,တယ်လို့ အဆိုအမိန့်ရှိခဲ့ပါတယ်"

"ဒီအစီအစဉ် နှစ်မျိုးလုံးဆောင်မှရတာလား၊ တစ်မျိုးစီဆောင်ရင်ရော ရပါသလား"

"နှစ်မျိုးစလုံးဆောင်ရင်လည်း ရပါတယ်။ တစ်မျိုးတည်းဆောင်ရင်လည်း ရပါတယ်။ သူ့အစွမ်းနဲ့သူ အကျိုးပေးပါတယ်"

"ဒီလိုဆိုရင် ဒါတွေကို ဆောင်ထားတဲ့သူတိုင်း အတူတူပဲအကျိုးပေးပါသလား ဆရာ"

"ဆောင်တဲ့သူတွေမှာ အကျိုးပေးတူတာတွေလည်းရှိတယ်။ ကွာခြားမှုလည်းရှိတယ်။ အချို့ကတော့လည်း မတူပါဘူးလို့ ပြောကြပါတယ်"

"အဲဒါဘာကြောင့် မတူကြတာလဲ ဆရာ"

"ဒီလိုဗျ။ ဆောင်တဲ့သူတွေမှာ အတိတ်ဘဝက ကုသိုလ်ကံအကျိုးပေးတဲ့နှုန်းထား အနည်းနဲ့အများ ကွာခြားနေကြတာရယ်၊ ပစ္စုပ္ပန်ကံလို့ခေါ်တဲ့ မိမိကိုယ်တိုင်ကျင့်ကြံရမယ့်သီလ၊ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားတွေကို ကျင့်ကြံကြတဲ့အခါ အနည်းနဲ့အများကွာခြားနေကြတာရယ်၊ အချို့ကတော့လည်း ဆရာတစ်ဦးတည်းကိုသာ အားကိုးပြီး မိမိက အားထုတ်မှုမရှိဘဲ ဖြစ်သလိုနေကြတာတွေရယ် စတဲ့အကြောင်းတရား ကွာခြားနေတာကြောင့် အကျိုးပေးခြင်း၊ မတူညီကြတာပါ"

"ဆရာဆိုတာကတော့ မိမိထံ အားကိုးပြီး လာကြတဲ့သူတွေအပေါ်မှာ ခွဲခြားမှု၊ ဘက်လိုက်မှုမထားရှိဘဲ စေတနာ၊ မေတ္တာစိတ် အတူတူထားပြီး စီစဉ်ဆောင်ရွက်ပေးတာပါပဲဗျာ။ ဂမ္ဘီရပညာဆိုတာက သီလ၊ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားရှိသူတွေသာ ထိုက်တန်စွာ အကျိုးပေးတာပါ။ ဒါကြောင့် မိမိက ကံတရားအားနည်းနေရင် ကံအားပြည့်လာအောင်၊ ကံမြင့်လာအောင် ပစ္စုပ္ပန်ကံတရားကို ပြုပြင်ရမယ်။ ဒီတော့ အဆောင်ကလည်း အကျိုးပေးတယ်။ ဆရာတို့၊ နတ်တို့ကလည်း မ,စလို့ရတယ်ဗျ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ ကုသိုလ်ကံများသူ၊ ပါရမီရှိသူတွေကိုသာ ကျွတ်တမ်းဝင်အောင် မလို့ရတယ်။ ကုသိုလ်ကံမကောင်းသူ၊ ပါရမီမရှိသူတွေကို မ,လို့မရခဲ့ဘူး မဟုတ်လား။ ဒါကြောင့် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်ကြီးမှာ 'လုံ့လမထူ နတ်မကူဘူး။ လူလည်းလုံ့လ နတ်လည်းမ,၏'လို့ ဆိုထားတယ်လေ"

"သဘောပေါက်ပါပြီဆရာရယ်"


သို့ဖြင့် ကျွန်တော်လည်း ဇီဇဝါလမ်း မြောက်ဘက်ထိပ်၊ ကော့စံနိုင်ရပ်ကွက်၊ ကျိုက်ထိုမြို့နေ ဆရာသိန်းထိုက်စိုး(ဓာတ်သ)ထံမှ ကျေနပ်ဝမ်းမြောက်စွာ ပြန်လာခဲ့ပါတော့သည်။

**ဝင်းမောင်မောင်(တောင်စွန်း)**



www.burmeseclassic.com

www.burmeseclassic.com



# ဓနကြွယ်ရန် ဓာတ်ပန်းပန်

□ သုခဇော်

သိရိကုရယ်လ်ကျမ်းသည် တမီလ်လူမျိုးတို့၏ အထွတ်အမြတ် နီတိကျမ်းကြီးဖြစ်၍ တစ်ကမ္ဘာလုံး လူသားများအတွက် လမ်းညွှန်ကျမ်းကြီးဖြစ်ကြောင်း ထောမနာပြုကြပေ၏။

လောကီလူသားဟူသမျှ ဆင်းရဲခြင်းကို အလိုမရှိကြပေ။ ကြီးပွားရန်၊ ချမ်းသာရန်၊ ဥစ္စာပစ္စည်းများစွာ ရရှိရန်၊ ဓနဥစ္စာကြွယ်ရန် နည်းလမ်းစုံ၊ လုပ်ငန်းစုံဖြင့် ငွေကြေးရှာဖွေကြရလေ၏။

ကြီးပွားရန်အတွက် ကံ၊ ဉာဏ်၊ ဝီရိယဟူသော အကြောင်းအချက်သုံးပါး ပြည့်စုံရပေမည်။ ကျန်းမာခြင်းသည် ကံဉာဏ်နှင့် ပတ်သက်သည်။ ကံဆိုသည်မှာ မိမိပြုလုပ်ခဲ့သော အတိတ်၏ အကျိုးပေးဖြစ်၏။ ဉာဏ်ဟူသည်မှာ ကောင်းအဆိုး၊ လုပ်သင့် မလုပ်သင့် စသည် ဆုံးဖြတ်ရသော အရာဖြစ်၏။ ဝီရိယဆိုသည်မှာ ဉာဏ်ဆုံးဖြတ်မှုကို အချိန်မနှောင်းမီ ပြုလုပ်ရသော အရာဖြစ်၏။

ရှေးမြန်မာ နိမိတ်ဖတ်ပညာဖြစ်သော အတိတ်၏ အစိတ်အပိုင်းများဖြစ်သည်။ ဗေဒင်လက္ခဏာ၊ သင်္ချာဗေဒ၊ နိမိတ်၊ တဘောင်၊ အင်္ဂဝိဇ္ဇာ၊ လက်ရိုး လက်ဆန်း၊ ရိုးရာဗေဒင် စသည်များတွင်လည်း ကြီးပွားရန် အစီအမံများ ရှိခဲ့လေ၏။ ရှေးဆရာသူမြတ်တို့ ဆရာစဉ်ဆက် ထိန်းသိမ်းလာခဲ့သော အင်္ဂဝိဇ္ဇာပညာ၏ လူတစ်ဦးတစ်ယောက်သည် မည်သည့်နေ့ မည်သည့်အချိန်တို့၌ လုပ်ငန်းဆောင်တာများ စတင်သင့်သည်၊ မည်သည့်အဆောင်တို့ကို ဆောင်ထားရမည် စသည့် ဆောင်ရန်၊ ရှောင်ရန်၊ ပြုလုပ်ရန်တို့ကို ရေးသားပြဆိုပါမည်။

မိမိတို့၏ နိုင်ငံရပ်ခြား ဆက်သွယ်သောလုပ်ငန်း။ အနုပညာလုပ်ငန်း။ အရောင်းအဝယ်၊ ကုမ္ပဏီကိစ္စ လုပ်ငန်းပေါင်းစုံတို့၏ စတင်သင့်သော ရက်၊ နေ့ နာရီတို့ကို ရွေးချယ်ပုံ၊ ရွေးချယ်နည်းတို့ကို အချိန်တိုတိုအတွင်း သိရှိစေရန်တို့ကို ဖော်ပြပါမည်။

"မင်းကုသကိုဆောင်…



www.burmeseclassic.com

www.burmeseclassic.com

စေတီယကိုရှောင်…

အထက်ဆောင်ပန်း အောက်နင်းကြမ်း တစ်ခန်း၌ သို့မှတ်"

"ဩို စတု နင်းကြမ်းပြု"

ဟူသော လက်ာနှစ်ခု ရှိပေသည်။ ဤလင်္ကာနှစ်ခုမှာ လွယ်ကူသော ဥပမာပြုခြင်းဖြစ်၏။ လောကီပညာ၌ အယူအဆအမျိုးမျိုးရှိရာ ဤဖော်ပြချက်သည် ဆရာတော်ခင်ကြီးဖျော် (မတစ်လုံးကျော်တော်မူသည့် ဆရာတော်)နည်းဖြစ်၍ စာဒကတက်ခဲ့သော် မတစ်လုံးထက် ပိုကျေမှုသာ သင့်လျော်ပါသည်။

ဆရာတော်၏ နည်းကား ဤသို့တည်း။

တနင်္ဂနွေသားသမီးများသည် လုပ်ငန်းဆောင်တာ ဆောင်ရွက်ရန် ကြာသပတေးနံ၊ တနင်္လာနံ၊ သောကြာနံပါသော ပန်းအရွက်၊ အရောင်၊ အရာဝတ္ထုများ ဆောင်ထားပြီးသော် အင်္ဂါ၊ စနေ၊ ဗုဒ္ဓဟူးနေ့တို့၌ လုပ်ငန်းဆောင်တာများ စတင်ကြံစည်သင့်သည်ဟု ဆိုရင်းဖြစ်၏။ ၎င်းအတိုင်းပြုလုပ်စီမံပါက မည်သည့်ကိစ္စမဆို အခါခပ်သိမ်း အောင်မြင်စေသည်ဟု ဆိုပါသည်။ တနင်္ဂနွေသားသမီးများ ဆောင်ရန်ကြာသပတေး၊ တနင်္လာ၊ သောကြာနံကား သပြေပန်း၊ ကံ့ကော်ပန်း၊ မေမြို့ပန်း၊ ပေါက်ပေါက်၊ ကြေးပြားနှင့် အဝါရောင်၊ အဖြူသော့သော့ တစ်ခုခု ဆောင်ထားပါ။ အင်္ဂါနေ့၊ စနေနေ့၊ ဗုဒ္ဓဟူးနေ့တစ်နေ့၌ လုပ်ငန်းစတင် လုပ်ကိုင်ပြောဆိုပါ။ လုံးဝ အောင်မြင်စေပါသည်။

တနင်္လာသားသမီးများအတွက်ဆိုသော် သောကြာနံ၊ အင်္ဂါနံ၊ စနေနံပါသော ပန်း၊ အရွက်၊ အရာဝတ္ထု၊ အရောင်များ ဆောင်ပါ။ ဥပမာ…သီးသား၊ သီးညွှန့်၊ ဒန်း၊ ထိန်၊ သနပ်ရွက်၊ စွယ်တော်၊ ပြာလဲ့လဲ့ (မာကျူရီ)ရောင်၊ အနီရောင် (မီးကျီးခဲရောင်)၊ အနက်ရောင်တို့ ရရာတစ်ခုခုဆောင်၍ ဗုဒ္ဓဟူးနေ့၊ တနင်္ဂနွေနေ့၊ ကြာသပတေးနေ့တို့၌ မိမိအကြံအစည်၊ လုပ်ငန်းဆောင်တာ ပြောဆိုစရာများ ပြုလုပ်ပါက လုံးဝအောင်မြင်စေပါသည်။

အင်္ဂါသားသမီးများအတွက်ဆိုသော် စနေနံ၊ ဗုဒ္ဓဟူးနံ၊ တနင်္ဂနွေနံပါသော ပန်း၊ အရွက်၊ အရာဝတ္ထု၊ အရောင်များ ဆောင်ပါ။ ဥပမာ…ထန်းရွက်(သီး)၊ ရွက်လှ၊ အုန်းညွှန့်၊ အနက်ရောင်၊ အစိမ်းရောင်၊ အနီရဲရဲ အရောင်တို့ကို ရရာတစ်ခုခုဆောင်၍ ကြာသပတေးနေ့၊ တနင်္လာနေ့၊ သောကြာနေ့တို့၌ မိမိအကြံအစည်၊ လုပ်ငန်းဆောင်တာ ပြောဆိုစရာများ ပြုလုပ်ပါက လုံးဝအောင်မြင်စေပါသည်။

ဗုဒ္ဓဟူးသားသမီးများအတွက်ဆိုသော် တနင်္ဂနွေနံ၊ ကြာသပတေးနံ၊ တနင်္လာနံပါသော အရွက်၊ အသီး၊ အပွင့်၊ အညွှန့်၊ အရောင်များ ဆောင်ပါ။ ဥပမာ…အုန်းညွှန့်(ပန်း)၊ ပေါက်ပေါက်၊ မေမြို့ပန်း၊ ကံ့ကော်ညွှန့်(ပန်း)၊ ကြေးပြားစေ့၊ အဖြူရောင်၊ အနီရဲရဲရောင်၊ ရွှေရောင် စသည် တစ်ခုခု ရရာဆောင်၍ သောကြာနေ့၊ အင်္ဂါနေ့၊ စနေနေ့တို့၌ မိမိအကြံအစည်၊ လုပ်ငန်းဆောင်တာ ပြောဆိုစရာများ ပြုလုပ်ပါက လုံးဝ အောင်မြင်စေပါသည်။

ကြာသပတေးသားသမီးများအတွက်ဆိုသော် တနင်္လာနံ၊ သောကြာနံ၊ အင်္ဂါနံပါသော အရွက်၊ အသီး၊ အပွင့်၊ အညွှန့်၊ အရောင်များ ဆောင်ပါ။ ဥပမာ…သီးသား၊ သီးညွှန့်၊ ဒန်း၊ ထိန်၊ သနပ်ရွက်၊ စွယ်တော်၊ ပြာလဲ့လဲ့ (မာကျူရီ)ရောင်၊ အနီရောင်(မီးကျီးခဲရောင်)၊ အနက်ရောင်တို့ ရရာတစ်ခုခုဆောင်၍ ဗုဒ္ဓဟူးနေ့၊ တနင်္ဂနွေနေ့၊ ကြာသပတေးနေ့တို့၌ မိမိအကြံအစည်၊ လုပ်ငန်းဆောင်တာ ပြောဆိုစရာများ ပြုလုပ်ပါက လုံးဝအောင်မြင်စေပါသည်။

သောကြာသားသမီးများအတွက်ဆိုသော် အင်္ဂါနံ၊ စနေနံ၊ ဗုဒ္ဓဟူးနံပါသော အရွက်၊ အသီး၊ အပွင့်၊ အညွှန့်၊ အရောင်များ ဆောင်ပါ။ ဥပမာ…ဆီးသား၊ ဆီးညွှန့်၊ ဒန်းညွှန့်၊ ထန်းသီး၊ ရွက်လှပန်း၊ ထန်းလျက်၊ စွယ်တော်၊ အနီရောင် (မီးကျီးခဲရောင်)၊ အနက်ရောင်၊ အစိမ်းရောင် တစ်ခုခု ရရာဆောင်ထား၍ တနင်္ဂနွေနေ့၊ ကြာသပတေးနေ့၊ တနင်္လာနေ့တို့၌ မိမိလုပ်ငန်းဆောင်တာ၊ ပြောဆိုမှုများ စတင်ပြောဆိုလုပ်ဆောင်ပါက လုံးဝအောင်မြင်စေပါသည်။

စနေသားသမီးများအတွက်ဆိုသော် ဗုဒ္ဓဟူးနံ၊ ကြာသပတေးနံ၊ တနင်္ဂနွေနံပါသော အပွင့်၊ အသီး၊ အရွက်၊ အရောင်တို့ကို ဆောင်ပါ။ ဥပမာ… ရွက်လှပန်း၊ မေမြို့ပန်း၊ ပေါက်ပေါက်၊ လက်ပံပွင့်၊ အုန်းညွှန့်၊ အုန်းသီး၊ အစိမ်းရောင်၊ အဝါရောင်၊ အနီရဲရဲရောင်တို့အနက် ရရာတစ်ခုခုဆောင်ထား၍ တနင်္လာနေ့၊ သောကြာနေ့၊ အင်္ဂါနေ့တို့၌



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုကြံစည်၊ လုပ်ဆောင်ပါက လုံးဝအောင်မြင်စေပါသည်။

အထက်ဖော်ပြပါ နည်းစနစ်မှာ ခုနစ်ရက်သားသမီး များ ရက်သတ္တတစ်ပတ်အတွင်း လုပ်ငန်းဆောင်တာ၊ ငွေကြေးကိစ္စ လုပ်ငန်းသစ် စတင်ခြင်းများ အောင်မြင်စေရန် နေ့ အလိုက် ဆောင်ထားသင့်၊ ဆောင်ထားအပ်သော အရာများ ဆောင်၍ ပြုလုပ်သင့်၊ ပြုလုပ်အပ်သော ရက်ကောင်းရက် မြတ်များကို ဖော်ပြခြင်းဖြစ်၏။ ဤနည်းဖြင့် သေချာလိုက်နာကျင့်သုံးပါက "ဥစ္စာခန ဖြိုးကြွယ်ဝ၍၊ ပြုရအလှူ၊ လူ့ဘဝ မှန်၊ သောတာပန်"ဟု ပစ္စည်းဥစ္စာ ပေါများ၍ လှူဒါန်းချင်တိုင်း လှူဒါန်းနိုင်ကြ၏။ လူ့ဘဝအမှန်ရောက်ပြီး သောတာ ပန်ပင် ဖြစ်နိုင်ပေသည်။

သို့သော် လူတို့သည် နေ့စဉ်ပင် လုပ်ငန်းဆောင်တာ များ၊ ပြောဆိုစရာများ ရှိနေတတ်ကြလေသည်။ ရက်သတ္တတစ်ပတ်မှ သုံးရက်သာ လုပ်ငန်းစတင်ပြုလုပ်သင့်သော်လည်း နေ့ရက်ရွေးမရ၍ ယနေ့ပင် ပြောဆိုရမည်ဆိုသော် နေ့အလိုက် အချိန်ခွဲ၍ အထက်ဖော်ပြပါအတိုင်း အောင်မြင်စေသော အချိန်များလည်း ရှိသေး၏။ ၎င်းတို့ကို ဖော်ပြပါမည်။

●●●

## နေ့စဉ် အောင်မြင်မည့်အချိန်များ

### ၁။ တနင်္ဂနွေသားသမီးများအတွက်

| နေ့ | အချိန်နာရီ | | |
|---|---|---|---|
| တနင်္ဂနွေ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၃၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| တနင်္လာ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| အင်္ဂါ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| ဗုဒ္ဓဟူး | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့လယ် ၁၂း၀၀ မှ ၁း၃၀ |
| ကြာသပတေး | နံနက် ၇း၃၀ မှ ၉း၀၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| သောကြာ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| စနေ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |

### ၂။ တနင်္လာသားသမီးများအတွက်

| နေ့ | အချိန်နာရီ | | |
|---|---|---|---|
| တနင်္ဂနွေ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| တနင်္လာ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| အင်္ဂါ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| ဗုဒ္ဓဟူး | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| ကြာသပတေး | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ |
| သောကြာ | နံနက် ၇း၃၀ မှ ၉း၀၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| စနေ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |



www.burmeseclassic.com

www.burmeseclassic.com

## ၃။ အင်္ဂါသားသမီးများအတွက်

| နေ့ | အချိန်နာရီ | | |
|---|---|---|---|
| တနင်္ဂနွေ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| တနင်္လာ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| အင်္ဂါ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| ဗုဒ္ဓဟူး | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| ကြာသပတေး | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| သောကြာ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ |
| စနေ | နံနက် ၇း၃၀ မှ ၉း၀၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |

## ၄။ ဗုဒ္ဓဟူးသားသမီးများအတွက်

| နေ့ | အချိန်နာရီ | | |
|---|---|---|---|
| တနင်္ဂနွေ | နံနက် ၇း၃၀ မှ ၉း၀၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| တနင်္လာ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| အင်္ဂါ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| ဗုဒ္ဓဟူး | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| ကြာသပတေး | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| သောကြာ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| စနေ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ |

## ၅။ ကြာသပတေးသားသမီးများအတွက်

| နေ့ | အချိန်နာရီ | | |
|---|---|---|---|
| တနင်္ဂနွေ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ |
| တနင်္လာ | နံနက် ၇း၃၀ မှ ၉း၀၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| အင်္ဂါ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| ဗုဒ္ဓဟူး | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| ကြာသပတေး | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| သောကြာ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| စနေ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |



www.burmeseclassic.com

www.burmeseclassic.com

**၆။ သောကြာသားသမီးများအတွက်**

| နေ့ | အချိန်နာရီ | | |
|---|---|---|---|
| တနင်္ဂနွေ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| တနင်္လာ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ |
| အင်္ဂါ | နံနက် ၇း၃၀ မှ ၉း၀၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| ဗုဒ္ဓဟူး | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| ကြာသပတေး | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| သောကြာ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| စနေ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |

**၇။ စနေသားသမီးများအတွက်**

| နေ့ | အချိန်နာရီ | | |
|---|---|---|---|
| တနင်္ဂနွေ | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| တနင်္လာ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| အင်္ဂါ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ |
| ဗုဒ္ဓဟူး | နံနက် ၇း၃၀ မှ ၉း၀၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |
| ကြာသပတေး | နံနက် ၇း၃၀ မှ ၉း၀၀ | နံနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| သောကြာ | နံနက် ၆း၀၀ မှ ၇း၃၀ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့လယ် ၁း၃၀ မှ ၃း၀၀ |
| စနေ | နံနက် ၉း၀၀ မှ ၁၀း၃၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့လယ် ၃း၀၀ မှ ၄း၃၀ |


အချို့သောသူများက မိမိကိုယ်မိမိ "ရာဟု"နေ့သား သမီးဟု ယူမှတ်မှားနေကြ၏။ ဗုဒ္ဓဟူးနေ့ ညဘက်တွင်လည်း ကောင်း၊ နေ့လယ် ၁၂ နာရီကျော် မွေးဖွားခဲ့လျှင်လည်း ကောင်း၊ "ရာဟု"နေ့သား ဖြစ်သွားပြီဟု မှတ်ယူ၍ မိမိအတွက် "ရာဟု"ဗေဒင်မပါသောကြောင့် စောဒကတက်ဖွယ်၊ မရှင်း …င်ဖွယ် ဖြစ်နိုင်ပေ၏။ "ရာဟု"သည် နေ့အနေဖြင့် မရှိပါ။ မည်သည့်ပြက္ခဒိန်ကမှ "ရာဟု"နေ့ သတ်မှတ်၍မထားပါ။ …နှစ်နေသော ရှိပါသည်။ "ရာဟု"သည် သက်မဲ့ အသီး …၊ အရွက်၊ အရောင်၊ အရာဝတ္ထု၊ အရုပ်မျက်နှာအနေ ဖြင့်သာ ရှိပါသည်။ သက်ရှိအဖြစ်မရှိပါ။ အဘယ်ကြောင့်ဆို သော် ရာဟုသည် တနင်္ဂနွေဂြိုဟ်၏ အရိပ်(အမြီး)သာ ဖြစ်ပေ သည်။ ဂြိုဟ်မဟုတ်ပါ။ သို့အတွက် "ရာဟု"ဟု ယူဆမှတ် ထင်နေသော ဗုဒ္ဓဟူးသားသမီးများသည် ဗုဒ္ဓဟူးသားသမီးဖြင့် သာ လုပ်ငန်းဆောင်တာများ ဆောင်ရွက်၍ ခုနစ်ရက်သားသ မီးများ "ခေါ်ကြွယ်ရန် ဓာတ်ပန်းပန်"ဟူသည့် လွယ်ကူသော ကြီးပွားစေရန် ဓာတ်ယတြာအဆောင်ကို ရေးသားဖော်ပြ လိုက်ရပေတော့၏။

**သုခဇော်**



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်နှင့် မောင်မြငြိမ်း၊ မပန်းဖြူတို့ ဇနီးမောင်နှံ

**ဝဏ္ဏလင်းထက်**

၂၀၁၇၊ ဇန်နဝါရီ ၈ ရက်နေ့ နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၏ အလုပ်အမှုဆောင် အစည်းအဝေးကျင်းပရာ မယ်လမုစေတီတော်ကြီး၏ မွှာရုံသို့ ရောက်ဖြစ်ခဲ့သည်။ အစည်းအဝေးပြီးချိန် ၁၀း၃၀ အချိန်ခန့်တွင် စာပေမိတ်ဆွေတို့အား နှုတ်ဆက်ပြီးလျှင် နောင်တော်ကြီးစေတီသို့ဝင်ကာ မိနစ် ၃၀ ခန့် တရားရှုမှတ်ခဲ့လေသည်။ ထို့နောက် ဇရပ်ပြန်ရန် ကားဂိတ်သို့ ဆက်လျှောက်ခဲ့ပါသည်။ ကျွန်တော်သွားလိုသော ခရီးစဉ်ဘက် လိုင်းကားများနည်းပါးခြင်း၊ အလာကျဲခြင်း၊ မော်တော်ယာဉ်လမ်းကြောင်း၊ ယာဉ်ကြောကျပ်ခြင်းတို့ကြောင့် အတန်ကြာကြာ စောင့်ဆိုင်းနေခဲ့ရလေ၏။ ထိုစဉ်တွင် ဘုန်းကြီးလမ်းဘက်ဆီမှ ကျွန်တော်ရှိရာ အရပ်ဆီသို့ ဦးတည်လာနေကြသည့် ငယ်သူငယ်ချင်း မောင်မြငြိမ်းနှင့် မပန်းဖြူတို့ ဇနီးမောင်နှံနှင့် တွေ့ဆုံရပေသည်။ သူတို့က တစ်ရပ်တည်းသား၊ တစ်ကျောင်းတည်း စာသင်ခဲ့ကြရာမှ အချင်းချင်း မေတ္တာမျှခဲ့ကြပြီး သားသမီးသုံးယောက် ထွန်းကားခဲ့သည်။ ကျွန်တော်တို့ ဆုံမိလျှင်ဆုံမိခြင်း မောင်မြငြိမ်းက "အခန့်သင့်လိုက်တာ မောင်သက်ရာ တို့လင်မယားက မင်းဆီလာမလို့ လုပ်နေတာ။ မင်းသူငယ်ချင်း ပန်းဖြူက သီလရှင်ဝတ်ချင်လို့တဲ့။ မင်းက စာသမား ဆိုတော့ တို့ထက် အသိပိုတယ်။ သီလရှင်ဝတ်ချင်တဲ့မင်းသူ

www.burmeseclassic.com

ငယ်ချင်းရော၊ ငါ့ကိုပါ သိသင့်သိထိုက်တာများ သိချင်တယ်"

ကျွန်တော်က "ကောင်းပြီ မင်းတို့ဇနီးမောင်နှံကို ရှင်းပြဖို့ စည်းစိမ်သျှင်ဆိုင် သွားကြမယ်။ စားရင်းသောက်ရင်း ရှင်းပြမယ်"ဟု ပြောရာ မောင်မြငြိမ်းက ဦးဆောင်ကာ ထိုဆိုင်သို့ လျှောက်လာကြလေသည်။ ဆိုင်မှာ အတန်ငယ် လူရှင်းချိန်ဖြစ်ရာ အစွန်ကျသော စားပွဲဝိုင်းတွင် ထိုင်ကြကာ နှစ်သက်ရာရာကို မှာယူစားသုံးခဲ့ကြလေသည်။ ကျွန်ုပ်က

"ကဲ…ဆိုပါဦး ပန်းဖြူ။ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ သီလရှင်ဝတ်ချင်ရတာလဲ"

"သည်လိုပဲ မောင်သက်ရ။ ကလေးတွေလည်း ကျောင်းပြီးကြပြီ။ ကိုယ်စီအလုပ်ဝင်နေကြပြီ။ ငါတို့မှာက အသက်အရွယ်က ရင့်လာကြပြီး မိသားစုကိစ္စ၊ စီးပွားရေးနဲ့ လူမှုရေးကိစ္စတွေနဲ့ပဲ အချိန်ကုန်ခံနေရတော့ ကိုယ့်နောက်ပါမယ့် အလုပ်လေး လုပ်ချင်တာ အဓိကပါပဲ။ တချို့ သီလရှင်ကျင့်ဝတ်နဲ့ မညီဘဲ ဆရာကြီး၊ ဆရာလေးလို အရပ်တကာလှည့်သွား၊ ဆိုင်တကာ၊ ဈေးတကာဝင်ပြီး အလှူခံစားဖို့ မဟုတ်တာတော့ ကိုယ့်ကိုယ်ကို လက်ခံယုံကြည်တယ်။ ကျင့်ဝတ်နဲ့မညီတဲ့ အဲဒီပုဂ္ဂိုလ်တွေလိုမျိုး အတုအယောင်တွေလိုမျိုး မဟုတ်ပါဘူး"

ဟု ပြောရာ ကျွန်တော်က -

"ကောင်းပါ့ သာဓုဗျာ သာဓုပါ"

ထိုစဉ် မြငြိမ်းက -

"ဒါဆိုရင် မင်းရဲ့သူငယ်ချင်း သိသင့် သိထိုက်တာတွေကို ပြောပြပါကွာ"

"ငါဖတ်ထားဖူး၊ မှတ်သားဖူးတာလောက်ပဲ ပြောပြနိုင်မှာပါ ငါ့ကိုတော့ သိပ်ပြီးအထင်မကြီးထားနဲ့ကြဦး။ ဒီထက်ပိုပြီး နားလည်နိုင်တဲ့သူများဆီမှာလည်း မေးမြန်းခံယူကြပေါ့"

ကျွန်တော်က သောက်လက်စ နွားနို့ကို တစ်ကျိုက်တည်းမော့သောက်လိုက်သည်။ သီလရှင်တစ်ပါး သိသင့်သိထိုက်သည်များကို ရှင်းပြခဲ့ရပေသည်။

"ဒီလိုရှိတယ်ဟ။ ခေတ္တခဏမျှ သီလရှင်ဝတ်မှာဆိုရင်တော့ ရက်သတ္တပတ် ရှစ်ပါးသီလ ဆောက်တည်ရမယ်။ အမြဲအပိုင် သီလရှင်ဝတ်မယ်ဆိုရင်တော့ ရက် ၃၀ ဆောက်တည်ရမယ်။ သီလရှင်ဝတ်စုံ၊ စောင်၊ ခြင်ထောင်၊ ထီး၊ ဖိနပ်၊ သင်တုန်းဓား၊ မောင်းတောင်ချိုင့်၊ အိုးခွက်ပန်းကန်၊ ဖွန်းပါရမယ်။ ဆံချကာ သီလရှင်ဝတ်စုံဝတ်ခြင်း၊ သီလခံယူ ဆောက်တည်တာတွေပါ လုပ်ပြီးမှ သီလရှင်အဖြစ် ခံယူနိုင်ခွင့်ရှိတယ်"

"ဆံချတာကို ပရိသတ်အလယ်မှာ လုပ်ရတယ်။ သီလရှင်ဆရာများက ဆံချပေးရတယ်။ ဆံချပြီးစီးတဲ့အချိန်အထိ သီလရှင်များက သီလရှင်လောင်းရဲ့ နောက်မှာနေပြီး ကောဋ္ဌာသကမ္မဋ္ဌာန်းကို ရွတ်ဆိုပေးကြရတယ်။ သီလရှင်များက သီလရှင်လောင်းကို ဝတ်စုံဝတ်ဆင်ပေးရတယ်။ သီလရှင်အပေါင်းက သီလတော် ချီးမြှင့်ပေးမယ်။ ဘုန်းတော်ကြီးထံမှာ 'မယ် ဘန္တေ သံသာရ ဝဋ ဒုက္ခတော မောစနတ္ထာယ သီလဝတီဘာဝံ ဂဏှိတွာ ဂရံ ကတွာ'လို့ သုံးကြိမ် သီလတောင်းခံရတယ်။ နောက်တစ်ခါ သြကာသကန်တော့ချီးနဲ့ ရှိခိုးကန်တော့ သရဏဂုံနဲ့ ရှစ်ပါးသီလတောင်းခံပြီးမှပဲ သာသနာ့အနွယ်ဝင် သီလရှင်ဖြစ်တယ်။ အဲဒီနောက်မှာ ဆရာတော်နဲ့ အပ်စပ်တဲ့ အမည်နာမကို သီလရှင်ဆရာကြီးကဖြစ်စေ၊ သီလချီးမြှောက်ပေးတဲ့ ဆရာတော်ကဖြစ်စေ မှည့်ခေါ်ပြီး ချီးမြှင့်ပေးလိမ့်မယ်"

ကျွန်တော်က ရှည်လျားစွာ ပြောပြခဲ့သည်။ အာခြောက်သွားသော ခံတွင်းကို စိုရန် ရေနွေးကြမ်းငုံ၍ သောက်ရလေ၏။ ထိုစဉ် ပန်းဖြူက -

"မောင်သက် ရှင်းပြမှ စစ်မှန်တဲ့ သီလရှင်တစ်ပါးဖြစ်ဖို့က မလွယ်တာ သိရတော့တယ်။ ဒါနဲ့…လိုက်နာရမယ့် ကျင့်ဝတ်ကရော"

"အေး…နာယကဆရာကြီးရဲ့ ကျင့်ဝတ်၊ သီလရှင်ချောင်၊ ကျောင်းရိပ်တွေမှာနေရင် တာဝန်ခံပုဂ္ဂိုလ်ရဲ့ကျင့်ဝတ်၊ တာဝန်ခံအပ်တဲ့ ပုဂ္ဂိုလ်ရဲ့ကျင့်ဝတ်နဲ့ ဘုရားရှိခိုး၊ ဆွမ်းတော်ကပ်တဲ့ကျင့်ဝတ်၊ ညဘက် စာပြန်တဲ့ကျင့်ဝတ်၊ ကျောင်းဝေယျာဝစ္စကျင့်ဝတ်ဆိုပြီး ကဏ္ဍအလိုက်ရှိတယ်"

"နာယက သီလရှင်ဆရာကြီးကလည်း သီလရှင် ပါဠိအဋ္ဌကထာနဲ့ ချပြရတယ်၊ တစ်လမှာ လေးသီတင်းမျှ သဒ္ဒါတရား ထက်သန်တိုးပွားအောင် တရားစကားတွေ ဟောကြားရတယ်။ တပည့်တွေ လိမ္မာဖို့ ယဉ်ကျေးဖို့ကို ဩဝါဒပေးတယ်။ နှိပ်ကွပ်သင့်သူကို နှိပ်ကွပ်ဆုံးမရတယ်။ ချီးမြှောက်သင့်သူကို ချီးမြှောက်ရတယ်။ ပရိသတ်တို့ကို ဩဝါဒစကား၊

www.burmeseclassic.com

မွေစကား စတဲ့ အကျိုးမဲ့များတဲ့စကားတွေ ပြောဆိုရတယ်။ ကျောင်းတိုက်မှာ အမှုအခင်းပေါ်ခဲ့ရင် ဖုံးဖိမထားဘဲ တာဝန်ရှိတဲ့ သီလရှင်များနဲ့ တိုင်ပင်ပြီး ဆုံးမသွန်သင်ရတယ်။ စာပေကျမ်းဂန် သင်အံသရဇ္ဈာယ်ရခြင်း။ သမထ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းရခြင်း။ တပည့်တွေရဲ့ ပရိယတ်၊ ပဋိပတ် အရာတို့မှာ တိုးတက်အောင် ကြည့်ရှုပေးရတယ်။ တာဝန်ခံတဲ့ ပုဂ္ဂိုလ်မှာလည်း ကျင့်ဝတ်ရှိသေးတယ်။ ဘာတွေလဲဆိုရင် ကိုယ်တာဝန်ခံအပ်တဲ့ ပုဂ္ဂိုလ်ရဲ့ အဝတ်အရုံစနစ်ကျစေရန် ပြုပြင်သွန်သင်ရတယ်။ နဝကမ္မပြုလုပ်တဲ့အခါမှာ ဆရာသမားတို့ သွန်သင်ထားတဲ့အတိုင်း ဆောင်ရွက်တတ်အောင် သွန်သင်ပြရတယ်။ ကိုယ်တာဝန်ခံအပ်ထားတဲ့ပုဂ္ဂိုလ် တစ်စုံတစ်ခုပြုလုပ်ခဲ့ရင် ပြစ်ဒဏ်ပေးသည့်အခါ ကိုယ်ကလည်း ပြစ်ဒဏ်ခံရတတ်တယ်"

"ဒါကြောင့်မို့ ကိုယ်တာဝန်ခံတဲ့ ဆရာကို ကျိုးကျိုးနွံနွံ ဆက်ဆံပြီး ဆိုဆုံးမတာကို နာခံရမယ်။ ကျေးဇူးသိစွာဖြင့် ချစ်ခင်လေးစားပြီး ဝတ်ကြီးဝတ်ငယ် ပြုရမယ်။ နောက်တာဝန်ခံပုဂ္ဂိုလ် ကျင့်ဝတ်မညီရင် ပြစ်ဒဏ်ပေးတာတို့ ဘာတို့ရှိသေးတယ်ဟ။ လိုရင်းကိုပဲ ဆက်ပြောတော့မယ်"

ဟု ဆိုကာ ကျွန်တော်က ရေနွေးကြမ်းသောက်ရပြန်လေသည်။ ခေတ္တမျှနားပြီးလေသော် ဆက်၍ -

"သီလရှင်ကျောင်း။ သီလရှင်ချောင်တို့မှာ နေလိုတဲ့ပုဂ္ဂိုလ်က သုံးကြိမ်တိုင်တိုင် တိုက်အုပ်ဆရာကြီးထံ နေခွင့်တောင်းရတယ်။ ခွင့်ပြုချက်ရမှပဲ တိုက်ကြပ်ဆရာကြီးများထံမှ တိုက်အုပ်ဆရာကြီးရဲ့ ခွင့်ပြုချက်ရပါကြောင်း လျှောက်ထားပြီး တိုက်ကြပ်ရဲ့ ခွင့်ပြုပါမှ အခြေအနေကို တာဝန်ခံသီလရှင်ကလည်း မိမိအာမခံလိုသည့်ပုဂ္ဂိုလ်ကို ဆုံးမသွန်သင်ရန်ရှိမှ မိမိက တာဝန်ယူဆုံးမမည်ဖြစ်ကြောင်း။ တစ်စုံတစ်ခု ဖောက်ဖျက်ခဲ့သော် မိမိကိုယ်ပါ ဒဏ်ပေးပါမည်ဟု လျှောက်ထားရပါမယ်။ အဲဒီအခါမှ တိုက်အုပ်ကြီးက သူတို့နှစ်ဦးကို ဆောင်ရန်၊ ရှောင်ရန်များကို ပြောပြလိမ့်မယ်။, နောက်သူတို့နှစ်ဦးက မိမိထက်ကြီးသူတို့ထံ တစ်ပါးစီ လိုက် လံပြီး မိမိကို ဆုံးမရန်နှင့် ဆုံးမမှုကို နာခံမည်ဖြစ်ကြောင်း လျှောက်ထားရပါမယ်။ နေခွင့်ရပြီးတဲ့နောက်ပိုင်း ပရိတ်ကြီး ဝတ်ရွတ်စဉ်တို့ကို နှုတ်တိုက်မရသေးခင်မှာ အခြားစာများ သင်ယူခွင့်မရှိဘူးတဲ့"

ကျွန်တော်က စကားစကိုဖြတ်ကာ ခေတ္တနားရပြန်သည်။ ထိုစဉ် မြငြိမ်းက -

"ကိုသက်ကတော့ဖြင့် တော်တော်လေ့လာထားခဲ့တာပဲ။ စနစ်ကျတဲ့ ကျင့်ဝတ်တွေနဲ့ သီလရှင်တစ်ပါးဖြစ်ရတာ ဂုဏ်ယူဝမ်းမြောက်စရာပဲဗျာ"

ဟု ပြောလေရာ ကျွန်တော်က "ကျွန်တော်ဖတ်ဖူးခဲ့တဲ့ သီလရှင်ကျင့်ဝတ် စာအုပ်ထဲက မှတ်ထားမိသမျှကို ပြန်မျှရေးတာဗျာ။ သီလရှင်ကျင့်ဝတ်တွေထဲကမှ ဘုရားရှိခိုးတာ၊ ဆွမ်းတော်ကပ်လှူတာလည်း ကျင့်ဝတ်ရှိသေးတယ်။ ဒါတွေကတော့ ကြေးစည်တို့၊ သံချောင်းတို့၊ ဘုရားဝတ်တက်ဖို့ ဆွမ်းတော်ကပ်ဖို့ အချက်ပြတာနဲ့ ဝတ်ရုံကို ညီညာစွာ ဝတ်ဆင်ပြီး သိမ်မွေ့ရှိသေစွာဖြင့် သွားနေတဲ့အခိုက်မှာလည်း စကားမပြောရဘူး။ ဘုရားကိုအာရုံပြုပြီး သွားရတယ်။ ဘုရားကျောင်းဝင်းထဲ ဝင်တာနဲ့ ဘုရားကို မြင်လျှင်မြင်ချင်း လက်အုပ်ချီဝင်ရတယ်။ အကြောင်းထူးမရှိပဲ ချန်နေခဲ့ရင်၊ ဒါမှမဟုတ် အကြောင်းထူးရှိသော်လည်း ခွင့်မပန်ကြားခဲ့ရင် သဲဒဏ်၊ ရေဒဏ် ခံရလိမ့်မယ်။ ဘုရားဝတ်တက်တဲ့ကိစ္စပြီးရင် ဆရာကြီးရဲ့ ခွင့်ပြုချက်ဖြင့် ပြန်လည်ထွက်ခွာရမယ်။ ကြမ်းနင်းသံမကြားရစေပဲ ဘုရားရှင်အား နောက်ဆုတ်၊ နောက်ဆုတ်ဖြင့် ရှိခိုးကာ ထွက်ရတယ်။ ကျွန်တော်မှတ်ထားသမျှတော့ ဒါပဲဗျာ"

ထိုအခါ မြငြိမ်းတို့ ဇနီးမောင်နှံက -

"ကိုသက်ပြောပြမှပဲ ထေရဝါဒဗုဒ္ဓသာသနာ သီလရှင်တစ်ပါးဖြစ်ဖို့က တကယ့်ကိုမှ မလွယ်တာသိရတော့တယ်။ ကျင့်ဝတ်တွေကို အခုမှပဲ နားလည်ရပြီး သီလရှင်ဆရာလေး ဆရာကြီးများကို ပိုပြီး လေးစားကြည်ညိုမိတော့တယ်"

ဟုဆိုကာ ကျသင့်ငွေကို သူတို့ ဇနီးမောင်နှံက ပေးချေတော့သည်။ ထို့နောက် ရေးဟောင်း နှောင်းဖြစ်များ ပြောဆိုကြပြီးလျှင် မိမိတို့သွားလိုရာအရပ်များဆီသို့ ထွက်ခွာရန် လမ်းခွဲခဲ့ကြလေတော့သည်။

ဝဏ္ဏလင်းထက်



www.burmeseclassic.com

www.burmeseclassic.com



# သတိချပ်စေချင် ဓာတ်ပုံရိုက်လျှင်

မော်တင်သိန်းဇော်ဇ

ဘုရား၊ စေတီ၊ ပုထိုး၊ ရုပ်ပွားတော်မြတ်များ၊ အထင်ကရ ဂန္ထဝင်မြေ ပုဂ္ဂိုလ်ထူး၊ သူတော်စင်၊ ဝိဇ္ဇာဇော်ဂျီ တပသီ၊ နတ်၊ သိုက်ဝင်ရုပ်တုများ၊ အစောင့်အရှောက်ကြီးသော အထင်ကရနယ်မြေ၊ တောတောင်အတွင်းရှိ နှစ်ချို့အင်းအိုင်သမိုင်းဝင်မြေ၊ သစ်ပင်၊ နွယ်ပင်၊ နတ်ကွန်းနှင့် အဆောက်အဦးကြီးများကို ကိုယ်ပိုင်၊ ကြေးစား၊ အပျော်တမ်း ဝါသနာရှင်အဖြစ် ဓာတ်ပုံရိုက်ရာတွင် အထူးတလည်မှု စူးစမ်းလိုက်နာ ဂရုပြု၍ သတိချပ်သင့်ကြပါသည်။ သတိမမူ ဂူမမြင်ဆိုသလို အချိန်မရ မအားလပ်၍ မစူးစမ်း၊ မလိုက်နာမိ၍ စိတ်လွတ်ကိုယ်လွတ် သတိလက်လွတ် အမှုမဲ့အမှတ်မဲ့ မသိနားမလည် ကျိုးကျွန်သဘောတို့နှင့် အလျင်စလို ရိုက်ကူးမိ၍ ဆိုင်ရာပိုင်ရာများကို ခွင့်ပြုချက်တောင်းခံ(ကန်တော့ပွဲပေးခြင်းမျိုးအပါအဝင်)ကာ မရိုက်မိ၍ အကျိုးနည်းရသည့် ဖြစ်အင်ထူး ဖြစ်အင်ဆန်းအချို့ အကာယ်အမှန်ပင် ရှိတယ်။ ကြုံတွေ့ခံစားရတတ်ကြပါသည်။ ဓာတ်ခိုက်သည့်သဘောတို့ကို ခံစားရတတ်ကြပါသည်။ ဆရာသခင်တို့၏ ဩဝါဒစရိယများ၊ ကိုယ်တွေ့လေ့လာခံစား မှတ်သားရချက်များ၊ ကြားဖူးနားဝ ဗဟုသုတများအရ အထက်ဖော်ပြပါ သမိုင်းဝင် ဂန္ထဝင်ရှေးဟောင်းမှတ်တမ်းဝင်ရာများကို ဓာတ်ပုံရိုက်ကူးကြပါက

(၁) သက်ဆိုင်ရာ ဂေါပကလူကြီးများ၏ လမ်းညွှန်ချက်များကို ခံယူရန်။

(၂) ရိုက်ကူးမည့် ဘုရားစေတီပုထိုးရုပ်ပွားတော်မြတ်များ၊ ရုပ်တုများ၊ အင်းအိုင်၊ တောတောင်နတ်ကွန်း အဆောက်အဦ စသည်တို့၏ မူလဒါယကာပိုင်ရှင် အစောင့်အရှောက် ပုဂ္ဂိုလ်များ အုပ်ထိန်းသူများကို တင်ကြို၍ ခွင့်ပန်ခြင်း (လိုအပ်ပါက ကန်တော့ပွဲပေးခြင်းများ)ကို လုပ်ဆောင်ရန်တို့ကို ယေဘုယျသဘောအနေနှင့် လိုက်နာသတိချပ်ကြရန် လိုအပ်ကြောင်းကို သိရှိရပါသည်။

www.burmeseclassic.com

တင်ပြပါ လုပ်ဆောင်နည်းများကို မလုပ်ဆောင်မိဘဲ အကြောင်းအမျိုးမျိုးတို့နှင့် အခိုပါများကို ဓာတ်ပုံရိုက်မိ၍ အကျိုးနည်းရသည့် ကိုယ်တွေ့ ဖြစ်ရပ် အတွေ့အကြုံဆန်း အချို့ကို တင်ပြလိုပါသည်။ စာရေးသူ ကိုယ်တွေ့ တွေ့သိများ ဖြစ်ပါသည်။

(၁) ရှေးမင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ကြသော ဘုရား၊ စေတီ၊ ပုထိုး၊ ရုပ်ပွားတော်မြတ်များကို ခွင့်မတောင်းမိ (ကန်တော့ပွဲမပေးမိ)၍ ဓာတ်ပုံများ မထင်ပေါ်သော ဖြစ်ရပ်ဆန်း။

တစ်ခါက ပုဂ္ဂိုလ်တစ်ဦးဖြစ်သူသည် ရှေးမင်းအဆက်ဆက်တို့ မင်းစဉ်မင်းဆက်မျှ အစဉ်အဆက် အထွတ်အမြတ်မျှ ကိုးကွယ်ပူဇော်အားထားခဲ့ကြသည့် အထင်ကရ အကျော်ဒေးယျ မင်းစဉ်ဆက် ဘုရားရုပ်ပွားတော်မြတ် အဆူဆူတို့ကို မသိနားမလည်မှု သတိမချပ်၊ ဂရုမထားမှု၊ မမေးမမြန်းမိမှု၊ သိရှိနားလည်သူတို့၏ အကြံမယူမိမှုတို့နှင့် အလျင်စလိုမှု ဓာတ်ပုံဆရာ ဝါရင့်ပုဂ္ဂိုလ်တစ်ဦးကို ကြေးကြီးပေး၍ သွားရောက် ရိုက်ကူးခဲ့ပါသည်။ ထိုသို့ အပိုင်အသေအချာမျှ ရိုက်ကူးခဲ့သော အဆိုပါ မင်းစဉ်ဆက် ဘုရားရုပ်ပွားတော်မြတ်တို့၏ ဖလင်ဓာတ်ပုံများကို အသေအချာမျှ ဆေးကြောပုံကူးခဲ့ရာတွင် မအောင်မြင်ဘဲ ဓာတ်ပုံသားများ ထူးဆန်းလှစွာ အလျဉ်းမပေါ်ဘဲ ရှိခဲ့ပါသည်။ နောင်အခါ သိရှိနားလည်သူတစ်ဦး၏ အကြံပြုချက်အရ ထိုမင်းစဉ်ဆက် ဘုရားရုပ်ပွားတော်မြတ်များကို ဒုတိယအကြိမ်အနေနှင့် ကန်တော့ပွဲပေးကာ မူလဒါယကာရင်းများကို ပန်ကြားအသိပေး တောင်းခံ၍ တစ်ခါထပ်မံ၍ ဓာတ်ပုံရိုက်ကူးခဲ့ရာမှ အောင်မြင်ခဲ့ပြီး ဓာတ်ပုံသားများကို ထင်လင်းသပ္ပာယ်လှစွာနှင့် ရရှိခဲ့ဖူးပါသည်။

(၂) ရှေးသမိုင်းဝင်စေတီ၊ ဘုရားရုပ်ပွားတော်မြတ်များကို တားမြစ်ထားမှုများကြားက မလိုက်နာမိဘဲ ဆန္ဒစော၍ ဓာတ်ပုံရိုက်ကူးယူပြီး ဒဏ်သင့်၍ ခိုက်သည့်သဘော ဝေဒနာဆန်းမျိုးကို တွေ့ကြုံခံစားရသည့် ဖြစ်ရပ်ဆန်း။

တစ်ခါကလည်း လူငယ်တစ်ဦးဖြစ်သူသည် ဘုရားဖူးသွားရင်း ရှေးပဝေသဏီ နှစ်ရာထောင်မျှကတည်းက တည်ထားကိုးကွယ် စံပယ်တော်မူခဲ့ကြသော ရှေးဟောင်းသမိုင်းဝင်ဂန္ထဝင်မြေ ဘုရားစေတီရုပ်ပွားတော်နှင့် သာသနိက နယ်မြေတော်သို့ ရောက်ရှိသွားမိခဲ့ပါသည်။ ထိုလူငယ်ဖြစ်သူသည် ထိုရှေးဟောင်း သမိုင်းဝင်မြေ ဘုရားစေတီ ရုပ်ပွားတော်တို့နှင့် ပရဝဏ်အတွင်းရှိ ပုံတော်အချို့တို့ကို တားမြစ်မှုအချို့ ရှိသည့်ကြားထဲက ဆန္ဒစော၍ သူ၏တယ်လီဖုန်း ကိုယ်ပိုင်စက်နှင့် အမှုမဲ့ အမှတ်မဲ့ မသိကျိုးကျွင် သတိဝါရဝမဲ့မှုတို့နှင့် ကိုးကွယ်ပူဇော်ရန်အတွက် ကပျာကယာ ရိုက်ကူးခဲ့မိပါသည်။ ထိုသို့ရိုက်ကူးခဲ့ပြီး အပြန်တွင် ထိုလူငယ်ဖြစ်သူမှာ အကောင်းကြီးမှ တစ်ကိုယ်လုံး ယားယံမှုများ၊ ဖောင်းကားနီရဲ အဖုများ ထဖြစ်၍ ကိုယ်စိတ်တို့ ကြီးစွာမျှ တုန်လှုပ်ထိခိုက် ခံစားခဲ့ရမှု၊ ကုသရမှု ဖြစ်ရပ်ဆန်းတစ်ရပ်ကို ဆန်းကြယ်ထူးခြားလှစွာ ပကတိ အထင်အရှားမျှ ခံစားတွေ့ကြုံရင်ဆိုင်ခဲ့ရဖူးပါသည်။

နောင်ရက်အပြန်တွင်ပင် သိရှိနားလည်သူတို့၏ အကြံပြုချက်များအရ ပေါ့ဆမှားယွင်း၍ ဓာတ်ပုံရိုက်ကူးခဲ့သူ ထိုလူငယ်ဖြစ်သူက အဆိုပါ ဘုရားစေတီရုပ်ပွားတော်မြတ်များနှင့် မူလမူရင်း ကနဦး ဒါယကာများ၊ ဘုရားစောင့် နတ်ဒေဝါတို့ကို ကန်တော့ပွဲပေး၍ တောင်းပန်ဝန်ချမှုကို အတိဂါရဝ သဒ္ဓါစိတ်ကြီးမားစွာနှင့် ကန်တော့တောင်းပန်၍ လုပ်ဆောင်ခဲ့ပြီးနောက်တွင် ထိုလူငယ်ဖြစ်သူအနေနှင့် ရုတ်တရက်ကြီး ကောက်ကာငင်ကာမျှ အကောင်းပကတိကြီးမှ ထဖြစ်ထခံစားရသော ယားယံမှုကြီးများ ဝေဒနာနှင့် တုန်လှုပ်စရာဖြစ်အင်ဆန်းတို့မှ ထင်ရှားစွာ ကင်းလွတ်ခဲ့ရသည်ဟု သိရှိရပါသည်။

အသက်မွေးဝမ်းကျောင်း၊ အပျော်တမ်း ဝါသနာများတို့အရ ဓာတ်ပုံရိုက်ကူးတတ်ကြသော လုပ်ငန်း၊ ကိုယ်ပိုင်နှင့် ဓာတ်ပုံဝါသနာရှင်များ လေ့လာနိုင်ကြပါရန် ကိုယ်တွေ့အဖြစ် အကျိုးမျှော်၍ အတွေ့အကြုံမှန်အချို့ကို တင်ပြအပ်ပါသည်။ ဂါရဝမွန်နှင့် ဖြစ်ပါသည်။

မှတ်ချက် ။ အထူးသဖြင့် အထင်ကရ ရှေးဟောင်းသမိုင်းဝင်နှင့် နန်းတော်မြို့ဟောင်းဖြစ်ရာ ဒေသကြီးတို့တွင် အထူးပိုမို၍ သတိကြီးချပ်သင့်ကြပါသည်။

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် အနုပညာ

ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)

အနုပညာဆိုသည်မှာ မြန်မာ့ရိုးရာအနုပညာသုခုမ ပညာရပ်အားလုံး အကြုံးဝင်ပါသည်။ ရုပ်ရှင်၊ သဘင်၊ ဂီတ အဆိုအက၊ အတီးအမှုတ်၊ အရေးအသား တေးသွား စသည်များ ပါဝင်ပါးသည်။ ကျွန်တော်သည် ရွှေဘိုမြို့မှ မန္တလေးမြို့သို့ ကျောင်းပြောင်းနေသောအခါ ၁၁ နှစ်သား အရွယ် ဖြစ်ပါသည်။ မန္တလေးမြို့သည် အနုပညာမြို့တော် ဖြစ်သည့်အတွက် သီတင်းကျွတ်လမှစပြီး အငြိမ့်၊ ဇာတ်ပွဲ များ လစဉ်လတိုင်းလိုလို ရပ်ကွက်ဘုရားပွဲ ဆွမ်းသိမ်းပွဲများ ကျင်းပရာ အငြိမ့်ပွဲများ၊ ဇာတ်ပွဲများ ကပြကြပါသည်။ ကျွန်တော်လည်း ပွဲဝါသနာပါသဖြင့် မလွတ်တမ်းကြည့်ပါ သည်။ ကျောင်းပိတ်ရက်များတွင် ကျွန်တော်၏ အစ်ကိုကြီး က မယ်ဒလင်တီးသင်ပေးထားသဖြင့် အသင့်အတင့် တီး တတ်၊ ဆိုတတ်ပါသည်။ မန္တလေးကောလိပ်ကျောင်းမှ ထွက်ပြီး စာပေနယ်တွင် သတင်းထောက်နှင့် သတင်း အယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ် ရန်ကုန်ပြည်ကျော် သတင်းစာတိုက်မှ ခေါ်သောကြောင့် ၁၉၆၀ ပြည့်နှစ်တွင် ကျွန်တော်၏ ဆရာကြီးဦးတင်အုန်း (စာရေးဆရာ ရွှေသွေး) က အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ ကျွန်တော်က သတင်းအယ်ဒီတာအဖြစ်လည်းကောင်း ပြောင်းရွှေ့လာ ခဲ့ကြပါသည်။ ထိုစဉ်က ကျွန်တော်၏ အသက် ၂၃ နှစ်သာ ရှိပါသေးသည်။

ရန်ကုန်ရောက်ပြီး သုံးလခန့်ကြာသောအခါ ကျွန် တော်၏ဆရာကြီး ဆရာရွှေသွေး၊ သူငယ်ချင်း စာရေးဆရာ မြစ်သားမောင်၊ ရုပ်ရှင်ဒါရိုက်တာ ဦးမြင့်မောင်နှင့် တိုင်ပင်ပြီး "စွန်ပရာဘွန်" ကချည်ပြည်နယ်က မြို့ကလေး ဇာတ် ကားရိုက်ရန် စီစဉ်ကာ ဇာတ်လိုက်၊ မင်းသား၊ မင်းသမီးများ အဖြစ် ဦးထွန်းဝေနှင့် ဒေါ်စံရှားတင်က တစ်တွဲ၊ ဇာတ်လိုက် မင်းသားသစ်အဖြစ် ကျွန်တော်နှင့် မခင်သန်းနုက တစ်တွဲ



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ပါသည်။ ဦးထွန်းဝေက ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာနက လွှတ်လိုက်သော ဆရာဝန်ဖြစ်ပြီး စွန့်ပရာဘွန်မြို့က ဆေးရုံကိုပို့လိုက်ရာ သူနာပြုဆရာမ ဒေါ်စံရှားတင်နှင့် တွေ့ပြီး မေတ္တာမျှ ညားသွားသော ဇာတ်လမ်းဖြစ်ပါသည်။ ကျွန်တော်က ပညာရေးဝန်ကြီးဌာနက ကျောင်းအုပ်အဖြစ် ရာထူးတိုး၍ ရန်ကုန်မှ စွန့်ပရာဘွန်ကျောင်းသို့ ပြောင်းသွားပြီး ကချင်ဆရာမလေး ခင်သန်းနုနှင့် ညားသွားသော ဇာတ်လမ်းဖြစ်ပါသည်။ ၎င်းဇာတ်ကားအတွက် သတင်းစာများတွင် ကြော်ငြာထည့်သွင်းကြေညာပြီးနောက် ရန်ကုန်မြို့မှ ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီများမှ ဆရာဦးမြင့်မောင်ကိုယ်တိုင် ကြိုတင်စရန်ငွေများရယူပြီး အထက်ဗမာပြည် ကုမ္ပဏီများမှ စရန်ငွေများရယူရန် ၎င်း၏ တူတော်သူတစ်ဦးအား စာရေး၍ လွှတ်လိုက်ပါသည်။ ထိုစဉ်က ဇာတ်ကားတစ်ကားရိုက်မည်ဟု ဇာတ်လမ်းအကျဉ်းနှင့် မင်းသမီး၊ မင်းသားများ ဇာတ်ပို့ဇာတ်ရံ စသည်များ ကြေညာပြီးပါက စရန်ငွေများ ကြိုတင်ပေးပါသည်။ ၎င်းငွေနှင့်ပင် ကန်တော့ပွဲပေးပြီး ရုပ်ရှင်ရိုက်ကြပါသည်။ ဇာတ်လမ်းကလည်း ကချင်–မြန်မာ ချစ်ကြည်ရေးဇာတ်လမ်း ဖြစ်ပါသည်။ အထက်ဗမာပြည် မန္တလေးကုမ္ပဏီ ငါးခုမှ ငွေငါးသိန်းကျပ်ရယူပြီး ဆရာဦးမြင့်မောင်တူက ရန်ကုန်ပြန်မလာဘဲ ထွက်ပြေးသွားသောကြောင့် ဆရာဦးမြင့်မောင်ကိုယ်တိုင် မန္တလေးကုမ္ပဏီများသို့ ငွေသွားပေးလျော်ရပါသည်။ ဇာတ်ကားလည်း မရိုက်ဖြစ်တော့ပါ။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရ တက်လာသောအခါ ကျွန်တော်တို့သတင်းစာတိုက်လည်း ရပ်ဆိုင်းလိုက်ရပါသည်။ ထိုအခါ ကျွန်တော်သည် မြစ်ဝကျွန်းပေါ်အေဂျင်စီကုမ္ပဏီတွင် မန်နေဂျာအဖြစ် ဝင်လုပ်ရပါသည်။ တစ်နှစ်ခန့်ကြာသောအခါ ဒါရိုက်တာဦးမြင့်မောင်၏ ဆက်သွယ်ပေးမှုဖြင့် ဒါရိုက်တာတက္ကသိုလ်ဝင်းဖေ ကျွန်တော်၏ ကန်တော်ကလေး (၉၁)လမ်းအိမ်သို့ (၉၄)လမ်းမှ ရုပ်ရှင်မင်းသားကြီး ပန်းချီဘသစ်နှင့်အတူ ရောက်လာပြီး ရွှေဟင်္သာရုပ်ရှင်ကုမ္ပဏီမှ "ပန်းကလေးများတေးဆိုချင်" ဇာတ်ကားအတွက် သရုပ်ဆောင်မင်းသားသစ်နှင့် နာမည်ရပြီး မင်းသမီး တွဲရိုက်ပေးပါဆိုလို့ မင်းသားအနေနဲ့ တင်ရိုက်ပေးဖို့ လာတာပါ"ဟု ပြောရာ ကျွန်တော်အရမ်းကို ဝမ်းသာသွားပါသည်။ မင်းသမီးကလည်း (၈၇)လမ်းကန်တော်လေးက ဦးကျော်ဝင်း။ ဒေါ်တင်တင်မူတို့သမီး ဒေစီကျော်ဝင်းနဲ့ တွဲရမှာပါ။ မ ်းသမီးလည်း ပြောပြီးပါပြီဟု ပြောပါသည်။ ဦးဘသစ်ကလည်း ကျွန်တော်နဲ့ တစ်ရပ်ကွက်ထဲသား ရင်းနှီးပြီးသား ဆိုတော့ ညီလေး အဲဒီကားစွံသွားရင် နောက်ဆက်တိုက်ရိုက်ရမှာဟု အားပေးပါသည်။

တစ်ပတ်ခန့်ကြာသောအခါ ဒါရိုက်တာ ဦးဝင်းဖေ ကိုယ်တိုင် သူ၏ဂျစ်ကားလေးဖြင့် လာခေါ်ပြီး ရွှေဟင်္သာရုပ်ရှင်ကုမ္ပဏီသို့သွားပြီး ကန်တော့ပွဲပေးပြီး ကုမ္ပဏီပိုင်ရှင်နှင့် စာချုပ်ရပါသည်။ စရန်ငွေ ၅၀၀၀ ပေးလိုက်ပါသည်။ ထိုခေတ်က ငွေတန်ဖိုးရှိသော ခေတ်ဖြစ်သဖြင့် ငွေငါးထောင်ကျပ်သည် အလွန်တန်ဖိုးရှိပါသည်။ အပြီးတွင် ဆရာဦးဝင်းဖေကိုယ်တိုင် သရုပ်ဆောင်ရမည့်အခန်းများ ပြောရမည့် Dialogue များ ကျက်ထားရန် ပေးခဲ့ပါသည်။ နောက်တစ်ပတ်ခန့်ကြာလျှင် ရိုက်မည့်ရက် ကြိုပြောပြီး အလုပ်မှခွင့်ယူ၍ လိုက်ရိုက်ရန် ပြောပါသည်။ ကျွန်တော်၏ ကုမ္ပဏီက စနေ၊ တနင်္ဂနွေပိတ်သော်လည်း ကြားရက်ဆိုလျှင် ခွင့်ယူရပါသည်။ တစ်ပတ်ခန့်ကြာသောအခါ အင်္ဂါနေ့ စရိုက်မည်ဖြစ်၍ ခွင့်ယူထားရန် တနင်္လာနေ့ ဖုန်းဖြင့်ဆက်ပါသည်။ အင်္ဂါနေ့ နံနက် ၈း၃၀ နာရီ ဒါရိုက်တာဦးဝင်းဖေ ကိုယ်တိုင် သူ့ဂျစ်ကားလေးဖြင့် လာခေါ်ပြီးနောက် (၈၇)လမ်း မင်းသမီးအိမ်သွားခေါ်ရာ မင်းသမီးဒေစီကျော်ဝင်းက အိမ်ရှေ့ထွက်လာပြီး "အန်ကယ် သမီးနေမကောင်းလို့ ဒီနေ့ မလိုက်နိုင်ဘူး။ Shooting ဖျက်လိုက်ပါ"ဟု ပြောပါသည်။ ဒါရိုက်တာ ဦးဝင်းဖေကလည်း "အေး ... နောက်တစ်ပတ် အင်္ဂါနေ့ အဆင်သင့်လု ်ထား"ဟုပြောပြီး ပြန်ခဲ့ရပါသည်။ နောက်တစ်ပတ် သွား ခါ်တော့လည်း ဝမ်းတွေ အရမ်းသွားနေလို့ဟု ပြောပါသည်။ တတိယအကြိမ် သွားခေါ်တော့ သူငယ်ချင်းတွေ လာခေါ်လို့ ပါသွားတယ်ဟု သူတို့အိမ်က ကလေးမလေးက ထွက်ပြောတယ်။ ဒီတော့ ကျွန်တော်လည်း "ဆရာဦးဝင်းဖေ၊ ကျွန်တော်က မင်းသားသစ်မို့ မတွဲချင်လို့ဖြစ်မယ်။ ဒီတော့ တခြားမင်းသားနဲ့သာ ပြောင်းလိုက်ပါတော့။ ကျွန်တော်လည်း ကုမ္ပဏီက ခွင့်ခဏခဏယူတော့ အလုပ်ပြုတ်တော့မယ်။ စရန်ငွေ ၅၀၀၀ လည်း ကျွန်တော် ပြန်ပေးပါ့မယ်"ပြောတော့ ဒါရိုက်တာ ဆရာဦးဝင်းဖေက "ပြန်ပေးစရာမလိုဘူး။ မောင်ရင့်ဘက်က ပျက်တာမဟုတ်ဘူး။ မင်းသမီးဘက်က ပျက်တာ"ဟု

www.burmeseclassic.com

ပြောပါသည်။ နောက်တော့ တွံတေးသိန်းတန်နှင့်ရိုက်ဖြစ်သွားပါသည်။ ကျွန်တော့်ရဲ့ ကံဇာတာကိုက မင်းသားမဖြစ်ထိုက်လို့လား၊ ရှေးလူကြီးများ ပြောသလို လမိုင်းမကပ်လို့လားတော့ မပြောတတ်တော့ပါ။

နောက်သုံးလလောက်ကြာတော့ ရုပ်ရှင်ကုမ္ပဏီတစ်ခုမှ ဒါရိုက်တာကြီးတစ်ဦးက သရုပ်ဆောင်များ အလိုရှိသည်။ စစ်ကားရိုက်မည်ဖြစ်၍ တပ်ရင်းမှူးအဖြစ် တစ်ဦး၊ တပ်ခွဲမှူးတစ်ဦး၊ တပ်စိပ်မှူးတစ်ဦးအဖြစ် သရုပ်ဆောင်လိုသူများလျှောက်ထားနိုင်သည်ဟု ကြေညာရာ ရန်ကုန်တက္ကသိုလ်ကျောင်းလာတက်နေတဲ့ ကျွန်တော်၏တူနှင့်ကျွန်တော်ပါ လျှောက်လွှာတင်လိုက်ရာ တစ်ပတ်ခန့်အကြာ ခေါ်ပါသည်။ ကျွန်တော်တို့အရင် အရပ်ရှည်ရှည်ဖြင့် အဆိုတော်တစ်ဦးလည်း ရောက်နေပါသည်။

"ကဲ ... မောင်ရင်တို့နှစ်ယောက်က တစ်ယောက်က ဗိုလ်ကြီးတပ်ခွဲမှူး၊ တစ်ယောက်က တပ်ကြပ်ကြီး တပ်စိတ်မှူးလုပ်ရမယ်။ ဒီပုဂ္ဂိုလ်ကတော့ အရပ်လည်းရှည်တော့ တပ်ရင်းမှူး ဗိုလ်မှူးအဖြစ် သရုပ်ဆောင်ရမယ်။ ဒီက ကျူပ်ဇနီး မင်းသမီးက တပ်ရင်းမှူးကတော်အဖြစ် သရုပ်ဆောင်မယ်။ ခုလာမယ့် စနေနေ့နဲ့ တနင်္ဂနွေ နှစ်ရက် သင်တန်းလာတက်ရမယ်။ တပ်ရဲ့ စည်းမျဉ်းစည်းကမ်းဥပဒေတွေကို မင်္ဂလာဒုံတပ်မြို့က တပ်ကြပ်ကြီးတစ်ဦး ခေါ်ထားတယ်။ လာသင်ပေးမယ်။ နံနက် ၈ နာရီအရောက်လာရမယ်။ ကဲ... ပြန်နိုင်ပြီ"

ဟု ပြောပါသည်။ ကျွန်တော်တို့ တူဝရီးလည်း ဒါရိုက်တာကြီးကို ဦးညွတ်ဂါရဝပြုပြီး ပြန်ခဲ့ကြပါသည်။ စနေနေ့ နံနက် ၈ နာရီ ရောက်သွားသောအခါ စစ်ပညာသင်ပေးမည့် တပ်ကြပ်ကြီးနှင့် မိတ်ဆက်ပေးပါသည်။ နံနက်စာ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်များဖြင့် ကျွေးမွေးပါသည်။ နေ့လယ် ၁၂ နာရီ ထမင်းကျွေးပါသည်။ ညနေ ၅ နာရီ သင်တန်းပြီးပါသည်။ သီအိုရီရော၊ ပရယ်တီကယ်ပါ သင်ပေးပါသည်။ စနေ၊ တနင်္ဂနွေ ၈ နာရီအရောက်သွားရာ တပ်ရင်းမှူးသရုပ်ဆောင်မည့် အဆိုတော်ကြီးနှင့် ဒါရိုက်တာကတော် မင်းသမီးတို့က လက်ဖက်ရည်သောက်နေပါပြီ။ ကျွန်တော်တို့နှစ်ယောက်နဲ့ တပ်ကြပ်ကြီးက တစ်ဝိုင်းမှာ သောက်ပါသည်။ ထမင်းစားလျှင်လည်း အဆိုတော်ကြီးနဲ့ မင်းသမီးက အတူတူစားကြပါသည်။ တပူးတွဲတွဲနေတော့ သူတို့က တပ်ရင်းမှူးနဲ့ တပ်ရင်းမှူးကတော် သရုပ်ဆောင်ရမှာမို့လို့ပဲ ထင်မိပါသည်။ စနေ၊ တနင်္ဂနွေ သုံးပတ်မြောက်ပြီး လေးပတ်မြောက် စနေနေ့ ကျွန်တော်တို့ ရောက်သွားသောအခါ ဒါရိုက်တာကြီးနှင့် တပ်ကြပ်ကြီးတို့နှစ်ဦး စကားပြောနေသည်ကိုတွေ့ရပြီး ဒါရိုက်တာကြီးလည်း မျက်စိမျက်နှာပျက်နေသည်ကို တွေ့ရှိရပါသည်။ ကျွန်တော်တို့လည်း အနားရောက်ရော ဒါရိုက်တာကြီးက ဒီနေ့ကစပြီး သင်တန်းပိတ်လိုက်ပြီ။ ဇာတ်ကားလည်းမရိုက်တော့ဘူးလို့ ပြောပြီး ကဲ ... မောင်ရင်တို့ လမ်းစရိတ်လေးယူသွားပါဆို၍ ငွေတစ်ထောင်စီ ပေးပါတယ်။ ကျွန်တော်က ရပါတယ် ဆရာ၊ မယူပါရစေနဲ့လို့ ပြောတော့ တပ်ကြပ်ကြီးက ယူပါဆိုပြီးပေးတယ်။ ကျွန်တော်တို့လည်း ဒါရိုက်တာကြီးကို နှုတ်ဆက်ပြီး ပြန်ထွက်လာတော့ တပ်ကြပ်ကြီးက လိုက်လာပြီးပြောတယ်။ မင်းသမီးက တပ်ရင်းမှူးအဆိုတော်နောက် လိုက်ပြေးသွားပြီလို့ ပြောတော့မှ သြော် ... ငါတို့ကုသိုလ်ကံပဲပေါ့ကွာလို့ ပြောခဲ့ရပါတယ်။

၁၉၇၂ ခုနှစ် ကျွန်တော် မြို့နယ်တရားသူကြီးဥက္ကဋ္ဌလုပ်နေတဲ့အချိန် ကျွန်တော့်ရုံးခန်းကို ဒါရိုက်တာရှုမဝချစ်စိန် ရောက်လာပြီး သူတို့ရိုက်နေတဲ့ ဇာတ်ကားအတွက် တရားသူကြီးအခန်း သုံးခန်းလောက် ရိုက်ပါရစေ တရားသူကြီးကိုယ်တိုင်က တရားခံကို စစ်မေးဖို့ ကူညီပါလို့ တောင်းခံတော့ ကျွန်တော်လည်း တရားသူကြီးအနေနဲ့ ကျွန်တော့်ရဲ့တရားခွင်မှာ စစ်မေးတဲ့အခန်း သုံးခန်းရိုက်ပေးလိုက်တယ်။ ဇာတ်ကားအမည်က "ဖဲမွေ့ရာလမ်း"၊ သရုပ်ဆောင်က မင်းသားခင်မောင်ချင်းနှင့် မင်းသမီး စန်းစန်းဝင်းတို့ ဖြစ်ပါတယ်။ သရုပ်ဆောင်ခငွေ ၁၅၀၀၀ ပေးပါတယ်။ ကျွန်တော်က မြို့နယ်ရွေးချယ်ပွဲ ကော်မရှင်မှာလည်း အဖွဲ့ဝင်နေတော့ မြို့နယ်ကော်မရှင် ရန်ပုံငွေအဖြစ် ပြန်လှူလိုက်ပါတယ်။

ဇာတ်လိုက်မင်းသားဖြစ်ဖို့ ကံမပါဘဲ တရားသူကြီးအနေနဲ့ သရုပ်ဆောင်လိုက်ရတော့ လူမှန်နေရာမှန် ဖြစ်သွားတယ်လို့ပဲ ယူဆမိပါတော့သတည်း။

ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောက

# ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

တစ်ချိန်က တစ္ဆေရှိမရှိ လေ့လာသော သုတေသီများသည် တစ္ဆေကို ဓာတ်ပုံရိုက်၍မရဟု တွက်ဆကြသည်။ ယခုမူ ထိုသို့မဟုတ်တော့ပြီ။

တစ္ဆေကို ဓာတ်ပုံရိုက်၍ရသော အထောက်အထားများ တွေ့ရှိလာပေပြီ။ တစ္ဆေဘဝ (ဝါ) ဝိညာဉ်ဘုံသို့ ရောက်နေသော မိန်းမပျိုကလေး၏ ဓာတ်ပုံကို ၁၉၉၆ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်နေ့ထုတ် Weekly World News အပတ်စဉ်စာစောင်၌ ပါလာခဲ့သည်။

မိန်းမပျိုကလေး၏ အမည်မှာ မစ္စစ်ဖလက်ဖြစ်ပြီး သူမသည် လွန်ခဲ့သော နှစ်ပေါင်း ၁၄၀ ကျော်က အမေရိကန်ပြည်ထောင်စု ပြည်နယ်တစ်ခု၌ ကြွယ်ဝချမ်းသာသောမိသားစုမှ မွေးဖွားခဲ့သည်။

မစ္စစ်ဖလက် အရွယ်ရောက်သောအခါ သစ်စက်လုပ်သားလေးတစ်ဦးနှင့် မေတ္တာမျှကြသည်။ ယင်းကို မိသားစုများက သဘောမတူသဖြင့် သူမကို ရပ်ဝေးသို့ပို့ပြီး ဘော်ဒါဆောင်ထားသည်။ ထိုသို့ မခွဲခွာမီ သစ်စက်လုပ်သားလေးက သူမအား လက်စွပ်တစ်ကွင်း လက်ဆောင်ပေးသည်။ မစ္စစ်ဖလက်သည် ထိုလက်စွပ်လေးကို ဖဲကြိုးနှင့်ချည်နှောင်၍ သူ့လည်မှာ အမြတ်တနိုးဆွဲထားသည်။ သူမ အရပ်တဝေးသို့ ရောက်ပြီးနောက် မကြာမီမှာပင် အသည်းအသန်နာမကျန်းဖြစ်လေသည်။ ထို့ကြောင့် မိသားစုက သူမကို ပြန်ခေါ်၍ အိမ်သို့ရောက်သောအခါ အစ်ကိုဖြစ်သူက သူမ၏လည်၌ဆွဲထားသော လက်စွပ်ကို တွေ့သွားသဖြင့် ဒေါသထွက်ပြီး လည်ဆွဲလက်စွပ်ကို ဆွဲဖြုတ်လွှင့်ပစ်လိုက်သည်။ ထို့နောက် နှစ်ရက်ခန့်အကြာ၌ မစ္စစ်ဖလက် ကွယ်လွန်သွားသည်။

သူမသည် သေခါနီး၌ လက်စွပ်ကလေးကို စွဲသွားဟန်တူသည်။ တမလွန်ဘဝသို့ ရောက်သောအခါ တစ္ဆေဖြစ်သွားပြီး သူမ မြုပ်နှံရာတစ်ဝိုက်၌ လှည့်လည်သွားလာနေပြီး တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေဟန် မကြာခဏ တွေ့ကြရသည်ဟု ဆိုသည်။

၁၉၄၇ ခုနှစ်က ကမ္ဘာလှည့်ခရီးသည်တစ်ယောက်သည် သူမမြုပ်နှံရာ ဂူသင်္ချိုင်းသို့ရောက်သွားစဉ် သူမကို မျက်ဝါးထင်ထင် ရုတ်တရက် မြင်လိုက်သဖြင့် ဓာတ်ပုံရိုက်ယူလိုက်သည်။ ထိုဓာတ်ပုံကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့သို့ တင်ပြရာ ထိုပုံမှာ မစ္စစ်ဖလက်၏ပုံ ဖြစ်နေလေတော့သည်။


ပုံ(က)ကို ကြည့်ပါ။ အမေရိကန်နိုင်ငံ နှလုံးအထူးကု ဆေးရုံကြီး၏ ခွဲစိတ်ခန်းတစ်ခုအတွင်း၌ ဆရာဝန်နှင့် ဆေးဝန်ထမ်းများ လူနာတစ်ဦးကို ခွဲစိတ်ကုသနေပုံဖြစ်ကြောင်း သိသာပါသည်။ ပုံထဲတွင် ပိုမို သိသာထင်ရှားသည့် အချက်တစ်ချက်မှာ ခွဲစိတ်ခံနေရသော လူနာ၏ရင်ဘတ်မှ လူပုံရိပ်တစ်ခုသည် ခွဲစိတ်ခန်းမျက်နှာကြက်ရှိရာသို့ တိုးတက်သွားသည့်ပုံ ရှိနေခြင်းပင်ဖြစ်သည်။ ထိုပုံရိပ် လူနာထံမှ ထွက်ပေါ်ချိန်နှင့် လူနာ၏ နှလုံးခုန်စက်ရပ်သွားချိန်မှာ တစ်ချိန်တည်းဖြစ်နေပါသည်။ လူနာကွယ်လွန်သွားသည့်အချိန်(ဝါ)အသက်ဇီဝိန်ချုပ်ငြိမ်းသွားသည်နှင့် ၎င်း၏ကိုယ်တွင်းမှ ဝိညာဉ်ထွက်သွားသည်ကို တိုက်ရိုက်ဆိုင်ဆိုင် မှတ်တမ်းတင်ထားလိုက်ခြင်း ဖြစ်လေသည်။

လူနာအမည်မှာ Karin Fisher အမျိုးသမီးလူနာဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၃၂ နှစ် ရှိပြီဖြစ်သည်။ လူ့အသက်တစ်ချောင်းကို သေမင်းထံမှ



www.burmeseclassic.com

www.burmeseclassic.com



ပုံ (က)

ယောက်ကို မေးကြည့်ရာ ဓာတ်ပုံတွင် ပါသော ဝိညာဉ်ဓာတ်ပုံကို ၎င်းတို့ ထို အချိန်က မတွေ့ရကြောင်း ပြောကြပါ သည်။

ဤသို့ဖြစ်စဉ်နှင့် ပတ်သက်၍ Weekly World News မဂ္ဂဇင်းမှ ဓာတ်ပုံနှင့်တကွ ဆောင်းပါးရေးသားဖော် ပြခဲ့ရာ ပုတ်ရဟန်းမင်းကြီး ဂျွန်ပေါလ ခရစ်ယာန်ဘာသာဆိုင်ရာ ဘုန်းတော် ကြီးများကို ဤကိစ္စ အသေးစိတ်လေ့ လာရန် ညွှန်ကြားခဲ့လေသည်။

ပုံ(ခ)မှာ ဒစ်ဂျစ်တယ်ဓာတ်ပုံ ပညာခေတ်တွင် ရိုက်ကူးထားသောပုံ ဖြစ်ပြီး သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ရိုက်ကူးထားသောပုံ ဖြစ်လေသည်။ ပုံ တွင်ပါရှိသော မိန်းကလေးနှစ်ဦးမှာ ဖိလစ်ပိုင်သူများဖြစ်ကြပြီး ဖိလစ်ပိုင် နိုင်ငံ၊ မနီလာမြို့တော် တိုးချဲ့မြို့သစ် [illegible]ယူရသော ဆေးရုံခွဲစိတ်ခန်းလို နေ [illegible]ရာမျိုးတွင် အပျော်သဘော ဓာတ်ပုံ [illegible]ိုက်လေ့ မရှိပါ။ ယခုပုံသည်ကား လူနာ Karin Fisher အား ခွဲစိတ်နေစဉ် ဆေးပညာသင်တန်းများ၊ ဆေးကော [illegible]၊ ဆေးတက္ကသိုလ် စသည်တို့တွင် သင်ကြားမှုထောက်ကူအဖြစ် အသုံးပြု [illegible]အတွက် မှတ်တမ်းတင် ဓာတ်ပုံရိုက် [illegible]ခြင်း ဖြစ်ပါသည်။ ဓာတ်ပုံပေါင်း [illegible] ပုံတွင် တစ်ပုံတွင်သာ အဆိုပါ [illegible]ညာဉ်ကို ရိုက်ယူလိုက်နိုင်ပြီး အဆိုပါ [illegible]တ်ပုံရိုက်ချိန်သည် လူနာ၏ နှလုံး [illegible]ကော်ရပ်ချိန်နှင့် တစ်ပြိုင်တည်း ဖြစ် [illegible]သည်။ ခွဲစိတ်ခန်းအတွင်းရှိ ခွဲစိတ် [illegible]နှင့်အပါအဝင် ဆေးဝန်ထမ်း ၁၂



ပုံ(ခ)

www.burmeseclassic.com



ပုံ(ဂ)

ဖွင့်ပွဲတွင် ရိုက်ထားသောပုံဖြစ်ပါသည်။ မိန်းကလေးနှစ်ဦးအပြင် ပုံ၏ယာဘက်တွင် ပုံရိပ်တစ်ခု ရှိနေသည်ကို သတိပြုမိကြပါလိမ့်မည်။ ဓာတ်ပုံပညာတိုးတက်နေသောခေတ်တွင် ဤပုံမျိုးသည် ထူးဆန်းသောပုံ မဟုတ်ပါ။ သို့သော် ဓာတ်ပုံပါ မိန်းကလေးနှစ်ဦး၏ ပြောပြချက်အရ ၎င်းတို့သည် ဤပုံကိုရိုက်စဉ်က နှစ်ဦးတည်းသာရှိကြောင်း ပွဲတော်တွင်တွေ့သော လူတစ်ဦးအား အကူအညီတောင်း၍ ၎င်းတို့နှစ်ဦးကို ဓာတ်ပုံရိုက်ပေးရန်ပြောကြောင်း၊ အဆိုပါပုဂ္ဂိုလ်ကလည်း လိုလိုလားလားပင် ဓာတ်ပုံရိုက်ပေးခဲ့ပြီး ကင်မရာဖုန်းကို ပြန်ပေး၍ ထွက်သွားကြောင်း၊ ဓာတ်ပုံကို ဖွင့်ကြည့်သောအခါ ၎င်းတို့ဘေးတွင် တစ်စုံတစ်ဦး လာရပ်နေပြီး ပုံ၏ယာဘက်ရှိ မိန်းကလေး၏ လက်မောင်းကို ဆွဲပြီးရပ်နေကြောင်း တွေ့ရသည်။ ညတွင်းချင်းပင် ဤဖြစ်ရပ် ဟိုးလေးကျော်သွားခဲ့သည်။ မြို့သစ်ဖွင့်ပွဲ တာဝန်ခံရုံးတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ ဓာတ်ပုံမှာ ပူပူနွေးနွေး ရိုက်ထားသောပုံဖြစ်သည်။ ပုံတွင် ပါလာသောလက်မှာ ရန်လိုသောအသွင်မရှိ၊ တွန်းခြင်း၊ ဆွဲခြင်းမျိုးလည်းမဟုတ်။ ဖွဖွလေး လက်မောင်းကို ညင်ညင်သာသာ ကိုင်တွယ်ဟန်တူသည်။ မိမိပါ ပါဝင်ဓာတ်ပုံရိုက်လိုခြင်းကို ဖော်ပြနေသည်။ မိန်းကလေး၏ လက်မောင်းပေါ် ကျနေသော လက်သည် လွန်စွာ သဘာဝကျသည့် အနေအထားတွင် ရှိနေသဖြင့် ဓာတ်ပုံပညာရှင်ကို အံ့ဩသွားရသော ဖြစ်ရပ်တစ်ခုပင် ဖြစ်သည်။

ပုံ(ဂ)တွင် ကလေးမလေး သုံးဦးအနက် အလယ်တွင်ရပ်နေသူ Kelley Jakson သည် အသက် ၁၂ နှစ်အရွယ်ဖြစ်သည်။ ဓာတ်ပုံရိုက်မည်အပြုတွင် မိမိလည်ပင်းနားသို့ တစ်စုံတစ်ဦးက သိုင်းဖက်လိုက်သကဲ့သို့ ခံစားရသည်ဟု ပြောပြပါသည်။ ဓာတ်ပုံထဲတွင်လည်း ဘေးရှိ သူငယ်ချင်းနှစ်ဦးစလုံး နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေကြစဉ်တွင် Kelley ၏ မျက်နှာမှာ အပြုံးရပ်၍ တစ်စုံတစ်ခုကို ခံစားနေရပုံ ပေါ်နေပါသည်။ ဤဓာတ်ပုံရိုက်သောနေရာမှာ ရှေးဟောင်းရဲတိုက်ကြီးအတွင်း တစ်နေရာဖြစ်ပါသည်။

Kelley နှင့် မိတ်ဆွေ ကလေးမလေးများ ရဲတိုက်ဟောင်းကြီးတွင် ဝင်ရောက်လည်ပတ်ရင်း ဓာတ်ပုံရိုက်ခဲ့ကြသည့်နှစ်မှာ ၁၉၉၁ ခုနှစ်က ဖြစ်ပါသည်။ ယခုအခါ Kelley ပင် အသက် ၄၀ နီးပါး ရှိနေပြီဖြစ်ပါသည်။ (၁၉၉၁ ခု နှစ်တွင် Kelley ၁၂ နှစ်ရှိပြီး ယခု ၂၀၁၆ တွင် ၄၀ နီးပါး ရှိနေပြီ) နှစ်ပေါင်း ၂၅ နှစ်တိုင် ကြာခဲ့ပြီဖြစ်ပါသည်။

ဓာတ်ပုံတွင် ပါရှိသည့်အတိုင်း အရေတွန့်နေသော လက်ကြီးတစ်ဖက် Kelley လည်ပင်းနားတွင် လာရောက်ပေါ်နေသည့် ပုံရိပ်ကြီးက Kelley မိသားစုနှင့် ရဲတိုက်ဟောင်း စောင့်ရှောက်ထိန်းသိမ်းရေး တာဝန်ခံတို့ ဦးနှောက်ခြောက်ရပါတော့သည်။ မည်သို့ပင်ဆိုစေ တစ္ဆေကို ဓာတ်ပုံရိုက်၍ရပြီလားဆိုသည့် အချက်ကို ထောက်ခံရမလို ဖြစ်နေပါသည်။

**လှတိုး(စိတ်ပညာ)**

**စာညွှန်း ။ ။ Dr. Melvyn Willin ၏ Ghosts Caught on Film**




www.burmeseclassic.com

www.burmeseclassic.com

# အလောင်းမင်းတရားကြီး လက်ထက် ရန်ကုန်

မောင်အေးသန့်



အလောင်းမင်းတရားကြီးလက်ထက် ရန်ကုန် ပုရပိုက်မြေပုံ

ကုန်းဘောင်မင်းဆက်ကို တည်ထောင်သူ ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီးသည်ခရစ်နှစ် ၁၇၅၅ ခုနှစ်တွင် မွန်တို့ကိုအောင်နိုင်ပြီးနောက် ဒဂုံကို သိမ်းပိုက်ခဲ့သည်။ ထို့နောက် ဆက်လက်တိုက်ခိုက်ရမည့်ရန်သူများ ကုန်ဆုံးသွားပြီဟူသော အဓိပ္ပါယ်ဖြင့် ဒဂုံကိုလည်း ရန်ကုန်ဟူသော အမည်သို့ပြောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေပတ်လည်ဝိုင်းရံမတတ် ကုန်မြေပေါ်တွင်ရှိသော ဆူးလေစေတီတော် (၁၈၂၄)

လိုက်သည်။ ထိုစဉ်က အလောင်းမင်းတရားကြီး ယာယီထီးနန်းစိုက်ထူခဲ့သော ရန်ကုန်၏ အကျယ်အဝန်းကို ကြည့်လျှင် အလွန်မင်သေးငယ်လှကြောင်း တွေ့ရသည်။

အလောင်းမင်း တရားကြီး၏ ရန်ကုန်သည် -

- မြောက်ဘက်တွင်ဆူးလေဘုရား
- တောင်ဘက်တွင် မြစ်။
- အရှေ့ဘက်တွင် သိမ်ဖြူလမ်း (ဂျူဒါ အီဇီကယ်လမ်း)
- အနောက်ဘက်တွင် လမ်း (၃၀) သို့မဟုတ် ဗိုလ်ဆွန်ပက်လမ်း (စစ်ကဲ မောင်ထော်လေးလမ်း) အထိမျှသာ ဖြစ်သည်။ ဆူးလေဘုရားမှာလည်း ရေပတ်လည် ဝိုင်းလုမတတ် ရှိနေသော ကုန်းတော်ပေါ်တွင်တည်ရှိသည်။

ရန်ကုန် မြူနီစီပယ် စံစမ်းရေး အစီရင်ခံစာအရ အလောင်းမင်းတရားကြီး၏ ရန်ကုန်သည် ယခင် မြူနီစီပယ် ဧရိယာ၏ ၃၅ ပုံ ၁ ပုံမျှသာ ကျယ်ဝန်းသည်။ ထိုစဉ်က ရန်ကုန် မြူနီစီပယ် ဧရိယာအကျယ်အဝန်းမှာ -

- မြောက်ဘက်တွင် ကမာရွတ်ချောင်း၊ အင်းလျားကန်၊ ကျိုက္ကဆံမြင်းကွင်း၊ ဘောက်ထော်ချောင်း။
- တောင်ဘက်တွင် ဒလ၊ ခနောင်တိုတောင်ဘက် နယ်နိမိတ်။
- အရှေ့ဘက်တွင် ပုဇွန်တောင်ချောင်း၊ ထိုမှ ၁ ဖာလုံဝေးသော နေရာမှ အစပြု၍ သန်လျင်နှင့် မျက်နှာချင်းဆိုင်ရှိ [illegible]မြစ်၊

www.burmeseclassic.com



ရန်ကုန်မြို့ဝန်၏ အိမ်ပုံသဏ္ဍာန်ကဲ့သို့သော မစ္စတာမန္တတ်၏ နေအိမ်(၁၈၄၆)

အနောက်ဘက်တွင် ခနောင်တို မှ ကမာရွတ်ချောင်းသို့ ခွဲသည့် မျဉ်းကြောင်းအတိုင်း နယ်နိမိတ် အတွင်း တည်ရှိသည်။

အလောင်းမင်းတရားကြီး၏ ရန်ကုန်သည် အကျယ်အဝန်းအားဖြင့် ကျဉ်းပင်ကျဉ်းငြားသော်လည်း ဆိပ်ကမ်းမြို့ဖြစ်လာသည့်နှင့် ကူးသန်းရောင်းဝယ်ရေး တိုးတက်ကောင်းမွန်လာသည်။ ထိုအချိန်က လူဦးရေမှာ ၁ သောင်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

အလောင်းမင်းတရားကြီး ရန်ကုန်ကို တည်ထောင်ပြီးနောက် နှစ် (၇၀) ကြာသောအခါ သာသနာပြုဆရာ ဘဲနက် (BENNETT) ရန်ကုန်သို့ ရောက်ရှိလာသည်။

**သူ၏ရေးသားချက် မှတ်တမ်းအရ**

"ရန်ကုန်မြစ်နှင့် တောင်ဘက် သစ်တပ်မြို့ရိုးတို့မှာ နီးကပ်သည်။ မြစ်နှင့် မြို့ရိုးအကြား အိမ်များရှိသည်။ သင်္ဘောဆိပ် တစ်ခုလည်းရှိသည်။ (ယခင် ဘားလမ်းသင်္ဘောဆိပ်အနီး ဖြစ်ဖွယ်ရှိပါသည်။) သစ်တပ်မြို့ရိုး အတွင်း (၇)ကေခန့် ကျယ်ဝန်းမည်ဟု ခန့်မှန်းသည်။ သစ်တပ်တောင်ဘက်တံခါးမှဝင်၍ မြောက်ရူးရူးသွားလျှင် နိုင်ငံခြားသားကုန်သည်များ နေရာ ကုလားတန်းသို့ရောက်သည်။ မြန်မာမဆန်သော နှစ်ထပ်အိမ်များ၏ အောက်တွင် အုတ်ခင်းသည်။ အပေါ်ထပ်ကို ဝါး၊ သစ်သားဖြင့် ဆောက်လုပ်၍ ဓနိမိုးထားသည်။ ကုလားတန်းနှင့် မနီးမဝေးတွင် တောင်၊ မြောက် ဖောက်လုပ်ထားသော ဝန်ကြီးလမ်းရှိသည်။ ထိုလမ်းတွင် ဝန်ကြီးအိမ်နှင့် ရုံးရှိသည်။ မြို့ဝန်၏အိမ်မှာ တစ်ဆောင်တည်းမဟုတ်ဘဲ အဆောင်ဆောင်တွဲထားသည်။ အိမ်တော်ပတ်ဝန်းကျင်တွင် မြေကွက်လပ်များထားရှိသည်။ မြေနှင့်အိမ်ကြမ်းပြင်ကို ၅ ပေ မြှင့်ထားသည်"ဟုဖော်ပြထားပါသည်။

ခရစ်နှစ် ၁၇၉၅ ခုနှစ်တွင် ဗြိတိသျှတို့စေလွှတ်သော မိုက်ကယ်ဆိုင်း (MICHAEL SYMES)၏ အင်းဝရွှေ

www.burmeseclassic.com

မြို့တော်သို့ သွားသည့် သံအဖွဲ့ဝင် ဒေါက်တာ ဖရန်ဆစ်ဘူကနန် (Dr. FRANCIS BUCHANAN)၏ မှတ်တမ်းတွင်-

ရန်ကုန်မြို့သည် ခိုင်မာသည့် တုတ်ချွန်များဖြင့် လေးဘက်လေးတန် ကာရံထားသည်။ စတုရန်းပုံနီးပါးမြို့ ဖြစ်သည်။

မြို့အလျားမှာ လူနေရပ်ကွက် အပါအဝင် တစ်မိုင်ခန့်ရှိပြီး အနံမှာ ၂ ဖာလုံခန့်ရှိမည်ဟု ခန့်မှန်းသည်။


မြို့တောင်ဘက် ကိုက်-၂၀ခန့် အကွာတွင် မြစ်ရှိသည်။ ထိုနေရာတွင် တဲအိမ်အနည်းငယ်ရှိ၍ ဆိပ်ခံတံတား ၃ ခုရှိသည်။ ကုန်တင်ရန် စက်မောင်း (ကရိန်း)များရှိသည်။

လမ်းများမှာ ကျဉ်းမြောင်းပြီး အုတ်ခင်းထားသည်။ မြို့အရှေ့ဘက်တွင် ဆင်ခြေဖုံးရပ်ကွက် ငယ်တစ်ခု ရှိသည်။

အနောက်ဘက်နှင့် ရွှေတိဂုံ ဘုရားသို့ သွားရာလမ်းမှာ အရေးပါသည်။ မြောက်ဘက်ခပ်လှမ်းလှမ်းတွင် သချိုင်းမြေကွက်များ၊ ကျောင်းများ၊ ဘုရားများရှိသည်။

လူဦးရေ ၁ သောင်းခန့်ရှိသည် ဟု ခန့်မှန်းထားပါသည်။

နဂါးမိုလ်ထိပ်တင်ခွေး၏ ရန်ကုန် ရာဇဝင်တွင်ဖော်ပြချက်အရ အလောင်းမင်းတရားကြီး၏ "မြို့မှာ (ထုထည်ကြီးမားသော သစ်လုံးများဖြင့်)ပတ်လည် ဝိုင်းထားသည်။ သစ်တပ် (သစ်လုံး) အမြင့်မှာ ပေ (၂၀)ကျော်၊ အချိုနေရာတွင် (၁၀)ပေ၊ (၁၂)ပေမျှရှိပြီး သစ်တပ်တွင် သေနတ်ပစ်ရန် အပေါက်များဖောက်ထားသည်။



အလောင်းမင်းတရားကြီးလက်ထက် ရန်ကုန် မြေပုံ


သစ်တပ်ပတ်လည်တွင် ချောင်း သို့မဟုတ် ကျုံးငယ်များ တူးထားသည့်အပြင် သစ်ပင်များ စိုက်ထားသည်။

သစ်တပ်အတွင်း ခံတပ်ကလေးများနှင့် လမ်းကြီး (၃)သွယ်ရှိရာ တစ်လမ်းမှာ အရှေ့နှင့် အနောက်သို့လည်းကောင်း၊ ကျန်လမ်းများမှာ တောင်မှ မြောက်သို့လည်းကောင်း၊ ထိုလမ်း (၃)လမ်းအပြင် လမ်းငယ်များကိုလည်းကောင်း ဖောက်လုပ်ထားသည်။ (ပုံရိုက်မြေပုံပုတ်တမ်းအရ အရှေ့-အနောက်ဖောက်ထားသော လမ်းကြီး (၃)လမ်းရှိသည်။)

တောင်ဘက်ဆုံးကျသော အရှေ့-အနောက် ဖောက်ထားသည့် လမ်းမှာ ယခု ကမ်းနားလမ်းမြောက်ဘက်အနီးတွင်ရှိသည်။ ထိုလမ်းကို ကုလားတန်း ဟုခေါ်သည်။

အကြောင်းမှာ-အိန္ဒိယ တိုင်းသား ဥရောပသားများနေထိုင် သောကြောင့် ဖြစ်သည်။

www.burmeseclassic.com



အလောင်းမင်းတရားကြီး၏ ရန်ကုန်မြို့ အရှေ့တောင်ဘက်စွန်း ရိုးဟောင်မြို့တံခါး

ထိုကုလားတန်းကို အင်္ဂလိပ်တို့က ပဲခူးနန်းတော် ဟု ခေါ်ခဲ့သေးသည်။

အကြောင်းမှာ ဟံသာဝတီမြို့စန်၏ အိမ်တော်နှင့် ရုံးတော်ရှိသောကြောင့်ဖြစ်သည်။ ထိုလမ်းကို ယခုကုန်သည်လမ်းအထိ ဖောက်ထားသည်။ မြောက်ဘက်ဆုံး၌ မင်္ဂလာဈေးရှိသည်။

တောင်-မြောက် ဖောက်လုပ်ထားသော လမ်းမကြီးများမှာ နှစ်လမ်းဖြစ်ပြီး တစ်လမ်းမှာ ယခု မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)ပေါ်နှင့် အခြားတစ်လမ်းမှာ ဆိပ်ကမ်းသာလမ်း (လူးဝစ်လမ်း)ပေါ်တွင် တည်ရှိသည်။

မြို့၏တံခါးများမှာ (ရန်ကုန်)မြစ်မျက်နှာတောင်ဘက်တွင် တံခါး (၃)ပေါက်၊ မြောက်ဘက်တွင် (၃)ပေါက်၊ အရှေ့ဘက်တွင် (၁)ပေါက်၊ အနောက်ဘက်တွင် (၁)ပေါက်စီ ရှိကြသည်။

ဖော်ပြပါ တံခါးပေါက်များအနက် နာမည်ရတံခါးများမှာ (မြောက်အရပ်) အရှေ့ဘက်ရှိမြို့ဝန်တံခါး၊ ရာဇဝတ်သင့် သူများထုတ်ယူသော (မြောက်ဘက်) အလယ်တံခါးကို တံခါးနီ (မသာတံခါး)၊ အရှေ့ဘက်အကျဆုံးတောင်ဘက် တံခါးကို ရိုးတော်တံခါး ဟု ခေါ်သည်။

သစ်တပ်ပတ်လည်တွင် ကျောက် (သို့မဟုတ်) အုတ်များဖြင့် ရေကျုံးများ ပြုလုပ်ထားသည်။

မြို့၏အရှေ့မြောက်နှင့် အနောက်မြောက်မျက်နှာ၊ ယခု ဗိုလ်မြတ်ထွန်း (ခရီ)လမ်းတွင် ရန်ကုန်မြစ်နှင့် ပုဇွန်တောင်ချောင်းတို့ကို ဆက်သွယ်ထားသည်။

www.burmeseclassic.com

• • • •

ဗိုလ်တထောင်ချောင်း၊ လသာ (လတ္တာ)လမ်းနှင့် ရန်ကုန်မြစ်ဆက်သွယ်ထားသော လသာချောင်းငယ်တစ်ခုရှိသည်။

ရန်ကုန်သည် ရေပတ်လည်ဝိုင်းထားသော မြို့ငယ်မျှသာဖြစ်သည်။ မြို့၏ တည်နေရာနှင့် အကျယ်အဝန်းမှာ သစ်တပ်၏ အရှေ့မျက်နှာစာဖြစ်သော ရန်ကုန်မြစ်ကမ်းနားမှ သိမ်ဖြူ (ဂျူဒါဒီဝီကာယ်)လမ်းအတိုင်း တောင်မှမြောက်သို့ မဟာဗန္ဓုလ (ဒါလ်ဟိုဇီ) လမ်းအထိ ကိုက် (၆၀၀)၊

သစ်တပ်၏ တောင်မျက်နှာ ကမ်းနားလမ်းအတိုင်း သိမ်ဖြူလမ်းမှ ရွှေဘုံသာ (မဂို)လမ်းအထိ ကိုက် (၁၃၀၀) အလျားရှိပြီး အရှေ့မှအနောက်သို့ တန်းလျက်မရှိချေ။

မြောက်မျက်နှာသည် မဟာဗန္ဓုလလမ်းတွင် အရှေ့မှ အနောက်သို့ သိမ်ဖြူလမ်းမှစ၍ တောင်ဘက်သို့ ယိုင်လျက်ရှိသဖြင့် ကိုက်ပေါင်း (၁၁၀၀)အလျားရှိသည်။

အနောက်မျက်နှာမှာ အလျား (၁) ဖာလုံရှိသည်။ ဆူးလေဘုရားသည် မြို့ပြင်အနောက်မြောက်ဘက်၌တည်ရှိသည်" ဟုဖော်ပြထားပါသည်။

ယနေ့ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်တွင် ပန်းပဲတန်းလမ်းဟူ၍ သီးခြားခေါ်တွင်သည့်လမ်းကို မတွေ့ရပေ။ သို့သော် အလောင်းမင်းတရားကြီးလက်ထက် ဒဂုံမြို့ဟောင်းပုရပိုက်တွင် အလောင်းမင်းတရား၏သစ်တပ်၊ အနောက်မျက်နှာ အလယ်လမ်းမကြီးကို ရွှေတိဂုံဘုရား တောင်ဘက်မုခ်အထိ ရေးဆွဲထားသည့်လမ်းမကြီးအား ပန်းပဲတန်း (ယခု ရွှေတိဂုံဘုရားလမ်း) ဟု အမည်ပေးထားကြောင်းတွေ့ရသည်။

ခရစ်နှစ် ၁၈၂၄ ခုနှစ်၊ ဘကြီးတော်ဘုရားလက်ထက်တွင် မြန်မာနှင့် အင်္ဂလိပ် (အရှေ့အိန္ဒိယကုမ္ပဏီ) တို့ စစ်ဖြစ်ပွားသည်။

ယင်းအင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် အင်္ဂလိပ်တပ်များ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်၍ ရွှေတိဂုံဘုရား ကုန်းတော်ပေါ်တွင် ခြေကုပ်ယူသည်။ ကဲမာရွတ်၊ ကြည့်မြင်တိုင်စသော ခံတပ်များတွင် မြန်မာတပ်များနှင့် အပြင်းအထန်တိုက်ပွဲဖြစ်ပွားသည်။

ထိုအင်္ဂလိပ် - မြန်မာစစ်ပွဲတွင် မြန်မာတို့စစ်ရှုံးသဖြင့် ရခိုင်၊ တနင်္သာရီဒေသများကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရသည်။

စစ်ဖြစ်ပွားပြီးနောက် စစ်ပွဲတွင်ပါဝင်ခဲ့ကြသော ဗြိတိသျှ ကြည်း၊ ရေကြောင်းချီတပ်ဖွဲ့များမှ အရာရှိအချို့၏ စစ်ပွဲအတွေ့အကြုံ မှတ်တမ်းမှတ်ရာပုံများနှင့်တကွ စာအုပ်များထွက်ပေါ်လာသဖြင့် ရန်ကုန်မြို့၏ မြင်ကွင်း၊ ပုံရိပ်များနှင့် မြို့တွင်းအခြေအနေအရပ်ရပ်ကိုသိရှိခွင့်ရသည်။

ခရစ်နှစ် ၁၈၃၇ ခုနှစ်တွင် နန်းတက်သော သာယာဝတီမင်းသည် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ရန္တပိုစာချုပ်အရ၊ ရခိုင်နှင့် တနင်္သာရီဒေသများကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရသဖြင့် မကျေနပ်၊ စာချုပ်ကိုလည်း အသိအမှတ်မပြုပေ။

သို့ဖြင့် ခရစ်နှစ် ၁၈၄၁ ခုနှစ်၊ အောက်တိုဘာလတွင် အင်အားတစ်သောင်းငါးထောင်ခန့်ဖြင့် အမရပူရရွှေမြို့တော်မှ ရန်ကုန်သို့ ရေကြောင်းခရီးဖြင့် စုန်ဆင်းလာသည်။

ရည်ရွယ်ချက်မှာ . . .

မြန်မာတို့၏ စစ်အင်အား ဗျူဟာအခင်းအကျင်းကို နယ်ချဲ့တို့သိ စေရန်နှင့် ဆိပ်ကမ်းမြို့ဖြစ်သော ရန်ကုန်အား တောင့်တင်း ခိုင်မာအောင် ကြိုးပမ်းရန်ပင်ဖြစ်သည်။

မောင်အေးသန့်



www.burmeseclassic.com

www.burmeseclassic.com



# ဝိဇ္ဇာဓရ (၉) ဂါထာ

❖ ဝေယျာတု(B.A)

ကျေးဇူးတော်ရှင် သတ္တုမမြောက် ကျော်အောင်စံထားဆရာတော်ကြီး ဦးဝါယာမာဘိဝံသသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား အကြိမ် ၅၀၀၀ အဓိဋ္ဌာန်ဖြင့် ဆွမ်းတော်ကပ်လှူရန် ရန်ကုန်မြို့သို့ သွားရောက်ရာ၌ တပည့်ရင်း ဒါယိကာမဖြစ်သူ ဒေါ်ခင်ထွေး (ဦးသန်းတင်ဇနီး)၏ အိမ်တွင် နေ့လည်ချိန် နားနေစဉ် စာရေးသူ ကျွန်ုပ်အား ဝိဇ္ဇာဓရ (၉)ဂါထာရသလားဟုမေး၏။ ကျွန်ုပ်က မရပါဘုရားဟု ပြန်ဖြေ၏။ ထိုအခါ ဆရာတော်ကြီးက ထိုဂါထာကို ရအောင်ကျက်ထား။ ကျုပ်ကို အလွတ်ရွတ်ဆိုပြရမည်ဟု မိန့်၏။

ထိုဂါထာကို ကျွန်ုပ်က ဆရာတော်ကြီး၏ ကိုယ်တွေ့ပုတီးစိပ် မှတ်တမ်းစာအုပ်များတွင် ရှာ၏။ အတွဲ(၃)တွင် တွေ့ရ၏။ ထိုဂါထာများမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ ဗုဒ္ဓါဒိရတနတ္တယံ၊ ဂန္ဓတ္တာသာဒရံ ပဥ္စ။
သီလာနိ ပရိပူရေတွာ၊ စတုအင်္ဂရာယောဂတော။

၂။ အဆေဇ္ဇာဘဇ္ဇကာယောမှိ၊ သဗ္ဗဝုဓ ပရိတ္တကော၊
ဣမိနည ကရေနာပိ၊ သမ္မတောကရိတုံဣမံ။

၃။ သဗ္ဗ ဗဒ္ဓန စိန္နေဉ္စာမှိ၊ အန္တောဗဟိပဟန္တဝါ၊
အနန္တဗလဝါယောမိ၊ နသက္ကောကဏှိတုံ သဒါ။

၄။ ဆာယာမတ္တမှိနာ ဒိဋ္ဌော၊ နသုနောသဒ္ဒမတ္တကံ၊
ခုဒ္ဒကံ မဟန္တာဝါပိ၊ မဟန္တံအပ္ပကံကရေ။

၅။ ဥဒကာ ကာသစာရီနော၊ မဟိနီ မုဇ္ဇကောဘဝေ၊
သုဝဏ္ဏရဇတာဒီနိ၊ ယထိစ္ဆိတ ကရောသဒါ။

၆။ ကောဋ္ဌကာရံ ဒိကံသမ္ဘံ၊ ပုမိတ္ထိပိယသံယုတ္တံ၊
သဟာသယုစိန္တဉာဏော၊ ဒူရံပိသမိပံဘဝေ။

၇။ ဝိဇ္ဇာဓရော သဒါသဗ္ဗေ၊ ပဿန္တေ သုတ မတ္တကေ၊
ပကာသေတွာ အတ္တ သီပ္ပံမမံရက္ခန္တု တေသဒါ။

၈။ ပရိပူရေတွာနိသိန္နေ၊ အာဒိပ္ပေါမံဝဟန္တုတေ။
မမတ္တံဂရုံကရေန္တော၊ သဗ္ဗဝိဇ္ဇာပယောဇနေ။

၉။ ယထာဝုဋ္ဌာနိဖလာနိ၊ သမိဇ္ဈာတု ယထိစ္ဆိတံ၊
စတုဓာတု ပသိဒ္ဓေန၊ မဟန္တံ အတ္တဒသိနာ။

ဤဂါထာများကို အချို့ဆရာတို့က အောက်ပါအတိုင်း အမျိုးမျိုးခေါ်ကြ၏။

www.burmeseclassic.com

၁။ ဖြုဟ္မာမင်းဂါထာ
၂။ သိကြားမင်းဂါထာ
၃။ နေမင်းဂါထာ
၄။ လမင်းဂါထာ
၅။ ဝိဿာမင်းဂါထာ
၆။ မိကျောင်းဂါထာ
၇။ ဂဠုန်မင်းဂါထာ
၈။ ခြင်္သေ့မင်းဂါထာ
၉။ နဂါးမင်းဂါထာ စသည်ဖြင့်

ထိုဂါထာများကို ကျွန်ုပ်က ကျက်မှတ်ပြီး ဆရာတော်ကြီးကို အလွတ်ရွတ်ဆိုပြရ၏။ ထိုဂါထာများကို မည်သို့ အသုံးချရမည်ကိုလည်း မေးလျှောက်ရ၏။ ထိုအခါ ဆရာတော်ကြီးက ပုတီးသမားဆိုတာ ထိုဂါထာ (၉)ဂါထာနဲ့ ဒီပါ သုံးခုမှာ အမိဋ္ဌာန်ဝင်ရတယ်။ ဒီပါဆိုတာ အပြင်ဒီပါ၊ အတွင်းဒီပါ၊ ဒီပါချုပ်ဆိုပြီး သုံးခုရှိတယ်။ ပုသိမ်ခရိုင်အတွင်းမှာ ရှိတယ်။ ဒီပါတစ်ခုစီမှာ ဂါထာတစ်ပုဒ်ဆိုး ပုတီးတစ်လုံးချနဲ့ ပုတီး၁၀ ပတ်စိပ်ရမယ်။ (၉)ဂါထာဆိုတော့ ပုတီးပတ်ပေါင်း ၉၀ စိပ်ရမယ်။ ဤကဲ့သို့ အမိဋ္ဌာန်ပြုလုပ်နိုင်ပါက အထူးအောင်မြင်အကျိုးများတယ်။ ပုတီးသမားများ အထူးပြုလုပ်ရမည့်အချက်ဖြစ်တယ်လို့ မိန့်ဆိုပါသည်။

အပြင်ဒီပါ၊ အတွင်းဒီပါတို့ကိုတော့ သွားဖို့လွယ်တယ်။ ဒီပါချုပ်ကတော့ သွားဖို့ခက်တယ်။ တောနက်တယ်။ သို့သော် သိရင်အလွယ်လေး။ မသိရင်ခက်သေးဟုမိန့်၏။ သာမန်အားဖြင့် ဤဂါထာ (၉)ပုဒ်ကို တစ်ဂါထာလျှင် ပုတီးတစ်ပတ်ဖြင့် (၉)ဂါထာကို ပုတီးကိုးပတ် နေ့စဉ်စိပ်ပါက ကျေးဇူးအထူးကြီးမားပုံကို သိသာလာလိမ့်မယ်။ သုံးနှစ်လောက် စိပ်ကြည့်ပါ။ ပုတီးစိပ်တဲ့အခါ ဂါထာတစ်ပုဒ်ဆိုး ပုတီးတစ်လုံးချဖြင့် ဖိပ်ရပါမည်ဟု မိန့်ဆိုခဲ့ပါသည်။

ဆရာတော်ကြီး၏ ကိုယ်တွေ့ပုတီးစိပ်မှတ်တမ်းစာအုပ်တွင် ဝိဿာရေ (၉)ဂါထာအင်းကို ဖော်ပြထားပါသည်။ ပဌမဂါထာကို အင်းကွက်ချပြထားပါသည်။ ကျန်ဂါထာများလည်း ထိုနည်းအတူဖြစ်ပါသည်။ အင်းချပုံမှာ မြင်းသေမြင်းကို ကိုက်ချနည်းဖြစ်ပါသည်။ အင်းချရာတွင် အင်းစည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ရပါမည်။ အဝင်အထွက် နက္ခတ်များလည်း ရွေးရပါမည်။ နေ့ကောင်းရက်မြတ်များလည်း ရွေးရပါမည်။ အင်းပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ဉာဏ်ရှိသလို သုံးနိုင်ကြပါစေ။

**အင်းဆံသွင်းရန် နေရာပြပုံ**

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၈ | |
| ၃၁ | ၁၄ | ၂၇ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၃၂ | ၂၉ | ၂၄ | ၃ |
| ၁၃ | ၃၀ | ၂၁ | ၂၆ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၃ | ၄ | ၂၅ |
| | ၂၂ | ၅ | ၁၈ | ၁၁ | |

ဗုဒ္ဓါဒိရတနတ္တယံ၊ ဝိန္ဓိတွာ သာဒရံပဋ္ဌ၊
သီလာနိပရိပူရေတွာ၊ စတုအက္ခရာယောဂတော။

**အင်းဆံသွင်းထားပုံ**

| | | | | | |
|---|---|---|---|---|---|
| | ဗု | ယံ | ပ | က္ခ | |
| ဂ | ရံ | အ | ဒ္ဓါ | ဝ | ဋ္ဌ |
| ပ | တ္တ | တော | ရာ | တွာ | ဒိ |
| ဒ | ယော | ရိ | တု | သီ | န္ဓိ |
| န | နိ | သာ | ရေ | ရ | စ |
| | ပူ | တ | လာ | တွာ | |

လိုရာဆန္ဒ ပြည့်ဝကြပါစေ
ဇေယျတု(B.A)

www.burmeseclassic.com

# မိုးသခင် ချင်လွန်းဖန်

## မောင်မောင်စန်းထွေး

တရုတ်ပြည်တွင် အေဒီ ၁၈၀၆–၁၈၂၀ ထိ 'တုန်' မင်းဆက် ယွန်ဟိုကေရာဇ်အုပ်စိုးနေသည့် ကာလအတွင်း ဟိုက်ကန်းနယ်တွင် ချင်လွန်းဖန် ဆိုသူတစ်ယောက် ရှိလေသည်။ ချင်သည် သူ၏ ခွန်အားဗလနှင့် ရှိသားဖြောင့်မတ်မှုတို့ကို ယုံကြည်အားကိုးသူ ဖြစ်လေ၏။ သရဲတစ္ဆေ မိစ္ဆာမကောင်းဆိုးဝါးဟူသည့်မျှကို ကြောက်ရွံ့သူမဟုတ်။ ထို့ကြောင့် သူ့ကို အပေါင်းအသင်း သူငယ်ချင်းမိတ်ဆွေများက ဒုတိယချောင်ချူးဟု ခေါ်ဆိုကြလေ၏။ (ဒုတိယ ချောင်ချူးဆိုသူမှာ စင်မင်းဆက်တွင် ရဲရင့်သူ၊ စိတ်တိုသူအဖြစ် လူသိများခဲ့၏။ ဒေသခံလူများက ကျားနှင့်ဆင် အဆိပ်ပြင်းမြွေတို့နှင့် တစ်တန်းစားတည်းထားပြီး ချောင်ချူးကို အန္တရာယ်သုံးမျိုးအဖြစ် ထည့်သွင်းကြလေ၏။ သို့ရာတွင် ချောင်ချူးသည် ကျားနှင့်မြွေတို့ကို သတ်ပစ်လိုက်ပြီး သူ့ဘဝကို ပြောင်းလဲခဲ့သူ ဖြစ်သည်။)

ထိုအချိန် ဟိုက်ကန်းမှ ဒေသခံလူများသည် ဘုရားဝတ်ကျောင်းသို့ သွားကြပြီး မိုးကြိုးနတ်ကို ပူဇော်သက္ကာရများဖြင့် တရိုတသေ ပူဇော်ပသလေ့ရှိသည်။ ထို့ပြင် မိုးကြိုးနတ်ကြောင့် မဖြစ်သင့်သည်များ မဖြစ်ရလေအောင် ဝတ်ပြုဆုတောင်းလျက် ရှိခိုးပူဇော်ကြလေ၏။ နှစ်စဉ်နှစ်တိုင်း မိုးချိန်သံ ပထမဆုံးအကြိမ် ကြားရသည်နှင့် လူများက နှစ်ပတ်လည်နေ့ကျရောက်သည်ကို သိရှိကြပြီးနောက် တစ်နေ့တွင်လည်း အလားတူ အမှတ်သင်္ကေတများ ပြလာလေ၏။ ထို့ကြောင့် လူများသည် လုပ်ခါစ အလုပ်အားလုံးကို ရပ်တန့်ထားကြလေ၏။ ထိုစည်းကမ်းဖောက်ဖျက်သူများသည် နှစ်ရက်အတွင်း မိုးကြိုးပစ်ခံရလေ၏။

တစ်နှစ်တာ ကာလတွင် ဟိုက်ကန်းဒေသ၌ မိုးခေါင်မှုဖြစ်ပွားလေရာ ဒေသခံများက မိုးနတ်မင်းထံ ပတ္ထနာဆုတောင်းကြသော်လည်း ဘာတစ်ခုမျှ ပြောင်းလဲခြင်းမရှိ။ အချည်းနှီးသာဖြစ်လေ၏။ ထိုအခါ ချင်သည် မျှော်စင်ပေါ်တက်၍ "ကျွန်တော်မျိုးတို့ရဲ့ ဒေသဟာ မိုးကြိုးနတ်မင်းရဲ့ နေရပ် ဒေသလည်းဖြစ်ပါတယ်။ ဒါပေမယ့် မိုးကြိုးနတ်မင်းဟာ ကျွန်တော်မျိုးတို့ရဲ့ ပူဇော်ပသတဲ့ အရာဝတ္ထုတွေကိုတော့ ယူသွားတယ်။ ကျွန်တော်မျိုးတို့ကို ဘာအကူအညီမှ မပေးခဲ့ဘူး။ အခုဆိုရင် မိုးခေါင်လို့ ကောက်ပဲသီးနှံတွေ ခြောက်သွေ့ကုန်ပြီ။ ဒါ့အပြင် ကျွန်တော်မျိုးတို့က ကျွဲနွားတိရစ္ဆာန်တွေနဲ့ ပူဇော်ပသပြီးပါပြီ။ ဒီတော့ ဘုရားဝတ်ကျောင်းကို ဘာကြောင့် အသုံးပြုကြတော့မှာလဲ"ဟု အော်ပြောလေ၏။ ထို့နောက် မီးတုတ်တစ်ခုကို ယူ၍ ဘုရားဝတ်ကျောင်းကို မီးရှို့လေ၏။

ဒေသခံလူများက ဖားပုံအဝါနှင့် ဝက်သားကို အတူစားသောက်သူသည် မိုးကြိုးပစ်ခံရပြီးသေရမည်ဟု ယုံကြည်လေ၏။ သို့ရာတွင် ယနေ့ချင်သည် ရဲဒင်းတစ်ခုကို ကိုင်လျက် လယ်ကွင်းထဲဆင်းသွားပြီး မိုးနတ်မင်းကို တင်ပူဇော်ထားသည့် အစာများကိုစားလျက် ဘယ်လိုဖြစ်လာမည်ကို သိလို၍ ပြုလုပ်ခြင်းဖြစ်လေ၏။ သေချာပါပြီ။ မကြာမတင်မှာ ထူးဆန်းသော မိုးတိမ်လိပ်များ ပေါ်လာ၍ ကြောက်မက်ဖွယ်လေပြင်းတိုက်ခတ်လျက် မိုးခြိမ်းကာ မိုးသည်းထန်စွာ ရွာသွန်းလေ၏။ ထို့နောက် မိုးကြိုးနတ်က သူ့တို့စတင်ပစ်လေ၏။ ထိုအခါ ချင်က သူ၏ရဲဒင်ကို သူ့ခေါင်းပေါ်ထောင်လိုက်ပြီး မိုးကြိုးနတ်မင်း၏ ဘယ်ခြေထောက်ကို ခုတ်လိုက်လေရာ မိုးကြိုးနတ်မင်း မြေပြင်ပေါ်သို့ ကျသွားလေသည်။ မိုးကြိုးနတ်မင်း၏ အရောင်မှာ အပြာရောင်ဖြစ်ပြီး ပုံပန်းသဏ္ဌာန်မှာ ဝက်ဝံ၊ သို့မဟုတ် ဝက်ပုံဖြစ်ပြီး အမွေးအမှင်ထူထပ်ကာ တောင်ပံများလည်း ရှိလေ၏။ လက်တစ်ဖက်မှလည်း လက်ကိုင်အတို ကျောက်ပုဆိန်တစ်လက်ကိုလည်း ကိုင်ထားလေ၏။ မိုးကြိုးနတ်မင်း သွေးအိုင်ထဲ လူးလိမ့်နေစဉ် မိုးတိမ်လိပ်များ ပျောက်ကွယ်သွားပြီး မိုးလည်း စဲသွားလေ၏။ ချင်သည် မိုးကြိုးနတ်မင်း



www.burmeseclassic.com

www.burmeseclassic.com

မှာ တန်ခိုးမရှိသည်ကို သိပြီး၊ သူ့အိမ်ထဲ ဝင်ပြေးသွားလျက် ဆွေမျိုးသားချင်းများအား "ကျွန်တော် မိုးကြိုးနတ်မင်းရဲ့ ခြေထောက်ကို ခုတ်ဖြတ်လိုက်ပြီ၊ လာကြည့်ကြပါ"ဟု ပြောလေ၏။ ချင်၏ စကားကြောင့် သူ့ဆွေမျိုးသားချင်းများက အံ့သြသွားကြကာ သွားကြည့်ကြရာ မိုးကြိုးနတ်မင်း ခြေထောက်တစ်ချောင်း ကျိုးနေသည်ကို တွေ့ရလေ၏။ ထိုအခါ ချင်က သူ့ရဲဒင်းကို အပေါ်သို့ မလိုက်ပြီး မိုးနတ်ကြိုးနတ်မင်း၏ လည်ပင်းကို ခုတ်လိုက်ပြီး၊ ကိုက်လိုက်မည် အလုပ် လူအုပ်က တားဆီးကြလေ၏။ ထို့နောက် လူအုပ်ကြီးက "မိုးကြိုးနတ်မင်းဆိုတာက မိုးကောင် တန်ခိုးနဲ့ ပြည့်စုံတဲ့အရာ၊ မင်းကျတော့ ကမ္ဘာမြေပေါ်မှာ သေခြင်းနဲ့ မကင်းတဲ့ သာမန်လူသားပဲ"ဟု ပြောလေ၏။ "အကယ်၍ မင်း မိုးကြိုးနတ်ကို သတ်လိုက်ရင် တို့ဒေသတစ်ခုလုံး အဲဒီအတွက် ဒုက္ခရောက်ကြမှာ သေချာတယ်" လူများက ချင်က အတင်းအကျပ် ဖမ်းဆွဲထားသဖြင့် သူဘာမှလုပ်၍ မရတော့။ ထိုအချိန်အတွင်း မိုးတိမ်များပေါ်လာပြီး မိုးရွာချလိုက်သဖြင့် ဒဏ်ရာရနေသော မိုးကြိုးနတ်မင်းကို ပတ်လည်ဝန်းရံလျက် ခြေထောက်တစ်ဖက်အပြတ်နှင့် ခေါ်ဆောင်သွားကြလေ၏။ မိုးသည် မွန်းလွဲမှ ညနေစောင်းအထိ ရွာသွန်းခဲ့သဖြင့် ကောက်ပဲသီးနှံပင်များ အစို့အညှောင့်များ ပြန်ထွက်လာလေ၏။ ထို့နောက် လူကြီးလူငယ်များက ချင်ကို အပြစ်တင်စကား ပြောကြပြီးနောက် သူ့အိမ်သို့ ပြန်ခိုင်းလေ၏။ ချင်က ရဲဒင်းကို ကိုင်လျက် အံ့ဩနှိုင်ကြာကြာ သူ့တစ်ဝမ်းကွဲ အိမ်သို့ လျှောက်သွားလေ၏။ ထိုည မိုးကြိုးတစ်ချ ထပ်ပစ်ရာ ချင်နေသော အိမ်ခန်းတစ်ခုလုံး မိုးကောင်းကင်မှ မီးဖြင့် လောင်ကျွမ်းပျက်စီးသွားလေ၏။ ယခုတစ်ကြိမ်တွင် ချင်သည် သူ့ရဲဒင်းကို ကိုင်လျက် မတ်တပ်ရပ်နေလိုက်ရာ မိုးကြိုးက သူ့ကို အန္တရာယ် မပေးနိုင်တော့ပေ။ ထို့နောက် တစ်စုံတစ်ယောက်က ချင်၏ ညီအစ်ကိုဝမ်းကွဲတော်သူအား ၎င်းအဖြစ်အပျက်ကြောင့် ချင်ကို အိမ်မှာလက်မခံဘဲ မောင်းထုတ်ခိုင်းလေ၏။ ထို့နောက် ချင်သည် ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ သွားနေလေ၏။ သို့ရာတွင် ချင်နေသည့် ဘုန်းကြီးကျောင်းကို၊ မိုးကြိုးပစ်သဖြင့် ဘုန်းကြီးကျောင်း မီးလောင်သွားခဲ့၏။ ချင်က သူ့ကို မည်သူကမျှ လက်ခံတော့ မည်မဟုတ်ကြောင်းသိရ၍ ညပိုင်းတွင် လက်နှိပ်ဓာတ်မီးတစ်လက်နှင့် လိုဏ်ဂူတစ်ခုရှိရာသို့ ထွက်သွားလေ၏။ လိုဏ်ဂူ၄၁ ခုံနေပြီး ထုံးကျောက်များရှိနေ၍ ရေစိမ့်နေ၏။ ထို့ကြောင့် ချင်ကို မိုးကြိုးမပစ်နိုင်တော့ချေ။ အိမ်သို့ မပြန်မီ လိုဏ်ဂူတွင် သုံးရက်နေခဲ့သည်။

ထို့နောက် ဟိုက်ကန်းတွင် မိုးခေါင်မြေခေါင်နေသဖြင့် ဒေသခံလူများက ချင်အတွက် ငွေကြေးကောက်ခံပြီး မိုးကြိုးနတ်မင်းအား ပူဇော်ထားသည့် အစားအစာများကို စားရန် ပြောကြသဖြင့် ချင်က ၎င်းအစာများ မစားမီ သူ့ရဲဒင်းကို ယူ၍ ယခင်အတိုင်း မိုးကြိုးနတ်မင်းအား ပူဇော်ထားသည့် အစာများကို စားလေ၏။ ထိုအချိန်မှစ၍ မိုးကောင်းစွာ ရွာသွန်းသော်လည်း မိုးကြိုးက ချင်ကိုမပစ်နိုင်တော့။ ထို့ကြောင့် ၎င်းဒေသတွင် နှစ် ၂၀ တိုင်အောင် မိုးရွာသွန်းသော်လည်း မိုးကြိုးမပစ်တော့သဖြင့် ဒေသခံလူများက ချင်ကို မိုးသခင် (Master of Rain) ဟု ခေါ်ဆိုကြလေ၏။

တိုင်ဟိုခတ် (အေဒီ ၁၈၂၇–၁၈၃၅) နယ်စားကြီး လင်းဆူ (Lin Hsh)သည် ချင်အကြောင်းကြားသိရဖြင့် ချင်ကို သူ့ထံသို့ ဆင့်ခေါ်လိုက်လေသည်။ ထို့နောက် ချင်အား ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပြခိုင်းလေ၏။ ထိုအခါ ချင်က "ကျွန်တော်မျိုး အသက်လည်းငယ်တယ်၊ သန်လည်း သန်စွမ်းတယ်၊ ကျွန်တော်မျိုးရဲ့ နှလုံးသားဟာ ကျောက်တုံး၊ ကျောက်ခဲ၊ သံမဏိလို မာကျောခဲ့ပါတယ်။ ကျွန်တော်မျိုး သရဲတစ္ဆေ မိစ္ဆာနတ်ဆိုး၊ မိုးကြိုးနဲ့ လျှပ်ပြက်တာတွေကို အမှုမထားခဲ့ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်တော်မျိုးဟာ လူတွေကို ကယ်တင်ဖို့ဆိုရင် ကျွန်တော်မျိုးအသက်ကို အသေခံဖို့ အဆင်သင့်ပြင်ဆင်ထားခဲ့ပါတယ်။ မိုးကောင်းကင်ကလည်း မကောင်းဆိုးဝါး မိုးကြိုးနတ်ကို လိမ်လည်ကောက်ကျစ်တဲ့ အကြံနဲ့ မလုပ်နိုင်တော့ပါဘူး" ဟုဆိုကာ သူ့ရဲဒင်းကို မြို့စားကြီးထံ ဆက်သလေ၏။ ထိုအခါ မြို့စားကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ချင်အား လူတော်လူကောင်း တစ်ယောက်အဖြစ် ချီးမြှင့်မြှောက်စားထားလေတော့သတည်း။

မောင်မောင်စန်းထွေး

***Ref : Stronge Lales by Pei Hsing of the Tang Dynasty* မှ *Chen Luan Fens* ကို *ပင်လျော်အောင် မြန်မာပြန်ဆိုပါသည်။***



www.burmeseclassic.com

www.burmeseclassic.com

# မဟာသဒ္ဓမ္မ ဇောတိကဓဇ

မောင်ချိုမြင်း(ကန္တာရဝတီ)

ယနေ့အခါသမယသည် ကမ္ဘာ့နိုင်ငံ အတော်များများတွင်ပင် ဗုဒ္ဓမြတ်စွာ၏ သာသနာ့ရောင်ခြည် နေရောင်၊ လရောင်ပမာ ထွန်းပြောင်နေသည့် အခါပေတည်း။

အင်္ဂလိပ်နယ်ချဲ့ကလက်အောက် ကျွန်သားပေါက်အဖြစ် ကျရောက်ခဲ့စဉ်အခါက ဗုဒ္ဓဘာသာဝင်တို့မှာ စားဝတ်နေရေးအတွက် အတော်ပင်ခက်ခဲခဲ့ရသော်ငြား မိမိတို့ ကိုးကွယ်သည့် သာသနာတော်ကိုမူ အညှိုးနွမ်းအထိပါးမခံ မည်မျှပင် ပင်ပန်းဆင်းရဲဆင်းရဲ "တစ်မူးရလို တစ်ပဲလှူ" တို့၊ "ရှမ်းတောင်သူ တူနိုင်းရိုးလား" ဟူသည့် စကားအတိုင်း နိုင်သမျှသော ချွေးနဲ့စာကလေးများဖြင့် ကောင်းမှုကုသိုလ်အစုစု ပြုသွားခဲ့ကြသည်ကို သူတို့လှူဒါန်း တည်ဆောက်ခဲ့ကြသည့် ဘုရားကျောင်းကန် စေတီတန်ဆောင်းတို့က ရွှေရောင်တဝင်းဝင်းဖြင့် မြန်မာပြည်အနှံ့အပြားလက်ညှိုးထိုးမလွဲ သက်သေပြနေခဲ့ပြီ။

၁၉၄၈ ခုနှစ် ကိုယ့်မင်းကိုယ့်ချင်းဘဝဖြင့် မြန်မာပြည်လွတ်လပ်ရေးရပြီးသည့် ကာလတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်က ဘုရားတည်၊ ကျောင်းဆောက် သင်္ဂါယနာတင်စသည့် ဖရာမသာသနာပြု လုပ်ငန်းများကို ဦးစီးဦးဆောင်ပြုခဲ့သလို အများပြည်သူကလည်း ပစ္စယာနုဂ္ဂဟာဖြင့် သံဃာတော်အရှင်မြတ်များအား ပစ္စည်းလေးပါးပေးလှူကြခြင်းဖြင့် သာသနာပြုရာရောက်ခဲ့ကြသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါက သာသနာတော်၌ ထူးခြားသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့အား နေရာအလိုက်၊ ဌာနအလိုက် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်များအဖြစ် ဧတဒဂ်ဘွဲ့ထူးများ ချီးမြှင့်ခဲ့သည်။

ရှေးရှေးသာသနာပြု မင်းကောင်းမင်းမြတ်များလက်ထက်တွင်လည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခဲ့ရာတွင် မူလရှေ့အခါက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် နှစ်မျိုးသာရှိခဲ့၏။ သို့သော် ၁၉၉၀ ပြည့်နှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် လက်ထက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ကိုးခုထိ တိုးချဲ့ချီးမြှင့်ရာ၌ ဂန္ထဝါစက (စာချဘွဲ့)၊ ကမ္မဋ္ဌာနာစရိယ(တရားပြဘွဲ့)၊ သဒ္ဓမ္မဇောတိကဓဇ (သာသနာပြုဘွဲ့) စသည်တို့ ပါဝင်လာ၏။

လူ့လောကတွင် ပညာရေးဘွဲ့တစ်ခုခု ရရှိပိုင်ဆိုင်ထားမှ 'တန်ဖိုးရှိသလို' ရဟန်းသံဃာ သာသနာ့ဘောင်၌လည်း ဤသာသနာတော်ဆိုင်ရာ ဘွဲ့တစ်ခုခုကို ဆက်ကပ်ခံရဖို့လိုအပ်သည်ဟု ထင်သည်။ အချို့သံဃာအရှင်မြတ်တို့က ဤဘွဲ့နှင့် အကျိုးဝင်ထိုက်တန်နေကြစေကာမူ မလျှောက်ထားကြဘဲ ခပ်အေးအေးနေတတ်ကြ၏။ သို့သော် တကယ့် သာသနာ့ကိစ္စအရေးကြုံလာပါက ဤဘွဲ့သည် တစ်နည်းမဟုတ် တစ်နည်း တန်ဖိုးရှိလှပါဘိခြင်း။ ထို့ကြောင့်လည်း ဤဘွဲ့ကို ဆက်ကပ်ခံရစေရန် ထောက်ခံတင်ပြရန် အချို့က ဘုန်းကြီးရဟန်း ပိုက်ဆံကိုပင် မညှာမတာ သိန်းချီ၍ စားကျက်ထွင်ရှာကြသည့် အပုပ်နံ့များကိုလည်း မကြာမကြာ ကြားရတတ်သည်။

—လွန်ခဲ့သော တစ်လခန့်က ကျွန်တော်နှင့် ဆွေမျိုးမကင်းမင်နေသော ရွှေဂုံတိုင်နေ အစ်မကြီးတစ်ဦးအိမ်သို့ အလည်ရောက်ခဲ့သည်။ အဘွားကြီးက မွန်အမျိုးသမီးကြီး၊ စာပေကောင်းစွာမတတ်ရှာသော်ငြား သားသမီးကံကောင်း၍ တိုက်နှင့်ခြံနှင့် ကားနှင့်နေနိုင်သူဖြစ်ရာ ခင်ပွန်းဆုံးပြီးကတည်းက ဘာသာရေးပဲ လိုက်စားနေသူဖြစ်၏။ ကျွန်တော် သူ့အိမ်ညနေခင်းထဲရောက်စမှာပင် အစ်မကြီးအပြင်မှ ကားနှင့် ရောက်လာသည်။

"ဟေ့ ... ငါ့မောင် ကိုယ်တော်ချော၊ ဘယ်က

www.burmeseclassic.com

ဘယ်လိုများ မျက်စိလည် ရောက်လာသလဲကွယ်''

ကျွန်တော်က ရယ်မောပြီး -

''ကျွန်တော် ဒီဘက်မရောက်တာ လမ်းမကြုံလို့ပါ အစ်မကြီးရဲ့။ ဒါထက် အခု ဘယ်ကပြန်လာတာလဲ။ ပဝါတွေ ဘာတွေနဲ့ဆိုတော့ အလှူတစ်ခုခုက စားသောက်ပြီး ပြန်လာတာ ထင်ပါရဲ့''

အဘွားကြီးက သူ့လက်ထဲမှ ယပ်တောင်ကလေးကို စားပွဲပေါ်အသာတင်ရင်း -

''တို့ကိုးကွယ်တဲ့ တောင်ဥက္ကလာ မြင်သာပရဟိတ ဘုန်းကြီးကျောင်း ဆရာတော်ရဲ့ ဂုဏ်ပြုပူဇော်ပွဲက ပြန်လာတာကွယ့်။ ဘွဲ့တော့ရခဲ့တယ်ဆိုပဲ။ ဘာဘွဲ့မှန်းတော့ မသိဘူး''

ဟင်း . . . ခက်ချေပြီ။ မိမိတို့ ကိုးကွယ်ဆည်းကပ်သည့် ဆရာတော်၏ ချီးကျူးပူဇော်ဂုဏ်ပြုပွဲကို သွားပြီးမှ ထိုဆရာတော် ဘာဘွဲ့ရသည်ကို သူမသိရှာ။ အဘွားကြီးကလည်း စာကောင်းစွာ မတတ်ရှာဘဲကိုး။

ကျွန်တော်က စားပွဲပေါ်ရှိ သူယူလာသော အလှူပြန် ယပ်တောင်ကလေးကိုကြည့်ကာ -

''ဒီဆရာတော်ဟာ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်ကိုရခဲ့တာဗျ။ အဲဒါကိုကော သိရဲ့လား''

အမယ်ကြီးက ခေါင်းခါရင်း -

''ဘွဲ့တွေ ဘာတွေတော့ ဘယ်သိပါ့မလဲကွယ်။ ဟို့ဆရာတော် ပညာစာရက သိက္ခာသမာဓိကလည်း ကြည်ညိုစရာကောင်းတော့ သူ့ပူဇော်ဂုဏ်ပြုပွဲအတွက် ငွေတစ်သိန်းတော့ ထည့်လှူလိုက်တာပဲ''

ဤတွင် ကျွန်တော့်ခေါင်းထဲ အတွေးတစ်ခု ပေါက်လာသည်။ ဒကာ၊ ဒကာမတို့ အနေဖြင့် မိမိတို့ကို ဆည်းကပ်ရာ သံဃာတော်အရှင်မြတ်များကို လှူဒါန်းဒါနပြုကြသော်ငြား နိုင်ငံတော်မှ ထိုပုဂ္ဂိုလ်အရှင်မြတ် ဆက်ကပ်ခံရသော ဘွဲ့တံဆိပ်တော် အဓိပ္ပာယ်နှင့် အရည်အချင်းကိုမူ အနည်းအကျဉ်းသိထားရန် လိုအပ်ပေလိမ့်မည်။

ယခု အမယ်ကြီးပြောသည့် ဆရာတော်၏ ဆက်ကပ်အပူဇော်ခံခဲ့ရသည့် ဘွဲ့တံဆိပ်မှာ (မဟာသဒ္ဓမ္မဇောတိကဓဇ)ဘွဲ့ဖြစ်ရာ လွယ်လွယ်ပြောရလျှင် သာသနာပြုဘွဲ့ဟု ပင်ဆိုရပါမည်။ ဤလိုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံရဖို့ ဆိုသည်မှာ သိပ်မလွယ်လှ။

၁။ သံဃာအချင်းချင်း သင့်တင့်ညီညွတ်ရမည်။

၂။ သက်တော် ၃၅ နှစ်အထက် မငယ်ရ။

၃။ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ပို့ချသင်တန်းကို တက်ရောက်ပြီးဖြစ်ရမည်။

၄။ မကောင်းသတင်း အရှုပ်အရှင်း ကင်းစင်ရမည်။

၅။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖွင့်လှစ်၍ ကျောင်းသားများကို စာသင်ခြင်း အပြင် စာသင်ခြင်း၊ တရားဟောခြင်းဖြင့် အခြားဘာသာဝင်များကို ဗုဒ္ဓဘာသာတွင် သွတ်သွင်းစည်းရုံး ဆွဲဆောင်နိုင်ရမည်။

၆။ ဘုရားတည်၊ ကျောင်းဆောက်၊ လမ်းတံတား ခင်း

စသည့် သာသနာပြုလုပ်ငန်းများကို နှစ်ပေါင်းရှည်ကြာအောင် ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်မှ ဤသာသနာပြုဘွဲ့နှင့် ထိုက်တန်အကျုံးဝင်ပါသည်။ ဘွဲ့တံဆိပ်တော် ဆက်ကပ်အလှူခံရန်အတွက် ဆရာတော်၏ လျှောက်ထားတင်ပြမှုကို သက်ဆိုင်ရာမြို့နယ်၊ တိုင်း၊ အဆင့်ဆင့်က ကျေနပ်မှသာလျှင် သာသနာရေးဌာနသို့ ထောက်ခံတင်ပြမှုဖြင့် နိုင်ငံတော်က ဆက်ကပ်ခြင်းဖြစ်ရာ ဤဘွဲ့တံဆိပ်တော်ရှင်များအတွက် ဂုဏ်ယူဖွယ် ကောင်းလှပါသည်။ ထို့ကြောင့်လည်း ဆည်းကပ်ကိုးကွယ်သူ သူတော်စင်တို့က ဝမ်းသာအယ်လဲ ဂုဏ်ပြုပွဲများ ကျင်းပကြခြင်းသာ ဖြစ်ပေသည်။

**မောင်ချိုမင်း(ကန္တာရဝတီ)**

၀၉-၄၂၀၀၉၀၅၂၄



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမော စင်မယ့် ဟာသများ

## လှုတော်တစ်ခွင် · ဟာသများ

ဦးကောင်းထူး

### လူသောက်မယ်ဆိုရင်

တစ်ခါက ပုလိပ်ပေါက်စလေးတစ်ယောက် ပုလိပ်သားကြီးတွေနှင့်ရောပြီး နတ်ကန်ဦးကို ရောက်လာသည်။ ၎င်းတို့ကို မျက်နှာလိုမျက်နှာရ ဖားနေသည့် ရွာခံတစ်ယောက်ကို ထန်းတောထဲ ခေါ်သွား၏။

ပုလိပ်သစ်လေးက အာဏာပြချင်ဇောနှင့် ထန်းပင်ပေါ်မော့ကြည့်ရင်း -

"ထန်းရည်နှစ်မြူလောက် ရမလား။ ထန်းရည်လိုချင်တယ်ဟေ့"

ထန်းပင်ပေါ်က ထန်းသမားက ငုံ့ကြည့်ပြီး ဘယ်သူတွေမှန်း သိတဲ့နောက် -

"လူသောက်လား။ ခွေးသောက်လား။ လူသောက်ဆိုရင် နည်းနည်းစောင့်ရဦးမယ်"

ဟု ပြောလိုက်လေသတည်း။

●

### သွားကြားထိုးတံလောက်တောင်မှ

ထင်းကုန်သည်တစ်ယောက်သည် လက်ဖက်ရည်ဆိုင်တွင် စုပုံထားသည့် ထင်းများကို စောင်းကန်းစောင်းကန်းကြည့်ရင်း ဆိုင်ထဲဝင်ရောက်လာခဲ့သည်။ ထို့နောက် -

"ငါ့ထင်းကို မဝယ်ဘဲ ဘယ်ကထင်းတွေ ဝယ်ထားတာလဲကွ"

ဤတွင် ဆိုင်ရှင်ဖြစ်သူ လူရွယ်က-

"ခင်ဗျားရောင်းတဲ့ထင်းကို သုံးမယ့်အစား ကောက်ရိုးကို ခွဲခြမ်းလုပ်ပြီး သုံးတာမှ တော်ဦးမယ်"

"ဟာကွာ···မင်းက မတရားပြောပြီ။ ငါ့ထင်းတွေက မီးရထားဘက်ကို ဇလီဖားတုံးအဖြစ် သွင်းဖို့ထားတာကွ။ ခင်မင်တဲ့ လူချင်းမို့ ထင်းဆိုက်ရအောင် မင်းဆိုင်ပို့တာ"

"ဟလိုလေး···ဇလီဖားတုံးတဲ့။ ခင်ဗျားဇလီဖားတုံးတွေက သွားကြားထိုးတံလောက်တောင်မှ မကြီးပါကလားဗျာ"

●

### ဖြုတ်လောက်ပဲ ရှိတာများ

လက်ဖက်ရည်ဆိုင် လူစည်ကားနေတုန်း တစ်ယောက်က စိန်ခေါ်စကား ဆိုလိုက်၏။

"အမယ်···မင်းတို့ကသာ ရဟန်းခံပေးနိုင်ရင် ငါက ဒေါ့ချင်တစ်လုံး အခဲလုံးခံပြီး သိမ်တက်ပြီးသားပါကွာ"

ထိုသို့ နားငြီးအောင် ပြောနေသူကို ခပ်လှမ်းလှမ်း စားပွဲရှိ လူငယ်တစ်ယောက်က -

"ဟလိုလေးဗျာ···ခင်ဗျားက သျှောင်တစ်လုံး။ သျှောင်တစ်လုံးနဲ့ စပီကာတပ်ပြီး ဟစ်နေတာ ရောမပရိစ္ဆဂကြီး ကျနေတာပဲ။ ခင်ဗျားသျှောင်ကို ကြည့်လိုက်တော့ဖြင့် နတ်အုန်းသီးပေါ်မှာ နားနေတဲ့ ဖြုတ်လောက်ပဲ ရှိတာကိုများ"

ထိုသို့ လူကြားသူကြား အော်လိုက်လေမှ ကိုလေကြွားလည်း ပါးစပ်ပိတ်သွားလေတော့၏။

●



www.burmeseclassic.com

www.burmeseclassic.com

## အအေးပတ်မှာတောင် စိုးရတယ်

ရွှေဘိုကားဂိတ်ရှိ ပြောင်းဖူးသည်က ထုံးစံအတိုင်း လှုတ်အော်နေသည်။

"လာကြနော်၊ လာကြ၊ ပြောင်းဖူးပူပူနွေးနွေးလေ။ အရမ်းချိုတာ။ ပလို့ပြောင်း၊ နိုင်လွန်ပြောင်း၊ သကြားပြောင်း"

ဤတွင် လူတောသားက ဆာဆာနှင့် အနားကပ်သွားလေ၏။

ထိုအခါ အဝတ်မည်းကြီးအုပ်ထားသည့် ပြောင်းဖူးတောင်းကို လက်ညှိုးထိုးပြ၏။ ဈေးသည်က တစ်ဖူးယူပေးလိုက်သည်။

"ပူတဲ့အဖူးကို ပေးဗျာ"

ဈေးသည်လည်း နောက်တစ်ဖူးလဲပေး၏။ ဒါလည်း စိတ်တိုင်းမကျ၊ ထပ်လဲထပ်လဲနှင့် လေးငါးဖူးအထိ အကြိုက်မတွေ့။

ခြောက်ဖူးမြောက် ရောက်လေသော် ကိုင်ကြည့်အပြီး လူတောသားက ချထားခဲ့ရာက -

"အော်တုန်းကတော့ ပြောင်းဖူးပြုတ် ပူပူနွေးနွေးတဲ့။ ဟလိုလေး…ပြောင်းဖူးပြုတ်ရဲ့ ရေခဲစိတ်ထားလား မှတ်ရ။ ခင်ဗျားပြောင်းဖူးဝယ်စားမိရင် တစ်ကိုယ်လုံး အအေးပတ်သွားမှာတောင် စိုးရတယ်"

သည်တော့ ဈေးသည်က အော်ပြီး ရန်တွေ့သည်။ လူတောသားမှာတော့ တဟဲဟဲ။

●

## နိုင်းမှ နိုင်းရက်ပလေ

ကလေးချစ်တတ်သော လူတောသားကြီးတစ်ယောက် မြို့က ပြန်လာ၏။ ဤတွင် မြို့ပြန်လက်ဆောင်ပါလာသည့် အိတ်ကြီးတစ်လုံးအပြည့် သကြားလုံးများကို အိမ်နီးချင်းကလေးများအား ဝေပေးနေခဲ့သည်။

ကလေးများက ထိုသတင်းကြားသည်နှင့် ယာတောင်းကြလေ၏။ ထိုအခါ အိတ်ကြီး တဖြည်းဖြည်း ပိန်လာတာကို မြင်သဖြင့် ညီမလုပ်သူက -

"အစ်ကို့အိတ်ကြီးကလည်း ပိတ်ချင်လာလိုက်တာ။ တစ်တီတစ်တီနဲ့ စေတီယမင်း မြေမျိုသလိုပါပဲလား"

(စေတီယမင်းဆိုသည်က မုသားတစ်ကြိမ်ပြောတိုင်း တစ်ထစ်တစ်ထစ် မြေမျိုခံရသောမင်း ဖြစ်ချေ၏။)

●

## မင်းသားဂျက်လီ ဓားရေးပြနေသလို

ကလေးကပဲ ဆိုးသလား၊ မိခင်ကပဲ အရိုက်ကြမ်းသလားတော့ မသိ။ လူတောသားကြီးသည် ကလေးကို သိမ်းရိုက်နေသည့် အိမ်နီးချင်းမအား လှမ်း၍ ဟန့်တားလိုက်၏။

"ဟဲ့…ဟဲ့…ကလေးမ ကိုယ်မွေးတဲ့ကလေးပေမယ့် ဒီလောက် မရိုက်ပါနဲ့ကွယ်။ မသိသူတွေက မိထွေးလို့ ထင်ကြလိမ့်မယ်"

"ဆိုးလွန်းလို့ပါ ဦးလေးရယ်။ ပါးစပ်ကို စေ့မနေရဘူး"

"ကလေးပဲဟဲ့။ မျောက်လောက်တော့ ဆော့မှာပဲ။ ကမ္ဘာ့ဘွန်းသမားလိုတော့ ငြိမ်မနေဘူး။ နင်ရိုက်ပုံက တရုတ်သိုင်းကားထဲက မင်းသားဂျက်လီ ဓားရေးပြနေသလားမှတ်ရ"

●

## ခွေးက ပိုများနေပါလား

တစ်နေ့သ၌ လူတောသားတစ်ယောက်သည် စာအုပ်အပေါင်းတန်းသို့သွား၍ စာအုပ်များကို လှန်လှောကြည့်ရှုလေ၏။ ဤတွင် ထောင်ထားသည့်စာအုပ်အနောက်များရှိ နာမည်များကို ကြည့်ရင်း ကျယ်လောင်စွာအော်ဖတ်လေ၏။

"ကမ္ဘာကိုကိုင်လှုပ်သော ထိုဆယ်ရက်၊ စာရေးချင်သောသူများသို့ မှာတော်ပုံ၊ သိလိုသူ၊ မောင်ခွေးဖို့၊ ခွေးပေါင်တိုင်း ထမကြည့်နဲ့၊ ယုန်တောင်ပြေး ခွေးမြောက်လိုက်၊ ခွေးကလျှို၊ ခွေးဦးကာ"

လူတောသားသည် ဆက်မဖတ်တော့ဘဲ ညည်းတွားလိုက်လေ၏။

"အလိုလေးဟဲ့…ခွေးက လူထက်တောင် တန်ခိုးထွားနေပါပေါ့လား။ လူ့အကြောင်းက တစ်အုပ်တည်းရှိပြီး ခွေးအကြောင်းက ငါးအုပ်တောင် ရှိနေပါကလား…"

●



www.burmeseclassic.com

www.burmeseclassic.com

## ကိုင်းမပါတဲ့ မျက်မှန်

လုတောသားတစ်စုတို့သည် ၎င်းတို့ အမြင်မကြည်သော လူတစ်ယောက်အကြောင်းကို ပြောနေကြ၏။

ထိုလူတွင် အကောင်းတစ်ခုမှ မရှိတော့သကဲ့သို့ မျက်နှာကြောတင်းပုံ၊ စိတ်ထားညံ့ပုံ၊ ဆက်ဆံရေးကျဲပုံ၊ လေလုံး ကြီးပုံတွေ စုံတကာစေ့၍နေ၏။

ထိုကြားထဲ သူ့အရည်အချင်းကို တစ်ယောက်က ယခုကဲ့သို့ ဖော်ကျူးလိုက်ပြန်ပါသေး၏။

"အဲသည်ငတိက ကြီးကျယ်မယ့်သာ ကြီးကျယ်နေတာပါကွာ။ စာဆိုလို့ တစ်လုံးမှတတ်တာ မဟုတ်ဘူး။ ထဆင်ထူး ရေးပြရင်တောင် ကိုင်းမပါတဲ့မျက်မှန်ပါလို့ လျှာထွက်အောင် ငြင်းဦးမှာ"

●

## လုံနဲ့အပ်

ကားဂိတ်ရှိ ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းစားနေသည့် လုတောသားနှင့် ထမင်းရောင်းသော လုတောသူတို့ ဆူဆူညံညံ စကားများနေကြ၏။

"ဒီမှာ ဒီမှာ တော့ကို ထမင်းတစ်ပွဲ တစ်ထောင် ပေးတောင် ရောင်းဖို့မကောင်းဘူး။ ဘယ့်နှယ် ထမင်းစားဖို့ လာတာမှ မဟုတ်ဘဲ၊ အပြစ်ပြောဖို့ လာတာကျနေပြီ"

ဆိုင်ရှင်လုတောသူက ရှုစုအောင့်အောင့်နဲ့ ပြောလေ၏ ထိုအခါ ထမင်းစားနေသူ လုတောသားက ပလုတ်ပလောင်းကြီး ကြားကာပဲ -

"ပြောရပါသကော အမိရယ်။ ကြည့်စမ်းပါဦး . . . ဒီတဲ့ မန်ကျည်းရွက်လောက်ပဲရှိမယ်။ မျက်လိုက်တဲ့အရိုး အနှစ်စသားရဲ့လုံနဲ့ ထိုးသလားမှတ်ရ။ စူးလိုက်တဲ့အရိုးများ အျပ်လည်ပင်းဖြင့် တရုတ်အပ်စိုက်ကုနေတဲ့ အတိုင်းပဲ"

●

## သည်နည်းပဲ ရှိတော့တယ်

မိုးမြစ်ရေပြည့်လာပြီဆိုလျှင် လုတောလယ်သမားများ အပြေးအလွှား ရေသွင်းကာ ထွန်ယက်စိုက်ပျိုးကြလေ၏။ လယ်သမားကြီးတစ်ယောက်သည် ကန်သင်းပေါ် တက်ရပ်ကာ သူ့လယ်ကွက် သူပြန်ရှုကြည့်ရင်း -

"ခုပုံနဲ့တော့ စိုက်ရက်ဝေးပါသေးတယ်။ စပါးစိုက်တာက မြေပုပ်တွေ နောက်ချေးတွေနဲ့ မူးရေသမပြီး စမရေဒိုးပွက်သလို ပွက်ထနေမှ စိုက်လို့ကောင်းတာကွ"

ထိုအခါ ကန်သင်းပေါ်ရောက်နှင့်နေသူက မှတ်ချက်ချလေ၏။

"ဒီအချိန်ဟာ ပင်ထောင်လာကြည့်နေကျ အချိန်ပဲဗျ" -

"ဒီနှစ်တော့ ခုအချိန်မှာ ပင်ထောင်ကြည့်ဖို့ ဆင်းလာရင်ဖြင့် ပေါဒါ ပင်ထောင်ပါပဲဆိုပြီး လယ်စပ်က ထန်းပင်တွေကို လက်ညှိုးထိုးပြရုံပဲ ရှိတယ်ပေါ့"

●

## ဘာမြန်သလဲမမေးနဲ့

ကောက်စိုက်သမတစ်စုသည် ကောက်စိုက်နေရင်းမှ စပ်မိစပ်ရာ စကားများကို ပြောနေကြလေ၏။

၎င်းတွင် တစ်ယောက်က -

"မောင်းနှွားတွေထဲမတော့ ငါတွေဖူးတဲ့နွားမျိုး ကြားတောင်မကြားဖူးဘူး။ လယ်ကိုင်းကနေ ကျောင်းတော်ရာကို လှည်းမောင်းသွားတာ ဘုရားရောက်မှ လှည်းစီးသူမပါမှန်းသိပြီး ခုန်းစိုင်းပြေးလာသတဲ့။ လှည်းပေါ်က ကျကျန်ခဲ့တဲ့လူ မြေကြီးပေါ်မရောက်ခင် လှည်းက ပြန်ရောက်လာတာပဲ"

ထိုအခါ နောက်တစ်ယောက်က အနိုင်မခံစိတ်နှင့်

"အဲဒီနွားတွေက နွားမတွေ ထင်ပါရဲ့ဟယ်။ တို့အိမ်မှာရှိတဲ့ မောင်းနှွားနှစ်ကောင်မှ တကယ်ကောင်းတာ။ ညည်းပြောသလိုပဲ လှည်းပေါ်ကလူ ကျကျန်ခဲ့လို့ ပြန်ရှာတာ မတွေ့ပြန်ဘူး။ ဒါနဲ့ သွားလမ်းအတိုင်း ပြေးပြီးကြည့်တော့လည်း မတွေ့ပြန်ဘူး။ နောက်တစ်ခေါက် ပြန်လာတော့မှ မြေကြီးပေါ်မရောက်ခင် တွေ့လို့ လှည်းထိုးရပ်ပေးလိုက်ရသပေါ့"

●



www.burmeseclassic.com

www.burmeseclassic.com

## နာမည်ကျော်တဲ့ တံဆိပ်

ရှာဠ မင်းသားကဲ့သို့ ကြော့နေအောင် ဝတ်စားတတ်သည့် လူငယ်တစ်ယောက် ကားဂိတ်သို့ ရှိုးပြထွက်လာခဲ့၏။

ထိုအချိန်ဝယ် နေက တာပေါ်ကို မေးတင်နေ၏။ ထိုလူငယ်လည်း ကားကားကြီးရပ်လျက် စတိုင်ထုတ်နေ၏။

ကာယကံရှင်က သူ့အဖြစ် သူမသိသော်ပြား လက်ဖက်ရည်ဆိုင်ထဲရှိ လူတွေကမူ အထင်းသား၊ အကွင်းသား မြင်နေရ၏။

"ဟဲလိုလေး • • •လုံချည်ရယ်၊ ပါးလိုက်လေခြင်း၊ ပင့်ကူမျှင်နဲ့များ ရက်ထားသလားမသိဘူး"

"ဘယ်ဟုတ်ရမလဲ၊ တိမ်မျှင်နဲ့ထိုးပြီး မီးခိုးနဲ့ဖောက်ထားတာ"

"ဒါကြောင့် ခလောက်တံဆိပ်၊ အမြှောက်တံဆိပ် ရယ်လို့ နာမည်ကျော်နေသကိုး"

●

## ဂုန်နီအိတ်ကိုတဲ့ ဆေးရောင်ခြယ်

အသက်ငါးဆယ်ကျော် အမျိုးသမီးတစ်ယောက်သည် ယောက်ျားဝတ် လုံချည်ကွင်းတစ်ထည်ကို တမြှောက်မြှောက်နှင့် အိမ်ပြန်ရင်း အော်ပြောလေချေ၏။ ဤတွင် ခင်ပွန်းဖြစ်သူက -

"အဘွားကြီး ဘာဖြစ်လာတာလဲ"

ဟု မေးလိုက်သကဲ့သို့ သမီးများကလည်း -

"အမေ ဘာတွေအော်လာတာလဲ"

ဟု မေးပြန်၏။

အမျိုးသမီးသည် အမေးတွေကို ပြန်ဖြေရမည့်အစား အော်လက်စ ဆက်အော်လိုက်ပုံမှာ-

"အလိုလေးတော် • • •ရှစ်ဆယ်တန်ပုဆိုးတဲ့၊ ဂုန်နီအိတ်ကို ဆေးရောင်စုံခြယ်ထားသလား မှတ်ရတယ်ပော့"

●

## စပါးအုံးနဲ့ နင်လား ငါလား

ခြောင်ဖြူခွန်နှစ်စေ့စားဟု ခေါ်ကြသည့် ခွက်ကြီးကိုင် သူဖုန်းစားတစ်ယောက်အား လုတောသားတစ်ယောက်က စပ်စပ်စုစု ဖျူးနေပုံမှာ မှတ်သားလောက်ပေ၏။

"ဘယ့်နယ်လဲဗျာ၊ ဒီနေ့ အဆင်ပြေရဲ့လား။ တောင်းလို့ရမ်းလို့ တော်တော်လေး ရခဲ့ရဲ့လား"

"မရပါဘူးဗျာ"

"မရဘူးသာဆိုတယ်၊ ခင်ဗျားဆိုင်းထမ်းက အိတ်နှစ်လုံးစလုံး ဖောင်းကားနေတာ ဟာလိုလေး••သမဝါယမဆိုင်ဂိုထောင် မျိုထားတဲ့ စပါးအုံမြွေကြီးတွေလား မှတ်ရဗျာ"

ခွက်ကြီးကိုင် တစ်ချိုးတည်း လစ်ပါလေရော။

●

## ရာဟုထောင့်က ခွေးဝဲစား

လုတောသားများသည် သူစိမ်းကို မပြောမဆိုရလည်း မိမိတို့အချင်းချင်း ဂျပန်ဖယောင်းချပ်လုပ်ပြီး လှည့်ခွေတတ်ကြ၏။ သို့ဖြင့် လုတောသားတစ်ဦး၏ လက်ဖက်ရည်ဆိုင်ထဲသို့ လုတောသားတစ်စု ဝင်ရောက်အားပေးရင်း -

"ရေကိုရောင်းစားနေတဲ့ လူတွေများ အပေါ်စက်၊ အောက်စက် အကောင်းစား သုံးနိုင်တယ်ဗျ"

ဟူ၍ တစ်ယောက်က စပြီး ကလိလိုက်၏။

နောက်တစ်ယောက်ကလည်း မနေနိုင်။

"အိုဗျာ• • •ရေကို အပူပေးပြီး စားပွဲကုလားထိုင်နဲ့ရောင်းတော့လည်း သောက်ကြတာပဲ"

မှာထားသော လက်ဖက်ရည် ရောက်လာသည့်အခါ တတိယလူက မြည်းကြည့်လိုက်ပြီး -

"ဒါလားကွ• • •လက်ဖက်ရည်၊ လက်ဖက်ခြောက်နဲ့တောင် မရဘူး။ မြေနီရေကို သကြားခတ်ထားသလားမှတ်ရ"

ထိုအခါ ဆိုင်ရှင်လုတောသားက သွားအကျဲသားလေးနှင့်ပြုံးရင်း -

"အချင်းချင်းမို့ ဝေဖန်ခံရတာကွနော။ သူစိမ်းသာဆိုရင် မင်းတို့ ကမ္ဘာပတ်ပြီး ကျွမ်းပစ်သွားပြီး ရာဟုထောင့်မှာ ခွေးဝဲစား လမ်းကြိတ်စက်ကြိတ်သလို ပြားနေမယ်•••ဟင်း ဟင်း"

● ဦးကောင်းမွှး



www.burmeseclassic.com

www.burmeseclassic.com



# နေ့အလိုက် ရွတ်ဆိုရမည့် မန္တန်များ

တင်စန္ဒာ

"လောကဟိတ" ရာသီကျမ်းတွင် မြန်မာလူမျိုးတို့၏ သာရေးနာရေးကိစ္စများ၌ ရိုးရာမပျက် ယနေ့တိုင် လိုက်နာလုပ်ဆောင်နေကြသည့် မြန်မာ့ဓလေ့ထုံးစံများကို တွေ့မြင်ရပါသည်။ ထို့ကြောင့် မြန်မာလူမျိုးများနှင့် လောကဟိတရာသီ ကျမ်းသည် အမြဲတစေ ရင်းနှီးလျက်ရှိကြောင်း မှတ်ချက်ချမိပါသည်။ လောကဟိတကျမ်းသည် လောက၏ စီးပွားရေးကို သမ္မာအာဇီဝဖြင့် ရှာဖွေရေးသားပြုစုထားသော ကျမ်းဖြစ်ရာ ထိုကျမ်းပါဆောင်ရွက်ဖွယ်များကို သေချာစွာ ဂဃနဏလုပ်ဆောင်ပါက အထူးအကျိုးပြုမည်ကား အမှန်ပင်ဖြစ်ပေသည်။

## နေ့အလိုက်ရွတ်ဆိုရမည့် မန္တန်နှင့် ယတြာ

**တနင်္ဂနွေသားသမီးများ ။ ။** ကိုယ်လက်[illegible] မအီမသာနှင့် ဖျားနာသည်ဆိုပါက ဆန်မှုန့်နှင့် ငွေအရှပ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပါ။ ပြီးလျှင် ထမင်း၊ မုန့်၊ နို့၊ ဟင်းသီးဟင်းရွက်၊ ပန်း၊ ပေါက်ပေါက်တို့ကို ငှက်ပျောဖက်တွင် ထည့်၍ ဆီမီးတိုင်ထွန်းပူဇော်ပြီး "ဥုံ–နမောဗုဒ္ဓရက္ခ၊ ဓမ္မရက္ခ၊ သံဃရက္ခ သွားဟာ"ဟူ၍ ခုနစ်ခေါက်မန်းမှုတ်ပါ။ ရောဂါဖြစ်သည့်နေရာသို့ သုံးကြိမ်ပွတ်သပ် နှိပ်ချပါက ရောဂါကင်းပျောက် ချမ်းသာရောက်ကာ တနင်္ဂနွေဆော် အာနုဘော် တက်ပေလိမ့်မည်။

**တနင်္လာသားသမီးများ ။** ။ ဖျားနာ၍ ကိုယ်စိတ်မချမ်း မသာဖြစ်ခဲ့သော် ဆန်မှုန့်နှင့် ကျားရုပ်ထုပါ။ ပြီးသော် ရှေးနည်းအတိုင်း ခုနစ်မျိုးသော စားသောက်ဖွယ်ကို ယူဆောင်၍ မီးတိုင်ထွန်းညှိပူဇော်၍ **"ဥုံ–ယက္ခထိ၊ ယက္ခထိ သွားဟာ"** (ဟယ်ဘီလူး နင်ထွက်သွားလော့)ဟု မန္တန်ကို ခုနစ်ခေါက်ရွတ်ဆိုပါ။ ထိုအခါ ဖြစ်ပေါ်နေသမျှ ဝေဒနာ အလုံးစုံလွင့်စင်ကုန်ပျောက်ကာ ချမ်းသာရောက်ပေလိမ့်မည်။

**အင်္ဂါသားသမီးများ ။** ။ ကိုယ်စိတ်လေးလံစိတ်အကြံများ ထုံထိုင်းမှိုင်းဝေနေပါက ရှေးနည်းအတိုင်း ဆန်မှုန့်ဖြင့် အင်္ဂါရုပ်ထုလုပ်ပါ။ ပြီးသော် အထက်ပါအတိုင်း ခုနစ်မျိုးသော လှူဖွယ်တို့ဖြင့် ဆီမီးထွန်းညှိပူဇော်လှူဒါန်းပြီး **"ဥုံ–ယက္ခ ယက္ခ သန္တိ သွားဟာ"** ဟူ၍ ခုနစ်ကြိမ်ရွတ်ဆိုပေးပါ။ ဘေးဥပဒ်အန္တရာယ်များ ကင်းပျောက်၍ ချမ်းသာရောက်ပေလိမ့်မည်။

**ဗုဒ္ဓဟူးသားသမီးများ ။** ။ ဖျားနာမှုကား ဆင်အရုပ်ကို ဆန်မှုန့်နှင့် ပီပြင်စွာထုလုပ်၍ ရှေးနည်းအတိုင်း ခုနစ်မျိုးသော စားသောက်ဖွယ်တို့ကို ဆီမီးတိုင်ထွန်းညှိကာ **"ဥုံ–နမောတိ သွားဟာ"**ဟူ၍ ခုနစ်ခါမန်းမှုတ်ရွတ်ဆိုပါက ရောဂါမှန်သမျှ ကင်းပျောက်သွားပေလိမ့်မည်။ သုခချမ်းသာများ ရောက်လာပါလိမ့်မည်။

**ကြာသပတေးသားသမီးများ ။** ။ ကိုယ်စိတ်မချမ်းမသာဖြစ်ပါမူ ဆန်မှုန့်ကိုပင် ကြွက်ရုပ်ထုလုပ်ပါ။ ပြီးနောက် အထက်ပါအတိုင်း ထမင်း၊ မုန့်၊ နို့၊ သစ်သီး၊ ပန်း၊ ပေါက်ပေါက်တို့ကို ငှက်ပျောဖက်တွင်ထုပ်၍ ဆီမီးတိုင်ထွန်းညှိပူဇော်ပြီးလျှင် **"ဥုံ–သုတိယာ၊ ကရောတိယာ၊ ကရောတိ သွားဟာ"**ဟူ၍ ခုနစ်ခါရွတ်ဆိုပါက ဝေဒနာမှန်သမျှ ကင်းစင်လွင့်ပျောက် ချမ်းသာရောက်စေသည်။

**သောကြာသားသမီးများ ။** ။ ဖျားနာ၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်းရှိသော် ရှေးနည်းအတိုင်း ဆန်မှုန့်ဖြင့် ပူးရုပ်ထုလုပ်ပါ။ ပြီးလျှင် ခုနစ်မျိုးသော အစားအသောက်တို့ဖြင့် ဆီမီး ပူဇော်ကာ **"ဥုံ–ဝိသာယာ သွားဟာ"** ဟု ခုနစ်ခေါက်ကြိမ်ရွတ်ဖတ်ပါ။ မကြာခင် ကိုယ်စိတ်ရွှင်လန်းကာ လိုသမျှကြံဆောင်အောင်မြင်ပေလိမ့်မည်။

**စနေသားသမီးများ ။** ။ နေမကောင်းဖြစ်ငြားက နဂါးရုပ်သွင်ထုလုပ်ဆင်၍ ခုနစ်မျိုးသော စားသောက်ဖွယ်တို့ကို ရှေးနည်းအတိုင်း ဆင်၍ မီးတိုင်ထွန်းညှိပူဇော်ကာ **"ဥုံ–နမော မဟာယက္ခ၊ သဗ္ဗယက္ခာ၊ ပလာသန္တိ"**ဟူ၍ ခုနစ်ကြိမ်ရွတ်ဖတ်ပါက အလုံးစုံသော ဘေးဒုက္ခများလွင့်စင်ကာ ချမ်းသာရောက်ပေမည်။

**ရာဟုသားသမီးများ ။** ။ ဗုဒ္ဓဟူးနေ့၊ ရာဟုအဝင်မွန်းတိမ်းတွင် မွေးဖွားကြသော သားသမီးများ ဖျားနာထိခိုက် ချမ်းသာမလိုက်ပါက ဟိုင်းဆင်ရုပ်ကို ရှေးနည်းအတိုင်း ဆင်ပါ။ စားဖွယ်ခုနစ်မျိုးနှင့် ဆီမီးထွန်းညှိပူဇော်ကာ **"ဥုံ–နမောတိ သွားဟာ"** ဟု ခုနစ်ခေါက်ရွတ်ဆိုပါ။ မန္တန်ကို တန်အပြည့်ဖြင့် ရွတ်ဆိုပါက ပို၍အကျိုးထိရောက်နိုင်ပါသည်။

အထက်ပါ မန္တန်များကို မိမိတို့နေ့အလိုက် ယုံကြည်စွာရွတ်ဆိုပါက အဖျားအနာကင်းပျောက်သည့်အပြင် ဘေးဥပဒ်အန္တရာယ်များလည်း အမှန်တကယ် ကင်းပျောက်သည်ဟု ရှေးအစဉ်အဆက် ဆိုခဲ့ပါသည်။

**တင်စန္ဒာ**



www.burmeseclassic.com

www.burmeseclassic.com

# မင်းသားညီနောင်သုံးဦး နှင့် ဒကရက္ခိုသ်

## ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံအုပ်ချုပ် မင်းလုပ်လျက်ရှိ၏။ မိဖုရားခေါင်ကြီးမှ သားတော်နှစ်ပါးဖွားမြင်ပြီး မဟိံသနှင့် စန္ဒကုမာရဟု အမည်တွင်သည်။ မကြာမီ မိဖုရားခေါင်ကြီး ကွယ်လွန်သွားသည်။ မင်းကြီးက မိဖုရားတစ်ပါး ရွေးချယ်တင်မြှောက်ပြီး နှစ်များမကြာမီ သားတော်တစ်ပါး ထပ်မံထွန်းကားရာ သူရိယဟု အမည်ပေးသည်။ သူရိယကို မင်းကြီးကချစ်မြတ်နိုးလွန်းသဖြင့် မိဖုရားကြီးအား တောင်းလိုသည့် ဆုတစ်ခုတောင်းစေသည်။ သို့သော် မိဖုရားကြီးက မတောင်းသေးဘဲ နောင်မှတောင်းပါမည်ဟု လျှောက်တင်သည်။

သူရိယမင်းသား အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ် တတ်မြောက်သော အရွယ်ရောက်သည့်အချိန်တွင် မိဖုရားခေါင်ကြီးက မင်းကြီးအား သူရိယမင်းသားကို ထီးနန်းလွှဲအပ်ပေးဖို့ တောင်းဆိုသည်။ သို့တစေ မင်းကြီးက ဤဆုကို မပေးလို၍ "ငါ့တွင် သားတော်အကြီးနှစ်ပါး ရှိနေသေးသည်"ဟု ငြင်းလိုက်လေ၏။ မိဖုရားခေါင်ကြီးကလည်း သူမ၏သားတော် သူရိယအား ထီးနန်းလွှဲပေးရန် အကြိမ်ကြိမ်အဖန်ဖန် တောင်းဆိုနေသည်။ ယင်းသို့ကြောင့် မင်းကြီးက သားတော်များအတွက် စိုးရိမ်စိတ်တွေ ဝင်လာခဲ့၏။ ထို့ကြောင့် သားတော်နှစ်ပါးအား ခေါ်ယူပြီ၊ အကျိုးအကြောင်းပြောပြကာ၊

"ယခုအခိုက်အတန့်မှာ သားတော်တွေ အဝေးမှာ သွားရှောင်နေကြ။ ငါလွန်တော့မှပြန်ခဲ့ကြပါ"ဟု သားတော်များကို မှာလေသည်။ သားတော်နှစ်ပါးလည်း မင်းကြီးအမှာအတိုင်း တောသို့သွားရန် နန်းတွင်းမှ ထွက်ခွာလာကြ၏။ ဤသည်ကို နန်းရှေ့တွင်ကစားနေသည့် သားထွေးက မြင်သွားသည်။ ပြီးတော့မေး၏။

"အစ်ကိုတော်တို့။ ဘယ်များသွားကြမလို့လဲ"

"ငါတို့တောထဲမှာ သွားနေကြမလို့ပဲ"ဟု ဖြေကြားသည်။ သူရိယမင်းသားက၊ သူလည်းလိုက်ပါလိုသည်ဟုဆိုလျက် နောင်တော်များနှင့်အတူ တောတွင်းသို့ လိုက်ပါလာလေသည်။ သို့ဖြစ်၍ ညီတော်နောင်တော် သုံးပါးစလုံး ဟိမဝန္တာသို့ ရောက်ရှိလာကြ၏။

တောခြေစုံမြိုင်အတွင်း မနားတမ်း ခရီးပြင်းနှင် လာခဲ့ကြသည်ဖြစ်၍ မောလည်းမော ရေကလည်းငတ်နေကြပြီ။ လမ်းနံဘေးသစ်ပင်ရိပ်မှာ ခေတ္တခဏနားခိုကြသည်။ ရေလည်းဆာနေကြပြီမို့ သားထွေးအား ရေရှာခိုင်းသည်။ မနီးမဝေးတွင် ရေအိုင်တစ်ခုတွေ့ရသဖြင့် သူရိယသည် ရေအိုင်အတွင်းသို့ ဆင်းလိုက်သည်။ ထိုအခိုက်မှာ ရေစောင့်ဘီလူး ရုတ်ချည်းပေါ်လာလေသည်။ ပြီးနောက် မင်းသားကို ဖမ်းယူကာ၊

"သင်သည် ဒေဝဓမ္မကို သိပါသလော"ဟုမေးသည်။ သားထွေးကလည်း –

"သိပါသည်။ ဒေဝဓမ္မဆိုသည်မှာ နေနှင့်လ မဟုတ်ပါလော"ဟု အဖြေပေး၏။

"မဟုတ်ပေ။ သင့်အဖြေက ဒေဝဓမ္မမဟုတ်ချေ"ဟု ဆိုလျက် ရေအောက်သို့ဖမ်းခေါ်သွားသည်။ သားထွေးပြန်မလာသဖြင့် မဟိံသသည် စန္ဒကုမာရအား ထပ်မံလွှတ်လိုက်ပြန်သည်။ သူသည်လည်း ရေစောင့်ဘီလူးနှင့်တွေ့ပြီး စောစောကလို ဒေဝဓမ္မကို သိသလားဟုမေး၏။ မင်းသားကလည်း –

"သိပါသည်။ အရပ်လေးမျက်



www.burmeseclassic.com

www.burmeseclassic.com

နာသည် ဒေဝဒဗ္ဗ ဖြစ်ပါသည်"ဟု အဖြေပေးရာ ရေစောင့်ဘီလူးက –

"သင့်အဖြေလည်း မမှန်ပေ။ သင်လည်း ဒေဝဒဗ္ဗကို မသိ"ဟုဆိုပြီး ရေအောက်သို့ ဖမ်းခေါ်သွားပြန်လေသည်။ ညီတော်နှစ်ပါးလုံး ပြန်လည်ရောက်ရှိခြင်း မရှိသောကြောင့် နောင်တော်ကြီးက ညီတော်တွေတော့ ဘေးအန္တရာယ်တစ်ခုခုတော့ တွေ့နေကြပြီဆိုလျက် ကိုယ်တိုင် လိုက်လာခဲ့၏။ ရေအိုင်သို့ရောက်လာပြီး ရေအိုင်ဝန်းကျင်ကို လေ့လာကြည့်သည့်အခါ ရေအိုင်အစပ် ရွှံ့နွံတွေပေါ်မှာ အဆင်းခြေရာသာရှိပြီး အတက်ခြေရာမတွေ့ရသောကြောင့်၊ ရေအိုင်ကိုစောင့်သော ရေစောင့်ဘီလူး အပိုင်စားရသည့်နေရာ ဖြစ်ရမည်ဟုသုံးသပ်လျက် ရေကန်အတွင်း မဆင်းဘဲနေလိုက်၏။

ထိုအခါ ရေစောင့်ဘီလူးသည် မုဆိုးအယောင်ဆောင်ကာ မင်းသား၏အပါးသို့ ရောက်လာလေသည်။ မင်းသားအား ရေသာလျှင် ရေအိုင်အတွင်း ဆင်းသောက်ပါလေဟု သွေးဆောင်သည်။ မင်းသားသည် မုဆိုးစကားကို မှုလကာပင် ယုံကြည်ခြင်းမရှိသည့်အပြင် စဉ်းစားတွေးဆတတ်သူပီပီ၊

"သင်ရေစောင့်ဘီလူး မဟုတ်လော"ဟု မေးလိုက်၏။ ဒကရက္ခိုက်သည်လည်း မငြင်းသာတော့သဖြင့် ဟုတ်ပါသည်ဟု ဝန်ခံပြီး မင်းသားနှစ်ပါးကိုလည်း သူပင် ဖမ်းဆီးထားကြောင်း ပြောပြသည်။

နောင်တော်မင်းသား မဟာသက "အဘယ်ကြောင့် ဖမ်းဆီးထားပါသလဲ"ဟု မေးသည့်အခါ ရေစောင့်ဘီလူးက –

"ကျွန်ုပ်အား ဝေဿဝဏ်နတ်မင်းကြီးက ဤရေအိုင်အတွင်း သက်ဆင်းမိသူများကို စားခွင့်ပေးထားပါသည်။ သို့တစေ ခြွင်းချက်တစ်ခုရှိပါသည်။ ဒေဝဒဗ္ဗကို သိရှိသူများကိုမူ စားခွင့်မရှိပါ"ဟု အဖြေပေးသည်။

"ဒီလိုဆိုရင်တော့ ဒေဝဒဗ္ဗကို ကျွန်ုပ်သိသည်။ သင်နာကြားလိုပါသလား"

"ဟုတ်ကဲ့၊ နာကြားလိုပါသည်"

"ဟိရိဩတ္တပ၊ မကောင်းမှုကို ပြုရမည်ကို ရှက်ခြင်း။ မကောင်းမှုကို ကျူးလွန်ရမည်ကို ကြောက်ရွံ့ခြင်း။ တရားနှစ်ပါးကား ဒေဝဒဗ္ဗ ဖြစ်ပါသည်" ဟု မဟာသမင်းသားက ဖြေကြားလေသည်။ ယင်းနောက် ထိုတရားနှစ်ပါးကို အခြေခံကာ အကျယ်တဝံ့ ဆက်လက်ဟောကြားသည့်အခါ ရေစောင့်ဘီလူးက မင်းသားအပေါ်တွင် ကြည်ညိုသဒ္ဓါပွားကာ သင်မင်းသားသည် ဒေဝဒဗ္ဗကို အမှန်သိသောသူဖြစ်ပါသည်။ ထို့ကြောင့် မင်းသားနှစ်ပါးအနက် သင်နှစ်သက်သည့် မင်းသားတစ်ပါးကို ယူပေတော့ဟုဆို၏။ နောင်တော်မင်းသားသည် –

"သို့ဆိုပါက ညီငယ်အထွေး သူရိယမင်းသားကို လွှတ်ပေးပါတော့"ဟု တောင်းဆိုလေသည်။ ရေစောင့်ဘီလူးက –

"သင်မင်းသားသည် ညီတော်နှစ်ဦးရှိပါလျက်နှင့် ညီတော်အကြီးကို ကျော်လွှန်ကာ ညီထွေးကိုသာတောင်းဆိုသည်။ ဒေဝဒဗ္ဗကို သိရှိပါလျက် တရားတော်အတိုင်း ကျင့်ကြံခြင်းမရှိချေတကား"ဟုပြောကြား၏။

"ကျွန်ုပ်တို့ ဟိမဝန္တာသို့ လာကြရခြင်း၏ အကြောင်းအရင်းကား ဤညီထွေးကြောင့်ဖြစ်ပါသည်။ ညီထွေးမပါဘဲနှင့် ကျွန်ုပ်တို့ တိုင်းတော်ပြည်တော်သို့ ပြန်ရန်မဝံ့ပါ"ဟု မဟာသမင်းသားက အဖြေပေးသည်။ ထိုအခါ ရေစောင့်ဘီလူးသည် ကျေနပ်နှစ်သက်သွားပြီး မင်းသားနှစ်ပါးစလုံးကို လွှတ်ပေးလိုက်လေတော့၏။

မင်းသားညီနောင်သုံးဦးစလုံး ရေစောင့်ဘီလူး၏ စောင့်ရှောက်ကူညီမှုဖြင့် ဟိမဝန္တာတွင် ချမ်းသာစွာနေထိုင်ကြရပြီး ခမည်းတော်မင်းကြီး လွန်ပြည်ငြီး၍ နတ်ထီးစံတော်မူသည့်အခါ နေပြည်တော်သို့ ပြန်လာခဲ့ကြသည်။ နောင်တော်ကြီး မဟာသသည် ခမည်းတော်မင်းကြီး၏အရိုက်အရာကို ဆက်ခံလျက် ထီးနန်းကိုစိုးစံသည်။ ညီတော်စန္ဒကုမာရမင်းသားကို အိမ်ရှေ့စံပေးပြီး ညီတော်အထွေး သူရိယမင်းသားအား စစ်သူကြီးအရာတွင် ခန့်ထားလေသည်။ ရေစောင့်ဘီလူး ဒကရက္ခိုက်အား မွေ့လျော်ဖွယ်ရာ အရပ်တစ်နေရာတွင် နတ်ကွန်းတစ်ဆောင်ဆောက်လုပ်ပေးပြီး ပြုစုစောင့်ရှောက်ကျွေးမွေးထားလေသည်။

(လောကကို စောင့်ရှောက်သည်မှာ အရှက်တရားနှင့် အကြောက်တရား ဖြစ်သည်။)

ခင်မောင်အေး(မန္တလေး)

ကျမ်းကိုး

နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဒေဝဓမ္မဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# ကူရှင်ကျောင်းသား အကောင်းသား

## မြတ်မင်း

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ ထူးမြတ်သောနေ့တွင် စာရေးသူတို့ဘဝတွင်လည်း မှတ်တမ်းဝင်သောနေ့ရက် ဖြစ်ပါသည်။ ဟုတ်ပါသည်။ U.C.H.S (ကူရှင်) (ယခု၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အမှတ် (၄)၊ အခြေခံပညာအထက်တန်းကျောင်း)၏ ၁၉၄၇-၆၄ ဆရာ၊ ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ၏ တွေ့ဆုံပွဲ (Gathering)တစ်ရပ်သို့ စိတ်ဓာတ်ထက်သန်စွာနှင့် ရောက်သွားခဲ့ပါသည်။

ယင်းတွေ့ဆုံပွဲကို မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ Y.M.C.A အဆောက်အအုံ၏ စတုတ္ထထပ်တွင် နံနက် ၉ နာရီမှ ၁၂ နာရီထိ ကျင်းပရာသို့ သားအငယ်ဆုံးလေး Civil Engineer ကျော်သူမြင့်သိန်းက ကိုယ်တိုင်ကားမောင်းပြီး လိုက်ပို့ပေးပါသည်။


သတ်မှတ်ချိန် ရောက်သွားခြင်းကြောင့် ခန်းမထဲတွင် လူအသင့်အတင့် ရောက်နေကြပါပြီ။ အသက် ၆၀ ကျော် အမျိုးသား၊ အမျိုးသမီးတစ်စု ထိုင်နေသော စားပွဲဝိုင်းတစ်ဝိုင်း၌ ဝင်ရောက်နေရာယူလိုက်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ မသိရှိသော်လည်း တစ်ဦးသော အမျိုးသမီးကြီးမှာ အသက် ၈၃ နှစ်ရှိ အငြိမ်းစားဆရာမတစ်ဦးဟု ကိုယ်တိုင်ပြော၍ သိရပါသည်။ စာရေးသူ သတ္တမတန်း(က) ကျောင်းသားဘဝက အတန်းပိုင်ဆရာမ ဒေါ်တင်တင်တစ်ယောက် America ကို ထွက်ခွာသွားခြင်းကြောင့် အစားထိုးရောက်သူဟုလည်း သိရပါသည်။ စာရေးသူထက် အသက်အရွယ်ပိုမိုကြီးလင့်ကစား စာရေးသူ ၁၉၅၆ ခုနှစ်၌ တက္ကသိုလ်ဝင်တန်းအောင်ပြီးမှ U.C.H.S သို့ ရောက်လာသူ ဖြစ်ဟန်တူပါသည်။

စကားပြောဖော်မရှိသဖြင့် အရှေ့လက်ဝဲဘက်ရှိ အမျိုးသားတစ်စု ထိုင်နေသော စားပွဲဝိုင်းသို့ ပြောင်းရွှေ့ကာ နေရာယူလိုက်ပါသည်။ လက်ျာဘက်၌ ထိုင်နေသူနှင့် Chating လုပ်လိုက်သော် သန်းအောင်ဟု သိရပါသည်။

ထိုအခါမှ သန်းအောင်မှာ တခြားသူမဟုတ်ဘဲ စာရေးသူတို့က ဆိုးပေဟု နာမည်ပြောင်ပေးထားသော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ဂိုး-သန်းအောင် ဖြစ်နေ၍ ဝမ်းသာသွားရသည်။

စာရေးသူတို့ ကျောင်းသားဘဝတွင် ကျောင်းဘောလုံးအသင်း၌ ကစားရာ ဂိုးသမားမရှိ၍ စာရေးသူက ဆိုးပေအား ဂိုးဖမ်းခိုင်းရာမှ ဂိုးသမားဖြစ်သွားသူဖြစ်သည်။ တစ်ဖန် ဆိုးပေသည် စာရေးသူ၏အဖေ ဦးအေးမောင်၏ မွေးရပ်ဇာတိ သုံးဆယ်ဇာတိဖြစ်သလို စာရေးသူ၏ ညီအစ်ကိုဝမ်း ကွဲတော်သူလည်း ဖြစ်ပါသည်။ ယခု အသက် ၇၈ နှစ် ရှိနေပါပြီ။

ဆိုးပေဟု ငယ်နာမည်ပြောင်ကို သိသွားသော တစ်စားပွဲတည်း ထိုင်နေသူများလည်း အားရဝမ်းသာ ဖြစ်သွားပါ



ကူရှင်ကျောင်းသားကြီးများ
ဝဲ မှ ယာ
ဂိုး-သန်းအောင် (ဆိုးပေ)
မြင့်သိန်း (မြတ်မင်း)
အကယ်ဒမီထွန်းလှိုင် (ဓာတ်မှုံ)

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအခါမှ ရွှေကုလားထိုင်တွင် နေရာယူထားသော ပုဂ္ဂိုလ်မှာ အကယ်ဒမီဆုရှင် ရုပ်ရှင်ကင်မရာဆရာ ကိုထွန်းလှိုင်ဟု သိသွားပြန်ရာ တသောသောနှင့် ပျော်သွားကြသည်။ ကိုထွန်းလှိုင်သည် အသက် ၈၃ နှစ် ရှိပါပြီ။ သတ္တမတန်းကျောင်းသားဘဝတွင် ခပ်ပေပေနေသူများကိုစုပြီး (B)တန်းတွင် အထားခံရသူများထဲက တစ်ယောက်ဟု ၎င်းကိုယ်တိုင်ပြော၍ သတိရမိပါသည်။ ၎င်းနှင့် အိမ်ထောင်ရေး သားသမီးများအကြောင်း စကားစပ်မိရာ အတူပါလာသော အသက် ၃၀ ဝန်းကျင် အမျိုးသမီးလေးမှာ ၎င်း၏သမီးငယ်ဖြစ်ကာ ဆရာဝန်မလေးဟု သိရပါသည်။ ကိုထွန်းလှိုင်က ၎င်း၏ ဇနီးသည်မှာ အသက်တစ်နှစ် ပိုကြီးကြောင်းပြောသဖြင့် စာရေးသူက မိန်းမရှိသေ အသက်ရှည်ဟု ပြောရာ ၎င်းက မရှိခိုး၍ သွားကျိုးကြောင်းအား အားကျမခံပြန်ပြောရာ ရွှေကုလားထိုင်တွင် နေရာယူထားသော အငြိမ်းစားဗိုလ်မှူးကြီး အောင်ညွန့်ဟု ဆိုးပေကပြော၍ သိရသူက ထောက်ခံစကား ပြောပြန်ပါသည်။

စာရေးသူသည် ၁၉၄၆ ခုနှစ်တွင် ကူရှင်ကျောင်းသို့ တက်ရောက်ခဲ့ပါသည်။ ထိုစဉ်က ဒုတိယကမ္ဘာစစ်ပြီးခါစဖြစ်၍ အလုံ-ကရင် ခြံဝင်းထဲရှိ နှစ်ထပ်တိုက်တစ်လုံးတွင် ကျောင်းပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးမှာ (ဦးစံရင်)ဖြစ်ပါသည်။ စာရေးသူမှာ သူငယ်တန်း၌ နှစ်ရက်သာ နေပြီး အင်္ဂလိပ်၊ မြန်မာ၊ သင်္ချာဘာသာတို့ကို နေအိမ်၌ ဦးလေးများ သင်ထားပေးသဖြင့် ပထမတန်း သင်ခန်းစာများကို လိုက်ဖတ်၍ ပထမတန်းသို့ ရောက်သွားပါသည်။

၁၉၄၇ ခုနှစ်တွင် ယခုလက်ရှိနေရာ ကူရှင်ကျောင်း မူရင်းနေရာသို့ ပြောင်းရွှေ့သင်ကြားရပါသည်။ ဒုတိယတန်း အတန်းဖော်များထဲတွင် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏သား ချစ်ငွေခိုင်နှင့် ထိုစဉ်က ဝန်ကြီးဦးကိုကိုကြီး၏ သား ခင်မောင်ဝင်းတို့လည်း ပါဝင်ပါသည်။

ငယ်ပေါင်းများ chating လုပ်ရင်း ကူရှင်ကျောင်း ထွက်ထဲမှလည်း မြန်မာလက်ရွေးစဉ် ဘောလုံးအသင်း ဂိုးသမား စောသောင်းတင် (ခ) အော်ရီနှင့် ဇော်ဝင်း အလယ်တန်းအားကစားသမား ဇော်မင်းတို့ ထွက်ပေါ်လာသည်ကို သတိရသလို ကွယ်လွန်သွားပြီဖြစ်သော ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. ဦးဝင်းမောင်နှင့် ဆရာဝန်ကြီး Dr. လွှန်းရွှေတို့လည်း သတိရပါသည်။

စာရေးသူတို့ Class Mate, School Mate တို့ထဲတွင် နိုင်ငံတော်အဆင့်ထိ ရောက်ရှိခဲ့သော ကူရှင်ကျောင်းသားဟောင်းများထဲတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်(ခေတ်)တွင် ဒုတိယသမ္မတ တာဝန်ယူခဲ့သော ဒေါက်တာ စိုင်းမော်ခမ်းလည်း ပါဝင်ပါသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) သူရဦးအောင်ထက် ဗိုလ်မှူးကြီးအဲလ်အောင်ဒင်၊ ဗိုလ်မှူးကြီးဝမ်းတွန်း၊ ဗိုလ်ချုပ်မြင့်အောင်တို့လည်း ကူရှင်ကျောင်းသားများဖြစ်ကြောင်း သိရပါသည်။

ကူရှင်ကျောင်း(U.C.H.S)သည် စာရေးသူတို့ ကျောင်းသားဘဝက American Christian Missionary ကျောင်းဖြစ်၍ နံနက်တိုင်း ကျောင်းလုံးကျွတ် Assemly တွင် ဓမ္မတေးများ ဆိုရပါသည်။ ခရစ်ယာန်ဘာသာဝင်ရော ဗုဒ္ဓဘာသာဝင် အားလုံးများပါ Assemly တက်ရ၍ လူစုလူဝေး မကြောက်သလို Stage စင်မြင့်ကိုလည်း မကြောက်ပါ။ ကျောင်းတွင် စာကြည့်တိုက်ရှိရာ ထိုစဉ်က America Embassy ၏ စာကြည့်တိုက်မှတစ်ပါး အကြီးဆုံး စာကြည့်တိုက်လည်း ဖြစ်ပါသည်။ ကျောင်းတွင် လက်သမားပညာရပ်ကိုလည်း သင်ပေးပါသည်။ ဘက်စုံ ပညာရေးပါ။

စာရေးသူတို့ ၁၉၅၁ ခုနှစ်၌ ဆဋ္ဌမတန်း(က)၌ ပညာသင်စဉ် Geometry စတင်သင်ကြားရခြင်းဖြစ်ရာ ကျောင်းဝင်းထဲရှိ မျှော်စင် Tower ကို Geometry နည်းဖြင့် တိုင်းတာကြည့်ခဲ့ရာ ပေ ၈၀ မြင့်ကြောင်း မှတ်သားမိပါသေးသည်။ ကျောင်းဝင်းထဲ၌ ဘောလုံးကွင်းတစ်ကွင်း အလုံလမ်း၌ ဘောလုံးကွင်းတစ်ကွင်း ရှိပါသည်။ အားကစားတွင်လည်း မလစ်ဟင်းစေခဲ့ပါ။

ထို့ကြောင့်ပင် ကူရှင် Union Christian High School နောင် UNITED Christian High School ကျောင်းသည် ဘက်စုံပညာသင်ပေးသော ကျောင်းတော်ကြီး ဖြစ်သလို ကူရှင်ကျောင်းသား အကောင်းစားများ ဖြစ်ပါကြောင်း ဂုဏ်ယူမှတ်တမ်းတင် ရေးသားဖော်ပြလိုက်ပါတော့သည်။

မြတ်ငြိမ်း
၁၉-၃-၁၉၉၇



www.burmeseclassic.com

www.burmeseclassic.com

# ရှေးခေတ် လူမှုရေးလုပ်ငန်းများ

## မင်းခန့်ကိုကို (Ruby Land)

တစ်နေ့က စာရေးသူ၏မိတ်ဆွေ ဦးမြင့်ကျော် (ပန်းချီယံကျော်) အိမ်ရောက်သွားသည့်အခါ လိုဂို(LOGO) တစ်ခုထုတ်ပြသည်။ ဗန်းမော်မြို့ကမှာ ဖွဲ့စည်းထားသည့် (Plus One) လူမှုကူညီရေးအဖွဲ့၏ လိုဂိုဖြစ်ကြောင်း သိရပါသည်။

လူမှုကူညီမှုလုပ်ငန်းသည် အတ္တဟိတကိစ္စမဟုတ်ဘဲ မွန်မြတ်သည့် ပရဟိတလုပ်ငန်း ဖြစ်သည်။ မျက်မှောက်ခေတ်တွင် မြန်မာနိုင်ငံတစ်ဝန်း၌ လူမှုကူညီရေးအဖွဲ့များ အင်တိုက်အားတိုက်ပေါ်ထွန်းလာသည်ကို ကြားသိမြင်တွေ့နေရသည်။

ဘုရားရှင်လက်ထက်တော်အခါက မစလရွာမှာ ၃၂ ယောက်သော မာဃလုလင်တို့သည် လမ်းဖောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ မြေဖို့ခြင်း၊ အမှိုက်သိမ်းခြင်းစသည့် လူမှုကူညီရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သောကြောင့် ကွယ်လွန်သည့်အခါ တာဝတိံသာနတ်ဘုံ၌ သိကြားမင်းနှင့် နတ်သားများဖြစ်ခဲ့ရသည်။

ပုဂံခေတ်ကျောက်စာများတွင်လည်း ဥပုသ်အဖိတ်နေ့တိုင်း ဆင်းရဲသားများအား အဝတ်အစားပေးခြင်း၊ စားသောက်ကုန်များပေးကမ်းခြင်း၊ ရဟန်း၊ သံဃာ၊ ဖိုးသူတော်၊ မယ်သီလရှင်များကိုလည်း ကျွေးမွေးအလှူပေးခြင်း၊ ဆွမ်းခံမစားနိုင်သော ဂိလာန ရဟန်းများကိုလည်း ဘုရားကျောင်းကန်အတွင်း၌ သီတင်းသုံးစေလျက် လုပ်ကျွေးပြုစုကြကြောင်း အထင်အရှားဖော်ပြကြပါသည်။ ရွှေစည်းခုံဘုရားရှိ ကျန်စစ်သားမင်းကြီး ရေးထိုးခဲ့သော မွန်ကျောက်စာတွင်လည်း ဆင်းရဲသူလူထုအား ဘယ်လက်ဖြင့် မုန့်ကိုပေး၍ ညာလက်ဖြင့် အဝတ်အစားကို ပေးလတ္တံ့ဟု ဆိုထားခဲ့သည်။

သက္ကရာဇ် ၉၉၀ ခုနှစ် သာလွန်မင်းတရားကြီးလက်ထက်တွင် နေပြည်တော်လေးပြင်လေးရပ်တို့၌ ဇရပ်ကြီးများဆောက်၍ အလှူပေးခဲ့သည်။ ဆင်းရဲနွမ်းပါးသူများကိုလည်း ထောက်ပံ့ခဲ့သည်။ သူနာပြုဇရပ်ကြီးများဆောက်ပြီး လာသမျှ လူနာများကိုလည်း ဆေးကုပေးခဲ့သည်။ လူမှုရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်နှင့် အင်းဝနေပြည်တော်ကြီး သာယာဝပြောခဲ့ကြောင်း မှတ်သားသိရှိရသည်။

သက္ကရာဇ် ၁၁၄၅ ခုနှစ် ဘိုးတော်မင်းတရား လက်ထက်တွင် လူမှုရေးလုပ်ငန်းများကို ငွေကြေးအကုန်အကျခံ၍ အထူးအရေးပေးဆောင်ရွက်ခဲ့သည်။ သူနာပြုဇရပ်ကြီးရှစ်ဆောင်ဆောက်လုပ်ကာ မြန်မာသမားတော်များအပြင် ခွဲစိတ်ကုသတတ်သော နိုင်ငံခြားဆရာဝန် ဒေါက်တာဆီးဂရီးဗ်ကိုပါ ခန့်ထားခဲ့သည်။

သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မန္တလေးနေပြည်တော်ရတနာပုံကို တည်ခဲ့သော မင်းတုန်းမင်းတရားကြီးသည်လည်း ဘာသာ၊ သာသနာ၊ ပညာ၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများကို အထူးဂရုပြုခဲ့သည်။ တစ်ဆယ့်နှစ်ဌာနအုပ်ချုပ်ရေးတွင် လူမှုရေးဌာနပါရှိသည်။ လယ်ယာဌာန၊ လမ်းပန်းဆက်သွယ်ဌာန၊ စစ်ဘက်ဌာန၊ ဘာသာပညာဌာန၊ အခွန်တော်ဌာန၊ စီးပွားကုန်သည်ဌာန၊ ရာဇဝတ်ဌာန၊ တရားဌာန၊ ရေကြောင်းဌာန၊ ကြေးနန်းဌာန၊ နိုင်ငံခြားထိန်းသိမ်းရေးဌာန၊ ပြည်ထဲရေးဌာနများစသည်ဖြင့် ရှိရာတွင် ပြည်ထဲရေးဌာနနှင့်တွဲ၍ လူမှုဝန်ထမ်းဌာနကို ထည့်သွင်းထားခဲ့သည်။

သက္ကရာဇ် ၁၂၂၄ ခုနှစ်တွင် ရွှေမြို့တော် တောင်ဥယျာဉ် မနော်ရမန်မှာ မစွမ်းမသန် ကျိုးကန်းဆွံ့အသူများ စုပေါင်း၍ နေရာချပေးခဲ့သည်။ ဒုက္ခိတအပေါင်း ၂၁၆ ယောက်ရှိပြီး တစ်နှစ်လျှင် ငွေ ၂၀ ကျပ်စီ နှစ်စဉ် ထောက်ပံ့ခဲ့သည်။

ရွှေမြို့တော်အတွင်း တရားတင်းကုပ် ၁၂ ဆောင်နှင့် ဓမ္မာရုံ ၁၂ ဆောင်တို့ကို ဆောက်လုပ်ခဲ့ပြီး လူအများကို ညစဉ် တရားနာစေပါသည်။ သီတင်းနေ့တိုင်း ပရားဆွေး

www.burmeseclassic.com

နွေးစေကာ လာရောက်ဆွေးနွေးသူတို့အား ငွေတစ်မတ်စီ ဆုချသည်။

နေပြည်တော်လေးမျက်နှာတွင် ခရီးသွား အာဂန္တုများအတွက် အုတ်ဇရပ်ကြီး ရှစ်ခုကို တည်ဆောက်ထားသည်။ လာသမျှခရီးသည်များ အခမဲ့နားခိုနိုင်သည့်အပြင် ကြိုက်သလို သုံးဆောင်နိုင်ရန် လက်ဖက်ရည်ကြမ်းအိုး၊ ထန်းလျက်ခဲ၊ ပဲလှော်သုပ်စားရန် ဆီ၊ ဆား၊ ကြက်သွန်၊ ဆေးလိပ်သောက်သူများအတွက် ဆေးရိုး၊ ကွမ်းစားသူများအတွက် ကွမ်း၊ ထုံး၊ ဆေး၊ ဆေးတံသောက်သူများအတွက် ဆေးတံ၊ ဆေးအိုး၊ ကွမ်း၊ ကွမ်းသီး၊ ရှားစေး၊ ထုံး၊ လေးညှင်းပွင့်၊ ဇာတိပ္ဖိုလ်၊ ဖာလာ၊ သစ်ကြံပိုး၊ ကွမ်းညှပ်၊ ကွမ်းအစ်၊ ယပ်တောင်အမျိုးမျိုး၊ သားရေကြိုးတပ် ညှပ်များ၊ အမျိုးသမီးများအတွက် ဘီးစိပ်၊ ဘီးကျဲ၊ အုန်းဆီ၊ မှန်တင်ခုံ သနပ်ခါး၊ ကျောက်ပျဉ်၊ နံ့သာဖြူ၊ ကရမက်၊ ပေါင်ဒါများအပြင် မျက်ခုံးဆွဲ မင်မှစ၍ သွားတိုက်ရန် သွားပွတ်တံ၊ ခေါင်းအုံး၊ သင်းဖြူး၊ နားဖာကလော်၊ အပ်၊ အပ်ချည်၊ သောက်ရေအိုး၊ ခွက်ဖလားများစသည် စုံလင်အောင် အပြည့်ထားရှိသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများ ဖွားမြင်လျှင် သုံးစွဲနိုင်ရန် ထင်း၊ မီး၊ ရေနွေး၊ နနွင်း၊ ငရုတ်ကောင်း၊ မိတ်သလင်အပြင် အချင်းမြှုပ်ရန် တူးရွင်းကိုပါ အသင့်ထားရှိသည်။ မီးဖွားချိန်တွင် ကူညီရန် ဝမ်းဆွဲမိန်းမ နှစ်ဦးစီနှင့် ဗိန္ဓောဆရာနှစ်ဦးစီကိုလည်း မီးနေဆောင်တိုင်းတွင်ထားသည်။ မီးဖွားပြီးက သွားလိုရာသွားနိုင်ရန် ငွေငါးကျပ်နှင့် ဝတ်စုံတစ်စုံ ထောက်ပံ့ပေးသေးသည်။

၁၂၆၃ ခုနှစ်တွင် မြန်မာအမျိုးသမီး ၂၀ ဦးကို ရန်ကုန်မြို့ အင်္ဂလိပ်သီလရှင်ကျောင်းသို့ ပညာသင်စေလွှတ်ပြီး အထူးသူနာပြုလုပ်ငန်းများကို သင်ကြားစေ၍ အောင်မြင်လာသောအခါ နေပြည်တော်၌ ခန့်ထားသည်။

နေပြည်တော်အတွင်း ဖိုးသူတော်၊ မယ်သီလများကိုလည်း ထောက်ပံ့ကာ စာတတ်သူများကို ကျောင်းဆောက်လှူဒါန်းသည်။

လူအိုရုံရှစ်ဆောင် ဆောက်လုပ်ထားရှိကာ သားတော်ကြီးများကို မပြတ်မလပ်ရအောင် အုပ်ချုပ်စီမံစေသည်။ အသက်ကြီးလူအိုများအနက် လုပ်နိုင်ကိုင်နိုင် သွားလာနိုင်သူများကို အနှိပ်အတတ်၊ ဆေးကုအတတ်ပညာများ သင်ပေးသည်။ သူအိုတို့သည် အဝတ်အစား၊ ထီး၊ ဖိနပ်မှစ၍ တစ်လလျှင် သုံးစွဲရန် ငွေတစ်ကျပ်စီရရှိသည့်အပြင် သေးဆုံးပြန်လျှင်လည်း ဘုရင်မင်းမြတ်ကပင် အကုန်အကျခံ သင်္ဂြိုဟ်ပေးသည်။

လူမှုဝန်ထမ်းများကို ကြီးကြပ်ဆောင်ရွက်ရန် လမိုင်းဝန်၊ ပုဏ္ဏားဝန်၊ သမားတော်၊ အနှိပ်တော်၊ ကိုးသားပေါက်အရွတ်ဝန်များ စသည်ဖြင့် ထားရှိသည်။ အရွက်ဝန်များသည် တိုင်းပြည်အတွင်းရှိ သွေးမစွန်း အနူများကို ရွေကြက်ယက်ဘုရားလယ်ပြင်တွင် သီးသန့်တဲများဆောက်၍ နေရာချထားပေးသည်။ မသာအမှုထမ်းများကိုလည်း ခန့်ထားပေးသည်။ ဆင်းရဲ၍ မသာမချနိုင်သော အလောင်းများကို ၎င်းအမှုထမ်းများက ဆင့်ဆို၍ ဆိုင်ရာရပ်ကွက်များက အကုန်အကျခံ သင်္ဂြိုဟ်ပေးရသည်။

နေပြည်တော်ဝန်းကျင်ရှိ အရှူးများ၏ စာရင်းကို ကောက်ယူကာ ကု၍ ရနိုင်သေးသူ၊ ကု၍ မရနိုင်တော့သူ စသဖြင့် ခွဲခြားထားရှိသည်။ မြို့တွင်း၌ အရူးများ၏ အနှောင့်အယှက် မရှိရလေအောင်လည်း ထိန်းသိမ်းထား၏။

မီးအမှုထမ်းများကို ခန့်အပ်ထားရှိပြီး ယင်းအမှုထမ်းများသည် ညနေနေဝင်ချိန်တွင် မီးသတိပေးကြရသည်။ မီးချိတ်၊ မီးကပ်များ အိမ်တိုင်းစေ့ထားရှိစေကာ ရေအိုးများကိုလည်း အိမ်ခေါင်မိုးပေါ်၌ တင်ထားရသည်။ ညနေအချိန် ချက်ပြုတ်ပြီးချိန်တွင် မီးဖို၌ မီးမရှိစေရ၊ ငှက်မွေးဖြင့် မီးဖိုကို ထိုးကြည့်၍ မီးကိုတွေ့လျှင် အိမ်ရှင်ကို အပြစ်ဒဏ်ပေးသည်။ မီးစလောင်သူ၏ အိမ်ကို ကြီးလေးသောအပြစ် ပေးသည်။

မီးလောင်ရာသို့ မင်းအမှုထမ်းများအားလုံး ရောက်လာကြရသည်။ မလာရောက်သည်ကို တွေ့ပါက နေပူတွင် တစ်နေ့လုံး နေလှန်းအပြစ်ပေးခံရသည်။

မီးဘေးဒဏ်ခံရသူများအား အဝတ်အထည်၊ ဖျာ၊ ဆန်၊ ဆီ၊ ငါးပိ စသည်ဖြင့် အိမ်ထောင်စုအလိုက် ပေးသည်။ တစ်အိမ်ထောင်လျှင် ငါးကျပ်ထောက်ပံ့သည့်အပြင် သဿမေဓအခွန် ငါးနှစ် ကင်းလွတ်ခွင့်ပြုခဲ့သည်ကို မှတ်သားသိရှိရပါကြောင်း ...။

မင်းခန့်ကိုကို (Ruby Land)


စာကိုး

မြကေတု၊ နန်းမှုနန်းရာ မြကေတုစာပေါင်းချုပ်၊ (၆) ကြိမ်၊ ၁၉၉၈၊ ဟိန်းထက်စာပေတိုက်။




www.burmeseclassic.com

www.burmeseclassic.com



# ပိဋကတ်ထဲမှ ဂမ္ဘီရ (၁)

■ သကျဝံသ

ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တည်းဟူသော ပါဠိတော် အဋ္ဌကထာဋီကာ၊ အနုဋီကာနှင့် ဂန္ထန္တရ အစရှိသည့် ကျမ်းဂန်များစွာတို့တွင် ဘာသာရေးစာတော်ဖတ် ပရိသတ်တို့အတွက် ဗဟုသုတဖြစ်ဖွယ် မှားသားဖွယ်အကြောင်းအရာတို့ကား အလွန်ပင်များလှ၏။

ထိုဗဟုသုတဖြစ်ဖွယ် မှတ်သားဖွယ်ရာများစွာသော အကြောင်းအရာတို့တွင် အချို့အချို့သော အကြောင်းအရာတို့သည် အတိဂမ္ဘီရ အလွန်ပင် နက်နဲလှ၏။ ထူးခြားလှ၏။ ခမ်းကြွယ်လှ၏။ ထို့ကြောင့် ဓမ္မာစာပေကို ဖတ်ရှုလေ့လာသူတို့အတွက် ဘာသာရေးဗဟုသုတအကျိုးစီးပွားအလို့ငှာ ကျမ်းဂန်တို့မှ ထုတ်နုတ်လျက် ပိဋကတ်ထဲမှ ဂမ္ဘီရဟူသော အမည်ဖြင့် တင်ပြလိုက်ရပါသည်။

## အပင်ကြီး (၄)ပင်နှင့် ကျွန်းဦးသပြေပင်

အရှေ့ကျွန်း၊ တောင်ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်း၊ ကျွန်းကြီးလေးကျွန်းတို့၏ ကျွန်းဦးအရပ်သည် မြင်းမိုရ်တောင်ရှိရာ မြောက်အရပ်ဖြစ်ရာ အရှေ့ကျွန်းဦး သစ်ပင်ကြီးကား ကုက္ကိုပင်၊ တောင်ကျွန်း ကျွန်းဦးသစ်ပင် ကြီးသည် ဇမ္ဗူသပြေပင်၊ အနောက်ကျွန်းဦးသစ်ပင်ကြီးကား ထိန်ပင်၊ မြောက်ကျွန်းဦးသစ်ပင်ကြီးကား ပဒေသာပင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ၎င်းအပင်ကြီး လေးပင်တို့၏ လုံးရပ်ပမာဏကား အမြင့်ယူဇနာတစ်ရာ ဝဲယောရှေ့နောက် အချင်းယူဇနာ တစ်ရာစီ ရှိကြသည်။

ထိုကျွန်းဦးသစ်ပင်လေးပင်တို့အနက် တောင်ကျွန်း ဦး သပြေပင်ကြီးသည် ဟိမဝန္တာတောင် မြောက်ဘက် အစွန်း ကျွန်းဦးကျွန်းထိပ်၌ တည်ရှိသည်ဟုဆိုၵ၏။

အမြင့်ယူဇနာတစ်ရာ၊ ပင်စည်လုံးပတ် ယူဇနာသုံး ဆယ် မြေပြင်မှ ကိုင်းမငါးဖြာအထိ ယူဇနာငါးဆယ်၊ လေး မျက်နှာ အကိုင်းခက်မ အလျားယူဇနာ ငါးဆယ်စီရှိ၏။ ထို့ပြင် အကိုင်းအလတ် ၂၅၀ ရှိ၍ တစ်ကိုင်း တစ်ကိုင်းလျှင် ကိုင်းခတ်ငယ် ၃၂၀ စီရှိသောကြောင့် ကိုင်းငယ်ပေါင်း ရှစ်သောင်းရှိသည်။

သပြေသီး၏ အရောင်ကား ပတ္တမြားညိုအဆင်းရှိ၍ မြေသို့ အသီးကြွေသည့်အတွက် သပြေတောကြီးဖြစ်လာ ၏။ သပြေသီး သမုဒ္ဒရာထဲသို့ကျလျှင် ဇမ္ဗူရာဇ်ရွှေဖြစ်၏။ ထိုသပြေသီး၏ အရသာကား အလွန်ချိုမြိန်သော အရသာ ရှိသည်ဟုဆို၏။ လူတို့သက်တမ်းရှည်သည့် တက်ကပ် ကာလတွင် သပြေပင်ကြီးတိုးတက်ကြီးမား၍ သက်တမ်းတို သည့် ဆုတ်ကပ်ကာလတွင် သပြေပင် ယုတ်လျော့သေး ငယ်သည်ဟု ကျမ်းဂန်၌ မိန့်ဆိုထားသည်။ ဤကား မိမိ တို့နေထိုင်သည့် ဇမ္ဗူဒီပါတောင်ကျွန်း ကျွန်းဦးထိပ်မှ သပြေ ပင်အကြောင်းပင် ဖြစ်သည်။

(အိဒိတပွကျမ်း။ နှာ–၈၀–၈၃)

## ကဆုန်လပြည့် ဗုဒ္ဓနေ့

သမ္ဗုဒ္ဓေဂါထာတော်တွင် ဖော်ပြထားသော ၅၁၂၀၂၈ (ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူ) ကုန်သော မြတ်စွာဘုရားရှင်တို့သည်လည်းကောင်း၊ ဂဏိဝါဠ သဲစုမက ပွင့်ထွန်းတော်မူပြီးကြကုန်သော ဘုရား ရှင်အပေါင်းတို့သည်လည်းကောင်း "ကဆုန်လပြည့် ဗုဒ္ဓ နေ့"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကဆုန်လပြည့်နေ့မှာပင် ပွင့်တော်မူကြပါ သလော။

ဘုရားရှင်တစ်ပါးနှင့်တစ်ပါး မတူညီမှု ဝေမတ္တ ငါးမျိုး၊ ရှစ်မျိုးတို့တွင် (၁) အာယုဝေမတ္တ = သက်တော် မတူခြင်း၊ (၂) ပမာဏဝေမတ္တ = အရပ်တော်မတူညီခြင်း၊ (၃) ကုလဝေမတ္တ = အမျိုးအနွယ်မတူညီခြင်း၊ (၄) ပဓာန ဝေမတ္တ = ဒုက္ကရစရိယ အားထုတ်မှုမတူညီခြင်း၊ (၅) ရသ္မိဝေမတ္တ = ရောင်ခြည်တော်အတိုင်းအတာ မတူညီခြင်း၊ (၆) ယာနဝေမတ္တ = စီးတော်ယာဉ်မတူညီခြင်း၊ (၇) ဗောဓိ ဝေမတ္တ = ပွင့်တော်မူရာ ဗောဓိပင် မတူညီခြင်း၊ (၈) ပလ္လင်္ကဝေမတ္တ = ပလ္လင်တော်မတူညီခြင်း ဟူ၍ ဝေမတ္တ ငါးမျိုး၊ ရှစ်မျိုး ပြဆိုထားရာ၌ ဘုရားရှင်တို့ ပွင့်တော်မူ သည့်နေ့ကို ပြဆိုမထားချေ။

စာရေးသူတို့၏ ဂေါတမဘုရားရှင် ဗုဒ္ဓဝင်၌သာ (က) ဖွားဖက်တော် ခုနစ်ပါးအကြောင်း၊ (ခ) ဖွားမြင်တော်မူ သည့်၊ ပွင့်တော်မူသည့် နေ့နှင့် စန်းယှဉ်နက္ခတ်အကြောင်း၊ (ဂ) ဝါဆိုလပြည့်နေ့တွင် ဥတ္တရာသန် နက္ခတ်ဖြင့် ပဋိသန္ဓေ ယူတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦး ဓမ္မစကြာ ဟောကြားတော်မူခြင်း၊ ယမိုက်ပြာဋိဟာပြတော်မူခြင်း အကြောင်း၊ (ဃ) ကဆုန်လပြည့်နေ့တွင် ဝိသာခါ နက္ခတ် ဖြင့် ဖွားမြင်တော်မူခြင်း၊ ပွင့်တော်မူခြင်း၊ ပရိနိဗ္ဗာန် စံတော် မူခြင်းအကြောင်း၊ (င) တပို့တွဲလပြည့်နေ့တွင် မာဃနက္ခတ် ဖြင့် သာဝကသန္နိပါတ စည်းဝေးတော်မူခြင်း၊ အာယုသင်္ခါရ လွှတ်တော်မူခြင်းအကြောင်း၊ (စ) သီတင်းကျွတ် လပြည့်နေ့ တွင် အာသဝိုဇ်နက္ခတ်ဖြင့် ယှဉ်ခိုက် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီး၍ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ကြွဆင်းတော်မူလာခြင်းအကြောင်းတို့ကို ဟောကြားတော် မူခဲ့သည်။

ကြွင်းသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်၌ ဤနက္ခတ္တ ပရိစ္ဆေဒ = နက္ခတ်၏အပိုင်းအခြားကို မပြဆိုထားသောကြောင့် ဘုရားရှင်တိုင်း ကဆုန်လပြည့်နေ့တွင် ပွင့်တော်မူကြခြင်း မဟုတ်။ အခြားနေ့ရက်များတွင် ပွင့်တော်မူကြသည်ဟု မှတ်ယူရမည်ကဲ့သို့ ဖြစ်နေသည်။

သို့သော် သောဘိတမြတ်စွာဘုရား၊ ဓမ္မဒဿီ မြတ် စွာဘုရားမှတစ်ပါး ကျန် ၂၂ ပါးကုန်သော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်၌ ကဆုန်လပြည့်နေ့တွင် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူခြင်း၊ မြက်အလှူခံခြင်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းတို့ကို ပြဆိုထားသည်။ သို့အတွက် ကြောင့် ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော ဘုရားရှင်တို့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့၌သာ ပွင့်တော်မူကြသည်ဟု မှတ်ယူ ရမည်ဖြစ်ကြောင်း ကျမ်းဂန်တတ်သိ ပညာရှိ ကဝိအပေါင်း ဆရာတော်တို့ မိန့်ဆိုတော်မူကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆုတောင်းပြည့်ပြီး အင်္ဂါရပ်များ

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ခမည်းတော်၊ မယ်တော်၊ သားတော်၊ အလုပ်အကျွေးတို့၏ မိမိကောင်းမှုအကြောင်းပြုတောင်းသည့် ဆုအတိုင်း ပြည့်စုံစေနိုင်သည့် အင်္ဂါအချက်အလက်တို့ကို ဗဟုသုတအလို့ငှာ တင်ပြပါဦးမည်။

ဘုရားဆုပန်ဆင်တော်မူကြသည့် ပါရမီခရီးသွား ယောက်ျားမြတ်တို့၏ ပန်ဆင်တော်မူသည့် ဘုရားဆုနှင့် ပြည့်စုံစေကြောင်း အင်္ဂါအချက်အလက်တို့ကား ရှစ်မျိုးရှိကြသည်။ နိယတဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါးဟုခေါ်သည်။ ၎င်း ရှစ်ပါးတို့သည်ကား ... (၁) လူသားစင်စစ်ဖြစ်ရခြင်း။ (၂) ယောက်ျားစင်စစ်ဖြစ်ရခြင်း၊ (၃) အရဟတ္တဖိုလ်ရနိုင်သည့်အကြောင်းကုသိုလ်ထူးရှိရခြင်း။ (၄) သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ရခြင်း၊ (၅) ရသေ့ရဟန်းဖြစ်ရခြင်း။ (၆) ဈာန်အဘိညာဉ်တို့ကို ရရှိခြင်း၊ (၇) အသက်စွန့်၍ ကုသိုလ်ပြုခြင်း။ (၈) ဘုရားဖြစ်ချင်သည့် ဆန္ဒအားကြီးခြင်းတို့ ဖြစ်ကြသည်။

ပစ္စေကဗုဒ္ဓါအဖြစ် ဆုတောင်းပြည့်ကြောင်း အင်္ဂါငါးပါးရှိ၏။ ၎င်းငါးပါးတို့ကား ... (၁) လူသားစင်စစ်ဖြစ်ရခြင်း၊ (၂) ယောက်ျားစင်စစ်ဖြစ်ရခြင်း၊ (၃) ပစ္စေကဗုဒ္ဓါ (သို့) ရဟန္တာကို ဖူးတွေ့ရခြင်း၊ (၄) အသက်စွန့်၍ လွန်ကဲထူးခြားစွာ ကုသိုလ်ပြုခြင်း၊ (၅) ပစ္စေကဗုဒ္ဓါဖြစ်လိုသည့် ဆန္ဒရှိခြင်းတို့ဖြစ်ကြသည်။

အဂ္ဂသာဝက၊ မဟာသာဝက၊ ခမည်းတော်၊ မယ်တော်၊ သားတော်၊ အလုပ်အကျွေးတို့ ဆုတောင်းပြည့်ခြင်း အင်္ဂါကား နှစ်ပါးတို့တည်း။ ၎င်းနှစ်ပါးတို့သည်ကား (၁) အသက်စွန့်၍ (သို့) ထူးခြားလွန်ကဲစွာကုသိုလ်ပြုခြင်း၊ (၂) အဂ္ဂသာဝက မဟာသာဝက စသည်ဖြစ်လိုသည့် ဆန္ဒရှိခြင်း နှစ်ပါးတို့ပင်ဖြစ်သည်။

(ဗုဒ္ဓ၊ ဋ္ဌ၊ နှာ-၄)၊ (အပ၊ ဋ္ဌ၊ ဒု၊ နှာ-၁၅၈)

(၁) လူနတ်ပြဟ္မာသတ္တဝါအားလုံးတို့တွင် ခန္ဓာကိုယ်အကြီးဆုံးကား ရာဟုအသူရိန်နတ်ကြီး ဖြစ်သည်။ အသူရိန်နတ်ကြီး၏ ခန္ဓာကိုယ်ပမာဏကား အမြင့်ယူဇနာ ၄၈၀၀၊ ဘက်မောင်းနှစ်ဖက်ကြား ယူဇနာ ၁၂၀၀၊ ၎င်းအထုယူဇနာ ၆၀၀၊ ဦးခေါင်းယူဇနာ ၉၀၀၊ နဖူးယူဇနာ ၃၀၀၊ မျက်ခုံးမောင်ကြားယူဇနာ ၅၀၊ ခံတွင်းယူဇနာ ၂၀၀ နှာခေါင်းယူဇနာ ၃၀၀၊ ခံတွင်းအနက်ယူဇနာ ၃၀၀၊ လက်ဖဝါးထု ယူဇနာ ၂၀၀၊ လက်ချောင်းများ ယူဇနာ ၅၀။

(၂) ကာမဂုဏ်ခံစားသည့်သူများတွင် မန္ဓာတုစကြာမင်းကား အကြီးဆုံးဖြစ်သည်။ မန္ဓာတုစကြာမင်းသည် လူ့ပြည်တွင် ကာမဂုဏ်ခံစားရသည်ကို အားမရ ထောင်းသိမ်နိုင်သည့်အတွက် စတုမဟာရာဇ်နတ်ပြည်တက်၍ ကာမဂုဏ်တို့ကို ခံစားပြီး။ စတုမဟာရာဇ် နတ်ပြည်ရှိ ကာမဂုဏ်တို့ကို အားမရသည့်အတွက် တာဝတိံသာ နတ်ပြည်သို့တက်၍ ခံစားရာ သိကြားမင်းက နတ်ပြည်တစ်ဝက် ခွဲပေးခဲ့သည်။

တာဝတိံသာနတ်ပြည်တွင် ကာမဂုဏ်တို့ကို ခံစားခဲ့ရာ သိကြားမင်း ၃၅ ယောက် သေဆုံး၍ ၃၆ ယောက်မြောက် သိကြားမင်းလက်ထက်တွင် ထိုသိကြားမင်းကို သတ်၍ တာဝတိံသာတစ်ပြည်လုံးကို သိမ်းရန်ကြံစည်ရာမှ လူ့ပြည်သို့ ပြန်လည်လျှောကျခဲ့ရသည်။ ထို့ကြောင့် ကာမဂုဏ်ခံစားရာတွင် ကြီးမားလွန်ကဲလွန်းသောကြောင့် ကာမဂုဏ်ခံစားသူတို့တွင် မန္ဓာတုစကြာမင်းအကြီးဆုံးဟု ဆိုရခြင်းဖြစ်သည်။

(၃) အာဏာကိုလိုချင်သူ၊ သို့မဟုတ် အုပ်စိုးနိုင်သူတို့တွင် မာရ်နတ်ကား အကြီးဟုဆို၏။ မာရ်နတ်သည် နတ်ပြည်ခြောက်ထပ်ရှိ နတ်မိုက်နတ်ဆိုး မှန်သမျှကို အုပ်စိုးနိုင်သူဟုဆို၏။

(၄) လောကတွင်ရှိသမျှ အမြတ်ဆုံးပုဂ္ဂိုလ်တို့တွင် ဘုရားရှင်ကား အမြတ်ဆုံး၊ အကြီးဆုံးပင်တည်း။ ဘုရားရှင်သည် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း၊ ဂဠုန်မင်း၊ နဂါးမင်း၊ အမြတ်ဆုံးသူတို့ထက် အမြတ်ဆုံးဖြစ်တော်မူ၏။ မြတ်စွာဘုရားရှင်ထက် ကြီးမြတ်လွန်ကဲသူဟူ၍ မရှိချေ။ ဤကား အကြီးဆုံးပုဂ္ဂိုလ်လေးဦးတို့၏ ကြီးမားလွန်ကဲပုံပင် ဖြစ်တော့သည်။

(အံ၊ ပါ၊ ၄၊ ၃၂၄) (အံ၊ ဋ္ဌ၊ နှာ-၂၆၁)


*ဘာသာရေး ဗဟုသုတ ကြွယ်ဝကြပါစေ ...*

**သကျသီဟ**



www.burmeseclassic.com

www.burmeseclassic.com



# အကျိုးထူးတဲ့ ဒါန

## မန္တသဂျော်ဝင်း

သူကို ကျွန်တော် ၊တ်တရက် ပြန်တွေ့လိုက်ရတော့ အတိုင်းမသိ ဝမ်းမြောက်သွားမိရ၏။ ယယ်ပေါင်းတွေဆိုသော်လည်း အသက်ကြီးလာသောအခါ အကြောင်းကြောင့် အနေဝေးလာကြ၏။ တစ်လောတုန်းက သူသည် "အကျိုးထူးပေးတဲ့ အမှုဝေနည်း"အကြောင်း ကျွန်တော့်ကို ပြောပြီး ပြည်ပသို့ ခရီးထွက်သွားခဲ့ရာ ယခုမှ ပြန်လည်ရောက်ရှိလာခြင်းဖြစ်၏။ စာရေးစရာ ကုန်ကြမ်းတွေ သူ့ဆီမှာ ရပေဦးတော့မည်ဟူသော အသိကြောင့် ပီတိမျက်လုံးများဖြင့် သူကို လှမ်းကြည့်လိုက်မိရာ သူက အလိုက်သိစွာဝင် –

"ဟိုတစ်ခေါက်တုန်းက မင်းနဲ့တွေ့တော့ ဘာကတိပေးထားခဲ့တယ်ဆိုတာ ငါသိရပါတယ်။ ကုသိုလ်ကောင်းမှုပြုတာနဲ့ပတ်သက်တဲ့ အမှီတန်အတွေ့အကြုံတွေအကြောင်း မင်းကိုပြောပြသွားမှာပါ။ မင်းက စာရေးဆရာဆိုတော့ ငါ့ထက် တစ်ပန်းသာတာပေါ့ကွာ။ ငါပြောပြတဲ့ ကုသိုလ်ပြုနည်းတွေအကြောင်း မင်းက စာနယ်ဇင်းတွေမှာ တပြန်ရေးတာကြောင့် အဲဒီနည်းကောင်းနည်းမှန်တွေ ပြန့်ပွားသွားရင် မင်းရောငါပါ ကုသိုလ်ရတာပေါ့ သူငယ်ချင်းရာ။

ငါ ရရှိခံစားခဲ့ရတဲ့ အကျိုးထူးတရားတွေဟာ ဒုနဲ့ဒေးရှိခဲ့တယ်။ ရှိနေဆဲလည်းဖြစ်တယ်။ အရင်နည်းနည်းနဲ့ ငါပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေဟာ စဉ်းဆက်မပြတ် ရှိနေလေတော့ အနာဂတ်မှာလည်း အကျိုးထူးတရားတွေ ဆက်ပြီးခံစားသွားရဦးမယ်ဆိုတာ ငါခိုင်ခိုင်မာမာ ယုံကြည်တယ်။ ငါလုပ်ခဲ့တဲ့၊ လုပ်နေတဲ့ ကုသိုလ်ကောင်းမှုဆိုတာတွေဟာ အရင်းမများလှပါဘူး။ အေး ၊ဒါပေမယ့် အမြတ်ကတော့များတယ်။ အဲဒီအမြတ်၊ ဒါမှမဟုတ် အကျိုးထူးတွေထဲက သာဓကအချို့ကို အရင်ပြောပြမယ်။ ပြီးတော့မှ အဲဒီအကျိုးထူးတွေ ဖြစ်ပေါ်လာစေခဲ့တဲ့ငါ့ရဲ့ ဒါနပြုပုံနည်းလမ်းတွေအကြောင်း ပြောပြသွားမယ်။

၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလမှာ ငါဟာ အနောက်နိုင်ငံကြီးတစ်ခုကို ပညာတော်သင်အဖြစ် ခြောက်လသွားရောက်နေထိုင်ခဲ့ရတာကို မင်းသိပါတယ်။ အဲဒီတုန်းက ဟိုနိုင်ငံမှာ

www.burmeseclassic.com

ငါရခဲ့တဲ့ လစဉ်ထောက်ပံ့ကြေးဟာ ဘာမှမများလှပါဘူး။ ဒါပေမယ့် ခြိုးခြံပြီး ငွေစုရင် မော်တော်ကားတစ်စင်း ဝယ်ယူ တင်သွင်းနိုင်တယ်။ အဲဒီမော်တော်ကားကို ပြန်ရောင်းရင်း အကျိုးအမြတ် အထိုက်အလျောက်ရပြီး နေထိုင်ဖို့ တိုက်ခန်းလေးဘာလေး ဝယ်နိုင်တယ်။ ဝန်ထမ်းတစ်ယောက်အတွက် အဲဒီအချိန်တုန်းက အဲဒီလို အခွင့်အရေးမျိုးဟာ ရတောင့်ရခဲမို့ ငါ့အနေနဲ့ လက်လွှတ်မခံနိုင်ဘူးလေ။ ဒါ့ကြောင့်ငါဟာ လစဉ်ရတဲ့ ထောက်ပံ့ကြေးငွေကို အတတ်နိုင်ဆုံး ချွေချွေတာတာသုံးစွဲပြီး ငွေစုတယ်။ စားစရိတ်နဲ့ မလွှဲသာတဲ့ အသုံးစရိတ်လောက်ကလွဲပြီး ကျန်တာတွေကို အကုန်စုရတာမို့ အနေအထိုင်ကျပ်တာပေါ့။

နေထိုင်ရတဲ့ ကျောင်းဆောင်ရဲ့ အများသုံးချက်ပြုတ်ခန်းမဆောင်မှာ ကိုယ့်ဟာကိုယ် နေ့စဉ်ချက်ပြုတ်စားသောက်ရတယ်။ တစ်ပတ်တစ်ခါ ဈေးဝယ်ထွက်ရတယ်။ ဈေးသက်သာတဲ့ဟာမျိုးတွေကိုပဲ ဝယ်ပြီး ချက်စားရတယ်။ အဲဒီလို ကိုယ့်ဟာကိုယ် ချက်ပြုတ်စားနေတဲ့ နေ့တစ်နေ့ရဲ့ နံနက်ခင်းမှာ ထူးခြားတဲ့ဖြစ်စဉ်တစ်ခုနဲ့ ကြုံရတယ်။ ငါ ထမင်းချက်တဲ့ မီးဖိုနံဘေးမှာ အထုပ်ကြီးတစ်ထုပ်ကို တွေ့ရတယ်။ ဘယ်သူထားသွားမှန်းလည်းမသိဘူး။ အထုပ်ကို သေသေချာချာကြည့်လိုက်တော့ ဆန်အိတ်ကလေးတစ်အိတ် ဖြစ်နေတာကို တွေ့ရတယ်။ ဒီဆန်ကို ကြိုက်ရင် သဘောရှိ ချက်စားပါ။ သင့်အတွက် စေတနာနဲ့ထားခဲ့ပေးတာလို့ အင်္ဂလိပ်လိုရေးပြီး ကပ်ထားတဲ့ စာကလေးတစ်စောင်ကို အဲဒီဆန်အိတ်ပေါ်မှာ တွေ့ရတယ်လေ။ ငါ့အတွက် ဆန်ဝယ်စရာမလိုတော့ဘဲ တစ်လစာ ဆန်ဖူလုံသွားခဲ့ရတာပေါ့ကွာ။ အဲ ... နောက်တစ်ပတ်လောက်ကြာတော့ ထောပတ်ဘူးကြီးတွေကို အဲဒီလိုနည်းမျိုးနဲ့ပဲ ရခဲ့ပြန်တယ်။ နောက်လတွေမှာလည်း စားစရာတစ်မျိုး မဟုတ်တစ်မျိုးရခဲ့တာဟာ ပညာတော်သင်ကာလ ကုန်ဆုံးပြီး ပြန်လာတဲ့အချိန်အထိပါပဲ။ အဲဒီလိုနည်းနဲ့ငါရခဲ့တဲ့ စားသောက်စရာတွေကို ငါချက်ပြုတ်တဲ့ မီးဖိုနားမှာ နေ့စဉ် ဘယ်သူလာထားပေးခဲ့တယ်ဆိုတာ အခုအထိ ငါ့အတွက် ပဟေဠိဖြစ်နေရတယ် သူငယ်ချင်းရယ်။

ပညာတော်သင်ဘဝနဲ့ အဲဒီကျောင်းဆောင်မှာ နေတုန်းက အစားအသောက်တွေကို ထူးထူးဆန်းဆန်းနည်းနဲ့ရခဲ့သလို အဝတ်အစားတွေကိုလည်း ရခဲ့သေးတယ်။ ငါနေခဲ့ရတဲ့ ကျောင်းဆောင်က ၁၂ ထပ်ရှိတဲ့ ကျောင်းဆောင်ဖြစ်ပြီး အထပ်အလိုက် သတ်မှတ်ပေးထားတဲ့ အများသုံး အဝတ်လျှော်ခန်းနဲ့ မီးပူတိုက်တဲ့အခန်းတွေရှိတယ်။ အဲ ... တစ်နေ့ခင်းမှာ ငါ့အဝတ်အစားတွေ မီးပူထိုးဖို့ အဲဒီအခန်းကို သွားတဲ့အခါ မီးပူထိုးတဲ့စားပွဲပေါ်မှာ ရောမ အထုပ်ကြီးတစ်ထုပ်ကို တွေ့ရတယ်။ အနီးကပ်လေ့လာကြည့်တော့ "ဒီအထုပ်ကြီးထဲက သင်ကြိုက်တဲ့ အဝတ်အစားတွေရှိရင် ယူသွားပါ။ အားလုံးကို လိုချင်ရင်လည်း ယူသွားပါ"လို့ အင်္ဂလိပ်လိုရေးပြီး ကပ်ထားတဲ့ စာတစ်စောင်ကို အထုပ်ပေါ်မှာ တွေ့ရတယ်။ ငါလည်း ဝမ်းသာအားရနဲ့ အထုပ်ထဲက အဝတ်တွေကိုထုတ်ပြီး တစ်ထည်ချင်း စစ်ဆေးကြည့်တော့ စပို့ရှပ်တွေ၊ ရိုးရိုးရှပ်အကျီတွေအပါအဝင် အဝတ်အထည် နှစ်ဆယ်လောက်ကို တွေ့ရတယ်။ အားလုံးအသစ်ကျပ်ချွတ်တွေလား အောက်မေ့ရတယ်။ ထူးခြားတာက အဲဒီအဝတ်အထည်တွေအားလုံး ငါ့ခန္ဓာကိုယ်နဲ့တိုင်းပြီး ချုပ်ထားသလား အောက်မေ့ရလောက်အောင် ကွက်တိဖြစ်နေတာကို တွေ့ရတယ်။ ရှားရှားပါးပါး အီလက်စတစ်ဘောင်းဘီရှည်တစ်ထည် ပါလာပြီး ငါနဲ့အကိုက်ဖြစ်နေတယ်။ ခြုံပြီးပြောရရင်တော့ ငါ အဲဒီနိုင်ငံမှာနေတဲ့ တစ်လျှောက်လုံး နောက်ထပ် အဝတ်အစားအသစ် ဝယ်စရာမလိုတော့အောင် ဖူလုံသွားတယ်ဆိုပါတော့ကွာ။ အဲ ... ငါ့အတွက် ဒီကနေ့အထိ အဖြေမဖော်နိုင်သေးတဲ့ ပဟေဠိကတော့ ဒီအဝတ်အစားတွေကို ဘယ်သူက မီးပူတိုက်တဲ့စားပွဲပေါ်မှာ ထားခဲ့တာလဲဆိုတာ ပါပဲ။

ပြည်ပနိုင်ငံတွေမှာ အဝတ်အစား၊ အစားအသောက်တွေနဲ့ပတ်သက်ပြီး ငါ့အနေနဲ့ ကြုံခဲ့ရတဲ့ ထူးထူးဆန်းဆန်းဖြစ်ရပ်တွေဟာ အများကြီးပဲ သူငယ်ချင်း။ ငါပြည်တွင်းမှာ ကြုံခဲ့ရတဲ့ ဖြစ်ရပ်တွေထဲက တစ်ချို့ကို ဆက်ပြီးပြောပြဦးမယ်။ ၁၉၇၃ ခုနှစ်၊ မတ်လတုန်းက ချင်းတွင်းမြစ်ထဲမှာ မော်တော်နဲ့ ခရီးသွားတဲ့အခါ မော်တော်သောင်တင်တာကြောင့် လမ်းခရီးမှာ ထမင်းငတ်မဲ့အခြေအနေမျိုးနဲ့ ကြုံတွေ့ခဲ့ဖူးတယ်။

ဒါပေမယ့် ငါ့ရဲ့အသိအကျွမ်းမဟုတ်တဲ့ မြေတိုင်းဌာနက ဝန်ထမ်းတချို့က သူတို့မှာပါတဲ့ ရိက္ခာတွေကို မျှဝေကျွေးခဲ့တာကြောင့် အဆင်ပြေခဲ့ရတယ်။ အဲ ... တောင်ပေါ် နာဂကျေးရွာတွေကို ရောက်သွားပြန်တော့

www.burmeseclassic.com

ငါ့ရှာည်းခိုပြီး သုတေသနပြုတဲ့ရွာမှာ အဲဒီနှစ်က တောင်ယာစပါးတွေကို ကြွက်ဖျက်တာကြောင့် ဒေသခံတိုင်းရင်းသားတွေဟာ ပိန်းဥ၊ မျောက်ဥစားနေရတယ်။ ငါလည်း ငါ့မှာပါလာတဲ့ ဆန်ကုန်သွားတော့ သူတို့လိုပဲ ပိန်းဥ၊ မျောက်ဥစားဖို့ စီစဉ်နေတုန်း ရွာသူကြီးကသိသွားပြီး သူတို့အရေးပေါ်စားဖို့ သိမ်းထားတဲ့ ဆန်အနည်းအကျဉ်းကို ထုတ်ကျွေးတာကြောင့် ငါဟာ တစ်ရက်မှ ထမင်းမငတ်ခဲ့ရဘူး။

သူသည် မောသွား၍လားမသိ။ ရေနွေးကြမ်းတစ်ခွက်ကိုသောက်ရင်း အမောဖြေနေ၏။

အကျိုးထူးတရားတွေအကြောင်း ပြောပြပြီးတော့ ငါပြုခဲ့တဲ့ ဒါနအကြောင်းလေးတွေကို ဆက်ပြီးပြောပြမယ်။ အရေးအကြီးဆုံးအနေနဲ့ကတော့ ဘာပဲလုပ်လုပ် စိတ်ထားတတ်ဖို့ပါပဲ။ အောင်ဘာလေထီထိုးတာမျိုးက အစပေါ့ကွာ။

ငါဟာ ပေါက်ရင်ယူမယ်။ မပေါက်ရင်လှူမယ်ဆိုပြီး ထိုးတယ်။ ပေါက်ချင်လို့ထိုးတာအမှန်ပေမယ့် ထိုးတိုင်းလည်း မပေါက်ဘူးလေ။ ငါဆိုရင် အခုအထိ ထီတစ်ကြိမ်မှ မပေါက်ဖူးသေးဘူး။

ဒါပေမယ့် ထီထိုးတိုင်း ငါ့စိတ်ထဲမှာ ခံယူထားတာက ထီထိုးဖို့အတွက် ငါကုန်သွားရတဲ့ငွေဟာ အချိးအနှီး အလဟဿဖြစ်မသွားဘူး။ ကံကောင်းလို့ပေါက်ခဲ့ရင် ငွေတွေရပြီး အကျိုးရှိရှိ သုံးနိုင်မယ်။ လှူနိုင်မယ်။ အဲ မပေါက်ရင်လည်း ငါထီထိုးလိုက်တဲ့ငွေဟာ ကိုယ့်တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာဖြစ်သွားမယ်။

အဲဒီအခွန်တော်ငွေတွေနဲ့ စာသင်ကျောင်းတွေ၊ ဆေးရုံတွေဆောက်ရင် ငါဟာလည်း အလှူရှင်တစ်ယောက်အနေနဲ့ ပါဝင်နေတာမို့ ကုသိုလ်ရမယ်ဆိုပြီး နှလုံးသွင်းထားတယ်။ ဒါကြောင့် အခုထိ ငါဟာ အောင်ဘာလေထီ မပေါက်သေးပေမယ့် ထီထိုးလိုက်လို့ ငါ့အတွက် အရှုံးပေါ်တယ်ဆိုတာ မရှိဘူး။ အမြဲကုသိုလ်ရနေတာပဲဆိုပြီး နှလုံးသွင်းထားတယ်။

ငါဟာ ဈေးဝယ်တဲ့အခါမှာလည်း ရော့ ပတ္တမြား၊ ရော့ နဂါးဆိုတဲ့ စိတ်မျိုးကို မမွေးဘဲ ဈေးသည်ဟာ ငါ့ဆီကရသွားတဲ့ငွေနဲ့ သူ့ဝမ်းရေး၊ မိသားစုဝမ်းရေးအပါအဝင် လိုတာတွေကိုဖြည့်ဆည်းနိုင်တယ်။ သူ့ဆီက ငါလိုအပ်တဲ့ ပစ္စည်းကိုရလို့ ငါ့အတွက် အကျိုးရှိသွားတာကြောင့် သူလည်း ကုသိုလ်ရမယ်။ ငါ့ဆီကရတဲ့ငွေကြောင့် သူလိုအပ်ချက် ပြည့်ဝသွားတဲ့အတွက် ငါလည်း ကုသိုလ်ရတယ်။ ဈေးရောင်း ဈေးဝယ်ပြုကြတဲ့အခါ စိတ်ထားတတ်ရင် အပြန်အလှန် ကုသိုလ်ရကြတာပဲ သူငယ်ချင်း။

အဲဒီလိုခံယူချက်တဲ့ ဈေးဝယ်လေ့ရှိနေတော့ ငါဟာ ဈေးဝယ်တိုင်း ကုသိုလ်ရနေတာပေါ့။ ဈေးဝယ်တဲ့အခါတိုင်း ငါဟာ ဈေးသည်စိတ်ဆင်းရဲသွားလောက်အောင် ဘယ်တော့မှ မတန်တဆ ဈေးမဆစ်ဘူး။ ငွေပေးချေရင်လည်း ကိုယ့်လက်ထဲမှာရှိတဲ့ ငွေစက္ကူတွေထဲက အဟောင်းဟော့၊ စုတ်ပေ့ဆိုတာမျိုးကိုမှ ရွေးပြီးပေးချေတာမျိုး ဘယ်တော့မှ မလုပ်ဘူး။ ကိုယ်တောင် ဒီလိုငွေစက္ကူအဟောင်း အနွမ်း အစုတ်အပြတ်တွေကို မလိုချင်သေးရင် သူများလည်း ဘယ်လိုချင်ပါ့မလဲ သူငယ်ချင်း။

ဈေးဝယ်တဲ့နေရာမှာသာ မဟုတ်ပါဘူး။ ကိုယ်မလုပ်တတ်၊ မလုပ်နိုင်လို့ သူများကို အလုပ်အပ်၊ အလုပ်ခိုင်းရတဲ့ အခါမျိုးမှာလည်း လုပ်ခ၊ လက်ခ တန်ရာတန်ကြေးကို အမြဲပေးတယ်။

အဲဒီလိုပေးလိုက်ရတဲ့အတွက် ငါဟာ မနှမြောရုံသာမက အလှူဒါနတစ်ခု ပြုလုပ်လိုက်ရတယ်ဆိုပြီး ပီတိသောမနဿဖြစ်ရတယ်။ ငါ့ရဲ့လိုအပ်ချက်ကို သူ့ရဲ့အတတ်ပညာ၊ လုပ်အားနဲ့ ဖြည့်ဆည်းပေးတယ်။ ဒါကြောင့် သူကုသိုလ်ရတယ်။ ငါပေးလိုက်တဲ့လုပ်ခ၊ လက်ခတွေဟာ သူ့အတွက်ရော၊ သူ့မိသားစုအတွက်ပါ ဖြည့်ဆည်းပေးရာ ရောက်တာကြောင့် ငါလည်း ကုသိုလ်ရတယ်။

ဒါကြောင့် ငါဟာ ကိုယ်မလုပ်တတ်၊ မလုပ်နိုင်တဲ့ အလုပ်တစ်ခုခုကို သူများကို လုပ်ခိုင်းပြီး လုပ်ခလခပေးတဲ့ အခါတိုင်း ကုသိုလ်ရနေတာပေါ့ကွာ။ ဒီလိုဒါနမျိုးတွေအပြင် ကြုံကြိုက်တဲ့အခါမျိုးမှာ ရေချမ်းစင်မှာ ရေဖြည့်တယ်။

ဘတ်စ်ကားစီးလာရင်း လမ်းမှာ မော်တော်ကားပျက်ရင် ဆင်းပြီးတွန်းပေးတယ်။ အဲဒီလိုလုပ်နေတဲ့အခါမျိုးမှာ ငါဟာ ငါ့ရဲ့ ကာယအင်အားကို အများအတွက် ပေးလှူနေတယ်လို့ စိတ်ထဲမှာ ခံယူထားပြီး ပီတိတရားပွားများတယ်။ ကိုင်း ... ဒီလိုဒါနမျိုးတွေ ပြုနိုင်ဖို့အတွက် ငွေကြေးအရင်းအနှီးများများလိုတယ်လို့ မင်းဆိုချင်သေးသလား သူငယ်ချင်း ...။

**မနုဿကျေးဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# မှန်ကန်စွာ ကုသိုလ်ယူတတ်ပါစေ

မောင်မိုးဦး

"ကုသိုလ်လုပ်ရတာ မပျင်းကြနဲ့။ ကုသိုလ်ဆိုတာ ...လည်းလုပ်၊ ပျော်လည်းလုပ်၊ ကုသိုလ်ရဲ့အရိပ်မှာ ...သွားသွားပါတာပဲ။ အကုသိုလ်လည်း မပြုကြနဲ့။ ...ကုသိုလ် ပြုပြီးပြီဆိုတာနဲ့ ဖုံးလို့ပြုပြု၊ ဖော်လို့ပြုပြု ပေါ် ...တာပဲ"

*(ဝေဘူဆရာတော်ဘုရားကြီး)*

* * *

ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သော ကျွန်တော်တို့ ...လူမျိုးများသည် နေ့စဉ် ဘုရားရှိခိုးကြ၏။ တချို့က ...မှာ တချို့က ကျောင်းမှာ၊ တချို့က ဘုန်းတော်ကြီး ကျောင်းမှာ၊ တချို့က ဘုရားပေါ်မှာ၊ တချို့က ခရီးသွားရင်း ဘုရားစေတီ၊ ပုထိုးတွေ့သည်နှင့် လက်အုပ်ချီပြီး ရှိခိုးကြသည်။ သို့သော် မည်သည့်ယုံကြည်ချက်၊ မည်သည့် ခံစားမှုနှင့် ရှိခိုးကြသည်ဆိုတော့ မသိနိုင်သလို တစ်ယောက် နှင့် တစ်ယောက်လည်း မတူညီကြပေ။

ဘုရားရှင်ကို ရှိခိုးသည့်နေရာမှာ "ဘယာ၊ လာဘာ၊ ကုလာစာရ ကင်းရှင်းရမည့်" ဟု ကျမ်းဂန်များတွင် ဖတ်ဖူးသည်။

ကြောက်ရွံ့၍ရှိခိုးခြင်းသည် ဘယာ။
လာဘ်လာဘလိုချင်၍ ရှိခိုးခြင်းသည် လာဘာ၊
မိရိုးဖလာဖြစ်သဖြင့် ရှိခိုးခြင်းသည် ကုလာစာရ

www.burmeseclassic.com

စသည်တို့ဖြစ်၏။

အထက်ပါရှိုးခြင်းများသည် အဆင့်နိမ့်သော ရှိုးခြင်းများ ဖြစ်သည်။ ထို့ကြောင့် နှစ်နှစ်ကာကာ ယုံကြည်သောစိတ်၊ အကျိုးမမျှော် သန့်ရှင်းသောစိတ်နှင့် ကန်တော့ခြင်းသည် သူတော်ကောင်းတို့၏ ဓလေ့ဖြစ်သည်။

* * *

ကျွန်တော်တို့ မြန်မာစကားပုံတွင် "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဟူသော စကားရှိသည်။ ဆိုလိုသည်မှာ ဝန်းကျင်အသိုင်းအဝိုင်းကြောင့် အကောင်းနှင့်အဆိုး၊ ကုသိုလ်နှင့် အကုသိုလ်၊ လမ်းဖြောင့်နှင့် လမ်းကောက်၊ အဖြူနှင့်အမည်း စသည်ဖြင့် ကွဲပြားခြားနားကြသည်။ ကျွန်တော်တို့အားလုံး ကြားဖူးသော "ကျေးညီနောင်ပုံပြင်" လေးမှာ အထင်အရှားဖြစ်သည်။

ကျွန်တော်သည် လူမှန်းသိတတ်စကတည်းက အဘိုး၊ အဘွားနှင့် နေခဲ့ရသူဖြစ်၏။ မြေဦးဖြစ်သောကြောင့် အချစ်ပိုပြီး အဘိုးနှင့် အဘွားက ခေါ်ထားခြင်းဖြစ်သည်။ ထိုစဉ်က ကျွန်တော့်အဘိုးသည် ဝန်ထမ်းတစ်ယောက်ဖြစ်ပြီး ဘာသာတရားကိုင်းရှိုင်းသူဖြစ်သလို အဘွားကလည်း အဘိုးနည်းတူ ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်ကြံသူ ဖြစ်၏။ ထို့ကြောင့် အဘိုးအဘွားတို့၏ ဘာသာတရား အလေးထားမှုအောက်တွင် လူလားမြောက်ခဲ့ရသည်။ ထို့အတူ ဗုဒ္ဓ၏ အနှစ်ချုပ်ဖြစ်သော "မကောင်းတာမလုပ်နှင့်၊ ကောင်းတာလုပ်၊ စိတ်ကိုဖြူစင်အောင်ထား" ဆိုသော သွန်သင်မှုများနှင့် စနစ်တကျလူ ဖြစ်ခွင့်ရခဲ့၏။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များပီပီ ဘုရားရှင်ကို ရိုသေကိုင်းရှိုင်းကြသည်။ ထို့ကြောင့် ထေရဝါဒထွန်းကားသော မြန်မာနိုင်ငံမှာ နေခွင့်ရခြင်းသည် ကံကောင်းခြင်းတစ်ခုပင် ဖြစ်သည်။ ထို့ပြင် လူတိုင်းလူတိုင်း တရားမျှတပြီး ငါးပါးသီလကို လုံခြုံကြမည်ဆိုလျှင် ကမ္ဘာကြီး ငြိမ်းချမ်းပြီး သာယာလှပနေမည်ဖြစ်၏။

ကျွန်တော်က သန်းခေါင်စာရင်းစာစ်ခုံ၏ အိမ်ထောင်ဦးစီး ဖြစ်သည်။ မိုးလင်းအိမ်ကထွက်၊ ကားပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကိုခံပြီး ညနေမိုးချုပ်မှ အိမ်ပြန်ရောက်သူဖြစ်သဖြင့် တရားမထိုင်ဖြစ်သလို တရားစခန်းလည်း မဝင်ဖူးပေ။ ထို့အတူ စီးပွားရေးအခြေအနေအရ အလှူအတန်း ကြီးကြီးမားမားလည်း မပြုဖူးပေ။ သို့သော် အနန္တော အနန္တငါးပါးကို ဦးခိုက်ပူဇော်ပြီး အားလုံးကို အကောင်းမြင်ကာ သတ္တဝါအားလုံးကို နေ့စဉ်မေတ္တာပို့ခြင်းဖြင့် ကျွန်တော့်စိတ်ကို ဖြူဖြူစင်စင်လေးထားခဲ့၏။ ထို့အတူ ညအိပ်ရာဝင်တိုင်း ဂုဏ်တော်ပုတီးစိပ်ခြင်းဖြင့်လည်း အသားကျခဲ့၏။

ပထမတန်းတက်နေသော သားလေးအတွက် သူနှင့်လိုက်ဖက်သော ကိုးလုံးပုတီးလေးကို ဝယ်ပေးပြီး အရဟံ ဟု ရွတ်ဆိုစေကာ ပုတီးစိပ်ခိုင်းခဲ့၏။ ထို့ပြင် သားကို မကြာခဏ ဘုရားသို့လိုက်ပို့ပေးခြင်းကြောင့်လည်း ကျွန်တော် အလုပ်ပိတ်ရက်များတွင် သား၏ "ဖေကြီး ဘုရားသွားမယ်" ဆိုသော သူ့စကားက ကျွန်တော့်အတွက် ပီတိဖြစ်စေခဲ့၏။ ထို့ကြောင့် မိသားစုသုံးယောက် မကြာခဏ ဘုရားသွားဖြစ်ခဲ့သလို တတ်နိုင်သလောက်လည်း အလှူဒါန ပြုဖြစ်ခဲ့၏။ ထို့ပြင် သား၏မွေးနေ့တိုင်းကို ဘုရားသွားကာ အလှူဒါနပြုလုပ်ပေးခြင်းဖြင့်လည်း စနစ်တကျဖြစ်လာခဲ့သည်။

ကျွန်တော်ငယ်စဉ်က အဘိုးပြောခဲ့သော စကားတစ်ခွန်းရှိသည်။

"ငါ့မြေး ... အနန္တော အနန္တငါးပါးကို ဘယ်တော့မှ မမေ့နဲ့။ ဘုရားစေတီကိုမြင်ရင် ဦးခိုက်၊ ကြေးစည်သံကြားရင် သာဓုခေါ်လိုက်၊ သတ္တဝါအားလုံးကို မေတ္တာပို့ စိတ်ကို ဖြူစင်အောင်ထား"

ထို့ကြောင့် အဘိုး၏ ဆုံးမစကားအတိုင်း ဘဝကို တည်ဆောက်ခဲ့သည်။ ယခုအခါ အဘိုးနှင့်အဘွား ကွယ်လွန်သွားခဲ့ပြီဖြစ်သော်လည်း အဘိုးအဘွားတို့၏ ဆုံးမစကားများကို သတိတရနှင့် လိုက်နာနေဆဲ ဖြစ်သည်။ (ပစ္စည်း ဥစ္စာ မချမ်းသာသော်လည်း ရောင့်ရဲနိုင်ခြင်းဖြင့် အေးချမ်းခဲ့သည်။)

* * *

"သင် ယနေ့ ဘာရပြီလဲ။ ပညာလား၊ ဥစ္စာလား၊ ကုသိုလ်လား။ တစ်ခုခုရသင့်သည်။ တစ်ခုမျှ မရသည့်တိုင် အကုသိုလ်တော့ မဖြစ်သင့်ပေ" ဆိုသော ဆုံးမစကားကို ကျွန်တော်က စာစီပြီး ကျွန်တော့်အိမ်မှာ ကပ်ထားသည်။ နေ့တစ်နေ့တွင် ဥစ္စာနှင့်ပညာကရဖို့ မလွယ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်ရရှိကြ သိပ်မခက်ပေ။ အရာရာကို အကောင်းမြင်ပြီး မိမိစိတ်ကို ကြည်ကြည်လင်လင် ထားလျှင် ရနိုင်စေမည်။ ဥပမာ - သက်ကြီးရွယ်အိုတစ်ယောက်ယောက်ကို မိမိ ထတ်နိုင်သလောက် လှူဒါန်းခြင်း။ အဘိုး ၊ဘွား တစ်ယောက်ယောက်ကို ကားပေါ်တွင် မိမိနေရာ ဘး ထပေးလိုက်ခြင်း။ သီလရှင်တစ်ပါးပါးကို တတ်နိုင်သလောက် လှူဒါန်းလိုက်ခြင်း စသည်တို့ ဖြစ်သည်။

တချို့ကိစ္စများတွင် အသေးအမွှားဆိုသည်များက ပြဿနာမဟုတ်သော်လည်း ဘာသာရေးကိစ္စတွင် အသေးအမွှားဟုဆိုပြီး ဥပေက္ခာပြုလို့မရပေ။ ဥပမာ တချို့လူများသည် မအားလပ်ကြသဖြင့် ဘုရားသို့အချိန်ပေးပြီး မသွားနိုင်ကြပေ။ ခရီးသွားဟန်လွဲအနေနှင့် သွားရင်းလာရင်း ကားပေါ်မှပင် လက်အုပ်ချီရှိခိုးကြသည်။ ကားပေါ်တွင် ဖြစ်စေ၊ လမ်းပေါ်တွင်ဖြစ်စေ အများစုက ဖိနပ်စီးလျက် လက်အုပ်ချီကြသည်။ ဖြစ်သင့်သည်မှာ မည်သည့်နေရာမှာပဲဖြစ်ဖြစ် ဘုရားရှိခိုးတော့မည်၊ ဘုန်းကြီးရဟန်းကို တစ်ခုခု လောင်းလှူတော့မည်ဆိုလျှင် ဖိနပ်ချွတ်ပြီးမှသာ ရှိခိုးလောင်းလှူရပေမည်။

လမ်းလျှောက်သွားရင်း ရှိခိုးတော့မည်ဆိုလျှင်လည်း ရှေးဦးစွာ ဖိနပ်ချွတ်ရမည်။ ကိုယ်ကို မတ်မတ်ထားရမည်။ ခြေအစုံကို ညီညီရပ်ထားရမည်။ ထို့နောက် လက်အုပ်ချီရန် ပူးထားသော လက်မနှစ်ခုကို မျက်ခုံးနှစ်ခု၏ အလယ်ဗဟိုတွင်ထားကာ ချီထားသည်။ လက်အုပ်သည် ဦးခေါင်းထက် ကျော်နေသော အနေအထားအတိုင်း ရှိခိုးရမည်။ တချို့ ဘောင်းဘီဝတ်သူက ဖိနပ်ချွတ်သော်လည်း ခြေအိတ်မချွတ်ပေ။ တချို့က ချီထားသည့်လက်အုပ်ကို ရင်ဘတ်ရှေ့မှာ ထားသည်။ ယခုအခါ ဘုရားစေတီများသို့ မတင့်တယ်သော အဝတ်အစားများ ဝတ်ဆင်လာကြသောကြောင့် သက်ဆိုင်ရာမှ သတိပေးတားမြစ်ရသည်အထိ ဖြစ်လာခဲ့၏။

တချို့က အိမ်သို့ဆွမ်းခံကြသော ရဟန်းကို ဆွမ်းလောင်းသော်လည်း မရှိခိုးကြပေ။ တချို့က အိမ်မှာအလှူလုပ်၊ ဘုန်းကြီးရဟန်း ဆွမ်းကပ်သော်လည်း တရားနာမည်ဆိုသောအခါ ဘုန်းကြီးရှေ့ရောက်မလာတော့ပေ။ ထိုသို့မဖြစ်သင့်ပေ။ ဘုန်းကြီးရဟန်းကို ရှိခိုးမည်ဆိုလျှင်လည်း တာဝန်ကျေရုံ ရှိခိုးလို့မဖြစ်။ လေးလေးစားစားနှင့် စနစ်တကျ ပူဇော်ရှိခိုးမှသာ ဘာသာ သာသနာကို ကြည်ညိုပြီး ဘုရားတရားနှင့် ရဟန်းသံဃာများကို လေးစားရာရောက်လေသည်။ ထိုအကြောင်းကို ကျွန်တော့်အဘိုး မကွယ်လွန်ခင်က အောက်ပါအတိုင်း သင်ပေးခဲ့လေသည်။

"နှစ်ဖက် လက်ဒူး
တစ် နဖူး
ငါးဦးမြေသို့ထိ" ဆိုသော စာချိုးလေး ဖြစ်သည်။

အဓိပ္ပာယ်မှာ ဘုရားစေတီ၊ ပုထိုးများနှင့် ရဟန်းသံဃာ၊ မိဘဆရာများကို ရှိခိုးပူဇော်လျှင် လက်နှစ်ဖက်၊ ဒူးနှစ်ဖက်နှင့်အတူ နဖူးအပါအဝင် ထိခြင်းငါးမျိုးနှင့် တညီတညွတ်တည်း ထိမှသာ ရှိခိုးပူဇော်ခြင်း မှန်ကန်ပေမည်။ ထို့ပြင် ထိခြင်းငါးပါး ရှိခိုးနည်းလေးကိုလည်း အိမ်မှာ ဆွမ်းခံကြသော ဆရာတော်က မိန့်ဆိုသဖြင့် ကျွန်တော့် ဒိုင်ယာရီမှာ ရေးမှတ်ထားခဲ့ဘူး၏။

– လက်အုပ်ကိုပင် ကြာငုံအသွင်
  အရင်ချီပါလေ။
– လက်အုပ်ကိုပင် နဖူးတင်
  ဦးတင်မြှောက်ပင့်စေ။
– မျက်ခုံးလက်မ ညှိုးဆံစ
  ထိရှုလက်အုပ်ပေ။
– ခြေလက်နဖူး တံတောင်ဒူး
  ငါးဦးတည်ရပေ။
– လက်ထောက်ဒူးချ၊ တံတောင်ချ
  နဖူးကျစေ ဦးချစေ။
– မပြုချင်ပြု ပြုချင်ပြု
  ကောင်းမှုကုသိုလ်တွေ
– ဖြစ်လေရာရာ သံသရာ
  ချမ်းသာရဖို့ပေ။

* * *

ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်သော မြန်မာလူမျိုးတိုင်း စနစ်တကျ ကုသိုလ်ယူတတ်စေရန် ဖတ်ထား၊မှတ်ထားသမျှ တင်ပြလိုက်ပါသည်။

မောင်မိုးဦး



www.burmeseclassic.com

www.burmeseclassic.com



# ဘုရား ... ဘုရား ... ဘုရားတွေကယ်ပါဦး

ကဖြူမွှင့်

ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ ပါရမီတော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားနှင့်တကွ၊ ဇမ္ဗူဒီပါ လေးကျွန်းလေးမျက်နှာမှာ ရှိကြကုန်သော ဘုရားရှင် ကိုယ်တော်မြတ်အားလုံး တစ်ဆူမျှမကြွင်း တစ်ဆင်းတုမျှမကျန်အားလည်းကောင်း၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်အားလုံးကိုလည်းကောင်း၊ မဟာမြတ်မုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ ဇလွန်ပြည်တော်ပြန်မုနိ၊ ပိတုန်းပုဒိုင်းမုနိ၊ ဆေးဘုရားမုနိ၊ ရာဇမုနိမြတ်စွာဘု... တို့အားလည်းကောင်း ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး... တော့ပါ၏ ရှင်တော်မြတ်ဘုရားတို့ဘုရား။ တပည့်တော်... မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ၊ ဆွမ်း၊ ပန်း၊ ဆီမီး... အခ်မွှေးတိုင်တို့နှင့် ကပ်လှူပူဇော်ပါ၏ အရှင်မြတ်တို့ဘုရား... အလှူခံတော်မူကြပါ၊ ဘုဉ်းပေးသုံးဆောင်ကြပါဘုရား...

ဩကာသကန်တော့ချီးနှင့် ရှိခိုးပူဇော်ပြီး ငါး... လခံယူပါသည်။ ပြီးနောက်အောက်ပါ ကံချေဆု... နှင့် ဇမ္ဗူဒီပါ လေးကျွန်းလေးမျက်နှာ ရှိကြကုန်သော မြ...

www.burmeseclassic.com

စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအားလုံး တစ်ဆူမျှမကြွင်း တစ်ဆင်းတုမျှမကျန်အားလည်းကောင်း၊ ကကုသံ၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ၊ ပွင့်တော်မူမည့် အရိမေတ္တယျ ဘုရားရှင်တို့နှင့် မဟာမြတ်မုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ ဇလွန်ပြည်တော်ပြန်မုနိ၊ ပိတုန်း ပုဒိုင်းမုနိ၊ ဆေးဘုရားမုနိ၊ ရာဇမုနိမြတ်စွာဘုရားတို့အားလည်းကောင်း တိုင်တည်သစ္စာပြုပါ၏ ဘုရားရှင်ကိုယ်တော်မြတ်တို့ဘုရား။

ဘုရားတပည့်တော်သည် ဘဝါဘဝ လွန်လေပြီးသော အတိတ်ကာလ ဘဝပေါင်းများစွာတို့မှစ၍ ယခုပစ္စုပ္ပန်ကာလ မျက်မှောက်ဘဝအထိ ဘုရားတပည့်တော် ကိုယ်နှုတ်က လိုလိုလားလား ဆိုထားခဲ့ဖူးသော ကျိန်စာမှန်သမျှတို့သည်လည်းကောင်း၊ တစ်ပါးသူတို့က တပည့်တော်အား တိုက်ရိုက်၍ကျိန်ဆိုထားသော ကျိန်စာမှန်သမျှတို့သည်လည်းကောင်း၊ ထိုကျိန်စာမှန်သမျှတို့သည် ယနေ့အချိန်ကာလမှစ၍ ဘုရားတပည့်တော်၏ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့မှ ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ လျှောကျစင်ကြယ်ရပါလို၏ အရှင်မြတ်တို့ဘုရား။

ဘုရားတပည့်တော်သည် ဘဝါဘဝ လွန်လေပြီးသော အတိတ်ကာလ ဘဝပေါင်းများစွာတို့မှစ၍ ယခုပစ္စုပ္ပန်ကာလ မျက်မှောက်ဘဝအထိ ဘုရားတပည့်တော် အမှတ်တမဲ့ ပြောဆိုမိမှားခဲ့သော အပြစ်ဒေါသနှင့်ယှဉ်သော မကောင်းသောစကား၊ အနိဋ္ဌာရုံအမှားများ သင့်ခြင်းအားလုံးတို့သည် ယနေ့အချိန်ကာလ သမယမှစ၍ ဘုရားတပည့်တော်၏ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့မှ ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ လျှောကျစင်ကြယ်ရပါလို၏ အရှင်မြတ်တို့ဘုရား။

ရှင်တော်မြတ်ဘုရားတို့ဘုရား ... တပည့်တော်သည် လွန်လေပြီးသော အတိတ်ကာလ ဘဝပေါင်းများစွာတို့မှစ၍ ယခုပစ္စုပ္ပန်ကာလ မျက်မှောက်ဘဝအထိ ဘုရားတပည့်တော် မသိမိုက်မဲ၍ ရဟန်းမြတ်သံဃာ၊ မိဘဆရာသမား အနန္တောအနန္တငါးပါးတို့အားလည်းကောင်း၊ ခင်ပွန်းကြီးဆယ်ပါးနှင့် ဘဝထိုထိုက တော်စပ်ခဲ့ဖူးသော မိဟောင်းဖဟောင်း၊ ဆွေဟောင်းမျိုးဟောင်း၊ ဆရာသမားအပေါင်းနှင့် ကျေးဇူးရှင်အပေါင်းတို့အား သံသရာအစမှ မျက်မှောက်ဘဝကာလတိုင်အောင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် မိုက်မှားစော်ကားမိခဲ့သော အပြစ်ကြီးအပြစ်ငယ်များရှိလျှင် ဘုရားတပည့်တော်အား သည်းခံခွင့်လွှတ်ပေးတော်မူပါဘုရား။

ဘုရားတပည့်တော်သည် ယခုအချိန်မှစ၍ ၁၁ ရက်တိတိ ဘေးရန်ကာဆီး ကြံတိုင်းပြီးသည့် ပရိတ်ကြီး ၁၁ သုတ်ကို ဘုရားဂုဏ်တော်ကိုးပါး အမှူးထား၍ ကိုးခေါက်ရွတ်ဆိုပြီး ပရိတ်ကြီး ၁၁ သုတ်ကို ၁၁ ခေါက် ရွတ်ဖတ်ပူဇော်ပါမယ်ဘုရား။ ရွှေနားပန်ဆင်တော်မူပါ၊ အသိအမှတ်ပြုပါ၊ မစချီးမြှင့်စောင့်ရှောက်တော်မူပါဘုရား။ဘုရားတပည့်တော် ကြုံတွေ့ရင်ဆိုင်နေရသော ဘေးဒုက္ခ၊ အခက်အခဲ၊ အကြပ်အတည်း၊ အတိုက်အခိုက်၊ အနှောင့်အယှက် ရန်ဟူသမျှတို့သည် ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ လျှောကျစင်ကြယ်ရပါလို၏ အရှင်မြတ်တို့ဘုရား။

(၁) မင်္ဂလသုတ္တံ မဟာတေဇံ မံရက္ခတု။
(၂) ရတနသုတ္တံ မဟာတေဇံ မံရက္ခတု။
(၃) မေတ္တသုတ္တံ မဟာတေဇံ မံရက္ခတု။
(၄) ခန္ဓသုတ္တံ မဟာတေဇံ မံရက္ခတု။
(၅) မောရသုတ္တံ မဟာတေဇံ မံရက္ခတု။
(၆) ဝဋ္ဋသုတ္တံ မဟာတေဇံ မံရက္ခတု။
(၇) ဓဇဂ္ဂသုတ္တံ မဟာတေဇံ မံရက္ခတု။
(၈) အာဋာနာဋိယသုတ္တံ မဟာတေဇံ မံရက္ခတု။
(၉) အင်္ဂုလိမာလသုတ္တံ မဟာတေဇံ မံရက္ခတု။
(၁၀) ဗောဇ္ဈင်္ဂသုတ္တံ မဟာတေဇံ မံရက္ခတု။
(၁၁) ပုဗ္ဗဏှသုတ္တံ မဟာတေဇံ မံရက္ခတု။
သဗ္ဗပရိတ္တံ အမှာကံ၊ သီဃံရက္ခတု။

သုံးလောကထွတ်ထား ရှင်တော်မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအား အမှူးထား၍ ဇမ္ဗူဒီပါ လေးကျွန်းလေးမျက်နှာမှာ ရှိကြကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး အပေါင်းတို့ကိုလည်း တစ်ဆူမျှမကြွင်း တစ်ဆင်းတုမျှမကျန်ပါဘုရား ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျဘုရား၊ မဟာမြတ်မုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ ဇလွန်ပြည်တော်ပြန်မုနိ၊ ပိတုန်းပုဒိုင်းမုနိ၊ ဆေးဘုရားမုနိ၊ ရာဇမုနိဘုရားရှင် ကိုယ်တော်မြတ်ကြီး အပေါင်းတို့အား တိုင်တည်သစ္စာအဓိဋ္ဌာန်ပြုကာ မြတ်ဘုရားဂုဏ်တော်ကိုးပါး အမှူးပြုလျက် ပရိတ်ကြီး ၁၁



www.burmeseclassic.com

www.burmeseclassic.com

သုတ်ကို ယုံကြည်လေးစားစွာ ရွတ်ဆိုပြီးချိန်မှာဖြင့် ကျွန်မရင်ထဲ နှလုံးသားထဲမှာ တင်းကျပ်စွာ ဖိစီးခြင်းခံနေရသည့် စိတ်ဆင်းရဲခြင်း ဒုက္ခအပေါင်းတို့မှ သက်သာလွတ်မြောက်သွားသည့်နှယ် ပေါ့ပါးသွားသည်။ နေ့စဉ်နှင့်အမျှ မိဘနှစ်ပါး၊ လင်စုံမယား နှစ်ယောက်၊ မုဆိုးမသားအမိ သုံးယောက်၊ လင်စုံမယားမှမွေးထားသည့် ကလေးငယ်နှစ်ယောက်၊ မိသားစုကိုးယောက်ရှိသော အိမ်ဂေဟာမှနေ၍ မိုးလင်းမိုးချုပ် ရန်ဖြစ်ကြ၊ သီချင်းတွေကို အကျယ်ကြီး ဆောင်းဘောက်(စ်)နှင့်ဖွင့် အော်ကြီးဟစ်ကျယ်စကားတွေ ပြောကြနှင့် ပြောစကားတိုင်း ဖရုသဝါစာတွေဖြင့် ဖွဲ့စည်းထားသော စကားလုံးများ၊ ဘာမှမဟုတ်သည့် ကိစ္စလေးကိုပင် အကျိန်အတွယ်တွေနှင့်ပြောကြ၊ ကလေးတွေကို ဆုံးမသည့်နေရာမှာလည်း အမေမုဆိုးမ၏ နှုတ်ထွက်စကားတို့က ကြောက်ခမန်းလိလိ။ အသေဆိုးတွေ၊ သေချင်းဆိုးတွေ နင်တို့သေမင်း လိုက်ရှာနေကြတာလား။ နင်တို့သင်္ချိုင်းက အဲ့သည်မှာရှိတာ။ သေပါစေတော်၊ ရေနစ်ပြီး အမြန်သေလိုက်ကြစမ်းပါ။ နင်တို့ကိုငါရှာဖွေ ချက်မကျွေးချင်တော့ဘူးဟဲ့ မသာသေချင်းဆိုးတွေရဲ့၊ နင်တို့ကို ပိုးသတ်ဆေးကျွေးသတ်မယ်။ ဘာမှတ်လဲ။ ငါ့ကိုစမ်းနေတာပေါ့လေ။

နေ့စဉ်မရိုးရအောင် ကျိန်တွယ်ပြောဆိုနေကြတာတွေက နားနှင့်မဆံ့ ရှေ့က အမေကိုယ်တိုင်က နှုတ်ထွက်ကြမ်းနေမှတော့ သမီးဖြစ်သူက အမေထက်နှုတ်စောင်းထက်တာ အမေကလည်း ပတ်ဝန်းကျင်မှ တစ်ယောက်ယောက်နှင့် မသင့်မြတ်လျှင် ထိုကိစ္စကို အကြောင်းပြုပြီး အေးပေါ့ သူတို့က နာမှာပေါ့။ သူ့ဘက်လိုက်မှာပေါ့။ ကျွန်မ ထိုဝေါဟာရကို နားမလည်၍ ရပ်ကွက်ထဲကသူတို့လို နှုတ်သီးကောင်း အဆဲကောင်း ဖရုသဝါစာအပြောကောင်း သူတို့ထံမှမေးကြည့်ရသည်။ သံတော်ဆင့်သတင်းစာမှာ ကာတွန်းတစ်ခုဖတ်လိုက်ရသည်။ ဖေ့ဘွတ်မှာအဆဲကောင်းလို့ အတော်နာမည်ကြီးသွားသည်ဆိုသည့် ပုဂ္ဂိုလ်ကိုခေါ်၍ ကျွန်မအိမ်ခေါင်းရင်းက မိသားစုကိုးယောက်၏ နှုတ်ထွက်စကားဖရုသဝါစာတွေကို နားထောင်ကြည့်စေချင်ပါသည်။ ကျွန်မအထင် ထိုပုဂ္ဂိုလ်လက်ဖျားတခါခါနှင့် အံ့သြနပန်းဖြစ်သွားမှာသေချာပါသည်။ သည်ကတည်းက နိစ္စဓူဝမိုးလင်းမိုးချုပ်မနားတမ်း ရုန်းရင်းကြမ်းတမ်း ရိုင်းစိုင်းလှစွာသော ဖရုသဝါစာစကားတွေကို နေ့စဉ်နှင့်အမျှ ကြားနာနေရသည့် ကျွန်မ တို့လင်မယား၏ ဒုက္ခကိုတွက်ကြည့်ကြပါ။ တခါတခါ မိတ်ဆွေစာပေလောကမှ စာရေးဆရာ/ဆရာမတွေကို ကျွန်မအိမ်မှာဖိတ်ပြီး တိတ်တိတ်ကလေးနေ၍ နားသောတဆင်စေချင်ပါ၏။ သူတို့မိသားစုထံမှ အဆဲငြိကာ၊ ကျိန်တွယ်စောင်းမြောင်းခြင်း အလင်္ကာ၊ မိုက်ရိုင်းရင့်သီး ရုန့်ရင်းကြမ်းတမ်းသည့် ဥပမာတို့၊ မကြားဝံ့မနာသာစကားလုံးတွေ၊ မကြားဖူးသော ဝေါဟာရတွေ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ရလိမ့်မည်ထင်ပါတယ်။

ဤကဲ့သို့တရားမဲ့ ရိုင်းစိုင်းကြမ်းတမ်းစွာ မထီမဲ့မြင်ပြောဆိုနေမှုတို့ကို ရပ်ကွက်လူကြီးတွေကလဲ သိပါ၏။သို့သော် လူကြီးတွေကလည်း သူတို့နဲ့ မပတ်သက်ချင်၊ ပတ်အရမ်းခံရရင် လူကြီးဖြစ်သူက သူတို့အရှက်ကွဲမည်စိုး၍ ကျွန်မကို တရားချ၏။ သည်းခံလိုက်ပါ ညီမရယ်၊ သူတို့မိသားစု အာကြမ်းလျှာကြမ်း စရိုက်ကြမ်းတာ တစ်ရပ်ကွက်လုံးက သိနေတဲ့ဥစ္စာ သည်းခံနေလိုက်ပါ။ မကြားချင်တစ်နေရာရာ ရှောင်နေလိုက်၊ ညီမတို့က ဘာသာရေးနဲ့နေနေတာ ငါတို့သိပါတယ်ဟာ။ ကျွန်မတို့မှာ ဩော် ... ဆိုသည့် အာမေဍိတ်ကို သံရှည်ဆွဲ၍ နေရာတကာ ဩော် ... ဩော် ... ဩော် နဲ့ကြီးမှုတ်ကာသာ နေရပါတော့သည်။ မနိုင်၍ သည်းခံနေရချင်းတို့သည်ကား ခံရခက်ပါဘိ။

ထိုသို့ နေ့စဉ် ရိုင်းစိုင်းကြမ်းတမ်းလှသော ဖရုသဝါစာတွေကို နားဆင်ရင်း ဒီဘက်က ပြန်မပြောလေ ပိုရိုင်းစိုင်းလေ။ ကျွန်မဘာမျှ ပြန်မပြောသည်က ရွှံ့ကိုင်လျှင် လက်ပေမှာစိုး၍ အဖက်မတန်၍ သည်းခံနေ၊ မကြားချင်ယောင်ဆောင်နေကျ၊ ဥပေက္ခာပြုနေကျတာကို သူတို့တွေက တစ်ဆင့်ထက် တစ်ဆင့်ကဲပြီး နောက်ဆုံးကျွန်မတို့ပိုင်မြေ လေးတောင်မျှရှိမည်ကိုပါ မတော်တရား သူတို့မြေပါဆိုပြီး ရပ်ကွက်ဆယ် အိမ်ခေါင်းခေါ်ပြီး နိုင်ထက်စီးနင်း လုပ်ကျသည်။ ကျွန်မမြေကို မတရားယူတာ ကျွန်မက သဘောတူကြောင်း လက်မှတ်ထိုးပေးလိုက်ရပါသေးသည်။ အဲသည်လိုမှ လုပ်မပေးလျှင် တာပေါ်မှာ တုတ်ကိုင်၊ ဓားကိုင်နှင့် ကျွန်မတို့လင်မယားကို သတ်မလိုပုံစံမျိုးတွေနှင့် ဘေးအိမ်၊ ခေါင်းရင်းအိမ်မှ လူတွေကလည်း ဆယ်အိမ်ခေါင်းခေါ်ကာ ကျွန်မတို့မြေပေါ်မှာ ပေကြိုးနှင့် အရှေ့



www.burmeseclassic.com

www.burmeseclassic.com

အနောက် တိုင်းတာဆွဲယူ တိုင်းထွာနေကျသည်ကို ကြည့်ရင်း ကျွန်မတို့ကိုကြည့်လိုက်၊ သူတို့မိသားစုကို ကြည့်လိုက်နှင့် လုပ်နေကျပါ၏။ သူတို့အားလုံး၏ အကြည့်တွေကို ကျွန်မသိပါသည်။ ကျွန်မတို့ဘက်ကမြေ ဘယ်ထိရှိသည်ကို သိနေကျတာမို့ ဘာဖြစ်လို့ အလျှော့ပေးတာလဲ၊ ကိုယ့်မြေကို အထိပါးမခံနှင့်ဆိုသော စကားလုံးတွေပါသော မျက်လုံးတွေနှင့် ပြောနေမှန်းသိပါသည်။

ထိုမျက်လုံးပိုင်ရှင်တို့ကလည်း အမှန်တရားကိုသိသော်၊ ပြောချင်သော်လည်း သူတို့ပါးစပ်ကြမ်းတာတွေ၊ အုပ်စုတောင့်တာတွေကို ကြည့်ပြီး ဘာတစ်ခွန်းမှ မဟာရဲကြပါ။ "အေး . . . လက်မှတ်ထိုးပေးမယ်၊ ကျေနပ်လို့ထိုးပေးတာတော့မဟုတ်ဘူး။ ဒီမြေကို ဘယ်သူပိုင်တဲ့မြေဆိုတာ မြေစာရင်းရုံးမှာသွားကြည့်ရင် သိတယ်။ ရပ်ကွက်ထဲကလူတွေလည်း သိတယ်။ သည်မြေမရရင် ဖြစ်နေတာမို့ လက်မှတ်ထိုးပေးလိုက်မယ်။ အဲသည်မြေကြီးပေါ်မှာ ဘယ်သူကျန်မလဲ၊ ဘယ်သူစံမလဲဆိုတာ အချိန်ကစကားပြောလိမ့်မယ်"

သည်စကားစုဆိုရင်း လက်မှတ်ထိုးပေးလိုက်သည်။ သည်အကြောင်းကို ရပ်ကွက်လူကြီးပြောပြတော့ လူကြီးတွေက "ညီမရယ် . . . ညီမတို့မှာမြေကွက်တွေ အများကြီးရှိနေတာ သည်လောက်ကလေးပေးရတာ ပေးလိုက်ရတယ်လို့ ထင်မနေနဲ့"တဲ့။ ကဲ . . . ကိုယ်က မှန်နေပြီး ကိုယ်ကလျှော့ပေးရတဲ့အဖြစ်။ ဘုရား . . . ဘုရား ကောသလမင်းကြီးရဲ့ အိပ်မက် ၁၆ ချက်ထဲကလို ဗူးတောင်းနစ်လို့ ဖောင်းချမ်းပေါ် ဖြစ်နေပါပေ့။ လောကကြီးမှာ သစ္စာတရားဆိုတာ စာထဲမှာရှိတော့တာလား။ ဝသုန္ဒြေ မြေစောင့်နတ်မင်းကြီးလည်း တပည့်တော်မတို့ကို မကယ်နိုင်တော့ဘူးလားမသိ။ အမှန်တရားက အမှားဖြစ်ရသည်။ "အစ်ကိုရယ် . . . ရွှံ့ကိုကိုင်ရင် လက်ရွှံ့ပေမှာစိုးလို့ မတရားလုပ်တာခံရတယ်။ ညီမတို့မြေ သူတို့ယူတာ လေးတောင်လောက်ပါ။ မဟာပထဝီမြေကြီးရဲ့ ထုထည်က နှစ်သိန်းလေးသောင်းရှိတာပါ။ သူတို့ မြေမကြောက်လို့ယူတာ ယူပေ့။ ညီမကတော့တွေးမိတိုင်း မကျေနပ်ချက်နဲ့ ဝသုန္ဒြေနတ်မင်းကြီးကို တိုင်တည်နေမှာပဲ"လို့ ကျွန်မပြောလိုက်သည့် စကားကို သူတို့သေချာမတွေး၊ မစဉ်းစားကြ။ လောလောဆယ် အိမ်မှာ အမေနှင့် အဖေက အသက် ၆၀ ကျော်၊ မုဆိုးမက အသက် ၄၀ ပါ။ အသက် ၃၀ ကျော် မောင်လင်မယားနှင့် ကလေးနှစ်ယောက် ဘယ်သူခံမလဲ၊ ဘယ်သူစံမလဲ၊ ဘယ်သူကျန်မလဲဆိုသည့် စကားသုံးခွန်းမှာ အဓိပ္ပာယ်များနှင့် ပြောလိုက်ခြင်းပါ။ သခါရတရားကို သူတို့လုံးဝသတိမထားလို့ သူတစ်ပါးမြေကို ကိုယ့်မြေအဖြစ် ကျူးကျော်ယူငင်ရဲတာပင်။ လူ့ဘဝသက်တမ်းတိုတိုလေးပါ ဆုပ်ကပ်ခေတ်ကြီးထဲမှာ လူတစ်ယောက် အသက် ၇၀ သက်တမ်းအထိနေရ မရ ဘာကိုမျှ မပိုင်။ သေရွာကိုဘာမှ ယူမသွားနိုင်တာကို ဘာဖြစ်လို့များ တရားလက်လွတ် ငါ . . . ငါ . . . ငါဆိုတဲ့ အတ္တတွေနဲ့ မတော်မတရား ပြုကျင့်နေကြပါလိမ့်၊ ရံခါမှာ သူတို့မိသားစု စောင်းမြောင်းဆဲဆို စော်ကားပြောဆိုနေကြတာတွေကို စိတ်ဆင်းရဲနေရတဲ့ကြားက သနားစိတ်တို့ တသွင်သွင်ဖြစ်နေမိပါသေး။

မိမိလက်ဝါးထဲကနေ ကောင်းကင်ပေါ်သို့ ပစ်တင်လိုက်သော ဖုန်မှုန့်တွေသည် မိမိကိုယ်ပေါ်ပင် ပြန်ကျလာမှာပါလားဆိုသည့် အသိတရား၊ အတွေးအခေါ်၊ ဆင်ခြင်မှုမရှိကြတာကိုက သူတို့မှာအတန်းပညာမှ မတတ်ကြတာ မသင်ခဲ့ရတာပေါ်လွင်နေပါပြီ။ အသိတရား၊ ဗဟုသုတမှာ ခေါင်းပါးသော်လည်း အယုတ္တ၊ အနတ္တ၊ ဖရုသဝါစာ စကားလုံးပေါင်း မြောက်မြားစွာကိုဖြင့် ပါရဂူဘွဲ့ရလောက်အောင် ကျွမ်းကျင်တတ်မြောက်ကြသည်။ ကျွန်မတို့မြန်မာနိုင်ငံမှာ ထိုတက္ကသိုလ်ရှိသည်ဟုလည်း တစ်ခါမှမကြားမိပါ။ ဘယ်နေရာ ဘယ်တက္ကသိုလ်ကနေ ထိုပညာရပ်စကားလုံးကို တတ်မြောက်နေကြပါလိမ့်ဟု မဖြစ်နိုင်တာကို အရှည်ကြီးတွေးနေမိပါသေး၏။ နောက်ဆုံးအဖြေက ဝစီစရိုက်ကြမ်းသူချင်း ဆဲဆိုကြရာမှ သူနိုင်ကိုယ်နိုင် ဆဲဆိုကြရင်း တစ်ယောက်စကား တစ်ယောက်မှတ်ထားပြီး ဗဟုသုတတိုးပွားလာကြတာဟု မှတ်လိုက်ရပါပြီ။ ထိုသို့ဂါဝီမွာယဥ်ကျေးခြင်း ဂုဏ်ပုဒ်များစွာတို့ ပိုင်ဆိုင်ထားသူတို့သည် ကျွန်မအိမ်ခေါင်းရင်းမှနေ၍ နေ့စဉ်နှင့်အမျှ ကျိန်တွယ်နေကြရန်ဖြစ်ကြ၍ သက်ပြင်းတချချနှင့် အိမ်ပြင်ထွက်ရန် ခြေလှမ်းပြင်နေသော ကျွန်မခင်ပွန်းက အပြုံးနှင့် "မင်းကို စာရေးစရာ ကုန်ကြမ်းပေးနေတာ ရေးပေါ့"တဲ့။ "အေး . . . ရေးမယ် . . . ရေးမယ်။ သူတို့ရဲ့ပြောင်မြောက်ရှိုင်းစိုင်း

www.burmeseclassic.com

လှတဲ့ ဖရုသဝါစာ စကားလုံးတွေကိုဖြင့် မရေးဝံ့ပေါင် ငါ့မြေကို မတရားခိုးပြီး အတင်းလက်မှတ်ထိုးခိုင်းတာကိုဖြင့် ရေးရဦးမယ်၊ စဉ်းစားတတ်သူဆို ငါပြောတာ ချက်ချင်း သဘောပေါက်တယ်။ သည်မြေကို ဝိုင်းအနိုင်ကျင့်ယူကြ တယ်။ လူဆိုတာ သေမျိုး၊ ဘယ်သူတွေက အဲ့သည်မြေကို စံကြမှာလဲ။ အဲဒီမြေကြီးပေါ်မှာ ဘယ်သူတွေကျန်ခဲ့မှာလဲ၊ ဘယ်သူတွေခံရမလဲ မင်းတွေးကြည့်လေ''

''ရှူးတိုးတိုး ... ကြားသွားလို့ စောင်းမြောင်းအဆဲ အဆိုခံနေရမယ်''

အသံအနည်းငယ်ကျယ်သွား၍ ကျွန်မအမျိုးသားက ပါးစပ်ကိုလက်ညှိုးနှင့် ထိစပ်ကာ သတိပေးသည်။

''ငါပြောစရာကျန်သေးတယ်။ တစ်နေ့သောအချိန် ကာလမှာ အဲဒီမြေကိုမနေကြလို့ သူတို့ရောင်းကြတယ်ထား တို့မြေကိုမတရားယူထားတာ ပတ်ဝန်းကျင်ကလည်း သိကြ တယ်။ သူတို့သည်မြေရောင်းရင် သည်မြေရာဇဝင်သိတဲ့ သူက ဝယ်မလား၊ စဉ်းစား။ မင်းစိတ်ကြိုက်ချက်ပြုတ် ထားတဲ့ ဟင်းပန်းကန်ထဲကို စားခါနီးမှ ယင်တစ်ကောင် ဖတ်ဆို ပြုတ်ကျလာတယ်ဆိုပါစို့။ ယင်တစ်ကောင်ကျ ထားတဲ့ ဟင်းကိုစားဖို့ မင်းစိတ်ကသတိ ပါတော့မလား။ စဉ်းစား၊ စဉ်းစား။ မင်းအဲသည်ဟင်းကို သွန်မလား၊ စား မလား''

ကျွန်မခင်ပွန်း ခေတ္တငိုင်သွားသည်။သူဘယ်လိုဖြေ ရမှန်းမသိ ကျွန်မကိုကြောင်ငေးငေးနှင့် ကြည့်နေသည်။


''အဲသည်လိုပဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကြ သူများ မြေပါနေတဲ့အတွက် ဝယ်လက်ကရှောင်ရင် ဟင်းပန်းကန် ထဲ ယင်ကောင်ကျသလိုအဖြစ်မျိုး ဖြစ်တော့မှာပေါ့ ကြည့် နေလိုက်ပါ''

''ကဲပါ မိန်းမရယ်။ သူတို့နဲ့ရောပြီး အကုသိုလ် တက်မနေနဲ့ မင်းဘုရားရှိခိုးမှာ ရှိခိုးပါကွာ။ ကိုယ်ကုသိုလ် လုပ်ရင်ကုသိုလ်ရမှာ။ ငရဲလုပ်ရင်ငရဲသွားမှာ မိမိပြုသော ကံသာလျှင် အဖတဲ့။ မိမိပြုသောကံသာ ကိုယ်ပိုင်ဥစ္စာ မင်းက ငါ့ထက် ပိုပြီးအသိတရားရှိပါတယ်။ ဒီမှာ ပန်းတွေရူး လာပြီ၊ ရေလည်းဆေးထားတယ်''

ပန်းဇလုံလှမ်းပေးပြီး စိတ်ပြေအောင် ရွှေပြေအေး တရား ဟောသွားပါလေပြီ။ ကျွန်မကလည်း ကျွန်မရင် ထဲမှာ ရှိနေတာတွေ ပြောလိုက်ရလို့ စိတ်ကြည်လင်စွာနဲ့ ဘုရားခန်းဆီအသွား ခေါင်းရင်အိမ်မှ မိချောရေ မုန့်လုံး မုန့်လုံးဆိုသည့် သီချင်းသံအကျယ်ကြီး ကြားလိုက်ရသည်မို့ ကြည်လင်နေဆဲစိတ်ကလေး နောက်ကျူသွားပါ၏။ ထုံးစံ အတိုင်း ခြေဘ် ... နဲ့ကြီးမှုတ်၍ ကိုယ့်အလုပ်လုပ်ဖို့သာ တာဆူရပါသည်။ ကျွန်မမှာအားကိုးရာ မြတ်စွာဘုရားမှ တစ်ပါး မရှိတော့ပါပြီတကား။ သို့ဖြင့် ကျွန်မသည် မြတ်စွာ ဘုရားရှင်တစ်ပါးတည်း အားကိုးရှိခိုးနေရုံနှင့် မလုံလောက် တော့ဘူး။ ဇမ္ဗူဒီပါ လေးကျွန်းလေးမျက်နှာမှာရှိတဲ့ ဘုရား တွေကိုလည်း တစ်ဆူမျှမကြွင်း တစ်ဆင်းတုမျှမကျန် ကကု သသန်၊ ကောဏဂုံ၊ နောက်ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရား ကိုယ်တော်မြတ်ကြီးကိုလည်း ထားခဲ့လို့ မဖြစ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက သွန်းလုပ်ပေး ထားသည့် မဟာမြတ်မုနိမှအစ ဇလွန်ပြည်တော်ပြန်အဆုံး မုနိလေးဆူ ကိုယ်ပွားအဖြစ် ကိုယ့်တော်မြတ်ကြီးတွေလည်း မနေရ။ အတိုက်အခိုက် အနှောင့်အယှက်မှန်သမျှ ကာ ကွယ်ပေးတော်မူသော ပိတုန်းပုဒိုင်းမုနိကိုလည်း မေ့လို့မရ။ ဆေးဘုရားမုနိ၊ ရာဇမုနိတို့ကိုလည်း ကျန်ခဲ့လို့မဖြစ်။ ထို ဘုရားရှင် ကိုယ်တော်မြတ်တို့ကို အားကိုးယုံကြည်စွာဖြင့် ရှိခိုးရပါသည်။ အားကိုတကြီး တိုင်တည်သစ္စာဆိုရပါသည်။ ဘေးရန်ကာဆီး ကြံတိုင်းပြီးသည့် ပရိတ်ကြီး ၁၁ သုတ်ကို နေ့စဉ် ၁၁ သုတ်ကို ၁၁ ရက်ပူဇော်ပါမည်ဟု သစ္စာအဓိဋ္ဌာန် တင်ရပါသည်။ အရပ်ကူပါ လူဝိုင်းပါဟူသော စကားပုံသာ ကြားဖူးပါ၏။ ကျွန်မအဖြစ်က ဘုရားတွေကူပါ၊ ပရိတ်ကြီး ၁၁ သုတ် ကယ်ပါ ဆိုသည့်နှယ် ဖြစ်နေပါသည်။ သို့ဖြင့် ခေါင်းရင်းအိမ်ကနေ ဆောင်းဘောက်ကြီး အသားကုန်ဖွင့် ကာ မိချောရေ မုန့်လုံး ... မုန့်လုံးဆိုတဲ့ အသံကြားထဲက နေ ကျွန်မရှိခိုးရပါသည်။ ထိုအန္တရာယ်ပေါင်းစုံမှ ကင်းဝေး ပါစေကြောင်း ဆုမွန်ကောင်းများတောင်းရင်း ကျွန်မတို့အိမ် ဘုရားဆောင်ရှေ့မှနေ ဘုရား ... ဘုရား ... ဘုရားတွေ ကယ်ပါဦး၊ ဘုရား ... ဘုရား ... ဘုရားတွေ ကယ်ပါဦးဟု ဆိုနေရ သည်ဆိုပါလျှင် ...။

ဇာခြူပွင့်

www.burmeseclassic.com



# သမိုင်းထဲက ဖို့(တ်)ဝိန်း

## မောင်ကောင်းမြင့်

ထိုနေ့က ဖို့(တ်)ဝိန်းမြို့လယ် ဘားလမ်း Barr St ရှိ "လယ်သမားဈေး" farmers market သည် စည်ကားလှသည်။ ယခုလို နွေဦးရာသီတွင် လယ်သမား၊ ယာသမားတို့ က မိမိခြံမှ ထွက်သော ပန်းမျိုးစုံ၊ သီးနှံမျိုးစုံ၊ သားငါးနှင့် ကိုယ်တိုင်လုပ်သော မုန့်မျိုးစုံ၊ ယိုမျိုးစုံ၊ ဆပ်ပြာမျိုးစုံ အပါအဝင် ကိုယ်တိုင်ထိုးထားချုပ်ထားသော လက်မှုအိမ်တွင်းမှု လက်ရာမျိုးစုံတို့ကို လာရောင်းချကြသည်။ ကားများ၏ နောက်တွဲယာဉ်များပေါ်၌ သီးနှံများ၊ ပန်းအိုးများနှင့် ပစ္စည်းများကို တင်၍ ဆွဲလာကြသည်။ အချို့က ဗင်ကားကြီးများဖြင့် လာကြသည်။ ဈေးပွဲတော်ဖြစ်သည်။ လမ်းလုံးပြည့် ဈေးနေ့။

ပန်း၊ သီးနှံ၊ အသားများသည် လတ်ဆတ်သည်။ ဓာတုဗေဒကင်းစင်သည်။ လယ်သမား၊ ခြံသမားတို့ ကိုယ်တိုင်ရောင်းချသဖြင့် (မြန်မာလိုဆိုလျှင် ဓာတ်မြေဩဇာမသုံး၊ ဆေးမထိုး၊ အတုမဟုတ်ဟု ဆိုရမည်)ဖြစ်၍ ကြိုက်နှစ်သက်ကြသည်။ ၁၈၃၇ ခုနှစ်ကတည်းက ဤလမ်းသည် ယခုကဲ့သို့ နွေဦးနှင့် နွေ (မေလမှ နိုဝင်ဘာလောက်အထိ) တွင် လာရောင်းခဲ့ကြရာ နှစ် ၁၈၀ ခန့်ရှိပြီး သမိုင်းဝင်ဈေးဖြစ်သည်။ ဤဈေးတွင် မိမိကို လိုက်ပို့သော "အိုမျိုးနှင့် ကရင်"တို့ လင်မယားက နှစ်စဉ်ပင် ရောင်းနေကြ။ (ယခု တနင်္ဂနွေ ၂၁. ၆. ၂၀၁၅ ကတော့ ဈေးမထွက်ဖြစ်ပါ) ထိုဈေးတွင် မြန်မာမိသားစုထဲက ကဗျာဆရာ သစ်

www.burmeseclassic.com

ကောင်းအိမ်၏ဖနီးက လက်လုပ်ဖန်စီ ပုတီးနှင့် ရောင်စုံဆွဲကြိုးကလေးများ ရောင်းချနေသည်ကို မိတ်ဆက်ပေးခဲ့သည်။

ဤမျှ နှစ်ကြာရှည်စွာ ရိုးရာမပျက် နေထိုင်မှုပုံစံသည် ယနေ့ခေတ်သစ်ထဲတွင် ရသတစ်မျိုးကို ပေးနေလေသည်။ ပြုံးရွှင်စွာဖြင့် မိမိခြံထွက်ကော်ဖီစေ့များကို ကြိတ်ကာ ခွက်သေးသေးလေးဖြင့် ကော်ဖီရည်သက်သက်ကို မြည်းစမ်းဖို့ပေးရသော ယာသမား၏ စကားကို နားထောင်ရင်း မိမိ၏ ပန်းခြံထဲမှ ရောင်စုံပန်းမျိုးစုံ၊ အပင်မျိုးစုံကို ပြသနေသူ၏ ပန်းစင်ကို ကြည့်ရင်း၊ ကိုယ်တိုင် ထုတ်လုပ်သော ဆပ်ပြာချက်သမား၏ ဆပ်ပြာမျိုးစုံကို မွှေးကြည့်ရင်း ကိုယ်တိုင်ထိုးချုပ်ထားသော စားပွဲခင်းများ၊ အရုပ်ဈေးတန်း ထဲသို့ လှည့်ပတ်၍ ကြည့်ရှုရသည်မှာ မောပြီ။

"ဆရာ မောရင် နားနားနေနေ ပြတိုက်ထဲ ဝင်ကြည့်ကြမယ်"

ဟု ကိုမျိုးက ဆို၏။ ဈေး၏ အဆုံးတစ်ဖက်လမ်းထိပ်၌ ဖို့(တ်)ဝိန်း The History Center ရှိသည်။ သမိုင်းပြတိုက်ဖြစ်သည်။ ၁၈၉၃ ခုနှစ်ကတည်းက တည်ဆောက်ထားသော မြို့တော်ခန်းမဟောင်း Old City Hall ဖြစ်သည်။ အဆောက်အအုံကို မြင်လိုက်ရုံဖြင့် ဈေးလက်ရာဖြစ်ကြောင်း ထုံးကျောက်ထုလုံး အုတ်များက သက်သေခံနေသည်။ ပြတိုက်အဝင် လက်ကမ်းကြော်ငြာတစ်စောင်တွင် ထို အဆောက်အအုံကြီး၏ မျက်နှာစာမုခ်ဦး အနီးကပ်ပုံနှင့်အတူ If These Stones Could Talk ... "ဤကျောက်တုံးများကသာ စကားပြောနိုင်မည်ဆိုလျှင် ..." ဟု စိတ်ဝင်စားဖွယ် စာတမ်းနှင့် ပြတိုက်အကြောင်းကို မိတ်ဆက်ပေးသော ဓာတ်ပုံနှင့်စာများကို တွေ့ရသည်။

ဒေသခံတိုင်းရင်းသား Miami တို့၏ ခေါင်းဆောင် Little Turtle ၏ ရုပ်ပုံပန်းချီကားချပ်နှင့် သူကိုင်ဆောင်ခဲ့သော ဓားရှည်၊ ဒေသခံတိုင်းရင်းသားတို့ နေထိုင်ခဲ့စဉ် ၁၇၀၀ ပြည့်လွန်နှစ်များက လူနေမှုနှင့် အသုံးအဆောင်များ၊ ထိုစဉ်က မြစ်သုံးပွင့်ဆိုင်ဒေသ၏ မြေပုံနှင့် နေထိုင်ခဲ့သော ဝန်းကျင်စသဖြင့် ၁၇၉၀ ပြည့်လွန်နှစ်များက စစ်အတွင်း လက်နက် (ဓား၊ ပုဆိန်နှင့် ရှေးဟောင်းသေနတ်များ) မျိုးစုံတို့ကို မြင်ရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ဆီသို့ ပြန်ရောက်ခဲ့ရ၏။

**သတင်းမှတ်တမ်း၌**
**၁၈၆၀ နှင့် ၁၈၆၄ သမ္မတရွေးပွဲတွင်**
**မဲအနည်းငယ်သာရရှိခဲ့ပြီး ရှုံးနိမ့်ခဲ့ရသော**
**သမ္မတလင်ကွန်း၏ ရုပ်ပုံလွှာနှင့်**
**မဲစာရင်းမှတ်တမ်းများကို ဖတ်ရှုခဲ့ရသည်။**

ဗိုလ်ချုပ်ဝိန်း Wayne ၏ ရုပ်ပုံလွှာ၊ သူ တည်ထောင်ခဲ့သော ၁၇၉၀ ဝန်းကျင်က မြို့အခြေအနေ၊ အသုံးအဆောင်များ၊ ရပ်ကွက်နှင့် ရှေးအဆောက်အအုံများ၏ မှတ်တမ်းများစွာကို အသုံးအဆောင်ပစ္စည်းများစွာဖြင့် တွေ့ရသည်။

ရှေးခေတ် ပန်းပဲဖိုတစ်ခုကို ထိုခေတ်ကအတိုင်း (မြင်းခွာရိုက်၊ ပန်းပဲသံထည် ပစ္စည်းထုတ်လုပ်ပုံ)ကို ပြန်လည်၍ ပုံစံပြတည်ဆောက်ပြသထားရာ လွမ်းမောစရာတစ်ခုလိုပင်။ ပန်းပဲဖိုမှ မီးဖွားများကိုပင် မြင်မိ၏။ ထိုခေတ်ဟောင်း အသုံးအဆောင်တို့ကို ယှဉ်ပြထားရာ လက်ဖြင့်စည်ပိုင်းထဲတွင် တုတ်ချောင်းလက်လှည့်ကာ လျှော်ခဲ့သော အဝတ်လျှော်ပုံးမှ ယနေ့အဝတ်လျှော်စက်အထိ။ ရှေးခေတ် ဓာတ်ဆီဆိုင် တိုင်ကီမှ ယနေ့ဓာတ်ဆီဆိုင်တိုင်ကီအထိ။ တော်လှန် ပြောင်းလဲလာသော စက်မှုခေတ်သမိုင်းသည် လူ့သမိုင်း၏ ပြယုဂ်များပေတည်း။

ကြယ် ၁၃ လုံးသာရှိသော အမေရိကန် အလံတော်ဟောင်းသည် ယနေ့ပြည်နယ် ၅၀ ဖြင့် ဆိုသော် ယှဉ်နိုင်ဖွယ်ပင်မရှိတော့။ ရေနွေးငွေ့ မီးရထားပုံစံနှင့် တကယ့်မီးရထားဘီးကြီးကို ပြထားသော အခန်းတွင် ခင်းထားသော ဖယောင်းပုဆိုးမှ ရထားလမ်းဒီဇိုင်းသည် ကျောက်ခဲလမ်းကို နင်းမိသဖြင့် လဲကျမည်ကိုပင် စိုးရတော့သည်အထိ စိတ်ကို ခံစားမိစေ၏။

သမိုင်းဆိုတာက အကောင်းချည်းပြလို့မရ၊ ယုတ်တိဖြစ်စဉ် မှန်သမျှပြရသည်။ ပြောရသည်။ သမိုင်းသင်ခန်း



www.burmeseclassic.com

www.burmeseclassic.com

စာဆိုသည် ယူတတ်လျှင် အမြတ်ချည်း။ အမှားတွေကို ဖုံးထားဖို့ မဟုတ်။ နောင်မမှားအောင် ပြင်ဖို့ ဆင်ခြင်ဖို့။ ရှေ့သို့တက်ဖို့။

ဖို့(တ်)ဝိန်းမြို့ တည်ပြီးသောအခါ ၁ ၅၀ ပြည့်လွန်နှစ်များသည် မြို့ပြဟန်ဖြစ်လာသည်။ အခြေ ကျအဆိုတွေတိုး၊ လူတွေများလာသောအခါ ထုံးစံအတိုင်း လူများစုအဖွဲ့အစည်းတွင် တရားဥပဒေကို ချိုးဖောက်သူများ ပါလာသည်။ လူကောင်းရှိသလို လူဆိုးလူရမ်းရှိသည်။ ထိုအခါရဲ၊ တရားရုံး၊ ထောင်တို့သည် ထိုလူ့အဖွဲ့အစည်း၏ ခေတ်ပြယုဂ်များဖြစ်လာရတော့၏။

"The Most Lawless Town in Indiana" 1863-1912 ဟူသော မှတ်တမ်းပြကွက်သည် အဆိုးများမှသည် အကောင်းများဆီသို့ ကြိုးပမ်းခဲ့ရသော သမိုင်းဖြစ်၏။ လူဆိုးမှတ်တမ်းများ၊ လက်ထိတ်အကျဉ်းထောင်၊ တရားရုံး ကြိုးစင် စသည်တို့ကို ပြသထား၏။ အကျဉ်း(ထောင်ကြီးသို့မပို့မီ) ရဲအချုပ်ခန်းကို ပြသထားသည်။ အမျိုးသမီး အချုပ်ခန်း၊ အမျိုးသားအချုပ်ခန်း (အမျိုးသားလူပုံစံအတုဖြင့်) တို့ကို တွေ့ရသည်။ အမျိုးသမီးအချုပ်သမတစ်ဦး ရေးခဲ့သော နှုတ်ခမ်းနီတောင့်ဖြင့် "I Love You Paul" ဟူသော စာတန်းကို မူရင်းအတိုင်းတွေ့ရသည်။ ထောင်ထဲက အချုပ်သမ၏ မေတ္တာစာတစ်ပုဒ်ပေလော။ ၁၈၂၄-၁၈၆၃ အကျဉ်းထောင်မှတ်တမ်းတွင် ကြိုးစင် "ဒေါက်ဖြုတ်သမား" စွန့်ပစ်ခဲ့သော ဆေးပြင်းလိပ်တိုနှင့် သူ၏ကြိုးဖြတ်ပုဆိန်တို့ကို ပြသထားရာ "ဩော် ... ရာရာဖွေဖွေ မှတ်တမ်းပါပေ"ဟု ဆိုရပေတော့သည်။

ခေတ်အဆက်ဆက် အာဏာပါးကွက်သားတို့ ရှိခဲ့ကြသည်ပင်။

ထိုခေတ်ဆိုးကြီးကို ပြုပြင်ခဲ့သော ရဲတပ်ဖွဲ့ဝင်များ၏ မှတ်တမ်းတွင်မူ ရဲဆိုင်ကယ်၊ သေနတ်မျိုးစုံ၊ တံဆိပ်မျိုးစုံနှင့် အသုံးအဆောင်မျိုးစုံကို တွေ့ရသည်။ တရားဥပဒေဖြင့် လူဘောင်ကို တည်ဆောက်ရာတွင်ရဲ၊ ပြစ်မှု၊ ပြစ်ဒဏ်တို့သည် ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာကြရပေမည်။ ထိန်းကျောင်းပေးရလိမ့်မည်။ တရားဥပဒေသည် မဏ္ဍိုင်ဖြစ်ရပေမည်။

သမိုင်းကို သက်သေခံနေသော သတင်းစာများကို တွေ့ရသည်။ Lincoln Lost in Allen County Twice ဟူသော သတင်းမှက်စာမ်း၌ ၁၈၆၀ နှင့် ၁၈၆၄ သမ္မတရွေးပွဲတွင် မဲအနည်းငယ်သာရရှိခဲ့ပြီး ရှုံးနိမ့်ခဲ့ရသော သမ္မတလင်ကွန်း၏ ရုပ်ပုံလွှာနှင့် မဲစာရင်းမှတ်တမ်းများကို ဖတ်ရှုခဲ့ရသည်။ (သမ္မတကြီးလင်ကွန်းသည် ၁၈၁၆ ခုနှစ်တွင် အသက်ခုနစ်နှစ်သားအရွယ် ဤမြို့သို့ ရောက်ရှိခဲ့ပြီး နေထိုင်ခဲ့စဉ် ဘဝမှတ်တမ်း ကြေးရုပ်ပုံတူကို ပြတိုက်နှင့် မနီးမဝေးရှိ လင်ကွန်းတာဝါအဆောက်အအုံ၏ ရှေ့ရင်ပြင်တွင် မြင့်မားသော အုတ်ခုံထက်၌ တွေ့နိုင်ပေသည်။)

မြို့သမိုင်း၊ နိုင်ငံသမိုင်းတွင် တည်ဆောက်ပြုပြင်သူများ၊ ရှေ့ဆောင်သူများ၊ မြို့ဂုဏ်ဆောင်သူများ၊ မြို့၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အနုပညာအားကစားတွင် ထူးချွန်သူများ၏ မှတ်တမ်းမှာလည်း ဓာတ်ပုံများ၊ ပန်းချီပုံတူများနှင့် အသုံးအဆောင်ပစ္စည်းများ ဖြင့်ပြသထားရာ "ဒါ ... တို့မြို့က နိုင်ငံဂုဏ်ဆောင်တွေပဲ"ဟု မျိုးဆက်သစ်ကို ဂုဏ်ယူအားကျအတုယူနိုင်အောင် ဖော်ထုတ်နိုင်ပေသည်။ သို့ကြောင့်လည်း တစ်နှစ်လျှင် ကလေးလူငယ်ထောင်ပေါင်းများစွာ လာရောက်လေ့လာခဲ့ကြောင်း မှတ်တမ်းကိုတွေ့ရသလို ယနေ့တွင်လည်း ကျောင်းသားလူငယ် အရွယ်မျိုးစုံကို တွေ့ခဲ့ရတော့၏။

ပြခန်းမှ မထွက်ခွာမီကလေးတွင် မိမိမြင်ခဲ့ရ သောမှတ်တမ်းကို ဤစာရေးနေသည်အထိ မြင်ယောင်နေသည်။ Tools of the Old Common School Allen County ဟု မှတ်တမ်းရေးထိုးထားသော ကျောက်သင်ပုန်းကလေးတစ်ချပ်၊ ခေါင်းလောင်းငယ်ကလေးတစ်လုံး၊ မှတ်တမ်းစာအုပ်ကလေးနှင့် ခဲတံကလေးတစ်ချောင်းသည် ၁၈၀၀ ပြည့်နှစ်ဝန်းကျင်က ဖို့(တ်)ဝိန်းနှင့် အင်ဒီယာနာကောင်တီ၏ ပညာရေးအခြေအနေ မှတ်တမ်းတစ်ခုဖြစ်ရာ ယနေ့ထင်ရှားနေသော Purdue University-Indiana University ကြီးတို့၏ "ပထမဆုံးခြေလှမ်းကလေးတစ်ခု" ဖြစ်မည်ဟု ယုံကြည်မိပေတော့သည်။

ကျောက်သင်ပုန်းမှ ကွန်ပျူတာသို့ ...။

**မောင်ကောင်းမြင့်**


www.burmeseclassic.com

www.burmeseclassic.com



# အလိုပြည့် တကိုင်းရ ဂါထာ

## တက္ကသိုလ်အပန်ငယ်

တစ်နေ့ အင်းစိန်မြို့ရှိ မိတ်ဆွေစာပေ၌ စာရေးဆရာ၊ ဒါရိုက်တာ နန္ဒဝင်းကျော်ခေါင်နှင့် တွေ့ဆုံကြသဖြင့် ကောင်းရန်နှံ့ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ကြသည်။ မတွေ့တာကြာပြီဖြစ်၍ စာပေရေးရာကိစ္စများကို ဆွေးနွေးကြ၏။ လူစုခွဲခါနီးတွင် ဆရာနန္ဒဝင်းကျော်ခေါင်က

"ဆရာပန် . . . အခု ဘာစာအုပ်ရေးနေသလဲ"

"ဂမ္ဘီရလောကီအစီအရင်နှင့် ဖြစ်ရပ်မှန်အတွေ့အကြုံများစာအုပ်ကို ရေးပြီးသွားပြီ။ မကြာခင် မိတ်ဆွေစာပေကပဲ ထွက်လိမ့်မယ်"

"ဆရာပန် နောက်ဆုံးရေးခဲ့တဲ့ တန်ခိုးထက်မြက်သောဂါထာပရိတ်တော်များနှင့် ဖြစ်ရပ်မှန်အတွေ့အကြုံများ စာအုပ်ကျန်သေးလား။ ကျွန်တော် ဖတ်ဖို့ပေးထားတဲ့ စာအုပ်ကို မိတ်ဆွေတစ်ယောက် က ယူသွားတယ်"

"တစ်အုပ်တော့ ရှိပါသေးတယ်။ ကျုပ် ခဏဒါန ပြုပါ့မယ်"

"ဒါနဲ့ စကားမစပ်၊ ဒီစာအုပ်ထဲက နောကိုးတန်၊ က္ကရှစ်ချက်ဂါထာက တကယ်ပဲ အစွမ်းထက်သလား။ ဆရာပန်ရေးထားတဲ့ဒီဂါထာနဲ့ အစီအရင်တွေကရော တကယ်ထိရောက်လို့လား"

"ကျုပ်ကိုယ်တိုင် စမ်းသပ်ပြီးမှ ရေးထားတာပါ။ အခုအထိ နေ့စဉ် ဒီဂါထာကို [illegible]

တော့ မပြောနဲ့။ ဒါကြောင့် [illegible]

သုတေသနပြုနေတုန်းပဲ"

"ဟုတ်လား။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

တွေ တွေ့ရသေးလဲ''

''ဟိုတစ်လောက အိမ်မှာ ဘုန်းကြီးငါးပါးကို ဝါဆိုသင်္ကန်းကပ်လှူတယ်။ နှစ်စဉ်လှူနေကျ ဒါနတစ်ခုပါ။ ဖြစ်ချင်တော့ ဘုန်းကြီးတစ်ပါးက ကျုပ်ကို ဂါထာတစ်ပိုဒ် ချီးမြှင့်ပေးသွားတယ်။ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေ အားလုံးကောင်းသွားအောင်လို့တဲ့။ အဲဒီဂါထာကို ကြည့်လိုက်တော့ ကျုပ်ရေးခဲ့တဲ့ နောကိုးတန်၊ ဣရှစ်ချက် ဂါထာ ဖြစ်နေတယ်''

''ဟုတ်လား၊ တိုက်ဆိုင်လိုက်တာဗျာ''

''ဘုန်းကြီးက နေ့စဉ် နံနက်၊ ည ကိုးခေါက်စီ ရွတ်ပေးဖို့ မိန့်ကြားသွားတယ်။ နောက်တစ်ခု ထူးခြားတာက ရွတ်ဖတ်တဲ့အခါ ပြုလုပ်ရမည့် အစီအစဉ်နဲ့ ရရှိမယ့် အကျိုးကျေးဇူးတွေပဲ''

''အစီအစဉ်က ဘယ်လိုလုပ်ရမှာလဲ။ အကျိုးကျေးဇူးတွေကရော ဘယ်လိုရမှာလဲ။ ကျုပ်ကလည်း ဒီဂါထာကို အရမ်းစိတ်ဝင်စားနေတာပါ။ ရှင်းပြစမ်းပါဦး ဆရာပန်ရယ်''

''ဆန္ဒမစောပါနဲ့ ကိုနန္ဒရယ်။ ဖြည်းဖြည်းပေါ့''

ကျွန်တော်လည်း မနေသာတော့သဖြင့် ရွတ်ဖတ်ပူဇော်ရမည့် အစီအစဉ်လုပ်ငန်းစဉ်နှင့် ရရှိမည့် အကျိုးကျေးဇူးများကို ဘုန်းတော်ကြီး ညွှန်ကြားပြောဆိုသည့်အတိုင်း စာရေးဆရာ ဒါရိုက်တာ နန္ဒဝင်းကျော်ခေါင်ကို ပြန်လည်၍ ဖောက်သည်ချလိုက်ရပါတော့သည်။

**၁။ ကြံတိုင်းအောင်လိုသော်**

အရပ်ရှစ်မျက်နှာလှည့်၍ ရှစ်ခေါက်စီရွတ်ပါ။ ကြံတိုင်းအောင်မြင်၍ ဆောင်တိုင်းမြောက်ပါသည်။

**၂။ ဥစ္စာကိုလိုသော်**

မြေကိုကြည့်၍ နေ့စဉ်ရှစ်ခေါက်ရွတ်ပါ။ မကြာခင် ဥစ္စာများတိုးပွားလာမည်။

**၃။ ရန်ပြိုလိုသော်**

ရန်သူကို အာရုံပြု၍ ရှစ်ခေါက်ရွတ်ပါ။ ရန်အပေါင်းတင်းဝေးစေ၏။

**၄။ အမှုကြီးငယ်ပေါ်ပေါက်သော်**

အရှေ့အရပ် (တနင်္လာထောင့်)ကို မျက်နှာမူ၍ ရှစ်ခေါက်ရွတ်ပါ။ အမှုများအောင်မြင်ပါလိမ့်မည်။

**၅။ လေပြင်းတိုက်သော်**

မြောက်အရပ် (သောကြာထောင့်)ကို မျက်နှာမူ၍ ရှစ်ခေါက်ရွတ်ပါ။ မိမိထံသို့ အန္တရာယ်များ မကျရောက်နိုင်ပါ။

**၆။ မင်းမျက်သော်**

မြောက်အရပ် (သောကြာထောင့်)သို့ မျက်နှာမူပြီး ရှစ်ခေါက်ရွတ်ပါ။ မင်းမျက်ပြေပြီး ချစ်ခင်လာမည်။

**၇။ ခိုးသားဓားပြ ဆူပူကြသော်**

အရှေ့တောင်အရပ် (အင်္ဂါထောင့်)ကို မျက်နှာမူပြီး ရှစ်ခေါက်ရွတ်ပါ။ ဘေးအန္တရာယ် ကင်းငြိမ်းသွားလိမ့်မည်။

**၈။ စီးပွားလာဘ်လာဘတိုးတက်လိုသော်**

အရှေ့မြောက်အရပ် (တနင်္ဂနွေထောင့်)ကို မျက်နှာမူပြီး ရှစ်ခေါက်ပုံမှန်ရွတ်ပါက စီးပွားများတိုးတက်လာလိမ့်မည်။

**၉။ သူတစ်ပါးမကြည်ဖြူသော်**

အရှေ့တောင်အရပ် (အင်္ဂါထောင်)ကို မျက်နှာမူပြီး ရှစ်ခေါက်ရွတ်ဖတ်လိုက်ပါက ကြည်ညိုဆပွား မေတ္တာထားလာလိမ့်မည်။

**၁၀။ ခရီးသွားသော်**

သွားမည့်အရပ်ကို မျက်နှာမူပြီး ရှစ်ခေါက်ရွတ်ပြီး သွားပါ။ ဘေးရန်အန္တရာယ် ဟူသမျှ ကင်းစင်ပပျောက်စေသည်။

**နောကိုးတန် ဣရှစ်ချက်ဂါထာတော်ကြီး**

**နောရဇ္ဇတိ၊ ရဇ္ဇမာနော၊**
**နနော နနော ဥတ္တမော။**
**မာနော နနော နနော၊**



www.burmeseclassic.com

www.burmeseclassic.com

ဘုမ္မိ ရာဇာနော နနော။
ဣတိသော ဣတိပိသော ဘဂဝါ ဝုတ္တာ။
ဣဟိပန္တာ သုခါဝဟာ၊
ဣတိဗုဒ္ဓဟိ သရဏံ။
သဗ္ဗေဒေဝါ ပိယံ မမ။
ဣတိဓမ္မေဟိ သရဏံ၊
စတုရာဇာ ပိယံ မမ။
ဣတိသံဃေဟိ သရဏံ၊
သဗ္ဗေရာဇာ ပိယံ မမ။
ဣတိရတန သရဏံ၊
ပုရိသ ဣတ္ထိယာ ပိယံမမ။
ဣတိ သဗ္ဗေအန္တရာယော၊
ဝိနဿန္တု အသေသသော။

## မြန်မာပြန်

ရဇ္ဇမာနော – တပ်အပ်ပြီးသော ဝတ္ထုအာရုံ ကာမဂုဏ်တို့၌၊ နောရဇ္ဇတိ – မတပ်အပ်၊ နော – ငါ့အား၊ နေ – အလိုမရှိကုန်သော အနိဋ္ဌာရုံတို့သည်၊ န–နဿန္တု – ပျောက်ပျက်စေကုန်သတည်း။

နော–မယာ – ငါသည်၊ ဥတ္တမော – ဥတ္တမံ မြတ်လှစွာသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ န–နမာမိ – ရှိခိုးပါ၏။

နော – ငါတို့အား၊ နေ – အလိုမရှိအပ်ကုန်သော အနိဋ္ဌာရုံတို့သည်၊ န–နဿန္တု – ပျောက်ပျက်စေကုန်သတည်း။ နော – ငါ့အား၊ ဘုမ္မိ ရာဇာနော – ဘုမ္မစိုးနတ်မင်းသည်၊ န–နဿန္တု – မကောင်းသော ဘေးဒုက္ခ အန္တရာယ်အပေါင်းတို့မှ ကင်းစေသတည်း။

သောဘဂဝါ – ထိုဘုန်းခြောက်ပါး သခင်ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဣတိပိ ဣမိနာစဏာရဏောန – ဤသို့ဣဿရိယ စသည်အပြားဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း၊ ဘဂဝါ – ဘဂဝါမည်တော်မူ၏။

သောဘဂဝါ – ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဓမ္မာ – ပိဋကတ်သုံးပုံဟုဆိုအပ်သော တရားတော်မြတ်တို့ကို၊ ဝုတ္တာ – ဟောတော်မူအပ်ကုန်၏။

ဣတိ – ဤသို့၊ မန္တာ – ဘုရားသခင် ကိုယ်တော်မြတ်သည် သ ႑ဖွာယ်အပ်သော မန္တရားတို့သည်၊ သုခါဝဟာ – ချမ်း ာခြင်းကို ဆောင်တတ်ကုန်၏။

ဣတိ – ဤသို့နှလုံးပြု၍၊ အဟံ – ငါသည်။ ဗုဒ္ဓေဟိ – ဘုရားရှင်တို့ကို၊ သရဏံ – ကိုးကွယ်ဆည်းကပ်ခြင်းကို၊ ကရောမိ – ပြုပါ၏။ သဗ္ဗေ – ခပ်သိမ်းကုန်သော၊ ဒေဝါ – နတ်တို့သည်၊ မမ – ငါ့အား၊ ပိယံ – ချစ်ခင်စုံမက်နှစ်သက်ခြင်းကို၊ ကရောန္တု – ပြုကြစေကုန်သတည်း။

ဣတိ – ဤသို့၊ ဓမ္မေဟိ – မဂ်ဖိုလ်နိဗ္ဗာန်၊ ပရိယတ်အမြတ်ထွတ်ထား ဆယ်ပါးသော တရားတို့ကို၊ သရဏံ – ကိုးကွယ်ဆည်းကပ်ခြင်းကို၊ ကရောမိ – ပြုပါ၏။ စတုရာဇာ – လောကကိုစောင့်ကြပ်ကုန်သော နတ်မင်းကြီးလေးပါးတို့သည်၊ မမ – ငါ့အား၊ ပိယံ – ချစ်ခင်စုံမက်၊ နှစ်သက်မြတ်နိုးခြင်းကို၊ ကရောန္တု – ပြုကြစေကုန်သတည်း။

ဣတိ – ဤသို့၊ သံဃေဟိ – မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် ရှစ်ပါးသော အရိယာသံဃာတော်တို့ကို၊ သရဏံ – ကိုးကွယ်ဆည်းကပ်ခြင်းကို၊ ကရေမိ – ပြုပါဒ၊ ပုရိသဣတ္ထိ – ယောကျ်ား၊ မိန်းမနှစ်ပါးတို့သည်၊ မမ – ငါ့အား၊ ပိယံ – ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်းကို၊ ကရောန္တု – ပြုကြစေကုန်သတည်း။

သဗ္ဗေ – ခပ်သိမ်းကုန်သော၊ အန္တရာယော – မကောင်း သောအန္တရာယ်တို့သည်၊ ဝိနဿန္တု – ကင်းစင်လွင့်ပျောက်မကျရောက်စေကုန်သတည်း။

ဤဂါထာတော်ကို နေ့စဉ် သက်ဆိုင်ရာအရပ်များကို မျက်နှာမူပြီး အရပ်ရှစ်မျက်နှာ၀ါ လက်ယာရစ်လှည့်၍ ကိုးခေါက်စီရွတ်ပွားပါက စီးပွားတက် လာဘ်လာဘ ပေါများပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေပြီး စိတ်ချမ်းသာမှုကို ဖြစ်စေပါသည်။ အကြံအစည်များလည်း ထူးခြားစွာ အောင်မြင်လာပါလိမ့်မည်။

တက္ကသိုလ်အပန်ငယ်
၀၉–၇၃၀၀၇၁၁၆



www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူတော်ငွေပဒေသာပင် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာ အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါန မျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အဓွန့် ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် မှုပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်ကာ • • မင်းမွေကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့် • • •

ဦးညွန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။

၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်း ဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး ♦ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇

ဂေါပကအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမဆိုးယောကျ်ားရဲ့ အမှားသံသရာ

အောင်ဘသိန်း



www.burmeseclassic.com

www.burmeseclassic.com

# ပိန်းမဆိုးယောက်ျားရဲ့ အမှားသံသရာ

## အောင်ဘသိန်း

ဒုရဲအုပ်ဇော်ထွန်းနှင့် တပ်ကြပ်မြင့်မောင်တို့က အမှောင်ထုကိုအားကိုးကာ မြကန်သာရပ်ထဲသို့ တိတ်တဆိတ်လာခဲ့ကြသည်။ မှုခင်းကျူးလွန်ရေးနှင့် ခုစရိုက်မှုပပျောက်ရေးအတွက် လုည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအဖို့ ညဉ့်အခါလှုပ်ရှားသွားလာတတ်သော ဒုစရိုက်သမားများကို ကင်းပုန်းဝပ်၍စောင့်ဆိုင်းဖမ်းဆီးရသည်။ သားကောင်၏လှုပ်ရှားမှုကို မုဆိုးက လေ့လာပြီး ပစ်ခတ်ဖမ်းဆီးရသော သဘောမျိုးဆောင်လေသည်။

သူခိုးသူဝှက်တို့ကလည်း အမှောင်ထုကိုအားကိုးပြီး ခိုးမှုများကျူးလွန်တတ်ကြသည်။ အကင်းပါးသော ရဲတပ်ဖွဲ့များကလည်း သူခိုးသူဝှက်တို့၏ အခြေအနေတို့၊ အမြဲမပြတ်စောင့်ဆိုင်း လေ့လာရသည်။ ယခုလည်း စခန်းမှူး ရဲအုပ်သန်းတင်၏ တာဝန်ပေးချက်အရ ဒုရဲအုပ်ဇော်ထွန်းနှင့် တပ်ကြပ်မြင့်မောင်တို့သည် ရာဇဝတ်မှုနှင့် ပတ်သက်၍သေကာစရာဖြစ်သော မြကန်သာရပ်ထဲမှ ဆတ်ဆတ်ကြဲအမျိုးသမီး ချစ်သဲ၏အိမ်ကို လေ့လာရန် လာခဲ့ကြခြင်းဖြစ်သည်။

ချစ်သဲ၏နေအိမ်က မြကန်သာရပ်၏တောင်ဘက်အစွန်တွင် ကျယ်ဝန်းသောခြံကြီးအလယ်၌ တည်ဆောက်ထားခြင်း ဖြစ်၏။ ဒုရဲအုပ်ဇော်ထွန်းနှင့် တပ်ကြပ်မြင့်မောင်တို့က ချစ်သဲ၏ခြံဝင်းရှေ့တွင် ငုတ်တုတ်ထိုင်ကာ အိမ်ထဲမှ အခြေအနေကို လေ့လာနေမိသည်။ လျှပ်စစ်မီးမလာသဖြင့် တစ်ရပ်ကွက်လုံးသည် ပိန်းပိတ်အောင်မှောင်နေလေ၏။ တစ်ခါတစ်ရံ အရပ်ထဲမှ ခွေးဟောင်သံကို ကြားနေရသည်။ ရပ်ကွက်သူ၊ ရပ်ကွက်သားများ အိပ်မောကျနေချိန်ဖြစ်သည်။

ဒုရဲအုပ်ဇော်ထွန်းနှင့် တပ်ကြပ်မြင့်မောင်တို့သည် သစ်သားတံခါးကို ကျော်၍ခြံထဲသို့ ဝင်လိုက်ကြ၏။ အိမ်အနီးသို့ ချဉ်းကပ်လာခဲ့ကြသည်။ ထို့နောက် အိမ်ထဲသို့နားစွင့်နေမိကြလေသည်။ အိမ်ထဲမှ ဟိုသည်လမ်းလျှောက်သံ သဲ့သဲ့ကို ကြားနေရသည်။ ဒုရဲအုပ်ဇော်ထွန်းက တပ်ကြပ်မြင့်မောင်အား အိမ်ထဲသို့ အသေအချာနားစွင့်ရန် အချက်ပြသည်။

"ကျုပ်တို့ကို လူတွေက မလိုမုန်းထားဖြစ်နေတာတော့ အမှန်ပဲ။ ကျုပ်တို့ရဲ့ လုပ်ရှားမှုမှန်သမျှကို တစေ့တစောင်း အကဲခတ်နေကြတယ်။ အဲဒါကို ကျုပ်ကတော့ လုံးဝဂရုမစိုက်ပါဘူး"

ချစ်သဲ၏ စကားပြောနေသံကို ကြားရသည်။

"ညဉ့်နက်နေပြီ။ အိပ်ရာဝင်ကြရအောင်"

"ကျုပ်က မအိပ်ချင်သေးဘူး။ အိပ်လို့ရမယ်လည်း မထင်ပါဘူး"

"မင်း ဘာတွေဖြစ်နေတာလဲ ချစ်သဲ"

"ကျုပ်လူတွေကို မကျေမနပ်ဖြစ်ပြီး ဒေါသထွက်နေတယ်။ ရှင် ကျုပ်ပြောတဲ့စကားကို နားထောင်ပြီး ပျင်းနေပြီမဟုတ်လား။ ရှင်ဟာ လူညံ့တစ်ယောက်ပဲ။ ရှင့်ကို အိမ်ထောင်ဘက်တစ်ယောက်အဖြစ် ရွေးမိတာ ကျွန်မမှားတယ်။ ရှင်က ကျုပ်အတွက် ဘာမှအားမကိုးရဘူး။ အလကားလူ သွားတော့၊ အိပ်တော့"

ချစ်သဲ အိမ်ထဲတွင်လမ်းလျှောက်နေသည်။ ချစ်သဲ၏အဓိပ္ပာယ်မဲ့ ရယ်မောသံများကိုလည်း ကြားနေရသည်။ မှောင်ထဲတွင်ထိုင်ကာ နားစွင့်နေသော ဒုရဲအုပ်ဇော်ထွန်းနှင့် တပ်ကြပ်မြင့်မောင်တို့မှာ ခြင်ကိုက်သည့်ဒဏ်ကို ကြိတ်မှိတ်ခံစားနေရသည်။ အိမ်အတွင်းခန်းသို့ လျှောက်သွားသော လမ်းလျှောက်သံကို ကြားရသည်။

"ငါ အိပ်ပျော်နေတာကို ဘာလို့လာနှိုးတာလဲ ချစ်သဲရယ်။ မင်းဘာပြောချင်သေးလို့လဲ။ မနက်ကျမှပြောရင် မရဘူးလား"

ချစ်သဲ၏ယောက်ျား ကိုညိုမှိုင်း၏ဒေါသဖြစ်နေသော အသံကိုကြားရပြန်သည်။

www.burmeseclassic.com

"ရှင်က ဈေးဘက်ကိုအမြဲသွားနေတာ။ ဈေးထဲကလူတွေက ရှင့်ကို ဘာမှ မမေးကြဘူးလား၊ မစပ်စုကြဘူးလား"

"ဘာမှ မမေးကြပါဘူးကွာ"

"အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး ကိုညိုမှိုင်း။ လူတွေက ကျွန်မတို့ကို စိတ်ဝင်စားနေကြတာ။ အရှင်းဆုံးပြောရရင် ကျွန်မကို မုန်းနေကြတာ။ ကျွန်မလို အကျည်းတန်ပြီး စကားပြောမာကျောတဲ့သူကို သူတို့က မနှစ်မြို့တာ မဆန်းပါဘူး။ ရှင်သွားပါတော့၊ ဘာမှမေးလို့လည်း ရမယ်မထင်ပါဘူး"

ချစ်သဲအသံက မာကျောနေသည်။ အိမ်ထဲတွင် မည်သည့်အသံမှ မကြားရအောင် တိတ်ဆိတ်သွားသည်။ ဒုရဲအုပ်ဇော်ထွန်းက တပ်ကြပ်မြင့်မောင်ကို လက်တို့ကာ ခြံအပြင်သို့ထွက်လာခဲ့သည်။

× × ×

မြို့အစွန် ကန်စွန်းခင်းတောစပ်တွင် ယောက်ျားတစ်ဦးအသတ်ခံရသည့် သတင်းက တစ်မြို့လုံးသို့ တစ်ခဏချင်း ပျံ့နှံ့သွားသည်။ ရဲစခန်းမှူး၏ရဲအုပ်သန်းတင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ဆွေ၊ ဒုရဲအုပ်ဇော်ထွန်း၊ နယ်ထိန်း တပ်ကြပ်ကြီးခိုင်မိုး၊ တပ်ကြပ်မြင့်မောင်၊ ရဲတပ်သားတင်အေးတို့က အခင်းဖြစ်နေရာအား မြေပုံကြမ်းရေးဆွဲခြင်း၊ အခင်းဖြစ်နေရာတွင် သဲလွန်စများရှာဖွေခြင်း စသည်တို့ကို ဆောင်ရွက်သည်။ အသတ်ခံထားရသူမှာ မြို့၏တောင်ဘက် အောင်တေဇလမ်းထဲမှ မြင့်ထွန်းဆိုသူဖြစ်သည်။ မြင့်ထွန်း၏ဝမ်းဗိုက်တွင် ချွန်ထက်သော လက်နက်ဖြင့်ထိုး သွင်းခံထားရသော ဒဏ်ရာနှစ်ချက်ကို တွေ့ရသည်။ ဒဏ်ရာများမှ သွေးများယိုစိမ့်ထွက်နေသည်။ အခင်းဖြစ်ပွားရာနေရာသို့ အနီးပတ်ဝန်းကျင်မှလူများ လာရောက်ကြည့်ရှုနေကြသည်။

"ဒီကောင်က မြို့ပေါ်မှာတော့ ဖျံစာရင်းဝင်ပဲ။ မိန်းမပွေတဲ့နေရာမှာလည်း လူပြောသူပြော များလှတယ်။ အခုတော့ ပင်လယ်ဖျံမင်း ရေနစ်ခြင်းဆိုတာလို ဒီကောင့်ကို ဘယ်သူက သတ်သွားလဲ မသိဘူး"

တပ်ကြပ်မြင့်မောင်က ပြောသည်။ မြင့်ထွန်း၏အကြောင်းကို လူ တိုင်းက သိနေကြသည်။ ခင်မင်သော မိတ်ဆွေ အပေါင်းအသင်းများက ဖျံမင်းသားဟု ပြောင်လှောင်ခေါ်ကြ၏။ မြင့်ထွန်းက စီးပွားရေးလောကတွင် ကလိမ်ကကျစ် ကျသည်ဟု နာမည်ကြီးသည်။ သူ၏ အပေါင်းအသင်းအုပ်စုများမှလွဲ၍ ကျန် စီးပွားရေးလောကသားများက မြင့်ထွန်းကိုရွံမုန်းကြသည်။ မြင့်ထွန်းကလည်း လူ တိုင်းကို ထီမထင်သလိုနေပြသည်။

"ဒီလောက် လူလည်ကျတဲ့ကောင်ကို သတ်သွားတဲ့ လူသတ်တရားခံကို တော့ ဂရုထားရမှာပဲ။ ကွင်းဆက်က ပြတ်တောက်နေတယ်။ သဲလွန်စရအောင် မနည်းကြိုးစားရမယ်"

ရဲအုပ်သန်းတင်က ပြောသည်။ ဒုရဲအုပ်ဇော်ထွန်းက သေဆုံးနေသူ မြင့်ထွန်း၏အင်္ကျီအိတ်အတွင်းမှ ငွေများကို ရေတွက်နေသည်။ ငွေစက္ကူရောရာ သုံးသောင်းလေးထောင့်ခုနစ်ရာကျပ်၊ ဂဏန်း ပေါင်းစက်တစ်ခုကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ စခန်းမှူးရဲအုပ်သန်းတင် က မြင့်ထွန်း၏အလောင်းကို ရဲဆေးစာဖြင့် ဆေးရုံသို့ပို့လိုက်သည်။ ခရိုင်ရဲတပ်ဖွဲ့ မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ထံသို့ လူသတ်မှုနှင့်ပတ်သက်ပြီး စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံစာများ ရေးသား ပေးပို့ရန် ရဲစခန်းသို့ပြန်လာခဲ့ကြသည်။

× × ×

သေဆုံးသူမြင့်ထွန်းနှင့် ပတ်သက်သော ကောလဟာလသတင်းများကို ကြားနေရသည်။ ဒုရဲအုပ်ဇော်ထွန်းက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ဆွေ နှင့်အတူ လူသတ်မှုနှင့်ပတ်သက်ပြီး နေ့ မအားညမအား စုံစမ်းသည်။

"အသတ်ခံရတဲ့ မြင့်ထွန်းဟာ လွန်ခဲ့တဲ့ သုံးလေးရက်က မြကန်သာရပ်ထဲ ပွဲစားမချစ်သဲအိမ်ကို အမြဲမပြတ် ဝင်ထွက်သွားလာနေတယ်လို့ သတင်းရတယ်ဆရာ"

ဒုရဲအုပ်ဇော်ထွန်းကပြောသည်။

"ပွဲစားမ ချစ်သဲကလည်း လူတိုင်း စိတ်ဝင်စားနေတဲ့ အမျိုးသမီးပဲ။ မြင့်ထွန်းက မချစ်သဲနဲ့ စီးပွားရေးလုပ်ငန်း ကိစ္စလုပ်ကြတာ ဖြစ်လိမ့်မယ်။ လူ တကာနဲ့ အဆင်မပြေတဲ့အမျိုးသမီးက မြင့်ထွန်းနဲ့ စီးပွားရေးလုပ်ငန်းလုပ်တယ် ဆိုတော့ စဉ်းစားစရာပဲ"

"ဟုတ်တယ်ဆရာ။ မချစ်သဲက ပတ်ဝန်းကျင်က လူတိုင်းနဲ့ ဆက်ဆံတာ မဟုတ်ဘူး။ အခင်းမဖြစ်မီညက မြကန်သာရပ်ထဲက မချစ်သဲရဲ့အိမ်ကို မြင့်ထွန်း သွားတာကို မြင်တဲ့သက်သေရှိနေတယ်"

"ဒီတော့ မချစ်သဲကို ခေါ်ယူစစ်ဆေးသင့်တယ်"

"ဟုတ်တယ်။ ကိုဇော်ထွန်းအကြံ ပေးတာ မှန်တယ်။ မချစ်သဲကို စစ်ဆေး လိုက်ရင် သဲလွန်စတစ်ခုတော့ရမယ် ထင်တယ်"

× × ×



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးရဲအုပ်သန်းတင်က ရပ်ကွက်လူကြီးများ၏အကူအညီဖြင့် မချစ်သဲကိုရဲစခန်းသို့ ခေါ်ယူစစ်ဆေးသည်။ မချစ်သဲက ရဲတပ်ဖွဲ့ဝင်များကို ထိပ်မထင်သလို ကြည့်သည်။

"အဲဒီညက ကျွန်မအိမ်ကိုလာတယ်ဆိုတာ မှန်တယ်။ ကုန်ပစ္စည်းဈေးတွေ လာပြောတာ။ ခဏနေပြီးပြန်သွားတယ်။ နောက်တစ်နေ့ မနက်ကျတော့ မြင့်ထွန်းအသတ်ခံရတယ် သတင်းကြားလို့ ကျွန်မအံ့ဩနေတာ"

"အခုရက်ပိုင်း မြင့်ထွန်းက မချစ်သဲနဲ့ စကားပြောဖြစ်ကြတယ်ဆိုတော့ အင်း···မြင့်ထွန်းက သူနဲ့တစ်စုံတစ်ဦးတို့ စီးပွားရေးကြောင့်ပဲဖြစ်ဖြစ်၊ လူမှုရေးကြောင့်ပဲဖြစ်ဖြစ် စကားများရန်ဖြစ်ကြတာကို ပြောပြခဲ့တာရှိသလား"

"မြင့်ထွန်းက လူတကာအပေါ် ဖျူးနေသူဆိုတော့ မပြောတတ်ဘူး"

"မချစ်သဲအိမ်က မြင့်ထွန်းပြန်သွားတာ ဘယ်အချိန်လဲ"

"ည ၇ နာရီခွဲလောက် ရှိတယ်"

"ဘယ်သွားမယ်လို့ ပြောသွားသေးလဲ"

"ဘာမှပြောမသွားဘူး။ ဘာဖြစ်လို့လဲ"

"မြင့်ထွန်းသွားရာ လမ်းကြောင်းကို သိချင်လို့ပါ"

စခန်းမှူးရဲအုပ်သန်းတင်က မချစ်သဲကို ပြန်ခိုင်းလိုက်သည်။ အခင်းဖြစ်သည့်ညက မြင့်ထွန်း၏သွားလာမှုကို မြို့ထဲတွင်စုံစမ်းကြည့်တော့ မြို့ထဲသို့ မြင့်ထွန်းရောက်မလာကြောင်း သိလိုက်ရသည်။ မချစ်သဲကို သံသယတရားခံအဖြစ်ယူဆပီပေမဲ့ သက်သေအထောက်အထား အခိုင်အမာမရှိသဖြင့် စောင့်ဆိုင်းကြည့်ရှုနေရသည်။ မချစ်သဲက ပုံမှန်အတိုင်း သွားလာလှုပ်ရှားနေသည်။

× × ×

ဘာမှမကြာ။ နဂါးမြောင်ရပ်ထဲမှ ခင်မောင်ဆိုသူမှာ ၎င်း၏နေအိမ် အထယ်ခန်းတွင် ဓားဒဏ်ရာနှစ်ချက်ဖြင့် သေဆုံးနေသည်။ စခန်းမှူးရဲအုပ်သန်းတင်နှင့် အဖွဲ့က ချက်ချင်းသွားရောက် စစ်ဆေးခဲ့သည်။ ဓားဒဏ်ရာနှစ်ချက်ကို ဝမ်းဗိုက်တွင်တွေ့ရသည်။ အသတ်ခံရသူ ခင်မောင်သည် မချစ်သဲ၏ယောက်ျား ကိုညီမှိုင်း၏ညီအရင်းဖြစ်သည်။ လွန်ခဲ့သောတစ်ပတ်ခန့်က မချစ်သဲနှင့် ခင်မောင်သည် ငွေချေးငှားသောကိစ္စနှင့်ပတ်သက်ပြီး စကားများရန်ဖြစ်ခဲ့ကြသည်ဟု သိရသည်။ ခင်မောင်က မချစ်သဲအား တွေ့သည့်နေရာတွင် သတ်ပစ်မည်ဟု ကြိမ်းမောင်းခဲ့ကြောင်းလည်း ကြားရသည်။ ယခုတကယ်သေဆုံးရသူက ခင်မောင်ဖြစ်နေသည်။ စခန်းမှူးရဲအုပ်သန်းတင်က မချစ်သဲကို ခေါ်ယူစစ်ဆေးရပြန်သည်။

"ခင်မောင် အသတ်ခံရတာနဲ့ ကျွန်မက ဘာဆိုင်လို့လဲ"

မချစ်သဲက မချေမငံပြောသည်။

"မချစ်သဲ ဒါအရပ်ထဲမဟုတ်ဘူး။ ရဲစခန်း။ မေးတာကိုသာ ဖြေပါ။ ပြန်လည်မေးခွန်းထုတ်တာမျိုး မလုပ်ပါနဲ့"

ဒုရဲအုပ်ဇော်ထွန်းက ပြောသည်။

"သေဆုံးသူခင်မောင်နဲ့ မချစ်သဲတို့စကားများရန်ဖြစ်ခဲ့ကြတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်တယ်။ ကျွန်မဆီကချေးယူထားတဲ့ငွေကို ပြန်မပေးဘဲ ဟိုလိုလို ဒီလိုလိုလုပ်နေလို့။ အခုတော့ အသတ်ခံရပြီ။ လူလိမ်လူညာမို့ သည်းမခံနိုင်တဲ့လူကသတ်သွားတာ ဖြစ်လိမ့်မယ်"

"ကိုညီမှိုင်းက သူ့ညီအသတ်ခံရတာနဲ့ပတ်သက်ပြီး ဘာပြောတာကြားမိသေးလဲ။ ညီအစ်ကိုအရင်းတွေမဟုတ်လား"

"သူတို့ညီအစ်ကိုချင်းက စကားပြောကြတာ မဟုတ်ဘူး"

မချစ်သဲအား စနစ်တကျစစ်ဆေးပေမယ့် လူသတ်မှုနှင့်ပတ်သက်ပြီး သဲလွန်စ တစ်စွန်းတစ်စပင်မရ။ မချစ်သဲကို တစေ့တစောင်း လေ့လာကြည့်ရာ အမူအရာမပြောင်းလဲကြောင်းတွေ့ရသည်။

× × ×

"လူသတ်မှုနှစ်ခုအတွက် တရားခံဖမ်းမမိနိုင်သေးတာကို မြို့နယ်မှူးက မကြာခဏခေါ်မေးနေလို့ စိတ်ညစ်နေရတယ်"

ရဲအုပ်သန်းတင်ကပြောသည်။

"လူသတ်မှုနှစ်ခုစလုံးက သဲလွန်စရှာမရအောင် ဖြစ်နေတယ်။ ကွင်းဆက်လည်း မမိဘူး။ လူသတ်မှုတွေက ညဉ့်နက်ပိုင်းတွေမှာ ဖြစ်တာလို့ယူဆရတယ်။ ပထမအသတ်ခံရတဲ့ မြင့်ထွန်းကိုကျတော့ ငွေတစ်ပြားတစ်ချပ်မှ မယူဘဲသတ်ခဲ့တာ။ ဒုတိယအသတ်ခံရတဲ့ ခင်မောင်ကိုကျတော့ ဘာကြောင့်အသတ်ခံရတယ်ဆိုတာ ဝေခွဲရခက်နေတယ်"

"မချစ်သဲကတော့ ကျွန်တော်တို့ ခေါ်ယူစစ်ဆေးတာ ခံနေရလို့ ကျွန်တော်တို့ကို မျက်မုန်းကျိုးနေမှာပဲ"

စခန်းမှူးရဲအုပ်သန်းတင်က ပြုံးရွှင်စွာပြောသည်။

"လူသတ်မှုတွေက သူနဲ့ဆက်နွယ်နေတော့ တာဝန်အရဆောင်ရွက်ရတာပဲ။ မချစ်သဲရဲ့ လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ်ဖို့လိုတယ်"

"စိတ်ချပါခင်ဗျာ။ ဆရာမြင့်ဆွေက ကျွန်းမာရေးမကောင်းတော့ ကျွန်

www.burmeseclassic.com

တော်ပဲ တာဝန်ယူစုံစမ်းပေးနေတာပါ"

"ကျေးဇူးတင်ပါတယ်။ ကိုဇော်ထွန်းရဲ့ အရည်အချင်းကိုလည်း ကျွန်တော်သိပြီးသားပါ"

"ဟာ…စခန်းမှူးကလဲ"

× × ×

မချစ်သဲ၏ ခြံရှေ့တွင် မချစ်သဲ အသတ်ခံထားရကြောင်း မြကန်သာ ရပ်ကွက်လူကြီး ဦးဝင်းမောင်ဝင်းနှင့် ဦးသောင်းရွှေတို့က ရဲစခန်းသို့လာရောက် သတင်းပို့သည်။ စခန်းမှူးရဲအုပ်သန်းတင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ဆွေ၊ ဒုရဲအုပ်ဇော်ထွန်းနှင့်အဖွဲ့တို့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးသည်။ မချစ်သဲ၏ဝမ်းဗိုက်တွင် ချွန်ထက်သော လက်နက်ဖြင့် ထိုးသွင်းခံထားရသော ဒဏ်ရာနှစ်ချက်ကိုတွေ့ရ၏။ မချစ်သဲသည် ဒဏ်ရာကြောင့် ဝေဒနာပြင်းထန်စွာ ခံစားပြီးမှ သေဆုံးသွားပုံရသည်။ အံကြိတ်ထားသဖြင့် ယာဘက်နှုတ်ခမ်းအောက်သည် ပေါက်ပြဲကာ သွေးများ ယိုစီးထွက်နေလေသည်။

စခန်းမှူးရဲအုပ်သန်းတင်က မချစ်သဲ၏ယောကျ်ား ကိုညီမှိုင်းကို ခေါ်ယူစစ်ဆေးသည်။ ကိုညီမှိုင်းက မချစ်သဲ၏အလောင်းကိုကြည့်ပြီး ငိုနေသည်။

"မချစ်သဲ အသတ်ခံရတာကို ကိုညီမှိုင်းဘယ်အချိန်မှ သိပါသလဲ"

"မိုးလင်းတော့မှ ရပ်ကွက်ထဲက လူတွေလာပြောတာ"

"ညက ကိုညီမှိုင်းနဲ့အတူ မချစ်သဲ ရှိမနေဘူးလား"

"မနေ့မနက်ကတည်းက သူခရီးထွက်သွားတာ။ ညက သူပြန်မလာလို့ ကျွန်တော်ညဦးနက်မှ အိပ်ပျော်သွားတယ်"

"စောစောက ကိုညီမှိုင်းကို ကျွန်တော်အကဲခတ်နေမိတယ်။ ကိုညီမှိုင်းက မချစ်သဲအလောင်းကိုကြည့်ပြီး ဘာလို့ ပြုံးတာလဲ"

"ကျွန်တော့်အပေါ် အမြဲအနိုင်ယူချင်တဲ့မိန်းမ အခုသေဆုံးသွားလို့ မချိပြုံးပြုံးမိတာပါ"

ဒုရဲအုပ်ဇော်ထွန်းက မချစ်သဲ၏ အိမ်နှင့်မလှမ်းမကမ်းမှအိမ်တွင် သွားရောက်စုံစမ်းနေသည်။ သဲလွန်စတစ်ခုတော့ ရလိုက်သည်။ ထို့ကြောင့် ဒုရဲအုပ်ဇော်ထွန်းက စခန်းမှူးရဲအုပ်သန်းတင်ထံသို့သွားကာ တီးတိုးပြောပြလိုက်သည်။ ဒုရဲအုပ်သန်းတင်က အနီးတွင်ငိုင်တွေကာရပ်နေသော ကိုညီမှိုင်း၏လက်နှစ်ဖက်ကို ဆွဲ၍လက်ထိတ်ခတ်လိုက်သည်။

"ကျွန်တော့်ကို ဘာလို့…"

"မနက်ဝေလီဝေလင်း အချိန်က မချစ်သဲရဲ့အလောင်းကို ကိုညီမှိုင်းထမ်းလာပြီး ခြံအပြင်ဘက်မှာ ချထားခဲ့တာကို မြင်တဲ့မျက်မြင်သက်သေရှိထားပြီဆိုရင်ကော"

"ဗျာ"

"လာဗျာ ကိုဇော်ထွန်း၊ ကိုမြင့်ဆွေနဲ့ ရပ်ကွက်လူကြီးတွေ"

ရဲအုပ်သန်းတင်က ကိုညီမှိုင်း၏ အိမ်အတွင်းသို့သွားရောက်စစ်ဆေးသည်။ အိပ်ခန်းအတွင်းတွင် ခုတင်ပေါ်၌ ဖျာနှစ်ချပ်ယှဉ်လျက် ခင်းထားပြီး ခေါင်းအုံးနှစ်လုံးကို မြင်တွေ့ရသည်။ အိပ်ခန်းထောင့်တစ်နေရာတွင် ထူထဲသောမွေ့ရာကို မြေချကြည့်လိုက်ရာ -

"ဟင်"

"ဟာ"

မွေ့ရာပေါ်တွင် သွေးကွက်များကို တွေ့လိုက်ရသည်။

× × ×

"မင်းက ချစ်သဲကို ဘာလို့သတ်ရတာလဲ"

"ကျွန်တော့်အပေါ် အမြဲအနိုင်ကျင့်လွန်းလို့ပါ။ ချစ်သဲကခိုင်းလို့ မြင့်ထွန်းနဲ့ ခင်မောင်ကို ကျွန်တော်သတ်ခဲ့ရတယ်။ ညီအစ်ကိုချင်းသတ်မိတဲ့ အမှားကို ကျွန်တော်နောင်တရနေတုန်း ချစ်သဲက ကျွန်တော့်ကို စကားနာထိုးပြီး ကျွန်တော့်အစ်ကိုကြီးဝင်းထွဋ်ကို သတ်ခိုင်းပြန်တာကြောင့် သူ့ကိုအပြတ်ရှင်းလိုက်ရတာ။ ချစ်သဲက သူနဲ့ အဆင်မပြေတဲ့သူတိုင်းကို သတ်ခိုင်းနေတာ"

ကိုညီမှိုင်းက ပြောပြပြီးသည်နှင့် ငိုသည်။

"စိတ်ထားယုတ်ညံ့တဲ့ မိန်းမကို ပေါင်းသင်းမိတဲ့ ယောကျ်ားတိုင်းဟာ အမှားကို ဆက်တိုက်ကျူးလွန်ကြမှာပဲ ဆိုတာ ကျွန်တော့်ကိုယ်တွေ့ပါပဲ"

စခန်းမှူးရဲအုပ်သန်းတင်က ကိုညီမှိုင်း (၃၈)နှစ်အား လူသတ်မှု သုံးမှု အတွက်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂ အရ တရားရုံးကကြားနာစစ်ဆေးပြီး တရားခံ ကိုညီမှိုင်းအား မြင့်ထွန်းသတ်မှုအတွက် အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်၊ ခင်မောင်အားသတ်မှုအတွက် အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်နှင့် မချစ်သဲအား သတ်မှုအတွက် အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်၊ စုစုပေါင်း ထောင်ဒဏ် ၂၁ နှစ် ကျစေရန် အမိန့်ချမှတ်ခဲ့သည်။

မိန်းမဆိုး၏ယောကျ်ား ဖြစ်ရသော ကိုညီမှိုင်းမှာ နောင်တတရားရခဲ့ပေမယ့် ဥပဒေကပေးသော ပြစ်ဒဏ်ကို ခေါင်းငြိမ့် ပေးဆပ်ရင်း…။

**အောင်ဘသိန်း**

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ကြိုက်သော ဝတ္ထုရှည်များ


အသက် ၅ နှစ် ၆ နှစ် မူလတန်းကျောင်းသားဘဝကတည်းက ဝတ္ထုဖတ်ခဲ့သော ကျွန်တော်သည် စုံထောက်ဝတ္ထု၊ သိုက်သမိုင်း၊ အချစ်၊ ဘဝသရုပ်ဖော် စာအုပ်များစွာကို ဖတ်ဖူးခဲ့သည်။

ထိုသို့ဖတ်ခဲ့သော စာအုပ်များတွင် ကျွန်တော်အနေနှင့် စွဲလန်းနှစ်သက်ခဲ့ပါက စာအုပ်များကို ဝယ်ယူသိမ်းထား ခဲ့ပါသည်။ တခါတရံတွင် ထိုဝတ္ထုများကို သတိရသည်ရှိသောအခါ ပြန်လည် ဖတ်ရှုခဲ့သည်။

ယခုအခါ ထိုဝတ္ထုတို့ကို စာဖတ်ပရိသတ်ကို ဖတ်စေလိုသော စေတနာဖြင့် ပြန်လည်ဖော်ပြပေးပါသည်။

အကြိုက်ချင်းမတူပါက မဖတ်ဘဲ ကျော်သွားနိုင်ပါသည်။

မောင်မောင်မြင့်အေး




(ယခင်လမှအဆက်)

"အားမနာကြနဲ့နော်၊ အိမ်ရှင် မရှိဘူး၊ အားလုံး ညှိသည်တွေဘဲ၊ ဟဲ…ဟဲ…ဟဲ…"

ကုသက ရယ်သံနှင့်ပြောလိုက်ပြီး ကြည့်ပွင့်ဘေးမှ နေရာလွတ်သို့ စံကင်း မောင်ထက် ဦးအောင်ရောက်သွားကာ ထိုင်လိုက်သည်။

"ဘယ်သူချက်တာလဲ၊ မင်း ချက် တာလား မင်းမိန်းမချက်တာလား"

မြိန်ရေယှက်ရေနှင့် စားနေရာမှ မောင်ထွန်းက စားပွဲအနီးတွင် ရပ် နေသော ချစ်ပိုင်ကို မေးသည်။

"ကျွန်တော့် မိန်းမ ချက်တာပါ ခင်ဗျာ"

"အေး မင်းတော့ မိန်းမရ ကံ ကောင်းတာဘဲ၊ တော်တော်အချက် အပြုတ်ကောင်းတဲ့ မိန်းမဘဲကွ၊ အလွန်ဘဲ ကောင်းတဲ့အကြောင်း ပြောပြ လိုက်ပါ"

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

"ဘာဟင်းချက်ကျွေးရမယ် ဆို တာကောမျှား မင်းတို့သူဌေးက မှာ ထားသေးသလား"

နေအောင်ထွန်းက မေးပြန်သည်။

"မမှာပါဘူးခင်ဗျာ၊ အဆင်သင့် မယ်ထင်တာကို ကြည့်ချက်တာပါဘဲ၊ မင်းကြီးစားချင်တာများရှိရင် အမိန့် ရှိပါ၊ မနက်ဖန် ချက်ကျွေးပါ့မယ်"

"အို···မလိုပါဘူးကွာ၊ မင်းတို့ ကြိုက်တာချက်ပါ၊ ငါကတော့ စားလို့ ရပါတယ်၊ အစားအသောက်လဲ ဂျီးမ များတတ်ပါဘူး"

နေအောင်ထွန်းက ပြန်ပြောသည်။

ထမင်းစားပြီးသောအခါ ပန်း ကန်များသိမ်းသွား၍ ကြက်ဥပုတင်းကို အချိုပွဲအဖြစ်ပေးသည်။

"ကော်ဖီကတော့ ညှော်ခန်းထဲ မှာ··သာက်ကြမလား ဒီမှာဘဲသောက် ကြမလားခင်ဗျာ"

"အေး · · ·ညှော်ခန်းထဲမှာ ကောင်းပါတယ်ကွာ၊ အေးအေး ဆေးဆေးနဲ့ထိုင်ပြီး လေကန်လို့လဲ ရတယ်။

စံကင်းမောင်က ခုံးဖြတ်ချက် ချလိုက်သည်ကို ကန့်ကွက်သူမရှိဟန် ဖြင့် ဒေါက်တာ လှဇော်မင်းက ထ လိုက်သောအခါ တစ်ယောက်ပြီးတစ် ယောက် ထ၍ အခန်းထဲမှထွက်သွား ကြပြန်သည်။

ချစ်ပိုင်က မီးဖိုတက်သို့ သွား၍ လင်ပန်းဖြင့် ကော်ဖီခွက်များ ထည့်ယူ ခဲ့သည်။ ပန်းထဲတွင် နို့ခွက်နှင့် သကြားခွက်ကိုပါ ယူလာခဲ့ပြီး စားပွဲ အလယ်တွင် ချပေးသည်။

"အချိုနဲ့နို့ ကြိုက်သူများက တော့ ကြိုက်သလို သုံးဆောင်ပါ ခင်ဗျား"

ချစ်ပိုင်က ပြောပြီး အခန်း ထောင့်သို့သွား၍ ဘီဒိုကလေးတစ်လုံး ကိုဖွင့်ပြီး လက်ဆွဲတိတ်ရိုကော်ဒါတစ် လုံးကို ထုတ်ယူပြီး ဘီဒိုပေါ်တွင်တင် လိုက်သည်။

ထမင်းစားခန်းထဲတွင် မခင်ဦး သည် ပုတင်းပန်းကန်များကို သိမ်းနေ သည်။ ချစ်ပိုင်က ခါတ်ခဲဖြင့် ဖွင့်ရ သည့်ခရီးဆောင်တိတ်ရိုကော်ဒါကလေး ခလုပ်ကိုနှိပ်လိုက်သည်။

အဆိုမပါသော တီးလုံးသက် သက်ဖြစ်သည်။ ဓါတ်ပြား သို့မဟုတ် ရေဒီယိုမှ ကူးယူအသံသွင်းထားဟန် တူသည်။ တီးလုံးသံများမှာ ခေတ်ပေါ် နိုင်ငံခြားတေးများကို တီးမှုတ်ထားခြင်း ဖြစ်သည်။

ကိုယ့်ကော်ဖီပန်းကန် ကိုယ်ယူ ကာ နေရာတွင် ပြန်ထိုင်ကြသူများ သည် ဂီတသံလာရာဘီဒိုဘက်သို့ ကြည့်လိုက်ကြသည်။ အသံမှာ ကျယ်လွန်းတိုးလွန်းသည်မဟုတ်ဘဲ နားသောတဆင်သူတို့ကို အနှောင့်အ ယှက်မပေးဘဲ နားသောတဆင်နိုင်

ဘွယ်ရာမျှကို ဖြစ်လာအောင် ချစ်ပိုင် က အသံညှိပေးခဲ့ပြီး ထွက်သွားမည် အပြုတွင် ဒေါ်နှင်းဦးက ရေတောင်း၍ အခန်းထဲမှ ထွက်သွားကာ ရေတခွက် ယူလာပေးခဲ့သည်။

ညှော်ခန်းထဲမှ ပြန်ထွက်မည် အပြုတွင် တီးလုံးသံမှာ ပျောက်ကွယ် သွားကာနီးတမျှ အသံတိမ်သွားသည်။ ချစ်ပိုင်က အသံညှိရန် ဘီဒိုဘက်သို့ ပြန်သွားသည်။

"ရောက်ရှိနေကြတဲ့ ညှော်သည် အပေါင်းတို့ စိတ်ပါဝင်စားစွာနဲ့ နား သောတ ဆင်တော်မူကြပါခင်ဗျား"

တီးလုံးနောက်ခံဖြင့် ပြောလိုက် သောအသံကြောင့် ချစ်ပိုင် အသံညှိ ရန် ရောက်သွားသောလက်တွန့်ဆုတ် သွားသည်။

ဤအသံထွက်လာမည်ဖြစ်၍ တီးလုံးသံ ပျော့သွားကြောင်း ဖြစ်ပေ သည်။

* * *

(၁၀)

နားသောတ ဆင်တော်မူကြပါ ညှော်သည် အမျိုးသမီး အမျိုးသား အပေါင်းတို့ခင်ဗျား"

ဒုတိယအကြိမ် အသံထွက်ပေါ် ပြန်သည်။ တီးလုံးသံကို ခပ်တိုးတိုး ကြားနေရပေသေးသည်။ သို့သော် တီးလုံးသံပြောင်းသွားသည်။

အနောက်နိုင်ငံ ရုပ်ရှင်ဇာတ် ကားများတွင် စိတ်လှုပ်ရှားဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ရင်ဖိုဘွယ်ရာ အခန်းများတွင် "အပို" တီးလုံးသံမျိုး ဖြစ်လာသည်။

အသင်တို့သည် အောက်တွင် ဖော်ပြပါ လူသတ်မှုတို့ကို ကျူးလွန်ခဲ့သည်ဖြစ်၍ သေဒဏ်အပြစ် ပေးလိုက်သည်။

စကားတလုံးချင်း ပီပီသသ ထွက်ပေါ်လာသည်။

ဒေါက်တာ လှဇော်မင်း...

၁၉၅၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့က မပြည့်နှင်းအမည်ရှိသော အမျိုးသမီးတစ်ယောက်ကို သေစေခဲ့သည်။

ဒေါ်နှင်းဦး...

၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့က မခင်မွှေးသေဆုံးမှုနှင့် ပတ်သက်၍သင်၏တာဝန်နှင့် မကင်းခဲ့ပေ။

ဖိုးသာအေး...

၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့က သေဆုံးခဲ့သော မျိုးညွှန့်သည် အသင်၏ ပယောဂပင်ဖြစ်ခဲ့သည်။

ဗိုလ်ကုသ...

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက သောင်းကျန်းသူများနှင့် ရင်ဆိုင် တိုက်ပွဲတစ်ပွဲတွင် သင်သည် တကိုယ်ကောင်း အလွတ်ထွက်ပြေးခဲ့သောကြောင့်တိုင်းပြည်၏သားကောင်းရဲဘော် နှစ်ဆယ့်တစ်ယောက်မှာ ရန်သူ့လက်ချက်ဖြင့် မသေသင့်ဘဲ သေကုန်ကြရသည်မှာ သင်၏ တာဝန်ပင်ဖြစ်ခဲ့သည်။

ဗိုလ်မှူးစံကင်းမောင်...

၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့က ရန်သူ့အင်အားများသည်ကို သိပါလျက်နှင့် ရန်သူ၏လက်ချက်ဖြင့် သေရမည်ကို ချွင်းချက်မရှိ ယုံကြည်သောကြောင့် သင်၏ဇနီးနှင့် ကျူးလွန်နေသောသင်၏လက်အောက် ငယ်သားအရာရှိ ဗိုလ်စိန်အောင်ကြီးကို အကြောင်းတခုပြ၍ရန်သူ့နယ်မြေထဲသို့ လွှတ်ခဲ့သည်။ စိန်အောင်ကြီး သေနတ်ဒဏ်ရာ ရစ်ချက်ဖြင့် သေဆုံးခဲ့ရသည်မှာ သင်ကိုယ်တိုင် ပစ်သတ်ခဲ့သည်နှင့် မခြားခဲ့ပေ။

ရန်အောင်သိန်း...

တမြန်နှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က ကိုခွေးလေးနှင့် မဝက်ခလေး မောင်နှမကို အသင်သတ်ခဲ့သည်။

မောင့်ချစ်ပိုင်နှင့် မခင်ဦး...

၁၉၅၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့က သေဆုံးသွားခဲ့သော အမေဆုံဆိုသူ အဖွားကြီးမှာ သင်တို့လင်မယား၏ လက်ချက်ကြောင့် သေရခြင်းပင်ဖြစ်သည်။

ဦးနေအောင်ထွန်း...

၁၉၅၄ ခုနှစ်၊ ဂျူလိုင်လအတွင်းက မောင်ဆက်ခိုင် ဆိုသူကို မသေမချင်း သတ်ရန်ပေးခဲ့သော ကြီးမိန့်သည် သင့်အနေနှင့် လူသတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဤ သေဒဏ်အမိန့်သည် အသနားခံလုံးဝကင်းမဲ့သည့် အမိန့်ဖြစ်သည်။

မကြည်ပွင့်...

၁၉၅၉ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့က ကလေးတင်၏သားကလေးကို ရေနှစ်သတ်ခဲ့သည်။

တူရိယာ တီးလုံးသံသည် ပို၍ကျယ်လာပြီး ဆတ်ကနဲရပ်သွားသည်။ အနောက်နိုင်ငံ တီးလုံးမှ ရုတ်တရက် မြန်မာဇာတ်ပွဲဒိုးချင်းတီးလုံးသံ ခပ်ကျယ်ကျယ် ထွက်လာသောအခါ နားသောတ ဆင်သူတို့အဘို့ ကြောင်တက်တက် ဖြစ်သွားကြသည်။

ဆိုင်းဝိုင်းကြီးမှ ဒိုးချင်းတီးလုံးရပ်သွားသည်အထိ အိမ်ထဲရှိလူများမှာ ကြောင်တက်တက် ဖြစ်နေကြကာ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ဘဲ ငေးနေကြသည်။

* * *

ပထမဆုံး လှုပ်ရှားလာသူမှာ ဗိုလ်ကုသဖြစ်သည်။

ကုသသည် လက်ထဲတွင် ကိုင်ထားသော ကော်ဖီပန်းကန်ကို စားပွဲပေါ်တင်လိုက်ပြီး ဆတ်ကနဲ ထကာ ခြေလှမ်းကျဲကျဲဖြင့် ချစ်ပိုင်နောက်သို့လျှောက်သွားပြီး ချစ်ပိုင်၏ ပခုံးတဘက်ကို ကိုင်၍ သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

"ဟဲ့...ဟဲ့...မောင်ကုသ"

ဒေါ်နှင်းဦးက ဒေါ်နှင့်ယောနှင့် ဖြစ်နေသော ကုသ ခြေဖွနှံလက်

www.burmeseclassic.com

လွန်ဖြစ်သွားမည်စိုးရိမ်သဖြင့် ဟန့်လိုက်သည်။

ထမင်းစားခန်းဘက်မှ ဝုန်းကနဲ ကုလားထိုင်လဲသံနှင့်အတူ ပန်းကန်ပေါင်းများစွာ ကြမ်းပေါ်သို့ကျပြီး ကွဲသံတို့ ဆူညံသွားသည်။ အမယ်လေးဟု အော်လိုက်သော မခင်ဦး၏အသံကို ကြားရသည်။

ကုသသည် ချာကနဲလှည့်ကာ ဒအသံကြားရာဆီသို့ ပြေးသွားသည်။

ထမင်းစားခန်းထဲတွင် ကုလားထိုင်တစ်လုံးလဲနေ၍ ပန်းကန်ကွဲများ ပြန့်ကြဲနေသော ကျမ်းပေါ်၌ မခင်ဦးမှာ မှောက်လျက်လဲနေသည်ကို တွေ့ရသည်။ နောက်မှ လိုက်သွားသော ချစ်ပိုင်က ပျာပျာသလဲ ဘေးမှ ဒူးထောက်လျက် မခင်ဦးကိုပွေ့ပြီး ပက်လက်လှန်လိုက်သည်။

"မခင်ဦး . . . မခင်ဦး"

ကိုယ်ကိုလှုပ်၍ ခေါ်သည်။

ကွယ်၍ရပ်နေသော ကုသကို လက်နှင့်ဘေးသို့ ဖယ်သော ဒေါက်တာလူဇော်မင်းက ဘေးမှဝင်လျက် မခင်ဦး၏ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်သည်။ ထို့နောက် မှိတ်နေသောမျက်စိကို ဖြဲ၍ကြည့်သည်။

"လန့်ပြီး သတိမေ့သွားတာပါ။ ဟိုဘက်ခန်းထဲ ပွေ့ယူသွားကြရင် ကောင်းမယ်"

ဒေါက်တာက မတ်တတ်ထရင်း ပြောလိုက်လျှင် ကုသကခြေရင်းဘက်မှ ကုန်းလိုက်ကာ မခင်ဦး၏ ခါးကောက်ကွေးဆီသို့ လက်လျှိုရင်း ချစ်ပိုင်ကို မေးငေါ့ပြလိုက်သည်။ ထမင်းစားခန်း တံခါးပေါက်ဝမှ ရပ်ကြည့်နေကြသော မကြည်ပွင့်နှင့် နေအောင်ထွန်းတို့က လမ်းဖယ်ပေးကြသည်။

မခင်ဦးအား နှစ်ယောက်ထိုင်ဆိုဖါပေါ်သို့ တင်ပြီးသောအခါ လူဇော်မင်းက ဘေးမှဒူးထောက်ပြီး ဒေါ်နှင်းဦးပေးသော နာပုလင်းဖြင့် နှာခေါင်းအနီးတေ့ထားပြီး လက်ဝါးဖြင့် ပါးနှစ်ဘက်ကို ခပ်ဆတ်ဆတ် တဖျတ်ဖျတ်နှင့်မြည်အောင် ဘယ်ပြန်ညာပြန် သုံးလေးချက်ရိုက်သည်။

"မခင်ဦး . . . မခင်ဦး"

လူဇော်မင်းက ပါးစပ်မှလည်း နာမည်ကိုခေါ်ပေးသည်။

"ဟင်း . . ."

မခင်ဦးသည် သက်ပြင်းကြီးတစ်ချက်ချပြီး ရှိုက်ကာ အသက်ရှူလိုက်ရင်း မျက်လုံးများနှင့်ကြည့်သည်။

"ဘရန်ဒီ ယူခဲ့စမ်း မြန်မြန်"

လူဇော်မင်းက လှည့်မကြည့်ဘဲ ပြောလိုက်လျှင် ချစ်ပိုင်သည် ထမင်းစားခန်းထဲသို့ ပျာပျာသလဲ ပြေးသွားကာ ဘရန်ဒီပုလင်းနှင့် ဖန်ခွက်ကိုယူလာသောအခါ မခင်ဦးမှာ ဆိုဖါကိုမှီ၍ ထိုင်နေပြီးဖြစ်သည်။ ဘရန်ဒီပုလင်းနှင့်ဖန်ခွက်ကို နေအောင်ထွန်းကယူ၍ လက်နှစ်လုံးခန့် ဖန်ခွက်ထဲသို့ ထည့်ပြီး မခင်ဦးကို ပေးသည်။

"ဟင့်အင်း . . ကျမ မသောက်ပါရစေနဲ့"

"အို . . . ဒါက ဆေးအဖြစ်ပါ။ သောက်လိုက်စမ်းပါ"

ဆရာဝန်က ပြော၍ပေးမှ မခင်ဦးက ဖန်ခွက်ကိုယူကာ မျက်စိမှိတ်ပြီး မော့ချလိုက်သည်။

"ဟား . . . ပူလိုက်တာ"

မျက်နှာရှုံ့မဲ့၍ ပြောရင်း တကိုယ်လုံး တုန်ပြလိုက်သည်။

"ရှိကော်ဒါထဲက စကားပြောတဲ့လူက ဘယ်သူလဲ"

မကြည်ပွင့်က မေးသည်။

ရန်အောင်သိန်းသည် တိတ်ရှိကော်ဒါအနီးသို့ ရောက်နေလျက် တိတ်ခွေပြန်၍ ရပ်သည့်ခလုတ်ကိုနှိပ်ကာ စောင့်နေသည်။

"နောက်စရာမရှိ ကြံကြံဖန်ဖန် ဒီလိုဘဲ နောက်ရသလားကွာ"

ဗိုလ်မှူးစံကင်းမောင်ကကြောက်ပြီး တောက်တချက်ခေါက်သည်။

"အသံက အာလုပ်သံကြီးနဲ့ ပြောတာဆိုတော့ တမင်သက်သက် အသံဖျက်ပြီး သွင်းထားတာဘဲ"

ဖိုးသာအေးက နဖူးမှချွေးများကို လက်ကိုင်ပုဝါဖြင့် သုတ်ရင်းပြောသည်။

ရန်အောင်သိန်းသည် တိတ်ခွေပြန်ရပ်ပြီး အသံကို တိုးတိုးထား၍



www.burmeseclassic.com

www.burmeseclassic.com

နားကပ်ထောင်ပြီး သူလိုသော နေရာသို့ရောက်သောအခါ အသံချဲ့ပေးလိုက်သည်။

"အသင်တို့သည် အောက်ဖော်ပြပါ လူသတ်မှုတို့ကို ကျူးလွန်ခဲ့သည်ဖြစ်၍ သေဒဏ်အပြစ်ပေးလိုက်သည်"

"ဒေါက်တာ လူဇော်မင်း ၁၉၅၆ ခုနှစ်"

"ပိတ်လိုက်ပါရှင့်…ပိတ်လိုက်စမ်းပါရှင်"

မကြည်ပွင့်က အသံစူးစူးရှရှနှင့် အော်ရင်း နားနှစ်ဘက်ကို လက်ဝါးများကပ်ကာ မျက်စိမှိတ်ရင်း ပြောလိုက်သည်။

ရန်အောင်သိန်းက ခလုပ်ကို ဖိနှိပ်လိုက်၍ ပိတ်သွားသည်။

"ကြံကြံဖန်ဖန် နောက်စရာမရှိ နောက်ကြတာဘဲ"

ဒေါက်တာ လူဇော်မင်းက လေသံခပ်အေးအေးနှင့် ပြောလိုက်သည်။

"အော်…နောက်တယ်လို့ ထင်တယ် ဟုတ်လား"

မင်းကြီး နေအောင်ထွန်းက မေးသည်။

"နောက်တာမဟုတ်လို့ ဘာဖြစ်မှာလဲ"

လူဇော်မင်းက နေအောင်ထွန်းကိုပြန်ကြည့်ကာ ပြောလိုက်သည်။

ဆိုဖါနောက်မှီကို ကျောကပ်နေရာမှ ကျောခွာလိုက်ပြီး သူ၏မေးဖျားကို လက်ညှိုးကလေးဖြင့် ပွတ်ရင်း စဥ်းစားပြီးမှ…

"အင်း…အခုလောလောဆယ်တော့ တိတိကျကျ စဥ်းစားလို့ မရသေးဘူး"

နေအောင်ထွန်းက လူဇော်မင်း၏ မျက်နှာအမူအရာကို အကဲခတ်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ဒါကနေပါအုံး…ဒီရီကော်ဒါကို ကိုချစ်ပိုင်က ဘာကြောင့်ဖွင့်တာလဲ၊ ဒီတိတ်ခွေက ဘယ်က ရတာလဲ ဆိုတာ အဖြေပေးဖို့ ကောင်းတယ်"

ရန်အောင်သိန်းက လူဇော်မင်းနှင့် ချစ်ပိုင်တို့ကို တလှည့်ကြည့်၍ ပြောသည်။

"ဟုတ်တယ်…ဟုတ်တယ် မောင်ချစ်ပိုင် ဒီကိစ္စကို ရှင်းပြဖို့ မင်းမှာ တာဝန်ရှိနေတယ်"

နေအောင်ထွန်းက ချစ်ပိုင်အား တရားသူကြီးက အမှုထင်ရှားသော လူသတ်မှုတရားခံအား ကြည့်သည့် အကြည့်မျိုးဖြင့် ကြည့်ကာ မေးလိုက်သည်။

"ကျွန်တော်လဲ သူဌေးရဲ့အမိန့်အတိုင်း လုပ်တာပါ ခင်ဗျာ…ညသုံးသည်တွေ ကော်ဖီသောက်တဲ့အချိန်မှာ ရီကော်ဒါကို ဘီဒိုထဲကထုတ်ပြီး တိတ်ခွေအသင့် တပ်ထားတဲ့အတိုင်းဘဲ ခလုပ်ကို နှိပ်ပြီးဖွင့်ရမယ်၊ အသံသိပ်ကျယ်နေရင် ညှိပေးပါဆိုတဲ့ အတိုင်း လုပ်တာပါဘဲ"

ချစ်ပိုင်က ပြောပြသည်။

"အင်း…ယုံချင်စရာ စကားကလေးတွေဘဲ"

"တကယ်ပါ ခင်ဗျာ…အမှန်ပါ၊ ကျွန်တော် မလိမ်ပါဘူး…ရောက်ကထဲက ဘီဒိုထဲမှာ ရီကော်ဒါရှိမရှိ တိတ်ခွေတပ်ထားပြီး ရှိမရှိကလွဲလို့ ဘာမှ လုပ်မကြည့်မိပါဘူး၊ ကျွန်တော်သိနေရင် ကျွန်တော်တို့ လင်မယား နာမည်ပါနေတဲ့ တိတ်ခွေကို ဖွင့်ပါ့မလား ခင်ဗျာ"

ချစ်ပိုင်က ပြန်ပြောသည်။

"အေး…တော်တော်ကောင်းတဲ့ ထုချေချက်ကလေးဘဲ"

နေအောင်ထွန်းက ပြန်ပြောသည်။

နေအောင်ထွန်းက တကယ်ပင် ပြောလေသလား၊ သို့မဟုတ် ခနဲ့၍ ပြောလေသလား ဟူ၍ကား တရားသူကြီး တစ်ယောက်ပီပီ မျက်နှာတည်ကြည်လှ၍ မည်သူမှ အကဲ မခပ်နိုင်ကြပေ။

* * *

(၁၁)

"ကျုပ်တို့ကို ဒီလိုဘိတ်ခေါ်ပြီး စော်ကားတာမျိုးတော့ မခံနိုင်ဘူးဗျာ အသက်ချင်းလဲချင်ရင် လဲလိုက်ပါရစေဗျာ၊ အဲဒီသူဌေးဆိုတဲ့ သတ္တဝါ အနားမှာရှိရင်တော့…ဟင်း"

ဗိုလ်မှူး စံကင်းမောင်သည် ဒေါသ ပါပါနှင့် အံကြိတ်ကာ ပြောရင်း

www.burmeseclassic.com

သူ့ရေမှ စားပွဲကို လက်သီးဖြင့် ဝုန်းကနဲထုလိုက်သည်။

"ဒီသူဌေးဆိုတဲ့ ဟာတွေက ဘယ်လိုဟာတွေလဲ မသိပါဘူး"

ဒေါ်နှင်းဦးက ပြောသည်။

"ဟုတ်တယ်--အဲဒီအကြောင်း ဆွေးနွေးကြဘို့ သင့်တယ်...မောင်ချစ်ပိုင် မင်းဇနီးကို အနားယူပါစေကွာ၊ ပို့ပြီးပြန်လာခဲ့ပါ..."

နေအောင်ထွန်းက အာဏာသံနှင့် ပြောဆိုလိုက်သည်။

"ကျမ လိုက်ပို့ပေးပါ့မယ်"

မကြည်ပွင့်က မခင်ဦး၏ ဘေးမှတွဲ၍ ရပ်ရင်း ပြောသည်။

ချစ်ပိုင်တို့ လင်မယားနှင့် မခင်ဦးတို့ ထွက်သွားသည်ကို ကြည့်ရင်း-

"တခြားလူတွေတော့ မသိဘူး ခင်ဗျာ၊ ကျွန်တော်တော့ တစ်ပတ်လောက်ဖြစ်ဖြစ် ထပ်သောက်မှ ဖြစ်တော့မယ် ထင်တယ်၊ စိတ်အနှောင့်အယှက် တော်တော်များများ ဖြစ်သွားခဲ့တယ်"

ရန်အောင်သိန်းက သောက်ဖော်ညှိဟန်ဖြင့် ဦးနေအောင်နှင့် စံကင်းမောင်တို့ကို တလှည့်စီကြည့်သည်။

"သဘောတူတယ်"

ဗိုလ်ကသာက ထောက်ခံသည့်အနေနှင့် ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်သည်။

"ကျွန်တော် သွားယူခဲ့မယ်"

ရန်အောင်သိန်းက ပြောပြောဆိုဆို အခန်းထဲမှ ထွက်သွားကာ တဘက်ခန်းဘက်သို့သွားသည်။ ဘန်းထဲတွင် အရက်ပုလင်းနှင့် ဖန်ခွက်များထည့် ဆော်ဒါပုလင်းများထည့်၍ ပြန်ရောက်လာသည်။

"ရေခဲတော့ မပါတော့ဘူး ခင်ဗျာ"

"ရေခဲလိုချင်တာ မဟုတ်ပါဘူးဗျာ၊ အရက်လိုချင်တာပါ"

စံကင်းမောင်က စားပွဲပေါ်မှ ကော်ဖီပန်းကန်များကို အလယ်သို့စု၍ ရန်အောင်သိန်းလက်ထဲမှ ဘန်းချထားနိုင်ရန် နေရာရှင်းပေးရင်း ပြောသည်။

ရောက်နေပြီးဖြစ်သော ဘရန်ဒီပုလင်းကို ကိုင်၍ ရန်အောင်သိန်းက နေအောင်ထွန်းကို ကြည့်ရာ ခေါင်းညိတ်ပြလိုက်သဖြင့် ရန်အောင်သိန်းက ဖန်ခွက်ထဲသို့ ငှဲ့ထည့်သည်၊ ထို့နောက် ဆိုဒါနှင့်ရောနေစဉ် နေအောင်ထွန်းထလာကာ ဖန်ခွက်ကိုယူသည်။

စံကင်းမောင်က ဝီစကီပုလင်းငှဲ့သည့်တာဝန်ယူသည်။ ဧည့်သည်အချင်းချင်းဖြစ်ကြ၍ အားနာသည့်အမှုအရာဖြင့် နေရာမှထလာကြကာ ကိုယ့်ဖန်ခွက် ကိုယ်ယူကြသည်။

"ရော့ ရော့...မင်းလဲ တစ်ခွက်လိုတယ်၊ သောက်လိုက်",

ဝင်လာသော ချစ်ပိုင်ကို နေအောင်ထွန်းက ဝီစကီ ဖန်ခွက်တစ်လုံးကို ပေးသည်။

"ရော့ မင်းကော"

နောက်ဖန်ခွက်တစ်လုံးကို လှဖော်မင်းက မကြည်ပွင့်ကို ပေးရာ-

"ဟင့်အင်း...ကျမက ဘရန်ဒီဘဲသောက်ပါ့မယ်"

မကြည်ပွင့်က ငြင်း၍ စံကင်းမောင်က ဖန်ခွက်ကို ပြန်ချလိုက်လျှင် နေအောင်ထွန်းက စားပွဲပေါ်မှ ဘရန်ဒီထည့်ပြီး ဖန်ခွက်ကို မကြည်ပွင့်အား ပေးသည်။

"အန်တီကောဘာသောက်မလဲ"

ရန်အောင်သိန်းက ဒေါ်နှင်းဦးကိုမေးသည်။

"ကော်ဖီရှိပါတယ်၊ အန်တီ မသောက်တတ်ဘူး"

ဒေါ်နှင်းဦးက ဆိုဖါဘေး စားပွဲကလေးပေါ်မှ ကော်ဖီခွက်ကိုပြရင်း ပြန်ပြောသည်။

"ကဲ...ကဲ...မောင်ချစ်ပိုင်ဆီက သိချင်တာတွေ မေးရမယ် ဒေါ်ကြည်ကြည်ညွန့် ဆိုတာက ဘယ်သူလဲ"

နေအောင်ထွန်းက မေးပြီး ဖန်ခွက်ထဲမှ အရက်ကို တဖြည်းဖြည်း သောက်ရင်း ချစ်ပိုင်၏ မျက်နှာအမူအရာကို ကြည့်နေသည်။

"ဒီအိမ် ပိုင်ရှင်ရဲ့ဇနီး သူဌေးကတော်ပါ"

"ဒါတော့ ကျုပ်သိပါတယ်"

"သူယောကျ်ား သူဌေးနာမည်က ဦးစိန်မောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"သူတို့က ဘယ်လိုလူစား တွေလဲ"

နေအောင်ထွန်းကမေးရင်း ဖန်ခွက်အလွတ်ကိုချလိုက်သည်။ အိန္ဒြေဆည်၍ တရားသူကြီး လုပ်ခဲ့သူပီပီ ခပ်တည်တည်နှင့်နေရသော်လည်း သူလည်း တစ်စုံတစ်ခုကြောင့် စိတ်လှုပ်ရှား နေဟန်တူသည်။ ဖန်ခွက်ထဲမှ အရက်များကို အမှတ်မထင် မော့ချလိုက်သောကြောင့် ဖြစ်၏။ ဒေါက်တာလူဖော်မင်း၏ အရက်ခွက်မှာ တစ်ဝက်မျှပင် မကုန်သေးပေ။ စံကင်းမောင်၏ ဖန်ခွက်မှာ တစ်ဝက်မျှ ကုန်နေပြီဖြစ်သည်။

"ဒါတော့ ကျွန်တော်မပြောတတ်ပါဘူးခင်ဗျာ၊ ကျွန်တော် သူတို့ကို တစ်ခါမှ မမြင်ဘူးသေးပါဘူး"

ချစ်ပိုင်၏ ထိုစကားကြောင့် အားလုံးက ချစ်ပိုင်အား ဆတ်ခနဲ မော့ကြည့်လိုက်ကြသည်။

"ဘာပြောတယ်...မင်းတစ်ခါမှ မတွေ့ဘူးသေးဘူး ဟုတ်လား"

စံကင်းမောင်က မေးသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ လင်မယားကို အလုပ်ပေးတာဟာ စာနဲ့ရေးပြီးပေးတာပါ၊ ငွေတွေလဲ ပြည့်ပြည့်စုံစုံ စာအိတ်နဲ့ထည့်ပေးပြီး ပို့တာပါ၊ ကျွန်တော်တို့ အလုပ်မှာ တစ်ပတ်လောက်ဘဲ ရှိပါသေးတယ်ခင်ဗျာ၊ ဒီအိမ် ဒီအခြေအနေရောက်အောင် သန့်ရှင်းရေးကို ကျွန်တော်တို့ လင်မယားကဘဲ လုပ်ပါတယ်"

"ဘာပြောတယ်၊ မင်းမလာခင်က ဒီမှာ လူမနေဘူး ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ပရိဘောဂတွေ အစုံရှိပါတယ်၊ ပန်းကန်အိုးခွက်တွေလဲ ရှိပါတယ်၊ ဆန်ဆီဆား အားလုံးလဲပြည့်ပြည့်စုံစုံ တွေ့ရပါတယ်"

"အင်း...တော်တော် ထူးဆန်းတာပါကလား"

ဖိုးသာအေးက ဖန်ခွက်ထဲ အရက်ထပ်ဖြည့်ရင်း ပြောသည်။

"ပြောပါအုံး"

"အခုအချိန်အထိ ကျွန်တော့်သူဌေးကို မမြင်ရဘဲ သူ့ဆီကရတဲ့ စာတွေနဲ့ဘဲ အလုပ်လုပ်ခဲ့ရပါတယ်"

"အဲဒီစာကော"

ညွှန်ကြားချက်ကို နားလည်ပြီးရင် စာကို မီးရှို့ပစ်ရမယ်လို့ အမိန့်တစ်ခါထဲပါလို့ ခိုင်းတဲ့အတိုင်း လုပ်ပါတယ်၊ အိမ်စောင့်ထမင်းချက် အလုပ်လုပ်ရာမှာ လင်မယားနှစ်ယောက်ကို တစ်လခြောက်ရာနှင့် လစာငွေ ပေးပါတယ်။

ကြိုတင် ပေးထားတာကြောင့်လဲ ဒီလိုအလုပ်မျိုး ဘယ်သူမလုပ်ဘဲ နေပါ့မလဲ ခင်ဗျာ၊ ပြီးတော့လဲ ဈေးသုံးအိမ်သုံး စရိတ်အဖြစ်နဲ့ ငွေငါးရာ သက်သက် ပေးထားပါသေးတယ်။ အဲဒါကိုကော စာရင်းထားရမယ်ဆိုလို့ စာရင်းထားပါတယ်။ ဒါပေမဲ့ နောက်ဆုံးရောက်တဲ့ စာကတော့ ခိုင်းထားတာတွေများနေတာမို့ မီးမရှို့သေးပါဘူး။ ဒီမှာ ရှိပါသေးတယ်"

ချစ်ပိုင်က သူ၏ ရှပ်အင်္ကျီအိတ်ထဲမှ စာရွက်ခေါက်ကလေးကို ထုတ်ပေး၍ နေအောင်ထွန်းက လှမ်းယူလိုက်သည်။

လက်နှိပ်စက်ဖြင့် ရိုက်ထားသောစာဖြစ်သည်။ လက်မှတ်ရေးထိုးထားခြင်းမပြုသော်လည်း စာ၏အောက်နားတွင် ဦးစိန်းမောင် မညွှန့်ညွှန့်ကြည် အမည်ကို လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသည်။

"ဒီစာဘယ်လို ရသလဲ"

နေအောင်ထွန်းကမေးရင်း လက်ထဲမှစာကို ရန်အောင်သိန်းကို ပေးလိုက်သည်။

မော်လမြိုင်က နေပျော်ပျော် ဟိုတယ်ကို စာတိုက်က ရောက်ပါတယ်၊ ကျွန်တော်က မြို့ပေါ်ရောက်တဲ့အခါ စာရှိ မရှိ သွားမေးရပါတယ်"

"အင်း...စာကတော့ ရိုမင်တန် လက်နှိပ်စက်နဲ့ ရိုက်တာဘဲ ခင်ဗျ။ စားလုံးတွေကကြီးတယ်၊ ဒီလို လက်နှိပ်စက်မျိုး တစ်လုံး ကျွန်တော့်ဆီမှာတောင် ရှိပါသေးတယ်"

ရန်အောင်သိန်းက ပြောသည်။

နေအောင်ထွန်းက စာကိုပြန်ယူပြီး စားပွဲပေါ်တွင် ချထားလိုက်သည်။ သူ့လက်ပတ်နာရီကိုကြည့်

www.burmeseclassic.com

သည်။ ရုပ်အင်္ကျီအိတ်ထဲမှ ဆေးပုလင်းငယ်ကလေးကို ထုတ်၍ ဆေးတခဲထုတ်ယူကာ ပါးစပ်ထဲသို့ပစ်ချကာ မျိုချလိုက်သည်။ ပုလင်းကိုပြန်ပိတ်ကာ အိတ်ထဲသို့ ထည့်လိုက်ပြန်သည်။

"ပြဿနာကတော့ တော်တော်ရှုပ်တဲ့ ပြဿနာဘဲဗျ။ ကျုပ်တို့တတွေ သိသလောက်ကို တစ်ယောက်နဲ့တစ်ယောက် အသိဉာဏ် ဖလှယ်ရမဲ့ အခြေအနေမျိုး ဆိုက်ရောက်နေပြီ၊ ဒီတော့ ကျုပ်ကစပြီး ကျုပ်သိတာကို ပြောမယ်"

နေအောင်ထွန်းက နောက်သို့ တလှမ်းနှစ်လှမ်းပြန်ဆုတ်ရင်း ပြောကာ ဒေါ်နှင်းဦး၏ မျက်နှာကို ကြည့်လိုက်သည်။

"ကျုပ်တို့ လာခဲ့တာတော့ ကျုပ်မိတ်ဆွေ မကြည်ကြည်ညွန့်ရဲ့ ဘိတ်ခေါ်ချက်အရ လာခဲ့တာဘဲ၊ ကျုပ်သိတဲ့ မကြည်ကြည်ညွန့်က မှဆိုးမပါ။ သူ့ယောက်ျားက စိန်းမောင်ဆိုတာလဲ မဟုတ်ဘူး၊ မကြည်ကြည်ညွန့်ရဲ့ အသက်ဟာ ခြောက်ဆယ်တွင်းမှာ ရှိပါလိမ့်မယ်"

နေအောင်ထွန်းက ဆက်လက်ပြောသည်။

"ခြောက်ဆယ်တွင်းမှာ ရှိတယ်ဆိုရင်ဟင်း-ဦးစိန်းမောင်မိန်းမ မဟုတ်နိုင်ပါဘူး။ ကျမစာထဲမှာပါတော့ သူတို့မှာ ခလေးငယ်နှစ်ယောက်ရှိတယ်၊ သူ့ဇနီးက ဖေါက်ပြန်သွားလို့ ခလေးတွေစောင့်ရှောက်ရင်း ဆိုသ သို ကျမကိုဌားတာပါ၊ စာရေးတဲ့လူဂ က်မှတ် ဖတ်လို့မရပါဘူး"

မကြည်ပွင့်က ပြောသည်။

"အဲဒီစာ ရှိသလား"

"ဟုတ်ကဲ့...ကျမ့ဆီမှာ ရှိပါတယ်"

မကြည်ပွင့်က ဆိုဖါလက်တင်ပေါ်တွင် ချထားသော လက်ပွေ့အိတ်ထဲမှ စာကိုပေးလိုက်သည်။

နေအောင်ထွန်းက ပထမ စာအိတ်ကိုကြည့်ပြီး အတွင်းမှစာကို ထုတ်မှု၍ ဖတ်ကြည့်သည်။

"အင်း . . .ကျုပ်ဆီလာတဲ့ စာကတော့လဲ ဒီဟာနဲ့ ဘာထူးသလဲ၊ ရထားလက်မှတ်လဲ ပို့တာဘဲ"

နေအောင်ထွန်းက ပြောသည်၊ အပေါ်အင်္ကျီဘေးအိတ်ထဲမှ စာတစ်စောင်ကိုထုတ်၍ စားပွဲပေါ်သို့ ပစ်ပေးလိုက်သည်။

"ဒေါက်တာကပြောပါအုံး"

နေအောင်ထွန်းက မေးပြန်သည်။

"သူ့မိန်းမ ကြည်ကြည်ညွန့် ရောဂါအခြေအနေ ကြည့်ပေးဘို့ ခြေကြွပါဆိုပြီး ခေါ်တာဘဲ"

လှဇော်မင်းက ရုပ်အင်္ကျီအိတ်ထဲမှ စာခေါက်ကလေးကို နေအောင်ထွန်းကိုပေးသည်။ "စာအိတ်တော့ သိမ်းမထားမိ ဘူးဗျာ"

လှဇော်မင်းက ဆက်လက် ပြောလိုက်သည်။

တစ်ယောက်ပြီး တစ်ယောက် မေးကြည့်ကြသည်။ မခင်ဦးကလည်း လက်ပွေ့အိတ်ထဲမှ စာကိုထုတ်ပေးသည်။ ရန်အောင်သိန်းနှင့် စံကင်းမောင်တို့က သူတို့အခန်းများကို ပြန်သွားကြကာ စာတွေယူလာပေးသည်။

ဖိုးသာအေးက မပေးချင် ပေးချင်နှင့် စာကိုထုတ်ပေးသည်။

"ဟင်...ဒီထဲမှာ ဖိုးသာအေး ဆိုပါလား၊ ခင်ဗျားနာမည်က စောစောကပြောတော့ တမျိုးပါလား"

တရားခွင်တွင် တရားခံက မေးခွန်းတစ်ခုကို နှစ်မျိုးဖြေသဖြင့် မကျေနပ်ဟန်ဖြင့်ကြည့်ကာ တရားသူကြီးတစ်ယောက်၏ အကြည့်မျိုးဖြင့် နေအောင်ထွန်းက ဖိုးသာအေးကို စိုက်ကြည့်သည်။

"မှန်ပါတယ်ခင်ဗျာ၊ ဖိုးသာအေးကအမှန်ပါ၊ ဒေါ်ကြည်ကြည်ညွန့်ရဲ့ ရတနာစိန်ရွှေ တွကို ညှိသည်တွေများတော့ လုံခြုံမှုရရှိအောင်လို့ ကျွန်တော့်ကို အစောင့်အဖြစ်နဲ့ခေါ်ပြီး ညှိသည်တွေနဲ့ ရောနေဘို့ ညွှန်ကြားတာဘဲ၊ ဒီစာက သက်သေခံပါလိမ့်မယ်၊ ကျွန်တော်ရဲ့ ဝတ္တုရားအရ ဖိုးသာအေး ဆိုရင် နာမည်ကြားဘူးတဲ့လူပါတဲ့အခါမှာ ရိပ်မှာစိုးလို့ နာမည်လိမ်မိတာပါ"

ဖိုးသာအေးက အေးအေးဆေး ဆေး ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ခင်ဗျားအဖြေကို ကျုပ်လက်ခံတယ်"

နေအောင်ထွန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ပြောသည်။

နေအောင်ထွန်းသည် မတ်တတ်ရပ်နေရင်း လက်တဘက်က မေးစေ့ကိုပွတ်ရင်း အခန်းထဲရှိလူများကို တစ်ဦးစီတစ်ဦးစီ ကြည့်သည်။

"အင်း . . . တော်တော်ထူးဆန်းတယ်၊ ထူးဆန်းတာမှတော့ ဒီကိုကျုပ်တို့တတွေ မလာချင်လာချင်အောင် ကြံဖန်ပြီးဘိတ်ခေါ်တဲ့ လင်မယားဘဲခေါ်ခေါ်၊ ဘာဘဲခေါ်ခေါ်လေ အိမ်ရှင်လို့ဘဲခေါ်လိုက်ကြပါစို့။ ကျုပ်တို့ကို ဘိတ်ခေါ်တဲ့ အိမ်ရှင်က ကျုပ်တို့အကြောင်းတွေကို အသေးစိတ်သိတဲ့လူ ဖြစ်လိမ့်မယ်။ ဘယ်လောက်အထိ သိသလဲဆိုရင်ကြည့်စမ်း ကျုပ်အနေ နဲ့ပြောရရင် ကျုပ်နဲ့ကြည်ကြည်သွန်း တို့ဟာ မောင်နှမလိုခင်တယ်ဆိုတဲ့အထိ သိပုံရတယ်၊ မကြည်ကြည်သွန်း က ဘိတ်ခေါ်လိုက်ရင် ကျုပ်မလာဘဲ လဲမနေဘူးဆိုတာကိုလဲ သိပုံရတယ်၊ ဒါကြောင့်လဲ မကြည်ကြည်သွန်း နာမည် တပ်ခေါ်တာကိုး"

နေအောင်ထွန်းက အသံလေးသေးကြီးနှင့်ပြော၍ ရှေ့တိုးသွားခါ သူ့အရက်ဖန်ခွက်ကို ကောက်ကိုင်လိုက်သည်။

"ဘယ်လောက်အထိ သိသလဲဆိုရင်၊ ခင်ဗျားတို့တတွေရဲ့အကြောင်းကွေလဲသိတယ်၊ ခင်ဗျားတို့တတွေကို မငြင်းဘရင်လာနိုင်တဲ့နည်း ဘယ်လိုနည်းနဲ့ ခေါ်ရမယ်ဆိုတာသိလို့လဲ ခင်ဗျားတို့ မနေနိုင်ခဲ့ကြဘူးမဟုတ်လား"

ပြောသည့်စကားက သွေးထွက်အောင် မှန်နေသဖြင့် အားလုံးကခေါင်းညိတ်ရသည်။

"ကျုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ကျုပ်မောင်ဆက်ဆိုတဲ့ လူတစ်ယောက်ကို ကြိုးဒဏ်ပေးဘူးတာတော့ အမှန်ဘဲ၊ မောင်ဆက်ဟာ လူသတ်မှုနဲ့ ကျုပ်ရုံးကို ရောက်လာခဲ့ဘူးတယ်၊ မောင်ဆက်ဘက်က အကျိုးဆောင်တဲ့ဥပဒေပညာရှင်ဟာလူတော်တစ်ယောက်ဘဲ၊ သူ့ဘက်က ထုချေချက်တွေလဲ အလွန်ကောင်းခဲ့ပါတယ်။

ဒါပေမဲ့ အမှုသွားအမှုလာ သက်သေထွက်ချက်နဲ့ သက်သေခံပစ္စည်းတွေ ကို အထောက်အထားပြုတဲ့အခါမှာ မောင်ဆက်ဟာ ပြစ်မှုကျူးလွန်တယ်လို့ ထင်ရှားတယ်၊ သူ့ကို သေဒဏ် ကလွဲလို့ ဘာမှ ပေးစရာ မရှိဘူး။ ကျုပ်က သေဒဏ်အပြစ်ချမှတ်လိုက်ခဲ့တယ် အယူခံမှာရှုံးတယ်။ တရားဌာနက အသနားခံလွှာကိုပယ်လိုက်ပြီး မောင် ဆက်ကြိုးစင်ပေါ်တက်ခဲ့ရတာဘဲ၊ ကျုပ်အနေနဲ့ကတော့ သိပ်သနားပါတယ်၊ သူ့မှာ အပြစ်ရှိလို့ အပြစ်ပေးတာဘဲ"

နေအောင်ထွန်းက သူ့စွတ်စွဲချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောပြသည်။

ထိုအမှုကို ဒေါက်တာလူဇော်မင်း မှတ်မိသည်။

မောင်ဆက်ဘက်မှ အလွန်ကောင်းသော ဝတ်လုံတော်ရသည် သူ၏ လူနာတစ်ယောက်ဖြစ်၍ ထိုအမှုစီရင်ချက်မချမီ နှစ်ဘက်သော အကျိုးဆောင်တို့က ထုချေလျှောက်လွှဲချက် ပေးသောနေ့တွင် တွေ့ခဲ့စဉ်ကပြောပြ၍ သိခဲ့ရသည်။

"တရားလို ဝတ်လုံကတော့ ဘာမှ ပြောစရာမရှိခဲ့ပါဘူး၊ အမှုသွားအမှုလာကို လေ့လာကြည့်မယ်ဆိုရင်တော့ ကျွန်တော့် အမှုသည်ကို ကွင်းလုံးကျွတ် လွှတ်ရမှာဘဲ၊ တရားလို ဝတ်လုံကလဲဘဲ တရားခံကွင်းလုံးကျွတ်လွှတ်နိုင်တယ်လို့ယူဆတယ်ဗျ"

ဤသို့သော စီရင်ချက်ချသောအခါ ဇာက်ရှင်တရားသူကြီး ဦးနေအောင်ထွန်းက သေဒဏ် အပြစ်ပေးလိုက်သည်။ လွှတ်မည်ဟုထင်နေကြသော အမှုလိုက် ဝတ်လုံများအပြင် ထိုအမှုနှင့်ပတ်သက်၍ တစေ့တစောင်းလေ့လာနေသော ဝတ်လုံတော်ရများပါမကျန် အံ့အားသင့်သွားခဲ့ကြသည်ကို ဒေါက်တာလူဇော်မင်း ကောင်းစွာမှတ်မိခဲ့သည်။

ဆက်ပါဦးမည် . . .

ရဲစိုး



www.burmeseclassic.com

www.burmeseclassic.com

# လလေးလုံးအတွက် အစီအရင်ထက်

## မောင်တင်သိန်းဇော်

အထူးသဖြင့် မရောက်ဖူး၊ မသွားဖူးသေးသော အနီးအဝေး ခရီးချော၊ ခရီးကြမ်းမဟူ သွားရောက်ရမည့်သူများ လမ်းခရီး၌ လမ်းစပျောက်နေသူများ၊ ခရီးသွားစဉ် လမ်းခွလတ်၌ စရိတ်အစုံတို့ပြတ်ကာ ဒုက္ခရောက်နေရသူများ လူပျောက်ရှာလိုသူများ၊ သွားရမည့်ခရီးတာ၌ အသွားရော အပြန်ပါ အစား၊ အသွား၊ အနေ၊ အပြန်အားလုံးတို့ကို အဆင်ပြေချောမွေ့ အေးချမ်းလိုမှုများအတွက် အခက်အခဲကြုံက လိုအပ်လာပါက အားထားရွတ်ပွားရသော ဂါထာထက်နှင့် တိုင်တည်အကူအညီတောင်းခံရသော နက်တို့ကို တင်ပြလိုပါသည်။ ဤအစီအရင်တို့က လမ်းခရီး လူပျောက်တွေ၊ လုပ်ငန်းအောင် လာဘ်ဝင် စသော လလေးလုံးကိုလည်း အောင်စေပါသည်။

အားထားရွတ်ပွားရသော ဂါထာတော်များမှာ နမောတေ ဂါထာတော်ဖြစ်သည်။ ကျမ်းဂန်တော်လာများအရ ယင်းဂါထာတော်ကို လနတ်သား၊ နေနတ်သားတို့ ရွတ်ပွား၍ ရာဟုအသွရိန်နတ်မင်းကြီး၏ ဖမ်းစားခြင်းမှပင် ကင်းလွတ် ချမ်းသာရာရခဲ့သည်။ ဒေဝသိဒ္ဓိထူးကို ရရှိကာ နတ်တို့၏ အကာအကွယ်နှင့် အညွှန်အပြတို့ကိုလည်း ရရှိသည်။ ရှေးပဝေသဏီစေတီကာလများကပင် အထင်ကရ ဆရာတော်ကြီးများလည်း ရွတ်ပွားအားထား လမ်းညွှန်ခဲ့ကြသည်။ တွေ့ကြုံခံစားရသော အကျပ်အတည်း အခက်အခဲ အတားအဆီး၊ အပိတ်အဆို့၊ အကာအရံနှင့် ဥပါဒ်ဘေးရန်တို့ကို ကာကွယ်ပယ်ရှင်းစေ၍ အများသူငါတို့နှင့် ရှေးဆရာကြီးအဆူဆူ ဝိသမ္ဘာကြီးတို့ကိုယ်တိုင် အသုံးပြုသလို အားထားကြသလို စီရင်ပေးလေ့ရှိတတ်သော ဂါထာထက်၊ ဂါထာထူး ဖြစ်သည်။

ထို နမောတေ ဂါထာတော်ကို အနည်းဆုံး ကိုးကြိမ်တိတိ ထက်သန်စူးနစ်စွာ မြတ်စွာဘုရားရှင်ကို ရှိခိုးပင့်ဖိတ်ပူဇော်ပြီးရွတ်ပွားကာ ကိုးမြို့ရှင်နတ်ကို တိုင်တည်ကန်တော့၍ မိမိ၏ ခရီးလမ်းနှင့် ဆိုင်ရာလိုအင်ဆန္ဒနှင့် အခက်အခဲများကို ကူညီမှိုင်းမ စောင့်ရှောက်စေကြောင်းတို့ကို ပန်ကြားပြောဆိုပါက မိမိသွားရောက်ရာ၊ သွားရောက်ဆဲ လမ်းခလတ်နှင့် အပြန်ခရီးစဉ်တို့အတွက် အထင်အရှားပင် အခက်အခဲ၊ အကျပ်အတည်းများမှ ကင်းလွတ်ကာ မထင်မှတ်ရအောင် အဆင်ပြေချောမွေ့မှုတို့အစုံနှင့် လာဘ်လာဘထူးများကို[...]င် ရရှိခံစားရတတ်ပါသည်။ မရောက်ဖူးသေးသော မြို့နယ်တို့ကို ငွေကြေးမရှိ၊ လူခင်မရှိ၊ တည်းခိုနားနေစရာ မရှိ၊ ဘဝဆိုး၊အခြေအနေဆိုးမျိုးနှင့် မဖြစ်မနေ မလွှဲမရှောင်သာမှု သွားရောက်ခဲ့ရသော်လည်း တည်းခိုနားနေစရာ၊ စားသောက်စရာများ အားလုံး အဆင်ပြေချောမောခဲ့ပြီး အပြန်စရိတ်ကိုပါ အပြည့်အဝရရှိခဲ့ရဖူးသူ၊ ကိုယ်တွေ့သမားများ အထင်ကရပင်ရှိပါသည်။

ကိုးမြို့ရှင်နတ်ကို သွားရောက်ရမည့် ခရီးစဉ်အတွက်သာမက လုပ်ငန်းကိစ္စများရှိ အဖုအထစ်များ ပြေပျောက်ချောမွေ့ အဆင်ပြေအောင်မြင်နိုင်ရန်နှင့် လာဘ်လာဘများဝင်ရောက်ရရှိရေးတို့အတွက်တို့ကိုပင် တိုင်တည်ပူဇော် တင်မြှောက်က အကျိုးထူးများကို ရရှိခံစားရတတ်ပါသည်။ အကျဉ်းအားဖြင့် ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးမားပိုင်သော ကိုးမြို့ရှင် ကိုယ်တော်ကြီးဟု ရွတ်ဆိုတိုင်တည်ရပါသည်။ အထူးသဖြင့် ကုန်းလမ်းခရီးသွားလာရမည့်သူများ၊ သွားရောက်သူများအနေဖြင့် ကိုးမြို့ရှင်နတ်ကို တိုင်တည်[...]ထားသင့်ကြပါသည်။ ကိုယ်တွေ့နှင့် ရှာဖွေလေ့လာ[...]ဘားတွေ့များအရ (၁) လမ်းစပျောက်၊ (၂) လူပျောက်၊ (၃) လုပ်ငန်းပျောက်၊ (၄) လာဘ်လာဘပျောက်သူတို့အနေနှင့် တင်ပြပါ နမောတေဂါထာတော်နှင့် ကိုးမြို့ရှင်နတ်တို့ကို ရွတ်ပွားအားထားသင့်ကြပါကြောင်းကို တင်ပြအကြံပြုအပ်ပါသည်။

### နမောတေ ဂါ[...]တော်

နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ၊ သဗ္ဗဓိ။
သမ္ဗောဓ၊ ပဋိပန္နေသို၊ တဿမေသရဏံ ဘဝ။

မှတ်ချက် -- နမောတေဂါထာတော်ကို ဖယောင်းတိုင်၊ ရွှေငွေကြေးသတ္တု၊ ဖဲပိုး၊ ထန်းရွက်၊ အောင်အိုးကွဲစသပိတ်စ၊ အောင်လံ၊ ပုံစက္ကူတို့ပေါ်တွင် ရေးသား၍ အောင်ဒီပံ၊ လက်ဖွဲ့၊ အဆောင်များအဖြစ် အသုံးပြုနိုင်၊ ဆောင်သနိုင်၊ စီရင်ပေးနိုင်ပါသည်။ ဝိသမ္ဘာရင့် အထင်ကရ ဆ[...]ပညာရှင်ကြီးများ လမ်းညွှန်အသုံးပြု စီရင်ပေး၍ ပွဲတိုး[...]တတ်သော အောင်ဂါထာတော်လည်းဖြစ်သည်။

မောင်တင်သိန်းဇော်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မက်ခပ်ဒဟကျွန်းသား

ဝိတာမြဦး

"ခုထိ ထောင်ပိတ်လို့ မပြီးကြ သေးဘူးလားဟေ့"

"ဟုတ်ကဲ့၊ လူနှစ်ယောက်ပိုနေ လို့ပါ ထောင်ပိုင်ကြီး"

"ဟော…မင်းတို့ဟာကလည်းကွာ၊ ရှိတာမှ လူ ၁၂၀ ယောက်ကို ရေတွက် တာများ မှားနေရသေးသလား။ ပြန် ကောစစ်ကြည့်ပြီးပြီလား"

"ဟုတ်ကဲ့ • •စစ်ပြီးပါပြီခင်ဗျား။ မောနိမ်းရီပို့အရ လူပေါင်း ၁၂၀ ရှိရ မယ်။ ဆေးရုံတက်နေတာ သုံးယောက်၊ ဒီနေ့လွတ်လူက တစ်ယောက်။ အဲဒီ လေးယောက်နုတ်လိုက်ရင် စုစုပေါင်း ၁၁၆ ယောက် ရှိရမယ်။ အခု လူရေ နေတာ သုံးခေါက်ရှိပြီ။ အခေါက်တိုင်း ၁၁၈ ယောက်ဖြစ်ပြီး နှစ်ယောက်ပိုပို နေတယ် ဆရာ"

"အင်း…၁၁၆ ယောက်ဆိုတော့ ၅၈ ပြူးပဲ ရှိရမယ်။ တစ်ပြူးပိုနေတာ ပေါ့။ ဒါနဲ့ တပ်ကြပ်ကြီးကော ဝင်စစ် ကြည့်ပြီးပြီလား"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် လည်း သူတို့ရေတာကို မကျေနပ်တာနဲ့ နှစ်ခေါက် သေသေချာချာ စစ်ကြည့်ပြီး ပြီး ၁၁၈ ယောက်ပဲ ဖြစ်ပြီး တစ်ပြူးပိုပို နေတယ်"

"ကဲကဲ…ဒါဆိုလည်း ဆရာစံ ဖော် တစ်ခေါက်ဝင်စစ်ကြည့်လိုက် ပါဦး"

"ဟုတ်ကဲ့ ဆရာ"

နေရာဒေသမှာ အကျဉ်းဦးစီးဌာန အနေဖြင့် ဒေသဖွံ့ဖြိုးရေး အလုပ်စခန်း အဖြစ် ချင်းပြည်နယ်တောင်ပိုင်း၌ ဖွင့် လှစ်ထားသည့် တစ်ခုတည်းသော စခန်း ဖြစ်သည်။ မတူပီ-မင်းတပ်-ပလက်ဝ လမ်းဖောက်လုပ်ရေးစခန်းတွင် ဖြစ်လေ သည်။

စခန်းဌာနချုပ် ဖွင့်လှစ်ထားသော မတူပီမြို့မှာ ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၃၅၆၀ ကျော် မြင့်သည့် အပြင် ပြည်မနှင့် အလွန်ဝေးသီခေါင် ဖျားကျသော တောင်ပေါ်မြို့တစ်မြို့ ဖြစ်၏။

သည်မြို့သို့လာရန်မှာ ပခုက္ကူမြို့ မှ တောင်ပေါ်လမ်းအတိုင်း ခက်ခက်ခဲခဲ ၉၇ မိုင် တက်ရသော မင်းတပ်မြို့သို့ တစ်ထောက်နားရသည်။ မင်းတပ်မြို့မှ တစ်ဖန် အလွန်ကြမ်းတမ်းသော ၁၂၀ မိုင်ခရီးကို ဖြတ်သန်းပြီးမှ ရောက်နိုင် သောမြို့ပါပေ။

"အလကားပါ ဆရာ။ ဒီကောင် တွေ သေချာမရေကြလို့ပါ။ ကျွန်တော် ဝင်ရေကြည့်လိုက်တော့ ၁၁၆ ယောက် ကွက်တိပဲ"

ရဲဘက်အိပ်ဆောင်မှ ပြန်ထွက် လာသော လက်ထောက်ထောင်မှူး ဦးစံ ဖော်က ကျွန်ုပ်ထံ လာသတင်းပို့ရှင်း ရှင်းနေသည်။

ကျွန်ုပ်က တပ်ကြပ်ကြီး လှသန်း အား…

"ဟုတ်လား…ဆရာလှသန်း။ ဆရာစံဖော်ပြောသလို ၁၁၆ ယောက် ကွက်တိပဲဆိုတာ"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေ မယ့် အံ့ဩစရာဖြစ်နေတယ် ဆရာ"

"ဘယ်လို အံ့ဩစရာလဲ ဆရာ လှသန်းရဲ့"

"ပထမဆုံး ဒုတကာစိုးမြင့် ရေ တုန်းကလည်း ၁၁၈ ယောက်။ ကျွန် တော် ပထမတစ်ခေါက် ဝင်စစ်တုန်းက လည်း ၁၁၈ ယောက်ပဲ။ သေချာအောင် ဆိုပြီး ဒုတိယတစ်ခေါက် ဝင်စစ်ကြည့် တော့လည်း ၁၁၈ ယောက်ပါပဲ။ အခု ဆရာစံဖော်ဦး ဆောင်းပြီးဝင်စစ်မှ ၁၁၆ ယောက် ဖြစ်နေလို့ပါ ဆရာ"

"ကောင်းပြီ ဒါထားတော့။ ကဲ …ဆရာစံဖော် ခင်ဗျားစစ်ထားတဲ့ ၁၁၆ ယောက်ဆိုတာ အမှန်ပဲ မဟုတ် လား"

"ဟုတ်ကဲ့ ဆရာ။ မောနိမ်းရီပို့နဲ့ လည်း အံကိုက်ပါပဲ"

"ကဲ…မိုးလည်းချုပ်နေပြီ။ ဒါဆို ထောင်ပိတ်သံချောင်း ခေါက်လိုက် တော့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ဆရာ"

ခဏအကြာတွင် ထောင်ဘူးဝဆီမှ ထောင်ပိတ်သံချောင်းခေါက်သံ ကြားလိုက်ရ၏။

"ဒေါင် ဒေါင် ဒေါင်...ဒေါင်"

သံချောင်းသံမှာ တိတ်ဆိတ်သော ညကာလမို့ စခန်းပတ်လည်ရှိ သုံးဖက်သုံးတန်သော တောင်ကမ်းပါးယံများထံမှ ပဲ့တင်သံများ ကြားလိုက်ရ၏။ ဤဌာနချုပ်စခန်းမှာ မတူပီမြို့မှ ငါးမိုင်အကွာ လေမျိုးချောင်းနံဘေး တောင်ချိုင့်ထဲ၌ တည်ဆောက်ထားခြင်းဖြစ်၏။ မည်သည့်ကျေးငှက်သတ္တဝါမျှ မတွေ့ရဘဲ နေ့ည အချိန်ပြည့် တဝေါဝေါနှင့် အဆက်မပြတ် စီးဆင်းနေသော လေမျိုးချောင်းသံကိုသာ ကြားနေရ၏။

နံနက် နေရောင်ကို မနက် ၁၀ နာရီခန့်မှ မြင်ရပြီး ညနေ ၄ နာရီကျော်သည်နှင့် တောင်ကမ်းပါးယံကြီးများကြားဝယ် နေလုံးပျောက်ကွယ်သွားလေသည်။ မှောင်ရိပ်ပျိုးသည်နှင့် တစီစီအော်မြည်ကာ အုပ်လိုက်ထွက်လာသော ခြင်ကောင်ကြီးများ၏ ဒဏ်ကို ခုခံကာကွယ်နေရပါတော့၏။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရှိအုပ် ဂရုတစိုက်ပေးပို့ထားသော ဆေးကွီနိုင်ငှက်ဖျားဆေးကို မှန်မှန်သောက်နေသည့်ကြားမှ ဝန်တမ်းရော ရဲဘော်ပါ မကြာခဏ ဆေးရုံတက်ကြရ၏။ ရောဂါပြင်းပါက ခံနိုင်ရည်မရှိဘဲ သေဆုံးသူများပင် ရှိခဲ့၏။ ကျွန်ုပ်ပင်လျှင် ဆေးရုံသုံးခါတက်ခဲ့ရရာ ကံကြီးပေလို့သာ သေကံမရောက်၍ သက်မပျောက်ခဲ့ရခြင်းပါပေ။

လမ်းဖောက်လုပ်ငန်းမှာ မူလက ၁၀ ပေခန့်သာ ရှိသော တောင်ပတ်လမ်းကို ကားနှစ်စင်းသွားလို့ရအောင် ၂၂ ပေအကျယ်အထိ တောင်နံရံကို တာချဲ့ရခြင်းဖြစ်၏။ ပေါက်တူး၊ ပေါက်ပြား၊ ပေါက်ချွန်း စသည်တို့ကို အားပြု၍ ရဲဘော်လုပ်အားဖြင့် ဆောင်ရွက်ရသည်ဖြစ်ရာ အလွန်ပင်ပန်းလှသော လုပ်ငန်းဖြစ်၏။

သည်ကြားထဲ ချင်းပြည်နယ်၏ အအေးဒဏ်ကလည်း သုညဒီဂရီအောက် အနုတ်လက္ခဏာပြနေပေရာ အလုပ်ကြမ်းကတစ်ဖက်၊ ငှက်ဖျားဒဏ်က တစ်ဖက်ဖြင့် အလွန် ဆိုးရွားလှသော နေရာဖြစ်၏။

"ရဲဘော်နှစ်ယောက် ပိုနေပြန်ပြီ ဆရာ"

"ဟုတ်လား ခင်ဗျားရော၊ ဝင်စစ်ကြည့်ပြီးပြီလား ကိုစံဖော်"

"ဟုတ်ကဲ့ ဒုတပ်ကြပ်စိုးမြင့်နဲ့ တပ်ကြပ်ကြီးတို့စစ်တာ သုံးခေါက်ရှိပြီ။ စစ်တိုင်း နှစ်ယောက်ပိုနေတယ်တဲ့။ အဲဒါ ကျွန်တော် ဝင်စစ်မလို့ ဆရာ့ကို လာသတင်းပို့တာပါ"

"ကောင်းတယ် ကိုစံဖော်။ ဒီနေ့ အသစ်ရောက်လာတဲ့ ရဲဘော်သစ်တွေနဲ့ အဟောင်းတွေ နေရာချတာ ပုံစံမကျသေးလို့လည်း ဖြစ်နိုင်တယ်ဗျ။ ကဲ.. ကဲ မမှောင်ခင် အမြန်ဝင် စစ်ကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာ"

ထိုနေ့က စခန်းတွင် လုပ်အားပေးရန် ပခုက္ကူထောင်မှ ပို့လိုက်သော ရဲဘော်အသစ် ၇၅ ယောက် ရောက်နေသည်။ ယင်းနေ့ နံနက်က ထောင်ဖွင့်လူပေါင်းမှာ ဆေးရုံတက်ရဲဘော်လေးဦး အပါအဝင် ၁၁၁ ယောက်ဖြစ်ရာ ရဲဘော်အသစ် ၇၅ ယောက်နှင့်ဆိုပါက ယနေ့ ည ထောင်ပိတ်လူပေါင်းမှာ (ဆေးရုံတက် လေးယောက်မပါ) ၁၈၂ ယောက် ရှိရပေမည်။

"ကဲ...ဆရာ၊ သူတို့နှစ်ယောက်က ၉၂ ပြူးတိတိ။ လူပေါင်း ၁၈၄ ယောက် ဖြစ်နေတယ် ပြောတယ်။ ကျွန်တော်ဝင်စစ်လိုက်တော့ ၉၁ ပြူး လူပေါင်း ၁၈၂ ယောက်ပဲ တွေ့တယ်။ မောနိမ်းရီပို့နဲ့လည်း အကိုက်ပဲ။ သူတို့ ရေတာကိုက မှားနေတာ ဆရာ"

လက်ထောက်ထောင်မှူး ဦးစံဖော်က လာသတင်းပို့သည်။ တပ်ကြပ်ကြီးလှသန်းက -

"ဆရာစံဖော်ပြောရင်တော့ ကျွန်တော်တို့ ခံရမှာပဲ။ ဒါပေမယ့် ကျွန်တော်တို့ တာဝန်လုံးဝမပေါ့ဘူးဆရာ။ ဟိုတစ်ခေါက်လို ဖြစ်နေမှာစိုးလို့ သေချာအောင် လေးခေါက်တိတိ ရေတွက်ခဲ့တာပါ။ ဒုတပ်ကြပ်စိုးမြင့်ကိုသာ မေးကြည့်ပါ"

"ဟုတ်လား စိုးမြင့်"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့ရေလိုက်တိုင်း ၉၂ ပြူး ရှိနေတဲ့ဟာ ဆရာစံဖော် ဝင်စစ်လိုက်တော့ ၉၁ ပြူး ဖြစ်သွားတယ်။ ချက်ချင်းလက်ငင်း မျက်စိရှေ့မှာတင် မျက်လှည့်ပြလိုက်သလို တစ်ပြူးပျောက်သွားတယ်...။ တကယ့်ကို မယုံနိုင်လောက်အောင်ကို ဖြစ်မိပါတယ် ဆရာ"

ကျွန်ုပ် နာရီကို မြော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ည ၇ နာရီပင် ထိုးလုနေလေပြီ။ လကွယ်ညဖြစ်၍ ပတ်ဝန်းကျင်တစ်ခွင်လုံး အတော်ပင် မှောင်နေပြီဖြစ်၏။ အအေးဓာတ်ကလည်း တစိမ့်စိမ့် လွှမ်းခြုံလာသည်။

"ကဲကဲ . . . မိုးလည်းချုပ်နေပြီ။ တန်းစီခိုင်းထားတဲ့ ရဲဘက်တွေလည်း ညောင်းနေကြရောပေါ့။ လူပေါင်းကိုက်နေမှတော့ ထောင်ပိတ်သံချောင်းခေါက်ပြီး တန်းဖြုတ်လိုက်တော့ဗျာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒေါင် ဒေါင် ဒေါင် . . . ဒေါင်"

ကျွန်ုပ် အိပ်ခန်းထဲဝင်လာခဲ့သည်။ ယနေ့အဖို့ ကျွန်ုပ်မှာ ဂုဏ်တော်ပုတီး စိပ်ရန် ကျန်နေသေး၍ဖြစ်၏။

ကျွန်ုပ် ဤအလုပ်စခန်းရောက်သည့်နေ့မှစ၍ လပြည့် လကွယ်နေ့များတွင် သက်သတ်လွတ်စား၍ ဥပုသ်စောင့်ကာ ဂုဏ်တော်ကိုးပါး ပုတီးသက်ခေ့စိပ်ပြီး စခန်းပတ်လည်ရှိ တောစောင့်နတ်၊ တောင်စောင့်နတ်တို့အား အမျှဝေခဲ့၏။ ကျွန်ုပ်၏ဝန်ထမ်းများနှင့် ရဲဘက်များ ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းစေကြောင်း မေတ္တာမပြတ် ပို့ခဲ့သည်။

ယခုလည်း ကျွန်ုပ် ဘုရားစင်ရှေ့တွင်ထိုင်ကာ ကျန်နေသေးသော ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်နေလိုက်သည်။

ထိုခဏ၌ ကျွန်ုပ်၏ ဦးနှောက်သွေးစစ်လိုင်းများအတွင်း ဝင်းခနဲ လက်ခနဲ အရောင်များ ဖြတ်သန်းသွားကာ ကျွန်ုပ် လုံးဝ မထင်မှတ်ထားသော အတွေးစဉ်တစ်ခု ရုတ်တရက်ဝင်ရောက်လာလေသည်။ ကျွန်ုပ် နေရာမှ ဆတ်ခနဲထကာ ခေါင်းအုံးအောက်မှ နေ့စဉ်မှတ်တမ်းစာအုပ်ကိုယူ၍ တစ်နေရာသို့ နောက်ပြောင်းပြန် အလောတကြီး လှန်လှောနေမိသည်။

ဟော . . ဒတွေ့ပါပြီ။

ကြည့်စမ်း။ တိုက်ဆိုင်တာမှ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါလား။

ကြည့်လေ . . .။

ဤစခန်းရောက်ပြီး ကျွန်ုပ် ပထမဆုံး ဥပုသ်စောင့်သည့်နေ့မှာ သီတင်းကျွတ်လကွယ် ၂၂ ・၁၀ ・၁၉၉၅ တနင်္ဂနွေနေ့ ဖြစ်၏။ ထိုနေ့ညနေ ထောင်ပိတ်ရာတွင် ရဲဘက်နှစ်ယောက် ပိုနေသည်။ မောနိမ်းရီပို့နှင့် စာရင်းမကိုက် ဖြစ်ခဲ့၏။ ဦးစံဖော် ဝင်စစ်လိုက်တော့ အမှန်စာရင်းရပြီး ထောင်ပိတ်နိုင်ခဲ့သည်။

ယခုလည်းကြည့် . . .

ယနေ့သည် တန်ဆောင်မုန်းလကွယ် (၂၁・၁၁・၁၉၉၅) အင်္ဂါနေ့ဖြစ်သည်။ ယနေ့ညနေ ထောင်ပိတ်ရာတွင် ရဲဘက်နှစ်ယောက် ပိုနေပြန်သည်။ ဦးစံဖော် ဝင်စစ်လိုက်တော့လည်း အပိုအလိုမရှိဘဲ မောနိမ်းရီပို့နှင့် ကွက်တိမှန်နေပြန်သည်။

စဉ်းစားစရာမှာ အဘယ်ကြောင့် လကွယ်ညများတွင်မှ ရဲဘက်နှစ်ယောက် ပိုနေရပါသနည်း။ တစ်ကြိမ်ကြိမ်နှင့် နှစ်ကြိမ်ကြိမ်စိုးမြင့်တို့နှစ်ဦး စစ်ဆေးရေတွက်တိုင်း ရဲဘက်နှစ်ယောက် ပိုနေပြီး ဦးစံဖော်စစ်လိုက်လျှင် ထိုပိုနေသော ရဲဘက်များ ပျောက်သွားတတ်ကြသည်။

အဘယ်ကြောင့် ဤမျှ တိုက်ဆိုင်နေရပါလေသနည်း။ တစ်ကြိမ်ကြိမ်လှသန်းမှာ လုပ်သက်အနှစ်နှစ်ဆယ်ကျော် အတွေ့အကြုံရှိသော ဝန်ထမ်းတစ်ယောက်ဖြစ်ပါလျက် လူတစ်ရာကျော်ခန့်သာရှိသော ဤစခန်းတွင် သူမှိုစစ်လိုက်လျှင် ရဲဘက်နှစ်ယောက် ပိုနေတတ်သည်။

ဦးစံဖော်မှာ တပ်မတော်မှ အသွင်ပြောင်း၍ ရောက်လာသည်မှာ ဘာမှ မကြာလှသေးပါလျက် သူမှိုဝင်စစ်လိုက်လျှင် ပိုနေသော ရဲဘက်နှစ်ယောက် ပျောက်ကာ အရင်းအမှန် ဖြစ်စေခဲ့သည်။ ဦးစံဖော်တွင် ရဲဘက်နှစ်ယောက်ကို ပေါ်စေ၊ ပျောက်စေနိုင်စွမ်းရှိ၍တော့ မဟုတ်တန်ရာ။

မည်သို့ဆိုစေ . . . ဤဖြစ်ရပ်မှာ တိုက်ဆိုင်မှုဟု ဆိုရမည့်တိုင်အောင် သွေးရိုးသားရိုးတော့ မဟုတ်တန်ရာ။ ထိုကိစ္စကို မည်သို့စီမံဖော်ထုတ်ရမည်ကို တစ်ညလုံး စဉ်းစားခဲ့ရာ မိုးလင်းခါနီးမှ ဟုတ်၊ မဟုတ် စမ်းသပ်ကြည့်ရန် အကြံကောင်းတစ်ခု ပေါ်လာခဲ့၏။ ယခုကိစ္စတွင် ကျွန်ုပ်တို့ သာမန်လူဦးနှောက်ဖြင့် လိုက်မမီနိုင်သော ထူးထူးခြားခြား ကိစ္စတစ်ခု ရှိနေပြီထင်မိ၍ ဖြစ်၏။

"ကိုစံဖော် . . . ဒီနေ့ ကိုလှသန်းနဲ့ စိုးမြင့်တို့မပါဘဲ ခင်ဗျားတစ်ယောက်တည်း ထောင်ပိတ်ပေးဗျာ။ ပြီးတော့ ခါတိုင်းလို ယူနီဖောင်းလည်း မဝတ်ဘဲ အရပ်ဝတ်နဲ့ ဝင်သွားစစ်ဗျာ"

"ဟုတ်ကဲ့ ဆရာ"

ထိုနေ့သည်ကား နတ်တော်လကွယ်နေ့ (၂၀・၁၂・၁၉၉၅) ဗုဒ္ဓဟူးနေ့ဖြစ်၏။ ကျွန်ုပ် ဦးစံဖော်တစ်ယောက်တည်းဖြင့်၊ ထောင်ပိတ်လူပေါင်း ရေတွက်စေလိုက်၏။ မကြာမီ ဦးစံဖော်တစ်

www.burmeseclassic.com

ယောက် ရဲဘက်အိပ်ဆောင်ထဲမှ သုတ်သီးသုတ်ပျာ ထွက်လာသည်။

"ဘာဖြစ်လို့လဲ ကိုစံဖော်"

"လူ···လူပေါ်င်းတော့ မကိုက်ဘူးဆရာ။ နှစ်···နှစ်ယောက် ပိုနေတယ်"

ဦးစံဖော်မှာ တစ်စုံတစ်ခုကို ထိတ်လန့်လာဟန် အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။

"ဟုတ်လား"

"ဟုတ်···ဟုတ်ကဲ့ ဆရာ။ ပိုပိုနေတဲ့ အကြောင်းကို အခု ကျွန်··တော် သိပြီဆရာ"

ဦးစံဖော် စိတ်လှုပ်ရှားစွာ ပြောသည်။

"ဘာ···ဘယ်လိုသိတာလဲ"

"အဲဒါ ဟို···ဟို··ဖက်စပ်အကျဉ်းသားနှစ်ယောက်ပါ ဆရာ"

"ဗျှ···ဘယ်လို···ဖက်စပ်အကျဉ်းသားလဲ ခင်ဗျားဟာက"

ကျွန်ုပ် နားမလည်စွာမေးမိသည်။ ဦးစံဖော်မှာ ရုတ်တရက် မဖြေနိုင်ဘဲ ရုံးခန်းထဲဝင်ကာ သောက်ရေတစ်ခွက် သောက်သည်ကို တွေ့ရ၏။ ပြီးမှ အမော ပြေသွားဟန်ဖြင့်···

"ဒီလိုပါ ဆရာ။ ကျွန်တော် ဒီစခန်းရောက်စ လွန်ခဲ့တဲ့ ခြောက်လလောက်က ထိန်သီးဆိုတဲ့ ရဲဘက်တစ်ယောက်ရှိတယ်။ အပြင်မှာ ကျန်ခဲ့တဲ့ သူ့မိန်းမက နောက်ယောကျ်ား ယူသွားတယ်တဲ့။ ကျွန်တော်တို့က သူ့စိတ်ညစ်ပြီး ထွက်မပြေးအောင် အမျိုးမျိုး အားပေးစကားပြောပြီး စိတ်ဓာတ်မကျအောင် အဆောင်မှူးပါ ခန့်ထားလိုက်တယ်။ အဲဒါဆရာရေ ပြောရင် ယုံမှာတောင် မဟုတ်ဘူး။ သူ့မိန်းမ နောက်ယူတဲ့ ယောကျ်ားကလည်း အမှုတစ်ခုဖြစ်လို့ ထောင်ကျပြီး တိုက်တိုက်ဆိုင်ဆိုင် ဒီစခန်းကို ရောက်လာခဲ့တယ်"

"ဟ···တကယ်အံ့သြစရာပဲ။ ဒါပေမယ့် ဒါကမှ ပြဿနာကြီးပဲဗျ"

"ဟုတ်တာပေါ့။ ကျွန်တော်တို့လည်း စခန်းထဲမှာ ရာဇဝတ်မှုကြီး ဖြစ်မှာစိုးတာနဲ့ ထိန်သီးကိုခေါ်ပြီး တိုးတိုးတိတ်တိတ် တရားချရတယ်။ စိတ်လိုက်မာန်ပါ မလုပ်ဖို့၊ ဘဝဆိုတာ သူ့ကံအတိုင်း ဖြစ်နေတာ။ သည်းမခံနိုင်လို့ တစ်ခုခုလုပ်မိရင် နောက်တစ်မှု ထပ်တိုးပြီး ထောင်သက်ရှည်မယ်··စသည်ဖြင့်ပေါ့ ဆရာရယ်"

"အင်း···ဆိုပါဦး"

"ဒါပေမယ့် အံ့သြစရာကောင်းတာက ထိန်သီးက ဘာပြဿနာမှ မရှာတဲ့အပြင် သူ့မိန်းမရဲ့ နောက်ယောကျ်ား တင်မြင့်ဆိုတဲ့ ရဲဘက်ကို သူ့အနားခေါ်ထားပြီး စောင့်ရှောက်တယ်။ အတူအိပ်တယ်။ အတူတူစားတယ်"

"ဟုတ်လား···အံ့ရော"

"ခက်တာက သူတို့က သူငယ်ချင်းလည်း မဟုတ်၊ ဆွေမျိုးလည်း မတော်၊ မယားညီအစ်ကိုလို့လည်း မဆိုနိုင်။ ဒါပေမယ့် သူတို့နှစ်ယောက်က ညီအစ်ကိုအရင်းထက်တောင် ချစ်ကြ စောင့်ရှောက်ကြတယ်။ မယားတစ်ယောက်တည်း တစ်လှည့်စီယူထားကြတဲ့ သူတို့နှစ်ယောက်ကို ရဲဘော်တွေက ဖက်စပ်အကျဉ်းသားလို့ နာမည်ပေးထားတယ် ဆရာ"

"အော···ကြံ့ကြံဖန်ဖန်ဗျာ။ ဖက်စပ်အကျဉ်းသားရယ်လို့။ ဒါနဲ့ ထောင်ပိတ်ရဲဘော်နှစ် ပိုနေတဲ့ကိစ္စကို ခင်ဗျားသိပြီဆိုတော့ သူတို့နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"အဲဒါပြောမလို့ ဆရာရေ။ လွန်ခဲ့တဲ့ သုံးလလောက်က ထိန်သီး ငှက်ဖျားဖြစ်ပြီး အိပ်ရာထဲလဲတယ်။ တင်မြင့်က နေ့ရောညပါ ပြုစုတယ်။ မသက်သာဘူး။ ရောဂါပိုကြီးလာတယ်။ ကြီးရုံတင်မကဘူး။ တင်မြင့်ကိုပါ ကူးစက်ခံရလို့ နှစ်ယောက်စလုံးကို မတူပီဆေးရုံ တင်လိုက်ရတယ်"

"ဪ···"

"အဲဒါ ဆရာဝန်ကြီးနဲ့ ဆရာမတွေ ကြိုးစားကုသနေတဲ့ကြားက ထိန်သီး ရောဂါဖောက်လာပြီး ဆုံးတယ်။ ထိန်သီးက မနက်လင်းအားကြီးမှာ ဆုံးတာ။ အဲဒီနေ့ ညနေ နေဝင်ရီသရော အချိန်မှာ တင်မြင့်ပါ ထိန်သီးနောက် လိုက်သွားရှာတယ် ဆရာ"

"အင်း···တစ်နေ့တည်း ဆုံးကြတာပေါ့"

"သူတို့ကံသိုလ်ကံကလည်း···အတော်ဆန်းတယ်။ သေတော့ တစ်နေ့တည်း။ တစ်နေ့ရာတည်းပဲ။ အခုလည်း သူတို့နှစ်ယောက်ပဲ ကျွန်တော်တို့ကို လာဒုက္ခပေးနေတာ ဆရာ"

"ဗျာ···ဘယ်လို ကိုစံဖော်။ ခင်ဗျားပြောတာ ကျွန်တော် မရှင်းဘူး"

"ဆရာ ကျွန်တော့်ကို မနေ့က ပြောသလို လကွယ်ညတိုင်း ရဲဘက်နှစ်ယောက် ပိုပိုနေတယ်ဆိုတာ အဲဒီနှစ်ယောက် ရောက်ရောက်လာလို့ပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

“ဟာ…ခုမှ ပိုရှုပ်လာပြီ။ သူတို့နှစ်ယောက်က ဘယ်လိုရောက်လာလို့လဲ”

ကျွန်ုပ် စိတ်ရှုပ်ထွေးစွာ မေးမိသည်။

“သူတို့နှစ်ယောက်က လကွယ်နေ့ ထောင်ပိတ်ကာနီးရင် အိပ်ဆောင်ထဲဝင်ဝင်လာပြီး ရဲဘက်တွေနဲ့ရောပြီး တန်းစီထိုင်နေတာ ဆရာ…”

“အလို”

ကျွန်ုပ် ကိုစံဖော်စကားကို ထပြည်းပြည်း နားလည်လာသည်။ မတူပီဆေးရုံတွင် ငှက်ဖျားရောဂါဖြင့် သေဆုံးသွားခဲ့ကြသော ထိန်သီးနှင့် တင်မြင့် နှစ်ယောက်မှာ မကျွတ်မလွတ်သေးဘဲ လကွယ်ညရောက်လျှင် ယခင်ရဲဘက်ဘဝကအတိုင်း အိပ်ဆောင်ထဲဝင်ထိုင်ကာ ထောင်ပိတ်တွင် အစစ်ဆေးခံနေသည်ဟု ဆိုလိုပေသည်။

“ဒါနဲ့ နေပါဦးဗျ။ ဘယ်လိုကြောင့် လကွယ်ည ဖြစ်နေရတာလဲ”

“ဟုတ်ကဲ့၊ တိုက်ဆိုင်တာက သူတို့နှစ်ယောက်လုံး သေခဲ့တာကလည်း ပြီးခဲ့တဲ့ တော်သလင်းလကွယ်နေ့မှာလေ ဆရာ”

“အင်း…ဟုတ်ပါပြီ။ ဒါနဲ့ အဲဒီနေ့တွေ ထောင်ပိတ်ရင် တပ်ကြပ်ကြီးသူသန်းနဲ့ ဒုတပ်ကြပ်စိုးမြင့်တို့က နှစ်ယောက်ပိုနေပြီး ခင်ဗျား ဝင်သွားစစ်ရင် ဘာလို့ သူတို့ပျောက်သွားတာလဲ”

“ထိန်သီးနဲ့တင်မြင့် သေပြီးတဲ့နောက်မှ တပ်ကြပ်ကြီးနဲ့ ဒုတပ်ကြပ်တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတာလေ။ အဲဒါကြောင့် ရဲဘက်တွေကို သူတို့က မသိတော့ ဝင်တန်းစီရဲကြတာပေါ့။ ကျွန်တော့်ကျတော့ သူတို့ အရင်ကတည်းက သိနေတာမို့လို့ ကျွန်တော်လာရင် ပျောက်ကွယ်သွားကြတာနဲ့တူတယ်။ ဒါပေမယ့် ဒီနေ့ ဆရာခိုင်းလို့ ကျွန်တော် ယူနီဖောင်းမပါဘဲ တစ်ယောက်တည်း ထောင်ဝင်ပိတ်တော့ သူတို့ ကျွန်တော့်ကို ရုတ်တရက် မမှတ်မိလို့ ဆက်ထိုင်နေကြတာပေါ့။ ဒါ့ကြောင့် သူတို့နှစ်ယောက်လို့ ကျွန်တော် သိခွင့်ရလိုက်တာပေါ့ ဆရာ”

“အင်း…ဒါနဲ့ သူတို့က လွတ်ရာကျွတ်ရာမသွားဘဲ ဘာလို့ ဒီအိပ်ဆောင်ထဲဝင်ပြီး လာတန်းစီနေကြတာလဲဗျ”

“ဒါကတော့ ဆရာ၊ သူတို့ရဲ့ ဖက်စပ်အကျဉ်းသားဘဝကို သံယောဇဉ်မကုန်သေးလို့ပဲလား၊ ဒါမှမဟုတ် သူတို့ ကိုယ်သူတို့ သေမှန်းမသိဘဲ လာတန်းစီနေကြတာများလား ကျွန်တော်တော့ သေချာမပြောနိုင်ဘူး ဆရာ”

“ဟုတ်ပြီ၊ ကျွန်တော် သဘောပေါက်ပြီ”

နောက်တစ်နေ့နံနက်တွင် မတူပီမြို့ပေါ်တက်၍ တောင်တန်းသာသနာပြုဆရာတော် ဦးရာဇိန္ဒအား သူတို့နှစ်ယောက်ကိစ္စ လျှောက်ထားတင်ပြလိုက်ရ၏။

“အိမ်း…ဒကာကြီးပြောတဲ့ အကျဉ်းသားနှစ်ယောက် တစ်နေ့တည်းဘဝကူးသွားတာ ဘုန်းကြီးသိတယ်။ ဘုန်းကြီးတောင် သွားပြီး သရဏဂုံတင်ပေးလိုက်ရသေးတယ်။ ထောင်ကို တော်တော်သံယောဇဉ်ကြီးတဲ့ အကျဉ်းသားတွေပဲ”

“တင်ပါ့ဘုရား။ အဲဒါ တပည့်တော် ဘယ်လိုဆက်လုပ်ရမလဲဘုရား”

“ဒီလိုလုပ်ပါ။ လာမယ့် ပြာသိုလကွယ် သောကြာနေ့မှာ ဘုန်းကြီးကြွလာခဲ့မယ်။ အကျဉ်းသားအိပ်ဆောင်က ဘုရားစင်အောက်မှာ နေရာပြင်ပေးပါ ဒကာကြီး”

“တင်ပါ့ဘုရား”

ထိုနေ့ညနေ ဆရာတော်ကြွလာကာ ဝန်ထမ်းနဲ့ ရဲဘက်များအား သီလပေးပြီး သွားလေသူ အကျဉ်းသားနှစ်ယောက်အတွက် ရေစက်ချ အမျှဝေပေးလိုက်၏။ ဆရာတော်က အမျှဝေသံတိုင်ပေးပြီး အားလုံးက သာဓုသုံးကြိမ်ခေါ်လိုက်ကြ၏။

“ဒေါင် ဒေါင် ဒေါင်…ဒေါင်”

ထိုစဉ် အပြင်ဘက်မှ ထောင်ပိတ်သံချောင်းခေါက်သံ ကြားလိုက်ရသည်။

“ဟင်…ထောင်မပိတ်ရသေးဘဲနဲ့ ဘယ်သူက သံချောင်းခေါက်လိုက်တာလဲ”

ကျွန်ုပ် မေးမိသည်။ ဝန်ထမ်းနှင့် ရဲဘက်အားလုံး တရားနာနေကြ၏။ ယနေ့ည ထောင်မပိတ်ရသေးပေ။

“အဘကြီးတို့ စိတ်မပူကြနဲ့တော့။ ဒါ သူတို့နှစ်ယောက် ကောင်းရာမွန်ရာ ရောက်သွားပြီဆိုတာ အချက်ပေး နှုတ်ဆက်သွားတာပါ”

မှန်ပေ၏။

ထိုနေ့မှစ၍ ထောင်ပိတ်လူပေါင်း မပိုတော့ပါချေ။

ဝိတ္ထုပြီး



www.burmeseclassic.com

www.burmeseclassic.com

# ဒိနပတိ ဇောတိသ ဗေဒင် (သို့) အလွယ်ဆုံးဗေဒင်ဟောကိန်း

## ညွန့်လွင်[စက်မှုတက္ကသိုလ်]

ဤဗေဒင်ဟောနည်းကို ဒိနပတိ ဇောတိသနည်းဟု ခေါ်ပါသည်။ ဗေဒင်လာမေးသည့် နေ့အားကို အခြေခံ၍ ဟောပြောနည်းဖြစ်သည်။ ဤနည်းမှာ မခက်ပါ။ လွယ်လွယ်ဟောချင်သူများအတွက် အဖိုးတန်သည့် နည်းတစ်နည်းဖြစ်ပါသည်။ ဗဟုသုတအလို့ငှာ ဖော်ပြအပ်ပါသည်။

**တနင်္ဂနွေနေ့မှာမေးလျှင်**

မည်သူမဆို တနင်္ဂနွေနေ့တွင် မေးပါက ခရီးသွားတွေ ပြန်လာတော့မည်။ ပစ္စည်းပျောက် လာမေးလျှင် ပြန်မရတော့ပါ။ အမှုကိစ္စမေးပါက အမှုအခင်းကြုံလျှင် အခက်အခဲများနှင့် စကားပြောရမည်။ လူမမာအတွက်မေးလျှင် နာတာရှည်လိမ့်မည်။ ဆေးမှားနိုင်သည်။ ဂရုစိုက်ပါ။ အိမ်တွင်းနတ်ကို ပွဲတင်ပါ။ ကောင်းသွားပါလိမ့်မည်။

**တနင်္လာနေ့မှာမေးလျှင်**

မင်းစိုးရာဇာတို့နှင့် ပတ်သက်၍ အကူအညီရမည်။ မစခံရမည်။ ခရီးသွားသူ တစ်ပတ်၊ နှစ်ပတ်အတွင်း ပြန်လာလိမ့်မည်။ လူမရောက်လာသော်မှ သတင်းကြားရမည်။ အမှုအခင်း ဖြေရှင်းစရာရှိလျှင် ကိုယ်ကနိုင်မည်။ ကျန်းမာရေးအတွက်မေးလျှင် လူမမာအတွက် စိတ်မပူပါနှင့်။ ကောင်းသွားမည်။ ပစ္စည်းပျောက်လျှင် ရအောင်ရှာပါ။ ပြန်ရမည်။

**အင်္ဂါနေ့မှာမေးလျှင်**

ပစ္စည်းပျောက်လျှင် အရှေ့အရပ်မှာရှိသည်။ သွားရာသူကိုပြောပါ။ အမှုအခင်းအတွက် စကားပြောစရာရှိလျှင် ပြောပါ။ ကိုယ်အသာစီးရလိမ့်မည်။ ခရီးသွားသူရှိလျှင် ပြန်လာတော့မည်။ လူမမာရှိလျှင် ဂရုစိုက်ပါ။ ယတြာချေပြီးမှ ကောင်းသွားလိမ့်မည်။

**ဗုဒ္ဓဟူးနေ့မှာမေးလျှင်**

ခရီးသွားသူ ပြန်မလာသေးပါ။ ကြာလိမ့်မည်။ ပစ္စည်းပျောက်လျှင် ပြန်မရပါ။ ဆုံးပြီမှတ်ပါ။ တိရစ္ဆာန်၊ ယာဉ်ရထား၊ ကား၊ ဆိုင်ကယ် လုံးဝမဝယ်ပါနှင့်ဦး။ မှားလိမ့်မည်။ အမှုအခင်းအတွက် စကားမပြောပါနှင့်။ ကိုယ်ကရှုံးမည်။ လူနာအတွက်မေးလျှင် လူကို နတ်ဖမ်းစားထားတာဖြစ်သည်။ နတ်ကို ပူဇော်ပါ။ ကောင်းသွားလိမ့်မည်။

**ကြာသပတေးနေ့မှာမေးလျှင်**

ခရီးသွားနေသူ ကြာလိမ့်မည်။ လေးရက် (သို့မဟုတ်) လေးလလောက်ကြာမည်။ ပစ္စည်းပျောက်မေးလျှင် မရတော့ပါ။ ဆုံးပြီဟု ဟောရပါမည်။ အကြံအစည်အတွက်မေးလျှင် အောင်မြင်မည်။ လူနာအတွက်မေးလျှင် စိုးရိမ်ရသည်။ ဂရုစိုက်ပါ။

**သောကြာနေ့မှာမေးလျှင်**

ပျောက်သောပစ္စည်း အနောက်အရပ်မှာ ရှိနေသည်။ လက်လွန်ခါနီးပြီ။ နည်းနည်းနောက်ကျနေသည်။ ပြန်ရရန်ခက်ခဲမည်။ ခရီးသွားသူ ပြန်မလာသေးပါ။ လူမမာကို ကြာသပတေးသားနှင့်ကုပါ။ တန်ဖိုးကြီးသော ပစ္စည်း ဘာတစ်ခုမှ မဝယ်ပါနှင့်။ ဝယ်လျှင် ဆုံးရှုံးမည်။ မမြဲတတ်ပါ။

**စနေနေ့မှာမေးလျှင်**

ခရီးသွားသူ ပြန်လာခါနီးပါပြီ။ ပျောက်သောပစ္စည်း ပြန်မရသေးပါ။ စကားပြောစရာ အခြေအနေရှိလျှင် အများကြီးပြောရမည်။ စိတ်ညစ်ရမည်။ အိမ်၊ မြေ မဝယ်ပါနှင့်ဦး။ မှားလိမ့်မည်။ ကျန်းမာရေး ချို့တဲ့လျှင် ဂရုစိုက်ပါ။ နာတာရှည်လိမ့်မည်။

**ညွန့်လွင်(စက်မှုတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

ဖြောင့်ဖြောင့်မတ်မတ်
တကောက်ကောက်ကွေ့ကွေ့

# ကျော်မြသန်း

ယခင်လမှအဆက်




www.burmeseclassic.com

www.burmeseclassic.com

# ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့

ကျော်မြသန်း

(ယခင်လမှ အဆက်)

ခင်လေးနွယ် ရန်ကုန်ရောက်စက မျက်စိသူငယ်နှင့်။ ရွာမှာနေစဉ်က ဝတ်စားဆင်ယင်ပုံအတိုင်းမို့ ရှိရင်းစွဲအလှမှာ ပီပီပြင်ပြင် မပေါ်လွင်။

တစ်လကျော်ကျော်ပဲ ရှိဦးမည်။ ဆံပင့်ပုံစံက ပြောင်းလဲသွားပြီ၊ ဝတ်စားဆင်ယင်မှုလည်း ပြောင်းလဲသွားပြီ။

အိမ်နီးနားချင်းတွေကပင် တအံ့တသြပြောယူရသည်အထိ အပြောင်းလဲကြီး ပြောင်းလဲသွားတော့၏။ နဂိုအရှိအလှမှာ ထူးထူးထင်ထင်ကြီး ပေါ်လွင်တောက်ကြွယ်လာသည်။

သူ ငါးတန်းရောက်သည့်နှစ်၊ ဝင်းမောင်က ခုနစ်တန်းမှာ။

ဝင်းမောင်အဖေ ကိုဖိုးကျော့က ကုန်းလမ်းပို့ဆောင်ရေးက စက်ပြင်။

အလုပ်ခွင်အပတွင် အပြင်ဝပ်ရှော့တစ်ခုမှာ အလုပ်လုပ်ရုံမက အရေးပေါ်လာခေါ်သူ၊ လမ်းပျက်ကားများနောက်လည်း အလွယ်တကူလိုက်တတ်သမို့ ဝင်ငွေဖြောင့်သည်။

ဝပ်ရှော့မပို့တဲ့ အိမ်မှာတင် မျက်စိရှေ့ရောက် ပြင်ချင်သည့်ကားများကိုလည်း လက်ခံပြင်ပေးသည်။ လူ့သတင်း လူချင်းဆောင်သလို တဖြည်းဖြည်း အဆက်အသွယ်များလာသည့် အလျောက် လက်မလည်အောင် လုပ်ရသည်။

ကိုဖိုးကျော့က ကားပြင်ကျွမ်းကျင်သလို သဘောသကာယလည်း ကောင်းသည်။ မခိုမကပ် လုပ်တတ်သလို အလုပ်ရှင်ကျေနပ်မှုကိုလည်း ဖြည့်စွမ်းပေးနိုင်သူဖြစ်သောကြောင့် တစ်ခါနှင့် 'ဟင်' ခံရသူမဟုတ်ဘဲ တစ်ခါခိုင်းပြီးရင် သူ့ကိုပဲ လက်စွဲဆိုသလို ခိုင်းကြသောကြောင့် လခထက် အပြင်ဝင်ငွေက ပိုကောင်းသည်။

သားသမီးက သုံးယောက်။ လူတန်းစေ့ နေနိုင် စားနိုင်ကြသည်။ ဝင်းမောင်တို့ မောင်နှမသုံးယောက် စလုံး ချို့ချို့ငဲ့ငဲ့ မရှိ။

ခင်လေးနွယ်နှင့် ဝင်းမောင်နှမတွေဆို သွားအတူ၊ လာအတူ၊ စားအတူ တတွဲတွဲ။

လူကြီးချင်းလည်း ခင်ကြသည်။ လူငယ်ချင်းကလည်း ရင်းရင်းနှီးနှီး။ အိမ်ချင်းက ကပ်လျက်။ နှစ်အိမ့်တစ်အိမ်သို့နှယ်။

ဝင်းမောင်နှင့် တရင်းတနှီး နေကြသည်ကို ဦးဘမှန်၊ ဒေါ်အုန်းသင်ကပါ အပ်နှံအတားမလုပ်သည့်ပြင် နှမလေးလိုသဘောမူပြီး စောင့်ရှောက်ဖို့ အပ်နှံထားသည်။

ဝင်းမောင်မှာ ခေတ်လူငယ်တို့ စရိုက်ဓလေ့ မကင်းသော်လည်း … အသောက်အစားကင်းသည်။

အလည်အပတ် များပေမယ့် ပညာရေးထိခိုက်စေလောက်သည်မျိုး အဆင့်အထိ အလည်မကြူး။ စာတော့ကြိုးစားသည်။ ပင်ကိုဉာဏ်ရည်သွေးလည်း မနိမ့်။ တစ်နှစ်တစ်တန်းတော့ မှန်မှန်အောင်သည်။

"ကျွန်မနားမလည်တဲ့စာတွေ ဘာတွေဆိုရင် ကိုဝင်းကိုပဲ မေးရတာပါ။ ကျွန်မက သချ်ာညံ့တယ်။ ကိုဝင်းမောင်က သချ်ာတော်တယ်။ ကျွန်မတို့ရဲ့ရင်းနှီးမှုဟာ အရှိန်လျော့သွားတယ်လို့ မရှိခဲ့ပါဘူး။ ရင်းနှီးမှုအရှိန်မြင့်လာသလို ပိုပြီးပဲခိုင်ကြည်လာပါတယ်။ ကျွန်မ ရှစ်တန်းရောက်တဲ့ နှစ်မှာ ကျွန်မရဲ့အလှဟာ အတော်ကြီး ဖွံ့ထွက်လာပါတယ်။ ကျောင်းမှာ စတားလို့သတ်မှတ်ခံရတဲ့ ကောင်မလေးတွေရဲ့ အဆင့်ဟာ ကျွန်မရဲ့အောက်ကို ရောက်ကုန်ကြပါတယ်။ ကိုးတန်းသမားတွေ စိတ်ဝင်စားခံရတဲ့အထဲမှာ ကျွန်မလည်း ထိပ်ဆုံးက ပါဝင်တာပေါ့။ ဒါပေမယ့် ကျွန်မ အလှအထိုင်



www.burmeseclassic.com

www.burmeseclassic.com

မကာလက်အောင် ထိန်းသိမ်းခဲ့ပါတယ်။ စာကိုပဲ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ ကျောင်းသူဘဝပျော်ရွှင်မှုဟာ ရှစ်တန်း အောင်စာရင်းထွက်တဲ့ အချိန်မှာ အဆုံးသတ်သွားခဲ့ရပါတယ်။ ကိုဝင်းလည်း ကျွန်မအတိုင်းပဲ ကြိုးစားလျက်ကနေ ကျွန်မတို့ နှစ်ယောက်စလုံး စာမေးပွဲကျခဲ့ပါတယ်''

သူတို့ကိုယ်သူတို့တော့ ကျိန်းသေပေါက် စာမေးပွဲအောင်လိမ့်မည်လို့ ထင်ထားကြသည်။

အောင်စာရင်းထွက်တော့ သူတို့နှစ်ယောက်စလုံး မပါ။ အတန်းပိုင်ဆရာများလည်း တအံ့တဩသဖြစ်သွားရသည်။

စာမေးပွဲဆိုတာက စာတော်ရုံနှင့် မပြီး။ ဖြေပုံဖြေနည်း ချွတ်ယွင်းလျှင်လည်း စာမေးပွဲကျတတ်တာပဲ။ တစ်နှစ်မှ စာမေးပွဲမကျဖူးသည့် သူတို့နှစ်ယောက်စလုံး စိတ်ဓာတ်လည်းကျ၊ ရှက်လည်းရှက်ဖြစ်သွားကြသည်။

နောက်တစ်နှစ်ကျတော့ သူတို့ကိုယ်တိုင်ကလည်း ခပ်ပေါ့ပေါ့။ သင်ပြီးသားစာတွေပဲဆိုပြီး သိပ်အလေးအနက်မထား။ အောင်ရမည်ဆိုသည့် ဖွဲမာန်လည်း အားပျော့သွားသည်။

စာမေးပွဲကျဖူးသူတို့ ထုံးစံအတိုင်း။ နောက်တစ်နှစ်ဆက်ကျသည်။ နှစ်ယောက်စလုံး ကျောင်းထွက်လိုက်ရပြီ။

''ပထမနှစ် စာမေးပွဲကျတုန်းက ကျွန်မတို့နှစ်ယောက်စလုံး အိမ်က အဆူအပြောကို ခံရပေမယ့် သက်သက်သာသာပါ။ ဒုတိယနှစ် ဆက်ကျတော့ အဝီစိပွက်အောင် ဆိုတာမျိုးလို အဆူအပြော ခံကြရပါတယ်။ တကယ်တော့ ကျွန်မတို့ဟာ အိမ်ထောင်ပြုမယ်ဆိုတဲ့ ရည်ရွယ်ချက်လုံးဝမရှိဘဲ သမီးရည်းစားရယ်လို့လည်း တိတိပပမဆိုနိုင်သေးဘဲ နေ့ချင်းပြီး အိမ်ထောင်ပြုလိုက်ကြတာပါ''

ခင်လေးနွယ်ပြောသမျှကို နားထောင်နေသည့် ထောင်မှူးလေး ကိုတင့်လွင်၏မျက်လုံးအစုံမှာ ဝိုင်းကျယ်သွားရသည်။

ခင်လေးနွယ် ပွင့်ပွင့်လင်းလင်းပြောပုံမှာ မျက်လုံး ဝိုင်းကျယ်စရာပါ။

သမီးရည်းစားရယ်လို့လည်း တိတိပပမဖြစ်သေး။ အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်လည်းမရှိဘဲ နေ့ချင်းပြီး အိမ်ထောင်ပြုလိုက်ကြတယ်ဆိုတော့။

သူတို့အိမ်ထောင်ကျလိုက်ပုံမှာ အံ့ဩစရာကြီးပါလားဟု ဆိုရမည်သို့ ရှိပါချေ၏။

သည်အကြောင်း ချစ်ဇနီးအေးကို ပြန်ပြောပြသည့်အခါ အေးလည်း မျက်လုံးကလေးကလယ်လယ် ဖြစ်သွားသည်။

သူတို့တုန်းကများ သုံးလေးမိုးမက ချစ်သူဘဝ နေခဲ့ကြပြီးမှ အိမ်ထောင်ပြုဖို့ကိစ္စကို ဦးနှောက်ခြောက်ခန်းလုမတတ် စဉ်းစားခဲ့ရသည်ပါ။

သူတို့နှစ်ယောက်စလုံး၏ မိဘများမှာ သားသမီးတို့၏မင်္ဂလာကိစ္စကို ငွေကြေးကုန်ကျခံ၍ လုပ်ပေးနိုင်သည့် အင်အားမရှိ။ သာမန်လူလတ်တန်းစားတွေ။ အေးကမှ တော်သေးသည်။ ကျောင်းနေစဉ်က ပြည့်ပြည့်စုံစုံ အများတန်းတူ ဝတ်စားနေနိုင်ခဲ့သည်။

ကိုတင့်လွင်ကျတော့ မပြည့်စုံ။ ညီအစ်ကိုမောင်နှမ ရှစ်ယောက်ရှိသည့် သူတို့မိသားစုမှာ အကြီးအဝတ်ကို အငယ်ဝတ်၍ အကြီးကျောင်းစာအုပ်ကို အငယ်က ပြန်ကိုင်ပြီး ပညာသင်ခဲ့ရသည်။

သူတို့နှစ်ယောက်၏ အိမ်ထောင်ရေးကိစ္စကို နှစ်သက်သော မိဘများက သဘောတူ ကြည်ဖြူကြသည်။

မင်္ဂလာကိစ္စကိုတော့ ကြီးကြီးကျယ်ကျယ် တခမ်းတနား လုပ်မပေးနိုင်။ နှစ်ဖက်ဆွေမျိုးများဖိတ်၍ မင်္ဂလာဆွမ်းကျွေးပြီး ကိစ္စပြီးရမည့် အနေအထား။

ဒါကလည်း အကြောင်းမဟုတ်၊ မင်္ဂလာမဆောင်ဘဲ လင်မယားအရာမြောက်၍ ရာသက်ပန် ရိုးမြေကျ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ၊ ယုယုယယ၊ သစ္စာရှိရှိပေါင်းဖက်သွားကြသည့် ဇနီးမောင်နှံစုံတွဲတွေ အများကြီး။

မိန်းကလေးတွေမှာ သည်မင်္ဂလာသာ အကြီးမြတ်ဆုံးလို အေးကလည်း နားပူနားဆာမလုပ်၊ ချေးမထူ။ ဟိုလိုမှ၊ သည်လိုမှလို့ အခွင့်အရေး မတောင်းဆို။ ရုံးတက်လက်မှတ်ထိုးပြီး မင်္ဂလာဆွမ်းကျွေးလည်း ပြီးတာပါပဲလို့ ပြုံးပြုံးကလေး ခေါင်းညိတ်ခဲ့သည်။

အဲ . . . အကြောင်းက နေရေး။

သူတို့နှစ်ယောက် အိမ်ထောင်ပြုကြတော့မည်လို့ သဘောတူစဉ်က ကိုတင့်လွင်မှာ ထောင်မှူးမဟုတ်သေး။ သာမန်ရုံးစာရေးကလေးဘဝ။

နှစ်ဖက်မိဘများအိမ်မှာ နေဖို့ကမလွယ်ကူ။ အေးတို့ အိမ်ထောင်စုကလည်း အိမ်ထောင်စုကြီး။ ကိုတင့်လွင်တို့အိမ်ထောင်စုက အေးတို့ အိမ်ထောင်စုထက် ပိုကြီးသည်။

ကိုတင့်လွင် ထောင်မှူးအလုပ်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ဖြစ်သည်မှာ သည်အကြောင်းက အဓိက။

ထောင်မှူးအလုပ်က နေဖို့အိမ် အဆင်ပြေသည်။ ထောင်မှူးတွေရသည့်အိမ်မှာ ကျယ်ကျယ်ဝန်းဝန်းရှိရုံမက ထောင်လုပ် အိမ်ထောင်ပရိဘောဂများပင် အဆစ်ပါလိုက်သေးသည်။

ဒါကြောင့်လည်း သူတို့အိမ်ထောင်ရေးကိစ္စကို တစ်နှစ်ကျော်ကျော်ရွှေ့ဆိုင်းပြီး ကိုတင့်လွင် ထောင်မှူးကလေးဖြစ်ပြီးမှ အိမ်ထောင်ပြုလိုက်ကြသည်။

ခု ခင်လေးနွယ်တို့ အိမ်ထောင်ပြုပုံကတော့ ...။

✤ ✤ ✤

(ငါး)

"ဟဲ့ ... နေပါဦး၊ နင်တို့ဥစ္စာက အထူးအဆန်းကြီးပါလား။ သမီးရည်းစားလည်း မဟုတ်သေး။ အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်လည်း မရှိသေးဘဲ နေ့ချင်းပြီးဆိုတော့"

"စာမေးပွဲကျတော့ သူ့အိမ်ကရော ကျွန်မအိမ်ကပါ နေ့တိုင်းပဲ ဆူနေတယ်လေ။ ကျွန်မတို့လည်း အိမ်မှာမနေချင်အောင် ဖြစ်လာတယ်။ ဒါနဲ့ ကျွန်မတို့နှစ်ယောက်ချိန်းပြီး မြို့ထဲထွက်ခဲ့ကြတာပဲ။ တစ်ယောက်ကိုတစ်ယောက် ကြိုက်ပါတယ်၊ ချစ်ပါတယ်လို့ ဖွင့်မပြောသေးပေမယ့် နားလည်မှုတော့ ရှိနေကြတာပေါ့ ဆရာကြီးရယ်။ ကျွန်မတို့ နေပြည်တော်ရုံက ထွက်လာတော့ ၄ နာရီ ကျော်ပြီလေ။ အိမ်ကိုပြန်ရင် နားမခံသာအောင် အဆူခံရဦးမှာ သေချာတယ်။ နှစ်ယောက်စလုံးလည်း သိပ်စိတ်ညစ်နေကြတယ်။

ကိုဝင်းက ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ဂ မာရွတ် စံပယ်ခြံက သူ့အစ်ကိုဝမ်းကွဲ အစ်ယောက်အိမ် သွားရအောင်လို့ ပြောတယ်။ ကျွန်မကလည်း မငြင်းပါဘူး။ ဒါနဲ့ပဲ စံပယ်ခြံကို ရောက်သွားကြတာပေါ့။ ကိုဝင်းအစ်ကိုက ပျော်ပျော်နေတတ်တယ်။ နောက်နောက်ပြောင်ပြောင် နေတတ်တယ်။ နာမည်က ကိုသိန်းဦးတဲ့။ သူ့မိန်းမနာမည်က အေးကြည်ခင်တဲ့။ ကျွန်မတို့ရောက်သွားတော့ သူတို့နှစ်ယောက်စလုံးက ပြုံးစိစိနဲ့ပေါ့လေ ...။ မထေ့တထေ့အကြည့်နဲ့။ ကိုသိန်းဦးက ပါးစပ်အငြိမ်မနေဘူးလေ။ နောက်ရင်း ပြောင်ရင်းကနေ အတည်ဖြစ်အောင် လုပ်သွားတာ။ အဲဒီကနေ နေ့ချင်းပြီး အိမ်ထောင်ပြုတဲ့အဆင့် ရောက်သွားတာပါပဲ။ ကျွန်မတို့လည်း သာကေတကို မပြန်ကြတော့ဘူး"

"နင်တို့ အိမ်ထောင်ကျပုံကြီးကလည်း တစ်မျိုးကြီးပါလား"

"ဟုတ်ပါတယ် ဆရာကြီး၊ တစ်မျိုးကြီးပါ။ ဒါပေမယ့် ကျွန်မတို့ သိပ်ချစ်ကြပါတယ်။ အချစ်ဝတ္ထုဆရာတွေ ရေးသလို ဘဝဆိုတာ ချစ်သူ့ရင်ခွင်မှာ အဆုံးသတ်ရတာ ကြည်နူးစရာအကောင်းဆုံးဆိုတာကို အဲဒီနေ့ကစပြီး သိလိုက်ရပါတယ်"

ခင်လေးနွယ်၏ ပြောပုံဆိုပုံကတိုရှင်းလိုရှင်း ပွင့်ပွင့်လင်းလင်းကြီး။ နှစ်ယောက်ပေါင်း တစ်ဘဝခရီး။

သူတို့ မွေးလိုက်သည့် မီးမှာ တော်တော်နှင့်အရှိန်မသေ။ ခင်မင်ရင်းစွဲရှိသည့် လူကြီးချင်းလည်း တဖောင်းဖေးနှင့် မျက်ချေးဆိုသလို ဖြစ်ကုန်ကြသည်။ ဝင်းမောင်တို့အိမ်က ဒီလောက်မဟုတ်၊ ဘကြီးမှန်တို့က ခါးခါးသီးသီး။ ဘယ်နည်းဘယ်ပုံစံနှင့်မှ လက်မခံနိုင်ပါဟု ပြတ်ပြတ်တောက်တောက်ကြီးငြင်းဆိုလိုက်သည်။

ဝင်းမောင်တို့အဖေ ဦးဖိုးကျော့က အဝတ်အစားနှင့် ငွေကြေးများကို တိတ်တဆိတ်ထောက်ပံ့ပေးကမ်းခဲ့ရာ သူတို့နှစ်ယောက်မှာ အဆာက်ရှူပေါက်နှင့် ထွက်ပေါက်ကလေး ရသွားသည်။

ကိုသိန်းဦးတို့ လင်မယားနှစ်ယောက်စလုံးကလည်း ထင်တာထက်ပိုပြီး သဘောကောင်းနေသည်။

သူတို့လင်မယားက လွတ်လွတ်လပ်လပ်လင်မယား၊ အတွဲအချိတ်သားသမီးမရှိ။ အေးကြည်ခင်၏အဒေါ်ဖြစ်သူနှင့်အတူ နေကြသည်။

အဒေါ် ဒေါ်လှမေက ပါးစပ်ပေါက်ဆိုးပေမယ့် စိတ်ရင်းကောင်းသည်။ တစ်အိမ်လုံးကို ရှာဖွေကျွေးမွေးနေသူက ကိုသိန်းဦး။

အိမ်မှာ ဒေါ်လှမေသြဇာထက် ကိုသိန်းဦးသြဇာက ပိုထက်သည်။ ကိုသိန်းဦးအလုပ်က ဝင်ငွေကောင်းတော့ အိမ်မှာ ဖောဖောသီသီ။

သူတို့နှစ်ယောက်မှာ အနေမကျပ်။ ဒါပေမယ့် ရေရှည်အတွက် မစဉ်းစားလို့မဖြစ်၊ စဉ်းစားကြရပြီ။

သူတို့နေသည့်နေရာနှင့် အင်းလျားကန်ပေါင်ရိုးကြီးက သိပ်မဝေး။ ညနေခင်း လမ်းလျှောက်ထွက်တိုင်း အဲဒီဘက်ကို ရောက်ကြသည်။

"ကျွန်မတို့ ပတ်ဝန်းကျင်မှာကလည်း ကျွန်မတို့နဲ့ အရွယ်မတိမ်းမယိမ်း ကျောင်းသူ၊ ကျောင်းသားစုံတွဲလေးတွေ အစီအရီနဲ့မို့ ကြင်စဦးကျွန်မတို့နှစ်ယောက်အတွက် ကြည်နူး

www.burmeseclassic.com

ပျော်ရွှင်စရာ အငွေ့အသက်တွေနဲ့ ဖြာဖြာဝေနေပါတယ်။ ဒါပေမယ့် ကျွန်မတို့က သူတို့လိုမဟုတ်ဘူးလေ။ သူတို့က စားဝတ်နေရေးအတွက် စဉ်းစားစရာ မလိုသေးသူတွေ။ ပျော်ပျော်ပါးပါးနေကြရုံသာပါ"

"ကျွန်မတို့ကျတော့ ..."

"အစ်ကို ... မလေးတို့ ရှေ့ရေးအတွက် စဉ်းစားရဦးမှာနော်။ ဒီလိုချည်း နေသွားလို့ မဖြစ်သေးဘူး။ အစ်ကိုသိန်းဦးတို့ လင်မယားက ဘယ်လောက် သဘောကောင်းကောင်း မလေးတို့က သိတတ်ရမှာနော်။ ရေရှည်ကျတော့ ..."

"မပူစမ်းပါနဲ့ မလေးရယ် ...။ ကိုဝင်းယောက်ျားပါ။ သားကျွေးမှု၊ မယားကျွေးမှုတာဝန်ကို ကိုဝင်းထမ်းဆောင်ရမယ်၊ လုပ်ရမယ်ဆိုတာကို နားလည်ပါတယ်။ ကိုသိန်းဦးနဲ့လည်း သည်ကိစ္စအတွက် ပြောဆိုပြီးသားပါ။ မနေ့ညက ကိုဝင်းတို့ လက်ဖက်ရည်ထွက်သောက်တုန်းက ပြောကြတာတွေရှိတယ်။ ဒီနေ့ညနေ မလေးကို အေးအေးဆေးဆေးပြောမလို့"

"ကဲပါ၊ ပြောရင်လည်း မြန်မြန်ပြောစမ်းပါ"

"ကိုဝင်း ကိုသိန်းဦးနဲ့အတူတူ လိုက်ပြီး အလုပ်လုပ်မယ်လေ"

"ဖြစ်ပါ့မလား ကိုဝင်းရယ်။ သူတို့က ငွေရင်းငွေနှီးနဲ့ အရောင်းအဝယ်လုပ်နေကြတာ။ မလေးတို့မှာက လက်ဗလာပဲရှိတာ ဘယ်လိုလုပ်ပြီး"

"အဲဒါအတွက် ကိုသိန်းဦးက စီစဉ်ပေးပါလိမ့်မယ် မလေးရာ။ ကိုဝင်းတို့ သန်ဘက်ခါပဲ ခရီးထွက်ရလိမ့်မယ်"

"ဒီလိုဆို မလေးကကော"

"မလေးက မအေးကြည်ခင်နဲ့ နေခဲ့ပေါ့"

"ဟင် ... ကိုဝင်းကလဲ"

"ဟော ... မလေးပဲ အလုပ်လုပ်ပါဆို"

"မလေးပြောတာက မလေးနဲ့ ကိုဝင်းတို့ ခွဲနေပြီး ခရီးထွက်ရတဲ့ အလုပ်မျိုးမှ မဟုတ်ဘဲဟာ။ ရန်ကုန်မှာနေပြီး လုပ်လို့ရတဲ့ အလုပ်ကိုပြောတာ"

"မလေးကလဲ၊ ကိုဝင်းတို့အခြေအနေကို သိသားနဲ့။ ရန်ကုန်မှာ ရုတ်တရက် အလုပ်ရဖို့ဘယ်လွယ်ပါ့မလဲ"

"ဒီကြားထဲမှာ မလေးသုံးဖို့ စွဲဖို့ကော"

"ကိုဝင်း အဖေ့အလုပ်ရုံလိုက်သွားပြီး ပိုက်ဆံတောင်းပေးခဲ့မယ်"

ခေါင်းညိတ်လိုက်ရသော်လည်း ခင်လေးနွယ်မျက်နှာမှာ ခါတိုင်းလို ကြည်ကြည်လင်လင် မရှိ။ ညှိုးရိပ်ထင်နေသည်။ အိမ်အပြန်ခရီးမှာ ခါတိုင်းလို တွတ်ထိုး၍မပြန်။ တိတ်တိတ်ဆိတ်ဆိတ် အတွေးကိုယ်စီနှင့်။

ဝင်းမောင်ကလည်း ရခါစဇနီးမယားလေးကို ဘယ်ခွဲချင်မှာပဲ။တတွဲတွဲ မခွဲမခွာဘဲ နေချင်တာပေါ့။ လပိုင်းပင်မကျော်သေး၊ ရက်ပိုင်းပဲရှိသေးတာ လောလောဆယ် ရရာအလုပ်ကိုလုပ်ပြီး နောက်ပိုင်းကျမှ မီးစင်ကြည့်ကရတော့မည်ပါ။

ဝင်းမောင်က ခင်လေးနွယ်၏ လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်၍ အားပေးစကားဖြင့် နှစ်သိမ့်လိုက်ရသည်။

"ကျွန်မတို့ အိမ်ထောင်ရေးက အစမကောင်းခဲ့တော့ အခုလို အနှောင်းမသေချာတဲ့အဖြစ်ကို ရောက်ခဲ့ရတာပါပဲ။ ကိုဝင်းကို ကျွန်မပြောပါသေးတယ်။ သူ့အဖေရဲ့ဝပ်ရှော့မှာ နေ့စားပညာသင်ဝင်လုပ်ဖို့။ သူက မလုပ်ချင်ဘူး။ ကိုသိန်းဦးနဲ့ တွဲမိလိုက်တာဟာ အစပိုင်းကောင်းသလိုလိုရှိပေမယ့် အနှောင်းပိုင်းကျတော့ သူလည်း သက်တမ်းမစေ့ဘဲ သေသွားရတယ်။ ကျွန်မလည်း ဗိုက်တစ်လုံးနဲ့ ခုလိုထောင်ထဲကို ရောက်ခဲ့တာပါပဲ။ ကြမ္မာရဲ့ အလှည့်အပြောင်းဟာ ကြောက်စရာကောင်းလှပါတယ်"

သိန်းဦးက မော်လမြိုင်နှင့် ရန်ကုန်ကို အိမ်ဦးနှင့် ကြမ်းပြင်လို ကူးသန်းနေသူ။

တကယ်တော့ သူကလည်း သူ့ကိုယ်ပိုင်ငွေကြေးနဲ့ ကုန်ကူးနေသူ မဟုတ် သူ့နောက်မှာ ငွေကြေးထုတ်ပေးသည့် ဘော်ဇာရှိသည်။

သူက ငွေအင်အားအလုံးအရင်းကိုင်၍ ပန်ကာအောက်မှာ ထိုင်ပြီး အလုပ်လုပ်နေသူ၏ လူယုံကိုယ်စားလှယ် (ဝါ) ဓားစာခံ။ ပြဿနာပေါ်ပြီဆို သိန်းဦးတို့လို လူက ခံရစမြဲ။ လက်ထိတ်နဲ့ ဝံ့စပ်ရစမြဲ။

ဝင်းမောင် ခရီးမထွက်ခင်နေ့ သူတို့နှစ်ယောက် မြို့ထဲမှာ ရုပ်ရှင်သွား ကြည့်ကြသည်။

ခင်လေးနွယ်က ခါတိုင်း မဟုတ်။ သူ့အလှကို ဝင့်ဖြူးနေအော ခြယ်မှုန်းထားသည်။ အေးကြည်ခင် သူ့ကိုတော့ မပြော။ ဝင်းမော ပြောလိုက်သည်။

"ကိုဝင်းမောင်၊ မလေးက လှတာပဲနော်။ ရှင်နဲ့တောင် မယ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ မလေးလှတာက ကျက်သရေရှိရှိလေး လှတာ"

"မိန်းမချင်း သည်လိုအချီးအမွှမ်းခံရတာ နည်းနည်းနောနော ပီတိဖြစ်စရာမှ မဟုတ်တာ။ ကျွန်မလည်း ရင်တွေ ဘာတွေ ခုန်လို့။ ကိုဝင်းမျက်နှာပေါ်မှာလည်း အပြုံးတွေ ရွှန်းရွှန်းလက်လက်တောက်ပလို့ပေါ့။

ညနေဘက် ထုံးစံအတိုင်း အင်းလျားကန်ပေါင်ရိုးကြီးပေါ် ရောက်သွားသည့်အခါ။

"ကိုဝင်းလေ မလေးကို ‥"

"ဆက်မပြောနဲ့တော့၊ ဘာပြောမယ်ဆိုတာ မလေးသိပြီးသား။ မလေးကလည်း ကိုဝင်းကို"

"ဆက်ပြော၊ ကိုဝင်းကတော့ မလေးနှုတ်ဖျားက ပွင့်အာလာတဲ့ နှုတ်ထွက်စကားကိုမှ ကြားချင်တာ"

"ကဲ ... ပြောမယ်။ နားထောင်နော်။ သိပ်ချစ်တယ်လို့"

"ကိုဝင်း အစစအရာရာ စိတ်ချသွားမယ်နော်"

"ပြောနေရသေးသလား ကိုဝင်းရယ်။ မလေးဟာ ကိုဝင်းအပေါ် တစ်သက်ပန်လုံး သစ္စာရှိတဲ့ဇနီးကောင်းအဖြစ်နဲ့နေသွားမှာပါ။ ကိုဝင်းကသာ"

"မလေးကို ထိုက်ထိုက်တန်တန်အဆင့်အတန်းနဲ့ ထားနိုင်အောင် ကိုဝင်းကြိုးစားသွားမှာပါ"

"အချစ်နဲ့ယှဉ်တဲ့ သတ္တိဟာ စွမ်းအားကြီးမားပါတယ် မလေးရယ်"

"ဟုတ်တာ၊ မဟုတ်တာ ဖြစ်လာမြဖြစ်တာ အပထား။ ကိုဝင်းက အဲဒီလိုပြောလိုက်တော့ ကျွန်မရင်ထဲမှာ သိမ့်သိမ့်စိမ့်စိမ့် အေးမြသွားရပါတယ်။ ကြည်နူးနှစ်သိမ့်မှုကိုလည်း ပြည့်ပြည့်ဝဝကြီး ခံစားလိုက်ရပါတယ်။ နောက်ပိုင်းမှာ အဲဒီနေ့က ကိုဝင်းပြောခဲ့တဲ့ ခတိုင်း ကျွန်မဟာ ထိုက်ထိုက်တန်တန် အဆင့်အတန်းနဲ့ နေခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မက အဲဒီအခွင့်အရေးကို အလွဲသုံးစားလုပ်လိုက်မိလို့ ..."

ခရီးထွက်သွားပြီး ခြောက်ရက်မြောက်နေ့ ဝင်းမောင် ပြန်ရောက်လာသည်။ သူတို့မျက်နှာမှာ မှိုရသည့်မျက်နှာ၊ သကာရည်လောင်းထားသည့် မျက်နှာဟု ဆိုရမည်မျိုး။

သူ့အတွက်ရော အေးကြည်ခင်အတွက်ပါ အင်္ကျီနှင့် လုံချည်စများပါလာသည်။

ဝမ်းသာရသည်မှာ သူ့အတွက်ထက် အေးကြည်ခင်အတွက် အဝတ်စများ ပါလာခြင်း။ ကိုယ်က သူများအိမ်မှာ ခိုကပ်နေရသည့် ကာလ။

အိမ်ရှင်ဖြစ်သူအတွက် အလိုက်တသိဝယ်လာသမို့ မျက်နှာပန်းလှသည်။ တစ်ဖက်သား ကြည်ဖြူမှုကို ခံရမည်။ ကိုယ်လည်း အနေအထိုင်ချောင်သည်။

အဝတ်စများအပြင် လက်ရောက်အပ်လာသည်မှာ ငွေက တစ်ရာကျော်။ ရှေ့အလားအလာ ကောင်းမည့် သတင်းကောင်းကြားလိုက်ရသည်မှာလည်း ရင်အေးစရာ၊ ဘဝင်နွေးစရာ။

"တစ်ရာကျော်ဆိုတဲ့ ငွေဟာ မများပါဘူး။ မပြောပလောက်တဲ့ ငွေကြေးပါ။ ဒါပေမယ့် ကျွန်မရဲ့ဝမ်းသာမှုကတော့ ဝဝီဖျားသို့ ကပ်သွားပါတယ်။ ကိုယ့်ယောက်ျားရှာဖွေလာတဲ့ ငွေကြေးကိုင်လိုက်ရတဲ့ မိန်းမတစ်ယောက်ရဲ့ ဝမ်းသာကြည်နူးမှု ဘယ်လိုရှိမယ်ဆိုတာကို ပြန်မပြောတတ်အောင်ပါပဲ။ ပြီးတော့ ရှေ့အလားအလာ ကောင်းတယ်ဆိုတဲ့ သတင်းစကားကလည်း ကျွန်မတို့နှစ်ယောက်ရဲ့ ကြည်နူးသာယာပျော်ရွှင်မှုကို အထွတ်အထိပ်သို့ ရောက်စေခဲ့ပါတယ်။ ကိုသိန်းဦးတို့ မအေးကြည်ခင်တို့ လင်မယားကိုလည်း ကျေးဇူးတင်လို့ မဆုံးပါဘူး။ ကျွန်မတို့ရဲ့ ဘဝခရီးအစဟာ ခလုတ်ကန်သင်းကင်းတယ်လို့ ဆိုရမှာပဲ။ ဒါပေမယ့် ..."

❖ ❖ ❖

အိမ်ထောင်သက် နှစ်နှစ်နီးပါးခေ့ရောက်သော်လည်း သူတို့နှစ်ယောက်စလုံးက ကြာသည်လို့မထင်လိုက်။ ရင်သွေးရတနာလွယ်မွေးရဖို့ အရိပ်အရောင်လည်း မပြသေးသမို့ အိမ်ထောင်ရေးသုခကို တင်းပြည့်ကျပ်ပြည့် ခံစားနေရဆဲ။

ပြီး သူတို့နှစ်ယောက်က တခြားတစ်ပါးသော ဇနီးမောင်နှံများလို အမြဲတမ်း အတူတကွ နေရသူများမဟုတ်။ တစ်ယောက်တကွဲစီ ခွဲခွာနေရသည့်ရက်က တစ်ပတ်၊ ဆယ်ရက်။ အတူတကွနေရသည်က နှစ်ရက်၊ သုံးရက်မို့ သူတို့၏ အိမ်ထောင်ရေးမှာ ရိုးအီမသွားဘဲ အစဉ်အမြဲ ဆန်းသစ်ချို လွင်နေသည်။

တခြားဇနီးမောင်နှံတွေဆို အိမ်ထောင်သက်တမ်း နှစ်နှစ်ရောက်ပြီဆိုရင် ရိုးအီခြင်း၊ ငြီးငွေ့ခြင်း မရှိသည့်တိုင် သစ်သစ်လွင်လွင် မရှိတော့။ အလျော့အဖွပ်များသည့် အဝတ်သို့နွယ် ရှိလာပါချေ၏။ ဒါက မမှတာ။

www.burmeseclassic.com

ဝင်းမောင်ခရီးထွက်လျှင် ခင်လေးနွယ်က မျှော်ရသည်။ နေ့စဉ်တွေ့နေကျ ဖနီးမောင်နှံတို့မှာမူ အလုပ်သွားနေသည့် ခင်ပွန်းသည်ကိုမမျှော်၊ အချိန်တန် အိမ်ပြန်ရောက်လာမည်မှာ သေချာသမို့ အေးအေးပဲနေကြသည်။

သူတို့ဖနီးမောင်နှံမှာမူ တစ်ယောက်က ခရီးထွက်ရသည်။ ကျန်တစ်ယောက်က မျှော်ရင်းစောင့်ရသည်။ ထွက်ရသည့် ခရီးအတိုင်းအတာနှင့် အချိန်အပိုင်းအခြားမှာမူ သတ်မှတ်ချက်မရှိ။ နှစ်ရက်သုံးရက်နှင့်လည်း ပြန်ရောက်သည်။ တစ်ပတ်၊ နှစ်ပတ်လည်း ကြာတတ်သည်။

မျှော်ရသည်မှာ အရသာတစ်မျိုးရှိပါချေ၏။

ရင်ဖိုသည့်အခါမျိုးတွင် လှိုက်လှိုက်ထင်ထင် ဖိုရသည်။ တစ်ခုခုများဖြစ်နေသလားဟု စိုးရိမ်သောကပွားရသည်မှာလည်း အရသာတစ်မျိုး။

ဝင်းမောင်တို့လုပ်နေသော လုပ်ငန်းမှာ သည်းထိတ်ရင်ဖိုစရာများနှင့် တွဲစပ်နေသည့် လုပ်ငန်း။

မျှော်ရသည်မှာ စိုးတထင့်ထင့်ရှိရစမြဲ။ ပြန်ရောက်လာလို့ ဝင်းမောင်မျက်နှာပေါ်က အပြုံးကို မြင်လိုက်ရလျှင် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာရသည်။ ကလေးတစ်ယောက်လို လက်ခုပ်လက်ဝါးတီး၍ ပျော်ရစမြဲ။

ဝင်းမောင်ပြန်ရောက်လာတိုင်း လက်ကိုင်ငွေ ဖောဖောသီသီ ပါလာစမြဲမို့ ရုပ်ရှင်သွားလိုက်ကြ၊ စားလိုက်သောက်လိုက်ကြ၊ လည်လိုက်ပတ်လိုက်ကြနှင့် မော်မဆုံး၊ ပျော်မဆုံးရှိကြသည်။ မင်္ဂလာဦးညမျိုးနှင့်လည်း အကြိမ်ကြိမ်အဖန်ဖန် ပြန်လည်ဆုံစည်းရသည်။

သူတို့၏အချစ်မှာ သစ်ပြီးဟောင်းရမည်ဆိုသည့် နိယာမ ကိုဆန့်ကျင်ဘက်ပြု၍ သစ်ပြီးရင်း သစ်ရင်း ဆိုဘိသို့ ရှိပါချေ၏။

အိုးပိုင်အိမ်ပိုင် အနေအထားမဖြစ်သေးစေကာမူ ကိုသိန်းဦးတို့နှင့် တစ်လမ်းတည်းမှာ အိမ်ခန်းလေးတစ်ခန်း သီးခြား ငှားရမ်းနေနိုင်သည့် အဆင့်သို့ တစ်ဆင့်တက်လှမ်းခဲ့၏။

"ကျွန်မရဲ့ ပျော်ရွှင်မှုအတိုင်းအတာဟာ ကျေနပ်လောက်စရာလို့ ဆိုရမယ့်အဆင့်ထက် ကျော်လွန်ခဲ့ပါတယ်။ ကျွန်မမှာလည်း နားကပ်၊ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုးစတဲ့ မိန်းမသားတစ်ယောက်မှာ ရှိအပ်တဲ့၊ ဝတ်ဆင်အပ်တဲ့ ရတနာပစ္စည်းကလေးတွေ ပြည့်ပြည့်စုံစုံ ရှိလာပါတယ်။ ကိုဝင်းမှာလည်း သူတို့ဆရာကြီးငွေကြေးအပြင် ကိုယ့်ပိုင်ငွေနဲ့ ရင်းနှီးလုပ်နေတဲ့ လုပ်ငန်းလေးတွေပါ ဆက်စပ်ပူးတွဲလာပါတယ်။ ကိုဝင်းအပြောအရတော့ မကြာခင် ကိုယ့်ငွေနဲ့ကိုယ် လုပ်နိုင်တော့မယ်လို့ဆိုတာကြောင့် ကျွန်မဟာ ဝမ်းသာလှိုင်းကြီးစီးပြီး အပျော်ကြီး ပျော်နေရပါတယ်။ ဒါပေမယ့် သည်အလုပ်မျိုးဟာ တစ်ချိန်မဟုတ်တစ်ချိန် ခံရတဲ့ဘက်ကို အလှည့်အပြောင်းရှိတတ်ကြောင်း ထည့်မတွက်ခဲ့မိဘူး"

တစ်နေ့တော့ ...။

❖❖❖

(ခြောက်)

နှစ်နှစ်နီးပါး ကာလအတွင်း တစ်ခါမှ ပြဿနာမပေါ်ခဲ့ဖူးတော့လည်း ကိုယ့်အလုပ်ကိုယ် ဟုတ်လှပြီဟု ထင်မှတ်နေခဲ့သည်။

သိန်းဦးနှင့် ဝင်းမောင်တို့ ဆရာကြီးမှာ ကုန်ကားပိုင်နှစ်စီး ရှိသည်။ တရားဝင်ပစ္စည်းလည်း တင်သည်။ တရားမဝင်ပစ္စည်းကိုလည်း ရောထွေးတင်သည်။

သူ့ဌေးက အပတ်တိုင်း မလိုက်နိုင်။ သူ့ဌေးမလိုက်နိုင်သည့်အပတ်တွင် သူတို့နှစ်ယောက်က သူ့ဌေး။

အဲဒီအပတ်က ကားနှင့်မဟုတ်၊ ရထားဖြင့် သွားကြသည့် အပတ်။ အထူးရှာဖွေရေးအဖွဲ့နှင့် တွေ့သွားခဲ့ရာ လူလွတ်အောင် မနည်းကြိုးစားပြီး ရုန်းထွက်နိုင်ခဲ့သော်လည်း ပစ္စည်းအားလုံး အဆုံးခံလိုက်ရသည်။

သိန်းဦးရော ဝင်းမောင်ပါ ပြန်မရောက်သေး။ ဒါပေမယ့် သတင်းဆိုးက လူထက်စော၍ရောက်လာသည်။

"မအေးကြည်ခင် လာပြောတုန်းက ကျွန်မ ခေါင်းတစ်ခေါင်းလုံး ချာချာလည်သွားတယ်။ ရင်တွေတထိတ်ထိတ် ခုန်လို့။ ခဏလေးအတွင်းမှာပဲ ခြေဖျားလက်ဖျားတွေ အေးစက်သွားပြီး ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားပါတယ်။ မအေးကြည်ခင်ကလည်း မျက်ရည်လေးတစစနဲ့ အဲဒီညက ကျွန်မ တစ်ညလုံး အိပ်လို့မရဘူး။ ကိုဝင်းမရှိတဲ့အခါ ညဘက် အိပ်ဖော်အဖြစ် ခေါ်ထားတဲ့ အဒေါ်ကြီးကတော့ တရှူးရှူးအိပ်လို့ပါ"

"မိုးသာ စင်စင်လင်းရော ငုတ်တုတ်ပဲ။ ငုတ်တုတ်ဆိုတာက မွေ့ရာကြီးမည်းကြီးထဲမှာ ငုတ်တုတ်နေရ

www.burmeseclassic.com

တာပါ။ မီးမထွန်းရဲပါဘူး။ တစ်ညလုံး မီးထွန်းထားရင် အိမ်ရှင်အခန်းက ဘာဖြစ်လို့လဲ၊ ညာဖြစ်လို့လဲ မေးစမ်းကြမှာ သေချာပါတယ်။ ကိုဝင်းတို့အဖြစ်က ပြန်ပြောလို့မကောင်းတဲ့ အဖြစ်လေ။ ပစ္စည်းဆုံးပြီး လူမမြင်ရသေးတော့ လူလွတ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ တွေးတထင့်ထင့် စိတ်တပူပူ ဖြစ်နေရပါတယ်။ အဲဒီတော့မှ ကျွန်မတို့ဘဝကို ပြန်စဉ်းစားမိတာပါ။ ကျွန်မတို့ပျော်ရွှင်မှုက စိန်ပန်း၊ ရွှေပန်းပန်ပြီး ပျော်ရတဲ့ ပျော်ရွှင်မှုမှမဟုတ်ဘဲဟာ။ အဆိပ်ပန်းပန်ပြီး ပျော်ရွှင်နေရတဲ့ ပျော်ရွှင်မှုပါကလားလို့ သဘောပေါက်ခဲ့ရပါတယ်"

ဝင်းမောင် ပြန်ရောက်လာသည်။ ခါတိုင်းလို အပြုံး တဝေဝေနှင့် မဟုတ်။ ရွှင်ရွှင်ပျပျမရှိ။ မျက်စိမျက်နှာပျက်လို့။ ဟန်ဆောင်အရယ် အပြုံးလေးသော်မှ မလုပ်နိုင်။

"ကျွန်မကလည်း ခါတိုင်းလို ဝမ်းသာအဲလဲ ဆီးမကြိုနိုင်တော့ဘူးလေ။ ဘာစကားကို ဘယ်လိုစပြောရမှန်းမသိတဲ့အဖြစ်။ ကိုဝင်းကိုတွေ့လိုက်တာနဲ့ မျက်ရည်ကိုမထိန်းနိုင်တော့ဘဲ ငေးငေးငိုင်ငိုင် ကြီးဖြစ်နေတယ်။ ကျွန်မလည်း ဘာမှ မမေးမိတော့ဘူး။ ကိုဝင်းက ..."

"မလေး ... သတင်းစုံကြားပြီးပြီလားတဲ့"

"မနေ့က မအေးကြည်ခင်လာပြောလို့"

"ကိုဝင်းတို့ စုဆောင်ထားသမျှ တစ်ချိတည်း ချောထွက်သွားတာပဲ။ ထူထောင်မှ မနည်းကြီးကို ..."

"ဖြစ်လာမှတော့ ဘာတတ်နိုင်တော့မှာလဲ ကိုဝင်းရာ။ သည်လောက်ကြီးလည်း စိတ်မထိခိုက်နေပါနဲ့ ဖြစ်သမျှအကြောင်းပေါ့"

'ကိုဝင်းကို အဲဒီလိုအားပေးလိုက်ရပေမယ့် ကျွန်မရင်ထဲမှာလည်း ပူလောင်နေတာပဲ။ ခါတိုင်းဆို ကိုဝင်းပြန်လာရင် အိမ်ထမင်း၊ အိမ်ဟင်း မစားကြဘူးလေ။ ကောင်းပေ့လို့ နာမည်ကြီးတဲ့ ဆိုင်တွေမှာ ထွက်စားကြတာပါ။ ဒီတစ်ခေါက်တော့ မထွက်နိုင်တော့ဘူး။ ကိုဝင်းအိတ်ထဲမှာ လက်ကျန်ငွေ နှစ်ဆယ်ကျော်ပဲ ပါတော့တယ်။ ကျွန်မမှာ ငွေနှစ်ရာလောက်ရှိတယ်။ ကျွန်မဝတ်ထားတဲ့ ရွှေတိုရွှေစကလွဲလို့ ကျွန်မ ချမ်းသာသမျှဟာ ငွေနှစ်ရာကျော်လေးပဲရှိတယ်။ ရှေ့ကို လျှောက်ရမယ့် လမ်းခရီးကလည်း လမ်းစပျောက်သလို ဖြစ်နေပြီလေ။ အဲဒီတော့ ခါတိုင်းလို မသုံးရဲ၊ မစားရဲတော့ဘူးပေါ့"

မကောင်းမှု ပြုမှားမိသူတိုင်း ကောင်းသောအကျိုးဆက်ကို ခံစားလိမ့်မည်မဟုတ်၍ ဆိုစမြဲ စကားမရှိဖူးသည့်အတိုင်း ယခု ဝင်းမောင်တို့ လက်တွေ့ခံလိုက်ရပါလေပြီ။

နှစ်နှစ်နီးပါး ရှာဖွေခဲ့ရသည့် ငွေကြေးများမှာ တစ်ချိတည်းနှင့် ကုန်းကောက်စရာမရှိအောင် ဖြစ်သွားသည်မှာ စာတွေ့မဟုတ်ပါ။ ငါတွေ့ တွေ့ရပါလေပြီ။

❖ ❖ ❖

တစ်ပတ်လောက် ငူငူငိုင်ငိုင်ကြီး ဖြစ်နေသည့် ဝင်းမောင်က လုပ်ငန်းခွင်ပြန်ဝင်ရေးအတွက် စတင်ပြောဆိုလာသည်။

"ကဲ ... မလေး၊ ကိုယ်တို့လုပ်ငန်း ပြန်စရလိမ့်မယ်"

"ဘာလုပ်ငန်းလဲ ကိုဝင်း"

"လုပ်နေကျ လုပ်ငန်းပေါ့"

"မလေး သဘောကတော့ သည်လုပ်ငန်းပေါ် သံယောဇဉ်မတွယ်စေချင်တော့ဘူး။ သံယောဇဉ်ဖြတ်လိုက်စေချင်ပြီ ကိုဝင်း။ ခုပစ္စည်းတင်ဆုံးပြီ။ လူ့မပါတာကိုပဲ တော်သေးတယ်လို့ ပြောရမှာ။ နို့မဟုတ်ရင် ကိုဝင်းလည်းဒုက္ခရောက်မယ်။ မလေးလည်း ... အို ... မတွေးဝံ့စရာကြီးပါ ကိုဝင်းရယ်။ တခြား ကောင်းရောင်းကောင်းဝယ် အလုပ်ကိုပဲ စဉ်းစားပါတော့လားနော်"

"ကဲ ... ထားပါတော့၊ မလေးပြောသလို ကောင်းရောင်းကောင်းဝယ် လုပ်ပါပြီတဲ့။ ဘယ်မလဲ ငွေရင်းငွေနှီး"

"အို ... မလေးရဲ့ လက်ဝတ်လက်စားတွေ ရှိသားပဲဟာ။ ပြန်ရောင်းလိုက်ရင် ငွေလေးငါးထောင် ထွက်လာမှာပေါ့ ကိုဝင်းရဲ့"

"သည်ငွေလောက်နဲ့ ဘာလုပ်လို့ရမှာလဲ မလေးရယ်"

"မလေး ဈေးထွက်ရောင်းမယ်လေ"

"ဈေးရောင်းတယ် ဆိုတာက အပြောလွယ်သလောက် အလုပ်ခက်တယ် မလေးရဲ့။ ရောင်းရေးဝယ်ရေး အလေ့အကျင့်ရှိရင် အကြောင်းမဟုတ်ဘူး။ မရှိဘဲ ထလုပ်ရင်တော့ ရှိတာပါ ပြုတ်သွားလိမ့်မယ်။ အခု ကိုဝင်းတို့ဖြစ်တဲ့ အဖြစ်မျိုးက တစ်ခါမဟုတ် တစ်ခါတော့ ကြုံရမှာပေါ့။ ကိုဝင်းတို့က နှစ်နှစ်အတွင်း ဒီတစ်ခါပဲ ကြုံလိုက်ရတာ တခြားလူတွေဆို ..."

www.burmeseclassic.com

"တစ်ခါဆို ဆိုသလောက်ဆို တော့လည်း ကိုဝင်းရယ်"

"ကိုဝင်းတို့မှာ အရှုံးမရှိသေးပါဘူး မလေးရာ"

"ကျွန်မတို့နှစ်ယောက် အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ပြောကြဆိုကြရင်း သဘောတူညီတဲ့အဖြေထွက်မလာဘဲ ရန်ပွဲအငယ်စားကလေးဖြစ်ပြီး အဆုံးသတ်ခဲ့ရပါတယ်။ အိမ်ထောင်ကျကတည်းက ဟုတ္တိပတ္တိ စိတ်မညစ်စိတ်မဆင်းရဲခဲ့ဖူးတဲ့ ကျွန်မဟာ သည်ရက်ပိုင်းအတွင်းမှာတော့ အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရပါတယ်။ ကိုဝင်းမှာ ဖွတ်တရွတ် ဆက်လုပ်မယ့် ဆုံးဖြတ်ချက်ရှိနေပြီလေ"

ခင်လေးနွယ်က ရှိတာလေးထုခွဲ၍ အရောင်းအဝယ် လုပ်ချင်သည်။ ယုတ်စွအဆုံး သူလုပ်ခဲ့ဖူးသည့် အိမ်ဆိုင်ကလေးဖွင့်ပြီး တစ်ဖက်တစ်လမ်း ရှာမည်။

ဝင်းမောင်က အလုပ်တစ်ခုခုရအောင်ကြိုးစား။ ဆယ်တန်းမအောင်ပေမယ့် စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်တစ်ခုခု ရနိုင်သည်။

ဝင်းမောင်အဖေ ဦးဖိုးကျော့ကလည်း ပြောဖူးသည်။ သူတို့အလုပ်ရုံမှာ ပညာသင်အဖြစ် အလုပ်ဝင်လုပ်ရင်လုပ်၊ ဒါမှမဟုတ် အပြုင်ဝပ်ရှော့တစ်ခုခုမှာ အလုပ်အပ်မည်လို့။

ကားပြင်သည့် အတတ်ပညာမှာ ဘယ်တော့မှ မတိမ်ကော။ လူသားတို့ သွားရေးလာရေးနှင့် စားကုန်သောက်ကုန် သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ကားကို မသုံးမဖြစ် သုံးရသည်။ မော်တော်ကားရှိနေသမျှ ပြင်ဆင်ရေးလုပ်ငန်းလည်း ရှိမည်။ သည်ပညာကို မတောက်တစ်ခေါက်တက်သော်မှ ထမင်းမငတ်။

သားဖြစ်သူကို ဤသို့နားချဖူးသည်။ ခု ခင်လေးနွယ်က ထပ်၍ဖျောင်းဖျနားချသည်။ စိတ်သောကကို မထွေးပိုက်ရဘဲ လင်မယားနှစ်ယောက် အေးအတူ ပူအမျှ နေကြဖို့။

ဒါကို ဝင်းမောင်က လက်မခံ။ ဖြတ်လမ်းနည်းနှင့် ချမ်းသာချင်သည်။

ဘာကိုလုပ်လုပ် ဖြတ်လမ်းလိုက်သူမှန်သမျှ လမ်းခုလတ်မှာ ခါးပြတ်ကျန်တတ်သည်ကို သူက သဘောမပေါက်။ သူ့ဘက်ကလည်း ဆင်ခြေပေးလာသည်။

အဖေ တစ်သက်လုံး ဒီပညာနှင့် ကျွမ်းကျွမ်းကျင်ကျင် အသက်မွေးဝမ်းကျောင်းခဲ့ပါလျက် ဆံဖြူ၊ သွားကျိုး၊ ခါးကိုင်း၊ နားထိုင်းသည့် အရွယ်သို့ ရောက်ခါနီးသည့်တိုင် မိသားစုတစ်ခုလုံး ထမင်းနပ်မှန်ရုံပဲ စားရသည်။ ဘယ်မလဲ ကြီးပွားတိုးတက်တာ။

ခု သူလုပ်နေသည့် အလုပ်က သေမြေကြီး ရှင်ရွှေထီးပါတဲ့။ ဒါက သူ့ဘက်မှဆင်ခြေ။ ဥပဒေဆန့်ကျင်ဘက် လုပ်ငန်းသမားတွေ ပေးလေ့ပေးထရှိသည့် ဆင်ခြေ။

တစ်နေ့ ခံရပြီဆိုသောအခါကျမှ နောင်တ တရရ ရှိကြစမြဲ။ သားတစ်ကိုမြင်သော်လည်း မြားချက်ကိုမမြင်။

နောက်ဆုံးတော့ ကျွန်မကပဲ အလျှော့ပေးလိုက်ရပါတယ်။ ကျွန်မဟာ မိန်းမသားပါ။ သူများနည်းတူ ဝတ်ချင်စားချင်၊ သုံးချင်စွဲချင်တဲ့စိတ် မရှိလို့ မဟုတ်ပါဘူး။ သူအန္တရာယ်လမ်းကြောင်းပေါ် လျှောက်နေသမျှ ကျွန်မကလည်း စိုးရိမ်ကြောင့်ကြသောကဗျာပါဒကို ပိုက်ထွေးထားရမှာပါ။ ထမင်းကောင်း၊ ဟင်းကောင်းကို ရင်တထိတ်ထိတ် မစားချင်ပါဘူး။ ပေါ်သမျှ အဆင်ဆန်းတွေဝတ်ပြီး စိုးတရွံ့ရွံ့ ဖြစ်မနေချင်ပါဘူး။ ဒါဟာ အခုမှ ကျွန်မလုပ်ကြံပြောတဲ့ စကားမဟုတ်ပါဘူး။ လင်က ဓားပြတိုက် ကျွေးကျွေး မယားက ယပ်ခတ်စားမယ်ဆိုတဲ့အထဲမှာ ကျွန်မ မပါပါဘူး"

ဟုတ်တာ၊ မဟုတ်တာ အပထား။ ထိုတဒင်္ဂအတွင်း ထောင်မှူးလေး ဦးတင့်လွင်မှာ ခင်လေးနွယ်ကို အထင်တကြီး ရှိသွားရသည်။

ယောကျ်ားဖြစ်သူက ဘယ်လိုနည်းနဲ့ရှာရှာ မိန်းမဖြစ်သူက ဝတ်စားမော်ကြွားပြီး ရသမျှသုံးဖြုန်းမည်ဆိုသော သဘောထားရှိသည့် အများစုမိန်းမသားထဲမှာ ခင်လေးနွယ် မပါ။

မိန်းမသားသဘာဝနှင့် ဆန့်ကျင်ဘက်ထဲမှာ ခင်လေးနွယ်ပါသည်ဟု ဆိုနိုင်ရာ၏။

ဒီနေ့ အိမ်အပြန် ထောင်မှူးလေး ဦးတင့်လွင့်က ချစ်ဇနီးအေးကို သည်အကြောင်းလေး ပြန်ပြောင်းပြောပြရသည်။ အေးလည်း စိတ်ဝင်စားသွားသည်။ ဒီလို သဘောထားအမြင်ရှိသည့် မိန်းကလေးတစ်ယောက် ဘာကြောင့် သည်ပုဒ်မမျိုးနှင့် ထောင်ထဲကို ရောက်နေပါလိမ့်တုံ။

"သူ ဒီအမှုကို ဘယ်လိုဖြစ်ပြီး ကျူးလွန်ခဲ့ရလဲ အစ်ကိုလွင်"

"အဲဒီ . . . အစိတ်အပိုင်းအထိ မရောက်သေးဘူးလေ။ ကိုယ်လည်း အေးလိုပဲ သိချင်တာပေါ့။ ဒါပေမယ့် ဇာတ်လမ်း အပြည့်အစုံကိုယ်မှ ရုပ်လုံးပေါ်မှာမို့ ကိုယ်လည်းကြား



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်မပေးတော့ပါဘူး''

''အစ်ကိုလွင် ... ခုတလော မိန်းမထောင်ကို တာဝန်ယူနေရတာ သဘောခွေ့နေမှာပေါ့နော်။ ပျင်းစရာမှ မကောင်းတော့တာ''

''ဟော ... အေးက ဖောက်လာပြီ''

''အစ်ကိုလွင်ရေ ... သနားပြီး တော့မှ သံယောဇဉ်တွယ်ပြီး ချစ်ရတဲ့အချစ်ဟာ သိပ်ခိုင်မြဲတယ်လို့ ကြားဖူး၊ မှတ်ဖူးတယ်လေ''

''ပြောရင်းပြောရင်း အေးမြားဦးက အစ်ကိုလွင့်ဘက် လှည့်လာတာကိုး''

''မောင်လည်း ယောကျ်ားပဲ မဟုတ်လား မောင်ရယ်။ ရဟန္တာ တောင်မှ ...''

''ကဲ ... တော်ပြီ။ အစ်ကိုလွင် ရေချိုးလိုက်ဦးမယ်''

* * *

ဝင်းမောင်နှင့် သိန်းဦးမှာ အမှောင်လမ်းကြောင်းထဲသို့ ပြန်လည်ဝင်ရောက်သွားကြပြန်သည်။

ခါတိုင်းလိုပင် သွားလိုက်လာလိုက် လုပ်နေသော်လည်း ပြန်လာသည့်အခါ ခင်လေးနွယ်ကို ပေးသည့် ငွေကြေးမှာ ယခင်အခေါက်လို စို့စို့ပို့ပို့မရှိ။

ခင်လေးနွယ်ကလည်း ဘယ်သို့မှ မဆို။ ဘာမှမမေး။ ပေးသမျှကိုပဲ ယူထားလိုက်သည်။

သူတို့ လင်မယားနှစ်ယောက်၏ ဆက်ဆံရေးမှာ ပြေပြေလည်လည်ရှိသော်လည်း ကြည်ကြည်သာသာရှိသည်ဟုတော့ မဆိုနိုင်။ ဝင်းမောင်က လည်း ယခင်ကလို တက်တက်ကြွကြွ မရှိ။

ခင်လေးနွယ်က အပျော်အပါး နှင့် အဝတ်အဆင်ကို မြိုးမြိုးမြွေ့တာရှုံ သာမက ငွေကုန်ကြေးကြများသည့် အပြင်ဆိုင်များသို့ ထမင်းထွက်စားခြင်း ကိုလည်း မလုပ်တော့။ မြိုးမြိုးမြွေ့တာ စုဆောင်းရေး ဖယ်ထားချလိုက်၏။

တစ်နေ့တော့ ဝင်းမောင်က ဤသို့ စကားဆိုသည်။

''မလေး ... ကိုယ်တို့ အိမ်ခန်းမှာ နေ့လယ်လောက်သာနေပြီး ညဘက်ကို မအေးကြည်ခင်နဲ့ သွားအိပ်ပါလား''

''ဘာဖြစ်လို့လဲ ကိုဝင်း''

''ကိုယ်တို့ သည်တစ်ခါထွက်မယ့်ခရီးက ရက်ရှည်လိမ့်မယ်။ ညရေး ညတာအတွက် မလေးကို စိတ်မချလို့။ ပြီးတော့ မအေးကြည်ခင်လည်း အဖော်ရတာပေါ့။ ခု သူက ကိုယ်လေး လက်ဝန်ကြီးနဲ့လေ''

''ကိုဝင်း .. မလေးကို တကယ် ချစ်တယ်နော်''

''ချစ်တာပေါ့ မလေးရယ်။ ချစ်လို့လည်း မလေး သူများနဲ့ တန်းတူ နေနိုင်အောင် ကိုဝင်းကြိုးစားနေတာ ပေါ့''

''မလေး နေတတ်ထိုင်တတ်ပါတယ် ကိုဝင်းရယ်။ ကိုဝင်းသာ သည် အလုပ်ကို စွန့်မယ်ဆိုရင် မလေး သိပ်ဝမ်းသာမှာပဲ။ လင်မယားနှစ်ယောက် အခုလိုခွဲနေရတာရယ်၊ ကိုဝင်းမျက်နှာကို မမြင်ရမချင်း ရင်မအေးရတာရယ်ဟာ မလေးအတွက် ပေါပေါ်ဝတ်ပြီး ဖောဖောသီသီစားရတာထက် ပိုပြီး စိတ်ဆင်းရဲရပါတယ်။ ကိုဝင်းက ခရီးရက်ရှည်ကြီး ထွက်ဦးမယ်ဆိုတော့''

''မလေး ... ကိုဝင်းလုပ်ငန်းကို ဖြောင့်ဖြောင့်တန်းတန်း လုပ်ပါရစေ။ ကိုဝင်း မလေးအတွက်လည်း စဉ်းစားပြီးသားပါ။ ကိုဝင်း တစ်ချီကောင်း၊ နှစ်ချီကောင်း အပိုင်လုပ်ပြီးရင် မလေး စိတ်တိုင်းကျ သည်လုပ်ငန်းက လုံးဝ နားလိုက်တော့မှာပါ''

''တကယ်ပြောတာလား ... ကိုဝင်း''

''တကယ်ပြောတာပါ မလေးရာ၊ ကိုဝင်းတို့အတွက် ဆိုင်လေးတစ်ဆိုင်လောက် ဆွဲပြီး ရင်းလောက်နီးလောက်ရရင် တော်ပါပြီ''

''မလေးလည်း အစွမ်းကုန်မြိုးမြွေ့တာပြီးစုမယ်။ ကိုဝင်းခရီးရက်ရှည်ထွက်နေတုန်း မလေး ရွာကို ခဏပြန်ချင်တယ်။ အဖေတို့၊ အမေတို့နဲ့ မတွေ့ရတာ ကြာပြီမဟုတ်လား''

''မလေးဆန္ဒရှိရင် သွားပေါ့။ ကိုဝင်းတို့က အနည်းဆုံး တစ်လလောက်တော့ ကြာလိမ့်မယ်''

သူတို့နှစ်ယောက် ပြန်လည်ကြည်သာသွားကြသည်။ လုပ်ငန်းအကြောင်းမေးသည့်အခါ ဝင်းမောင်က တိတိပပ မပြော။ ဆင်ဝေ့ရန်ရှောင် သဘောမျိုးပဲ ပြောခဲ့သည်။

ခင်လေးနွယ်ကလည်း အထွန့်ထပ်မတက်။ မပြောချင်သည်ကို အရအမိ မမေး။ ဘယ်သွားသည်ဆိုတာလောက်ပဲ မေးခဲ့သည်။

ဝင်းမောင်၏အဖြေမှာ မြစ်ကြီးနားဘက်ကိုတဲ့။

(ရှေ့လဆက်ရန်)

ကျော့မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# ဆံမြိတ်လည်းပြေ ပန်းလည်းကြွေရသော ပုဂံအလှ ကချေသည်

■ မင်းညွန့်နွယ်(တောင်တွင်းရွှေပြည်)

ဆပ္ပဋမထေရ်သည် သီဟိုဠ်၌ ဆယ်ဝါရသည်တိုင်အောင် ပိဋကတ်စာပေများကို သင်ယူပြီး ပိဋကတ်ဆောင် အရှင်မြတ်ဖြစ်လာခဲ့သည်။ သို့သော်လည်း ပုဂံသို့ တစ်ပါးတည်းမပြန်လိုပေ။ အကြောင်းမှာ တစ်ပါးတည်း ပုဂံသို့ ပြန်ကြွသွားပါက သူ၏ဆရာတော် အရှင်ဥတ္တရဇီဝမထေရ် မရှိတော့လျှင် ပဉ္စဝဂ်သံဃာပြည့်အောင် ပိဋကတ်ကိုဆောင်ကုန်သော သီဟိုဠ်မှ မထေရ်လေးပါးတို့နှင့်အတူ ပုဂံသို့ ပြန်ကြွရမည်ဖြစ်ပေသည်။

ထို့ကြောင့် တာမလိတ္တရွာသား အရှင်သီဝလိမထေရ်၊ ကမ္ဘောဇသားအရှင်တာမလိန္ဒမထေရ်၊ ကိဉ္စပူရမြို့သား အရှင်အာနန္ဒမထေရ်၊ သီဟိုဠ်ကျွန်းသား အရှင်ရာဟုလာမထေရ်တို့နှင့် ပဉ္စဝဂ်ပြည့်အောင် ဆပ္ပဋထေရ် အပါအဝင် မထေရ်ငါးပါးတို့ ပုဂံသို့ သင်္ဘောစီး၍ ပြန်လည်ကြွခဲ့ကြသည်။ ထိုမထေရ်ငါးပါးလုံးပင် ပိဋကတ်သုံးပုံကို ဆောင်ကုန်သည် ဖြစ်၍ အရှင်ရာဟုလထေရ်က သာလွန်၍ အစွမ်းထက်သည်ဟု သိကြ၏။

မထေရ်ငါးပါးတို့၏ သင်္ဘော၊ ပုသိမ်ဆိပ်ကမ်းသို့ ဆိုက်ကပ်သော အချိန်မှာ ဝါဆိုလနီးနေပြီဖြစ်၍ ပုဂံသို့ ရောက်အောင်ကြွချိန်မရသောကြောင့် ပုသိမ်၌ပင် ဝါဆိုခဲ့ကြသည်။ ဝါကျွတ်သောအခါ မထေရ်ငါးပါးတို့သည် ပဝါရဏာ ပြုပြီးနောက် ပုဂံသို့ ဆက်လက်ကြွတော်မူကြသည်။ အရှင်ဥတ္တရဇီဝမထေရ်သည် အရှင်ဆပ္ပဋတို့ ပုဂံသို့ ပြန်မရောက်မီ နှစ်ရက်သုံးရက်ကပင် ပျံလွန်တော်မူခဲ့သည်။ အရှင်ဆပ္ပဋသည် ဆရာတော်ရှင်ဥတ္တရဇီဝ သင်္ဂြိုဟ်ရာသို့ကြွ၍ ရှိခိုးကန်တော့ခြင်းပြုခဲ့သည်။

ထို့နောက် အရှင်ဆပ္ပဋသည် မထေရ်လေးပါးတို့နှင့် တွေ့ဆုံပြီး "ငါတို့ဆရာ အရှင်ဥတ္တရဇီဝ မထေရ်မြတ်ကြီး သီဟိုဠ်သို့ရောက်ခဲ့စဉ်က သီဟိုဠ်ဆရာတော်တို့နှင့် အတူတကွ သံဃကံကို ပြုကြသကဲ့သို့ ငါတို့လည်း အရှင်သောဏ၊ အရှင်ဥတ္တရတို့ အဆက်အနွယ်ဖြစ်ကြသော ပုဂံရဟန်းတို့နှင့်အတူတကွ သံဃကံကို ပြုသင့်ကုန်၏"။ ထိုကဲ့သို့ အရှင်ဆပ္ပဋထေရ် သီဟိုဠ် သာသနာတော်ကို ဆောင်၍ ပုဂံသို့ ရောက်လာခဲ့သည်မှာ သက္ကရာဇ် ၅၄၃ ခုနှစ်က ဖြစ်သည်။

နရပတိစည်သူမင်းကြီးသည် မထေရ်ငါးပါးတို့ကို အလွန်ကြည်ညို မြတ်နိုးတော်မူ၍ ဝဇီရပဉ္စမည်သော ပညာရှိ အမတ်နှင့်တိုင်ပင်၍ ဧရာဝတီမြစ်၌ လှေဖောင်ဖွဲ့စေပြီး သာမဏေများစွာတို့ကို ပဉ္စင်းခံစေသည်။ ကာလရှည်ကြာသော် အနွယ်အဆက်ပြန့်ပွား၍ ဂိုဏ်းသံဃများစွာ ဖြစ်လာခဲ့သည်။

မင်းကြီးသည် တစ်နေ့သ၌ ပဋကတ်တော်မထေရ်ငါးပါးတို့ကို ပုဂံပြည်၌ ပိဋကတ်စာပေများကို နေ့မအား ညမနား ကြိုးပမ်းပို့ချနေရသည်။ ထို့ကြောင့် စိတ်ပန်းကိုယ်ကျေဖြစ်ပြီး နွမ်းနယ်နေကြသည်ကို အနည်းငယ် ပြေပျောက်သက်သာစေခြင်းအကျိုးငှာ သီဟိုဠ်ပြန်မထေရ်ငါး ပါးတို့ကို တပည့်သံဃာနှင့်တကွ အလှူကြီးပြု၍ ဆွမ်းကပ်ခဲ့သည်။ ဆွမ်းကပ်ပြီးနောက် "ကချေသည် သဘင်အငြိမ့်"ဖြင့် ဧည့်ခံကာ အနားယူအပန်းဖြေခွင့် ပေးခဲ့သည်။

အငြိမ့်ကြည့်နေကြစဉ်တွင် သီဟိုဠ်သား ရာဟုလာထေရ်သည် မြန်မာကချေသည်မနှင့် သူမ၏ရုပ်ရည်သွင်ပြင် အညှုအခရာ မာယာပရိယာယ် လှည့်ပတ်ဆွဲဆောင်မှုတို့ကို

www.burmeseclassic.com

“

## သင်တစ်ဦးကြောင့် ငါတို့အားလုံး အရှုတ်မရစကောင်း။ ဒီအရပ်၌ လူမပြုပါလေနဲ့။ မလယကျွန်းသို့ သင်သွားပြီး လူ့ဝတ်လဲကာ အငြိမ့်ကချေသည်နဲ့ ပေါင်းလိုတပေါင်းပါလေ ....

”

သာယာနှစ်သက်ဖွယ် အငြိမ့်ပွဲသဘင်မှထပြီး သီတင်းသုံးရာ ကျောင်းတော်သို့ ပြန်ကြွသွားခဲ့ရသည်။

ရာဟုလထေရ်သည် ကျောင်းသို့ရောက်သောအခါ သင်္ကန်းကို ခေါင်းပါလုံအောင်ခြုံပြီး အိပ်ရာထဲ၌ လူးလိမ့်ကာ ခံစားနေရလေသည်။ မထေရ်ကြီးလေးပါးတို့သည် အငြိမ့်ပွဲပြီးသောအခါ သာသနာ့ဒါယကာမင်းကြီးကို နှုတ်ဆက်ပြီး ကျောင်းသို့ ပြန်ကြွခဲ့ကြသည်။ ကျောင်းသို့ပြန်ရောက်သောအခါ အိပ်ရာထဲ၌ လူးလိမ့်ပြီး ခံစားရသော ရာဟုလာထေရ်ကို တွေ့ရပြီးနောက် ထိုမထေရ်ပြောပြချက်အရ မထေရ်ကြီး လေးပါးတို့ ခံစားမှုအကြောင်းစုံကို သိခဲ့ကြသည်။ မထေရ်ကြီးတို့က ဆုံးမသော်လည်း ရာဟုလထေရ်သည် “ရဟန်းတရားကို မမွေ့လျော်တော့ဘဲ ပရိသုန္ဒြေရန်နှင့် ကချေသည်ကိုပေါင်းသင်းရန်သာ” အားထုတ်နေပေသည်။

ထိုအခါ မထေရ်ကြီးလေးပါးတို့သည် “သင်တစ်ဦးကြောင့် ငါတို့အားလုံး အရှုက်မရစကောင်း။ ဒီအရပ်၌ လူမပြုပါလေနဲ့။ မလယကျွန်းသို့ သင်သွားပြီး လူ့ဝတ်လဲကာ အငြိမ့်ကချေသည်နဲ့ ပေါင်းလိုကပေါင်းပါလေ” ဟု ပြောဆိုပြီး ငွေကြေးထောက်ပံ့ကာ ရာဟုလထေရ်ကို ကျောင်းတော်မှ နှင်လိုက်ကြသည်။

အရှင်ရာဟုလထေရ်သည် ပုသိမ်မှ သင်္ဘောစီး၍ မလယကျွန်းခေါ် မလေးကျွန်းခေါ် ပသျှူးကျွန်းသို့ ကြွသွားခဲ့သည်။ ထိုကျွန်းသို့ရောက်လျှင် ဝိနည်းတရားကို သိလိုသော မလယမင်းအား သင်ကြားပို့ချပေးခဲ့သည်။ မလယမင်းကြီးက အရှင်ရာဟုလမထေရ်အား ပတ္တမြားသပိတ်တစ်လုံးကပ်လှူခဲ့သည်။ အရှင်ရာဟုလထေရ်လည်း ပတ္တမြားရတနာ သပိတ်တစ်လုံးရလျှင် လူထွက်၍ ကချေသည်မနှင့် ပေါင်းသင်းနေထိုင်ခဲ့သည်။

ဖော်ပြပါ ဖြစ်ရပ်ကို သုံးသပ်ကြည့်သောအခါ အလှူရှင်တို့က မပေးလှူအပ်သော “မဇ္ဇဒါနဟူသော သေအရက်စသည် အလှူ၊ သမဇ္ဇဒါနဟူသော အငြိမ့်ကချေသည်အလှူ၊ ဣတ္ထိဒါနဟူသော ကာမမှုအတွက် အရည်းကြီးများ ကာလကဲ့သို့ မိန်းမအလှူ၊ ဥသဘ ဒါနဟူသော နွားမတို့အတွက် နွားသိုးကြီးအလှူ၊ စိတ္တကမ္မဒါနဟူသော ကာမဂုဏ်စိတ်ဖြစ်စေသည့် ပန်းချီ ကားချပ်အလှူ” ဟု ဖော်ညွှန်းထားသည့် ငါးမျိုးသော အလှူတို့မှ “သမဇ္ဇဒါန ခေါ် အငြိမ့်ကချေသည်အလှူ” ကို လှူခဲ့မိခြင်းကြောင့် ပိဋကတ်ဆောင် စာချရဟန်းတော်တစ်ပါး ဆုံးရှုံးခဲ့ရသည့်အပြင် ပုဂံအလှ ကချေသည်ခမျာမှာလည်း ဆံမြိတ်ပြေ၍ အချစ်ပန်းကြွေခဲ့ရပေသည်။

ဖတ်ရှုခဲ့ပြီး ပုဂံအလှကချေသည်ဖြစ်စဉ်ကို ဆင်ခြင်နှလုံးသွင်းပြီး အလှူရှင်တို့အနေနှင့် ရဟန်းတော်များနှင့် အပ်စပ်ရာလှူဒါန်းဖွယ်ကိုသာ လှူဒါန်းမှုပြုနိုင်ကြရန် တင်ပြလိုက်ရပါသည်။

မင်းညွန့်နွယ်(တောင်တွင်းရွှေပြည်)

ကျမ်းကိုး

၁။ အဂ္ဂမဟာပဏ္ဍိတ–မဟာဒွါရနိကာယ ဒုတိယမဟာနာယက သီရိသောဘနထေရ်ရေး၊ မဟာဒွါရနိကာယ၊ “သာသနဝံသ ဒီပမနီကျမ်း”။

၂။ အရဟံဗောဓိသမိုင်း
အရှင်အာစရာဘိဝံသ (တိပိဋကဓရ)
မင်းတုန်းမင်းနှင့် စကြာဒေဝီတို့၏ သားရဟန်း။



www.burmeseclassic.com

www.burmeseclassic.com

# သမ္မာသမ္ဗုဒ္ဓ အာဟာရဒီပနီ

# အားလုံးသတ္တဝါ အစာသည်တည်ရာ

## ချောယဉ်သာမြင့် (BA, BEd)

လူ့ဘဝ ပဋိသန္ဓေစာတ် ဖြစ်စဉ်တွင် ပဋိသန္ဓေကာလအခိုက် ကာယ၊ ဘာဝ၊ ဝတ္ထု ကလာပ်သုံးဆယ်ဖြင့် စ၍ ကာယနှင့် ဘာဝထိခတ်မှုကြောင့် ကာယဝိညာဏ်ခေါ် နောယတန၊ မနောယတနနှင့် ဓမ္မာယတနတို့ ထိခတ်မှုကြောင့် မနောဝိညာဏ်၊ မနောဝိညာဏ်နှင့် ဝတ္ထုကလာပ် ထိခတ်မှုကြောင့် ဤသုံးဆင့်ထိခက်မှုတွင် ဝတ္ထုကလာပ်၏ ပုံကြီးချဲ့ကောင်းသော သတ္တိဖြင့် လူ့သနစ် လူ့အဖြစ်သို့ စီရင်ဖန်တီးပြီး၍ အသစ်ဖြစ်လာသော ကာယအကြည်၊ ဇိဝှာအကြည်၊ ဃာန၊ သောတ၊ စက္ခုအကြည်တို့ အဆင့်ဆင့် တိုးတက်ဆောက်ခဲ့လေသည်။ ဤသို့ဖြင့် လူ့ဘဝ ရခဲ့ကြသည်။

စက္ခုသစ်ရသော် ရူပကို အစာအာဟာရအဖြစ် မှီဝဲမှုအတိုင်း ဇိဝှာနှင့်ရသ၊ သောတနှင့်သဒ္ဒ၊ ဃာနနှင့်ဂန္ဓ၊ ကာယနှင့်ဖောဋ္ဌဗ္ဗ၊ မနနှင့်ဓမ္မ။ ဤသို့ သူ့အကြည်နှင့် သူ့အာဟာရ မှီဝဲကြကာ အဟောင်းပစ် အသစ်လဲလှယ်၍ အမြဲတစေ ဖြစ်ပျက်နေသော လူ့ဇာတိနယ်သည် ခဏမလစ် အာဟာရအဖြစ် မှီဝဲနေကြသည်မှာ သိမ်မွေ့လှသဖြင့် သိရန် မြင်ရန် မလွယ်ကူသောကြောင့် ဘုရားရှင်ကိုယ်တိုင်ပင် အနာရောဂါရကြောင်း နိဒါန်းကို သိလွယ်မြင်သာသော ဥပမာဖြင့်

"ဇိဝှံစ ပဋိစ္စရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ သမ္ဘဝန္တိ" ဟူ၍ လျှာနှင့်ရသာစုံ ကြ၍ လျှာသိဝိညာဏ် ဤသုံးခု ပေါင်းစည်းထိတွေ့မှုကို ဖဿ ဖဿကြောင့် ဇပ် ဖြာဝေဒနာ၊ ဝေဒနာကြောင့် တဏှာ စသည်ဖြင့် ဘဝ။

ဘဝကြောင့် ဇာတိ၊ ဇရာ၊ ဗျာဓိ (ဝိဝိဓရောဂါ နာနာရောဂါ) ဆိုးကြီးများနှင့် မရဏဘေးရောက်ကြီးရသည်ဟု ဟောတော်မူခဲ့သည်။

ဇိဝှာရောဂါကုထုံး သေချာအတွက် ဝေဒနာ ပစ္စယာ တဏှာမဖြစ်စေဘဲ တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓေ ဖြစ်စေရမည်။ သို့ကြောင့်

"အသိတေ၊ ပီတေ၊ ခါယိတေ၊ သာယိတေ၊ သမ္ပဇာန၊ ကာရီ ဟောတိ"

"စားသော်၊ သောက်သော်၊ ခဲသော်၊ လျက်သော် သတိသမ္ပဇဉ်နှင့်ပြုပါ"

ဟူ၍ ခန္ဓာစာတ်ကြိုက် စာတ်နိုက်စာရွှာဆိုသော အသိသတိနှင့်ယှဉ်၍ မှီဝဲရမည်။ တဏှာတည်းဟူသော လောဘ ပြင်းပြမှုမရှိဘဲ သင့်လျော်ရုံသာ ပညာအသိ၊ မဟာသတိ လက်ကိုင်ထားရမည်ဟူ၍ ဖြစ်၏။

ဤသို့ အာယတနခြောက်ပါးနှင့် သူ့အစာအာဟာရတို့ မှီဝဲကြ၍ ရောဂါဝေဒနာရခြင်း၊ သံသရာဆက်မပြတ်တော့ခြင်းဟူသော အကြောင်းရင်းတို့ကြောင့် ဘုရားရှင်က အမွေတောင်းခံလာသော ခုနှစ်နှစ်အရွယ် သားတော်ရာဟုလာအား ရှင်သာမဏေဘဝသို့ သွတ်သွင်း အမွေချီးမြှင့်ပြီးနောက် "ကောဓမ္မော" တရားကို ဤသို့ သင်ကြားပေးခဲ့သည်။

"ရာဟုလာ ဧကံနာမကိံ"

"ရာဟုလာ တစ်ခုတည်းသောတရား အဘယ်"

"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"

"သတ္တဝါ အစာ"

"အားလုံးသတ္တဝါ အစာသာတည်ရာ ဖြစ်သည် ဟူ၍ မေးခွန်းမေးကာ အဖြေပါ တစ်ပါတည်း ဖြေကြားခဲ့သည်။

www.burmeseclassic.com

"ကောဓမ္မော"

"တစ်ခုတည်းသောတရား"

အရေးအကြီးဆုံးတရားကို သိစေလို၍ အမေးကို အလေးအနက်ထား မေးပြီးမှ အဖြေကို အလေးအနက်ထား ဖြေပြခဲ့သည်ပင်။ (သတ္တဝါ-အစာ)ဆိုရာတွင် စားမျိုသမျှသမျှသော အစာမဟုတ်။ အာယာတန ခြောက်ပါးလုံး၏ အစာသည် အာရုံခြောက်ပါးပင်တည်း။ ဤတွင် ဇိဝှာဒွါရနှင့် ကဗဠီကာရ အာဟာရကို မှတ်ထား၍ ပြပါအံ့။ ကြွင်းတို့ ဤကို မှီ၍ သဘောသိရပါမည်။

လူတို့ စားသောက်ကြရာ၌ ကဗဠီကာရ အာဟာရကို လျှာပေါ်တွင် ပထမတင် ခံတွင်းတွင်ထား သွားဖြင့်ကြိတ်ဝါး ကြိုက် ပါးစောင်ချဉ်ရည်အိတ် သုံးမျိုးမှ သည်းခြေရည်တစ်မျိုးသည် ယိုစီးထွက်လာ၍ ကြေမွလွယ်အောင် အကူအညီပေးသည်။ သည်းခြေရည်တို့၌ သဘောမြိုမြိုမျှ ပါဝင်လျက်ရှိသော ကမ္မဇ ပါစက တေဇောက ဥတုဇ အာဟာရဓာတ်စိမ်းကို ဓာတ်ကျက်ဖြစ်အောင် ထိုက်သမျှချက်လိုက်၏။ သို့ကြောင့် လျှာတွင် ချိုမြသော ရသ သဘော ထင်ရှားခဲ့သည်။

အတန့်အသင့် ကျက်နပ်ပြီး အာဟာရကို ခံတွင်းမှ တစ်ဆင့် အစာအိမ်တိုင် မျိုသွင်းချကြသည်။ ဤတွင် အစာအိမ် အမြေးနံရံရှိ အိတ်ငယ်များမှ သည်းခြေရည်တို့ စီးထွက်လာပြန်သည်။ ပါစကတေဇောက အစာကိုချက်၏။ ဝမ်းမီးဆိုခြင်းသည် ဤဌာနကိုစွဲ၍ ဆိုခြင်းဖြစ်လေသည်။

ဤနေရာတွင် သိကောင်းစဖွယ်တစ်ခုကို တင်ပြပါအံ့။

ဆရာကြီး ဦးအောင်ဒင်၏ ဗုဒ္ဓနည်းကျ ဩဇာရိကသုခမဓာတ်ကျမ်းလက်ဘမှ "ခုနစ်ဖြာဓာတ်ပြား သဘောသွားလင်္ကာ"၌ သိကောင်းစဖွယ် တစ်နည်းသွယ်အံ့။ လူနယ်သက်ရှိ၊ အငွေ့တွဲနှင့် ဗဟိသက်မဲ့၊ ဤနှစ်ဖွဲ့ကား။ ဆိုခဲ့ငါးဝ၊ မူလဓာတ်တွဲ၊ စုပြုခဲ့၍၊ စုတွဲသည်ချည်။ ဖြစ်သတည်းဟူ၊ ဖြစ်နည်းမူသေ၊ ထိုအခြေတွင်၊ သဗ္ဗေသတ္တာ၊ သတ္တဝါ၌၊ အစာမှီဝဲ၊ ဤဖြစ်မြဲဝယ်၊ ဘုတ်တွဲနှစ်ခု၊ တွင်းပစုသည့်၊ တွေ့မှုအခြေ၊ ဖသပေတည့်၊ ဆိုလေသောအား။ သဘောသွားကို၊ ပိုင်းခြားဝေဖန်၊ အကြောင်းပြန်သော်၊ လူသန္တာန်ငါး၊ အစားငါးမှ၊ အခြားမရှိ၊ လူ၏သန္တာန်၊ ဓာတ်ငါးတန်နှင့်၊ ငါးတန်အစာ၊ ဆက်ဆံရာတွင်၊

မျိုးပါသမျှ၊ စာအိမ်မှ၌၊ ဥဒရိယံ၊ သူ့နှာပံဖြင့်၊ သုတ္တန်ပြသည်၊ ပထဝီကို၊ "တစ်မည်အာဟာရ"ခေါ်ဆိုကြခဲ့၊ ထိုမျှအာဟာ၊ ချေဖို့ရာဖြင့်၊ အစာအိမ်ဝ၊ ထွက်လာကြသည့်၊ ကြည်မြတ်တစ်ထွေ၊ အာပေါ်ရေကို "သည်းခြေဆိုကြ"၊ ချက်ကိစ္စဝယ်၊ "တေဇဝန်ပေ" ယောက်မမွှေသို့ "လေ၏ကိစ္စ"၊ နှစ်ရှည်ကျသော် "ရည်က အာပေါ်"၊ သဘောနှစ်ဆီ "ပထဝီတို့"၊ တည်ရာကိစ္စ၊ ရကုန်ကြ၍ ဆုံးပြကိစ္စ၊ "အာကာသဟု"၊ ခုနစ်ဖြာဓာတ်ပြာ ဖြစ်လာဖြားခဲ့၊ ပေါ်ထားသုတ္တ၊ ဘိဓမ္မနှင့်၊ နှစ်ဝပေါင်းကို၊ ဤတွင်ဆို၏။ ထိုဆိုမှု၌၊ လေးခုဩဇာ၊ သုံးဖြာသုံးခု၊ ခွဲလေမှုကား"ဟု ဖော်ပြထား၏။

သက်ရှိလောက ဆိုသမျှ ဓာတ်ငါးပါးဘုတ်တွဲများ စုပြုတွဲခဲ့နေခြင်းသာ ဖြစ်သည်။ သက်မဲ့လောက ဆိုသမျှလည်း ဤသို့ပင် ဖြစ်ချေသည်။ သို့ဖြင့် သက်ရှိသက်မဲ့ အခြေခံမှာ ဓာတ်ငါးပါးသာ ဖြစ်ပေသည်။ သို့ကြောင့်-

(သတ္တဝါသန္တာန် ဓာတ်ငါးပါး - အစာမှန်သမျှ ဓာတ်ငါးပါး) သတ္တဝါသည် အစာအမျိုးမျိုးကို စားမျိုရာတွင် အစာအိမ်တွင်းဝယ် ၎င်းတို့သည် အခြေခံအားဖြင့် ဓာတ်ငါးပါးပင် ဖြစ်လင့်ကစား ပြဋ္ဌာန်းရာ ပထဝီကိုစွဲ၍ ပထဝီခြင်းရာ နှစ်ဆယ်အနက် ဥဒရိယံ=အစာသစ်ဟု အမည်ရခဲ့လေသည်။

(၁) ထိုအစာသစ်ကို အာဟာရဓာတ်၌ ဆိုကြလေသည်။

(၂) ၎င်းအာဟာရစုကို ကြေမွအောင် ခြေကြဖို့ အစာအိမ်နံရံအိတ်ငယ်များမှ ထွက်လာကြသော အာပေါ်ရည် တစ်မျိုးကို သည်းခြေဓာတ်ဟု ဆိုသည်။

(၃) ကျက်အောင်ချက်မှုကိစ္စကား တေဇောဓာတ်တည်း။

(၄) ထမင်းဟင်းချက်ပြုတ်သောအခါ ယောက်မမွှေသကဲ့သို့ ကိစ္စကား ဝါယောဓာတ်တည်း။

(၅) သို့ဖြင့် ကျက်နပ်သော နှစ်ရည်ရသကို ရလေသော် ရသရည်ကို အာပေါ်ဓာတ်။

(၆) အနှစ်ဩဇာကို ပထဝီဓာတ်

ဤသို့ဖြင့် ဓာတ်အပေါင်းတို့၏ မှီခိုရာပထဝီကို ရ၍ ၎င်းတို့၏ အဆုံးအပိုင်းခြားပြကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com

(၇) အာကာသဓာတ်က ဆောင်သည်။

(ဘုရားရှင်၏ သုတ္တန်ဒေသနာနှင့် အသိမ္မောကို ပေါင်းစပ်၍ ဆိုခြင်းဖြစ်သတည်း။) သင်္ကေတအားဖြင့်

၁ = ပထဝီ၊ ၂ = အာပေါ၊ ၃ = တေဇော၊ ၄ = ဝါယော၊ ၅ = သည်းခြေ၊ ၆ = အာဟာရ၊ ၀ = အာကာသဟု သိပါ။

(ဤလူပြည် လူ့လောက၌ ကျွတ်တန်းဝင်သမျှသည် ဓမ္မစက္ကသုတ္တန်မှစ၍ သုတ္တန်ဖြင့်ချည်း ကျွတ်တန်းဝင်ခဲ့ကြသည်။)

ဤသို့ ခုနစ်ဖြာဓာတ်ပြားသဘောသွားတွင် -

(ပထဝီ၊ အာဟာရ၊ တေဇော၊ ဝါယော)ဓာတ်များသည် ဩဠာရိကဓာတ် (အာပေါ၊ သည်းခြေ၊ အာကာသ) ဓာတ်များသည် သုခုမဓာတ်တို့ ဖြစ်ကြလေသည် ဟူ၍ ဖော်ပြထား၏။

ဆက်၍ဆိုပါအံ့။ စားမျိုသမျှ အစာမုန်သမျှ ပါစက ဝမ်းမီးက သုံးနာရီခန့်မျှဖြင့် ဩဇာဋ္ဌမက ရသရည်များများရအောင် ကျက်စေသည်။ ၎င်းတွင် ပထဝီဓာတ်ကို ထောက်ပံ့အားရှိစေသည့် ချိုဆိမ့်ရသာနှစ်သည် လွန်ကဲ၏။ ထိုရသ ပထဝီနှစ် ဖြောင့်မတ်အားရှိလျှင် အနာမဲ့သော သတ္တဝါရုပ်ကြီးထွားလာ၏။ မဖြောင့်မတ်လျှင် သတ္တဝါရုပ်မကြီးထွား ဤသဘောကို အနာရောဂါရသည်ဟု ဆို၏။

အကြောင်းရင်းမှာ အာဟာရ၊ သည်းခြေ ပါစကတေဇော၊ ဤသုံးခု မဖြောင့်ခဲ့သောကြောင့်တည်း။ ဤသို့ ပထဝီအားမဲ့ အနာရောဂါရသည့်သဘောကို ၁ × ၃ × ၅ ယုတ်၊ ၀ ၄ပ်၊ ၂ × ၄ × ၆ - လွန်သင်္ကေတဖြင့် ပြ၍ အနာသမုဋ္ဌာန် ဖော်ခဲ့၏။

ပထဝီအားမဲ့ အနာသမုဋ္ဌာန်ဩဠာရိကနာ ဖြစ်လေသည်။ အနှစ်ကင်းသည့် ရသရည်ထုတ်ပြီး အာဟာရကား ဗဟိဒ္ဓသို့ အညစ်အကြေး (= မလ)အဖြစ် စွန့်ပစ်လေ၏။

ဤသို့ ဝမ်းမီးချက်၍ ရခဲ့သည့် ပထဝီရသာနှစ်သည် တစ်ဖန် အာဟာရအဖြစ်ဖြင့် အစာအိမ်မှ အူသိမ်သို့ မျောခဲ့ပြန်၏။ ထိုတွင်လည်း ဆိုင်ရာမှ ထွက်လာသော သည်းခြေရည်ကချေ၊ ပါစကက ချက်၍ ရသမှသွေး အဖြစ်ရောက်အောင် ချက်ကြပြန်၏။ သွေးကင်းသည့် ရသကြွင်းမှာ ဗဟိဒ္ဓသို့ပင် ထွက်စွန့်၏။ ဤအဆင့်မှစ၍ ပါစကကို ဥသ္မာဟု ခေါ်ဆို၏။ (အူသိမ်မှစ၍ ပါစကကို ဥသ္မာဆို၏။)

သွေးသည် တစ်ဖန် အာဟာရအဖြစ်ဖြင့် မျောခဲ့ပြန်သော် သွေးကြောငယ်တွင် မျောပြန်သည်။ ဥသ္မာက သွေးမှ အသား၊ အသားမှအဆီ၊ အဆီမှအရိုး၊ အရိုးမှခြင်ဆီ၊ ခြင်ဆီမှသုက်၊ အဆင့်ဆင့် ဗဟိဒ္ဓကို အင္ဈတ္တပြုလုပ်၏။ အနှစ်မရသည့် အညစ်အကြေးမလ အသီးသီးကား ဗဟိဒ္ဓသို့ပင် စွန့်ထုတ်ခြင်းခံရ၏။

ဤသို့သောအဖြစ် အလုပ်အတတ်ကို ကမ္မဇပါစကသည်သာ ပြုလုပ်တတ်၏။ အင္ဈတ္တ မဟိဒ္ဓ သန့်သန့်ရှင်းရှင်း သီးသီးခြားခြားဖြစ်အောင် ကမ္မဇပါစက တေဇောကသာ ခွဲပေးသည်။ သွေးမှဆီး၊ ချေး၊ ခွဲထုတ်ပေးသောကြောင့် ဆီးနှင့်ချေး၊ မဖြောင့်မှန်သည်ကို မြင်လျှင် သွေးမဖြောင့်ဟု သိရသည်။

- သွေးဖြစ်နိုင်သည့် ဝတ္ထုပစ္စည်းမှာ အာဟာရ၊
- သွေးထုတ်လုပ်သူက ပါစက၊
- ဆေးဆရာသည် သွေးဖြစ်နိုင်သော အစာအာဟာရကို ပေးတတ်ရမည်။ ကမ္မဇ ပါစက လိုအပ်သည့် အာဟာရမျိုးကို ပေးစွမ်းနိုင်သော အသိပညာရှိရမည်။ (လိုအပ်သော အာဟာရကို ပေးတတ်လျှင် ဖြောင့်မှန်သော ရသရည်ကိုရ၍ ရသရည်မှ ဖြောင့်မှန်သော သွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက် စသော သရီရဓာတ်ခုနစ်ပါးရမည်ဖြစ် ၏။)

ဤသို့ ရောက်လတ်သမျှ ရောဂါသမုဋ္ဌာန် နာကြဟန်သည် သုံးတန်ဆင့်ပေါင်း ဖြစ်ကြကြောင်းကြောင့်၊ ဓာတ်ဝယ်အခြေ ခုနစ်ထွေကို သင်္ကေတဂဏန်းဖြင့် ထုံးဝင်ရေးရိုးအတိုင်း မှတ်ဂဏန်းဖြင့် (ပြောပြလွယ်ဖို့ သိလွယ်စေဖို့) ဓာတ်တို့အမည်ကို သင်္ကေတထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် -

ရုပ်ဖြစ်ကြောင်းတရားဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးကြောင့် ရုပ်ဖြစ်ကြောင်း မူလသမုဋ္ဌာန် လေးပါးမှာ -

၁။ [၁]ကမ္မဇ၊ [၂]ကမ္မပစ္စယ၊ [၃]ကမ္မပစ္စယ ဥတုသမုဋ္ဌာန်။

၂။ [၁]စိတ္တဇ၊ [၂]စိတ္တပစ္စယ၊ [၃]စိတ္တပစ္စယ ဥတု

www.burmeseclassic.com

သမုဋ္ဌာန်။

၃။ ¹ဥတုဇ၊ ²ဥတုပစ္စယ၊ ³ဥတုပစ္စယ ဥတုသမုဋ္ဌာန်။

၄။ ¹အာဟာရဇ၊ ²အာဟာရပစ္စယ၊ ³အာဟာရ ပစ္စယ ဥတုသမုဋ္ဌာန်။

ဤသို့ သုံးဆင့်ခတ်ဖြစ်ကြောင်းရှိသောကြောင့် ကျမ်းဂန်တို့တွင် -

"ဝေ တိသောယေဝ သန္တတိယော၊

ယဋ္ဌေတုံ သက္ကော တိ နတာတောပရံ"

ဟု ပြဆိုထားရာ ရောဂါသမုဋ္ဌာန်တို့လည်း ဤသို့ ဖြစ်ကြောင်း ရှိသောကြောင့် ဓာတ်တို့သုံးဆင့်ခတ် ဖြစ်ပုံ၊ အပြလွယ်စေရန် ဓာတ်တို့ကို သင်္ကေတဖြင့် ပုတ်သားကြပါမည်။

၁။ ပထဝီ ၂။ အာပေါ ၃။ တေဇော ၄။ ဝါယော ၅။ သည်းခြေ ၆။ အာဟာရ ၇။ အာကာသ

ဤသို့ သဘောတူသည်ဟု မှတ်ယူပါ။

ထို့နောက် ရုပ်ဖြစ်ကြောင်း မူလသမုဋ္ဌာန်လေးဝဋ္ဌ ဩဇာရိက သုခုမ ကွဲပုံကို ဩ + သုဆရာကြီးဦးအောင်ခင် က ဓာတ်ကျမ်းလင်္ကာ၌ ဤသို့ဖွင့်ဆိုပြခဲ့၏။

"¹ကမ္မ စိတ္တ²၊ ဥတု³နှင့် အာဟာရ⁴ခေါ် လေးဖော် သမုဋ္ဌာန် ရုပ်ဖြစ်ဟန်တွင် ကံဟုခေါ်ဆို၊ အကုသိုလ်နှင့် ကုသိုလ်စေတနာ၊ စိတ်မှာနှစ်ပါး ထိုမခြားတည့် အလားတူပါ။ ဥတုမှာလျှင်၊ ဥဏှာ သီတ၊ အာဟာရ၌၊ ဖသ ကြမ်း နု ဤသို့ ရှုလော့ အကုစိတ်စေ၊ ဥဏှောဖသ၊ ကြမ်းသမျှ မှာ ဩဇာမျိုးဆို။ ကုသုလ်စိတ် စေ၊ သီတေဖသ၊ အာဟာ ရနု၊ သုခုမမျိုး။ ဆိုစရိုးတည့်၊ အကျိုးဒုက္ခ၊ ဘယ်သို့ရဟု၊ ဥဏှဝထင်ထင်၊ အကုန်မြင်လေ၊ ဓာတ်ကိုမသင်၊ မမြင်လကျ ထား၊ အနာမသိ၊ ဆေးမရှိဘဲ၊ မိမိဝမ်းရေး၊ ဦးစားပေးလျက်၊ ဆေးဝါးကုန်သွယ် ကူးဖလှယ်သော်၊ အပါယ်လေးတန်၊ အမြတ် ကျန်လိမ့်၊ ကေန်သုခ မကြုံတည်း"ဟူ၍ ဖြစ်လေသည်။

"ကမ္မံ စိတ္တံ ဥတု အာဟာရော စေတိစတ္တာရိ ရူပ သမုဋ္ဌာ နာနိနာမ"

ဤသို့ရေတ်မှ ရုပ်ဖြစ်ကြောင်း မူလသမုဋ္ဌာန် လေးပါး ရှိသည်။

ကံ = အကုသိုလ်စေတနာ၊ ကုသိုလ်စေတနာ နှစ်ပါး။

စိတ် = အကုသိုလ်စိတ်၊ ကုသိုလ်စိတ် နှစ်ပါး။

ဥတု = ဥဏှတေဇော၊ သီတတေဇော နှစ်ပါး။

အာဟာရ = ဩဠာရိက သုခုမ၊ အကြမ်းအနု (အစာနှစ်ပါး)

ဤတွင်...

အကုသိုလ်စေတနာ၊ အကုသိုလ်စိတ်၊ ဥဏှတေဇော၊ ဩဠာရိက ကဗဠီကာရတို့သည် ဩဠာရိက အကြွင်း သုခမ ဟု သိထားရမည်။

အဋ္ဌုတ္တတွင် ဩဠာရိက ခံဆောင်ခိုက် သုခုမအပ က တိုက်သော် ဩဠာရိက အနာ။

အဋ္ဌုတ္တတွင် သုခုမခံဆောင်ခိုက် အပက ဩဠာရိက တိုက်သော် သုခုမအနာဟု သိရမည်။

သို့သော် ဥဏှနှင့် သီတကို သတ်မှတ်ရာ၌...

တေဇောသည် ပါစက၊ သန္တပ္ပန၊ ဒဟ၊ ဇိရဏဟု စင်စစ်လေးပါးသာရှိရာ အနာမရောက်မီ မူလဆောင်နေသော တေဇောသည် "မူမှန်ပါစကတေဇော"သာတည်း။

ဩဠာရိက၌ အပသုခုမတိုက်သော် ပါစကသည် မဆောင်နိုင်၍ သန္တပ္ပနတေဇောကိုစွဆောင်လာသည်။ ဤမူ လနှင့်ဘူတ တေဇောနှစ်ပါးကို နှိုင်းယှဉ်၍

မူလ ကိစ္စ ပါစက ကို ဥဏှ တေဇော

ဘူက ကိစ္စ သန္တပ္ပနကို သီတတေဇော

သုခမ၌ ဩဠာရိက တိုက်သောကြောင့် မူလ ပါစက မဆောင်နိုင်သော် ဒဟကိစ္စဆောင်သည်။ ၎င်းတေဇောနှစ်ပါး ကို နှိုင်းယှဉ်၍

မူလကိစ္စ ပါစကကို သီတတေဇော

ဘူတကိစ္စ ဒဟ ကို ဥဏှ တေဇောဟု ဆိုသည်။

ဤသို့လျှင် "သီတုဏှာ ဒွိ ဝိရောဓိပစ္စယ ရုပ္ပတီတိ ရူပ"ကို သိရမည်။ ဇိရဏ တေဇောကား ပါစကဆောင်ခိုက် လည်းမကင်း။ မဆောင်နိုင်ပျက်သော် ပို၍ရင့်ရော်လွယ်ချေ သည်ဟု သိရမည်။

ဤသို့ သီတနှင့် ဥဏှကို ကွဲပြားအောင်သိရမည်။ ဤသို့ သတ္တဝါ × အစာဟူ၍ ထိတွေ့ကြရာတွင် ထိတွေ့မှု



www.burmeseclassic.com

www.burmeseclassic.com

ကို သမ္ဘဿဟု ဆို၏။ သမ္ဘဿ နှစ်မျိုးတွင်

- အဇ္ဈတ္တချင်း ထိတွေ့မှုသည် သုခ
- အဇ္ဈတ္တနှင့် ဗဟိဒ္ဓထိတွေ့မှု ဒုက္ခ ဖြစ်လေ၏။

ဥပမာ -

လူတို့၏ အဇ္ဈတ္တသန္တာန် ပထဝီဓာတ် နှစ်ပါးနှင့် အာပေါဓာတ် ၁၂ ပါး ထိတွေ့နေသော်လည်း ဒုက္ခမထက်ချေ။ အာပေါ ၁၂ ပါးနှင့် တေဇော လေးပါး ပဋိပက္ခထိတွေ့မှုသည်လည်း ဒုက္ခမထင် သုခပင် မြင်လေ၏။

အဇ္ဈတ္တနှင့် ဗဟိဒ္ဓ ထိတွေ့မှုမှာကား-

အဇ္ဈတ္တ သန္တာန်အပူခံဆောင်ခိုက် သမယဥ္ဇ အပ ဗဟိဒ္ဓက မီးအိုးကင်းကို ဆောင်ခဲ့သည်ရှိသော် ဖဲလော့ဖယ်လော့ဟူ၍ ဒုက္ခဝိပါက အကျိုးထင် စကားမျိုးကို မြွက်ဆိုကြောင်း ကျမ်းဂန်တို့တွင် ပမာဆောင်၍ ပြဆိုကြသည်။

ကုသနည်း ။ ဤသို့ အဇ္ဈတ္တသန္တာန်ကို အပူခံ ဆောင်နေသော သူနာမျိုး၌ အပသီတဂုဏ်ရှိသော ဆေးမျိုး အာဟာရမျိုးကို တိုက်ကျွေးခြင်း၊ ရေချိုးခြင်း၊ စန္ဒကူးနံ့သာ သည်လိမ်းကျံပေးခြင်း စသည်တို့ဖြင့် ဒုက္ခဝိပါကကို သုခ အကျိုးထင်စေအောင် ဆေးဆရာက ပြုစုကုသပေးရသည်။ သို့မှ သူနာ ကိုယ်စိတ်နှစ်ပါး ချမ်းသာရွှင်လန်းအေးချမ်းပေမည်။

ပဋိပက္ခ ဩဇာရိက အနာမျိုးလေးပါး

သတ္တဝါအတွင်းခံ ဩဇာရိကအား အပသုခုမက အင်အားဖြင့် ထိခိုက်သောကြောင့် အခံဩဇာရိက အားယုတ်သော အနာမျိုး။ ၎င်းတို့မှာ-

၁။ ပထဝီသမုဋ္ဌာန်၊ ၂။ အာဟာရသမုဋ္ဌာန်၊ ၃။ တေဇောသမုဋ္ဌာန်၊ ၄။ ဝါယောသမုဋ္ဌာန်

(ခ) ပဋိပက္ခ သုခုမ အနာမျိုးသုံးပါး

သတ္တဝါအတွင်းခံ သုခုမအား အပဩဇာရိက က အင်အားဖြင့် ထိခိုက်သောကြောင့် အခံသုခုမ အားယုတ်သော အနာမျိုး။

၁။ အာပေါသမုဋ္ဌာန်၊ ၂။ သည်းခြေသမုဋ္ဌာန်၊ ၃။ အာကာသ သမုဋ္ဌာန်တို့ ဖြစ်ကြ၏။

ဤသို့ အနာသမုဋ္ဌာန်ခုနစ်ပါး ဖြစ်ပေါ်ပုံကို မူလ အဆင့် သဘာဝဖြစ်ပုံ ဇယားချုပ်ကို ကြည့်၍ သဘောပေါက်နိုင်ပါသည်။

ဤဇယား၏ အချုပ်သဘောမှာ -

၁။ အာပေါလွန်သောကြောင့် ပထဝီယုတ် - ဩဇာရိကအနာ။
၂။ တေဇောလွန်သောကြောင့် အာပေါယုတ် သုခုမအနာ။
၃။ ဝါယော လွန်သောကြောင့် တေဇောယုတ် ဩဇာရိကအနာ။
၄။ သည်းခြေလွန်သောကြောင့် တေဇောယုတ် ဩဇာရိကအနာ။
၅။ အာဟာရ လွန်သောကြောင့် သည်းခြေယုတ် သုခုမအနာ။
၆။ အာကာသလွန်သောကြောင့် အာဟာရယုတ် ဩဇာရိကအနာ။
၇။ ပထဝီလွန်သောကြောင့် - အာကာသယုတ် သုခုမအနာ ဟူ၍ ဖြစ်၏။

ဓာတ်တို့၏ ကျိုးကြောင်းဆက်စပ်သုံးဆင့်ခတ်ဖြစ်ပုံ သဘာဝကို ဆက်လက်ဖော်ပြပါအံ့။

| | ဩ | သု | ဩ | ဩ | သု | ဩ | သု | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အဇ္ဈတ္တ-အခံ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ယုတ်-ဓာတ် |
| ဗဟိဒ္ဓ-အတိုက် | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | လွန်-ဓာတ် |

ချောယဉ်သာမြင့် (BA, BEd)

၀၉-၄ ၁၀၆ ၂၀၉၇

www.burmeseclassic.com

# ကြာသပ္ပ၊ ခန်း၊ စက်၊ ဝင်၊ နတ်၊ မှင်၊ ရိပ်၊ သန်း (သို့) စကားလုံးပေဒင်ဟောကိန်း

## ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဤဟောကိန်းကို ရေးက (ကြာ၊ ခန်း၊ စက်၊ ဝင်၊ နတ်၊ မှင်၊ ရိပ်၊ သန်း) ဟောကိန်းဟု ခေါ်ဆိုပါသည်။ တချို့ပေဒင်ဆရာများ ယနေ့တိုင် သုံးစွဲလျက်ရှိပါသည်။

ပေဒင်မေးသူ၏ မေးခွန်းပါ စကားလုံးကို ရေတွက်ရပါမည်။ ပြီးလျှင် (၈)နှင့်စားပါ။ ရသောအကြွင်းနှင့် ဟောရသည့်နည်း ဖြစ်ပါသည်။

ဥပမာ - "လိုနေတဲ့ငွေကို ရနိုင်ပါ့မလား" မေးခွန်းကို ရေတွက်ပါက စကားလုံး ၁၀ လုံး ရှိပါသည်။ (၈)နှင့်စားလျှင် (၂) ကြွင်းပါသည်။ (၂) ကြွင်း အဟောဖတ်ပါ။

### (၁) ကြွင်းဟောကိန်း

အသုရာ ဇောက်တိုးကျသည့်ကိန်း ဖြစ်သည်။ လုပ်နေသည့် လုပ်ငန်းများ ပျက်နေပြီ။ အကြံအစည် မအောင်မြင်ပါ။ အရာရာ သတိထား၍ ကြံစည်လုပ်ကိုင်ပါ။

### (၂) ကြွင်း ဟောကိန်း

ယောသက သူဌေးဖြစ်ကိန်း ဖြစ်ပါသည်။ လုပ်ချင်သောအရာများ ဖြစ်နေမည်။ မိမိစိတ်ကြိုက် လုပ်ဆောင်ပါ။ အားလုံးအဆင်ပြေလိမ့်မည်။ စိတ်ချမ်းသာလိမ့်မည်။ လုပ်ပါ။

### (၃) ကြွင်းဟောကိန်း

စုန်းပြူးစားသည့်ကိန်း ဖြစ်သည်။ ဒုက္ခသေးများ ကြုံတွေ့မည်။ အပြိုင်အဆိုင်များရှိနေမည်။ ကပ်၍ ဒုက္ခပေးမည်။ လူယုံသတ်၍ ဘေးတွေ့မည်။

### (၄) ကြွင်း ဟောကိန်း

(၄) ကြွင်းပါက မင်းကုသစုတ်ဝင်ကန်း ဖြစ်သည်။ အားလုံးကောင်းနေသည်။ ဖြစ်ချင်သည့်အရာများ ဖြစ်နေပါပြီ။ နည်းနည်းစိတ်ရှည်ရန် လိုသည်။ ကူညီမည့်သူလည်း အဆင်သင့်ပင်။ ကိုယ်တိုင်ကြိုးစားရန်သာ လိုပါသည်။

### (၅) ကြွင်း ဟောကိန်း

(၅) ကြွင်းပါက ပင်လယ်ထဲနစ်မြုပ်သည့်ကိန်း ဖြစ်ပါသည်။ အရင်းအနှီးများ ပေါ်မလာဘဲ မြုပ်သွားလိမ့်မည်။ မိမိကြိုးစားမှုများ အကောင်အထည်ပေါ်မလာပါ။ အခက်အခဲများ ကြုံတွေ့ရမည်။ ဂရုစိုက်ပါ။ ချင့်ချိန်တွက်ဆပါ။

### (၆) ကြွင်းဟောကိန်း

နန်းရသည့်ကိန်း ဖြစ်သည်။ လုပ်ကိုင်ဆောင်ရွက်မှုများ အောင်မြင်မည်။ ဖြစ်ချင်သည့်အရာများ ဖြစ်လာမည်။ အခွင့်အရေး ပေါ်လာမည်။ ယူတတ်ရန်သာ လိုပါသည်။ ကြိုးစားလျှင် အဆင်ပြေမည်။

### (၇) ကြွင်းဟောကိန်း

ဆဒ္ဒန်မင်းမြားမှန်သည့်ကိန်း ဖြစ်သည်။ ရန်သူအဖျက်ရှိနေသည်။ သူများကို မယုံကြည်ပါနှင့်။ လုပ်စရာရှိသည်တို့ကို သတိထားပြီး လုပ်ပါ။ အခက်အခဲအမျိုးမျိုး ကြုံလိမ့်မည်။

### (၀) ကြွင်းဟောကိန်း

(၀) ကြွင်းမှု စန်းပွင့်သည့်ကိန်းဖြစ်သည်။ စိတ်ချမ်းသာမည်။ ကြိုးစားရကျိုးနပ်မည်။ ကြီးကျယ်သော အလုပ်များ မအောင်မြင်သေးသော်လည်း အသေးအဖွဲကိစ္စများအားလုံး အောင်မြင်မည်။ အားငယ်စရာမရှိပါ။

ညွန့်လွင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com


**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတမ်းဟောင်း**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေစီးကြောင်းများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု၊ ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရဦးမှာ ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၈-၈-၁၉၈၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
လေးစားစွာ ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)

၂၁ ကာရ
# ဆရာဦးအောင်မိုးဇော်
Ex [illegible]
အထက်တန်းနက္ခတ္တ လက္ခဏာပညာရှင်
ASTRO-PALMIST EXPERT
[illegible]

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားလမ်းတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ



# လိင်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်
## လိင်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိင်ခေါင်းရောဂါရှင်များအား မပူ မစပ်၊ မနာ၊ မကျင်၊ မလိုမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသထားသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိင်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။ လိင်ခေါင်းရောဂါသည် တးဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိင်ခေါင်းအထူးကုပိဋ္ဌာ)

ရန်ကုန်ဆေးခန်းဌာနခွဲ

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၀၃၄၂၃၊ ၀၉-၅၀၉၃၆၁၄
၁၃-၁၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၃၂၀၀၊ ၀၉-၉၁၀၄၄၅၀၂၂၊ ၀၉-၈၀၉၄၄၁


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရာဇဂြိုဟ်ရဲ့ ငွေလမင်း (၂)

နန္ဒာမိုးကြယ်

ယ ခင် လ မှ အ ဆက်

**နိမိတ်ဦး**

"ငါ့တပည့် ဇီဝက"

"အမိန့်ရှိပါ ဆရာကြီး"

"ငါ့တပည့်တွေ အများကြီး ရှိတဲ့အနက် မင်းဟာ ထူးခြားတာတော့ အမှန်ပဲ၊ ဘယ့်နှယ်ကွယ်၊ သူတစ်ပါးတွေ ဆယ့်ခြောက်နှစ်လောက် သင်မှ သိရ တတ်ရတဲ့ ပညာကို မင်းက ခုနစ်လလောက်နဲ့ အကုန်အစင် တတ်မြောက်တယ်ဆိုတော့..."

ဆရာကြီးကား သူ့ကိုကြည့်လျက် ပီတိတွေ ဖွေနေမှန်း သူ သိပါသည်။ ဆရာစစ် ဆရာမှန် ဆရာမြတ်တို့မည်သည် ဆရာ့ထက် ထူးချွန်သော တပည့်အား ဝမ်းသာလှိုက်လှဲ ချီးမွမ်းတတ်ပေစွတကား။

ဆရာကြီးအဖို့ တပည့်အားလုံးအထဲမှာမှ ထူးခြားနေသော သူ့အား ချီးမွမ်းခြင်းအတွက် တွန့်ဆုတ်မှုလက္ခဏာ အလျဉ်းမရှိ။

"ကျုပ်တပည့် ဇီဝကဟာ ကံ ဇာ ဝဋ်နာကလွဲလို့ ဘယ်ရောဂါဝေဒနာတွေ လာမလဲ၊ စိတ္တဇနာ၊ ဥတုဇနာ၊ အာဟာရဇနာ...လာချင်ရာ လာကြစမ်းပါစေ၊ တစ်ကြိမ်ထက် ပိုပြီး ဆေးပေးရတယ်ဆိုတာ ထုံးစံမရှိဘူး။ ဒီလိုတပည့်ကိုမှ မချီးမွမ်းရင် ဘယ်သူ့ကို သွားချီးမွမ်းရမှာတဲ့လဲ"

သည်လို ချီးမွမ်းခံရသောသူသည် တစ်ခါက ဆရာကြီးနှင့်အတူ လူနာကြည့် လိုက်ပါသွားခဲ့ဖူးသည်။ ဆရာကြီးကား အိမ်ဦးခန်းတွင်ထိုင်လျက် ကွမ်းကို တမြောက်မြောက် ဝါးကာ...

"ငါ့တပည့် ဇီဝကရေ...လူနာကို မင်းပဲ အကဲခတ်ကြည့်ပါဦးကွယ်၊ ပြီးတော့ ဘာဖြစ်တယ်ဆိုတာ ဆရာ့ကိုပြော"

ဟု လူနာကို ထိုးအပ်ခဲ့သည်။

သူကလည်း ဆရာ ခွင့်ပြုသည်နှင့် မဆိုင်းမတွပင် မျက်စိကို စမ်းသပ်သည်။ လျှာကို စစ်ဆေးသည်။ ဆီးအခြေအနေကို မေးမြန်းသည်။ ပြီးတော့ (လူနာမှာ ယောက်ျားဖြစ်နေ၍)လက်ယာလက်ကို ကိုင်ကာ သွေးစမ်းသည်။ ပြီးတော့မှ ဆရာကြီးကို တင်ပြသည်။

"လူနာဟာ မျက်စိ နည်းနည်း ဝါနေတယ် ဆရာကြီး၊ ဒါ သလိပ် ဖျက်တဲ့ လက္ခဏာပဲ၊ နောက် လျှာကို ကြည့်လိုက်တဲ့အခါ နီမြန်းနေသလို လျှာရင်းကလည်း ကြီးနေတာ တွေ့ရတယ် ဆရာကြီး"

"အေး...ဟုတ်ပြီ၊ ဒီတော့.."

"ဒီတော့ လူနာဟာ သည်းခြေ ဖျက်နေတယ်လို့ ဆိုရပါလိမ့်မယ်"

ဆရာကြီးကား ချေစပ်သောချာလွန်းသော တပည့်ဖြစ်သူ သူ့အား သိမ်မွေ့သောအပြုံးဖြင့် စေ့စေ့ကြည့်ရင်း ခေါင်းကို တဆတ်ဆတ်ညိတ်နေလေတော့သည်။

"ဆီးရဲ့ အခြေအနေကို မေးမြန်းကြည့်ပြန်တော့လည်း ဖြူတဲ့အခါ ဖြူလိုက်၊ နီတဲ့အခါ နီလိုက်၊ အမြှုပ်ထတဲ့အခါ ထလိုက်ဆိုတော့ လေ၊ သလိပ်၊ သည်းခြေ အဲဒီသုံးပါးစလုံး ဖျက်နေပြီဆိုတဲ့ လက္ခဏာပါပဲ ဆရာကြီး"

"မှန်လိုက်လေကွယ်၊ ဒါထက်

www.burmeseclassic.com

သွေးကို စမ်းကြည့်တော့ရော"

"သွေးက မြွေလိုပဲ တောက်တောက်တွေ့တွေ့ တိုးတဲ့အခါ တိုးပါတယ်၊ ဖားလိုမျိုး ခုန်ခွ ခုန်ခွ တိုးတဲ့အခါလည်း တိုးမြန်တယ်၊ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး၊ ဝမ်းဘဲ၊ ဟင်္သာတွေလို လေးလေးနှေးနှေး တိုးတဲ့အခါ တိုးမြန်ရော၊ ဒီတော့ လူနာဟာ ဒေါသသုံးပါး ဖျက်နေတယ်လို့ ကောက်ချက်ချရပါလိမ့်မယ် ဆရာကြီး"

ဆရာကြီး စိတ်ထဲမှာတော့ တပည့်ပေါင်း မြောက်မြားစွာ မွေးထုတ်ခဲ့သည့်အနက်မှ ယခုကဲ့သို့ ထူးခြားလှသော တပည့်တစ်ယောက် ထွန်းပေါက်လာခြင်းအတွက် လွန်စွာမှပင် ပီတိသောမနဿတွေ ဖြစ်နေပုံ ရလေသည်။

"လူနာရဲ့ အခြေအနေက သန္နိပါတ်ကို ရောက်နေပြီ ဆရာကြီး"

"ဒါဖြင့် ယတြာ ကျကြရအောင် ဇီဝက"

"ဟုတ်ကဲ့ ဆရာကြီး"

သူသည် ယတြာကျဖို့ ကိစ္စ ဆရာကြီးကို အလုပ်မပေးဘဲ သူကိုယ်တိုင်ပင် လူနာ၏အသက်ကို မေးမြန်းလိုက်သည်။ ရလာသော အသက်ကို တည်ကာ (၇)ဖြင့် စားလိုက်သည်။ အကြွင်းကား (၆) ဖြစ်၏။

"၆ ခု ကြွင်းတယ် ဆရာကြီး၊ ဒီအကြွင်းအရ မြတ်စွာဘုရားအလောင်းတော် ဖွားတော်မူတဲ့တိုင်းပြည်လို့ ဆေးဝါးနဲ့အတူ အစာအာဟာရ ဓာတ်စာတွေကိုလည်း ပေးရလိမ့်မယ်"

"မှန်တယ် ဇီဝက၊ မှန်တယ်၊ လူနာနဲ့ သင့်မယ့်ဆေးကိုတော့ ဆရာကြီးတို့ ဖော်စပ်ထားပြီးတာ ငါတပည့်လည်း အသိပဲ၊ ဆေးအတွက်တော့ စိတ်ချရပါပြီ၊ ဓာတ်စာ အာဟာရ အတွက် ဘာတွေပေးမလဲ"

"လက္ခဏာက သည်းခြေဖျက်နေတာဆိုတော့ ရှောက်သီးနဲ့ ထန်းလျက်ကို နံနက်ပိုင်းမှာ ကျွေးပေးရမယ်၊ ဆီးယိုကို ညဘက်မှာ ကျွေးပေးရပါ့မယ်၊ ကြောင်လျှာသီးကို မီးဖုတ်ပြီးကျွေး၊ ဒါမှမဟုတ် ဟင်းချက်ပြီးကျွေးရပါမယ်၊ ဒါ့အပြင် တမာရွက်ဖြူတ်တို့ မယ်ဇလီဟင်းချိုတို့လည်း သင့်ပါတယ် ဆရာကြီး"

"ဟုတ်တယ် ဇီဝက၊ မင်း သုံးသပ်တာတွေ ဆုံးဖြတ်တာတွေဟာ တစ်ချွေး တစ်ရတီ တစ်ဗီဇနာလေးတောင်မှ မချွေဘူး၊ မှန်ကန်တိကျပါတယ်ကွယ်၊ ဒီလိုထူးခြားတဲ့ ဉာဏ်ပညာနဲ့ ထက်သန်တဲ့ ငါ့တပည့်ဟာ ကြာခင်ကာလမှာတော့ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားမယ့် သမားတော်ကြီး ဖြစ်လာမယ်ဆိုတာ ဆရာကြီး ယုံကြည်နေပါတယ်ကွယ်"

ထိုနေ့က လူနာကို ကုသပေးပြီး အပြန်ခရီးတစ်လျှောက်တွင် သူ့ရင်အစုံသည် သိမ့်သိမ့်ခါအောင် လှုပ်ရှားနေခဲ့တော့သည်။

ဇင်စစ် ထိုသိမ့်သိမ့်ခါအောင် လှုပ်ရှားနေခဲ့ခြင်းမှာ ကျေနပ်ကြည်နူး ပီတိဖြစ်ခြင်းများနှင့် ထပ်တူပြုရမည်သာ ဖြစ်တော့သတည်း။

□

## တပည့်ကောင်း ဆရာ

တကယ်တော့…

ဆေးပညာအတတ် ပြည့်ဝကုံလုံသော သမားတော် ဖြစ်ဖို့ဆိုသည်မှာ လွယ်လှသည့်ကိစ္စ မဟုတ်။ အမေမှာ မှာသည့်အတိုင်း၊ ဆရာသင် သင်သည့်အတိုင်း၊ လေ့နံ့ဓားထစ်ချည်း တရားသေ စွဲမှတ်ထား၍ မရသော အခြေအနေတွေ အကြောင်းအချက်တွေများစွာရှိသည်။

သမားတော်စင်စစ် ဖြစ်နိုင်ဖို့ရာ-

သစ်မြစ်၊ သစ်ဉ၊ သစ်ဖု၊ အသီး၊ အရွက် စသည်တို့ကို လူနာနှင့် သင့်တင့်အောင်ပေးခြင်း၊ စားသောက်ရမည့် အစားအစာတို့ကို ညွှန်ပြခြင်း စသည့်ဓာတ်စာဖြင့် ကုသတတ်ဖို့လည်းလို့သည်။

ပြီးတော့ နေ၊ လ အသွားအလာရာသီနက္ခတ်တို့ကို တွက်ချက်စစ်ဆေး၍ နက္ခတ်နှင့် ကိုက်ညီမည့် အစားအစာများကို ညွှန်ပြခြင်း စသည့် နက္ခတ်ကိုကိုင်၍ ကုသတတ်ဖို့လည်း လိုသည်။

တစ်ဖန် ဗေဒင်ကို လက်ကိုင်ပြု၍ မွေးသက္ကရာဇ်၊ နှစ်၊ လ၊ ရက်တို့



www.burmeseclassic.com

www.burmeseclassic.com

ကို မေးမြန်းတွက်ချက်ကာ ညှောင်ထောက်စေခြင်း၊ တံတားခင်းစေခြင်း၊ ပန်း၊ ရေ၊ ဆီမီး ကပ်လှူစေခြင်း စသည့် ဗေဒင်ယတြာတို့ဖြင့် ကုသတတ်ဖို့လည်း လိုသည်။

နောက် လူနာ၏ အတွင်းအပြင် ရောဂါလက္ခဏာ အခြေအနေတို့ကို စမ်းသပ်စစ်ဆေးလျက် သစ်မြစ်၊ သစ်ဥ၊ အရွက်၊ ပွင့်ငါးပါး စသည်တို့ကို ထောင်းတန်ထောင်း၊ ထုတန်ထု၊ အမှုန့်ပြုတန်ပြု၊ အရည်ဖျော်တန်ဖျော်၊ ဆေးလုံးလုပ်တန် လုပ်လျက် ဆေးဝါးအဖြစ် ရောက်စေကာ ရောဂါနှင့်ဆေး သင့်အောင်ပေးတတ်ခြင်း စသည့် ဗိန္ဓောအတတ်ဖြင့် ကုသတတ်ဖို့လည်း လိုပြန်သည်။

"တကယ်တမ်းကျတော့ ငါ့တပည့် ဇီဝကဟာ သမားတော်စင်စစ်ဖြစ်ထိုက်တဲ့ အတတ်ပညာအားလုံးနဲ့ ပြည့်စုံနေတဲ့သူပဲ"

သူနှင့် ပတ်သက်၍ ဆရာကြီး ကိုယ်တိုင်ကပင်လျှင် သို့ကလို ကောက်ချက်ချသည်။ ဒါကလည်း ဆရာကြီး ဘက်မှနေ၍ သူ့အပေါ် ရှုမြင်သုံးသပ်အားတာလေးတွေ ရှိနေ၍ပင်။ အခြားတစ်ပါးသော သက်တူရွယ်မျှ ဂုဏ်ညီသူသူတို့နှင့် ဆုံဆည်းပြောဆိုရလျှင် ဆရာကြီးခမျာ သူ့တပည့်အတွက် ဂုဏ်ယူပြောဆိုရသည်မှာ အမော။

"ပြောမယ့်သာ ပြောရတာ မဟုတ်ဘူး၊ ကျုပ်တပည့် ဇီဝကဟာ သမားအင်္ဂါ ၅ ပါးနဲ့ ပြည့်စုံတဲ့သူတစ်ယောက်ဆိုတာ ငြင်းလို့ကို မရဘူး။

ကြည့်··'ဝေဒပဏ္ဍိတ'လို့ ခေါ်တဲ့ ဗေဒင်ကျမ်းဂန်တွေကိုလည်း နှံ့စပ်တယ်၊ 'ဘိသက္ကဆေက'လို့ ခေါ်တဲ့ ဆေးပေးမှု၊ ဆေးကုသမှုတွေမှာလည်း ကျွမ်းကျင်လိမ္မာလိုက်တာ ပြောစရာမရှိဘူး။

ဟော···'နာနာသတ္တဒက္ခ'လို့ ခေါ်တဲ့ ဆေးကျမ်းအမျိုးမျိုးကိုလည်း ဘာမေးမေး သူ မရတာရယ်လို့ မရှိပြန်ဘူး။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ ဥပမိသမ္ပတ္တိလို့ခေါ်တဲ့၊ အားကိုးလောက်တဲ့၊ ကြည်ညိုလောက်တဲ့၊ ခံ့ညားတင့်တယ်တဲ့ ရုပ်သွင်နဲ့ ကော မပြည့်စုံဘူးတဲ့လား။ ယောက်ျားပီသပြီး ခံ့ထည်လွန်းအားကြီးလို့ သူ့ကို စိတ်မဝင်စားတဲ့ မိန်းကလေးရယ်လို့ မရှိသလောက်။ ဒါပေမဲ့ ဇီဝကဟာ ဒီလိုမျိုးကိစ္စတွေမှာ အရှင်းကြီး။ သူ့ ရည်ရွယ်ချက်နဲ့ ဆန္ဒဆိုတာ ဆေးဆရာဘဝကိုရောက်ပြီး အများပြည်သူတွေရဲ့ ရောဂါဝေဒနာ၊ အသက်အန္တရာယ် မှန်သမျှကို ကာကွယ်ကုသဖို့တဲ့လေ။ ရှိသေးတယ်၊ 'ဗြဟ္မစာရီ'လို့ ခေါ်တဲ့ ဗြဟ္မစိုရ်တရားကို လိုက်နာကျင့်သုံးတဲ့ စိတ်၊ မေတ္တာကရုဏာယှဉ်တဲ့စိတ်၊ ဒါတွေကော အားလုံးပြည့်စုံနေတာပဲ မဟုတ်လား။

ကျုပ်တော့ ဇီဝကနဲ့ ပတ်သက်ပြီး 'တပည့်ကောင်းဆရာ' ဖြစ်ရတာ ဘဝအတွက် ကျေနပ်လှပါပြီဗျာ"

သည်လိုမျိုး ဆရာကြီး၏ အေးချမ်းသော မေတ္တာရိပ်အောက်၌ ပညာရင်နို့ သောက်စို့ရင်း မိုးခိုလာခဲ့သည်မှာ သူ့အတွက်တော့ ခုနစ်နှစ် တင်းတင်းပြည့်ခဲ့လေပြီ။ သူ့ထက် နှစ်ပေါင်းများစွာစောပြီး ရောက်ရှိသူတွေနှင့် ပညာချင်း ယှဉ်လိုက်လျှင် ဘာမျှမဆိုင်။ သင်ပြီးသမျှ ပညာတို့မည်သည် ဘယ်အချိန်မေးမေး တစ်ဆံခြည်မယွင်း၊ ထပ်မံဆည်းပူးသမျှ အလုံးကုန်ပင် မတတ်မြောက်သည် မရှိ။ သို့ဆိုလျှင် လုံးဝဥဿုံ ဆေးအတတ်ပညာ ပြီးပြည့်စုံဖို့ ဆိုသည်မှာ ဘယ်အခါ ဘယ်ကာလများမှာ ဖြစ်နိုင်ပါမည်နည်း။

ဒါကို ဆရာကြီး ခရီးထွက်ရာမှ ပြန်အရောက် အေးဆေးသည့်အချိန်ကျလျှင်ဖြင့် မေးလျှောက်ရဦးမည်ဟု သူ့စိတ်ထဲ၌ တေးထားလိုက်လေ၏။

သည်လိုနှင့်ပင် ဆန်းစ လကွေးလေးသည် တဖြည်းဖြည်းချင်း ဝိုင်းစက်သည့် အချိန်သို့ ရောက်လာလေတော့သတည်း။

□

## အပြေအတွက် လမ်းစ

"အမောင် ဇီဝက၊ မင်းကို ကြည့်ရတာ ဆရာ့ကို ပြောဆိုစရာကိစ္စ ရှိတယ်နဲ့တူရဲ့"

ဆရာကြီးက သူ၏လှုပ်ရှားမှု



www.burmeseclassic.com

www.burmeseclassic.com

အသွင်အပြင်နှင့် ခါတိုင်းလိုမဟုတ်သော အမူအရာတို့ကို ကြည့်လျက် ကောက်ချက်ချ မေးမြန်းလာခဲ့သည်။ သည့်အတွက် သူ့အဖို့ရာ ငြင်းဆိုစရာ မရှိပါ။

"ဟုတ်ပါတယ် ဆရာကြီး၊ ဒီစကားကို ပြောဖို့ သင့် မသင့် ချိန်ဆနေရပါတယ်"

"အိုကွယ်..ဒီလောက်ထိ ဆရာတပည့် သံယောဇဉ်သာမက သွေးမျိုးရင်းချာတွေလို ဖြစ်နေပြီပဲဟာ၊ ဆရာကြီးကိုမှ မပြောရင် ဘယ်သူ့ကိုများ မင်းက သွားပြောနေရမှာလဲ ဇီဝကရဲ့။ ကဲ...ဘာမှ အားနာစရာမလိုဘူး၊ လိုအပ်တာ တောင်နိုင်တယ်၊ ရင်ထဲရှိတာ ပြောဆိုနိုင်တယ်"

သွေးမျိုးရင်းချာသဖွယ် သံယောဇဉ် ခိုင်မာခဲ့ပြီဖြစ်သော သူ့အား ဆရာကြီးက လမ်းဖွင့်ပေးခဲ့လေပြီ။ သည်တော့လည်း ရင်ထဲတည်ရှိ ခံစားမှုတို့ကို သူသည် မိုးရေပမာ သွန်ချပစ်ခဲ့ချေပြီကော။

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော်ဟာ ဆရာကြီးဆီမှာ နေပြီးတော့ ပညာရင်နို့ သောက်စို့လာခဲ့တာ ခုဆိုရင် ခုနစ်နှစ် ခုနစ်မိုး ခုနစ်ဆောင်း ရှိခဲ့ပါပြီ"

"အေးလေ၊ အဲဒါတွေ ဆရာကြီး သိသားပဲကွယ့်၊ ငါ့တပည့်ဟာ သူတစ်ပါးထက် ပိုပြီးအပင်ပန်းခံခဲ့ရတယ်၊ သူတစ်ပါး မှတ်သားတာထက် သင်ကြားတာထက် ပိုပြီးမှတ်သား၊ ပိုသင်ကြားခဲ့ရတယ်၊ သင်ပြီးတိုင်းလည်း တခြားတပည့်တွေနဲ့မတူ၊ ဘာဆိုဘာမှ မေ့လျော့သွားတယ်လို့ မရှိခဲ့ဘူး။ အဲဒါတွေ ဆရာကြီးသာမက အားလုံးလည်း သိကြပါတယ်ကွယ်၊ အဲဒါနဲ့ ဆက်ပါဦး"

"ကျွန်တော် သိချင်တာက ဆေးပညာအတတ်ကို ကျွန်တော် ဘယ်တော့မှ သင်လို့ဆုံးမှာလဲ၊ ပြီးပြည့်စုံအောင် တတ်မှာလဲ ဆိုတာပါ၊ ဒီလို အမေးရှိလို့ ရိုင်းပျတဲ့ သဘောအဖြစ် မမှတ်လိုက်ပါနဲ့ခင်ဗျာ"

သည်စကားကို ကြားရတော့ ဆရာကြီး၏ နှုတ်ခမ်းနှစ်လွှာသည် ပါးရည်တွန့်များကြားဝယ် အလုပဆုံး အပြုံးတစ်ပွင့် ဖြစ်သွားလေတော့သည်။ ဆရာကြီး၏ အတွေးအာရုံ၌လည်း တစ်ခါတစ်ရံ သူသင်ပြခြင်း မရှိပါဘဲလျက် တတ်မြောက်နေသော ဇီဝကကို အကဲခတ် သတိထားမိကာ အံ့အားတသင့် ဖြစ်ခဲ့ဖူးသည်။ ဤသူငယ်ကား အခြား အခြားသော တပည့်များနှင့်မတူ။ သာမန်လူထက် ထူးကဲလျက် သိကြား၊ နတ်တွေများ ဝင်ရောက်ပူးကပ်နေရှာသလားဟု ထင်မြင်ယူဆမိခဲ့သေးသည်။

မှန်သည့်အတိုင်း ဆိုရလျှင် ပြကတေ့ အနေအထား၌ တပည့် ဇီဝကသည် ဆရာ့ထက်ပင် အစွမ်းထက်နေသည်မှာ ငြင်းစရာမဟုတ်ကြောင်း ဆရာကြီး၏ လိပ်ပြာက သိနေသည်။ သည့်မျှ သိနေပြီဆိုလျှင်ဖြင့် ဇီဝကတစ်ယောက် ဆေးပညာ တတ်မြောက်ခြင်း ရှိ မရှိကို အဖြေပေးဖို့ရာ ဘာခက်တော့မှာနည်း။ သို့ရာတွင် ချစ်သောတပည့်နှင့် မခွဲခွာရခင်တွင် ပညာတော့ဖြင့် စမ်းသပ်လိုသေးသည်။

"ငါ့တပည့်ရဲ့ အမေးအမြန်း အပြုအမူတွေဟာ ရိုင်းပျမှုဆိုလို့ မြူတစ်မှုန်တောင်မှ မရှိပါဘူးကွယ့်၊ ငါ့တပည့်တစ်ယောက် ဆေးပညာရဲ့ ဆုံးခန်းတိုင်မှု အခြေအနေ အစစ်အမှန်ကို အဖြေသိချင်နေတယ်ဆိုတော့ ဆရာ့ဘက်က တိကျတဲ့ အဖြေမပေးခင် ခိုင်းစရာရှိတာတော့ ခိုင်းလိုက်ဦးမကွယ့်"

"ခိုင်းပါ ဆရာကြီး၊ ကြိုက်ရာ ခိုင်းပါ"

"အေး...ဆရာကြီး ခိုင်းမှာက တခြားမဟုတ်ပါဘူးကွယ်၊ ယောဟို ခြေရင်းမှာ ထောင်ထားတဲ့ တူရွင်းကို ယူပြီး တံခါးလေးမျက်နှာက ထွက်ပါ၊ လေးရက်တိတိ၊ မင်းကို ဆရာကြီး အချိန်ပေးပါ့မယ်၊ လေးရက်ပြည့်မှပဲ ယောဒီတက္ကသိုလ်ကို ပြန်လာခဲ့ပါ။

တံခါးလေးမျက်နှာကထွက်ပြီး ဝန်းကျင် တစ်ယူဇနာအနှံ့ လျှောက်ပါ၊ သစ်ပင်ကြီးငယ်တွေ တွေ့ပါလိမ့်မယ်၊ အဲဒီထဲက ဆေးဖက်မဝင်တဲ့ အပင်ကလေးတစ်ပင် ရပြီဆိုတာနဲ့ တူးယူပြီး ပြန်လာခဲ့ပါ၊ ရောက်တာနဲ့ ငါ့တပည့် သိချင်တဲ့ အဖြေကို ဆရာကြီး ပေးပါ့မယ်ကွယ်"

ဆရာကြီး၏ စကားအဆုံး၌

www.burmeseclassic.com

သူ့ရင်တစ်ခုလုံးသည် လွတ်လပ်ပေါ့ ပါးသွားသလို ခံစားရလေသည်။

သူ သိချင်သော အဖြေ။

သူ ကြားချင်သော အဖြေ။

အဲဒီအဖြေကို သိနိုင်၊ ကြားနိုင်ဖို့ အတွက် လုပ်ရမည့် အလုပ်ကား လွယ်ကူလွန်းပေစွ။

ဘာတဲ့ ဆေးဖက်မဝင်သော အပင်ကလေးတစ်ပင်လောက် ရှာခဲ့ရုံ။

သည်လောက်ကတော့ သူ့ အတွက် အပန်းမကြီးဟု ဆိုချင်သည်။ ထိုသို့သော အပင်ကလေးတစ်ပင်ရဖို့ ပေးထားသော ရက်တွေက လေးရက် ကြီးများတောင် တကယ်ဆို ထိုသို့ သော အပင်ကလေးတစ်ပင်ရဖို့ ဤမျှ အချိန်မပေးသင့်ဟု သူထင်သည်။ ဘယ်လိုသဘောနှင့် ဤသို့ ညွှန်ကြား လိုက်ရပါသနည်း။

ဆရာကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာတို့ကို သူသည် မျက်ဝါး ထင်ထင် တွေ့မြင်ခဲ့ရသူမို့ ယုံမှား သံသယတော့ မဖြစ်။ ထို့ကြောင့် လည်း ဆရာကြီးမှာ အကြောင်းထူး တစ်ခုခုရှိသည်မို့ ထိုသို့စေခိုင်းခြင်း ဖြစ်မည်ဟုသာ သူ့ကိုယ်သူ နားလည် သဘောပေါက်ရင်း သူသိလိုသော အဖြေအတွက်...

သူကြားလိုသော အဖြေအတွက် လွယ်အိတ်ကိုလွယ်၊ တူရွင်းကို ကိုင်ရင်း တက္ကသိုလ်ကို ကျောခိုင်း ကာ တံခါးလေးမျက်နှာမှ တောအုပ် ခံခုအတွင်းသို့ ခြေဦးလှည့်လိုက်ပါ တော့သတည်း။

❒

## ပအောင်မြင့်၏ တပ်ခေါက်ခြင်း

ကုန်းကမူ အထက်နားမှာတော့ ညောင်ပင်ကလေးတစ်ပင် ပေါက်နေ သည်။

ဟုတ်ပြီ။ ညောင်သည် အသီး သီးလျှင်သာ ကျေးငှက်တစ်ချို့၏ အစား အစာအဖြစ် အသုံးဝင်သည်။ သူ့ အသားနှင့် အကိုင်းအခက်တို့ကို ဘယ် သူမှ လောင်စာအဖြစ် အသုံးမပြုကြ။ သို့ဆိုလျှင် အရွက်နုနုကလေးများ ထွက်ပြူနေသော ညောင်ပင်ပေါက် ကလေးကို ဆရာထံ တူးယူသွားလျှင် ဟန်ကျပေလိမ့်မည်။

သို့နှင့် ညောင်ပင်ကလေးအပါး သို့ ရောက်သောအခါ အမြစ်ပါ ပါ အောင် တူးလိုက်သည်။ သိပ်တော့ မတူးလိုက်ရ၊ ခပ်ရွယ်ရွယ် အပင် ကလေးမို့ အမြစ်ကို အလွယ်တကူ ပေါ်အောင် တူးယူနိုင်လိုက်သည်။ ထိုစဉ် သူ့အာရုံထဲ၌ ဖျတ်ခနဲ ရုပ်ပုံ လွှာတစ်ခုက ဝင်ရောက်လာခဲ့သည်။ အဲသည်တုန်းက ဆရာကြီးအား လာ ရောက်ကန်တော့သော လူနာရှင်၏ ပြောစကား။ ထိုပြောစကားနှင့်အတူ လူနာရှင်၊ လူနာအဖြစ်မှ ကျွတ်လွတ် သွားသော လူကောင်းတို့၏ ရုပ်ပုံလွှာ တို့ကိုလည်း ပူးတွဲ၍ ကြားနေ မြင်နေ မိတော့သည်။

"ဆရာကြီးရယ်၊ ကျွန်တော့် သမီးလေးခမျာ ဆရာကြီးရဲ့တပည့် ဆရာဗိဇကပေးတဲ့ အသက်ပဲ ရှိပါ တော့တယ်။ သမီးလေးခမျာ အဲဒီတုန်း က ရင်တွေကလည်း ခဏခဏကျပ်၊ ကိုယ်လက်တွေဆိုတာကလည်း တောင့်တင်းနေလိုက်တာ၊ စကားပြော ရင်လည်း အသံက မထွက်။ ဖျံ့လိုက် အန်လိုက် ပြီးတော့ ထွေးထုတ်လိုက် တဲ့ သလိပ်ပုပ်တွေကလည်း နံနံစော် စော်။ အဲဒါကို ဆရာကြီးရဲ့တပည့် ဆရာဗိဇကက ငါးကင်နဲ့ ညောင်ရွက်နု ကို ချက်ပြီးကျွေးလိုက်တာ သိကြားမ သလိုပါပဲ ဆရာကြီးရယ်။ ပစ်လိုက်ရ တော့မလို ဖြစ်နေတဲ့ သမီးကလေးရဲ့ ဝေဒနာမှန်သမျှဟာ သုံးကြိမ်သောက် ဓာတ်စာ စားပြီးတာနဲ့ ယူပစ်သလို ပျောက်ကင်းသွားခဲ့ပါတယ်"

သည်ရုပ်ပုံလွှာ၊ သည်စကား တွေကို ကြားမိလေသည့်ခဏ သူ တူးယူ ကိုင်ဆုပ်ထားသော ညောင်ပင် သည် အလိုလိုပင် သူ့လက်တွင်းမှ ပြုတ်ကျသွားပြီး ဖြစ်လေတော့သည်။

"ညောင်ပင်ဟာလည်း ဆေး ဖက်ဝင်တာပါပဲလေ"

သည်လိုနှင့် ညောင်ပင်ကို စွန့် ခွာပြီး တစ်ပင်ပြီး တစ်ပင် သူရှာခဲ့ သည်။ တွေ့သမျှ ကြုံသမျှ အပင် တိုင်း၊ အနွယ်တိုင်းသည် ဆေးဖက် တစ်နည်းမဟုတ် တစ်နည်း ဝင်ကြ သည်ချည်း ဖြစ်လေသည်။ သည်လို

www.burmeseclassic.com

နှင့် တက္ကသိုလ်မှ ထွက်လာခဲ့သည်မှာ တစ်ရက်ပြီး တစ်ရက် ကုန်လွန်လာခဲ့လေတော့သည်။

လယ်ကွင်းတွေလည်း ဖြတ်ခဲ့သည်။

ရိုးပြတ်တွေလည်း ကျော်ခဲ့သည်။

တွေ့သမျှအပင်တွေလည်း ဆေးဖက် တစ်နည်းမဟုတ် တစ်နည်း ဝင်ကြသည်သာချည်း။

ကွင်းအစပ်၌ တွေ့ရသည့် ကင်ပလင်းရွက်တို့၊ လယ်ဟင်းခါးရွက်တို့ဆိုလျှင်လည်း သည်းခြေလွန်သူအတွက် ချက်၍ကျွေးရမည့် ဓာတ်စာ။ တစ်နည်းအားဖြင့် ဆေးဖက်ဝင်သောအပင်တွေ ဖြစ်၍နေပြန်သည်။

ဟော…တွေ့ပြန်ပြီ၊ ဗိစပ်ရွက်တွေ။

အို…ဒီအပင်က အရွက်တွေကလည်း ထိခိုက်ရှနာသမားများအတွက် ဆေးဖက်ဝင်နေပြန်သည်။ အရည်ညှစ်ထည့် အဖတ်ကိုအုံ၊ အဝတ်နှင့် စည်းထားလို့များကတော့ အနာသည်မရင်းနိုင်၊ ခဏကလေးနှင့် ကျက်သည်ပဲ၊ ယုတ်စွအဆုံး သူ့အသီးကိုစားမိလျှင် ဦးနှောက်ပျက်ကာ ရူးသွပ်စေတတ်သော ပဒိုင်းပင် ဆိုပါလျှင်အနာရောဂါတချို့အတွက် ဖော်စပ်ရာ၌တွဲဖက်ပါဝင်သည့် ပစ္စည်းအဖြစ်ဆေးဖက်ဝင်နေချေသေး၏။

ဆပ်သွားဖူးရုံနားရောက်တော့ စူးရဲသည့် ဆပ်သွားဖူးပန်းရနံ့ကို ရသည်။ ဆပ်သွားဖူးသည်လည်း ဆေးဖက်ဝင်သည့် အပင်တည်း။ ဆီးချုပ်ပါက (သို့တည်းမဟုတ်) ဆီးအိမ်၌ ကျောက်တည်ပါက ဆပ်သွားဖူးအတွင်းမှ အဖတ်ဝါနုများကို ဖဲ့ယူကာ သုံးခွက်တစ်ခွက်တင်ကျို၍ လက်ဖက်ရည်ကြမ်းပန်းကန်နှင့် နေ့စဉ် သောက်ပေးက ပျောက်သည်မဟုတ်လော။

စကားဝါပင်ရိပ်အောက် ရောက်တော့ ခေတ္တအမောအပန်းဖြေလိုက်မိသည်။ စကားဝါပင်ကော ဆေးဖက်ဝင်တဲ့အထဲ ပါ မပါ။ အို…ရေစီးကမ်းပြို ဖြစ်လို့များ စကားဝါအခေါက်မှ အပွေးနှင့် ကျောက်ချဉ်ကို ဆတူရောကာ ကြိတ်ပြီး ရေစီးကမ်းပြို ဖြစ်ပွားရာနေရာ၌ သိပ်သာပေး။ သက်သာပျောက်ကင်းသည်မှာ အသေအချာ။ သည်တော့လည်း ဆေးဖက်မဝင်သည့် အပင်စာရင်းမှ ပယ်ဖျက်ပစ်လိုက်ရပြန်သည်။

ခပ်လှမ်းလှမ်းဆီမှ နဂါးစက်ရွက်များကို မြင်ရပြန်တော့ နားကွဲနာ ဖြစ်လျှင် အရွက်ကို မီးအုံ၍ အရည်ညှစ်ပေးရသည်ကို သတိရသည်။ ရွက်ကျပင်ပေါက်တွေကျပြန်တော့ အနာစက်ပေါက်လျှင် အရည်ကို လိမ်းပေးရပြန်သည်။

အသီးများ ပွတ်တွဲနေသည့် ဥသျှစ်ပင်ကို မြင်ရပြန်တော့ ဝမ်းကိုက်ပြီး ရစ် ရစ်နာလေ့ရှိသူအား ဥသျှစ်သီးစိမ်းရင့်ရင့်ကို မီးဖုတ်စေပြီး နံနက်တိုင်းစားစေခြင်းဖြင့် ဝေဒနာပျောက်ကင်းစေခဲ့တာကို အမှတ်ရမိပြန်သည်။

သို့ဆိုလျှင် သူ့အဖို့ ဆေးဖက်မဝင်သော အပင်ဟူ၍ ရှာတွေ့နိုင်စွမ်းမရှိသည်မှာ သေချာသွားပါပြီ။

ဆေးဖက် မဝင်သော အပင်ကပဲ ဤကမ္ဘာမြေပြင်၌ မရှိလို့လား။ သို့တည်းမဟုတ် တွေ့အောင် မရှာနိုင်သော သူ့အရည်အချင်းကပဲ ညံ့လို့များလား။ တစ်ခုခုတော့ တစ်ခုခုပင်။

သည်လိုမျိုး မည်သည့်ဆေးဖက်မှ မဝင်သော အပင်ဟူ၍ တစ်ပင်တစ်ခက်၊ တစ်ရွက်တစ်နွယ်မျှ ယူဆောင်မလာခဲ့နိုင်သော သူ့အား ဆရာကြီးတွေ့လျှင် သူကြားချင်နေသော၊ သူသိချင်နေသော အဖြေကို ဆရာကြီးသည် ဘယ်လိုများ ပေးလာပါမည်နည်း။

ဆရာကြီး ခွင့်ပေးသည့်ရက်တွေသာ ကုန်စင်သွားခဲ့သည်။ ရည်ရွယ်ရာအလိုရှိရာကား ပြည့်စုံခြင်း မရှိခဲ့။

အဖြေသိလို၍သာ ပြန်လာခဲ့ရသည်။

အပြန်ခရီး၌ ခြေလှမ်းအစုံတို့သည် လေးလံတုံ့ဆိုင်းနေတော့၏။

ဩော်..မအောင်မြင်သော တပ်ခေါက်ခြင်းပါတကား။

❐

## ကျော်ခိုင်းစွန့်ခွာ

သူ၏ အပြန်ခရီး၌ လှမ်းလင့်ခဲ့သော ခြေတို့ကား လေးပင့်ဖင့်နွဲ့လျှ...



www.burmeseclassic.com

www.burmeseclassic.com

ဏ်။ လှမ်းသည့် ခြေလှမ်းတိုင်း၌ အားအင်တွေက ဆုတ်ယုတ်နေသလိုလို။

အကယ်တန္တု ဆရာ မိန့်မှာခဲ့သည့်အတိုင်း ဆေးဖက်မဝင်သော အပင် တစ်ပင်မျှလောက်ကို တွေ့ရပါချေက သူ့ခြေလှမ်းတို့ တစ်မျိုးတစ်ဖုံ ဖြစ်လိမ့်မည်မှာ သေချာသည်။ ယခုမူ ထိုသို့မဟုတ်။ အပြန်ခရီးကား အကျည်းတန်လှပေစွ။

သူ့အဖြစ်ကို ခပ်လှမ်းလှမ်းမှာ တွေ့လိုက်ရကတည်းက ဒိသာပါမောက္ခ ဆရာကြီးအဖို့ ခေါင်းတဆတ်ဆတ် ညိတ်လျက် တွန့်ကွေး၍ အဓိပ္ပာယ် လေးနက်လှသော အပြုံးတစ်ပွင့်အား ဖွင့်လှပ်ခဲ့ပြီးလေပြီ။ ဆရာကြီးအတွက်မူ အဖြေထွက်ပြီးသား ပုစ္ဆာတစ်ပုဒ်။ ဇီဝကအတွက်မူကား...

ဇီဝကသည် လေးပင်ဖင့်နွဲ့သော ခြေလှမ်းတို့ကို တစ်လှမ်းချင်း အားပြုလှမ်းရင်း သူ့နေရာရောက်တော့ လွယ်အိတ်ကို ဖြုတ်သည်။ တူရွင်းတို့ကို နေထားတကျ သွားထောင်သည်။ ပြီးတော့ နဖူးမှ စီးကျလာသော ချွေးသီးချွေးပေါက်တို့ကို ခါးပုံစဖြင့် သုတ်လိုက်သည်။

"တော်တော်များ မောသွားပြီလား ဇီဝကရေ"

"ဆိုပါတော့ ဆရာကြီး"

"အေးလေ...ဒီလမ်းနဲ့ ဒီခရီးဆိုတော့လည်း ဒီလောက်တော့ ရှိပေမှာပေါ့။ ဒါထက် ဆရာ မှာလိုက်သလို ဆေးဖက်မဝင်တဲ့ အပင်ကိုရော တွေ့အောင် ရှာနိုင်ခဲ့ရဲ့လား"

သူသည် ခေါင်းကို ဖြည်းညင်းစွာပင် ခါရမ်းပြလိုက်သည်။ ဆရာကြီးကား သူ့အဖြစ်ကိုကြည့်လျက် ပြုံးယောင်ပြုံးတုံ့။

"ဘယ့်နှယ် ခေါင်းခါပြပုံထောက်တော့ မတွေ့ခဲ့ဘူးပေါ့၊ ဟုတ်စ"

ထိုစဉ်မှာပင် ဇီဝက၏ အပေါင်းအဖော်များ၊ ဆရာကြီး၏ တပည့်အပေါင်းများ အသစ်များ ရောက်လာကြကာ သူနှင့် ဆရာကြီး၏ အမေးအဖြေကိစ္စကို စိတ်ဝင်တစား ငေးမောအကဲခတ် နားစိုက်ကြတော့သည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော် ဆရာကြီးခိုင်းတဲ့အတိုင်း တောတောင်အနှံ့ ခြေဆန့်ရှာဖွေခဲ့ပါတယ် ဆရာကြီး၊ ဒါပေမဲ့ ဘာအပင်တွေ့တွေ့ တွေ့တဲ့အပင် မှန်သမျှဟာ တစ်ခုမဟုတ် တစ်ခုတော့ ဆေးဖက်ဝင်တာချည်းပါပဲ၊ ကျွန်တော် အစွမ်းကုန် ကြိုးစားရှာဖွေခဲ့ပေမယ့် ဆေးဖက်မဝင်တဲ့ အပင်ကိုတော့ လုံးဝဆို လုံးဝ မတွေ့ခဲ့ပါဘူး။ လောကမှာ ကျွန်တော့် အထင် အပင်မှန်သမျှ ဆေးဖက်ဝင်ကြတာချည်းပါပဲ ဆရာကြီး"

"ရွှေ ဟုတ်လိုက်လေ၊ မှန်လိုက်လေကွယ်၊ ဟော့ ဒီမှာ ဇီဝက"

"ခင်ဗျာ"

"မင်းကို ဆရာကြီး ဘာဆေးအတတ်ပညာမှ သင်ပေးစရာ မလိုတော့ဘူး၊ ဘာကြောင့်ဆို မင်းဟာ ဆေးပညာကို အလုံးစုံ တတ်မြောက်နေပြီ ဖြစ်လို့ပဲ"

"တကယ်ပြောတာလား ဆရာကြီး"

"တကယ်ပေါ့ ဇီဝကရဲ့၊ ဒီပညာနဲ့ မင်း လူ့လောကပတ်ဝန်းကျင်မှာ အသက်မွေးဝမ်းကျောင်း ပြုလို့ရနေပြီ။ မင်းကို ဆရာကြီး ယုံကြည်တယ်။ ဒီတော့ကာ မင်းအနေနဲ့ ဆရာကြီးဆီမှာ ဆက်နေလို့ ဘာမှ ထူးလာမှာ မဟုတ်ဘူး။ ကိုယ့်ရပ်ကိုယ့်ရွာနကို ပြန်ပါ၊ မင်းတတ်ထားတဲ့ ပညာနဲ့ လူတွေရဲ့အသက်ကို ကယ်ပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီး မိန့်မှာမှုရှိတဲ့အတိုင်း တသဝေမတိမ်း လိုက်နာပါမယ်"

ကာလအတန်ကြာ လက်ပွန်းတတီး နေထိုင်ခဲ့သဖြင့် သံယောဇဉ် နှောင်ကြိုးက တင်းနေလင့်ကစား သည့်နှောင်ကြိုးကိုဖြင့် ဆရာကြီးအဖို့ တပည့်၏ ကြီးပွားတိုးတက်မှုကို ရှေ့ရှုလျက် ဖြတ်အောင်ဖြတ်ရပေတော့မည်။ ပုဆစ်တုပ်ထိုင်လျက် ထိခြင်းငါးပါးဖြင့် ရှိသေစွာ ဦးနှိမ်ချနေသည့် တပည့်ကျော် ဇီဝကကို ကြည့်ကာ ဆရာကြီး၏ ရင်ထဲမှာမချိ။ ဒါပေသည့် အလွမ်းစိတ်ကို တိတ်တိတ်ကလေး ဖြေဖျောက်ရပေဦးတော့မည်။ ငှက်ကလေးများ ပျံထွက်သွားသော် ကိုင်းဖျား သိမ့်သိမ့်ခါရသည်က မွေ့တာ တစ်ခုပင် မဟုတ်ပါလား။

"ကဲ...အချိန်သိပ်မရှိဘူး၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com

တပည့် မင်းထွက်ခွာဖို့ ကောင်းပြီ၊ ရောက်လေရာ သွားလေရာ နေရာဒေသတိုင်းမှာ ခလုတ်မထိ ဆူးမငြိစေဘဲ ရည်မှန်းချက် ပြည့်စုံအောင် စွမ်းဆောင်နိုင်တဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်ပါစေကွယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဆရာကြီး၊ ကျွန်တော် သွားတော့မယ်နော်''

''ကောင်းပြီ၊ သွားပေဦးတော့၊ ငါ့တပည့်ရေ…''

သူသည် ဆရာကြီး ပေးအပ်လိုက်သော အနည်းငယ်မျှရှိသည့် ရိက္ခာထုပ်ကလေးကို ဝါးလုံးလျှိုလျက် ထမ်းကာ ပညာရင်နို့ သောက်စို့ခဲ့သော တက္ကသိုလ်ပြည်ကြီးအား နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်လျက် ကျောခိုင်းလိုက်ပါသည်။ ထို့နောက် ခြေလှမ်းအစုံတို့က သူမွေးစားဖခင်ရှိရာ သူချစ်သော ဘိုးဘိုးရှိရာ ရာဇဂြိုဟ်ပြည်ကြီးသို့ တရွေ့ရွေ့။

သူ ဝါးလုံးလျှို၍ ထမ်းလာခဲ့သော ရိက္ခာထုပ်က ရာဇဂြိုဟ်သို့ ရောက်ဖို့ဝေးစွ၊ ဇမ်းခုလတ်မှာပင် ကုန်သွားမှာ သေချာသည်။ အကြောင်းမူ ဆရာကြီး စီစဉ်ပေးအပ်လိုက်သည့် ရိက္ခာကား ဘယ်လောက်မှ မရှိဟု ပြောရလောက်အောင် နည်းပါးလှသည်။ ဒါ တပည့်တစ်ယောက်အပေါ် ထားတဲ့ ဆရာကြီး၏ မေတ္တာ၊ သံယောဇဉ်၊ စေတနာတဲ့လား။ နေ့နေ့မိုးမိုး ဆောင်းဆောင်း ဆရာ့အနားမှ တစ်ဖဝါးမှမခွာ၊ ဆရာ ညွှန်ရာလုပ်၊ ဆရာ ထားရာနေ၊ ဆရာ စေရာသွားခဲ့သည့် တပည့်တစ်ဦးအပေါ်တွင် အမျှင်တန်းသည့် အကြင်နာ ကရုဏာတွေတဲ့လား။ ငွေအသပြာတန်ဖိုးနှင့် ချိန်စက်လျှင် ဘာမှမပြောပလောက်သည့် အနည်းငယ်မျှသော စားနပ်ရိက္ခာသည် လမ်းခရီးမှာပင် ပြတ်တောက်သွားပါတော့မည်။ ရိက္ခာပြတ်လျှင် ဝယ်ယူနိုင်သည့် အသပြာကကော။ အသပြာကိုကော ဆရာသည် တစ်ပြားတစ်ချပ်မှ မပေးခဲ့။ ဒါကို ရက်စက်ရာကျသည်ဟု ဆိုရမည်လား။

နာကြည်းတတ်လျှင် နာကြည်းချင်စရာ ကောင်းခဲ့လင့်ကစား သူ့အဖို့ ဆရာအပေါ်တွင် စိတ်နှင့်တောင် မပြစ်မှားခဲ့။ နာကြည်းဖို့ဆို ဝေလာဝေး။ ငွေအသပြာကြေးစ တစ်ပြားတစ်ချပ်မှ မယူဘဲ တတ်သည့်ပညာ အလုံးစုံကို မခြွင်းမချန် နှုတ်တွေ့ လက်တွေ့ ပေးအပ်ပို့ချခဲ့သော ဆရာ့ဂုဏ်ကို သူ့အာရုံထဲမှာ ညွတ်နူးစွာ ဦးခိုက်မဝ ဖြစ်နေခဲ့သည်။ ဒါက သူ့ဘက်က ရင်တွင်းခံစားမှု၊ ပကတိ ရှင်းသန့်သည့်အတွေး။

ထိုနည်းတူ ဆရာကြီး၏ ရင်ထဲမှာကော။

''ဇီဝကရယ်၊ မင်းဟာ ဟိုးရာဇဂြိုဟ်ပြည်ကြီးက မြင့်မြတ်တဲ့ အရှင်သခင်တွေရဲ့ သွေးသားပါ။ မွေးစားသား၊ မွေးစားမြေး ဆိုပေမယ့် မင်းရဲ့ အင်္ဂါရုပ်ကိုက မြင့်မြတ်ဆိုတဲ့သူဆိုတာ ဆရာ သိနေပါတယ်ကွယ်၊ မိဘတွေ၊ ဘိုးဘွားတွေဆီ ပြန်ရောက်ရင် မင်းရဲ့ အရည်အသွေးတွေကို တွေ့မြင်ရပြီး ဝိုင်းဝန်းချီးမြှောက်ကြမှာပါ။

အဲသလိုမျိုး ဘဝကို ရေစုန်မှာ အလွယ်တကူ မျှောလိုက်လို့ကတော့ ဆရာ သင်ပေးလိုက်တဲ့ မင်းအပတ်တကုတ် သင်ယူခဲ့ရတဲ့ ဆေးအတတ်ပညာရဲ့ ကျေးဇူးဆိုတာ ဘယ်လောက်အတိုင်းအတာ ရှိသလဲလို့ အကဲဖြတ်ခွင့်ရမှာမဟုတ်ဘူး၊ လောကမှာ ဆင်းရဲခြင်းကို ဖြတ်သန်းဖူးပါမှ ချမ်းသာသုခကို ပြည့်ပြည့်ဝဝ ခံစားနိုင်လိမ့်မယ် ဇီဝက။

အေး…အဲဒါကြောင့် မင်းကို လမ်းမှာတင် ရိက္ခာပြတ်အောင် ဆရာ့အနေနဲ့ မပြည့်မစုံ ဖန်တီးပေးလိုက်တာပဲ။ ရိက္ခာပြတ်တော့ စားရသောက်ရဖို့ အတတ်ပညာတစ်ခုခုနဲ့ ရှာရတော့မယ်။ အဲဒီမှာ မင်းတတ်ထားတဲ့ ဆေးပညာဟာ အသုံးဝင်လာလိမ့်မယ်။ အသုံးဝင်တာနဲ့အမျှ ဆေးကုသမှု အတတ်ပညာရဲ့ ဂုဏ်ကျေးဇူးကို အထူးနားလည်လာလိမ့်မယ်။

ဒီအခါကျရင်ဖြင့် ဆရာ့ရဲ့ စေတနာနဲ့ ရည်ရွယ်ချက်ကို ငါ့တပည့် သဘောပေါက်ပါလိမ့်မယ်ကွယ်''

ဆရာကြီး၏ နှလုံးသားမှာတော့ တပည့်အတွက် ခံစားမှုတွေက ဘောင်ဘင်ခတ်လျက် ကျန်ရစ်သည်။

တပည့် ကျောခိုင်းထွက်ခွာရာကို ကြည့်လိုက်တော့ ဇီဝက၏ ရုပ်ပုံလွှာမှာ ဝေးပျူမှုန်ရီလျက် နောက်ဆုံး၌ မြင်ကွင်းမှ လုံးဝပျောက်ကွယ်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်မှာတော့ လိမ္မော်ရောင်နှလုံးသည် ပုစွန်ဆီရောင် ဝတ်ရုံကို လဲလှယ်ဝတ်ဆင်ရင်း နေ့တစ်နေ့ကို လှပသေသပ်စွာ ကန့်ပစ်လိုက်ဖို့ တာစူနေပေပြီ။ ဆရာကြီးလည်း ရင်ထဲတည်စု၊ ခံစားမှုအလုံးစုံတို့ကို တရားသဘောဖြင့် ဆင်ခြင်သုံးသပ်လျက် စာသင်ဆောင်ရှိရာသို့ အာရုံလွှဲလိုက်ရှာတော့သည်။

❐

## ဗိုက္ကာနှင့် လိပ်ပြာ

တောင်စဉ်အနည်းငယ် တောလမ်းအထွယ်သွယ်ကို ဖြတ်ကျော်ပြီးချိန်မှာတော့ဖြင့် ထင်သည့်အတိုင်းပင် ပါလာသော စားနပ်ရိက္ခာတို့က 'နိဋ္ဌိတံ' သွားကြလေပြီ။

လူ့၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့သည် အရေးကြီး၏။ ၄င်းတို့အထဲမှ တစ်ခုခုသည် အချို့ယွင်းမခံ။ တစ်ခုသောတတ်တစ်ခု ချို့ယွင်းပြီဆိုလျှင် ၄င်းတို့ကို တည်မှီနေသော လူ့ခန္ဓာကိုယ်ကြီးမှာ တစ်စုံတစ်ခု ဖြစ်တော့မှာသေချာသည်။ ဖြစ်လျှင်လည်း အကောင်းဘက်သို့ မဟုတ်။ သည်တော့ ခန္ဓာကိုယ်ကြီး ယိုင်လဲမသွားစေဖို့၊ ဓာတ်တွေ စည်းနရီ ညီညွတ်စေဖို့အတွက် တစ်ခုခုတော့ ကြံဆရတော့မည်။

ခန္ဓာကိုယ်ကို သယ်ဆောင်လာကြသော ခြေလှမ်းတို့ကား သာကေတပြည်သို့အဝင် တစ်ခုသော နားနေဆောင် ဇရပ်သို့အရောက် တို့ခနဲ ရပ်သွားကြတော့သည်။ သူသည် ဇရပ်ပေါ်သို့ အသာလှမ်းတက်ကာ သင့်တော်လျောက်ပတ်သည့် နေရာ၌ အခင်းတစ်ခုကို ခင်းလျက် ခေတ္တလျောင်းစက် အပန်းဖြေရင်း ရိက္ခာအတွက် စဉ်းစားခန်းဝင်မိလေတော့သည်။

"ပါလာတာတွေလည်း ကုန်ပြီ၊ ဝယ်ယူစားသောက်ဖို့ကျပြန်တော့ အသပြာငွေကြေးဆိုတာ တစ်ပြားတစ်ချပ်တောင်မှ မရှိ။ ကိုယ့်မှာကလည်း အဝတ်တစ်ထည် ကိုယ်တစ်ခုပေါင်နှံရောင်းချစရာဆိုလို့ ဘာပစ္စည်းမှလည်း ရှိတာမဟုတ်။ ဒီတော့ စားနပ်ရိက္ခာအတွက် ဘယ်လိုများ လုပ်ရပါ့"

စဉ်းစားရင်းမှပင် ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်နေမိတော့သည်။ ထိုစဉ် ထင်းခုတ်သမားတစ်ယောက်စ နှစ်ယောက်စတို့သည် မားမတို့ကို ခါးကြားညှပ်၍ ထင်းစည်းကို ပခုံးထက်တွင် ထမ်းကာ ဇရပ်ရှေ့ရှိ မြေညီလမ်းကလေးမှ ဖြတ်သန်းသွားကြသည်ကို သူတွေ့တော့ အတွေးကွန့်ယက် ဖြန့်ကျက်နေရင်းမှ ငေးရီမိပြန်လေသည်။

"ဒီတော့ ငါ ဘာလုပ်ရင်ကောင်းမလဲ၊ ငါဘာလုပ်ရင်ကောင်းမလဲ၊ ငါရောက်နေတာ တစ်ရပ်တစ်ကျေး၊ ကိုယ့်နေရာ ကိုယ့်ဒေသမဟုတ်။ ပြီးတော့ ငါ ဘာများလုပ်တတ်သလဲ"

သူ့ကိုယ်သူ ပြန်မေးနေခိုက် ဇနီးမောင်နှံ ဖြစ်ဟန်တူသော ထင်းခွေလင်မယားနှစ်ယောက်သည် ဇရပ်ပေါ်သို့ တက်လာကာ ခြေရင်းဘက်ရှိ သောက်ရေအိုးစင်မှ ရေကို ခပ်သောက်၍ အမောဖြေနေကြလေသည်။ ထို့နောက် သူတို့လင်မယားမှာ ဇရပ်ရှေ့၌ ချထားသော ထင်းစည်းများကို ပို၍တင်းစေရန် လျှော့ရဲနေသော ကြိုးများကို ပြန်ချည်လိုက်ကြသည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး စကားများ ပြောဆိုနေကြပြန်လေသည်။

"သူဌေးအိမ် ဒီထင်းတွေ အကုန်ရောင်းပြီးရင်တော့ လက်ကျန်အကြွေးလေးတွေ ဆပ်နိုင်လောက်ပါပြီကွာ"

"ဆပ်မှပဲ တော်ရေ…နို့မဟုတ်ရင် ခဏခဏ လာတောင်းနေတာ တကျိကျိနဲ့"

"ဒါထက် သူဌေးကတော်ရဲ့ ခေါင်းခဲနာကလည်း ဘယ်သူနဲ့ပြပြ မသက်သာဘူးနော်၊ သူတို့များ တို့လို ဆင်းရဲတာမဟုတ်၊ ဓနဥစ္စာ ပြည့်စုံပေမယ့် ရောဂါက နှိပ်စက်တော့ ချမ်းသာတာလည်း အလကားပဲပေါ့"

"အို…သူဌေးသဘော်ပျက်တာ အရေးမကြီးဘူး၊ တို့လို ဆင်းရဲသားတွေ ခွက်မပျောက်ဖို့ အရေးကြီးတယ်၊ အချိန်ရှိတုန်း ရောင်းချပြီး ချက်ပြုတ်ဖို့

www.burmeseclassic.com

လုပ်ရဦးမယ်၊ ကဲ‥သွားကြရအောင်”

ထင်းခွေလင်မယားနှစ်ယောက် မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဖြင့် ဇရပ်ရှေ့မှ ထွက်သွားချိန်မှာတော့ သူ့အတွေးအာရုံထဲ၌ အလင်းရောင်တစ်ချက်က ဖျတ်ခနဲ လင်းလက်ယှက်သန်းသွားလေတော့သည်။ သည်အလင်းရောင်က သူ ဘာလုပ်ရမည်ကို မီးမောင်းထိုးပြလိုက်သည်နှင့် ဘာမျှမခြား။

သို့ဆိုလျှင် သူသည် ဤဇရပ်ပေါ်၌ ခွေ၍ လဲလျောင်းဖို့ရာ မဖြစ်ပြီ။ ထင်းခွေလင်မယားနှစ်ယောက်၏ နောက်သို့ အမီလိုက်ရမည်။ ထိုလင်မယားကား ခေါင်းခဲဝေဒနာ ခံစားရသော သူဌေးကတော်၏ ဂေဟာသို့ သွားကြမည်မှာ သေချာသည်။ သည်အတွေးစကို ဖမ်းဆုပ်လျက် သူသည် ပါလာသော အထုပ်ငယ်လေးကို ခေါ်ယူထုပ်ပိုးကာ ဇရပ်ပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် အတော်ဝေးဝေးသို့ ရောက်နေပြီဖြစ်သော ထင်းခွေလင်မယားရှိရာသို့ ခြေလှမ်းကြဲကြီးများဖြင့် အမီလိုက်ခဲ့လေတော့သည်။

❐

ရှင်းလိုပ်ပြည်။

ဂေဟာအတွင်းသို့ ထင်းခွေလင်မယားနှစ်ယောက် ဝင်သွားလင့်ကစား ဇီဝကအတွက်မူ ဝင်၍မဖြစ်သေး။ ခြံတံခါးဝနှင့် မလှမ်းမကမ်းရှိ တမာရိပ်၌ အသာရပ်ရင်း အခြေအနေကို အကဲခတ်ကြည့်နေလေသည်။

မကြာပါချေ။

ခြံဝင်းအတွင်းမှ အလုပ်ကြမ်းသမားရုပ်ပေါက်နေသည့် လူရွယ်နှစ်ဦး ထွက်လာသည်။ ဇီဝက မနေသာတော့။

“ဒီမှာ ခင်ဗျ…ဒီမှာ…”

သူ့အသံကြောင့် လူရွယ်နှစ်ဦးမှာ တုံ့ခနဲရပ်လျက် ဇီဝကကို အကဲခတ်ကြည့်ရှုနေလေသည်။

“ကျုပ် ရာဇဂြိုဟ်ကိုပြန်မယ့် ဆေးဆရာတစ်ယောက်ပါ၊ အခု သွားရင်းလာရင်း ဟောဒီသာကေတပြည်က သူဌေးကတော်မှာ ဦးခေါင်းခဲအနာ ခံစားနေရတယ်ကြားလို့ အဲဒါ တကယ်လားဆိုတာ သိချင်လို့ပါ”

သူ့စကားကြောင့် လူရွယ်နှစ်ဦး၏ မျက်နှာမှာ ဝင်းလက်သွားကြသည်။

“ဪ…နောင်ကြီးက ဆေးဆရာကိုး၊ ဒါထက် နာမည်က…”

“ဇီ…ဝ…က…”

“ဪ…ဇီဝကတဲ့ လား၊ ဟုတ်ကဲ့ ဆရာဇီဝက ကြားသလိုပါပဲ၊ ကျွန်တော်တို့ သူဌေးကတော်မှာ ဦးခေါင်းခဲနာ ဖြစ်နေတာ ကြာပါပြီ၊ ကြာဆို ခုနစ်နှစ်လောက်တောင် ရှိရောမယ်”

“အို…ကျွတ်…ကျွတ်…ကြာလှပြီပဲ၊ ဒီလောက်တောင် ကြာလှတာ ဘယ်ဆရာနဲ့မှ မကုသဘူးတဲ့လားဗျာ”

“ဘယ်နေလိမ့်မလဲဗျာ၊ ကုန်ချင်သလောက်သာ ကုန်စမ်းဆိုပြီး သူဌေးလည်း သူဌေးကတော်ရဲ့ ဝေဒနာကို ဆရာပေါင်းစုံ၊ သမားတော်ပေါင်းစုံနဲ့ ကုသပေးရှာပါတယ်။ ဒါပေမဲ့ ထူးလာတယ်လို့ မရှိပါဘူးဗျာ။ ဒါနဲ့ပဲ ကံမှာ ဝဋ်နာလို့ သဘောထားပြီး ဒီလိုပဲ လက်ပိုက်ကြည့်နေရရှာပါတယ်”

“ဒါထက် ဆရာဇီဝကက ခေါင်းခဲဝေဒနာကို ပျောက်ကင်းအောင် ကုသနိုင်ပါသလား”

သည်စကားကိုကြားတော့ သူသည် ဤကွန်ရရဖြင့် လှပတည်ကြည်သော အပြုံးတံခါးချပ်ကို ဖွင့်လှပ်လိုက်သည်။

“ကျုပ် ပျောက်ကင်းအောင် ကုသပေးနိုင်ပါတယ်၊ ကုလည်း ကုပေးချင်ပါတယ်၊ အဲဒါ သူဌေးကတော်ကြီးရဲ့ ဆန္ဒကို သိရအောင် သွားသာ ပြောချေတော့”

“ဟာ အတော်ပဲ၊ ဒါဆို သွားပြောမယ်”

လူရွယ်နှစ်ဦးလည်း ဝမ်းသာအားရပင် သူဌေးကတော် ရှိရာသို့ သွားကာ အကြောင်းစုံကို သွားပြောကြသည်။ ဇီဝကကား တမာရိပ်၌ ထိုင်လျက် လူရွယ်နှစ်ဦး၏ ပြန်အလာကို စောင့်ဆိုင်းနေလေသည်။ လူရွယ်နှစ်ဦးမှာ တော်တော်နှင့် ထွက်မလာကြသေး။ တော်လေးကြာမှပင် ဇီဝကရှိရာသို့ ပြန်ရောက်လာကြသည်။

www.burmeseclassic.com

"ကဲ...ဘယ်လိုတဲ့လဲ"

"ဟူး...မဟာန်ပါဘူး ဆရာ ဇီဝကရယ်၊ ကျွန်တော်တို့ သူဌေး ကတော်က တစ်မျိုးကြီးဗျ"

"ကျွန်တော်တို့က ဆရာဇီဝက အကြောင်း ပြောပြတော့ မင်းတို့ တွေ့ ခဲ့တဲ့ ဆေးဆရာက ဘယ်အရွယ်ရှိပြီ လဲ၊ ဘာ အသက်က နှစ်ဆယ်ကျော် လောက်ရှိမယ် ဟုတ်စ၊ ဒါဆို မဟာန် သေးပါဘူး၊ သမားဆို 'အို'မှဆိုတဲ့ စကားလည်း အရှိသား မဟုတ်လား၊ ဒီလောက်ငယ်တာနဲ့ ကုလို့ မဖြစ်ပါ ဘူး၊ သူ့ထက် အသက်အများကြီး ကြီးတဲ့ ဆရာတွေနဲ့တောင်မှ မဟာန်တာ နှာမည်ကြီးပေ့ဆိုတဲ့ သမားတော်တွေ လည်း လက်လန်တဲ့ ငါ့ရောဂါ၊ အို.. ကုလည်း ရှိတဲ့ရွှေတွေ ငွေတွေသာ ကုန်ရုံရှိတော့မပေါ့၊ ကဲ...ပြန်သွားပြီး တော့သာ ပြောလိုက်ပေတော့၊ မကု သေးဘူးလို့ ပြောလိုက်တယ်ဗျ။ ဘယ်လိုကြီးမှန်းလည်း မသိပါဘူး ဗျာ"

"ဒါကတော့ကွာ သူဌေးကတော် ကိုလည်း အပြစ်ပြောလို့ မရဘူး ဘုန်းသင်ရဲ့၊ ခုနစ်နှစ်လောက် ဆရာ စုံ၊ သမားစုံ၊ ဆေးအစုံနဲ့ကုတာ ထူးမ ထွေးခြားတဲ့ဟာ ဒီတော့လည်း သူ့ အတွက် ရောဂါပျောက်အောင် ကုပေး မယ်ဆိုတဲ့ စကားဟာ ရိုးအီနေတာ ဖြစ်မှာပေါ့"

"အို ငါ့သဘောကတော့ကွာ လူနာနဲ့ ဆေးဆရာဆိုတာ 'ကံစပ်ဖို့ လည်း လိုမယ်ထင်တာပဲ၊ နောက်ပြီး ဆရာဇီဝကကို မြင်တာနဲ့ အရင့်အရင် ဆရာတွေနဲ့ တခြားစီမှန်း သိသာပါ တယ်။ ငါတော့ သူဌေးကတော်ကို ကုစေချင်တယ်"

"ငါလည်း မင်းလိုမျိုးပါပဲ ဘုန်းသင်ရယ်၊ ဒါပေမဲ့ သူဌေး ကတော်ရဲ့ အစွဲအလမ်းကလည်း တစ်မျိုးကြီး မဟုတ်လား"

သည်ကတည်းက ဇီဝကအဖို့ ရှေ့ဆက်ရမည့် ခြေလှမ်းကို တွက်ဆ ၍ ရလောက်နေပြီဖြစ်သည်။ သူဌေး ကတော်ကို အပထား၊ သူဌေးကတော် ၏ လုပ်သားတွေက သူ့အပေါ် တိမ်း ညွတ်စိတ်ဝင်စားခြင်းကပင် အခြေ အနေ ပေးလာခဲ့ပြီ မဟုတ်ပါလော။

"ဒီက ကိုဘုန်းသင်တို့ ကျုပ် ပြောချင်တာက လောကကြီးမှာ အသက်ဆိုတာ ကြီးချင်ကြီးမယ်၊ ငယ် ချင်ငယ်မယ်၊ ကြီးတာ ငယ်တာ ပမာနမဟုတ်ပါဘူး၊ အတတ်ပညာ ဘယ်ရွေ့ဘယ်မျှ ရှိတယ်ဆိုတာသာ လိုရင်းပါ"

"ဟုတ်တယ် ဆရာဇီဝက ဟုတ်တယ်၊ အဲဒီစကားကို ကျွန်တော် တို့ လက်ခံတယ်"

"ဒါဖြင့်ရင် အပမ်းကြီးတယ်လို့ လည်း သဘောမထားပါနဲ့ဗျာ၊ ခင်ဗျား တို့ သူဌေးကတော်ကို ပြန်ပြောကြပါ ဦး၊ ကျုပ် ကုသလို့ ရောဂါအရှင်း မပျောက်ရင် အခကြေးငွေဆိုလို့ တစ်ခြင် တစ်ရွေးတောင် မယူပါဘူး၊ ပျောက် ကင်းတယ်ဆိုမှ ပေးနိုင်ပါတယ် ဆိုတဲ့ အကြောင်း"

"စိတ်ချ၊ ခဏလေးစောင့်၊ ကျွန်တော် သွားပြောမယ်"

ဘုန်းသင်ကား သွက်လက်ပေါ့ ပါးစွာဖြင့် သူ့အဖော်ကို ထားရစ် လျက် ခြံအတွင်းသို့ ဝင်ရောက်ပျောက် ကွယ်သွားတော့သည်။ ကျန်ရစ်သည့် အဖော်ကား...

"ကျွန်တော်တို့ သူဌေးကတော် က ခပ်ပေပေခင်ဗျ၊ သူ့စိတ်နဲ့တော့ ဖြစ်မယ်မထင်ပါဘူး ဆရာဇီဝကရယ်"

ဟု ခပ်ညည်းညည်းလေးပြော၍ မဆုံးမီမှာပင် ဘုန်းသင် ပြန်ရောက် လာလေသည်။

"ဟန်ကျလိုက်တာ ဆရာဇီဝက ရယ်၊ ဒီတစ်ခါတော့ သူဌေးမကြီး ဘာစိတ်ကူးရသလဲ မသိဘူး၊ ဆရာ့ ကို ကြွခဲ့ဖို့ အပင့်ခိုင်းလိုက်တယ်၊ ကဲ ဆရာရေ အပြောနဲ့ အဟော တစ်ထပ် တည်းကျအောင် အစွမ်းကုန်သာ ကျဲ လိုက်ပေတော့"

ဘုန်းသင်က ဝမ်းသာအားရ ပြောဆိုလျက် ဇီဝကအား သူဌေးမကြီး ရှိရာသို့ လိုက်လံပို့ဆောင်ပေးသည့် သကာလ ဇီဝက၏ ရင်ထဲ၌ ရိက္ခာ အတွက် ရင်ဆိုင်တိုက်ပွဲလေးတစ်ခုကို ဆင်နွှဲရန် လှိုက်ခုန်ရိုက်ခတ်နေလေ သတည်း။

ရွှေလ ဆက်ရန်

နန္ဒာမိုးကြယ်

www.burmeseclassic.com

# နေ့ကိုကြည့်၍ လျှပ်တစ်ပြက်ဗေဒင်ဟောကိန်း

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဗေဒင်လာမေးသည့်နေ့ကိုကြည့်ပြီး လျှပ်တစ်ပြက် ဟောရသည့်နည်း ဖြစ်ပါသည်။ ဗေဒင်စိတ်ဝင်စားသူများ ဗဟုသုတအဖြစ် မှတ်သားသင့်သည့်နည်းတစ်နည်း ဖြစ်ပါသည်။

**(၁ နွေ) တနင်္ဂနွေနေ့အဟော**

ခရီးမသွားပါနှင့်။ သွားချင်လျှင် အနောက်အရပ်သို့ သွားပါ။ အဆင်ပြေမည်။ ပစ္စည်းပျောက်လျှင် ပြန်မရတော့ဘူးဟု ဟောရပါမည်။ လက်လွှန်သွားပြီ။ အမှုလုပ်မည်ဆိုလျှင် ကိုယ့်ဘက်က ရှုံးမည်။ ဒီကနေ့တွင် အိမ်ရောင်း၊ မြေရောင်းမလုပ်ပါနှင့်။ နောက်နေ့မှ ဝယ်ပါ။

**(၂ လာ) တနင်္လာနေ့အဟော**

ဒီနေ့မှာ ကလေးကျောင်းမအပ်ပါနှင့်။ ကြာသပတေးနေ့မှာအပ်ပါ။ အမှုကိစ္စရှိလျှင် ဒီနေ့ အမှုလုပ်၍မကောင်းသေးပါ။ မနက်ဖြန်မှ စတင်ပါ။ ကျွဲ၊ နွား ပျောက်လျှင် အရှေ့အရပ်မှာ သွားရှာပါ။ တွေ့မည်။ အိမ်ရောင်း၊ အိမ်ဝယ်လုပ်လျှင် ဒီနေ့လုပ်ပါ။ လွယ်လွယ်နှင့် ပြီးမည်။ ခရီးသွားသူရှိလျှင် ဒီနေ့ ပြန်လာမည်။

**(၃ ဂါ) အင်္ဂါနေ့အဟော**

အမှုကိစ္စရှိပါက ဒီနေ့ အမှုလုပ်မည် စာတင်မည်ဆိုလျှင် ကောင်းသည်။ ကိုယ်ကနိုင်မည်။ ဒီကနေ့တွင် ပညာအသစ်မသင်သင့်ပါ။ ခရီးသွားသူရှိလျှင် ပြန်မလာသေးပါ။ အိမ်ရောင်းအိမ်ဝယ်ကိစ္စ ဒီကနေ့ မလုပ်ပါနှင့်။

**(၄ ဟူး) ဗုဒ္ဓဟူးနေ့အဟော**

ခရီးသွားစရာကိစ္စရှိလျှင် ခရီးသွားလို့ရပါပြီ။ သွားပါ။ ငွေရမည်။ အမှုကိစ္စရှိလျှ အမှုလုပ်မည်၊ စတင်မည်ဆိုပါက ဒီကနေ့ စတင်ပါ။ အမှုလုပ်ပါ။ ပစ္စည်းပျောက်ကိစ္စရှိပါက ပျောက်သောပစ္စည်းကို အသားညိုညိုမိန်းမက ယူထားတာဖြစ်မည်။ ပြန်ရပါမည်။ လူမမာ နေမကောင်း၍မေးလျှင် စိတ်မပူပါနှင့်။ နေကောင်းတော့မည်။ ကျွဲ၊ နွား ပြေးလျှင် တောင်အရပ်မှာသွားရှာ။ တွေ့မည်။

**(၅ တေး) ကြာသပတေးနေ့အဟော**

ကလေးကျောင်းအပ်ချင်အပ်ပါ။ အပ်လို့ရပြီ။ ခရီးသွားသူရှိပါက ပြန်လာတော့မည်။ ပြေးတဲ့ ကျွဲ၊ နွား အနောက်တောင်အရပ်မှာရှာပါ။ ပြန်ရမည်။ ပစ္စည်းပျောက်လျှင် ပျောက်တဲ့ပစ္စည်း အသားညိုသည့်ယောကျ်ား ယူသွားတာဖြစ်မည်။

**(၆ ကြာ) သောကြာနေ့အဟော**

စာတင်မည်၊ တရားစွဲမည် ဆိုလျှင် ဒီနေ့ကောင်းသည်။ ပစ္စည်းပျောက်လျှင် ပြန်ရမည်။ အသားညိုသည့်မိန်းမယူထားတာဖြစ်မည်။ ပြေးတဲ့ ကျွဲ၊ နွားကို မြောက်အရပ်မှာရှာပါ။ တွေ့မည်။ လူမမာကိစ္စမေးလျှင် နေမကောင်းတာက မြောက်ဘက်ကိုသွားမိလို့ပါ။ မြောက်ဘက်မှာ ခေါ်စာကျွေးပါ။ ပျောက်သွားလိမ့်မည်။

**(စနေ) စနေနေ့အဟော)**

ဆွေမျိုးတွေနှင့် ဒီနေ့သွားမတွေ့ပါနှင့်။ လွဲနေလိမ့်မည်။ ပစ္စည်းပျောက်လျှင် ပျောက်တဲ့ပစ္စည်း လေကားရင်း၊ တံခါးရင်းမှာထားသည်။ သွားရှာပါ။ ဒီကနေ့ အိမ်ရောင်း၊ အိမ်ဝယ် မကောင်းသေးပါ။ လူမမာရှိလျှင် လူမမာအတွက် ခေါ်စာပစ်ပါ။ နေကောင်းသွားလိမ့်မည်။

ညွန့်လှိုင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# ဈေးဆိုင်အတွက်

**သိန္ဒ**

သတ္တလောကတွင် လူ့ရယ်လို့ ဖြစ်လာကြလျှင် စိတ်
ခြင်း။ ကိုယ်၏ချမ်းသာခြင်းဟူသော ကာယိကသုခ၊
က သုခ နှစ်ဖြာသောချမ်းသာခြင်းဖြင့် နေလိုကြ
အချိန်အရွယ်ရောက်သည့် လူလားမြောက်သည့်
၌ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာ
ယအရွယ် တရားဓမ္မရှာကြံကျင့်သုံးကြရန်မှာ လူ့
ထူ့ကျင့်စဉ်တစ်ရပ်ဖြစ်သည့် အားလျော်စွာ ရှာကြံ
ကျင့်သုံးကြရမည်သာ ဖြစ်ပေသည်။

နိယာမတရားအရ ရောက်လေရာရာ ဘုံဘဝတွင် မည်သည့်သတ္တဝါမဆို သုခ၊ ဒုက္ခဆိုသည့် ချမ်းသာဆင်းရဲ ဒွန်တွဲလျက် ကမ္မနိယာမအရ ပါရမြဲပင် ဖြစ်တော့၏။ ဤသည့်အကြောင်းကံက ပေးသမျှအကျိုးတရား ခံစားရစမြဲပင်။

ဤလူ့ဘဝ လူ့ရယ်လို့ ဖြစ်လာတော့ ကံဥာဏ်ဝီရိယ ဆိုတဲ့ တရားသုံးပါးကတော့ မိမိခန္ဓာကိုယ်မှာ အမြဲကိန်းစေ

www.burmeseclassic.com

ပြီး သတိမမေ့ဖို့ လိုပေသည်။ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ဆိုသလို ဉာဏ်ကာစားပြီး ဝီရိယနှင့် ကြိုးကုတ်ကြိုးစားပါသော်လည်း ကံတရားက မလိုက်ပြန်တော့ ဆေးစက်ချရာ အရုပ်မထင်ပြန်ချေ။ စိတ်ထင်တိုင်း ခရီးမရောက်ကြပေ။

လောကမှာ ကိုယ်ချမ်းသာ စိတ်ချမ်းသာခြင်းဖြစ်ရန်အတွက် အမျိုးမျိုးသော နည်းလမ်းတို့ဖြင့် စီးပွားရှာနေကြသော်လည်း၊ စိတ်အားမလျှော့ဖို့ အထူးအရေးကြီးပါသည်။

ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာဆိုသည့် ဣဒ္ဓိပါဒ်လေးပါးကို ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူထားပါသည်။ ၎င်းဣဒ္ဓိပါဒ်လေးပါးသည် လောကုတ္တရာအတွက်သာမဟုတ် လောကီစီးပွားချမ်းသာမှုအတွက်သည်း အင်မတန် လျော်ကန်သင့်မြတ်သော တရားတော်ဖြစ်ပါပေသည်။

ထို့ကြောင့် ဆန္ဒဟူသော လိုချင်မှုတရား ကြီးပွားချမ်းသာမှု ပြင်းထန်နေရမည်။

ဝီရိယ ဤအလိုဆန္ဒနှင့် လိုက်လျောညီစွာ လုံ့လ၊ ဝီရိယလည်း ရှိနေမည်။ စိတ္တ ထိုသို့ လုံ့လဝီရိယ ကြိုးစားအားထုတ်ဖို့ ဤဆန္ဒဝီရိယစိတ်ဆိုသည့် သုံးချက်ညီညွတ်ခဲ့ပါလျှင် မိမိရည်မှန်းထားသော ဝိမံသ(ပညာ)တည်းဟူသော ပန်းတိုင်ကို မလွဲမသွေ ရောက်နိုင်ပါသည်။

ဤတွင် ကြီးပွားချမ်းသာခြင်းလုပ်ငန်းများ လုပ်ရာတွင် တရားသောနည်းလမ်းဖြင့် ကျင့်ကြံအားထုတ်မှသာလျှင် ပစ္စုပ္ပန် သံသရာနှစ်ဖြာလောကမှာ ဝင့်ကြွားများကာင်း၍ သုဂတိ ဘဝချမ်းသာနှင့် ကြုံတွေ့ကြရပေမည်။

ဤတွင် တရားသောနည်းလမ်းဖြင့် ငွေရှာသူများအား လမ်းစဉ်နည်းလမ်းတစ်ခု ဒါနပြုပါရစေ။

ကမ္ဘာလောကဓာတ်ကြီးကို ဓာတ်သာလျှင် အုပ်စိုးလျက် ရှိသည်ဖြစ်၍ ဓာတ်ကိုသာ အရင်းခံထား၍ ရှာကြံရမည်ဖြစ်ပေသည်။

သတ္တလောက ဩကာသလောက သက်ရှိသက်မဲ့အရာဝတ္ထုတိုင်းတွင် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟူသော ဓာတ်ကြီးလေးပါးက အရင်းခံအုပ်စိုး ခြယ်လှယ်ထားသည်။ ၎င်းဓာတ်ကြီးလေးပါးကို မိအောင်ဖမ်း၍ နဝင်းဓာတ်နှင့် ဆက်သွယ်ရရှိမှသာလျှင် ရှင်သန်ထက်မြက်သော စွမ်းအင်ရှိလာပေမည်။

ထို့ကြောင့် နဝင်းဓာတ် ဆင်ကြပါစို့။

၁။ ဖိုးဝရုပ် တစ်ရုပ်ကို ရှာဝယ်ပါ။ ဖိုးဝဟု အမည်ပေးပါ။

၂။ ၎င်းဖိုးဝရုပ်ခေါင်းကို ဓားနှင့် အပေါက်အရှည် တစ်လက်မခန့် လိုးဖောက်ပါ။

၃။ ၎င်းအပေါက်မှ အသပြာ ကိုးကျပ် ထည့်ပေးပါ။

၄။ ၎င်းအပေါက်တွင် နေ့စဉ် နှင်းဆီပန်း ထိုးစိုက်ထားပါ။ နှင်းဆီပန်းညှိုးလျှင် လဲလှယ်ပေးပါ။

ဤတွင် ဓာတ်ကြီးလေးပါးနှင့် နဝင်း ဆက်သွယ်ပြီးပါပြီ။ အသက်ဝင်ရှင်သန်ပြီဖြစ်၍ ဖိုးဝရုပ်ကို အမိန့်ပြန်ပါ။

"ဖိုးဝ မင်းသည် ငါ၏ဆိုင်တွင် အလုပ်သမားတစ်ယောက်ဖြစ်သည်။ ဈေးဝယ်သူများ ဝယ်လာမစဲဖြစ်အောင် ခရီးဦးကြိုပြု လှည့်လည်ဆွဲခေါ်ပါ။ မင်းဆာလောင်မွတ်သိပ်သည့်အခါ မင်းကြိုက်တာ ဝယ်ယူစားသုံးနိုင်ရန် အသပြာကိုးကျပ် ထည့်ထားသည်။ ဆာလောင်သည့်အခါ ဝယ်စားပါ"

ဟု အမိန့်ပြန်၍ ဆိုင်တစ်နေရာ မြင့်မြတ်သောနေရာတွင် ချိတ်ဆွဲထားပါ။

၎င်းသည် ဓာတ်ကြီးလေးပါးနှင့် နဝင်း ဆက်သွယ်ထားခြင်းဖြစ်၍ အသက်ဝင် ရှင်သန်လျက်ရှိပေပြီ။

ထို့ကြောင့် ဖိုးဝရုပ်ချည်းသက်သက်ထားပါက ပထဝီဓာတ်နှင့် အာပေါဓာတ်သာ ရှိသဖြင့် မရှင်သန်နိုင်ပါ။ နှင်းဆီတည်းဟူသော ဝါယောဓာတ် တေဇောဓာတ် ပေါင်းစည်းလိုက်ခြင်းဖြင့် အသက်ဝင်ရှင်သန်ခြင်း ဖြစ်ပါသည်။

---


**သိဒ္ဓိ**

---



www.burmeseclassic.com

www.burmeseclassic.com



# ငွေနဲ့ရွှေ အဆင်ပြေဖို့

မောင်ပုတ်စည်

"နေအထွက်မှာ ရွှေခွက်နဲ့ ငွေ အပြည့်ခပ်ပေးပါ" ဆိုတာလေးတွေ့တော့ စိတ်ဝင်စားပြီး ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်ကြည့်ပါတယ်။ အစမှာတော့ သိပ်မထူးခြားလှဘူး။ စွဲစွဲမြဲမြဲ အလေးထားပြီး မှန်မှန်ဆက်လုပ်တဲ့အခါ တစ်လကျော်မှာစပြီး ထူးခြားသလိုလို ငွေအဆင်ပြေပါတယ်။

သုံးလကျော်တဲ့အခါမှာတော့ သိသိသာသာကို ထူးခြားမှု အပြည့်အဝ တွေ့ရတော့တယ်။ ဒါနဲ့ ကိုယ့်စိတ်ထဲမှာ စိတ်ကူးတစ်ခု တွေးမိတယ်။ ဘာရယ်မဟုတ်ပါဘူး။ ဘယ်သူကမှလည်း ပြောလို့မဟုတ်ပါဘူး။

နေ့ဆိုတော့ ဒေါင်းရုပ်ပုံတစ်ခု ရှာလိုက်တယ်။ အိမ်မှာရှိတဲ့ ဘုရားရဲ့ ညာဘက်မှာ ကပ်ထားတယ်။ ပြီးတော့ ယုံယုံကြည်ကြည်နဲ့ ဆက်လုပ်တယ်။ ဒီနေ့တော့ တော်တော်လေး အဆင်ပြေတယ်ဆိုပါတော့။

ကိုယ်ကလည်း ကြိုးစားပြီးတော့ အလုပ်လုပ်ရမှာပေါ့လေ။ ထူးခြားတာကတော့ ကြံဖန်ပြီး ငွေကြေးအဆင်ပြေတာပါပဲ။ ငွေကို ရှာဖွေရာမှာ အခက်အခဲမဖြစ်တာ၊ ငွေရှင်တာပါပဲ။ ဒါကြောင့် ဆက်ပြီးလုပ်နေတယ်။

တစ်နေ့တော့ . . . မိတ်ဆွေတစ်ယောက် ရောက်လာပါတယ်။ စကားစမြည်ပြောကြဆိုကြရင်း ဘုရားစင်ကို တွေ့တော့ ဒေါင်းရုပ်အဓိပ္ပာယ်ကိုမေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဘယ်ရာမှ ညွှန်ပြလို့တော့ မဟုတ်ပါဘူး။ စိတ်ကူးရလို့ စမ်းလုပ်ကြည့်တာပါပဲ။

ဒါဖြင့် ဘာတွေထူးခြားလဲလို့မေးတော့ သိသိသာသာ ထူးခြားတာလေးတွေကို ပြောပြလိုက်တယ်။ မိတ်ဆွေက ခဏစဉ်းစားနေတယ်။ ပြီးတော့ သူ့စိတ်ကူးလေးကိုလည်း ပြောတယ်။

“ဘာရယ်တော့ မဟုတ်ဘူးပေါ့ဗျာ။ ခင်ဗျားစိတ်ကူးကိုပိုပြီး ကျွန်တော်လည်း စိတ်ကူးတစ်ခုရတယ်။ နေအတွက် ဒေါင်းရုပ်ကပ်ထားတယ်ဆိုတော့ လအတွက်လည်း ဒီဘက်က ယုန်ရုပ်ကပ်ထားရင် မကောင်းဘူးလား” ‥ တဲ့။

“ဟာ ‥‥ ဟုတ်တယ်နော်။ ခင်ဗျားစိတ်ကူးမိတာ မဆိုးဘူး။ နေနဲ့လဆိုတာကလည်း ပိုပြီးပြည့်စုံသွားတာပေါ့။ ဒါနဲ့ နေပါဦးဗျ။ ရွတ်ဆိုဖို့ကျတော့ ဘာရွတ်ရမလဲ”

“နေအတွက်မှာ ရွှေခွက်နဲ့ ငွေအပြည့်ခပ်ပေးပါဆိုတော့ လအတွက်မှာ မြခွက်နဲ့ ရွှေအပြည့်ခပ်ပေးပါပေါ့ဗျာ။ နေအတွက်မှာ ရှိပြီးသားဆိုတော့ လအတွက်မှာဆိုတာ စိတ်ကူးမိလို့ပါ။ နေနဲ့လ၊ ငွေနဲ့ရွှေဆိုတော့ ပိုပြီးဘက်ညီမလားလို့”

“ခင်ဗျားပြောမှ စဉ်းစားမိတယ်။ ကောင်းတယ်ဗျာ။ ဒါခင်ဗျား ဘယ်လိုရတာလဲ”

“ဘယ်ကမှရတာ မဟုတ်ပါဘူး။ နေအတွက်ပြီးတော့ လအတွက်လုပ်ရင်လည်း ကောင်းမလားလို့ စိတ်ကူးရတာပါ”

“ဘယ်လိုပဲဖြစ်ဖြစ် လုပ်ကြည့်မယ်ဗျာ။ ဘာအပန်းကြီးတာမှတ်လို့။ သဘာဝလည်းကျပါတယ်။ စမ်းကြည့်မယ်”

အဲဒီနောက် မိတ်ဆွေရဲ့ စိတ်ကူးလေးကို အကောင်အထည်ဖော် လုပ်ကြည့်တယ်။ သူလည်း ဘာသာရေးသမားပဲ။ ဘုရားတရား ကြည်ညိုသူပဲ။ အကြောင်းတော့ ရှိနိုင်တယ်။ ဒို ‥‥ ဘာပဲဖြစ်ဖြစ် မဟုတ်တာလုပ်တာမှ မဟုတ်ဘဲ။

ဒါနဲ့ ယုန်ရုပ်ကလေးတစ်ရုပ်ကို အိမ်ဘုရားရဲ့ ဘယ်ဘက်မှာ ကပ်ထားလိုက်တယ်။ အခုတော့ ဘက်ညီသွားပြီ။ ညာဘက်မှာ ဒေါင်းရုပ်၊ ဘယ်ဘက်မှာ ယုန်ရုပ်၊ နေနဲ့လ အထိမ်းအမှတ်။

အဲဒီနောက် ပုံမှန်အတိုင်း နေထွက်ချိန် “နေအတွက်မှာ ရွှေခွက်နဲ့ ငွေအပြည့်ခပ်ပေးပါ”လို့ ရွတ်တယ်။ လကတော့ ညတိုင်းမထွက်လို့ လထွက်ချိန် “လအတွက်မှာ မြခွက်နဲ့ ရွှေအပြည့်ခပ်ပေးပါ”ဆိုပြီး မှန်မှန်ရွတ်တယ်။

ယုံကြည်မှုရယ်၊ တိုက်ဆိုင်မှုရယ်၊ စွဲမြဲလုပ်ဆောင်မှု ရယ်ကြောင့်ပဲလားတော့မပြောတတ်ဘူး။ တစ်ပတ်အတွင်းမှာ ထူးထူးခြားခြား ရွှေဝင်တော့တာပါပဲ။ ထူးခြားတာမှ ပေါင်နှံထားတဲ့ ရွှေထည်တွေတောင် အကုန်ပြန်ရွေးနိုင်တယ်။

တော်တော်အဆင်ပြေတယ်။ ဟန်ကျတယ်။ ဒီတော့ ပိုပြီး လုပ်ရကိုင်ရတာ စိတ်ပါလာတယ်။ ယုံကြည်လာတယ်။ ယုံကြည်မှုကလည်း ပိုပြီးလေးနက်စေမှာပေါ့လေ။ ဒါကြောင့် နေ့စဉ်မပြတ် ရွတ်ဆိုရင်း အဆင်ပြေနေတယ်။

ဘယ်ဆရာမှ စီပေးတာ မဟုတ်ပါဘူး။ ဘယ်ကျမ်း ဘယ်စာအုပ်မှာမှ ပါတာလည်း မဟုတ်ပါဘူး။ ဘုရားတရားကြည်ညိုတဲ့ ဘာသာရေးသမား မိတ်ဆွေသီချင်းရေးဆရာတစ်ယောက်ရဲ့ စိတ်ကူးလက်ဆောင်ကလေးပါ။

သဘာဝလည်းကျ၊ နှစ်လည်းနှစ်သက်လို့ ယုံကြည်ပြီး လုပ်ကြည့်ရင်းနဲ့ အကျိုးထူးခံစားရတဲ့အကြောင်း ပြောပြတာပါ။ စိတ်ဝင်စားလို့ ယုံကြည်ရင် စမ်းကြည့်ကြဖို့ ထပ်ဆင့်လက်ဆောင်ပါ။

အိမ်ဘုရားရဲ့ ညာဘက်မှာ ဒေါင်းရုပ်ကပ်၊ ဘယ်ဘက်မှာ ယုန်ရုပ်ကပ် နေနဲ့လ အမှတ်အသားပေါ့။ ပြီးရင် နေအတွက်မှာ -

“နေအတွက်မှာ ရွှေခွက်နဲ့
ငွေအပြည့်ခပ်ပေးပါ”
လို့ ပုံမှန်ရွတ်။

လထွက်တဲ့ညမှာတော့ လထွက်ထွက်ချင်း -

“လအတွက်မှာ မြခွက်နဲ့
ရွှေအပြည့်ခပ်ပေးပါ”
လို့ ပုံမှန်ရွတ်။

(ငွေနဲ့ရွှေ ပြည့်စုံဖို့ မိတ်ဆွေတစ်ယောက်ပြောပြတဲ့ ကိုယ်တွေ့အဖြစ်မှန်လေးတစ်ခုကို ပြန်လည်ရေးသားပါသည်။)

ဝ မောင်ပုတ်စည်

www.burmeseclassic.com


# ဆရာကြီး အရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရဂူရှင်)   (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်း၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထို့နှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာမိုရိဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှုံ့ကန်မှုနည်း၊ ရာနှင်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုရိမှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအအေးမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအရွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရသင်း၊ သမင်ဖြူ၊ နှင်းခူစိ/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်အနီး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၂၁၀၃၅)
ပင်ရင်းဖြန့်ချိရေး - အမှတ်(ဂ၆)၊ (၉၄)လမ်း၊ မင်္ဂလာကောင်ညွှန့်၊ (၀၉-၅၀၁၆၁၇၂၊ ၀၉-၅၀၁၃၇၁၃၉)
ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘေဘိ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလုစိုး(သိမ်ကြီးဈေး)၊ လှထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀×၈၃)၊ မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာရောဂျ န(၄)၊ နေပြည်တော်မြို့မဈေး၊ ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အရင်ကတော့ ကျွန်မချစ်သူ

မြမြကြိုင်

" ကျုပ်ကိုယုံပါ၊ ကျုပ် မြညွန့်ကို တကယ်နှစ်နှစ်ကာကာနဲ့ ချစ်တာပါ။ ရိုးမြေကျ ပေါင်းပါ့မယ်ခင်ဗျာ။ ဘယ်တော့မှ သစ္စာမဖောက်ပါဘူး"

စကားလုံးအနုအရွ၊ အလှအပ တန်ဆာမဆင်ဘဲ ပြောလာသော ကိုဝေလကို မြညွန့်က ယုံကြည်လိုက်သည်။ ကိုဝေလသည် တစ်နယ်တစ်ကျေးကလာပြီး မြညွန့်တို့ ရွာတွင် အရောင်းအဝယ်ပြုလာသူ ဖြစ်သည်။ မြညွန့်တို့နေသည့် ရွာလေးမှာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင်ရှိသော ရွာသေးရွာမွှားလေးဖြစ်သည်။ လယ်ယာလုပ်ငန်းလုပ်ကြသူတွေ ရှိသလို တံငါလုပ်ငန်း လုပ်ကြသူတွေလည်းရှိသည်။ တိုင်းရင်းသားလူမျိုးစုတို့ စုပေါင်းနေထိုင်ကြသည်။ ရိုးသားအေးဆေးစွာနေတတ်ကြသည်။ ထို့ပြင် ရောင့်ရဲတင်းတိမ်မှု ရှိကြသည်။ နှစ်လိုဖွယ်ရာ ကောင်းလေသည်။

ထိုရွာလေးကို မျက်စိလည်လမ်းမှားရင်း ရောက်လာခြင်းမဟုတ်သော်လည်း ဧရာဝတီဖြတ်ရိုးတစ်လျှောက် အရောင်းအဝယ်နှင့် စုန်ဆင်းလာခဲ့ရာမှ မြညွန့်တို့ရွာလေးသို့ ရောက်လာသည်။ ကိုဝေလသည်လည်း တိုင်းရင်းသားတစ်ဦးဖြစ်သည်။ အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်ခုံ့ခုံ့ထွားထွားနှင့် ယောကျ်ားပီပီသသ အသွင် သဏ္ဌာန်ရှိသည်။ လေးထောင့်စပ်စပ် မျက်နှာအသွင်သဏ္ဌာန်တွင် နှုတ်ခမ်းနှစ်လွှာက စေ့စပ်တိကျသည်။

မြညွန့်က အသက်ဆယ့်ရှစ်နှစ်ကျော်စ အပျိုစင်လေးတစ်ဦး ဖြစ်သည်။ မိဘနှစ်ပါးနှင့် မောင်နှမသားချင်းတို့ မရှိကြပေ။ သူငယ်စဉ်အခါပင် မိဘနှစ်ပါးနှင့် မောင်လေးနှစ်ယောက်မှာ အိမ်နှင့်အတူ နာဂစ်မုန်တိုင်းဒဏ်ကို ခံလိုက်ရပြီး နဒီရေအဏ္ဏဝါကြောဘွင် အသက်စတေးခံလိုက်ကြရသည်။ ထိုအချိန်တွင် မြညွန့်မှာ တစ်မြို့တစ်ရွာသို့ ကြီးဒေါ် ဒေါ်စံခနှင့် အဖော်လိုက်ပါသွားခဲ့၍ အသက်ရှင်လျက် ကျန်ခဲ့သူ ဖြစ်သည်။ သို့သော် မြညွန့်အတွက် ပြန်စရာရွာ မရှိ၊ အိမ်မရှိ၊ မိဘဆွေမျိုးသားချင်း မရှိဘဲ ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြသော ဒေါ်စံခတို့ မိသားစုမှာပင် ခိုနားရတော့သည်။ ပြန်လည်ထူထောင်မှုပြုလာသော ရွာမှာပင် ဒေါ်စံခတို့ အခြေပြန်ချသည်။ မြညွန့်လည်း ပါသည်။ ဒေါ်စံခတွင် သမီးနှစ်ယောက်ရှိသည်။ မြညွန့်နှင့်အတူ ရွယ်တူတွေဖြစ်သည်။ လယ်ယာအပိုင်မရှိ၊ ကောက်စိုက်ပျိုးနုတ်၊ အငှားအကူ လက်ခစားလုပ်ကြသည်။ အဆင်းလှအောင် ဝတ်စားမပြင်ဆင်နိုင်သော်လည်း ဝမ်းဝအောင်တော့ ငါးပိရည်နှင့် တို့စရာကို ဖောဖောသီသီ စားနိုင်ကြသည်။

အသက်လေးရလျှင် အရွယ်လေးကပါ အလှပန်း ဆင်လာသည်က မြညွန့်ဖြစ်သည်။ ကြည်လင်စိုပြည်သော အသားအရေ၊ နက်မှောင်ရှည်လျားသော ဆံကေသာကို ဆံထုံးပုံ့ပုံ့အိအိ ထုံးထားလျှင် သွယ်လှသောမျက်နှာ၊ ရွှန်းလဲ့သော မျက်လုံးအစုံနှင့် လှပလွန်းသည့် မြညွန့်၏ အလှနှင့် လိုက်ဖက်လေသည်။ ပြည့်တင်းသွယ်လျ မို့မောက်သော အရိုက်အဝန်းတို့နှင့် ကောက်ကြောင်းထင်စွာလှသော မြညွန့်၏ ခန္ဓာကိုယ်အလှမှာ တောနှင့်မတန်အောင်ပင်။

"ဟဲ့ . . . ဟို . . . ဦးရွှေလှတို့အိမ်ကို လာတဲ့ညှေ့သည်ဆီမှာ ဆေးမြစ်နဲ့ ပျားရည်တွေပါတယ်"

ပျားရည်စစ်ရဖို့ ဆိုသည်မှာ အလွန်ရှားသည်။ ယခု ပျားရည်စစ်စစ်လာရောင်းသည်ဆိုလျှင် အသက်အရွယ် ကြီးရင့်ပြီဖြစ်သော အဘိုး၊ အဘွားတို့အတွက် ဆေးဖက်ဝင်၍ လိုသလောက်ကို ဝယ်ယူကြလေသည်။ သို့နှင့်ပင် ဒေါ်စံခတို့အိမ်သို့ ကိုဝေလ ရောက်လာသည်။ ဒေါ်စံခကလည်း ဖော်ရွေသည်။ သမီးနှစ်ယောက်ကလည်း မိမိတို့ချစ်သူများနှင့် မိတ်ဆွေဖြစ်နေသော ကိုဝေလအား ငဲ့မင်ကြသည်။ ကိုဝေလကလည်း မြညွန့်ကို

www.burmeseclassic.com

တွေ့သည့်နေ့မှစပြီး ရင်တွင်းမှာ ကြင်နာယုယိဖိတ် ခံစားမှုစိတ်လေးက ဝင်လာသည်။ ခရီးထောက်၍ တစ်ကြိမ်တစ်ခါမျှ လာရောက်နိုင်သော်လည်း ကိုဝေလရင်ထဲတွင် မြည့ွန့်ကို နှစ်နှစ်ကာကာ ချစ်မိနေပြီ။

"ကျုပ် အမေခကို အရဲစွန့်ပြီး ဖွင့်ပြောတာပါ။ မြည့ွန့်ကို ကျုပ်နဲ့ လက်ထပ်ပေးစားပါ။ ရွာပြန်စရိတ်ပဲ ချန်ပြီး မြည့ွန့်ကို တောင်းပါတယ်"

ကိုဝေလနှင့် မြည့ွန့်တို့ လက်ထပ်ဖို့အရေးကို ဒေါ်စံခကလည်း သဘောတူပါသည်။ မိသားစု သုံးယောက်အတွက် ဝမ်းရေးအခက်အခဲကို မနည်းရုန်းကန်နေရသည့်အတွက် မြည့ွန့်အား ကိုဝေလနှင့် လက်ထပ်ပေးစားဖို့ သဘောတူလိုက်သည်။ တစ်ကောင်ကြွက် တစ်မျက်နှာ၊ မြည့ွန့်ကလည်း မိမိဘဝအတွက် ကိုဝေလကိုသာ အားကိုးစရာအဖြစ် မှတ်ယူလိုက်သည်။ ထို့ကြောင့် သျှောင်နောက် ဆံထုံးပါဆိုသလို ကိုဝေလနေထိုင်ရာသို့ ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် နောက်တော်ပါးက တစ်ဖဝါးမခွာ လိုက်ခဲ့တော့သည်။ ရေမြေတောတောင်၊ သဘာဝအနေအထား ခြားနားလှသော်လည်း ချစ်သူရင်ခွင်ကို တစ်မိုးတစ်ရိပ်ထင်ကာ ခိုဝင်နားခဲ့၍ မြည့ွန့်ဘဝကို ကျေနပ်သည်။ ချစ်သူတစ်မျက်နှာသည် သူ့အတွက် တစ်ရွာပင်မက။ တစ်ကမ္ဘာပင် ထင်မှတ်သည်။ မောင့်လက်ကိုတွဲကာ ရဲရဲဝံ့ဝံ့ ဘဝကို ရင်ဆိုင်တော့မည်။ ကိုဝေလသည် မြည့ွန့်အတွက် မှီခိုစရာ နောက်ခံအင်အား ဖြစ်သည်။

ကိုဝေလသည် မိမိကိုသာ အားကိုးအားထားပြုရှာသော ချစ်ရသူလေးအပေါ်တွင် မြတ်မြတ်နိုးနိုး ချစ်ရသည်။ ချစ်တဲ့သူ ဇနီးအလှ စိတ်ဆင်းရဲရမည်ကိုလည်း လုံးဝ မလိုလားပေ။ တတ်နိုင်သမျှ ဖေးမကာ နှစ်သိမ့်ကြည်ဖြူရှာသည်။

"မိန်းမရယ် ... မင်းက ကျုပ်တို့ရဲ့ ဓလေ့သဘာဝကို နားမလည်သေးတော့ လုပ်ရကိုင်ရတာ ပင်ပန်းလှပါတယ်။ ကျုပ်က ယောကျ်ားသားလည်းဖြစ် ဓလေ့စရိုက်ကလည်း ကျင့်သားရနေပြီဖြစ်တော့ ကျုပ်အတွက်တော့ ပင်ပန်းလှတယ်လို့ မထင်ဘူး။ နေ့စဉ်လုပ်ရမယ့် လုပ်နေကျပဲလေ"

* * *

တစ်နှစ်ကို အနည်းဆုံး နှစ်ခေါက်လောက်တော့ မြည့ွန့်တို့ မြို့နယ်စွန်လေးသို့ ကိုဝေလ ရောက်ရောက်လာတတ်သည်။ ပျားရည်ပါသည်။ ဆေးဖက်ပင် သစ်မြစ်၊ သစ်ဥအပြပင် စပါးကြီးသည်းခြေ စသောတောကောင်တို့၏ အရေခွံ၊ အရိုးစသည်တို့လည်း ပါသည်။ မြည့ွန့်တို့ရွာတွင် အရောင်းအဝယ်ပါးလျှင် တခြားတစ်နေရာ ရွာတချို့ကို လှည့်လည်၍ရောင်းသည်။ ကုန်တွေကုန်လျှင် မြည့ွန့်တို့ရွာအပြင် တခြားရွာတွေမှ ငါးခြောက်၊ ဆီ၊ ဆား၊ ငါးပိတို့ကို ဝယ်ပြီးပြန်သည်။ အလာကုန်နှင့် အသွားကုန် ဖလှယ်ပြီး ဝယ်ယူသယ်ပို့ရောင်းသည်။ ကိုဝေလတို့၏ စားဝတ်နေရေး ဘဝပေးအခြေအနေ ဖြစ်သည်။

ကိုဝေလ၏ ဇာတိနယ်လေးမှာ ကသာခရိုင်၏ မြို့နယ်လေး တစ်နယ်ဖြစ်သည်။ ပင်ဘယ်ဘူးဟု ခေါ်သော မြို့လေးပင်။ ရန်ကုန်–မြစ်ကြီးနား မီးရထားလမ်းဖြင့် ကောလင်းမြို့သို့ လာရသည်။ ယင်းမှ ပင်လယ်ဘူးမြို့သို့ ကားဖြင့်လာရသည်။ ဖခင် ပင်လယ်ဘူးသားနှင့် မိခင် မြေပြန့်သူတို့က ကိုဝေလအား ပင်လယ်ဘူးမှာပင် မွေးဖွားခဲ့သည်။ ရန်ကုန်မှ ကောလင်းသို့ ၅၃၅ ¾ မိုင်ဝေးသည်။ ကောလင်းမှ ပင်လယ်ဘူးသို့ ၃၉ မိုင်ဝေးသည်။ ကောလင်း–ပင်လယ်ဘူးသွားရာ ကားလမ်းသည် ၃၁၇၆ ပေ မြင့်သော မှန်ကင်းတောင်ခါးပန်းကို ဖြတ်၍ ဖောက်ထားသည်။ မှန်ကင်းတောင်တန်းကြီးသည် ထာဝစဉ် တောင်ခိုးတောင်ငွေ့များဖြင့် လာရောက်ကြသော ခရီးသည်၊ ဧည့်သည်တို့ကို ကြိုဆိုလျက်ရှိလေသည်။ ပြာမှိုင်းရီဝေသော မှန်ကင်းတောင်မကြီးကို ကပ်မိ၊ ရောက်လာပြီဆိုလျှင် စိမ့်၍အေးလာသည်။ ကားလမ်းတစ်လျှောက်တွင် ကြောက်ဖွယ်လိလိ ချောက်ကမ်းပါးကြီးများသည် အန္တရာယ်ကြုံကာ ကျဆင်းလာမည့်သူကို ပါးစပ်ဟပြီးထားသလိုပင်။

နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးမျိုးစလုံး သူ့ရာသီအလိုက် ဖူးပွင့်ဝေဆာသော ပန်းရနံ့တို့က ၃၉ မိုင် ဝေးသော ပင်လယ်ဘူးသို့ လာကြသူများအား ရင်ကို ငြိမ်းအေးစေသည်။ ကိုဝေလသည် ပင်လယ်ဘူးရွာသားအဖြစ် မွေးဖွားလာရသူအနေနှင့် မိမိကိုယ်မိမိ ဂုဏ်ယူသည်။ ကိုဝေလ၏ အဖေသည် ဗဟုသုတန္တံစပ်သော ရှေးလူကြီးဖြစ်သည်။ အဖေ့ထံမှ ကိုဝေလက ပင်လယ်ဘူးမြို့နှင့် ပတ်သက်သမျှကို သိသင့်သိထိုက်စွာဖြင့် ကြားခဲ့ရသည်။

"အဖေတို့ရဲ့ ပင်လယ်ဘူးမြို့ရဲ့ အမည်က အရင်က အဲဒီလိုမခေါ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ပင်–တိုင်–ဖရုံး လို့ခေါ်တယ်"

အဲဖေပြောပြသည့် ပင်လယ်ဘူးမြို့၏ ရာဇဝင်လေးက နားထောင်ချင်စရာကောင်းသည်။ ဂငယ်သုံးခု ဥသျှစ်ထုဆိုသည့် စကားအရ သက္ကရာဇ် ၈၈၈ ခုနှစ်တွင် မိုးညှင်း စလုံသည် သားတော် သိုဟန်ဘွားကို အင်းဝထီးနန်းတင်ခဲ့သည်။ အပြန်တွင် မူးမြစ်အတိုင်း ဆန်တက်ခဲ့သည်။ ရေကို ဒိစတြိတ်ကန့်ဘလူ အနောက်ဘက် မူးမြစ်ကမ်းပါး တစ်နေရာတွင် ရွှေညောင်ပင်စိုက်ပြီး ထိုရွာကို မိုးကောင်းညောင်ပင်စိုက်ရွာဟု အမည်သမုတ်ခဲ့သည်။ ယင်းမှ ဆန်တက်ခဲ့ရာတွင် သရက်ဖြူပင်ကြီးများ ပေါက်ရောက်သော ကိုင်းကြီးကုန်းရွာသို့ ရောက်လာသည်။ ထိုရွာတွင် တပ်ချနားသည်။

တပ်ချနားစဉ် မြတ်စွာဘုရား၏ သရီရဓာတ်တော် များကို ဌာပနာကာ စေတီငယ်တစ်ဆူကို တည်သည်။ မိုးဆုတောင်းစေတီဟုခေါ်သည်။ မိုးညှင်းစလုံ မင်းတရားကြီးသည် စေတီတည်ပြီးနောက် လူသူနေထိုင်ရန် မြို့ရွာကိုပါ တည်ထောင်ရန် ဆန္ဒရှိသဖြင့် နေရာတို လိုက်ရှာရာတွင် ကိုင်းကွင်းတစ်ခုမှ တောကြက်ဖတစ်ကောင်သည် ထန်းပင်တစ်ဖျားခန့် ကောင်းကင်သို့ ပျံတက်သွားသည်ကို တွေ့ရသည်။ ထို့ကြောင့် နိမိတ်ယူလိုက်သည်။ အတိတ်ကောင်းသည့် နှောင်ကာလတွင် ကြက်ပျံမကစေခ်ကားမည်ဟု ယူဆပြီး ထိုကိုင်းကွင်းကြီးတွင် ရွာတည်စေသည်။ ထိုရွာကို ပင်–ကိုင်–ဖရုံးဟုခေါ်သည်။ ပင်သည် ကိုင်းပင်၊ ကိုင်မှာ ကြက်၊ ဖရုံးမှာ ပျံသည်။ ထို့ကြောင့် ကိုင်းတောမှ ကြက်ပျံတက်သော နေရာဟု ဆိုလေသည်။

ကိုဝေလသီသမျှကို မြည္ဟွန့်ကိုလည်း ဗဟုသုတဝေငှပေးလိုက်သည်။ မြည္ဟွန့်ကလည်း ချစ်သူ လင်သားနှင့်သာဆိုလျှင် ဘဝခရီးတစ်ခုကို မမောတမ်း လျှောက်လှမ်းမည့်သူပင်။ ကိုဝေလနှင့် မြည္ဟွန့်တို့နေသော ရွာလေးမှာ ဈေးမြို့နှင့် သိပ်မဝေးလှ။ တောရောက်သော အတွင်းဘက်ကျသည့် နေရာတွင် မဟုတ်ပေ။ အရောင်းအဝယ်လုပ်ငန်းဖြင့် ပါလာသည့် ငွေကြေးအား လိုအပ်သော အိမ်ထောင်ပစ္စည်း၊ စားစရာတို့ကို ဝယ်ရသည်။ ချစ်စ၊ ခင်စ ကြားလေသွေးလျှပ်တောင်ဝေးမည်စိုး၍ စီးပွားရေးကို မစဉ်းစားသေးဘဲ နေကြသည်။

"ကျုပ်နဲ့နေရတာ မြလေး ပျော်ရဲ့လားဟင်"

"ပျော်တာပေါ့ အစ်ကိုရယ်။ ကိုယ်ပိုင်ဘဝလေးတစ်ခုကို ဖန်တီးခွင့်ရတာ ပျော်တဲ့နေပါ့မလား"

"ကျုပ်က မြလေးကို သိပ်ချစ်တာ။ ဘာမဆို မြလေးအတွက်ပဲ စဉ်းစားတယ်။ မြလေး ကျုပ်နဲ့ လိုက်နေပြီး မပျော်တော့ဘဲ ပြန်သွားမှာကို သိပ်စိုးရိမ်တာ"

"မြလေး ... အစ်ကို့ကို ဘယ်တော့မှ ခွဲမသွားဘူး။ အစ်ကိုနဲ့အတူ အသက်ကြီးလို့ သေတဲ့အထိ သားသမီးတွေနဲ့ နေမှာ"

စကားတန်ဆာ မာယာမဆင်ဘဲ နှစ်ယောက်သား တစ်ဦးကို တစ်ဦး အားပေးနှစ်သိမ့်ကြသည်။

"ကျုပ်တော့ ဒီသကြန်အခါကာလပြီးရင် အလုပ် ပြန်စရတော့မယ်"

"ဘာလဲ အစ်ကို၊ ပျားရည်ရှာရတော့မှာလား"

"ဟုတ်တယ် မြလေး။ ဒီတစ်ခါ ပျားရည်တို့၊ ဆေးမြစ် ဆေးဥတို့ရရင် ဝေးတဲ့နေရာရွာတွေကို သွားမရောင်းတော့ဘူး။ မြလေးတစ်ယောက်တည်း ကျန်ရစ်မှာ စိုးလို့"

"ဪ ... အစ်ကိုရယ်။ အနီးအနားမှာလည်း အဖော်တွေရှိနေတာပဲ။ မြလေး မကြောက်ပါဘူး"

"မြလေးနဲ့ အစ်ကိုတို့က ဘဝတူတွေပဲ။ ဒါကိုလည်း ကျုပ်သိပါတယ်။ ဒါပေမယ့် မြလေးနဲ့ တစ်ညလေးတောင် မခွဲနိုင်တော့ ခက်တာပေါ့"

"ဟင်း ... ဟင်း ... အစ်ကိုကလည်း စကားတွေချွဲပိုပြီး ပြောတတ်လာပြီနော်"

"တကယ်ပြောတာပါ မြလေးရယ်"

"စိတ်ချ အစ်ကိုရေ စိတ်ချ။ မြလေးကလည်းလေ ဟောဒီချစ်တဲ့ လင်တော်မောင်ကို တစ်သက်လုံး အနားက မခွဲမခွာဘဲ နေမှာ။ ဒါနဲ့ အစ်ကို ပျားဖွပ်သွားမှာ ဘယ်တော့လဲဟင်"

"အခုနွေရောက်ရင် သွားမယ်"

"ပျားဖွပ်သွားရမှာ ဒီရွာနဲ့ တော်တော်ဝေးသလား ... ဟင်"

"မြေးလတို့ မိန်းမသားခြေလှမ်းနဲ့ဆို ဝေးတယ်ခေါ်ရမှာပေါ့။ အစ်ကိုတို့က ယောကျ်ားခြေလှမ်းနဲ့တော့ ဝေးလှတယ်မဟုတ်ဘူးပေါ့။ မိုင်သုံးတောင်နဲ့ မှန်ကင်းတော်ခြေနားမှာ ပျားသိပ်ကျတာ။ ပျားဖွပ်တာ နွေပျား၊ မိုးပျားရှိတယ်လေ။ နွေမှာအုံတဲ့ပျားကို နွေပျား၊ မိုးမှာအုံတဲ့ပျားကို မိုးပျားလို့ခေါ်တယ်"

ပျားဖွပ်ခြင်းသည် ကိုဝေလတို့



www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးအတွက် စီးပွားရေးလုပ်ငန်းဖြစ်သည်။ တချို့က တောင်ယာလုပ်သည်။ တောင်ယာလုပ်ရာမှနေ တောကောင်တွေကို ခြောက်လှန့်ရင်းက အမဲလိုက်ကြသည်။ တချို့က ပျားဖွပ်ကြသည်။ အလုပ်လုပ်ရာတွင် အစုလိုက်အဖွဲ့လိုက်လုပ်ကြရသည်။ တောထဲတောင်ထဲ ဝင်ကြသွားကြရသည်တွင် အန္တရာယ်ရှိကြသဖြင့် အုပ်စုဖွဲ့ကာ သွားလာကြသည်။

"အစ်ကို ဘယ်သူတွေနဲ့ သွားမှာလဲ"

"ခါတိုင်း သွားနေကျ အောင်သာတို့နဲ့ပဲ သွားမယ်။ ဒီတစ်ခါ အုပ်စုလိုက် ခွဲထွက်ကြမှာ။ အခု နွေဦးရာသီရောက်ပြီ။ နွေပျားတွေရတော့မှာ"

* * *

ကိုဝေလတို့ အတူနေကြသူတွေ နေထိုင်သည့် ပင်လယ်ဘူးမြို့လေးသည် မူးမြစ်ဖျားတွင်ရှိသည်။ တောတောင်ထူထပ်ပြီး စိမ့်စမ်းရေတံခွန်ပေါများလေသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၂၉၉ ခန့်ရှိသည်။ မြောက်ဘက် တောင်ကုန်းဒေသမှ တောင်ကြီးများသည် တောင်ဘက်သို့ ထိုးဆင်းနေသည်။ တောတောင်ထူထပ်ပြီး မိုးက မကြာခဏ သဲသဲမဲမဲ ရွာတတ်သည်။ ပင်စောက်ပင်ကြီးများရှိကြသည်။ ဆေးဖက်ဝင်သော သီးပွင့်၊ သစ်ရွက်၊ အမြစ်၊ ဥ စသည်တို့လည်း ရှိသည်။

ကိုဝေလတို့အုပ်စု ရွာမှ စတင်ခရီးထွက်ခဲ့ကြသည်။ ပျားဖွပ်ရန်အတွက် ဖြစ်သည်။ ကိုဝေလတို့နှင့်အတူ ရွှေအေး၊ ထွန်းခင်၊ သားကြီးတို့လည်း ပါလာသည်။ ပျားဖွပ်ရန်ဆိုပြီး လူချည်းလာခဲ့ကြရတာမဟုတ်။ ကိရိယာတန်ဆာပလာအစုံလည်း ပါကြရသည်။ သံပုံးကြီး၊ သံပုံးငယ်၊ ပျားထည့်ရန် ခြင်းကျား၊ ထက်မြသော တစ်တောင်သာသာရှိ ဓားတစ်လက်၊ ကြိုးခွေအရှည်၊ မီးခိုးမှိုင်းစာတ် စသည်တို့ ဖြစ်သည်။ ယောကျ်ားခြေလှမ်း ခပ်ကြမ်းကြမ်းနှင့် လျှောက်လှမ်းလာခဲ့ကြသည်။

"ဟေ့ . . ဆက်မသွားနဲ့တော့"

အောင်သာက လှမ်းအော်လိုက်သည်။ သူတို့ သိလိုက်သည်။ ယခုရောက်ရှိနေသော ချောက်၊ လျှိုမြောင်ကြားနှင့် တောင်ကမ်းပါးယံတွင် စခန်းချရတော့မည်။ ယာယီတဲ ဆိုသော်လည်း သေသေချာချာ ခိုင်ခိုင် ပြုလုပ်ရသည်။ တော်ရုံတောကောင်တို့ ရန်မှ မလာနိုင်အောင် အကာအကွယ်လည်း လုပ်ရသည်။

"ကဲ . . . မွန်းတည့်စပြုပြီ။ လင်းလင်းထင်းထင်းရှိတုန်း ပျားအုံတွေ လိုက်ရှာရအောင်။ ဒါမှ ညဘက် ပျားဖွပ်တော့ အဆင်သင့်ဖြစ်မှာ။ အောင်သာ မင်းက အောက်လူဆိုပေမယ့် မင်းလည်း လိုက်ကြည့်ရမှာပဲ"

ကိုဝေလစကားကို အားလုံးက လက်ခံကြသည်။ ပျားဖွပ်ရာတွင် အထက်လူ၊ အောက်လူဆိုတာ သတ်မှတ်ထားသည်။ အထက်လူကို အပေါ်လူဟုလည်း ခေါ်ကြသည်။ အပေါ်လူသည် ပျားဖွပ်သည့်အခါတွင် သစ်ပင်တက်ကျွမ်းကျင်ပြီး စွန့်စားတတ်၊ လုံ့လရှိကာ လျင်မြန်ဖျတ်လတ်ရမည်။ အထူးသဖြင့် ပျားအကြောင်းကိုလည်း နားလည်ရသည်။ အောက်လူမှာ ပျားဖွပ်သင်ခါစလူ ဖြစ်သည်။ မြေပြင်မှနေပြီး အပေါ်လူခိုင်းသမျှကို လုပ်ပေးရသည်။

"တွေ့ခဲ့ကြသလားဟေ့"

ကိုဝေလတို့အား အတူလာကြသူထဲမှ တစ်ယောက်က လှမ်းမေးလိုက်သည်။ ပျားဖွပ်ရန်အတွက် ပျားအုံရှိရာသို့ သွားကြည့်ပြီး ပြန်လာကြခြင်းဖြစ်သည်။

"တွေ့ခဲ့ပါ့ကွယ်။ အင်ကညင်ပင်ကြီး အမြင့်ကြီးပဲ။ ပေ ၆၀-၈၀ လောက်ရှိမှာ။ ပျားအုံကြီးကလည်း တို့လက်တစ်ဖက်စာမက နည်းမှမနည်းကြီးပါ့ကွာ"

"ဒါဆို ညဘက်သွားရင် ဆိနံကြီးရွက်၊ မုန်လာရွက်တွေနဲ့ မိုင်းတုတ်လုပ်ရအောင်။ အရင်းနဲ့အဖျား ဝါးရင်းတုတ်ကို မမှားစေနဲ့နော်။ မှားရင် အန္တရာယ်ရှိတယ်"

ပျားဖွပ်သူတို့၏ ရှေးမိုးအယူအဆ ဖြစ်သည်။ မိုင်းတုတ်ပြုလုပ်ရာတွင် မီးတုတ်စည်းရာ၌ အရင်းမှ မစည်းမိဘဲ အဖျားမှ စည်းလျှင် ပျားတက်ဖွပ်သူအတွက် အန္တရာယ်ရှိလေသည်။

"ကဲ . . ခြင်းကျားမှာ အပေါက်ကနေ ယိုမကျအောင် ဖက်တွေကို သေသေချာချာခင်းနော်။ ပျားအုံချတဲ့ ကြိုးရှည်ကိုလည်း သေသေချာချာ အခွေလိုက်ထား။ နောက် ဓားပါပါစေနော်"

အုပ်စုလိုက် ညနေစာကို အမြန်စားပြီး ဆိတ်နံကြီးရွက်၊ မုန်လာရွက်များ စည်းထားသော မိုင်းတုတ်များ၊ ပျားထည့်ရန်ခြင်း၊ ဓားစသည်တို့ကို ယူကာ ပျားအုံရှိရာ သစ်ပင်အောက်သို့ သွားကြလေသည်။

"ကဲ . . . ကဲ . . . သစ်ပင်အောက်ရောက်ပြီ။ မီးလင်းဖိုကြ"

ကိုဝေလက မြေပြင်ပေါ်တွင် နေခဲ့ကြမည့်သူများကို မီးဖိုရန် သတိ



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်သည်။ သူကိုယ်တိုင်က ဝတ်လာသည့် အပေါ်ပုဆိုးကို ချွတ်ပြီး အသားကပ်ဘောင်းဘီတိုက ဒူးဆစ်အောက်အထိ ရှည်သည်ကို ပြန်ပြင်ဝတ်ပြီး ပါလာသော လက်မလုံးလောက်ရှိ နိုင်လွန်ကြိုးခွေကို ခါးတွင် ပတ်နှောင်ချည်လိုက်သည်။ ပျားခြစ်ရန်အတွက် ယူလာသော ဓားကို ပါးစပ်ဖြင့်ကိုက်ကာ သစ်ပင်တက်ရန် ပြင်ရတော့သည်။ တက်ရခက်သည့် ကညင်ပင်တွင် ဓားရှည်များတွင် စို့များရိုက်ပြီး တက်ရသည်။ ကိုဝေလသည် လုပ်ငန်းကို ကျွမ်းကျင်ရုံမက သစ်ပင်တက်ပါ ကျွမ်းကျင်သည်။ မကြာမီ သစ်ပင်အပေါ်သို့ ရောက်သည်။ ပျားအုံသည် ပေရှစ်ဆယ်ခန့် အမြင့်တွင်ရှိသော ကြောင်လျှောက်ကိုင်းဖျားတွင် အုံဖွဲ့နေသည်။ ညကာလတွင် ကညင်ကိုင်းမှာ တံတားသဖွယ် အရောင်ဖွေးဖွေးရှိနေပြီး ပတ်ဝန်းကျင်မှာလည်း မည်းမှောင်နေသည်။ ကိုဝေလသည် ထိုသစ်ကိုင်းကြီးကို မတ်တတ်လျှောက်ပြေးသွားလိုက်သည်။ ပတ်ဝန်းကျင်မှာ မည်းမှောင်နေ၍ လျှောက်ရလွယ်ကူသည်။ သို့သော် အပေါ်အမြင့် ရောက်လျှင် လေက တိုက်ခတ်မှု များလေဖြစ်၍ သတိကြီးစွာထားပြီး လျှောက်ရသည်။ လွယ်ကူလှသည်တော့မဟုတ်ပေ။ အကယ်၍ နင်းကွက်တစ်ချက်မှားလိုက်လျှင် မြေပြင်သို့ကျလျှင် အသက်ခန္ဓာမြဲတော့မည် မဟုတ်မှန်း သေချာလှပေသည်။

အသက်အောင့်ပြီး ကိုင်းဖျားအထိလျှောက်လာကာ ပျားအုံအနားရောက်လျှင် နေရာယူလိုက်သည်။ ခါးတွင်ချည်နှောင်ထားသော ကြိုးကို အောက်လူသိအောင် အချက်ပေးလှုပ်လိုက်သည်။ အောက်လူသည် မီးညှိထားသော မှိုင်းတုတ်အား ချိတ်ဖြင့်တင် ကာ ကြိုးစတွင် ချည်ပေးလိုက်ပြီး အချက်ပြလိုက်သည်။ အပေါ်လူက ကြိုးစ ကို မိမိထံရောက်အောင် တဖြည်းဖြည်း ဆွဲငင်ယူရသည်။ မှိုင်းတုတ်ရသည့်အခါတွင် ပျားအုံအနီးတွင် ချိတ်ဆွဲလိုက်သည်။

"ဝီဝီ ဖလပ် ဖလပ် ဖလပ်"

မှိုင်းတုတ်လုပ်ထားသော ဆိတ်နံမှိုင်း မီးခိုးငွေ့ကြောင့် ပျားတို့သည် တစ်ကောင်ပေါ်တစ်ကောင် လုံးထွေးရစ်ထပ်လာကာ မူးနောက်ရီဝေလာသည်။ ထိုသို့ ပျားများမူးဝေ လာသည့်အခါတွင် ကိုဝေလသည် ပါးစပ်တွင်ကိုက်ပြီးယူလာသော ဓားနှင့် ပျားများကို ခြစ်ခွာချလိုက်သည်။ ပျားတို့မှာ မူးနေ၍ ပျားတက်သော ကိုဝေလကို မကိုက်နိုင်။ ပျားတို့သာ မြေသို့ကျသွားလေသည်။ သေတော့မသေ။ အမူးပြေသောအခါ မြေပြင်မှ မီးဖိုတွင် ပျံဝဲကာ ရန်သူကို ရှာကြပြန်လေသည်။ မှောင်နေ၍ မိမိတို့ပျားအုံရှိရာသို့ ပျံတက်နိုင်စွမ်း မရှိသဖြင့် အောက်လူသည် ပျားအုံထည့်ရန် ခြင်းကျားကို ကြိုးစတွင် ချိတ်ပြီး အပေါ်လူအား ဆွဲယူရန် အချက်ပေးလိုက်သည်။

ကိုဝေလသည် ပျားအုံအား ခြင်းကျားတွင်ထည့်ကာ အောက်တွင်ရှိသော အောင်သာကို အချက်ပေးလိုက်သည်။ ပျားအုံကို ခြင်းကျားထဲသို့ ဓားဖြင့်လှီးဖြတ်ထည့်ရသည်။ အောက်လူဖြစ်သော အောင်သာလည်း ပျားအုံရပြီဖြစ်ကြောင်း ကြိုးစကို ဆွဲကာ အချက်ပေးလိုက်သည်။ အပင်ထက်မှ ပျားဖွပ်ရသူ ကိုဝေလတစ်ယောက် လေတိုက်ခံနေရသည်မှာ တစ်ကိုယ်လုံး အေးစက်ပြီး ခြေလက်တွေမှာ တောင့်တင်းနေသည်။ ကြာကြာမနေနိုင်၊ မြေပြင်သို့ ပြန်ဆင်းရတော့မည်။ သတိထားကာ သစ်ပင်ထက်မှ ပြန်ဆင်းရန် ခြေလှမ်းကိုပြန်လှည့်ရသည်။

"ဟာ ... ဒုက္ခပဲ"

နှုတ်မှ ရုတ်တရက် ထွက်သွားသည်။ မှိုင်းတုတ်မှ မီးပွားစတို့မှာ ကညင်ပင်၏ အကိုင်းအဖျားပေါ်သို့ ကျကာ မီးလောင်လေသည်။ မီးစွဲလောင်နေသည့် ကညင်ပင်သည် အဆီထွက်သောကြောင့် မီးနှင့်တွေ့လျှင် မီးတောက်လွယ်သည်။ ကညင်ကိုင်းများကို မီးစွဲလောင်နေပြီ။ အပင်အောက်မှ အောင်သာတို့အုပ်စုကလည်း နောက်ထပ် တစ်ပင်တက်ရန်အတွက် ပြင်ဆင်နေကြ၍ အပေါ်တွင်ရှိသော ကိုဝေလအား ဂရုမစိုက်နိုင်အားပေ။ မီးစွဲလောင်စပြုနေသော ကညင်ကိုင်းတို့မှ တဖျစ်ဖျစ်မြည်လာကြသည်။

"ဟေ့ ... ဟေ့ ... ဝေလ သတိထားဆင်းပေတော့"

မီးလောင်နေပြီဖြစ်၍ အသက်ဘေးမှလွတ်ရန် စွန့်စားရတော့သည်။ နီးရာသစ်ကိုင်းကို ဓားဖြင့်ခုတ်လိုက်သည်။ ပြတ်လုတဲတဲအကိုင်းကို မြဲမြဲကိုင်ကာ ခိုပြီး လေအဟုန်စီးကာ မြေပြင်သို့ ထိုးဆင်းလိုက်ရသည်။ ကညင်ပင်မှာ မီးစွဲလျှင် တော်တော်နှင့် မငြိမ်းနိုင်သောကြောင့် မီးငြိမ်းသည်အထိ စောင့်ရန်မဖြစ်နိုင်လျှင် ယခုလို စွန့်စားကာ ဆင်းရခြင်းဖြစ်သည်။

"ဝေါ ... ဝေါ ... ဗွီး ... ဗွီး"

"ဘုတ် ... အား"

မီးဖို၏ အလင်းရောင်၊ အပင်ထက်မှ မီးတောက် အလင်းရောင်တို့ကြောင့် ကိုဝေလ သစ်ပင်ထက်မှ ခိုစီး

www.burmeseclassic.com

ကျလာသည်ကို မြင်ကြရသည်။ သို့သော် အရှိန်ဖြင့် ကျဆင်းလာသောကြောင့် မြေပြင်ပေါ်တွင် ဗွးဗွးဝါးဝါး အသံနက်ကြီးဖြင့် ကိုဝေလ ခန္ဓာကိုယ်ကြီးမှာ ဝန်ထုပ်ကြီးတစ်ထုပ် ပစ်ချလိုက်သလို မြည်ဟည်းသွားလေသည်။

"ဟာ ... လုပ်ကြပါဦး။ ဝေလ ... ဝေလ ကျလာတယ်ဟေ့"

အားလုံး စိုးရိမ်ပူပန်စိတ်များဖြင့် ကိုဝေလကျလာသည့် ကညင်ပင်နှင့် အနည်းငယ်လှမ်းသော ချုံနွယ်ထဲသို့ အပြေးရောက်ကာ ရှာကြသည်။

"ဝေလ .. ဝေလ ... ဝေလ"

အမှောင်ထုထဲ အလင်းရောင် မသဲမကွဲ တဖျောက်ဖျောက်နှင့် မီးလောင်နေသော မီးပွားမီးမှုန်ကြားတွင် ကိုဝေလအား စိုးရိမ်တကြီးဖြင့် ခေါ်နေကြသည်။

"ဝေလ ... ဝေလ ... ဝေလ ရေ"

"အေး ... ငါဒီမှာဟေ့"

ခေါ်သံအဆုံးတွင် ကိုဝေလ၏ အသံသြသြဖြင့် ပြန်ထူးသံကို ကြားရသည်။ မီးတုတ်အလင်းရောင်ဖြင့် ချုံများကိုဖယ်ကာ ကိုဝေလကို ကြည့်သည်။

"ဟာ .. ဝေလ၊ မင်း .. မင်း ဘာမှမဖြစ်ဘူးနော်"

"ဟားဟားဟား ... မင်းတို့မြင်တဲ့အတိုင်းပဲလေ"

အားလုံးက အံ့အားသင့်ကြသည်။ မြင့်မားလှသော သစ်ပင်ကြီးထက်မှ သစ်ကိုင်းကိုခိုစီးပြီး ပြုတ်ကျလာသော ကိုဝေလမှာ ဒဏ်ရာဒဏ်ချက် တစ်ခုမှမရှိဘဲ ထိုင်နေပြီး အောင်သာတို့ကို စကားပင် ပြောလိုက်သေးသည်။

"ဝေလ ... ဝေလ ... မင်း ဘယ်နေရာတွေ နာသွားသေးသလဲ"

"ဘယ်နေရာမှ မနာဘူး။ ငါ ကိုပြန်မယ်။ ထမင်းဆာတယ်ကွာ"

ပြောရင်းက ကောက်ကာငင်ကာ ထပြီး လမ်းလျှောက်ပြန်လာသည်။ သွက်လက်သော ခြေလှမ်းနှင့် လှမ်းနေသော ကိုဝေလကို အားလုံးက မနည်းအမြန်လျှောက်ပြီး အမီလိုက်ကြရသည်။

"ပင်ပန်းလို့လား မသိဘူး ဆာတယ်ကွာ။ သိပ်ဆာတာပဲ"

တဲအတွင်းတွင် ရောက်လျှင် မည်သူ့ကိုမှ စကားမပြော၊ ထမင်းအိုးဟင်းအိုးဖွင့်ကာ ပန်းကန်ပြားတစ်ချပ်ကိုယူပြီး စိတ်တိုင်းကျစွာခပ်စားတော့သည်။ ဆာလွန်း၍လား မသိ။ တစ်ယောက်တည်းစားသည်မှာ ထမင်းအိုးဟင်းအိုးတို့မှာ အကုန်ပြောင်လုနီးပါးဖြစ် သည်။

"ဟေ့ ... ဟေ့ ... စားလို့ကောင်းလိုက်တာ။ ငါအိပ်ချင်ပြီ။ မီးမထွန်းကြနဲ့တော့"

တဲအတွင်းဝယ် မြင်သာထင်သာရှိသော အလင်းရောင်ကိုပင် ကိုဝေလက မီးမှုတ်ခိုင်းလိုက်သည်။ ကိုဝေလ ထမင်းစားပြီးနောက် ကျန်လူတွေ ထမင်းစားရန်အတွက် မီးကို မှိန်မှိန်လေးထားကာ ထွန်းထားသည်ကိုပင် ယခု ကိုဝေလက အလင်းရောင်ကို မလိုချင်ဘဲ မီးမထွန်းရန် ပြောနေသည်။

"ငါတို့ ထမင်းစားကြရဦးမယ်လေ။ မီးမှိတ်လိုက်ရင် မြင်မှ မမြင်ရတာ။ ဘယ်ဖြစ်ပါ့မလဲ"

အားလုံးက ကိုဝေလကို ဝိုင်းပြီး ပြောကြသည်။

"မလိုဘူး။ မီးလင်းရင် ငါမအိပ်နိုင်ဘူး။ ငါက မှောင်မှ အိပ်လို့ရတာ"

ခါတိုင်း ကိုဝေလ၏ အမူအကျင့်နှင့် မတူသောကြောင့် ထူးဆန်းနေသည်။ စကားအပြောချိုသည်။ အနေက အေးသည်။ ယခုတော့ အသံက သြသြ၊ မျက်လုံးက ဟိုသည်ကြည့်ကာ ငြိမ်ငြိမ်မနေ။ မီးအလင်းရောင် မရောက်သည့်တဲ၏ထောင့် အမှောင်အကွယ်အတွင်းသို့သာ တိုးဝင်နေသည်။ အားလုံး ထမင်းကို အမြန်ပြီးအောင် စားလိုက်ကြသည်။ များရည်ထည့်ထားသော သံပုံး၊ ခြင်း၊ ကြိုး၊ ဓားနှင့် မီးတုတ် လုပ်ရမည့်အရာများကို သေသေချာချာ ထုပ်ပိုးသိမ်းဆည်းလိုက်ကြပြီး မီးအလင်းရောင်ကို မှောင်ချလိုက်သည်။ တဲထောင့်တစ်နေရာတွင် ကိုဝေလတစ်ယောက် အားပါးတရဟောက်ပြီး အိပ်မောကျနေသည်။ ကျန်လူ အားလုံးတို့မှာ မောသော်လည်း အိပ်မပျော်ကြ။ အိပ်ရာတွင် ကျောလှဲ၍သာ နေကြသည်။ အတွေးစိတ်ကူး စဉ်းစားရသည်က များနေကြ၍ အိပ်မပျော်နိုင်အောင် ဖြစ်ကြသည်။

မှောင်ရီပျိုးစပြုပြီ၊ မြူခိုးမြူငွေ့တို့က ကြည်ကြည်လင်လင် မရှိသေး။ မြင်ရသော အလင်းရောင်ကိုပင် အားပြုကာ ကိုဝေလတို့အုပ်စု ရွာဘက်သို့ ပြန်ရန်ဆင်းလာခဲ့ကြသည်။ ကိုဝေလအား အောင်သာတို့အုပ်စုက သစ်ပင်အမြင့်ကြီးပေါ်မှ ကျလာရသူဖြစ်သောကြောင့် ညာတာသည့် အနေနှင့် စောင်ပုခတ်ဆင်ကာ ဝါးလုံးနှင့် ထမ်းပိုးခေါ်မည်ဟု ပြောကြသည်။ ကိုဝေလက လက်မခံပေ။ ခေါင်းကိုသာ ဘယ်ညာခါပြီး ပါးစပ်မှလည်း အသံကို လေးလေးပင်ပင် ပြုံတမ်းကာ

www.burmeseclassic.com

ညည်းလေသည်။

ထို့ပြင် ကိုဝေလ၏ သွားလာလှုပ်ရှားမှုမှာ အောင်သာတို့ထက် ပိုပြီး ဖျတ်လတ်လျင်မြန်နေသည်။ အားလုံးက သည်လောက်အမြင့်ကြီးမျှ ကျလာပါသော်လည်း နာခြင်း၊ ကျင်ခြင်း၊ ထိခိုက်ရှနာခြင်းမရှိဘဲ ယခုလို ဘေးအန္တရာယ်ကင်းကင်းနှင့် သွားလာနိုင်သော ကိုဝေလအားကြည့်ပြီး ဝမ်းသာကြသည်။ မကြာမီ ရွာသို့ မှန်းမတည့်မီ ရောက်လာကြသည်။

* * *

"မြည္ဖွန့်ရေ ... မြည္ဖွန့်ရေ"

အောင်သာတို့က ရွာထဲသို့ ဝင်လာသည်နှင့် နာမည်အသီးသီးကို ခေါ်လာကြသည်။ သက်ဆိုင်သော အိမ်သူအိမ်သားတို့ကလည်း အပျော်မျက်နှာ ဝမ်းသာကြည်နူးသော ပုံရိပ်တို့ဖြင့် အားပါးတရ ခေါ်ငင်ကြိုဆိုကြသည်။ သူတို့ ပြန်လာကြသည်မှာ ပျားဖွပ်ပြီးပြီးချင်း ပြန်လာကြခြင်း မဟုတ်ပေ။ ပျားအုံများကို တစ်ပင်တက်၊ တစ်ပင်ဆင်း ဖွပ်ကြပြီး တဲသို့ ပြန်လာကြသည့်အခါတွင် အောက်သားလူ တပည့်ဖြစ်သူတို့က ပျားရည်တို့ညှစ်ကာ သုံးပုံးထဲသို့ ထည့်ကြသည်။ ပျားသလက်ကိုပေါင်းတင်ပြီး ပျားဖယောင်း ထုတ်ယူကြရသည်။ ယခုကဲ့သို့ သက်စွန့်ဆံဖျား ဖွပ်ရသော ပျားရည်ပျားဖယောင်းတို့ကို စုဆောင်းကာ မိုးဦးကျခါစတွင် စခန်းသိမ်းပြီး အဆင်ပြေလျှင် မြို့ပေါ်မြို့ထဲ အနယ်နယ်သို့ သွားရောက်ရောင်းချကြခြင်း ဖြစ်သည်။

"မြည္ဖွန့်ရေ ... ဒီမှာ ဝေလ ပြန်ရောက်ပြီ"

အောင်သာနှင့်အတူ ကိုဝေလတို့ အိမ်ရှေ့ကြမ်းပြင်ပေါ်တွင် ထိုင်လိုက်ကြလေသည်။

"ဟယ် ... အစ်ကို၊ အစ်ကို ပြန်လာပြီ၊ ဝမ်းသာလိုက်တာ အစ်ကိုရယ်။ မြလေးက မျှော်နေတာ နေ့တိုင်းမျှော်ရတယ်"

ကိုဝေလအနားသို့ မြည္ဖွန့်ရောက်လာသည်။ ဝမ်းသာအားရစိတ်နှင့် လက်မောင်းကို ဖက်ကိုင်ကာ ပြောလိုက်သည်။ ကိုဝေလကမူ အသက်မပါသလို မှန်တေတေ မျက်နှာထား။ ပြူးကျယ်သော မျက်လုံးအစုံတို့က အိမ်အတွင်းဘက်သို့ ဝေ့ကာဝိုက်ကာ စူးစမ်းဟန်ဖြင့် လျှောက်ကြည့်နေသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားသည်။

"အစ်ကို ... မြလေးကို စကားမပြောဘူးလား။ ဘာတွေ တွေးနေတာလဲဟင်"

ချစ်လင်အား ပခုံးကို ကိုင်လှုပ်ကာ ခပ်ဆတ်ဆတ်လေး မေးလိုက်သည်။ ကိုဝေလက မြည္ဖွန့်အား မျက်လုံးပြူးကြောင်ကြောင်ဖြင့် ကြည့်နေသည်။

"ငါဗိုက်ဆာတယ်၊ ထမင်းကျွေးပါ"

ကိုဝေလစကားကြောင့် မြည္ဖွန့် အံ့အားသင့်သွားသည်။ ဟိုယခင်တုန်းကဆိုလျှင် မိမိနှင့်အတူ ထမင်းပွဲတွင် ထမင်းစားသည့်အခါ စကားကို အေးဆေးစွာပြောပြီး ညင်သာစွာ ထမင်းစားသည်။ ယခုတော့ အသံက ဒေါသသံပါနေသည်။ စကားပြောသံကလည်း လေးလေးပင်ပင် ဩဩကြီးဖြစ်နေသည်။ မြည္ဖွန့်တစ်ယောက် ထမင်းပွဲကို အမြန်ပြင်လိုက်သည်။

ထမင်းပွဲတွင် ဟင်းရွက်စုံကို အသားနှင့်ရောကာ ချက်ထားပြီး ငရုတ်သီးဆားထောင်းဟင်းဖြစ်သည်။ ထမင်းပွဲတွင် ကိုဝေလ ဝင်ထိုင်လိုက်သည်။ မြည္ဖွန့်ကိုလည်း စားရန်လာဖို့မခေါ်၊ နှုတ်ပင်မဆက်ချေ။ သူတစ်ဦးတည်း ဝင်ထိုင်စားသည်။ ကြွေရေသုတ်ဇလုံကြီးထဲတွင် ထည့်ထားသော ထမင်းကို ဟင်းခတ်ထည့်လိုက်သည်။ အသားတုံးများကို ဆယ်ယူထည့်ပြီး ညာဘက်လက်ဖဝါးနှင့် အားရပါးရ နယ်ကာ ထမင်းလုတ်ကြီးကြီး တရစပ်ယူစားလိုက်သည်။

"ဟင်း ... ဟင်း ... ဟင်း"

ထမင်းစားရင်းက မြည္ဖွန့်ဘက်သို့လှည့်ကာ ထမင်းစေ့တွေနှင့် ပေပွနေသော ပါးစပ်ကို အားရပါးရဟပြီး ရယ်နေလိုက်သေးသည်။

"ကိုဝေလ .. ထမင်းစားလို့ ကောင်းရဲ့လား"

"ဟင်း ... ဟင်း ... ကောင်း .. ကောင်းတယ်၊ စားလို့ကောင်းတယ်"

သူ့နာမည်ကိုခေါ်ကာ မြည္ဖွန့်ကမေးလိုက်သည်။ တောထဲတောင်ထဲမှ ပြန်လာသောကြောင့် ခေါင်းထက်က ဆံပင်တို့မှာ သစ်ရွက်စ၊ အမှိုက်စ၊ ပြာမှုန်တို့နှင့် ထိတွေ့ထား၍ ဆံပင်တို့မှာ စေးကပ်ကပ်ဖြစ်နေသည်။ မေးစေ့နှင့် ပါးပြင်တို့တွင် ရက်ရှည်ကြာ မရိတ်၊ မသန့်စင်ရသဖြင့် ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတို့က တစ်လက်မ မကရှည်နေကြသည်။ ရုပ်အဆင်းသဏ္ဌာန်မှာ ကြမ်းတမ်းနေသည်။ သုတ်သင်ရှင်းလင်းဖို့ စိတ်ကူးပုံမရ။ မိမိကိုယ်မိမိ ဘာဖြစ်နေသည်ကိုပင် သိပုံမရ။

ထမင်းစားပြီးသောအခါ ဂုက် ဆေးခြင်း ပြုခြင်းမရှိဘဲ ကိုယ်လွှင်ဝတ်



www.burmeseclassic.com

www.burmeseclassic.com

ထားသော ပုဆိုးနှင့် သုတ်လိုက်သည်။ ပါးစပ်တွင်းရှိ ကျန်နေသော အစာတို့အား စားမြုံ့ပြန်သလို ပြန်စားနေသည်။ စားပြီးဖြစ်၍ ထမင်းပွဲကို သိမ်းနေသည့် မြည္ဘွန့်က ကိုဝေလ၏ အပြုအမူကို သတိထားကာ ကြည့်နေသည်။ ထူးခြားသော အမူအရာကို တဖြည်းဖြည်း တွေ့လာသည်။

မြူငွေ့တွေ အုံ့ဆိုင်းလာသဖြင့် မြည္ဘွန့်တို့ရွာလေးမှာ ညနေစောင်းသည်နှင့် အမှောင်ရိပ်က အနည်းငယ် အေးမြလာသည်။ အိမ်ရှေ့မြေပြင်တွင် ကိုဝေလ ထိုင်နေသည်။ ဒူးနှစ်ဖက် ထောင်ပြီးထိုင်ကာ လက်နှစ်ဖက်ကို ဆန့်ပြီး ဒူးပေါ်တင်ထားသည်။ ကိုယ်အမူအရာ ကြမ်းတမ်းနေသည် ထင်ရသည်။

"အစ်ကို အိပ်မယ်ဆို၊ မြလေး အိပ်ရာပြင်လိုက်မယ်"

မြည္ဘွန့်မေးသည်ကို မသိသလို နေသည်။ မြည္ဘွန့်လည်း ဆက်၍မမေးတော့ဘဲ အခန်းထဲဝင်ကာ ကိုဝေလ အိပ်ရန် အိပ်ရာခင်းပေးလိုက်သည်။ ဝါဖြည်းဖြည်းနှင့် ညဦးအမှောင်က ပိုမိုသိပ်သည်းလာသည်။ မြို့ဈေးလေး ရောက်စဉ်က ဝယ်လာသော အမွှေးတိုင်ထုပ်ကိုဖောက်ပြီး ဘုရားကျောင်းဆောင်တွင် အမွှေးတိုင်ပူဇော်ကာ မြည္ဘွန့် ဘုရားရှိခိုးသည်။ ပြီးလျှင် ဘုရားကျောင်းဆောင်တွင် ချိတ်ထားသော ကြေးစည်လေးအား ထုနှက်ကာ အမျှဝေလိုက်သည်။

"အားလုံး ... ကြားကြားသမျှ အမျှ .. အမျှ .. အမျှ .. ယူ .. ယူ"

"အား ... ဟီးဟီး ... မဆိုနဲ့ ... မဆိုနဲ့၊ တော်တော့ မြည္ဘွန့်၊ နင် တော်တော့ ... ဆက်မဆိုနဲ့"

အိမ်ရှေ့မြေပြင်တွင် ထိုင်ကာ ငေးနေသည့် ကိုဝေလက မြည္ဘွန့်ဘက်သို့ လှည့်ပြီး လက်ကာကာ အော်လိုက်သည်။ ခန္ဓာကိုယ်တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်ယင်နေသည်။ သူ့နားနှစ်ဖက်ကိုလည်း လက်နှစ်ဖက်ဖြင့်ပိတ်ထားသည်။ အမှောင်ထဲတွင် နားပိတ်ထားသော ကိုဝေလ၏ လက်ဖဝါးနှစ်ဖက်မှာ သစ်ကိုင်းခြောက်နှစ်ခု ဖုံးထားသလိုပင်။ ရုတ်တရက် လှမ်းမြင်လိုက်ရသည်က မြေပြင်ပေါ်တွင် ထိုင်နေသော ကိုဝေလ၏ ခန္ဓာကိုယ်အောက်ပိုင်း ကွယ်ပျောက်နေခြင်းဖြစ်သည်။ မျက်စိက ပီပီပြင်ပြင် မမြင်ရ၍ အမှောင်ထဲတွင် မြင်ချင်သလိုမြင်၊ ထင်ချင်သလို ထင်နေပြီဟုလည်း မိမိကိုယ်မိမိ သံသယစိတ်ဖြင့် ငြိမ်သက်နေမိသည်။

ကိုဝေလရှိရာသို့ မြည္ဘွန့် သေသေချာချာ ကြည့်လိုက်သည်။ အမှန်တကယ်ပင် အမှောင်ထဲတွင် ကိုဝေလ ထိုင်နေသည်မှာ ခန္ဓာကိုယ်တစ်ဝက် ပျောက်နေသည်။ အမှောင်ထဲရှိ လေထဲတွင် ပေါ့ပါးစွာ လွင့်နေသလိုပင်။

"ဝှီး ... ဝှီး ... ဝှီး ... ဝှီး"

လေတွေက လေထဲတွင် တစ်နေရာတည်း ကွက်ပြီး ထူးထူးခြားခြား တိုက်နေသည်။ သစ်ပင်သစ်ရွက်မှ အကိုင်းအခက်တို့သည် လေတိုက်ရာသို့ ယိမ်းနေသည်။ တစ်ဖက်တည်းမဟုတ်၊ ဟိုဘက်သည်ဘက် ယိမ်းနွဲ့နေသည်။ အလင်းရောင်မဲ့နေသော အမှောင်၏အောက်တွင် အရိပ်မည်းကြီးတို့မှာ ကိုဝေလ၏အနားတွင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရွေ့လျားနေကြကာ ထိုင်သည့်သူထိုင်နေသလို မတ်တတ်ရပ်ပြီး အချို့က ယိမ်းကနေကြသလိုပင်။ ကိုဝေလက သူစားထားသမျှကို ပါးစပ်မှ ပြန်ပြီးအန်ချသည်။ အနားရှိ အရိပ်မည်းမည်းတို့က အလုအယက် ပြန်ကောက်စားသည်ကို မနှစ်မြို့ဖွယ် မြင်ကွင်းဖြင့် မြည္ဘွန့် မြင်ရသည်။ ကြောက်စရာ မြင်ကွင်းပေတကား။ ဘယ်လိုဖြစ်ပါလိမ့်။ ရင်တွေ တလှပ်လှပ်ခုန်လာသည်။ ရင်ထဲတွင် အော်ဂလီဆန်လာသည်။ ဆက်ပြီး မကြည့်တော့ဘဲ အိမ်ထဲ ပြန်ဝင်လာသည်။

"မြလေး ... မြလေး"

နောက်နားဆီမှ ခေါ်သံ လေးလေးကိုကြားရသည်။ ပြန်လှည့်မကြည့်၊ အသံမပေးဘဲ ရပ်နေလိုက်သည်။

"မြလေး ... မြလေး၊ အစ်ကို ခေါ်တာပါ"

လေသံ၊ ခေါ်သံ၊ နှစ်ခုစလုံး ပြောင်းသွားသည်။ ကိုဝေလ၏ ပုံမှန်လေသံအတိုင်း မြည္ဘွန့်ကို ခေါ်လိုက်ခြင်း ဖြစ်သည်။

"အစ်ကို နည်းနည်း ခေါင်းနောက်လို့ မြလေးကို ဂရုမစိုက်နိုင်တာကို ခွင့်လွှတ်နော်"

ထူးဆန်းသည်။ ကိုဝေလ၏ လေသံက ပုံမှန်ထက် ပိုပြီးချိုမြလာသည်။ စောစောက မြည္ဘွန့် မြင်လိုက်သည့် မြင်ကွင်းတို့မှာ မျက်စိမှောက်သွားပြီး မြင်လိုက်သည်လို့ ထင်လိုက်သည်။ ပျားဖွပ်သွားရာတွင် ပင်ပန်းလွန်း၊ အိပ်ရေးပျက်ခဲ့ရသည့်အတွက် အနေအထားမမှန်၊ ငြီးစီစီ၊ ကြောင်တောင်တောင်ဖြစ်နေသော ကိုဝေလ အပေါ် အထင်အမြင် မှားလိုက်သည်ကို စိတ်မကောင်းဖြစ်သွားသည်။

"မြလေး ... အစ်ကို ပင်ပန်းလာလို့ အိပ်ချင်ပြီ"

www.burmeseclassic.com

မြည္ဝန့်၏ပခုံးကို လာဖက်ပြီး ပြောသည်။ အမှောင်ထဲ လေတိုက်နေသည့်နေရာတွင် ထိုင်ခဲ့၍လား မသိ။ ကိုဝေလ၏ လက်မှာ အေးစက်နေ၍ မြည္ဝန့်၏ ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်လာသည့်အတွက် ရုတ်တရက် လန့်သွားသည်။

"အစ်ကို အိပ်တော့မယ်လေ မြလေး"

ခင်းထားသည့် အိပ်ရာထက်တွင် မတ်တတ်ရပ်နေရာမှ ထိုးလှဲပြီး အိပ်ချလိုက်သည်။ မြည္ဝန့်လည်း ကိုဝေလ၏အနားတွင် ဖြည်းဖြည်းသာသာ အနားကပ်ပြီး ယှဉ်အိပ်လိုက်သည်။ ထိုစဉ် ...

"ဟင် ... နံ ... နံလိုက်တာ၊ ဘာနံ့ကြီးလဲ"

တိရစ္ဆာန်တစ်ကောင်ကောင်၏ သေပြီးပုပ်သော အကောင်ပုပ်အနံ့ဖြစ်သည်။ အစ်ကိုဝေလ တောလည်စဉ်က ရခဲ့သော အသားကောင်တစ်ကောင်မှ ထွက်သောအပုပ်နံ့ ဖြစ်မည်။ မြည္ဝန့်ခန္ဓာကိုယ်တွင် အေးစိမ့်သော ခံစားမှုကို ရလိုက်သည်။ ကြက်သီးမွေးညင်းထလာသည်။ မေ့ခနဲ တစ်ချက်အိပ်ပျော်သွားပြီး ဝေဒနာတစ်ခုခုကြောင့် လန့်နိုးလာသည်။

"ဟင် ... အစ်ကို၊ ဒါ .. ဒါက ဘာ .. ဘာဖြစ်လာတာလဲဟင်"

အနားတွင် ငုတ်တုတ်ကြီးထိုင်ကာ သူ့ကိုစိုက်ကြည့်နေသော ကိုဝေလကို မြည္ဝန့်တွေ့ရပါသည်။ အိပ်ရာထဲမှ ထရန်အစွက် ဘေးစောင်းကာ အားယူထလိုက်သည်။ မြည္ဝန့် တစ်ကိုယ်လုံး နုံးချည့်အားပျော့နေသည်။ သူ့ခန္ဓာကိုယ်ထဲက အားတွေကုန်ခန်းသွားသလိုပင်။ အမှတ်မထင် မြည္ဝန့်၏ လက်ဖဝါးက လည်ပင်းတစ်နေရာသို့ ရောက်သွားသည်။ ချွေးကြောင့်လားမသိ။ စေးကပ်ကပ်ဖြစ်နေသည်။ အနံ့က သွေးညှီစို့စို့ အနံ့ရသည်။ အိပ်ရာထဲ လှဲနေချင်သည်။ ထထိုင်ရမှာကိုပင် အားမရှိသလို ခံစားရသည်။ နုံးခွေနေသည်။ ငုတ်တုတ်ထိုင်နေသည့် မြည္ဝန့်အနားမှ ကိုဝေလ ထလာခဲ့သည်။

"ဂလုံ ... ဝှမ်း ... ဒုန်း ... ဒုန်း .. ဒုန်း"

မီးဖိုဆောင်ဘက်မှ ဆူညံသံကို ကြားရသည်။ အိုးခွက်တွေ မှောက်သည့်အသံ၊ ပန်းကန်ကွဲကျသံတွေ ဖြစ်သည်။ မြည္ဝန့် ထပြီးမကြည့်နိုင်၊ နုံးချည့်ချည့်နှင့် ခန္ဓာကိုယ်က အားမရှိသလိုဖြစ်နေသည်။ မျက်လုံးကို မှိတ်ထားလိုက်သည်။ တဖြည်းဖြည်းနှင့် မိုးလင်းစပြုလာပြီ။ မှိုင်းညို့ညို့တောင်တန်းဆီမှ နေမင်း၏ အရုဏ်တက်စ နီစွေးစွေး အလင်းရောင်ကို မြင်ရပြီ။

"ဟောတော့"

ထူးဆန်းသည်။ ကိုဝေလတစ်ယောက် သူ့အနားတွင် တခေါခေါ ဟောက်ကာ အိပ်မောကျနေသည်။ ပါးစပ်တစ်ခုလုံးလည်း ဟင်းစ၊ ထမင်းစ၊ ထို့ပြင် သွေးစသွေးနတို့ကိုလည်း တွေ့ရသည်။ မသင်္ကာစရာ။ တောင်ယာစိုက်ခင်း ဆင်းကြမည့်သူတွေ၏ အသံတွေကို ကြားရသည်။

"ဝေလရေ ... ပျားရည်တွေ ရောင်းဖို့ တို့စီစဉ်နေပြီဟေ့"

တဲရှေ့မှ အောင်သာတို့အုပ်စု လှမ်းအော်သံ ကြားလိုက်ရသည်။

ကိုဝေလက လုံးဝမလှုပ်၊ ဟောက်သံအကျယ်ကြီးနှင့် အိပ်မောကျလျက်ရှိသည်။ တစ်ခုတည်းသော ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်ကို မမြင်လို၍ ကွယ်ထားသည့် အနေနှင့် မျက်နှာပေါ်တွင် အဝတ်ဟောင်းတစ်ခုကို ဖုံးထားသည်။ မြည္ဝန့်တဲပေါ်မှ ခြေသံဖြည်းဖြည်းနင်းကာ ဆင်းလာသည်။ အောင်သာတို့အုပ်စု ခပ်လှမ်းလှမ်းတွင် ရှိနေသည်ကို တွေ့ရသည်။ မြည္ဝန့် ခြေလှမ်းသွက်သွက်ဖြင့် သူတို့ရှိရာသို့ လျှောက်သွားလိုက်သည်။

"ကိုအောင်သာ ... ကိုအောင်သာ"

"ဟော ... ဘာလဲ၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်မ တစ်ခုမေးချင်လို့ပါ"

"ဘာမေးချင်တာလဲ မေးလေ"

အလျင်အမြန် လျှောက်လာရသည့်အတွက် ခဏအမောဖြေပြီးမှ သူမေးချင်သည့် အကြောင်းအရာကို မေးလိုက်သည်။

"ကိုဝေလတစ်ယောက် သူ တောထဲမှာ ဘယ်သူနဲ့ ရန်ဖြစ်လာသလဲလို့ပါ။ တစ်ခုခုဖြစ်လာတယ် ထင်တယ်"

"ဘာဖြစ်လို့လဲဟ"

"သူလေ ... အိမ်ပြန်ရောက်ကတည်းက ကျွန်မကိုလည်း စကားကောင်းကောင်းမပြောဘူး။ မျက်လုံးကလည်း နီကြောင်ကြောင်နဲ့ ပြူးနေတာ။ ကျွန်မကိုသူကြည့်တာ ကြောက်စရာကြီး"

"ဒါဆို ဆက်ပြောဦး"

"ပြောပြပါ့မယ်။ သူစကားပြောတော့လည်း အသံက ဩဩကြီးနဲ့ ပါးစပ်ဟလိုက်ရင် သိပ်နံတာပဲ။ သူ့ကိုယ်က အေးစက်နေတာ။ ကျွန်မက သူ့အပြင်လေအေးထဲမှာနေလို့ သူ့

www.burmeseclassic.com

ကိုယ်ကြီးက အေးတာပဲလို့ ထင်တာ။ နောက်ပြီး ...''

''အေး ...နောက်ပြီးတော့ ဘာဖြစ်သလဲ ဆက်ပြောလေဟာ''

''ကျွန်မ သူ့အနားကပ်ပြီးအိပ်တာ အိပ်မပျော်ဘူး။ အိပ်ချင်ယောင်ဆောင်နေတာ။ သန်းခေါင်ယံမှာ သူ အိမ်ရှေ့ထွက်ပြီး အရိပ်မည်းမည်းကြီးတွေနဲ့ စကားပြောတာကို လှမ်းမြင်ရတယ်။ နောက် ခြေသံပြင်းပြင်းနဲ့ အိမ်ထဲဝင်လာတယ်။ မီးဖိုချောင်က ရှိသမျှအစားတွေကိုရှာစား၊ ပန်းကန်တွေကွဲလိုကွဲ၊ အိမ်ထဲကို ပြန်ဝင်လာတော့ သူ့ကိုယ်ကြီးက ပါးစပ်ထဲက လျှာအရှည်ကြီးကိုထုတ်ပြီး လုံးလုံးကြီးလုပ်ပြီး အိပ်ရာထဲဝင်လာတယ်။ ကျွန်မဖြင့် ကြောက်လိုက်တာရှင်၊ ဘယ်လိုတွေဖြစ်လာတာတုံး''

အောင်သာတို့ လူစုသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

''အခု မနက်ကျတော့လည်း အိပ်ရာထဲမှာ လူကောင်းအတိုင်း နှစ်နှစ်ခြိုက်ခြိုက် ဟောက်ပြီးအိပ်နေတယ်။ ညကမြင်ရတာ ကျွန်မမျက်စိအမြင်မှားတာလားလို့''

အားလုံး ကိုယ့်အတွေးနဲ့ကိုယ် စဉ်းစားနေကြသည်။ အောင်သာက မြညွန့်ကို ကြည့်လိုက်မိသည်။

''ဟဲ့ ...မြညွန့်၊ နင့်လည်ပင်းက ဘာဖြစ်တာလဲ''

မြညွန့်၏ လည်ပင်းတွင် သွားစွယ်ရာလေးနှစ်ခု သွေးခြေဥထားသလို ညိုမည်းနေသည်။မြညွန့်က သူ့ဘာမှ မသိကြောင်း ပြန်ဖြေသည်။

''သူ ပျားဖွပ်ပြီး ကညင်ပင်က ပြန်ဆင်းတော့ မီးတုတ်က မီးပွားတွေ အကိုင်းကိုကျူပြီး လောင်လာတာနဲ့ သူမီးလွှတ်တဲ့အကိုင်းကိုခုတ်ပြီး ခိုဆင်းလာတာ အမြင့်ကပြုတ်ကျသွားတယ်''

''အမလေး ... ဒါဆို ကျွန်မလင် သေပါပြီတော်''

''မသေပါဘူးဟာ။ တို့က စိုးရိမ်လို့ သူ့ဆီသွားတာ သူက အေးအေးပဲ။ ဘာဒဏ်ရာမှမရှိဘူး။ ပြန်လာတော့လည်း သူက လမ်းလျှောက်တာမြန်လို့ မနည်းမီအောင်လိုက်ရတယ်။ အခုမှ ဘယ်လိုဖြစ်တာလဲဆိုတာ ငါတို့လည်း မသိတတ်တော့ဘူး။ တောထဲမှာ အဲဒီလိုတော့ ဖြစ်ခဲ့တယ်ဟ''

''အပင်အမြင့်ကြီးက ကျတယ်ဟုတ်လား''

''ဟုတ်တယ်လေ။ ဒါပေမယ့် သူ ဘာအနာမှမရှိဘူး။ ဒဏ်ရရာမရခဲ့တာ သေချာတယ်''

အပင်အမြင့်ကြီးပေါ်မှ ကျလာပြီး ဒဏ်ရာဒဏ်ချက်လည်း မရှိ၊ အသက်အန္တရာယ်အတွက်လည်း ဘာမှ မထိခိုက်ဘဲရှိနေသည်က ထူးဆန်းလှသည်။ မြညွန့်တို့ရွာတွင် ထန်းပင်ပေါ်မှကျလာပြီး သေသွားသူတွေလည်းရှိကြသည်။ ကျပြီဆိုလျှင် သေဖို့များသည်။ ရှင်လျှင်လည်း ဒုက္ခိတဘဝ။ ယခုတော့ ပေလေးငါးရှစ်ဆယ်မျှမြင့်သော အပင်ပေါ်မှကျပြီး အထိအခိုက်မရှိသည်ကို မြညွန့် စဉ်းစားရတော့သည်။ အိမ်တောင်ဘက်သို့ လျှောက်လာပြီး မီးဖိုချောင်ရှိ ရေစင်မှ အိမ်ပေါ်သို့ တက်ရန် ခြေလှမ်းပြင်လိုက်သည်။

''ကျွိ ...ကျွိ ...ကျွိ''

အသံကိုကြားရသည်။ သိလိုစိတ်နှင့် အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။ မြင်ရသည့်မြင်ကွင်းက ကိုဝေလသည် ...

အိမ်ပေါ်သို့ တက်လာခဲ့သော မြေကြွက်ကြီးတစ်ကောင်ကို အရှင်လတ်လတ် အရေခွံအား သွားနှင့်ကိုက်ဖြတ်ပြီး သွေးစုပ်ကာ စားသောက်နေခြင်းပင်တည်း။ ကိုဝေလ၏ မူလစိတ်၊ ပုံသဏ္ဌာန်မရှိတော့။ ခန္ဓာကိုယ်မှာလည်း ပြောင်းလဲနေသည်။ ကြွက်ကိုကိုက်ထားသော နှုတ်ခမ်းနှစ်ခုမှ ကျယ်ကျယ်ဟပြဲနေပြီး လက်နှစ်ဖက်မှာလည်း အမွေးအမှင် မည်းမည်းတွေပေါက်နေသည်။ မျက်လုံးအစုံမှာ မီးလုံးကို စက္ကူအစိမ်းနီနီဖုံးပြီး ထွန်းထားသလို။ အစိမ်းရောင်စူးရှရှ ထွက်နေသည်။ ခြေသည်း၊ လက်သည်းတို့မှာ ရှည်ပြီး မည်းမှောင်ကာ ကောက်ကွေးနေသည်။ ကြောက်စရာ သတ္တဝါကြီးဖြစ်နေသည်တကား။

မြညွန့်ပါးစပ်မှ မအော်မိအောင် စိတ်ကို မနည်းထိန်းလိုက်ရသည်။ နှုတ်မှ ဂုဏ်တော်ကို ရွတ်ကာ အိမ်ပေါ်သို့ တက်လိုက်သည်။

''ဒုန်း ...ဒုန်း ...ဒုန်း''

တစ်ခုခုပြိုကျသံလို အသံကြားရသည်။ အရဲစွန့်ကာ အိမ်ထဲသို့ မြညွန့်ဝင်လိုက်သည်။ စူးရှရှနေ၏ အလင်းရောင်က အားလုံးကို ပီပီပြင်ပြင် မြင်ရသည်။

''အစ်ကို ...အစ်ကို''

အိမ်ထဲတွင် ငူငူကြီးထိုင်နေသော ကိုဝေလအား မြညွန့်က ခေါ်လိုက်သည်။

''ငါ ဗိုက်ဆာတယ်။ ဘာစားရမှာလဲ''

ကိုဝေလ၏ အနားတွင် သွေးစပေနေသော အဝတ်မောင်းစမှအပ ဘာမှမရှိ။ မြညွန့်လှမ်းမြင်ရသော မြေ

www.burmeseclassic.com

ကြွက်ကြီးကိုလည်း မတွေ့ရ။ သူ့စိတ်ထဲ ဖဝေဖဝါပြန့်ဖြစ်သွားသည်။ ကိုဝေလ ဆာသည်ဆိုလျှင် ထမင်းကို အမြန်ချက်ရသည်။ အိမ်က ကြွက်တစ်ကောင်လောက်ယူပြီး ကိုဝေလ အကြိုက် ပိန်ဥနှင့်ရောကာ ငရုတ်သီး စပ်စပ်ချက်ပေးရမည်။ စဉ်းစားရင်းက လက်တွင် ကိုင်ထားသောအိုး လွတ်ကျသွားသည်။

"အမယ်လေး မြတ်စွာဘုရား"

"မဆိုနဲ့ ... မဆိုနဲ့၊ ဝေးဝေးသွား။ ငါ့နားမလာနဲ့ ငါပူတယ်"

အသံပြဲပြဲ၊ အသံနက်နက်ဖြင့် ကိုဝေလက လှမ်းအော်ပြီး နားနှစ်ဖက်ကို ပိတ်လိုက်သည်။ နားနှစ်ဖက်ကို ပိတ်ထားသော လက်ဖဝါးတို့မှာ မည်းမည်းအမွေးရှည်နှင့် လက်သည်းတို့မှာလည်း ရှည်ကာ ကောက်နေသည်။

* * *

ထမင်းဟင်း အားလုံးကျက်သွား၍ မြညွန့်လည်း ကိုဝေလအတွက် ခူးခပ်ကျွေးလိုက်သည်။ မနက်က အောင်သာတို့အား အကျိုးအကြောင်းပြောပြီး အကူအညီတောင်းထားသည်။

"ငါတို့ နေဝင်ခါနီးလောက် ပြန်လာခဲ့မယ်။ အဘဘိုးဖြူကိုလည်း ခေါ်လာမယ်"

ထမင်းစားနေသည်မှာ လူတစ်ဦးတစ်ယောက် စားနေခြင်းနှင့်မတူ။ အသားစားသတ္တဝါတစ်ကောင်ကောင်၏ ပုံသဏ္ဌာန်နှင့် ဆင်လေသည်။ မြညွန့်၏နှုတ်မှ ရသေ့ဘုရားစာကို ရွတ်နေသည်။

"ပါးစပ်ပိတ်စမ်း၊ ဘာမှမဆိုနဲ့"

"ရှင် .. ဘာဖြစ်လို့လဲ အစ်ကို"

"ဟီး ဟီး ဟီး ... ငါနေလို့မရဘူး"

စကားပြောနေသည်မှာ ကိုဝေလ၏ အသံမဟုတ်၊ တခြားနေရာမှ လှမ်းအော်ပြောလိုက်သလို အသံကြီး ဟိန်းထွက်နေသည်။ မြညွန့်ရင်ထဲမှ အောင်သာတို့အား အမြန်ရောက်လာစေရန် ဆုတောင်းမိသည်။

"မြညွန့်ရေ .. ဟေ့ .. မြညွန့်"

"ဟော .. အောင်သာတို့လာပြီ အမလေး ဝမ်းသာလိုက်တာရှင်"

"ဒုန်း ... ဒုန်း"

ခြေသံခပ်ပြင်းပြင်း ဆောင့်သံ ထွက်ပေါ်လာသည်။ ထိုင်နေရာမှ ထလိုက်ပြီး ကိုဝေလ ခြေတစ်ဖက်ကို ဆောင့်နင်းလိုက်ခြင်း ဖြစ်သည်။

"အိမ်ပေါ်ကနေ မဆင်းနဲ့ ... မဆင်းရဘူး"

အိမ်ထဲတွင်ရှိသော မြညွန့်အား အိမ်အပြင်သို့ မထွက်ရန်တားလိုက်သည်။ ကိုဝေလ၏ မျက်နှာကြီးသည် မူလရုပ်ပျောက်လာသည်။ စကားပြောနေရင်းမှ မျက်လုံးကြီး နှစ်လုံးမှာ စိမ်းလိုက်နီလိုက်ဖြစ်နေသည်။ ပါးစပ်ကြီးမှာ ကျယ်လာပြီး သွားဖွေးဖွေးမဟုတ်ဘဲ မည်းညိုညစ်သော သွားတွေကို လျှာပြားကြီးအောက်မှ တွေ့ရသည်။ လျှာကြီးမှ သွားရည်တများများ ထွက်ကျနေသည်။ လက်နှစ်ဖက်တွင် အမွေးအမှင်မည်းမည်းတွေက ထိုးထိုးထောင်ထောင် ဖြစ်လာသည်။

"မြညွန့်ရေ၊ ဒီမှာ အဘဘိုးဖြူလည်း ပါတယ်။ နင်ရအောင် ဆင်းလာခဲ့၊ အိမ်ထဲမှာ မနေနဲ့"

"မဆင်းရဘူး၊ ငါ့အိမ်ပေါ်ကို ဘယ်သူမှလည်းမလာနဲ့၊ ငါ့အကြောင်း သိစေရမယ်"

အိမ်ရှေ့တွင် ကိုဝေလက အသံနက်ကြီးဖြင့် အော်ပြောနေစဉ် အိမ်နောက်ဘက် မီးဖိုခန်းမှနေ မြညွန့်အိမ်အောက်သို့ အမြန်ခုန်ဆင်းလိုက်သည်။

"အဘ ...အဘ၊ ကျွန်မ ယောက်ျားကို ကယ်ပါဦး အဘရယ်"

အဘဘိုးဖြူအနားသို့ ရောက်လျှင် မြညွန့်လည်း ဒူးထောက်ကာ လက်အုပ်ချီပြီး အဘအား ပြောလိုက်သည်။

"အေး ... အောင်သာတို့ပြောလို့ အဘ လိုက်ကြည့်တာ။ မိန်းကလေးရဲ့ယောက်ျားက သစ်ပင်ကြီးပေါ်က ကျလာကတည်းက သေသွားပြီကွယ့်"

"ရှင် ... ဖြစ်နိုင်ပါ့မလား အဘရယ်။ သစ်ပင်ပေါ်ကကျပြီး အောင်သာတို့နဲ့ လေးငါးရက်တောင် အတူနေ၊ အတူစားနေတာ။ ပျားရည်ညှစ်တာတို့ ပျားသလက်ပေါင်းတာတို့လည်း သူလုပ်နေတာပဲလေ"

"မိန်းကလေး၊ အဲဒါ သူမဟုတ်ဘူးကွယ့်။ အပမှီသွားတာ။ သူလည်း သေရော အနီးအနားမှာ အသင့်စောင့်နေတဲ့ တစ္ဆေအကောင်က ဝင်လိုက်တာ။ ဖုတ်ဝင်တယ်လို့ ခေါ်တယ်။ အဲဒီဖုတ်က အောင်သာတို့နဲ့အတူနေပြီး လိုက်လာခဲ့တာ။ အခု မင်းဆီမှာလည်း ဝေလအယောင်ဆောင်ပြီး ဘီလူးသရဲ စားသောက်နေတာ"

"အဘရယ် ... ကျွန်မတော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး"

"ကဲ ... ကဲ ... မစဉ်းစားနဲ့။ အဘရဲ့အစီအရင်နဲ့ စီရင်မယ် သတိပြုရမှာက အဲဒါ ... မိန်းကလေးရဲ့

www.burmeseclassic.com

ယောက်ျား ဝေလမဟုတ်ဘူးဆိုတာပဲ။ သူဘာကောင်လဲဆိုတာ သိရအောင်"

အောင်သာတို့နှင့်အတူ အဘဘိုးဖြူလည်း အိမ်ပေါ်သို့ တက်လာသည်။ အိမ်အဝတွင် တဒုန်းဒုန်းနှင့် ခုန်နေသည်။

"ကဲ ... အဘကို ရေသန့်သန့် တစ်ခွက်ပေး"

မြညွန့်က သောက်ရေအိုးထဲမှ ရေတစ်ခွက်ခပ်ကာ အဘဘိုးဖြူကို ပေးလိုက်သည်။

"အဘ ဘုရားကျောင်းဆောင် ရှေ့မှာထိုင်ပြီး အာရုံပြုနေတုန်း ဒီမကောင်းဆိုးဝါးကောင်ကြီး ဘာအော်ဟစ်နေလည်း မင်းတို့မကြားသလိုနေပြီး ဘယ်မှမသွားကြနဲ့"

အဘဘိုးဖြူသည် လွယ်လာသော လွယ်အိတ်ထဲမှ ကျောက်စရစ်ခဲလေးများအား ရေခွက်ထဲသို့ထည့်ပြီး ဘုရား ကျောင်းဆောင်ရှေ့တွင် ထိုင်ကာ သီလခံယူကာ နှုတ်မှ ဘုရားစာကို ရွတ်ဆိုလေသည်။

"သွား သွားကြ၊ ငါ့အိမ်ပေါ်က ဆင်းကြ ... သွားကြလေ"

ကိုဝေလသည် အသံစူးရှစွာ အော်ဟစ်ပြီး အိမ်ရှေ့တွင် ခင်းထားသော ဖျာကြမ်းပေါ်တွင် လူးလိမ့်ကာနေသည်။ မီးအပူဟပ်ခံရသလို ခံစားနေရသည်။

"ဥုံ ... စတုဒိသာ၊ သီလဝန္တာ၊ ဗျဿယက္ခမဟိသက်။

မနုဿဟတ္ထိ၊ အသသောရာနီ၊ သပ္ပေါရာဇ သီဟေဒီပိ၊ ဒူရေဂတော"

"ဒီဂါထာက သီလရှိတဲ့သူတွေရဲ့ အနားကို ကျား၊ ဆင်ကအစ ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ သရဲတစ္ဆေ ဘီလူး၊ အလုံးစုံသော ရန်သူအပေါင်းတို့မှ ကင်းဝေးအောင် စောင့်ရှောက်ပေးတဲ့ သရဲနှင်ဂါထာဖြစ်တယ်။ ကိုင်း ... အခု အဘ ဒီဂါထာကို ရွတ်ပြီးပြီ။ ဟောဒီရေခွက်ထဲက ကျောက်စရစ်ခဲနဲ့ မိစ္ဆာကောင်ကို ပေါက်လိုက်မယ်။ ကဲ ... လာဟေ့"

"အား ... ပူလိုက်တာ ... ပူလိုက်တာ"

ဖျာပေါ်တွင် အော်ဟစ်ကာ လူးလိမ့်နေသည်။ မြညွန့်၏ မျက်လုံးအိမ်တွင် ချစ်လင်အတွက် ယူကျုံးမရ ဖြစ်မိသည်။ လူးလိမ့်ကာ ခံစားနေရသော သူ့ခန္ဓာကိုယ်ကြီးက မြင်နေရ၍ ကြေကွဲစွာ ခံစားရသည်။

"ကဲ ..။ ပြော ... ပြောစမ်း။ နင်ဘယ်သူလဲ ပြောလေ။ မပြောရင် ဒီ့ထက်နာလိမ့်မယ် ပြောစမ်း"

လူးလိမ့်နေသော ကိုဝေလ၏ ခန္ဓာကိုယ်ကြီးမှာ အော်ဟစ်ရင်းက မျက်ရည်တွေ စီးကျလာသည်။

"သယ် ... ငါ့ကို အာခံနေတုန်းလား။ နောက်ထပ် နာချင်ပြန်ပြီနဲ့တူတယ် ... ကဲ"

ရေမန်းခွက်ထဲမှ ကျောက်စရစ်ခဲနှင့် ထပ်ပြီးပေါက်လိုက်သည်။

"အား ... ကြောက်ပါပြီ ... ကြောက်ပါပြီ။ ပူလိုက်တာ၊ ပူလိုက်တာ"

"ပြော ... ပြောစမ်း။ နင်ဘယ်သူလဲ"

"ကျုပ် ... ကျုပ် .. အဲဒီက ငမည်းပါ။ အစာမစားရတာကြာလို့ ဒီကောင်သေတာနဲ့ ပူးဝင်လိုက်တာ"

"ဒါဆို နင်က ဒီအိမ်နဲ့ ဘာမှ မဆိုင်ဘူး။ နင့်နေရာ နင်ပြန်သွားဖို့ ငါပြောတယ်။ ငါ့အမိန့်၊ ငါ့ဆရာအမိန့်၊ အထက်ဆရာကြီးများရဲ့အမိန့်"

"ကျုပ် အစာဝဝ စားချင်လို့ပါ။ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး။ နေပါရစေ"

"မရဘူး။ မင်းနဲ့ဒီအိမ် ဒီခြံဝင်းနဲ့က ဘာမှပတ်သက်စရာမရှိဘူး။ ကိုယ့်နေရာ ကိုယ်ပြန်တော့"

ငိုရင်း ငိုရင်း လူးလိမ့်နေသော ကိုဝေလ၏ ခန္ဓာကိုယ်ကြီးမှ ဖျာကြမ်းပေါ်တွင် ငြိမ်သက်လို့သွားသည်။ ထို့နောက် တဖြည်းဖြည်း ရုပ်အလောင်းကြီးမှာ ဖောင်းပွရာမှ အသားအရေတို့ ကွဲအက်ပြီး ပုပ်စော်နံလာသည်။

"ကဲ ... ဒီရုပ်က ဝေလရဲ့ ရုပ်အလောင်းပဲ။ ရွာပြင်ထုတ်ပြီး မီးသဂြိုဟ်ရအောင် စီစဉ်ကြ"

* * *

ကိုဝေလ၏ ရုပ်လောင်းအား မီးသဂြိုဟ်ပြီးနောက် အိမ်ပြန်လာသည့် အခါတွင် အိမ်ထဲတွင်ရှိသော မြညွန့်အား တစ်ဦးတစ်ယောက်က စောင့်ကြည့်နေသလို ခံစားရသည်။

"မြလေးရေ ... မြလေး၊ ကျုပ် မင်းရဲ့အနားမှာရှိတယ်။ မင်းနဲ့ ဝေးဝေးမှာ မနေနိုင်လို့ပါ။ မြလေးကို ချစ်လွန်းလို့ စောင့်ရှောက်နေမှာပါ"

နားထဲတွင် ကိုဝေလ၏အသံကို ခပ်ဝေးဝေးက ကြားရသလိုလို အနီးကပ်ပြီး လာပြောသလိုလို ခံစားရသည်။ တစ်ယောက်တည်းရှိနေသည့် အိမ်အတွင်း၌ မြညွန့်ခန္ဓာကိုယ်လေးမှာ ချမ်းစိမ့်စိမ့်ဖြင့် ကြက်သီးမွေးညင်းထသွားလေတော့သည်။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com


မြင့်စေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ◆အနာကြီးရောဂါ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာ ဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တောက်ရိုပ်ငြိမ်၊


မျှော်ကုန်-အင်းစိန်လမ်းမကြီး၊ ဂုလားကျောင်းမှတ်တိုင်၊ အမိုင်း၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၀၉

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊

မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃



# ဆရာဝင်း(သာကီနွယ်)





# ဂမ္ဘီရဆိုင်ရာ

## ဆောင်းပါးများ (ထွက်ပြီ)

## အမှတ်စဉ်(၃)

ဖြန့်ချိရေး - ရွှက်စိမ်းစာပေ၊ အမှတ်(၄၃/အေ)၊ မြေညီထပ်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မောင်ဘာဘာစိန်

မင်းသိင်္ခ

(ယခင်လမှအဆက်)

အိမ်သို့ရောက်သောအခါ မောင်ဘာဘာစိန်သည် မေရီအား ဆူပူကြိမ်းမောင်းလေ၏။

"ငါ့စကား နားမထောင်ချင်ရင် ငါနဲ့ မနေနဲ့ ဆင်းသွား၊ ငါလည်း မိန်းမယူမယ်"

ဟု ပြောလိုက်မိလေ၏။ ထိုနေ့မှစ၍ မေရီသည် အစာကို လုံးပမစားတော့သည့်အပြင် အလမ္မာယ်ပြု၍လည်း မရတော့ပေ။ ဤသို့ သုံးလေးရက်ခန့် စိတ်ကောက်ပြီး တစ်ညတွင် ခြံပ်အတွင်းမှ တိတ်တဆိတ် ထွက်ပြေးလေတော့၏။

ထိုသို့ မေရီ ထွက်ပြေးခြင်းကြောင့် မောင်ဘာဘာစိန်သည် ကျွန်ုပ်ထံသို့ လာရောက်၍ ဗေဒင်မေးခဲ့ခြင်းဖြစ်၏။

မောင်ဘာဘာစိန်လည်း မေရီသွားမည်ထင်သော နေရာများသို့ သွားရောက်ကာ ၎င်း၏ ဘူးသီးချောင်း ပလွေကြီးကို မှုတ်၍ မေရီအား ခေါ်လေ၏။ သို့ရာတွင် မေရီအား ပြန်လာခြင်း မရှိတော့ပေ။ ထို့ကြောင့် မောင်ဘာဘာစိန်သည် မိတ္ထီလာသို့ ခေတ္တသွားရောက်ကာ မြွေပေါက်မလေးတစ်ကောင်ကို ဖမ်းဆီး၍ လှေကျှင့်သင်ကြားရပြန်ပေ၏။ ထိုမြွေပေါက်မလေးကိုလည်း 'ဂျင်နီသပွော' ဟု အမည်ပေးထားလေ၏။

မောင်ဘာဘာစိန်သည် ဂျင်နီကို ကောင်းစွာလှေကျှင့်ပြီးသောအခါ၌ တောင်ကြီးမြို့သို့ ပြန်လာလေ၏။ တောင်ကြီးမြို့သို့ ရောက်သည့်နေ့၌ပင် သစ်တောရပ်တွင် နေထိုင်သော မိန်းကလေးတစ်ဦး မြွေကိုက်ခံရကြောင်း သတင်းကြားရသဖြင့် မောင်ဘာဘာစိန်သည် ထိုအိမ်သို့ စုံစမ်း၍ သွားလေ၏။

ထိုအိမ်သို့ ရောက်သောအခါ လူနာရှင်အား မိမိသည် မြွေဆရာ ဖြစ်ကြောင်း၊ လူနာအား ကြည့်လိုကြောင်း ပြော၍ လူနာမိန်းကလေးအား ဝင်ရောက်ကြည့်ရှုရာ အဆိပ်သည် တစ်ကိုယ်လုံး ပျံ့နှံ့၍ နှလုံးကိုပင် ထိခိုက်နေပြီဖြစ်ကြောင်း သိရသဖြင့် လူနာရှင်များအား ဆေးရုံသို့ ပို့၍လည်း အသက်ကို ရနိုင်တော့မည် မဟုတ်ကြောင်း ပြောပြပြီးလျှင် မိန်းကလေး 'ဘာအလုပ် လုပ်သလဲ'၊ 'နာမည် ဘယ့်နှယ်ခေါ်သလဲ'၊ 'ဘယ်လိုအကိုက်ခံရတာလဲ' စသည်ဖြင့် မေးရာ…

မိန်းကလေးမိဘများက…

"ဈေးမှာ ပိုးထည်ဆိုင်ရှိတယ်၊ ဆိုင်ထွက်တာပေါ့၊ မြွေက သူ့ကုတင်ပေါ်တက်ပြီး ကိုက်တာ၊ သူ့အော်လို့ ကျုပ်က ပြေးပြီးဝင်လာတော့ ကုတင်ပေါ်မှာ မြွေကြီးကို တွေ့ရသေးတယ်၊ မြွေပေါက်ကြီး၊ ကျုပ် သေသေချာချာ မြင်ပါတယ်။ အခန်းထဲမှာကလည်း ရိုက်ဖို့ လက်နက်က မရှိလေတော့ အပြင်ထွက် တုတ်ယူပြီး ပြန်လာတော့ မြွေက မရှိတော့ဘူး။ မြွေရဲ့အမြီးမှာ အဝါပြောက်တွေ ပါတယ်။ ကျုပ်သမီးကတော့ သူ့လက်ချက်နဲ့ လဲနေပြီ"

ဟု မိန်းကလေး၏ ဖခင်က ပြောလေ၏။ မြွေပေါက်တွင် အမြီးပိုင်း၌ အဝါစက်များ ပါလေ့မရှိပေ။ မောင်ဘာဘာစိန်ထံမှ ပျောက်ဆုံးသွားသော 'မေရီ'၌မူ ထိုသို့သော အဝါပြောက်များ ပါလေ၏။ ထို့ကြောင့် ၎င်း၏စိတ်တွင် အနည်းငယ် စနိုးစနောင့်ဖြစ်၍သွားလေတော့၏။

"နေပါဦး၊ မိန်းကလေးရဲ့ နာမည်က ဘယ့်နှယ်ခေါ်သလဲ"

ဟု မောင်ဘာဘာစိန်က မေးလိုက်လေ၏။

"မယဉ်နွဲ့လို့ ခေါ်ပါတယ်"

www.burmeseclassic.com

ဟု မိန်းကလေး၏ မိခင်က ဝင်၍ပြောလေ၏။

"ဗျာ"

ဟု မောင်ဘာဘာစိန်သည် ယောင်၍ အော်မိလေတော့၏။ ထို့နောက် ၄င်းသည် မိန်းကလေးအတွက် ဆုမွန်ကောင်း တောင်းကာ ပြန်ခဲ့လေတော့၏။ အိမ်သို့ရောက်သောအခါ၌ မောင်ဘာဘာစိန်သည် ပစ္စည်းများကို သိမ်းဆည်း၍ ပြန်မည်လုပ်ရာ ပခြုပ်အတွင်းမှ မြွေဟောက်မလေး ဂျင်နီသည် ရှူးခနဲ အသံပြု၍ ထွက်လာသဖြင့် ပခြုပ်အတွင်းသို့ထည့်ကာ အဖုံးကိုပိတ်ရင်း...

"ဒီမှာဆက်ပြီး နေလို့မဖြစ်ဘူး ဂျင်နီရေ၊ ဟိုကောင်မ လူသတ်မှု ကျူးလွန်လိုက်ပြီဆိုတော့ တို့ဘက်ကို အမှုပတ်လာနိုင်တယ်၊ နို့မဟုတ်ရင်တော့ နင့်ကို တောင်ကြီးဈေးနဲ့ မင်္ဂလာဈေးကို ပြမလို့ပါပဲ။ အဲဒီမှာပဲ နင်တို့မိန်းကလေးတွေ သဘောကျတဲ့ အထည်အဝတ်တွေ ပေါင်စုံရှိလေရဲ့။ ဒါပေမဲ့ မကြည့်ချင်ပါနဲ့တော့၊ အမှုပတ်လာလိမ့်မယ်"

ဟု ပြောဆိုကာ တောင်ကြီးမြို့၌ နေထိုင်ခြင်းမပြုတော့ဘဲ မန္တလေးဘက်သို့ ခြေဦးလှည့်ခဲ့လေတော့၏။

မောင်ဘာဘာစိန်သည် တစ်နှစ်ခန့် မန္တလေးတွင် နေထိုင်ကာ မြွေလမ္ဗာယ်ပြလေ၏။ ညနေပိုင်းသို့ ရောက်သောအခါ၌ မြွေများကို သိမ်းဆည်းကာ ရေမိုးချိုးပြီးလျှင် ကျုံးနံဘေး၌ လမ်းလျှောက်လေ၏။ ထိုသို့ လမ်းလျှောက်ပြီး နေဝင်သွားသောအခါ၌မူ 'ချစ်တီး'ဆိုင်သို့ သွားရောက်၍ ထမင်းစားပြီးကာမှ အိမ်သို့ ပြန်လာလေ့ရှိလေ၏။

တစ်နေ့သ၌ ကျုံးနံဘေးတွင် လမ်းလျှောက်ရင်း မျက်နှာချင်းဆိုင်မှ လာသော မိန်းကလေးတစ်ဦး ချော်လဲသည်ကို တွေ့မြင်ရလေ၏။ ထိုမိန်းကလေးသည် ချော်လဲရာမှ တော်တော်နှင့် ပြန်၍မထနိုင်သည်ကိုလည်း တွေ့ရလေ၏။ ထို့ကြောင့် မောင်ဘာဘာစိန်သည် ထိုမိန်းကလေးထံသို့ ပြေးသွားကာ အကူအညီပေးလေ၏။

ထိုမိန်းကလေးသည် ခြေထောက်ပွတ်တိုင်လည်၍သွားခြင်းဖြစ်၏။ မောင်ဘာဘာစိန်သည် မြင်းလှည်းငှား၍ ထိုမိန်းကလေးအား မြင်းလှည်းနှင့်တင်ကာ တရုတ်သမားတော်ကြီး တစ်ဦးထံ ခေါ်သွားလေ၏။ တရုတ်သမားတော်ကြီးလည်း 'ရပါတယ်' ဟု ဆိုကာ ကုသပေးလေ၏။

တစ်ပတ်မျှ နေ့စဉ်လာ၍ ပြရလေ၏။ မောင်ဘာဘာစိန်လည်း မိန်းကလေးအား နေ့စဉ် လာရောက်ကူညီပေးလေ၏။ မိန်းကလေးမှာ မုံရွာဘက်မှ ဖြစ်ပြီးလျှင် မန္တလေးတွင် ရှိသော အဒေါ်ထံသို့ ခေတ္တလာရောက် နေထိုင်ကြောင်း သိရလေ၏။ ထို့ပြင် ကျောင်းဆရာမ အလုပ်ကို လျှောက်ထားသည်ဖြစ်ရာ လကုန်သည့်အခါ၌ အလုပ်ဝင်ရမည် ဖြစ်ကြောင်းကိုလည်း သိရလေ၏။ မိန်းကလေး၏အမည်မှာ 'မယဉ်လှ' ဟူ၍ ဖြစ်၏။

မောင်ဘာဘာစိန်သည် ကူညီရာမှ အစပြု၍ မယဉ်လှနှင့် ရင်းနှီးခြင်းသို့ ရောက်လေ၏။ တစ်နေ့သ၌ 'မယဉ်လှ'က...

"ကိုဘာဘာစိန်ရယ်...'လှ' သွားရမယ့်နေရာက ရွှေဘောင်မှာ၊ အဲဒီကို 'လှ' တစ်ခါမှ မရောက်ဖူးဘူး၊ 'လှ'ဖြင့် အဲဒီကို သွားရမှာ ကြောက်လိုက်တာ"

ဟု ပြောလေ၏။

"ဒီအတွက်တော့ မပူပါနဲ့ ဆရာမရယ်၊ ကျုပ်က အဲဒီကို အရင်သွားနှင့်မယ်၊ အိမ်ငှားထားနှင့်မယ်၊ ဆရာမ လာတဲ့အခါမှာ အဆင်သင့် နေရုံပဲ"

ဟု မောင်ဘာဘာစိန်က ပြောလေ၏။ ဆရာမလေး မယဉ်လှကလည်း မောင်ဘာဘာစိန်၏ အစီအစဉ်ကို လွန်စွာသဘောကျလေ၏။

"ကိုဘာဘာစိန်က သိပ်ကို အားကိုးရတာပဲ"

ဟုလည်း ပြောလေ၏။

မောင်ဘာဘာစိန်လည်း ၄င်း၏ မြွေပခြုပ်များကို သိမ်းဆည်းကာ နောက်တစ်နေ့၌ ရွှေဘောင်သို့ သွားခဲ့လေ၏။ ရွှေဘောင်မြို့သို့ ရောက်သောအခါ၌ အိမ်တစ်အိမ် ငှားရမ်း၍ ရှင်းလင်းလေ၏။ ပြီးလျှင် ဆရာမလေး မယဉ်လှကို စောင့်မျှော်နေလေတော့၏။

လကုန်သောအခါ၌ ဆရာမလေး မယဉ်လှ ရောက်ရှိလာလေ၏။ ဆရာမလေးသည် မောင်ဘာဘာစိန် ငှားရမ်းထားသော အိမ်ကို လွန်စွာသဘောကျလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်လိုက်တာ ကိုဘာဘာစိန်ရယ်၊ အိမ်ကလေးကလည်း သပ်သပ်ရပ်ရပ်ရှိတာ လွန်ပါရော၊ ဘုရားဆောင်လေးလည်း သစ်သစ်ပါသေးတယ်၊ ဝင်ကြည့်ဦးမှ…"

ဟု ဆိုကာ ဆရာမလေး မယဉ်လှသည် ဘုရားဆောင်ဘက်သို့ ဝင်လိုက်ရာ ကြမ်းပြင်ပေါ်၌ ကျနေသော လေထီးကြိုးပြတ်အစကို တွေ့လျှင် မြွေဟု ထင်မှတ်၍…

"အမယ်လေး…မြွေကြီး"

ဟု အော်ဟစ်ကာ မောင်ဘာဘာစိန်အား လှည့်၍ဖက်လိုက်လေ၏။ မောင်ဘာဘာစိန်လည်း မယဉ်လှ လန့်၍အော်လိုက်သော အရာကို ကြည့်လိုက်ရာ လေထီးကြိုးအပြတ်ကလေး ဖြစ်မှန်းသိလျှင်…

"ဆရာမလေးကလည်းဗျာ ကြိုးစပါဗျ၊ ဘယ်ကလာ မြွေရမှာလဲ၊ ကြိုးကိုတွေ့တာတောင် ဒါလောက်လန့်ပြီးအော်ရင်တော့ တကယ့်မြွေဆိုရင် ဘယ်လိုနေမယ် မဆိုနိုင်ဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆရာမလေးက…

"တကယ့်မြွေကိုသာ အခုလောက် နီးနီးနားနား တွေ့ရရင်တော့ လိပ်ပြာလွင့်သွားမလား မဆိုနိုင်ဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဘာဘာစိန်၏ စိတ်၌…

"ငါ့ရဲ့ မြွေပခြုပ်ကြီးကို ငါ့အသိ ဆရာဦးမြတ်ထွန်းတို့အိမ်မှာ သွားပြီးအပ်ထားလို့ တော်သေးတာပေါ့၊ ရှိခဲ့ရင်တော့ မညားခင်က ကွဲနှင့်ပြီ ဆိုတာလို ဖြစ်သွားတော့မှာပဲ"

ဟု တွေးမိသဖြင့် ပြုံးလိုက်လေတော့၏။

မောင်ဘာဘာစိန်သည် ၎င်း၏ မိတ်ဆွေကြီး ဆရာဦးမြတ်ထွန်း ဆိုသူထံ၌ တည်းခိုကာ ဆရာမလေးထံသို့ နေ့တိုင်း လာလေ၏။ ဆရာမလေးကို နေ့စဉ်နေ့တိုင်း ကျောင်းသို့ လိုက်ပို့၏။ ကျောင်းအပြန် ကြိုပေး၏။ ဤသို့နှင့်ပင် မောင်ဘာဘာစိန်နှင့် ဆရာမလေးတို့သည် တစ်ဦးကိုတစ်ဦး သဲသဲမဲမဲ စွဲစွဲမြဲမြဲ ချစ်ကြိုက်သော ချစ်သူများ အဖြစ်သို့ ရောက်ရှိသွားကြလေတော့၏။

မောင်ဘာဘာစိန်သည် ဆရာမလေး တွေ့မြင်သွားမည်စိုးသဖြင့် ၎င်း၏ မြွေလမ္ဘာယ်ပြခြင်း လုပ်ငန်းကို ရွှေညောင်မြို့ပေါ်၌ ပြုလုပ်ခြင်း မရှိပေ။ ဟဲဟိုး၊ အောင်ပန်း၊ ကလော စသော နေရာများသို့သာ သွားရောက်၍ ပြသလေ၏။ ဆရာမလေးကိုမူ ၎င်းသည် ဓာတ်စာဖြင့် ဆေးဝါးကုသသော ဆရာတစ်ဦးဟု လိမ်ညာ၍ ပြောထားလေ၏။ ဆရာမလေးကလည်း ထိုအတိုင်းပင် ယုံကြည်နေလေ၏။

တစ်နေ့သ၌ မောင်ဘာဘာစိန်သည် ဟဲဟိုးဘူတာရုံရှေ့၌ မြွေလမ္ဘာယ် ပြသနေလေ၏။ ထိုနေ့က ဆရာမလေးမှာလည်း ၎င်းနှင့် တစ်ကျောင်းတည်း စာသင်ပြဘက် ဖြစ်သော ကရင်ဆရာမလေး မရိုစီ ဆိုသူသည် အောင်ပန်းမြို့၌ ကလေးမျက်နှာမြင်ကြောင်း သိရသဖြင့် ကျောင်းသူကလေးတစ်ဦးကို အဖော်လုပ်ကာ မော်တော်ကားကြုံဖြင့် အောင်ပန်းမြို့သို့ သွားရောက်ခဲ့လေ၏။ အောင်ပန်းသို့ ရောက်သောအခါ၌ မရိုစီ၏ မွေးကင်းစကလေးအား လက်ဆောင်ပစ္စည်းများပေးကာ ပြန်ခဲ့လေ၏။ အပြန်တွင် မီးရထားနှင့် ကြုံသဖြင့် အောင်ပန်းဘူတာမှ ရွှေညောင်သို့ မီးရထားဖြင့် လိုက်ပါခဲ့လေ၏။ ဟဲဟိုးဘူတာသို့ ရထားဝင်သောအခါ အခါ၌ မောင်ဘာဘာစိန်သည် မြွေလမ္ဘာယ်ပြ၍ ကောင်းတုန်းပင် ရှိသေး၏။

ရထားပေါ်တွင် လိုက်ပါလာသော ဆရာမလေးက သူ၏ တပည့်မလေးအား 'ဟိုနားက လူစုစုဟာ ဘာလုပ်နေတာတုံး' ဟု မေးလိုက်လေ၏။

ကျောင်းသူကလေးလည်း လှမ်းမျှော်ကြည့်ရှုလိုက်ရာ လူတစ်ယောက်သည် မြွေကြီးတစ်ကောင်ကို လည်ပင်း၌ပတ်၍ မြွေလမ္ဘာယ် ပြနေသည်ကို တွေ့ရသဖြင့်…

"မြွေလမ္ဘာယ် ပြနေတာပါ ဆရာမ"

ဟု ပြောလိုက်လေ၏။ ဆရာမလေးက…

"ဆရာမဖြင့် မြွေကို ကြောက်လွန်းလွန်းလို့ မကြည့်ရဲပေါင်"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ပင် ရထားသည် တဖြည်းဖြည်း ဖြတ်သွားကာ ဆရာမလေးတို့၏

www.burmeseclassic.com

ရထားပြတင်းပေါက်နှင့် မြွေလမ္ဘာယ်ဆရာ မောင်ဘာဘာစိန် မြွေလမ္ဘာယ်ပြနေသည့် နေရာသို့ တည့်တည့်မတ်မတ် ရောက်သွားသောအခါ၌ ရထားသည် ရပ်လိုက်လေတော့၏။

ဆရာမလေးသည် မြွေကို မြင်မိမည်စိုးသဖြင့် တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်လေ၏။ ကျောင်းသူကလေးကမူ မြွေလမ္ဘာယ်ကို ကြည့်ချင်လွန်းသဖြင့် ဆရာမလေး၏ ပခုံးကို ကျော်၍ ကြည့်လိုက်လေ၏။ ထိုသို့ ကြည့်လိုက်ပြီးနောက်...

"ဟောတော့ ဆရာမရေ မြွေလမ္ဘာယ်ပြတဲ့ လူကြီးဟာ တခြားလူမှ မဟုတ်ဘဲ၊ ဆရာမကို ကျောင်းမှာ လာလာပြီးကြိုတဲ့ လူကြီးပဲ"

ဟု ပြောလိုက်ရာ ဆရာမလေးလည်း...

"ကိုဘာဘာစိန်လား"

ဟု ပြောဆိုကာ မြွေလမ္ဘာယ်ဝိုင်းဆီသို့ လှည့်၍ကြည့်လိုက်မိရာ ၎င်းလွန်စွာချစ်သော မောင်ဘာဘာစိန်၏ လည်ပင်း၌ ၎င်းလွန်စွာမုန်း၍ လွန်စွာမှလည်း ကြောက်ရွံ့သော မြွေဟောက်ကြီးတစ်ကောင် ပတ်၍နေသည်ကို တွေ့ရလေ၏။

ထိုဆန့်ကျင်ဘက် အရာနှစ်ခုသည် ဆရာမလေး၏ အသည်းနှလုံးကို ဆွဲလှုပ်ခါရမ်းဘိသကဲ့သို့ ရှိလေ၏။ ဆရာမလေးသည် ကြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ အံ့သြခြင်း စသော ဝေဒနာပေါင်းစုံကို တစ်ပြိုင်နက်တည်း ခံစားရလေတော့၏။ ထို့ကြောင့် မျက်ရည်များ တတွေတွေ စီးကျလာလေ၏။ ကိုယ်သည် တသိမ့် သိမ့် တုန်၍နေလေ၏။

မောင်ဘာဘာစိန်မှာမူ လုံးဝမသိရှာပေ။ သူ၏မြွေကြီးကို လည်ပင်း၌ပတ်လျက် ပရိသတ်အား အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် စကားပြောနေလေ၏။

ဆရာမလေးသည် ဆက်လက်၍ သည်းမခံနိုင်တော့ဘဲ...

"ကိုဘာဘာစိန်"

ဟု လှမ်း၍ခေါ်လိုက်လေတော့၏။ မောင်ဘာဘာစိန်လည်း အသံလာရာဆီသို့ ကြည့်လိုက်ရာ ၎င်း၏ချစ်သူ ဆရာမလေးဖြစ်ကြောင်း သိရလျှင် လွန်စွာအံ့အားသင့်၍သွားလေ၏။ ထိုအချိန်၌ပင် ရထားသည် ဥသြဆွဲ၍ စတင်ခုတ်မောင်းလေပြီ ဖြစ်လေ၏။

မောင်ဘာဘာစိန်သည် ဆရာမလေးအား တစ်စုံတစ်ရာ ရှင်းပြရန် ကြိုးစားသေး၏။ သို့ရာတွင် ဆရာမလေးသည် ၎င်းအား မကြည့်တော့ဘဲ ရထားပြတင်းပေါက်ကို ဆွဲချပိတ်လိုက်ပြီ ဖြစ်လေတော့၏။

မောင်ဘာဘာစိန်သည် သူ၏ မြွေဟောက်ကြီးအား သိမ်းဆည်းကာ ရွှေညောင်သို့ ကားကြုံဖြင့် လိုက်ပါခဲ့လေ၏။ ရွှေညောင်သို့ ရောက်လျှင် ရောက်ချင်း ဆရာဦးမြက်တွန်း ဆိုသူ၏အိမ်၌ မြွေပခြုပ်ကိုထားကာ ဆရာမလေးအိမ်သို့ ခြေကုန်သုတ်၍ ပြေးလေတော့၏။ ဆရာမလေးသည် ခုတင်ပေါ်၌မှောက်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေသည်ကို တွေ့ရလေ၏။

မောင်ဘာဘာစိန်သည် ဆရာမလေး၏ အခန်းတွင်းသို့ မရဲတရဲနှင့် ဝင်သွားပြီးလျှင်...

"ကျုပ်ကို ခွင့်လွှတ်ပါ ဆရာမလေး၊ ကျုပ် ဆရာမလေးကို တကယ်ချစ်ပါတယ်၊ ပြီးတော့ ကျုပ်ရဲ့ အသက်မွေးဝမ်းကျောင်းဟာလည်း အဲဒီမြွေတွေပဲ။ ကျုပ်တတ်တာလည်း အဲဒီမြွေတွေရဲ့ အကြောင်းပဲ"

ကျုပ်ရဲ့မြွေတွေဟာ ဆရာမလေးကို လုံးဝဒုက္ခမပေးဘူး ဆိုတာလည်း ကျုပ်တာဝန်ယူပါတယ်။ ကျုပ်ဟာ ခိုးမစားဘူး၊ ဘိုက်မစားဘူး၊ လိမ်မစားဘူး၊ ကျုပ်တတ်တဲ့ မြွေပညာနဲ့ ရိုးရိုးသားသား မြွေပြစားတယ်၊ ရိုးသားမှုကို မြတ်နိုးတယ်၊ ကျုပ်ရဲ့ အချစ်ကို အလေးအနက်ထားတယ်ဆိုရင် ခွင့်လွှတ်ပါ ဆရာမလေး"

ဟု ပြောဆို တောင်းပန်လေ၏။

ဆရာမလေးသည် ငိုမြဲတိုင်း ငို၍နေလေ၏။ မောင်ဘာဘာစိန်လည်း ချော့၍ တောင်းပန်လေ၏။ ထိုအခါ ဆရာမလေးသည်...

"ဒီမှာ ကိုဘာဘာစိန် ရှင်ဟာ ပညာသင်ခဲ့ဖူးတယ် မဟုတ်လား"

ဟု ဆရာမလေးက မေးလိုက်လေ၏။

"ကျောင်းနေဖူးလားလို့ မေးတာလား ဆရာမလေး"

ဟု မောင်ဘာဘာစိန်က ပြန်မေးလိုက်လေ၏။

"ဟုတ်တယ်၊ အဲဒါကို မေးတာပဲ"

www.burmeseclassic.com

ဟု ဆရာမလေးက ပြန်၍ပြောလျှင် မောင်ဘာဘာစိန်က…

"နေဖူးပါတယ် ဆရာမ၊ ကျုပ်ရဲ့ မွေးစားအဖေ မြွေဆရာကြီးက ကျောင်းထားပေးလို့ ဆယ်တန်းအောင်တဲ့အထိ နေခဲ့ဖူးပါတယ်။ ကျုပ် ဆယ်တန်းအောင်တဲ့နှစ်မှာပဲ ကျုပ်ရဲ့ မွေးစားဖခင်ကြီး ဆုံးသွားရှာတယ်။ အဲဒီကတည်းကိုက ကျုပ်ဖခင်ကြီး သင်ပေးထားခဲ့တဲ့ မြွေပညာနဲ့ ကျုပ်ရဲ့ မွေးစားမိခင်ကြီးကို ကျုပ် ရှာကျွေးလာခဲ့တာပဲ။ ဒါဟာ ဆရာမလေး ကျုပ်ကို မချစ်နိုင်တဲ့ အပြစ်တစ်ခု မဟုတ်ဘူးလို့ ကျုပ် ယူဆပါတယ်"

ဟု ပြောလိုက်လေ၏။

ဆရာမလေးလည်း အိပ်ရာမှ ငေါက်ခနဲ ထပြီးလျှင်…

"ဒီမှာ ကိုဘာဘာစိန်၊ ရှင့်ကို မြွေလမ္ဘာယ်ဆရာတစ်ယောက် ဖြစ်တယ်ဆိုတဲ့ အချက်နဲ့တော့ ကျွန်မက စုန်းသွားစရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ ရှင် တစ်ခုစဉ်းစားကြည့်စမ်းပါ၊ ကျွန်မက ကြိုးစကို မြင်ရင်တောင် မြွေမှတ်လို့ အော်တဲ့ မိန်းမရှင့်၊ ရှင့်လို မြွေလမ္ဘာယ်ဆရာတစ်ယောက်ကို ဘယ်လိုလုပ်ပြီး လင်တော်ဝံ့ပါမတုံး စဉ်းစားကြည့်စမ်းပါဦး ကိုဘာဘာစိန်ရယ်"

ဟု ပြောလေတော့၏။

"ကျုပ် အလေးအနက် စဉ်းစားပြီး အဖြေပေးပါ့မယ် ဆရာမလေး"

ဟု ပြောဆိုကာ ဆရာဦးမြတ်ထွန်း၏အိမ်သို့ ပြန်သွားလေတော့၏။

မောင်ဘာဘာစိန်သည် သူ လွန်စွာချစ်သော မြွေနှင့် မြွေကို လွန်စွာမုန်းသော သူ၏ ချစ်သူကို နှလုံးသား မေတ္တာချိန်ခွင်၌ အပြန်ပြန်အလှန်လှန် ချိန်စက်၍ ကြည့်နေလေ၏။ ချိန်ခွင်ဘောင်သည် တန်း၍နေသည်သာ မပြောတတ်။ မြွေနှင့် မြွေကိုမုန်းသော သူ၏ချစ်သူ၊ မည်သည့်ဘက်သို့ လိုက်ရပါမည်ကို မဆုံးဖြတ်နိုင်အောင် ရှိလေတော့၏။

ထိုအချိန်အတွင်း၌ပင် ဆရာမလေးလည်း နေထိုင်မကောင်းဖြစ်ကာ ကျောင်းမှ ခွင့်ယူ၍ အိမ်၌ပင် နေရလေ၏။

မောင်ဘာဘာစိန်မှာလည်း တစ်လကြာသည့်တိုင်အောင် အဖြေမပေးနိုင်ဘဲ ရှိလေ၏။ သို့ရာတွင် ဆရာမလေး အတော့်ကို မကျန်းမမာ ဖြစ်နေကြောင်း သိရလျှင် ဆရာမလေး အိမ်သို့ သွားရောက်ခဲ့လေတော့၏။

ထိုအခါ ဆရာမလေးက အသံယဲ့ယဲ့ကလေးဖြင့်…

"ကိုဘာဘာစိန် စဉ်းစားဆုံးဖြတ်ပြီးပြီပေါ့"

ဟု မေးလိုက်လေ၏။

"မဆုံးဖြတ်ရသေးပါဘူး ဆရာမလေးရယ်၊ အဲဒီအတွက် ကျုပ်ကို ခွင့်လွှတ်ပါ"

ဟု မောင်ဘာဘာစိန်က ပြောလိုက်လေ၏။ ထိုအခါ ဆရာမလေးက သက်ပြင်းချ၍…

"ကိုဘာဘာစိန် မြတ်နိုးတဲ့ အလုပ်တစ်ခုကို 'လှ' အနေနဲ့ စွန့်လွှတ်ခိုင်းရတာ အမှန်တော့ မပြောရက်ပါဘူး ကိုဘာဘာစိန်ရယ်၊ ဒါပေမဲ့ ကိုဘာဘာစိန်ကို 'လှ' သိပ်ပြီးချစ်ပါတယ်။ 'လှ'လေ ကိုဘာဘာစိန်နဲ့ မလွဲချင်ဘူး၊ ပေါင်းရချင်တယ်၊ ဒါပေမဲ့ 'လှ' မြွေတွေကို သိပ်ကြောက်တယ်။ ဒီမှာ ကိုဘာဘာစိန် 'လှ'ကိုယူပါ၊ မြွေတွေနဲ့လည်း အလုပ်မလုပ်ပါနဲ့။ 'လှ'ကပဲ ရှာကျွေးပါရစေ။ ကဲ… မကျေနပ်သေးဘူးလား။ ဒါကိုမှ ကိုဘာဘာစိန်က မလိုက်လျောဘူး ဆိုရင်တော့ 'လှ'ကို တကယ်ချစ်တာ မဟုတ်ဘဲနဲ့ အပျော်သဘောကြံတာပဲလို့ 'လှ'ဘက်က ထင်ရမလို ဖြစ်နေပြီ။ လေးလေးနက်နက် စဉ်းစားပါ ကိုဘာဘာစိန်"

ဟု ပြောဆိုကာ ဆရာမလေး မယဉ်လှသည် မောင်ဘာဘာစိန်၏ ရင်ခွင်တွင်းသို့ တိုးဝင်သွားလေတော့၏။

ထိုအခါ၌ မောင်ဘာဘာစိန်၏ နှလုံးသားချိန်ခွင်ကြီးသည် ဆရာမလေး မယဉ်လှဘက်သို့ အလေးသာ၍ သွားလေတော့၏။

"ကဲဗျာ၊ ဆရာမလေးကို ကျုပ်ယူမယ်၊ ကျုပ် မြွေတွေကို စွန့်လွှတ်လိုက်တော့မယ်၊ ကျုပ်ကို အချိန်ပေးပါ"

ဟု ဆိုကာ မောင်ဘာဘာစိန်သည် နောက်တစ်နေ့၌ပင် ဆရာဦးမြတ်ထွန်းအိမ်၌ အပ်နှံထားသော မြွေပခြုပ်ကြီးကို ယူကာ ၄င်း၏ မွေးစားမိခင်ကြီးရှိရာ ကျောက်ပန်းတောင်းမြို့သို့ ပြန်သွားပြီးလျှင် မိခင်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com

အကျိုးအကြောင်းပြော၍ ပခြုပ်ကြီးနှင့် တကွ ပခြုပ်အတွင်းမှ မြွေဟောက်မ လေး ဂျင်နီကိုပါ အပြီးအပိုင် အပ်နှံ လိုက်လေတော့၏။

ထိုအခါ ၎င်း၏ မွေးစားမိခင် ကြီးက…

"ဒီမှာ လူကလေး၊ မြွေလမ္မာယ် ဆရာအလုပ်ဟာ သိပ်ပြီးနတ်ကြီး တယ်ကွယ့်။ မိန်းမယူမှာမို့ မိန်းမက မြွေကြောက်တာနဲ့ ဒီအလုပ်ကို မင်းက ရပ်ပစ်တော့မှာလား၊ မဖြစ်နိုင်ပါဘူး လူကလေးရယ်။ တစ်နေ့မှာ မင်းဟာ မြွေလမ္မာယ်ကို ပြန်ပြီးပြရမှာပဲ။ တိုင်း ပြည်မှာ တခြားအလုပ်တွေက လုပ်နိုင် တဲ့ လူတွေက တစ်ပြုံတစ်ခေါင်းကြီး ပါကွယ်။ မြွေလမ္မာယ်ဆရာအလုပ် ဆိုတာကတော့ လူတစ်သိန်းမှာ တစ်ယောက် လုပ်နိုင်တဲ့ လုပ်ငန်းမျိုး မဟုတ်ဘူးကွယ့်။ တခြားလုပ်ငန်းတွေ အတွက် လူစားထိုးဖို့ လွယ်ပါတယ် ကွယ်။ မြွေလမ္မာယ်ဆရာရဲ့ နေရာက တော့ လူစားထိုးဖို့ အင်မတန် ခက် တယ်ကွယ့်။ အဲဒါကို စဉ်းစားပြီးမှ ဒီအလုပ်ကို စွန့်လွှတ်ပါ လူကလေး"

ဟု ပြောလေ၏။

"မဖြစ်ဘူး အမေ၊ ကျွန်တော် ဆရာမလေးကို ကတိပေးခဲ့ပြီးပြီ၊ တခြားအလုပ် လုပ်မယ်ဗျာ၊ အမေ့ဆီ ကိုလည်း ငွေမှန်မှန်ပို့ပေးပါမယ်။ ဒီအလုပ်ကိုတော့ ဆက်ပြီးလုပ်လို့ မဖြစ်တော့ဘူး။ ကျွန်တော် ယူမယ့် မိန်းမက မြွေကို သိပ်ပြီးကြောက်တယ် အမေရဲ့"

ဟု မောင်ဘာဘာစိန်က ပြော လိုက်လေ၏။

ထို့နောက် မောင်ဘာဘာစိန် သည် ရွှေညောင်မြို့သို့ ပြန်လာလေ ၏။ ဆရာမလေးအားလည်း မြွေ လမ္မာယ်ဆရာလုပ်ငန်းကို စွန့်လွှတ် လိုက်ပြီဖြစ်ကြောင်း ပြောပြလိုက်ရာ ဆရာမလေးသည် လွန်စွာမှပင် ဝမ်း မြောက်ဝမ်းသာ ဖြစ်သွားလေတော့၏။

ထို့နောက် များမကြာမီအချိန်၌ ပင် မောင်ဘာဘာစိန်နှင့် ကျောင်း ဆရာမလေး မယဉ်လှတို့သည် ရွှေ ညောင်မြို့နေ မောင်ဘာဘာစိန်၏ မိတ်ဆွေကြီး ဆရာဦးမြတ်ထွန်းနှင့် ဒေါ်ခင်မြင့်တို့အား သက်သေအရာ ထားကာ ရုံးတက်၍ လက်ထပ်လိုက် ကြလေတော့၏။

မောင်ဘာဘာစိန်လည်း ပျော် ၏။ ဆရာမလေးလည်း လွန်စွာပျော် ၏။ လက်ထပ်သောနေ့၌ မောင်ဘာ ဘာစိန်သည် ဆရာဦးမြတ်ထွန်းအိမ်မှ ဆရာမလေး၏ အိမ်သို့ ပြောင်းရွှေ့ခဲ့ လေ၏။ ထိုသို့ ပြောင်းရွှေ့ရာတွင် ဆရာဦးမြတ်ထွန်း၏ တပည့်များသည် မောင်ဘာဘာစိန်အား အိုးစည်ဗုံမောင်း နှင့်ပင် လိုက်၍ပို့ကြလေ၏။

ထိုအခါ မောင်ဘာဘာစိန်က အိုးစည်ဝိုင်းမှ တက်ကြွစွာ အိုးစည်တီး ၍ လိုက်ပါခဲ့သော ဆရာဦးမြတ်ထွန်း ၏တပည့် မောင်ချစ်မြိုင်အား…

"ကျုပ် မိန်းမယူတာကို ကြား ထဲက ခင်ဗျားတို့က တော်တော်ပျော် နေကြတယ်ထင်တယ်"

ဟု မေးလိုက်လေ၏။ ထိုအခါ မောင်ချစ်မြိုင် ဆိုသူက…

"ခင်ဗျား မိန်းမယူတာကို ပျော် တာမဟုတ်ဘူး ကိုဘာဘာစိန်ရေ၊ ခင်ဗျား ပြောင်းသွားတာကို ပျော်တာ ဗျို့။ ခင်ဗျား မြွေပခြုပ်ကြီး အိမ်မှာ ထားကတည်းက ကျုပ်တို့မှာ တထိတ် ထိတ် တလန့်လန့်နဲ့ဗျာ။ အခုတော့ စိတ်ချမ်းသာရပါပြီ၊ ကောင်းကောင်း အိပ်ဝံ့ပါပြီ"

ဟု ပြောလေ၏။

"မကြောက်ပါနဲ့တော့ဗျာ၊ မြွေ ပခြုပ်ကြီးကို ကျောက်ပန်းတောင်း ပြန် ပို့လိုက်ပါပြီ။ ဒီမြို့မှာတောင် မရှိတော့ ပါဘူး။ ကျုပ်လည်း မြွေအလုပ်ကို မလုပ်တော့ပါဘူးဗျ"

ဟု မောင်ဘာဘာစိန်က ပြန် ပြောလေ၏။

"ဒီလိုသိရတာ ဝမ်းသာလိုက် တာ ကိုဘာဘာစိန်ရယ်"

ဟု မောင်ချစ်မြိုင်က ပြောကာ အိုးစည်ကို ဆက်လက်၍ တီးလေ၏။

ဆရာမလေး၏အိမ်သို့ ရောက် သောအခါ၌လည်း အိုးစည်တီးသော ကာလသားများသည် 'ဟိုဟာ ကျွေး ရမည်၊ ဒီဟာ ကျွေးရမည်' ဟု ညည်း ပန်းနေသောကြောင့် တစ်ခုပြီးတစ်ခု ကျွေးမွေးရလေ၏။ ညဉ့်နက်သောအခါ ကျမှပင် ထိုကာလသားများသည် အိုးစည် ကိုထုံ၍ ပြန်သွားကြလေတော့၏။

ထို့နောက်တွင်ကား သတို့သား၊ သတို့သမီး မောင်နှံတို့သည် ရင်ခုံ ဖွယ်ရာကောင်းသော မင်္ဂလာညကို



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်သန်း၍ အိပ်စက်ကြလေတော့၏။

နာရီပြန်နှစ်ချက်ထိုး အချိန်လောက်တွင် မောင်ဘာဘာစိန်၏ လက်ဝဲဘက်နံဘေး၌ ခွေခွေကလေး အိပ်ပျော်လျက်ရှိသော ဆရာမလေးသည်…

"အား"

ဟု အော်ဟစ်လိုက်လေ၏။

မောင်ဘာဘာစိန်လည်း အိပ်ရာမှ ဆတ်ခနဲထ၍ ကြည့်လိုက်ရာ ခုတင်ပေါ်မှ 'လျှောခနဲ' ဆင်းသွားသော မြွေဟောက်ကြီးကို ပြတင်းပေါက်မှ ဖြတ်၍ ကျနေသော လရောင်၌ ကောင်းစွာ တွေ့မြင်ရလေတော့၏။ မောင်ဘာဘာစိန်သည် မီးကို ထွန်းလိုက်လေ၏။ မြွေဟောက်ကြီးသည် အခန်းထောင့်ဆီသို့ ပြေးသွားနေစဉ် ဖြစ်၏။ အမြီးတွင် အဝါပြောက်များ တွေ့ရလေ၏။ ထို့ကြောင့် မောင်ဘာဘာစိန်သည် ကောင်းစွာမှတ်မိသွားလေတော့၏။

"ဟဲ့…မေရီ"

ဟု လှမ်းခေါ်လိုက်လေ၏။

"ရက်စက်လှချည်လား၊ နေဦး"

ဟု အော်လိုက်ရာ မေရီ ခေါ် မြွေဟောက်မလည်း ပါးပျဉ်းထောင်၍ မောင်ဘာဘာစိန်အား လှည့်ကြည့်လေ၏။

"နင် ပြေးလို့မရဘူး၊ အခုလာခဲ့"

ဟု တောက်ခေါက်ကာ ကြမ်းပြင်ကို ဖနောင့်နှင့် ဒိုင်းခနဲ ပေါက်လိုက်ရာ ခက်ထက်လှသော မြွေဟောက်မလည်း သခင်၏ အမိန့်ကို နာခံရလေတော့၏။

"နင် လူသတ်မှု ကျူးလွန်တာ နှစ်ခါရှိပြီ၊ နင့်ကိုတော့ ဒီတစ်ခါ ညှာလို့ မဖြစ်ဘူး၊ ရက်စက်ရမှာပဲ၊ နင် ဒီနေရာက ဘယ်မှမသွားနဲ့"

ဟု ဆိုကာ မောင်ဘာဘာစိန်သည် ကြမ်းပြင်ပေါ်၌ သံပြားတစ်ချပ် ခင်းလျက် ထင်းချောင်းများ စုပုံကာ မီးမွှေးလေတော့၏။ ထို့နောက် ခုတင်ပေါ်တွင် အဆိပ်တက်၍ မေ့မြောနေသော ဆရာမလေးအား ခုတင်ပေါ်မှ ပွေ့၍ချကာ မီးပုံနှင့် မလှမ်းမကမ်း နေရာတွင် စန့်စန့်ရှန့်ရှန့် ထားလိုက်လေ၏။

ထို့နောက် မောင်ဘာဘာစိန်သည် ဇုက်၍ သိမ်းထားသော သူ၏ ဘူးသီးခြောက်ပလွေကြီးအား ယူခဲ့ပြီး လျှင်…

"ဟဲ…မေရီ ဟောဒီ ပလွေကြီးကို ကြည့်စမ်း"

ဟု ဆိုကာ မြွေကြီး၏ နှာခေါင်းနားသို့ ပလွေကို မှုတ်သောဘက်မှ အပေါက်ဖြင့် တို့လေ၏။ မြွေဟောက်မကြီးလည်း ကြောက်လန့်၍ နောက်သို့ဝပ်ကာ တဖြည်းဖြည်း ဆုတ်လေ၏။ ထိုအခါ မောင်ဘာဘာစိန်က…

"ဒီဘူးသီးခြောက် ပလွေကြီးဟာ နင်တို့ကို ပျော်အောင်လည်း လုပ်နိုင်တယ်၊ နာအောင်လည်း လုပ်နိုင်တယ်၊ သေအောင်လည်း လုပ်နိုင်တဲ့ နင်တို့ရဲ့ သေမင်းဆိုတာ နင် ကောင်းကောင်းသိတယ် မဟုတ်လား။

ကဲ…အခု နင်သေမယ့် အပေါက်တွေကို မှုတ်မယ်၊ အသံကိုကြားရင် နင်တို့ မခံနိုင်ဘူးဆိုတာ ငါနားလည်တယ်၊ အဲဒီတော့ ငါ အခုမှုတ်မယ်၊ နင်ကိုက်တဲ့လူဆီကို အမြန်ဆုံးသွားပြီး နင့်အဆိပ်ကို နင် မြန်မြန်စုပ်ယူရင် ငါ့ရဲ့ ပလွေသံကို ရပ်လိုက်မယ်။ ပြန်ပြီး မစုပ်မချင်း ငါမှုတ်မယ်၊ နင်ဟာ တစ်လက်မကလေးတောင်မှ နောက်ကိုဆုတ်ပြီး မပြေးနိုင်စေရဘူး။ နင့်နောက်ကနေ ငါ နင့်ရဲ့ သေမင်းတေးသံသာကို အဆက်မပြတ် မှုတ်နေမယ်။ တစ်ခုတော့ရှိတယ်၊ နင့်အဆိပ်ကို နင်ပြန်ပြီး မစုပ်ချင်ဘူးဆိုရင် ဟောဟိုမှာ ငါ ဖိုထားတဲ့ မီးဖိုထဲကို တန်းတန်းမတ်မတ် ဝင်သွားပြီး နင် အသေခံပေတော့ မိမေရီ"

ဟု နာကျည်းစွာ ပြောဆို၍ မြွေများ အဆမတန် ကြောက်လန့်သော မှုတ်နည်းဖြင့် ဘူးသီးခြောက်ပလွေကြီးအား စတင်၍ မှုတ်လေတော့၏။

မြွေဟောက်ကြီးသည် ပလွေသံကို ကြောက်လန့်လွန်း၍ ၎င်း၏ ဦးခေါင်းကို ကြမ်းပြင်၌ ကပ်၍ထားလေ၏။

မောင်ဘာဘာစိန်မှာလည်း အဆက်မပြတ် မှုတ်လေတော့၏။ မြွေကြီးသည် နောက်သို့လည်း မဆုတ်ဝံ့၊ တခြားသို့လည်း ထွက်မပြေးဝံ့။ ငြိမ်နေ၍လည်း မဖြစ်သောကြောင့် အရှေ့ဘက်သို့ တရွေ့ရွေ့နှင့် ရွှေ့သည်ဆိုရုံကလေး ရွေ့နေလေတော့၏။ မောင်ဘာဘာစိန်သည် မနားတမ်း မှုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

မြွေဟောက်ကြီးလည်း တရွေ့ရွေ့ ရွေ့နေလေ၏။

ဤသို့နှင့်ပင် နံနက်သုံးနာရီ ထိုးခဲ့လေ၏။ မောင်ဘာဘာစိန်၏ ပလွေသံကား ရပ်နားခြင်း မရှိခဲ့ပေ။ အဆက်မပြတ် မှုတ်၍နေလေ၏။ နံနက် လေးနာရီ ထိုးခဲ့ပြန်ပြီဖြစ်၏။ မောင်ဘာဘာစိန်သည် လွန်စွာမောပန်းနေ၏။ ပါးစပ်တွင်းမှလည်း သွေးများ ယိုစိမ့်၍ ထွက်လာလေ၏။ သို့ရာတွင် ပလွေသံကိုမူ လုံးဝရပ်နားစေခြင်း မရှိခဲ့ဘဲ ဆက်လက်၍ မှုတ်နေလေ၏။

မြွေဟောက်ကြီးလည်း သေမည့်ဘေးကို လွန်စွာကြောက်လန့်နေပုံရ၏။ သို့ရာတွင် အဆိပ်ကို ပြန်လည်၍ စုပ်ထုတ်ပေးရန် အလိုမရှိသောကြောင့် မီးပုံဘက်သို့သာ ဦးတည်၍ သွားနေလေ၏။ မောင်ဘာဘာစိန်လည်း ပါးစပ်တွင်းမှ သွေးများ တရဟော ထွက်ကျနေလေ၏။ သို့ရာတွင် ပလွေကြီးကိုမူ အဆက်မပြတ် မှုတ်နေလေ၏။ ဤသို့နှင့်ပင် နံနက် ငါးနာရီ ထိုးပြီဖြစ်၏။ မြွေဟောက်ကြီးမှာလည်း မီးပုံနှင့် ထိလုထိခင်တိုင်အောင် နီးကပ်နေပြီဖြစ်၏။ ရှေ့မှ မီးအပူနှင့် နောက်မှ ထိတ်လန့်ဖွယ်ရာကောင်းသော ပလွေသံအကြားတွင် မချိမဆံ့ ဝေဒနာကို ခံစားနေရရှာလေ၏။ မောင်ဘာဘာစိန်သည် ပလွေကို အဆက်မပြတ် ဆက်၍မှုတ်လိုက်လေ၏။ မြွေကြီးသည် ရပ်၍မနေဝံ့တော့ဘဲ ရှေ့သို့တိုးရပေတော့မည်။ ဒီတစ်ခါ ရှေ့သို့ တိုးရလျှင်လည်း မီးပုံအတွင်းသို့ အပြီးအပိုင် ဆင်းသက်၍ သေဆုံးရပေတော့မည်။

မောင်ဘာဘာစိန်သည် ပလွေကို အားကုန်မှုတ်လိုက်လေတော့၏။ မြွေဟောက်မကြီးလည်း မီးပုံတွင်းသို့ ဆင်းသက်ရတော့မည် ဖြစ်သဖြင့် ၎င်း၏ ချစ်လှစွာသော သခင်အား နောက်ဆုံးကြည့်ခြင်းအနေဖြင့် တစ်ချက်မျှ လှည့်၍ကြည့်လိုက်လေ၏။ ၎င်း၏ မျက်လုံးနှစ်လုံးသည် မီးရောင်၌ အရောင်တောက်လျှက် ရှိနေ၏။ ၎င်း၏ အကြည့်သည် မောင်ဘာဘာစိန်အား တစ်စုံတစ်ခု ပြောလိုက်သကဲ့သို့ ရှိနေ၏။

"ရက်စက်တော့မှာလား သခင်ရယ်၊ ကျွန်မကတော့ အဟိတ်တိရစ္ဆာန်မျိုးမို့ မိုက်မိပါတယ်။ သခင်က လူရင့်မကြီးစင်စစ် ဖြစ်ပါလျက်. ကျွန်မကို မီးပုံထဲ ဆင်းသေစေဖို့ အမိန့်ချတော့မှာလား။ ကျွန်မ အဲဒီမိန်းမကို ကိုက်ရတာဟာ သခင့်ကိုချစ်လို့ ကိုက်ရတာ၊ ကျွန်မအပြင် ဘယ်မိန်းမကမှ သခင့်ကိုချစ်တာ မကြည့်ချင်ဘူး။ ကျွန်မ သေစေချင်ရင် ဆက်ပြီးမှုတ်ပါ"

ဟူသော စကားများကို တတွတ်တွတ် ပြောဆိုနေသည်ဟု မောင်ဘာဘာစိန်၏ ရင်၌ နားလည်လိုက်လေ၏။

မောင်ဘာဘာစိန်သည် ပလွေသံကို ရပ်ဆိုင်းခြင်း မပြုဘဲ အားကုန်ဆောင့်၍ မှုတ်လိုက်လေ၏။ မြွေဟောက်မကြီးလည်း တစ်ဖက်သို့ ခေါင်းကို ဆတ်ခနဲလှည့်ကာ မီးပုံတွင်းသို့ စွပ်ခနဲ ဝင်လိုက်လေတော့၏။ သို့ရာတွင် မောင်ဘာဘာစိန်က လျင်မြန်စွာ အမြီးကို ဖမ်း၍ဆွဲကာ တားလိုက်ပြီးလျှင်...

"ငါနားလည်ပါပြီ မေရီ၊ နင်ကတော့ နင့်အဆိပ်ကို နင်ပြန်ပြီး မစုပ်ပေးနိုင်ဘူး၊ မီးပုံထဲဆင်းပြီး သေရချင်သေရပါစေလို့ ဆုံးဖြတ်ပြီးပြီကိုး။ နင့်ကို ငါ မသတ်ရက်ပါဘူး၊ ဒါပေမဲ့ တခြားလူတွေက သတ်ကြလိမ့်မယ်၊ နင် ပြေးပေတော့ မေရီ"

ဟု ပြောဆိုကာ ဘူးသီးခြောက်ပလွေကြီးအား ကြမ်းပြင်ပေါ်သို့ ခွပ်ခနဲ ချလိုက်သောအချိန်၌ပင် မေရီသည် အခန်းတွင်းမှ လျင်မြန်စွာ ထွက်ပြေးသွားလေတော့၏။

မောင်ဘာဘာစိန်သည် ဆရာမလေးထံသို့ ပြေးသွားပြီးလျှင် ကိုယ်လက်များကို စမ်းကြည့်ရာ အေးစက်တောင့်တင်းနေပြီ ဖြစ်၏။ ထို့ကြောင့် ဆရာမလေးအား ဖက်၍မပြီးဆုံးနိုင်သော ငိုခြင်းဖြင့် ငိုကြွေးခဲ့ရလေတော့၏။

နောက်တစ်နေ့ မိုးလင်း၌မူ မင်္ဂလာဆောင်ပြီးသည့်ညည၌ မြွေကိုက်၍ သေရသော ဆရာမလေး မယဉ်လှ၏ သတင်းသည် တစ်မြို့လုံးပျံ့၍ အုတ်အော်သောင်းတင်း ဖြစ်သွားလေတော့၏။

မောင်ဘာဘာစိန်လည်း ဆရာမလေး၏ ဈာပနကို ကောင်းစွာ ဆောင်ရွက်ပြီးနောက် ၎င်း၏ မွေးစားမိခင်ကြီးရှိရာ ကျောက်ပန်းတောင်းမြို့သို့ ပြန်ခဲ့လေတော့၏။ ၎င်း၏ မိခင်ကြီး

www.burmeseclassic.com

လည်း အကြောင်းစုံကို ကြားသိထား နှင့်ပြီဖြစ်ရာ မောင်ဘာဘာစိန်အား ဆီး ကြို၍...

"မြစ်ရေဖြစ်ရပလေ လူကလေး ရယ်၊ အမေ ဒါကြောင့် ပြောတာပေါ့၊ ငါ့သားက မေရီကို တပည့်မလေး တစ်ယောက်ကို ဆရာက ချစ်သလို ချစ်တာ၊ မေရီက ဒီလို မဟုတ်ဘူး ကွယ့်၊ မင်းကို လင်တစ်ယောက် ချစ် သလို ချစ်နေတာ"

ဟု ပြောလေတော့၏။

"မဖြစ်နိုင်တာပဲ အမေရယ်၊ ကျွန်တော်က လူ၊ သူက တိရစ္ဆာန်ပဲ၊ ဇာတ်ချင်းမှ မတူဘဲ အမေရယ်"

ဟု မောင်ဘာဘာစိန်က ပြော လိုက်ရာ အဘွားကြီးက...

"လူကလေးက လူဖြစ်လေ တော့ ဒါတွေ စဉ်းစားတတ်တာပေါ့၊ သူကတော့ အပတိတ်တိရစ္ဆာန်ပဲကွယ်၊ ဒါတွေ ဘယ်သိရှာမတုံး၊ ဒီလိုအဖြစ် အပျက်မျိုးကို မင်းအဖေက တွေ့ဖူး ကြုံဖူးလို့ အမေ့ကို မကြာခဏ ပြော ပြဖူးတယ်ကွယ့်၊ မင်းအဖေရဲ့ ဆရာ ကြီးလည်း မင်းလိုပဲ ဖြစ်ခဲ့ဖူးတယ်၊ ထုံမရှိနဲ့ လူကလေး"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဘာဘာစိန်လည်း...

"သူတို့ချစ်တာ ကိစ္စမရှိပါဘူး၊ ကျွန်တော့်ချစ်သူ ဆရာမလေး ဆုံးပြီ အမေရေ့"

ဟု ပြောဆိုကာ မောင်ဘာဘာ စိန်သည် မျက်နှာကို လက်ဝါးဖြင့်အုပ် ၍ ငိုချလိုက်လေတော့၏။

အထက်ပါ အဖြစ်အပျက်များကို မောင်ဘာဘာစိန်က ကျွန်ုပ်အား ပြော ပြခဲ့လေ၏။ ကျွန်ုပ်လည်း ရေနွေး ကြမ်း သောက်ရင်း၊ ဆေးလိပ်ဖွာရင်း ထိုဇာတ်လမ်းကို မိုးလင်းသည်အထိ နားထောင်ခဲ့ရလေ၏။ ထိုသို့နားထောင် ခဲ့ပြီး ဖြစ်ရကား ကျွန်ုပ်က မောင်ဘာ ဘာစိန်အား...

"မြွေက လူကို မေတ္တာရှိတယ်၊ ချစ်ခင်နှစ်သက်တယ်၊ ခပ်ရိုင်းရိုင်း ပြောရရင် ခင်ဗျားကို သူ့ယောက်ျားလို့ မှတ်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ကိုယ့်လူရယ်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဇာတ်နိပါတ်တွေထဲမှာ လူနဲ့ နဂါးမ ပေါင်းဖက်ကြတာတွေ ဆရာ ဖတ်ဖူးတယ် မဟုတ်လား၊ အဲဒါကို လက်ခံရင် ကျွန်တော့်အဖြစ်အပျက်ဟာ မဖြစ်နိုင်စရာ ဘာရှိသလဲ ဆရာရယ်၊ မြွေဆိုတာ နဂါးမျိုးထဲကပဲ မဟုတ် လား"

ဟု မောင်ဘာဘာစိန်က ပြော လိုက်လေ၏။

"ဒီလိုဆိုတော့လည်း ဖြစ်နိုင် တာပေါ့ဗျာ"

ဟု ကျွန်ုပ်က ဝန်ခံရလေတော့ ၏။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် မော်တော်ကားကြီးဖြင့် ခရီးထွက်ခဲ့လေ တော့၏။ ပုဂံညောင်ဦးသို့သွားရာ လမ်းတစ်လျှောက် စီးနင်းလိုက်ပါခဲ့ရာ လမ်းတစ်ဖက်တစ်ချက်ကို ငေးမော ကြည့်ရှုလာမိလေတော့၏။ တစ်နေရာ သို့ ရောက်သောအခါ၌ တွင်းအလယ် ရှိ သစ်တစ်ပင်၏ အရိပ်အောက်တွင် ငြိမ်းချမ်းစွာ တရားထိုင်နေသော မုတ် ဆိတ်မွေးဖြူဖြူကြီးနှင့် အဘိုးအိုတစ်ဦး ကို တွေ့ရသောကြောင့် ကားကို ရပ် နိုင်းပြီးလျှင် ဆင်း၍နေခဲ့လေတော့၏။

ထို့နောက် ထိုမုတ်ဆိတ်မွေးဖြူဖြူ နှင့် အဘိုးကြီးထံသို့ သွားရောက်ကာ မှက်၊ ခြင်၊ ယင်များ မောင်းပေးခြင်း စသော ဝေယျာဝစ္စကို ပြုလုပ်ပေးလေ ၏။ တစ်နာရီမျှ ကြာသောအခါ၌ ထို အဘိုးအိုလည်း လှုပ်ရှားလာပြီးလျှင် ကျွန်ုပ်အား မျက်လုံးဖွင့်၍ ကြည့်ကာ 'သာဓု' ခေါ်လေတော့၏။

သို့ရာတွင် မည်သည့်ကိစ္စကိုမျှ နိုင်းစေခြင်း မပြုဘဲ ကျွန်ုပ်အား ကြည့် နေလေ၏။ ၎င်း၏အကြည့်သည် ငြိမ်း ချမ်းလှဘိ၏။ ကျွန်ုပ်၏ နှလုံးသည်း ပွတ်သို့တိုင်အောင် အေးစိမ့်၍သွား သည်ဟု ကျွန်ုပ် ခံစားရလေ၏။

"ဘယ်ကလာပြီး ဘယ်ကိုသွား မလို့တုံး"

ဟု ထိုအဘိုးအိုက မေးလေ၏။

"ကျွန်ုပ်က လက္ခဏာဆရာပါ အဘိုး၊ ပညာရှာဖို့ ထွက်လာတာပါ"

ကျွန်ုပ်က ပြောလျှင် အဘိုးအို သည် သူ့လက်ဝါးနှစ်ဖက်ကို ဖြန့်ပြ လေ၏။ ကျွန်ုပ်လည်း အားရဝမ်းသာ ဖြင့် အဘိုးလက်ဝါးအား ကျွန်ုပ်၏ လွယ်အိတ်တွင်း၌ ပါလာသော မှန် ဘီလူးဖြင့် ကြည့်ရှုရ၏။ အဘိုးအို၏ လက်ဝါးပြင်၌ သောကလမ်းကြောင်း ဟု ခေါ်သော လမ်းကြောင်းအမြောက်



www.burmeseclassic.com

www.burmeseclassic.com

အမြားကို တွေ့ရလေ၏။

"အဘိုးလက်မှာ ဘာတွေသလဲ လူလေး၊ ဟောစမ်းပါဦး"

ဟု ပြောလေ၏။

"သောကလမ်းကြောင်းတွေ အများကြီးပဲ ခင်ဗျ၊ အဲဒီတော့ အဘိုးဟာ အတော့်ကို သောကတွေ ဖြစ်ခဲ့ရမယ်"

ဟု ပြောလိုက်ရာ အဘိုးအိုက...

"မင်းပြောတဲ့ သောကတွေ အဘိုးမှာ မရှိပါဘူးကွယ်၊ အစကလည်း မရှိခဲ့ပါဘူး၊ အဘိုးရဲ့စိတ်ဟာ အမြဲတမ်း ငြိမ်းချမ်းနေပါတယ်"

ဟု အဘိုးအိုက ပြောလိုက်လေ၏။

"လက္ခဏာကျမ်းတွေမှာ အဲဒီ အစင်းကြောင်းမျိုးတွေပါရင် သောကဖြစ်တတ်တယ်လို့ဆိုတယ် အဘိုးရဲ့"

ကျွန်ုပ်က ပြောလိုက်ရာ...

"လူကလေးက ကျမ်းကို တယ်ပြီးအားကိုးတာကိုးကွယ့်၊ လက္ခဏာကျမ်းက ဘယ်လိုပဲ ဆိုဆိုပေါ့ကွယ်၊ တကယ်ဖြစ်တာနဲ့ မကိုက်ညီရင် မမှန်ဘူးပေါ့။ အဲဒီတော့ လူကလေးကို အကြံပေးလိုက်ပါရစေ၊ ဝါသနာပါတဲ့ လက္ခဏာပညာကို ဆက်လက်ပြီး ဆည်းပူးပါ၊ ဒါပေမဲ့ 'ကျမ်းစာကို အားမကိုးပါနဲ့၊ 'ကျမ်းစာထဲမှာ အမှန်တရားမရှိနိုင်ဘူး'၊ အမှန်တရားဆိုတာ ကျမ်းစာအုပ်ရဲ့အပမှာ ရှိတယ်ကွယ့်။ မင်းကိုယ်တိုင် ကြံဆပါ၊ တစ်နေ့နေ့မှာ မင်းရဲ့ ရင်ထဲမှာ အဲဒီပညာနဲ့ ပတ်သက်လို့ ရှင်းခနဲ လင်းခနဲ ဖြစ်သွားလိမ့်မယ်။ အဲဒီအခါမှာ မင်းဟာ အဲဒီပညာရဲ့ တစ်ဖက်ကမ်းကို ကူးမြောက်သွားပြီလို့ မှတ်ပေတော့။ တစ်ဖက်ကမ်းကို ကူးမြောက်သွားပြီဆိုရင် 'ပါရဂူ'ကြီး ဖြစ်သွားပြီပေါ့။ ကဲ... လိုရာခရီးကို ဆက်ပေတော့၊ ရင်ထဲမှာ ရှင်းခနဲ လင်းခနဲ ဖြစ်သွားပါစေကွယ်"

ဟု ပြောလေ၏။ ကျွန်ုပ် ရှေ့သို့ ခရီးမဆက်တော့ဘဲ တဲအိမ်သို့ ပြန်၍လာကာ အနှစ်နှစ်အလလက ဝယ်ယူထားသော လက္ခဏာကျမ်းပေါင်းများစွာကို နောက်ဆုံးအနေနှင့် တစ်ခေါက်စီ ပြန်၍ဖတ်ပြီးလျှင် အပြီးအပိုင် ဖျက်ဆီးပစ်လိုက်လေတော့၏။

ထိုနေ့မှစ၍ ကျွန်ုပ်သည် လက္ခဏာပညာကို ကောင်းစွာတတ်မြောက်သွားလေတော့၏။ ထိုလုပ်ငန်းသည်လည်း ကျွန်ုပ်အား လွန်စွာအကျိုးပေးလေတော့၏။ ထိုလုပ်ငန်းသည်လည်း ကျွန်ုပ်အား လွန်စွာအကျိုးပေးလေတော့၏။ နောက်တစ်နှစ်ခန့် ကြာသောအခါ၌ ကျွန်ုပ်သည် လက္ခဏာဟောသော အလုပ်ခန်းကို ကျောက်မြောင်းဘက်သို့ ပြောင်းရွှေ့၍ အောင်မြင်စွာ အခြေချလိုက်လေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် သတင်းစာတစ်စောင်ကို ကောက်ယူ၍ ဖတ်လိုက်ရာ...

"မင်္ဂလာဦးည၌ ,သတို့သား မြွေကိုက်ခံရ၍ သေဆုံး"

ဟူသော ခေါင်းစဉ်ကို တွေ့ရသဖြင့် သတင်းကို ဆက်လက်ဖတ်ရှုရာ အကိုက်ခံရသော သတို့သားမှာ မောင်ဘာဘာစိန် ဖြစ်၍နေကြောင်း သိရလေတော့၏။ သတို့သမီး၏ အမည်မှာ 'ယဉ်မြင့်'ဟူ၍ ဖော်ပြထားလေ၏။

ကျွန်ုပ်သည် စိတ်မကောင်းစွာနှင့် မောင်ဘာဘာစိန်၏ အကြောင်းကို စဉ်းစားနေမိလေ၏။

"လူတွေအားလုံးက 'မြွေတွေအပေါ်မှာ မေတ္တာထားတတ်လာရင် မြွေဆိုတဲ့ သတ္တဝါဟာ အဆိပ်မရှိတဲ့ သတ္တဝါ ဖြစ်သွားလိမ့်မယ်"

ဟု မောင်ဘာဘာစိန်က ပြောခဲ့ဖူးလေ၏။ ၄င်းကိုယ်တိုင်လည်း မြွေကို သားသမီးကဲ့သို့ မေတ္တာထားခဲ့သူဖြစ်၏။

ယခုမူ ၄င်းကိုယ်တိုင် မြွေကိုက်ခံရပေပြီ။ ထို့ကြောင့် မောင်ဘာဘာစိန်သည် မြွေသတ္တဝါများအပေါ်၌ မေတ္တာပျက်ခဲ့ပြီလော။ သို့တည်းမဟုတ် လူနှင့် မြွေသည် မည်သည့်အခါမှ ငြိမ်းချမ်းရေး မရနိုင်ဟူသော စကားရပ်သည် မှန်သွားပြီလောဟူ၍ ကျွန်ုပ်သည် စဉ်းစားနေမိလေ၏။ မည်သို့ဖြစ်စေ ကျွန်ုပ်သည် မောင်ဘာဘာစိန်ကို အကြောင်းပြု၍ လက္ခဏာပညာကို ကောင်းစွာတတ်ကျွမ်းခဲ့ပြီဖြစ်၍ သူတစ်ပါး၏ ကျေးဇူးကို သိတတ်သောအားဖြင့် မောင်ဘာဘာစိန်အတွက် ရည်စူး၍ လှူဒါန်းကာ ကောင်းရာမွန်ရာသို့ ရောက်စေကြောင်း ဆုတောင်းရပေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိန်း**



www.burmeseclassic.com

www.burmeseclassic.com



ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းထူ

မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - ၀၁၀၁ ၄ ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြောနောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး။

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင်ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။

## ဆရာမနှင့်တွေ့ချိန်

✻ မြစန္ဒာဆေးတိုက် ✻ အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၁-၃၇၇၀၉၇
(နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"

✻ နေအိမ်ဆေးခန်း ✻ အမှတ်(၃၁၆)၊ စိမ်းကိန်း (၁)လမ်း၊ သခင်ဖိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့
(နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅, ၀၉-၇၉၉၅၉၃၃[illegible],

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နေနတ်မင်းရဲ့ သမီးတော်

## (၂)

**မနသသကျော်ဝင်း**

(အမျိုးသားစာပေဆုရ)

**(ယခင်လမှအဆက်)**

ကျွန်တော့်မေးခွန်းကို မာရီယာက ဖြေဆိုခြင်းမပြုသေးဘဲ ကောင်းကင်သို့ မှိတ်မသုန် ငေးကြည့်နေ၏။ မွန်းတည့်ချိန်းအချိန်ဖြစ်၍ နေမင်းသည် ချစ်ချစ် တောက်ပူနေ၏။ မာရီယာသည် နေကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသဖြင့် ကျွန်တော် အလွန်ပင်အံ့ဩမိရ၏။

"ကိုကိုမေးတဲ့ မေးခွန်းတွေကို ညီမလေး ဖြေချင်ပေမယ့် အချိန်စောနေသေးတယ်လေ။ ဖြေသင့်တဲ့အချိန်မှာ တိတိကျကျ၊ ပြည့်ပြည့်စုံစုံ ဖြေသွားပါ့မယ်"

ထိုစဉ် အသက် နှစ်ဆယ့်ငါးနှစ်အရွယ်ခန့်ရှိသည့် လူငယ်တစ်ဦးရောက်ရှိလာကာ မာရီယာကို ပုလင်းနှစ်လုံးပေး၏။ ဝိုင်ပုလင်းဟောင်းများဖြစ်ပြီး မြေပေါ်မှ ရရှိခဲ့ဟန်တူ၏။ ထိုပုလင်းအဟောင်းများကိုသုံးပြီး အတွင်း၌ တစ်ခုထည့်လာပုံရ၏။

"သူ့နာမည်က မိုက်တီးပါ။ ကျွန်မတို့ဟာဒ်ဇာလူမျိုးထဲမှာ ပျားရည်အရှာကောင်းတဲ့ ပျားရည်မုဆိုးတစ်ယောက်ပေါ့။ ကျွန်မနဲ့လည်း မောင်နှမအရင်းပဲ ချစ်ခင်ကြတယ်။ သူက ပျားရည်စုပ်ငှက်ကလေးတွေ အော်သလို အော်တတ်တယ်။ တောချုံတွေထဲမှာ သူက ငှက်လိုအော်ရင်း တာကယ့် ပျားရည်စုပ်ငှက်ကလေးတွေက သူ့ကို သူတို့လိုပဲ ပျားရည်စုပ်ငှက်လို့ ထင်မှတ်ကြတယ်။ အဲဒီငှက်တွေက အသံပေးပြီး ရှေ့ဆောင်လမ်းပြ ပြုလုပ်ကြတယ်။ သူ့ကို ပျားအုံတွေရှိတဲ့နေရာအရောက် ရှေ့ကနေ အသံပေးပြီး ခေါ်သွားကြတယ်။ သူကလည်း ရပ်မပြဘဲ အသံပေးရင်း သူတို့နောက်ကနေ ပုန်းလျှိုးကွယ်လျှိုး လိုက်သွားတယ်။ ပျားအုံတွေရှိတဲ့နေရာရောက်တော့ သူပျားရည်တွေယူလို့ရပြီပေါ့။ အခုလည်း အဲဒီလိုယူပြီး ရလာတဲ့ ပျားရည်နှစ်ပုလင်းကို ဦးလေးအွန်ဝဲ့(စ်) အတွက် လက်ဆောင်လာပေးတာ။ ဦးလေးက တစ်ပုလင်းကို သူသောက်ဖို့ ယူထားမယ်။ ကျန်တဲ့ တစ်ပုလင်းကိုတော့ အခြားလူမျိုးတွေနဲ့ ပစ္စည်းချင်း ဖလှယ်ဖို့ ဆောင်ထားမယ်။ အထူးသဖြင့်တော့ ဆေးတံသောက်တဲ့ ဆေးရွက်လို ဟာမျိုးနဲ့ ဖလှယ်လေ့ရှိတယ်"

မာရီယာသည် မိုက်တီးဆိုသူနှင့် အတန်ကြာ စကားပြောဆိုနေကြ၏။ ဟာဒ်ဇိန်းဘာသာစကားဖြင့် ပြောဆိုနေကြသောကြောင့် ကျွန်တော် ဘာမျှနားမလည်။ ပြောစရာစကား ကုန်ပြီဖြစ်သောကြောင့်ထင်၏။ သူက မာရီယာကို နှုတ်ဆက်ပြီး ထွက်ခွာသွားသည်။ ကျွန်တော့်ကိုမူ လုံးဝ အဖက်မလုပ်။ လှည့်၍ပင် မကြည့်ခဲ့ချေ။

"သူက ကျွန်မလို အင်္ဂလိပ်စကားမပြောတတ်ဘူး။ ဒါကြောင့် ကိုကို့ကို စကားပြောဖို့ ရှုံ့နေပုံရတယ်။ စိတ်သဘောထားကောင်းတဲ့လူတစ်ယောက်ပါ။ သူဟာ ဘာဘွန်း မျှောက်ဝံလေးကောင်ကို ကိုယ်တိုင်အမဲလိုက် ပစ်ခတ်သတ်ဖြတ်ပြီးခဲ့ပြီ။ နောက်ထပ်တစ်ကောင်ကို ပစ်ခတ်သတ်ဖြတ်နိုင်ရင် ငါးကောင်ပြည့်သွားပြီ။ အဲဒါဆိုရင် မိန်းမယူနိုင်တဲ့ အရည်အချင်း ပြည့်စုံသွားပြီလေ။ ဒီကနေ့ညသူတို့ ဘာဘွန်းမျောက်ဝံ အမဲလိုက်ထွက်ကြဦးမယ်။ ညီမလေးက မိုက်တီးကို ကံကောင်းပါစေလို့ ဆုတောင်းပေးလိုက်တယ်လေ"

"ဟေး… ကိုကိုရော သူတို့အဖွဲ့နဲ့ လိုက်သွားလို့ မရဘူးလား။ ဘာလွန်းမျောက်ဝံ အမဲလိုက်ပွဲနဲ့ ပတ်သက်ပြီး အတွေ့အကြုံရချင်လို့ပါ"

"ဦးလေးအွန်ဝဲ့စ်ကို မေးကြည့်ပေါ့။ ဒီတောလိုက်ပွဲကို သူက ဦးဆောင်မှာပဲ။ အန္တရာယ်တော့များ

www.burmeseclassic.com

တယ်။ ညီမလေးကတော့ ကိုကိုကို မလိုက်စေချင်ဘူး"

"ညီမလေးက . . ကိုကို့အတွက် တကယ်စိုးရိမ်လို့လား"

မာရီယာသည် ကျွန်တော့်အမေးကြောင့် မျက်နှာ အနည်းငယ်တင်းသွား၏။

"တစ်ရပ်တစ်ကျေးက လာတဲ့ နိုင်ငံခြားသား ညီ့သည်တစ်ယောက် ကျွန်မတို့ရဲ့မြေမှာ အန္တရာယ်ကျရောက်တဲ့အဖြစ်မျိုးကို မမြင်ချင်၊ မကြားချင်လို့ တားမြစ်မိတာပါ။ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ညီမလေး။ ကိုကိုကတော့ လိုက်ခွင့်ရဖို့ ကြိုးစားမယ်။ လိုက်ခွင့်သာရရင် လိုက်ဖြစ်အောင် လိုက်သွားမှာပဲ"

* * *

## မေ့လို့မရ ထိုတစ်ည

ရေခဲတွင်းထဲ ဆင်းစိမ်ဝံ့သူဟူ၍ ဓာတ်ပုံကိုကြည့်ပြီး မဟာသူရဲကောင်းကြီးအဖြစ် အသိအမှတ်ပြုခံထားရသူ ကျွန်တော်သည် သူတို့အဖွဲ့နှင့်အတူ ဘာဘွန်းမျောက်ဝံအမဲလိုက်ရာ၌ ပါဝင်ဆင်နွှဲခွင့်ရခဲ့၏။

ထိုနေ့ညဦးပိုင်း၌ စခန်း၏ အကြီးအကဲဖြစ်သူ အွန်ဝို့(စ်)က အမဲလိုက်ရန်အတွက် မိမိတို့သွားရောက်ရမည့် နေရာအကြောင်း ရှင်းပြ၏။ တောင်ကုန်းတစ်ခုရှိသည့်နေရာ၊ ထိုတောင်ကုန်းထိပ်၌ မိမိ၏ လက်မောင်းအရွယ် သစ်ကိုင်းများရှိသည့် သစ်ပင်ကြီးတစ်ပင်နှင့် ထိုသစ်ပင်ပေါ်တွင် ဘာဘွန်းမျောက်ဝံများ အိပ်စက်ကြသည့်အကြောင်း ရှင်းပြ၏။ နားထောင်ကြသူများက ထိုနေရာသည် မည်သည့်နေရာဖြစ်ကြောင်း ချက်ချင်းပင် သဘောပေါက်သွားကြ၏။ လေးမြား ကိုယ်စီယူဆောင်ပြီး အွန်ဝို့(စ်)၏ နောက်မှ မီးရထားတွဲကြီးလို တန်းစီလိုက်ပါလာကြ၏။ ကျွန်တော်လည်း သူတို့နှင့်အတူ လိုက်ပါလာခဲ့ရာ "မဒူးရူ" ဆိုသူ လုလင်ပျိုတစ်ဦးက ကျွန်တော့်ကို အနီးကပ် ကိုယ်ရံတော်အဖြစ် စောင့်ကြည့်လိုက်ပါလာခဲ့၏။

မဟူရာညဥ့် လက်နိပ်ဓာတ်မီးမပါ။ မီးတုတ်ဗလာဖြင့် ခရီးသွားရသည်ကား အလွန်ပင် အန္တရာယ်များလှ၏။ သွားလာနေကျ အကျင့်ရထားသူ ဒေသခံမုဆိုးတို့ပင် အလွန်သတိထားကြရလေရာ ကျွန်တော့်ကဲ့သို့ လုံးဝ အတွေ့အကြုံမရှိသူအဖို့ကား အသည်းယား၍ မဆုံးနိုင်တော့။ ချုံကြိုချုံကြားတို့၌ သွားရသည့်အပြင် အောက်ဘက် ခြေနင်းရသည့်[illegible]ပေါ်၌လည်း ထနောင်းဆူးတွေက ဗရပွ။ အဆိပ်အလွန်ပြင်းလှသော အာဖရိကမြွေပွေးကို မတော်တဆ တက်နင်းမိလျှင်လည်း သေဖို့သာပြင်။ ရှေ့နောက် ဘေးဘီမှ လူတစ်ရပ်ကျော်မြင့်သည့် ချုံတွေ၌ သွားကြားထိုးတံလောက်နီးနီး ရှည်၍ချွန်ထက်သော ဆူးတွေဖြင့် ပြည့်လျှမ်းနေ၏။ အမှောင်ထဲတွင် တောတိုးရင်း ထိုဆူးမျိုးတို့ဖြင့် မတော်တဆ ထိုးမိပါက အချိန်မရွေး မျက်လုံးကန်းသွားနိုင်၏။ သို့ရာတွင် ကျွန်တော်နှင့် အနီးကပ်လိုက်ပါလာသူ လုလင်ပျို မဒူးရူ၏ ကူညီကာကွယ်ဖယ်ရှားပေးမှုကြောင့် ထိုအန္တရာယ် အတော်များများမှ လွတ်ကင်းခဲ့ရ၏။ ဒါတောင် ထူးဆန်းသော အန္တရာယ်ကြီးတစ်ခုနှင့် အမှတ်မထင် ကြုံလိုက်ရသေး၏။ ပုံမှန် လျှောက်နေစဉ် လမ်းတစ်နေရာ၌ ကျွန်တော်စီးလာသော တောစီးဘွတ်ဖိနပ်၏ ကြိုးတစ်ချောင်းက ခပ်ချောင်ချောင် ဖြစ်နေသဖြင့် ခေတ္တရပ်ပြီး ငုံ့၍ ကြိုးပြန်တင်းမည်ပြုစဉ် ဝိုးခနဲ အသံတစ်သံကြားလိုက်ရ၏။ အကယ်၍ ကျွန်တော်သာ ရပ်နေမည်ဆိုပါက သစ်ကိုင်းတစ်ကိုင်း၏ ကိုင်းက ကျွန်တော့်မျက်နှာတည့်တည့် ဖြတ်ရိုက်မည်မှာ သေချာ၏။ သွားကြားထိုးတံလောက် နီးနီး အရွယ်ရှိပြီး ချွန်ထက်သော ဆူးတွေကြောင့် ကျွန်တော့်မျက်စိနှစ်လုံးစလုံး သို့မဟုတ် တစ်လုံး ကန်းသွားနိုင်၏။ အလွန်ထိတ်လန့်ဖွယ်ကောင်းသော ဖြစ်ပျက်မှုပင်တည်း။ တမင်တကာ ပြုလုပ်သည်လား၊ မတော်တဆမှုလား ဆိုသည်ကိုတော့ ရှေ့မှ လျှောက်သွားသူကသာ သိလိမ့်မည်။

"ဟော့ . . . မိုက်တီ။ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ကျွန်တော့်နောက်ဘက် မလှမ်းမကမ်းမှ လိုက်ပါလာသူ ကိုယ်ရံတော် မဒူးရူက လှမ်း၍အော်လိုက်ခြင်းဖြစ်၏။

"အဲဒီဆူးကိုင်းကို ငါ့မျက်နှာနဲ့ တိုက်မိမလိုဖြစ်တော့မှ မြင်မိတာမို့ လန့်ဖျပ်ပြီး လက်နဲ့တွန်းဖယ်လိုက်မိတာပါ။ မတော်တဆဖြစ်သွားရတဲ့ ကိစ္စပါ။ ငါ တောင်းပန်ပါတယ်။ မင်းတို့ကို ထိခိုက်မိသေးသလား"

"ကံကောင်းလို့သာပေါ့ကွာ။ နို့မို့ရင် ညီ့သည်မျက်လုံး အကန်းပဲဟေ့။

www.burmeseclassic.com

ရှေ့လျှောက် သတိထားပြီး သွားလာလှုပ်ရှားပါကွာ။ လူမျိုးခြားချေ့သည် ထိခိုက်ခံစားရရတာမျိုးကိုတော့ လုံးဝ မဖြစ်ပါစေနဲ့"

သူတို့အချင်းချင်း ဟာတ်ဝိန်းဘာသာဖြင့် အပြန်အလှန် ပြောဆိုခဲ့ကြသည်ကို မဒူးရှုက ကဘောက်တိကဘောက်ချာ အင်္ဂလိပ်စကားဖြင့် ပြန်ဆိုပေး၍သာ ကျွန်တော် နားလည်သိရှိရခြင်းဖြစ်၏။ မိုက်တီးဆိုသူကား အဘယ်သူနည်း။ ကျွန်တော် သူ့ကို သတိရသွားပြီ။ ယမန်နေ့တုန်းက ကျွန်တော်နှင့် မာရီယာတို့ စကားပြောဆိုနေကြစဉ် မာရီယာကို ပျားရည်နှစ်ပုလင်း လာပေးသူဖြစ်၏။ ယခုဖြစ်စဉ်သည် မတော်တဆ ဖြစ်ရသည့်ကိစ္စမျိုးသာ ဖြစ်လိမ့်မည်ဟု ကျွန်တော် ကောက်ချက်ချလိုက်မိ၏။ အကြောင်းကား ကျွန်တော်နှင့် မိုက်တီးတို့အကြား ဘာအာဃာတမျိုးမှမရှိကြ။ တွေ့ခုံကြသည်မှာလည်း ရက်ပိုင်းမျှသာရှိသေး၏။ ကျွန်တော်သည် ဘာမျှ ဆက်၍မတွေးတော့ဘဲ သတိဝီရိယဖြင့် ဆက်ပြီး လျှောက်လှမ်းလာ၏။

အတန်ငယ် ခရီးပေါက်ပြီးနောက် ရှေ့ဆုံးမှ ဦးဆောင်လာသူ အွန်ဝို့(စ်)က ရုတ်တရက် ရပ်လိုက်၏။ သူ့နောက်မှ လိုက်ပါလာကြသူ အားလုံးလည်း ရပ်လိုက်ကြ၏။ သူတို့ ဦးတည်လာသည့် တောင်ကုန်းခြေရင်းဆီသို့ ရောက်လေပြီ။ လမ်းခရီးတစ်လျှောက်လုံး၌ မလှမ်းမကမ်းမှ ကြားရသည့် ကျားသစ်မာန်ဖီသံ ခြိမ်းသံ့ဟောက်သံ၊ တောခွေးအူသံတို့ကြောင့် ကျွန်တော်သည် ကျောချမ်းနေမိခဲ့ရာ ယခုမှ သက်ပြင်းချနိုင်မိရတော့၏။

အွန်ဝို့(စ်)နှင့် သူ့အဖွဲ့သားများက ထိုတောင်ကုန်းကို အောက်ခြေဘက်မှ ဝိုင်းပတ်နေရာယူလိုက်ကြ၏။ မဒူးရှုနှင့် ကျွန်တော်က ထိုတောင်ကုန်း၏ ဘေးတစ်ဖက်မှ ကုတ်ကတ်ပြီး ထိပ်ဘက်ဆီသို့ တက်ကြရ၏။ တွယ်တက်ရာလမ်းတစ်လျှောက်၌ ချုံပုတ်များ ဖုံးအုပ်နေသဖြင့် အလင်းရောင်ကို မမြင်ကြရ။ တောင်ထိပ်နားသို့ ရောက်ချိန်မှ ချုံနွယ်များ ရှင်းသွားပြီး ကောင်းကင်ရှိ ကြယ်ရောင်များကို လင်းခနဲ မြင်တွေ့ခိုက်ရ၏။ ထိုအချိန်၌ တောင်ကုန်းထိပ် သစ်ပင်ပေါ် ရှိ ဘာဘွန်းမျောက်ဝံများက ရန်သူချဉ်းကပ်လာကြောင်း ရိပ်မိသွားကြပုံတူ၏။ အချင်းချင်းအော်ဟစ်ပြီး အချက်ပေးကြ၏။ သစ်ကိုင်းများ ကျိုးကျသံတွေလည်း ပေါ်ထွက်လာ၏။ ဘာဘွန်းမျောက်ဝံများ သစ်ပင်ပေါ်မှ ဆင်းသက်လာကြလေပြီ။ မကြာမီ တောင်ကုန်းအောက်ဘက်ဆီသို့ ပြေးဆင်းကြတော့မည်။ ကျွန်တော်နှင့် မဒူးရှုရှိရာဘက်မှ ဆင်းပြေးလျှင် ခက်ရချေရဲ့ဟု တွေးရင်း ရင်ခုန်မှုက အထွတ်အထိပ်သို့ ရောက်သွားရ၏။

မဒူးရှုသည် ရုတ်ခြည်းပင် မုဆိုးထိုင် ထိုင်ချလိုက်ပြီး သူ့လေးကြိုးကို အားကုန်ဆွဲတင်ထားလိုက်၏။ မြားတံကို ပစ်လွှတ်ရန် အသင့်ဖြစ်နေပြီ။ ကျွန်တော်လည်း သူ့နောက်တွင် သူ့လိုပင်ထိုင်ချပြီး အိတ်ကပ်ထဲမှ လက်သုံးတော် မောင်းချခါးကို ထုတ်ယူလိုက်၏။ အသွား နှစ်လက်မခန့် ရှိသော မောင်းချခါးပင်တည်း။ အခြားမျောက်ဝံများက သူတို့ ခြေဦးတည့်ရာအတိုင်း တောင်ကုန်းအောက်ခြေသို့ ဆင်းပြေးကြသော်လည်း တစ်ကောင်သော မျောက်ဝံကြီးက ကျွန်တော်တို့ရှိရာဘက်သို့ ဦးတည်ပြေးလာလေရာ မဒူးရှုက သူ့ကို ဘယ်ညာလှည့်၍ ချိန်ရွယ်ရင်း ပစ်ခတ်ရန် တာစူလိုက်၏။ သို့ရာတွင် သူက မပစ်ခတ်သေးဘဲ တည့်မတ်စွာချိန်ထားရင်း စောင့်နေ၏။ သူ့လက်ကိုသူ စိတ်ချသော်လည်း မြားဒိပ်ကို သူသိပ်မယုံကြည်။ မြားတံထိမှန်ပြီး ဒဏ်ရာရသော်လည်း ချက်ချင်းမသေလျှင် အနီးကပ်

"ဟင်း [illegible]ကို ရန်ပြုချေတော့

"[illegible]စွာ ထိုမျောက်ဝံ[illegible] လမ်းကြောင်းပြောင်းပြီး တောင်အောက်ဆီသို့ ပြေးဆင်းသွား၏။

တကယ်တော့ မဒူးရှုနှင့် ကျွန်တော်၏ တာဝန်မှာ တောင်ထိပ်သစ်ပင်ပေါ်တွင် အိပ်နေသည့် ဘာဘွန်းမျောက်ဝံတွေကို တောင်ကုန်းအောက် သတ်ကွင်းဆီသို့ မောင်းချပေးရန် ဖြစ်၏။ တောင်ကုန်းအောက်ခြေပတ်လည်တွင် ဝိုင်းရံစောင့်ဆိုင်းနေကြသည့် အွန်ဝို့(စ်)နှင့် မုဆိုးများက ဆင်းပြေးလာကြသော မျောက်ဝံတွေကို ဝိုင်းဝန်းပစ်ခတ်ကြမည် ဖြစ်၏။ မကြာလှပါ။ တောင်ခြေဘက်ဆီမှ ကျယ်လောင်သော လေချွန်သံတစ်ချက် ပေါ်ထွက်လာ၏။ သားကောင်ရပြီဖြစ်ကြောင်း အချက်ပေးသံပင်တည်း။ ကျွန်တော်နှင့် မဒူးရှုတို့

www.burmeseclassic.com

လည်း အချက်ပေးသံပေါ်ထွက်လာသည့် တောင်ခြေနေရာဘက်ဆီသို့ ဝမ်းသာအားရ ပြေးဆင်းလာကြ၏။ ခြေကားယား လက်ကားယားဖြင့် မြေပြင်ပေါ်တွင် အသက်ပျောက်လျက်ရှိသော ဘာဘွန်းမျောက်ဝံအသေကောင်ကြီးကို ဝိုင်းရံစစ်ဆေးကြည့်ရှုနေကြသည့် အွန်ဝိ(စ်)နှင့် အဖွဲ့ကို တွေ့မြင်ရ၏။ ထိုမျောက်ဝံ၏ ပခုံးတစ်ဖက်တွင် မြားတံတစ်ချောင်း စူးဝင်လျက်ရှိနေ၏။ ထိုမုန်လဲကျသေဆုံးအောင် ပစ်ခတ်နိုင်ခဲ့သူကား အွန်ဝိ(စ်)၏ သားအကြီးဖြစ်သူ "ဂီဂါ" ပင်တည်း။ ဂီဂါသည် အွန်ဝိ(စ်)၏ စခန်း၌ မြားပစ်လက်အဖြောင့်ဆုံး မုဆိုးကျော်ဖြစ်၏။

"မင်းအတွက် ငါ့စိတ်မကောင်းပါဘူး မိုက်တီးရယ်။ ..သာ လက်ဖြောင့်သူဖြစ်ခဲ့... ဘာဘွန်းမျောက်ဝံငါးကောင်ရပြီ့ ...ယူနိုင်တဲ့ အရည်အချင်း ပြည့်သွားပြီ။ မင်း တစ်ဖက်သတ် သဘောကျနေတဲ့ ငါ့နှမဝမ်းကွဲ မာရီယာကို ချစ်ရေးဆိုလို့ ရပြီပေါ့ ယောက်ဖလောင်းကြီးရယ်"

ဂီဂါက မိုက်တီးကို ကျီစယ်လိုက်ခြင်း ဖြစ်၏။ မိုက်တီးကတော့ ဘာမျှပြန်ဝေည်တုံ့ပြန်ခြင်း မရှိ။ ဘာဘွန်းမျောက်ဝံ အသေကောင်ကြီးကိုသာ မမှိတ်မသုန် ငေးကြည့်နေ၏။ ဂီဂါပြောသော စကားများကို မနှုရှက ထစ်ထစ်ငေါ့ငေါ့ဖြင့် အင်္ဂလိပ်လို ဘာသာပြန်ဆိုပေးခြင်းကြောင့်သာ ကျွန်တော် နားလည်ခွင့်ရလိုက်ခြင်း ဖြစ်၏။ ဂီဂါ၏ စကားအရဆိုလျှင်တော့ မိုက်တီးက မာရီယာကို တစ်ဖက်သတ် ကြိုက်နေသည်ဟု ကျွန်တော် နားလည်မိလိုက်ရ၏။ မာရီယာကရော မိုက်တီးအပေါ်တွင် ဘယ်လို သဘောထားလေသနည်း။ ကျွန်တော်သည် တွေးရင်း အလိုလို သဝန်တိုစိတ်များ ပေါ်လာမိရ၏။

"မင်းနဲ့ ဘာဆိုင်သလဲ။ မင်းက ညှိသည် မနုဿဗေဒပညာရှင်တစ်ယောက်။ အချစ်ကိစ္စကို အကြောင်းပြုပြီး ဒေသခံ တိုင်းရင်းသားတွေနဲ့ ပြဿနာမပေါ်ဖို့ မင်းရှောင်ကြဉ်ရမယ်။ သိပ်ပြီး သတိထားဆင်ခြင်ရမယ်"

ကျွန်တော့်ကိုယ် ကျွန်တော် စိတ်ထဲမှ သတိပေးလိုက်မိရခြင်း ဖြစ်၏။

ဟာဒ်ဇာလူမျိုးတို့သည် သဲကန္တာရနှင်းဆီပင်၏ အမြစ်ကို ထောင်းထု၊ အရည်ညှစ်ယူပြီး မြားဆိပ်ပြုလုပ်လေ့အ...ရှ ထိုမြားဆိပ်သည် အသေးဆုံး မှ...သတ္တဝါမှသည် အကြီးဆုံး သစ်ကုလားအုပ်အထိ သေဆုံးစေနိုင်၏။ သို့ရာတွင် ဆင်ပြောင်ကြီးတို့ကိုမူကား ထိုမြားဆိပ်က မတိုးနိုင်ချေ။ ယခု ဂီဂါပစ်ခတ်၍ သေဆုံးခဲ့သော ဘာဘွန်းမျောက်ဝံ၏ မြားချက် ဒဏ်ရာပတ်လည်မှ အသားစိုင်အချို့ကို ချက်ချင်းပင် ဓားဖြင့် လှီးဖြတ်ဖယ်ထုတ်ပစ်လိုက်ကြ၏။ ထိုမျောက်ဝံ၏အသားကို စားသောက်ကြသည့်အခါ အဆိပ်မသင့်စေရန် ကြိုတင်ဖယ်ရှားထားခြင်းပင်ဖြစ်၏။

အမဲလိုက်၍ ယခု တောကောင်တစ်ကောင်ကို ရရှိကြပြီ ဖြစ်သော်လည်း တောစောင့်နတ်ကို ပသခြင်းအပါအဝင် ယုံကြည်စွဲလမ်းမှုဆိုင်ရာ ဘာပူဇော်ပသမှုမျိုးကိုမှ သူတို့မလုပ်ကြ။ နတ်ဝိညာဉ်အယူအဆနှင့် ပတ်သက်၍လည်း သူတို့ ဘာမျှ အလေးအနက်ထားကြပုံမပေါ်။ နောင်ဘဝဆိုသည်ကိုလည်း သူတို့ ယုံကြည်ပုံမရ။ မိမိသေဆုံးပြီးနောက် ဘာဖြစ်မည်ဆိုသည်ကို မည်သည့် ဟာဒ်ဇာမျှ တွေးတောပူပန်ခြင်း မရှိကြ။

"နတ်ဘုရားဆိုတာ ရှိသလား"

ကျွန်တော်က အကဲစမ်းသည့်သဘောဖြင့် အွန်ဝိစ်ကို မေးလိုက်ခြင်းဖြစ်၏။

"နတ်ဘုရားဆိုတာ ရှိတယ်။ လူတွေကို မျက်စိကာန်းသွားလောက်အောင် တောက်ပတယ်။ တန်ခိုးလည်း သိပ်ကြီးတယ်။ လူ့ဘဝတစ်လျှောက်လုံးအတွက် လိုအပ်နေတဲ့အရာဖြစ်တယ်"

အွန်ဝိစ် ရည်ညွှန်းသော နတ်ဘုရားဆိုသည်မှာ ကောင်းကင်တွင် ထွန်းလင်းသောနေမင်းကို ရည်ညွှန်းခြင်းဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်ရ၏။ ကမ္ဘာပေါ်ရှိ လူသားမျိုးနွယ်အတော်များများတို့သည် နေနှင့်ပတ်သက်၍ ယုံကြည်ကိုးစားကြကြောင်း လေ့လာသိရှိရ၏။ ယနေ့ အလွန် ဖွံ့ဖြိုးတိုးတက်နေသော ဂျပန်တို့သည်ပင် သူတို့ကိုယ်သူတို့ နေမင်းမှ ဆင်းသက်ပေါက်ဖွားလာသူများ (ဝါ) နေမျိုးနွယ်များအဖြစ် ခံယူထားကြ၏။ သူတို့၏ နိုင်ငံတော်အလံတွင် နေလုံးနီနီ ရုပ်ပုံကြီးကို အဓိက တွေ့မြင်ကြရမည်ဖြစ်၏။

"ကျွန်တော်တို့ရဲ့ ဘိုးဘွား...လူမျိုးတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်

www.burmeseclassic.com

ဆောင်လောက်က ပေါ်ထွန်းခဲ့ကြပြီး နေနဲ့ပတ်သက်တဲ့ ကိုးစားယုံကြည်မှုတွေ ရှိခဲ့ကြတယ်။ ပျူဒဂါးတွေမှာ တက်နေပုံပါရှိတာကို တွေ့ရတယ်။ ကွန်ဖတ်(စ်)(အိမ်မြှောင်) မပေါ်သေးတဲ့ ခေတ်မှာ ပျူတွေဟာ နေကို ကွန်ပတ်(စ်)လို အသုံးပြုပြီး ခရီးသွားခဲ့ကြတဲ့ ဖြစ်စဉ်တွေလည်း ရှိခဲ့တယ်ဗျ။ ဥပမာ…ဗိသနိုးမြို့ကို တည်ထောင်ခဲ့တဲ့ ပျူတွေဟာ သူတို့ မြို့တော် ပျက်ဆီးခံရတဲ့ခါ နေကိုဦးတည်ပြီး အရှေ့ဘက်အရပ်ကို ထွက်ခွာခဲ့ကြတယ်။ အလယ်ရိုးမကို ကျော်ပြီး ပျဉ်းမနားတပ်ကုန်းဘက်တွေကို ရောက်ရှိသွားခဲ့ကြတယ်၊ မြန်မာပြည် မြေပုံပေါ်မှာ ကြည့်လိုက်ရင် ဗိသနိုးမြို့ဟောင်းနဲ့ တည့်တည့် အရှေ့ဘက်မှာ တပ်ကုန်းမြို့ရှိနေတာ တွေ့ရတယ်။ ဗိသနိုး မြို့ဟောင်းနဲ့ တပ်ကုန်းမြို့ရဲ့ အလယ်ကောင်မှာ ခြားနားနေတာကတော့…အလယ်ရိုးမတောင်တန်းကြီးပဲ ဖြစ်တယ်။ မျက်မှောက်ခေတ်မှာ ရှေးဟောင်းပစ္စည်း တူးဖော်ရောင်းစားသူတချို့ဟာ တပ်ကုန်းမြို့က လယ်ကွင်းတချို့ကို သွားရောက်ပြီး တူးဖော်ခဲ့ကြတယ်၊ သူတို့ကိုယ်တိုင် တူးဖော်တာမဟုတ်ဘဲ အဲဒီမှာလယ်လုပ်နေကြတဲ့ အေသခံတွေကို နေ့တွက်စရိတ်ပေးပြီး တူးဖော်ခိုင်းကြတာခင်ဗျ။ ပုံစံအမျိုးမျိုးအရောင်အသွေးအမျိုးမျိုးနဲ့ ပြုလုပ်ထားတဲ့ ရှေးဟောင်းပျူပုတီးစေ့အတော်များများ ရရှိသွားခဲ့ကြတယ်လို့ ကြားသိခဲ့ရတယ်။ အဲဒီလယ်မြေတွေဟာ တစ်ချိန်တုန်းက ပျူတွေ စခန်းချသွားခဲ့ကြတဲ့ နေရာတွေဖြစ်နိုင်တယ်။ ဗိသနိုးမြို့ဟောင်းကနေ ပြောင်းရွှေ့လာခဲ့ကြတဲ့ ပျူတွေဖြစ်မယ်လို့ ပညာရှင်တချို့က ကောက်ချက်ချခဲ့ကြပါတယ်"

ကျွန်တော့်မိတ်ဆွေ ရှေးဟောင်းသုတေသနပညာရှင်တစ်ဦး ပြောပြခဲ့သည်များကို ပြန်လည်ကြားယောင်သတိရနေမိခြင်း ဖြစ်၏။ ယခု ကျွန်တော် လေ့လာသုတေသနပြုလျက်ရှိနေသော ဟာ့ခ်ဇာလူမျိုးတို့သည်လည်း နေကို ကိုးစားကိုးကွယ်ကြသူများဖြစ်ကြောင်း သိရှိရလေပြီ။

အွန်ဝဲ့(စ်) ခေါင်းဆောင်သော အဖွဲ့သည် ဘာပူဇော်ပသပွဲမျှ မလုပ်ဘဲ ဘာဘွန်းမျောက်ဝံအသေကောင်ကြီးကို စခန်းဆီသို့ သယ်ဆောင်လာခဲ့ကြ၏။ အွန်ဝဲ့စ်၏ မီးဖိုတွင် ထိုမျောက်ဝံအသားကို မီးကင်စားကြမည်ဖြစ်၏။ အိပ်ရာမှနိုးလာသူ အွန်ဝဲ့စ်၏ဇနီးသည် မျောက်ဝံအသေကောင်ကို တွေ့မြင်လိုက်ရသောအခါ၌ ဝမ်းသာကျေနပ်သွားပုံရပြီး ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။ စခန်းရှိ ကျန်အမျိုးသမီးများနှင့် ကလေးများလည်း နိုးလာကြပြီး အွန်ဝဲ့စ်၏မီးဖိုကို ဝိုင်းပတ်ရံလိုက်ကြ၏။ သူတို့အားလုံး ဆာလောင်မွတ်သိပ်နေကြ၏။ အမျိုးသားတစ်ဦးက ဓားအစွန့်တစ်ခုဖြင့် မျောက်ဝံ၏ အရေခွံကို ကျင်လည်စွာ ဆုတ်ခွာလိုက်၏။ အမွေးဖွားဖွားရှိသော ထိုမျောက်ဝံ၏ အရေခွံကို နေပူတွင် ငါးရက်ခန့် အခြောက်လှန်းပြီးလျှင် အိပ်ရာခင်းကောင်းတစ်ခုဖြစ်လာပေလိမ့်မည်၊ လူရွယ်လင်မယားနှစ်ဦးတို့က ထိုမျောက်ဝံ၏အသားများကို ခုတ်ထစ်ဖြတ်တောက်ပြီး မီးဖိုအနီးတွင် ထိုင်နေကြသူများကို ဝေငှပေး၏။ စခန်း၏ အကြီးအကဲဖြစ်သူ အွန်ဝဲ့စ်က ဘာဘွန်းမျောက်ဝံ၏ ဦးခေါင်းကို ရရှိ၏။

ကျွန်တော်သည် အပေါ့အပါးသွားလိုသဖြင့် ထိုနေရာမှ ခေတ္တထွက်ခွာလာခဲ့သည်။ အနောက်ဘက်ရှိ ချုံတောများဆီသို့ လျှောက်လာခဲ့ရာ ကျွန်တော့်နောက်နားဆီမှ ခြေသံသဲ့သဲ့ ကြားရသောကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ကျွန်တော့်နောက်တွင် ရပ်နေသည့် သတ္တဝါန်တစ်ခုကို တွေ့ရ၏။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်မိရာ-

"ဟင်…မာရီယာ"

"ဟုတ်တယ် ကိုကို၊ မာရီယာပါ။ ကိုကိုက မပြောမဆိုနဲ့ တစ်ယောက်တည်း ဒီဘက်ကို ထွက်လာတာတွေ့လို့ ညီမလေး စိုးရိမ်ပြီး လိုက်လာခဲ့မိတာပါ။ ကိုကို အပေါ့အလေးသွားချင်လို့လား။ သင့်တော်တဲ့နေရာကို ညီမလေး လိုက်ပို့ပါ့မယ်။ အခု ကိုကို ဦးတည်ပြီးသွားနေတဲ့ ချုံတောတွေဘက်က မြွေဆိုးပေါတယ်။ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်တယ်"

မာရီယာထံမှ ကြားလိုက်ရသောစကားများကြောင့် ကျွန်တော့်ရင်ထဲတွင် နွေးနွေးထွေးထွေး ဖြစ်သွားခဲ့ရ၏။

"သူ ငါ့အပေါ်မှာ သံယောဇဉ်တယ်ပြီးကြီးမားပါလား" ဟူသော အသိတရားကြောင့် ကြည်နူးပီတိ ဖြစ်မိရ

www.burmeseclassic.com

သည်။ ကျွန်တော်သည် သူမရပ်နေသည့် နေရာဆီသို့ လျှောက်သွား၏။ တစ်ပေကျော်ခန့်အကွာ၌ သူမနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ညီမလေးက ကိုကို့အပေါ် သံယောဇဉ်ရှိတယ်၊ စိုးရိမ်ပူပန်တယ်ဆိုတာကို သိရလို့ ကိုကို သိပ်ပြီးပျော်သွားမိတယ် မာရီယာရယ်"

"ကိုကိုဟာ ညီမလေးတို့ ဟာဒ်ဇလူမျိုးတွေရဲ့ အထူးချည့်သည်တစ်ယောက် ဖြစ်တယ်လေ။ ကိုကို သေးအန္တရာယ် ကင်းရှင်းဖို့အတွက် ညီမလေးတို့အားလုံးမှာ တာဝန်ရှိပါတယ်။ အထူးသဖြင့် ကိုကို့ရဲ့ စကားပြန်အနေနဲ့ရော အတွင်းရေးမှူးအဖြစ်နဲ့ပါ တာဝန်ယူနေရတဲ့ ညီမလေးမှာ ပိုပြီး တာဝန်ရှိပါတယ်။ ဦးလေးအွန်ဝါ့စ်ကလည်း ကိုကို့ကို အထူးဂရုစိုက်ဖို့ စောင့်ရှောက်ဖို့ ညီမလေးကို သေသေချာချာ မှာထားပါတယ်"

ကျွန်တော်သည် မာရီယာ၏ စကားများကို နားထောင်ရင်း ပီတိပွား နေမိရာမှ ရုတ်တရက် စိတ်ရိုင်းဝင်လာ၏။ သူမကို စတွေ့စမြင်ကတည်းက ရင်ထဲတွင် တောက်လောင်ခဲ့ရသော အချစ်မီး။ ထိုမီးကို ကျွန်တော်က အလိမ္မာစိတ်ဖြင့် အချိန်မီ ထိန်းချုပ်နိုင်ခဲ့သောကြောင့် မီးတောက်ကြီး ဖြစ်မလာခဲ့ရချေ။ သို့ရာတွင် ငြိမ်းသွားခြင်းသည်သာ ဖြစ်ပြီး လုံးဝငြိမ်းသွားခြင်း မဟုတ်ရကား ယခုအခွင့်သာချိန်၌ ထိုမီးတောက်က ပြန်ပြီး ကြီးထွားလာရပြန်၏။ မသင့်တော်မှန်းတော့ သိပါသည်။ သို့သော်-

"မာရီယာ"

"ပြောပါကိုကို။ ညီမလေး ဘာအကူအညီပေးရမှာလဲ"

"ညီမလေး တကယ်ကူညီပေးနိုင်ရင်တော့ ကိုကို့ရင်ထဲက မီးတောက်ကြီးဟာ မြန်မြန်ငြိမ်းအေးသွားမှာ ဖြစ်ပါတယ်။ ကိုကိုဟာ ညီမလေးကို စတင်မြင်တွေ့စအချိန်ကတည်းက ချစ်ခင်စွဲလမ်းမိခဲ့တယ်။ ဒီလိုစိတ်မျိုး တစ်သက်မှာ ဒီတစ်ခါပဲ ပေါ်ခဲ့ဖူးတယ်ဆိုရင်တော့ ညီမလေး ယုံချင်မှ ယုံလိမ့်မယ်။ ကိုကို့ဘဝမှာ မိန်းကလေးတွေနဲ့ ဆုံခဲ့တွေ့ခဲ့ဖူးပေမယ့် ထူးထူးထွေထွေ ခံစားခဲ့မိရတာမျိုး မရှိခဲ့ဘူး။ လေးလေးနက်နက် မရှိခဲ့တာလည်း အမှန်ပဲ။ ဒါကြောင့်လည်း ဒီကနေ့အထိ အိမ်ထောင်မပြုဘဲ နေခဲ့တာပါ။ အဲ . . . မာရီယာကိုတွေ့မြင်ပြီး ဖြစ်ပေါ်ရတဲ့ အချစ်စိတ်ကတော့ မာရီယာကို ဘဝကြင်ဖော်တစ်ယောက်အဖြစ် ကိုကိုနဲ့ အမြဲတမ်း ရှိနေစေချင်တဲ့ စိတ်မျိုးပဲ ဖြစ်ပါတယ်။ မာရီယာသာ သဘောတူလက်ခံမယ်ဆိုရင် အွန်ဝါ့စ်ကို ဖွင့်ပြောမယ်။ မာရီယာကို လက်ထပ်ခွင့် သူ့ဆီမှာ တောင်းမယ်။ ဟာဒ်ဇလူမျိုးတွေရဲ့ ဓလေ့ထုံးတမ်းအတိုင်း ဒီမှာ မင်္ဂလာဆောင်မယ်။ ကိုကို့ရဲ့ သုတေသနလုပ်ငန်းပြီးလို့ အမေရိကကို ပြန်ရင် မာရီယာကိုလည်း ခေါ်သွားမယ်။ ဟိုမှာ ကိုကို့ရဲ့ဇနီးမယားအဖြစ် တစ်သက်လုံး နေပေတော့"

ဤစကားတို့သည် ကျွန်တော်၏ နှုတ်မှများမှ ပေါ်ထွက်လာသော်လည်း တကယ့်ရင်တွင်းစကားများ ဖြစ်ကြ၏။ တကယ့်စိတ်ရင်းအမှန်ဖြင့် ပြောဆိုနေမိခြင်းဖြစ်၏။ ကျွန်တော်၏ အသံများက အနည်းငယ် တုန်နေသည်။ မာရီယာကတော့ ဘာမျှ တုံ့ပြန်ပြောဆိုခြင်းမရှိ။ ငြိမ်သက်စွာ ရပ်နေဆဲဖြစ်၏။ မချင့်မရဲဖြစ်လာသော ကျွန်တော်သည် သူမ၏ အနီးသို့ တိုးကပ်ပြီး လှမ်း၍ဖက်လိုက်မိရာ-

"အိုး . . . နိုး . . . နိုး"ဟူသော အော်သံနှင့်အတူ ကျွန်တော်သည် ရုတ်တရက် နောက်ပြန်လှန်၍ လဲကျသွား၏။ မာရီယာက အားကုန်ဆောင့်တွန်းပစ်လိုက်သောကြောင့် လဲကျသွားခဲ့ရခြင်းဖြစ်၏။ ကျွန်တော် ကြိုးစားပြီး ပြန်ထလာချိန်၌ သူမက နောက်သို့ ခပ်ခွာခွာ ဆုတ်ပြီး ရပ်နေ၏။

"ကိုကို ဒီလိုလုပ်ရပ်မျိုးအတွက် ထပ်ပြီး မကြိုးစားပါနဲ့လို့ တောင်းပန်ပါရစေ။ အစကတော့ ညီမလေးဟာ အခုပြောမယ့် စကားတွေကို ရင်ထဲမှာပဲ သိမ်းဆည်းထားဖို့ပါ။ ဒါပေမယ့် အခြေအနေအရ မပြောရင် မဖြစ်တော့တာမို့ အခုပဲ ပြောပြပါတော့မယ်။ သိပ်ပြီး အရေးကြီးတာမို့ ကိုကို သေသေချာချာ နားထောင်ပါနော်"

(ဆက်လက်ဖော်ပြပါမည်။)

မနူသကျော်ဝင်း(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# ပြည်မြို့ သရေခေတ္တရာ ရဟန္တာဂါထာတော်များ

ဉာဏ်လင်း

၁။ အတီတံ ဗုဒ္ဓရတနံ၊ ဗုဒ္ဓဝံသ မနာဂတံ။
မမသီသေ ဌပေတွာန၊ ယာဝဇီဝံ နမတ္ထုမေ။
၂။ အတီတံ ဓမ္မရတနံ၊ ဓမ္မဝံသ မနာဂတံ။
မမသီသေ ဌပေတွာန၊ ယာဝဇီဝံ နမတ္ထုမေ။
၃။ အတီတံ သံဃရတနံ၊ သံဃံဝံသ မနာဂတံ။
မမသီသေ ဌပေတွာန၊ ယာဝဇီဝံ နမတ္ထုမေ။

ကျွန်ုပ် ပြည်မြို့ကို နှစ်ခေါက်လောက် သူငယ်ချင်းတစ်ယောက်ဆီကို အလည်ရောက်ခဲ့ဖူးပါတယ်။ သူငယ်ချင်းနှင့် မတွေ့ရတာကြာပြီမို့ အလည်ရောက်ဖြစ်တာပါ။ ပြီးတော့ ကျွန်ုပ်က ပြည်မြို့ကို မရောက်ဖူးတဲ့နေရာမို့ ရောင်ချင်နေတာပါ။

ရောက်လက်စမှာ ကျွန်ုပ်ကို သူငယ်ချင်းက ဘုရားစာအုပ်အဟောင်းတစ်အုပ် ခဏဖတ်ဖို့ ပေးပါတယ်။

အဲဒီမှာ ကျွန်ုပ်က စာရေးတတ်၊ စာဖတ်တတ်တဲ့ ဝါသနာထုံနေမှန်း ကျောင်းတုန်းကတည်းကမှ ကျွန်ုပ်ရဲ့ဝါသနာကို သိနေပြီးဖြစ်တဲ့ သူငယ်ချင်းက အလိုက်သိစွာနဲ့ ဘုရားစာအုပ်တစ်အုပ် လာပေးထားပါတယ်။

ကျွန်ုပ်က စိတ်ဝင်တစားနဲ့ ဂါထာတော်တော့်ကို များပြားတဲ့ စာအုပ်ကို အကြိမ်ကြိမ် လေ့လာမှတ်သားရတာ အင်တန်မှ အားရဝမ်းသာ ပီတိဖြစ်မိရတယ်။

အဲဒါနဲ့ ကျွန်ုပ်သူငယ်ချင်းရဲ့အိမ်မှာနေခဲ့တာ တစ်ပတ်ကျော်ကြာသွားပြီ။ သင်္ကြန်ရက်တွင်းမဟုတ်တော့ နေရတာ အေးနေမိတယ်။ နေရေး စားရေးကို သူငယ်ချင်းက အလုပ်မအားကြားက ကျွန်ုပ်ကို လစ်ဟာမသွားအောင် ဂရုစိုက် စီစဉ်ဆောင်ရွက်ပေးခဲ့တာ ကျွန်ုပ် လွန်စွာမှပဲ ကျေးဇူးမမေ့တော့ပါ။
အတူ သူ့မိဘမောင်နှမအားလုံးကို ကျွန်ုပ်လှိုက်လှိုက်လှဲလှဲအထူးပဲ တင်ရှိပါကြောင်း ဒီပြည် သရေခေတ္တရာဂါထာကို အားရစွာ နှလုံးသွင်းကာ ရေးရတာ အင်မတန်မှ ရှိစေတဲ့၊ အကျိုးထူးစေတဲ့ ရဟန္တာဂါထာတော်များကို ရဲ့ စာဖတ်ပရိသတ် မိဘပြည်သူအပေါင်းအပေါ် မေတ္တာနဲ့ စာကုသိုလ်ပြုနေကျဟန်နဲ့ ကျွန်ုပ်ကုသိုလ်ပြုရတယ်။~

ဆိုတော့ . . . ဒွတ္တဘောင်မင်းကြီး သားတော်နှစ်ပါး ရဟန္တာဖြစ်လို့ ဗုဒ္ဓဂါယာမှ ဘုရားရှင်ဓာတ်တော်များကို သရေခေတ္တရာပြည်မြို့ကို ပင့်ဆောင်ရာတွင် ပါလာသောဂါထာ့တော် ဖြစ်ပါတယ်။ နေ့စဉ်ရွတ်ဖတ်ရင် စည်းစိမ်ဥစ္စာတွေ ရစေနိုင်ကြောင်းလည်း မှတ်ချက်မှာ ဖတ်လိုက်ရပါသတဲ့။

တကယ် ထူးထူးခြားခြားဖြစ်တဲ့ ပြည်မြို့ သရေခေတ္တရာ ရဟန္တာဂါထာတော်များမို့ ကျွန်ုပ်ရဲ့ စာဖတ်ပရိသတ် မိဘပြည်သူအပေါင်းအတွက် နေ့စဉ်ရွတ်လိုက်ရင် ထူးခြားပြီး လက်တွေ့တွေ့မြင်ရမှာက လာဘ်လာဘများရော၊ စည်းစိမ်ဥစ္စာပါ ထူးခြားစွာ ပေးလိမ့်မတဲ့။

ကိုင်း . . . ယုံကြည်ဖို့က ကျွန်ုပ်ရဲ့ စာဖတ်ပရိသတ် မိဘပြည်သူအပေါင်းဘက်ကပဲ ကြိုးစားလုပ်ဆောင်စို့။

## ဂါထာတော်အနက်

၁။ အတီတံ-လွန်လေဖြီးသော၊ ဗုဒ္ဓရတနံ-ဘုရားရတနာကိုလည်းကောင်း၊ ဗုဒ္ဓဝံသ-မြတ်စွာဘုရား၏ အနွယ်ကိုလည်းကောင်း၊ မမ-ငါ၏၊ သီသေ-ဦးခေါင်းအထက်၌၊ ဌပေတွာန-တည်ရှိကြကုန်၏။ ယာဝဇီဝံ-အသက်ထက်ဆုံး၊ မေ-ငါ့အား၊ န-နမော ရှိခိုးခြင်း၊ အတ္ထုဘဝန္တု-ဖြစ်ပါစေသတည်း။

၂။ အတီတံ-လွန်လေပြီးသော၊ ဓမ္မရတနံ-ဓမ္မရတနာကိုလည်းကောင်း၊ ဓမ္မဝံသ-ဓမ္မတရား၏ အနွယ်ကိုလည်းကောင်း၊ မမ-ငါ၏၊ သီသေ-ဦးခေါင်းအထက်၌၊ ဌပေတွာန-တည်ရှိကြကုန်၏။ ယာဝဇီဝံ-အသက်ထက်ဆုံး၊ မေ-ငါ့အား၊ န-နမော ရှိခိုးခြင်း၊ အတ္ထုဘဝန္တု-ဖြစ်ပါစေသတည်း။

၃။ အတီတံ-လွန်လေပြီးသော၊ သံဃံရတနံ-သံဃာရတနာကိုလည်းကောင်း၊ သံဃံဝံသ-သံဃာ၏အနွယ်ကိုလည်းကောင်း၊ မမ-ငါ၏၊ သီသေ-ဦးခေါင်းအထက်၌၊ ဌပေတွာန-တည်ရှိကြကုန်၏။ ယာဝဇီဝံ-အသက်ထက်ဆုံး၊ မေ-ငါ့အား၊ န-နမောရှိခိုးခြင်း၊ အတ္ထုဘဝန္တု-ဖြစ်ပါစေသတည်း။

ဉာဏ်လင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ (၈)

မောင်ယဉ်မွန်(မောစ်နေခြည်)

ယ ခင် လ မှ အ ဆက်

"ဟော့. . . တဲပေါ်မှာ ဘယ်သူတွေလဲ၊ ဆင်းခဲ့. . ဆင်းခဲ့"

ဟု ဆိုကာ တဲတိုင်ကိုလည်း တဒေါက်ဒေါက် မြည်အောင် ခေါက်နေတော့သည်။

သုဇိလနှင့် သီတာတို့မှာ အကျီများ ကပျာကယာဝတ်၍ တဲအောက်သို့ ဆင်းခဲ့ကြရတော့၏။

"မင်းတို့ ဘယ်ကလဲ"

ဟု လူကြီးတစ်ဦးက ဆီး၍မေးလိုက်သည်။

"မောရတောင်က ရဲမက်တွေပါ"

ဟု သုဇိလက ပြီးစလွယ်ပင် ဆိုလိုက်သည်။

"ဟား. . ဟား. . ဟား. . ဟုတ်မှလည်းလုပ်ပါ ကိုယ့်လူရယ်၊ ကျုပ်ကြားဖူးတဲ့ ရဲမက်စစ်သည်တော် ဆိုတာ ယောကျ်ားပီသတဲ့ လူညိုထွားကြီးတွေတဲ့ဗျ။ ဟား. . ဟား. . ဟား၊ ခုတော့ ကြည့်ကြပါဦး၊ တစ်ယောက်က အသားနီစပ်စပ် ဖြူဖတ်ဖြူရော်နဲ့၊ ဟော နောက်တစ်ယောက်က မိန်းကလေး၊ ဝေးပါသေးရဲ့၊ ဒါ ရဲမက်တဲ့လား၊ ဟား ဟား. . ဟား. ."

ဟု ဆိုကာ လူကြီးက လှောင်ရယ် ရယ်မောနေပေသည်။

"နောင်ကြီးကကော ဘယ်ကလဲ"

ဟု သုဇိလက ပြန်၍မေးလိုက်သည်။

"အံ့ပါရဲ့ မောင်ရင်ရယ်၊ ကျုပ်တဲပေါ် အိပ်၊ ကျုပ်ပြောင်းဖူးခိုးစားပြီး နောင်ကြီးကကောလို့ မေးမှ မေးတတ်မေတယ်"

ဟု လူကြီးက ဆိုလိုက်မှ သုဇိလ ပို၍ မျက်လုံးပြူးရတော့သည်။

"ဒီလိုပါ နောင်ကြီးရယ်၊ ခုဆိုရင် မောရတောင်မှာ မဇရာဇာ အရှင်မင်းကြီးက တကောင်းနိုင်ငံတော် ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် အမျိုးသားစစ်သည်တော်များ စုဆောင်းနေသလို အမျိုးသမီးစစ်သည်တော်များလည်း စုဆောင်းနေပါတယ်"

ဟု သုဇိလက ဆိုလိုက်လေရာ

"ဟား. . . ဟား. . . ဟား. . . စစ်သည်တော်ရဲမက်ကြီးက အမျိုးသမီးစစ်သည်တော် စုဆောင်းလာတယ်ပေါ့၊ ဟန်ကျလိုက်လေ၊ ဒါဆိုရင်ဖြင့် ကျုပ်လည်း စစ်သည်ရဲမက်ကြီး လုပ်ချင်စမ်းပါဘိဗျာ၊ ခင်ဗျားလို အခွင့်အရေး ရရင်ပေါ့လေ"

ဟု ဆိုနေပြန်သည်။ သုဇိလမှာ ရှင်းလေရှုပ်လေမို့ ဘာဆက်ပြောရမည် မသိတော့ပေ။

"ဦးကြီးရယ်. . အထင်တော့

www.burmeseclassic.com

မလွဲလိုက်ပါနဲ့၊ ဒီမောင်ကြီးက သီတာရဲ့ ခင်ပွန်းသည်ပါ။ သူက မောရတောင်မှာ နေရတဲ့ စစ်သည်တော်တစ်ဦးလည်းဖြစ်ပါတယ်၊ ခုလာကြတာက သီတာကို သူ လက်ထပ်ပြီးလို့ မောရတောင် ပြန်ခဲ့ကြတဲ့ ခရီးစဉ်လည်း ဖြစ်ပါတယ်"

ဟု ရှင်းပြလိုက်သည်နှင့် ဆက်မေးပြန်သည်။

"ဒါဆို ရဲမက်တွေပါလို့ ဘာကြောင့်လိမ်ရတာလဲ"

"အမှန်တော့ သီတာက မြားပစ်၊ ဓားခုတ်၊ လှံထိုး အားလုံးကျွမ်းကျင်တယ်ရှင့်၊ ဒီတော့ တကောင်းပြည် ပြန်လည်ထူထောင်ရေးမှာ ရဲမက်တော်တစ်ဦးအနေနဲ့ ပါဝင်ဖို့ မင်းတရားထံ ခွင့်ပန်ထားတယ်လေ"

ဟု ဆိုလိုက်ရာ တဲရှင်လူကြီးက ယုံကြည်ဟန်မတူပေ။ သူ သိမ်းဆည်းထားသော လေးနှင့်မြား ထုတ်ယူလာတော့၏။

"ကိုင်း.. ဟုတ် မဟုတ် မြားပစ်ပြိုင်မယ်၊ မင်းတို့ ရှုံးလို့ကတော့ သေဖို့ပြင်ထား"

ဟုလည်း ဆိုနေပြန်သည်။ ခက်သည်က ထိုသူ ယူလာသော လေးမှာ ဆွဲလေးမဟုတ် ဒူးလေး ဖြစ်၍နေသည်။ သုဇိလမှာ ဒူးလေးကို ကိုင်ဆောင်ဖို့ဝေစွ မြင်ပင်မြင်ဖူးသူ မဟုတ်ပေ။ သီတာကတော့ ဒူးလေးကို ကြည့်၍ တစ်ချက်ပြုံးလိုက်သည်။

"ကိုင်း ဘယ်သူ အရင်ပစ်မှာလဲ"

ဟု ဆိုကာ လူကြီးက ဒူးလေးနှင့် မြားတစ်စင်း ကမ်းပေးသည်။ သီတာ မြေပေါ် ထိုင်ချလျက် လေးကိုင်းကို ခြေနှင့်ကန်ကာ လေးကြိုးကို တင်သည်။ ပြီးသည်နှင့် မြားတစ်စင်း ထည့်၍ ပစ်မှတ်ရှာသည်။ ကောက်ရိုးပုံအနီး အစာရှာနေသော ကြက်ဖကြီးကို မြင်လိုက်ရသဖြင့် ချိန်ရွယ်ကာ ပစ်ချလိုက်တော့သည်။ ကြက်ဖကြီးမှာ ဦးခေါင်းတည့်တည့် ထိမှန်သွား၍ နေရာမှာပင် လဲကျသွားတော့၏။

"မင်းလက်ကိုတော့ ယုံပါပြီ၊ ဟိုလူနီဖြူစပ်ကိုတော့ မယုံသေးဘူး"

ဟု ဆိုနေပြန်သည်။

"လောကဆိုရိုးစကားရှိတယ် ကလေးမရဲ့၊ လူနီဖြူစပ် မပေါင်းအပ်တဲ့၊ လောကမှာ ယောကျာ်း ရှားလို့ ဒီလူမျိုးမှ ရွေးရသလားကွယ်၊ ဒီလိုလူမျိုးက လေ့ပေါ်ပြီး လက်ကြောမတင်းဘူးဆိုတာ မှတ်ထား။ မင်းစောင့်ကြည့်၊ မကြာမီ အဖြေပေါ်လာလိမ့်မယ်"

ဟု ဆိုနေပြန်သည်။

အမှန်တော့ သုဇိလ၏ အသားအရေမှာ ဖြူနီစပ် မဟုတ်ပါ။ ဖြူ၍ အဝါရောင်သမ်းခြင်းသာလျှင် ဖြစ်သည်။ သို့သော် နေပူမိခြင်း ပင်ပန်းခြင်းတို့ကြောင့် ဖြူသောအသားမှာ သွေးရောင်သမ်းနေခြင်းဖြစ်ပေသည်။

သုဇိလသည် ဒူးလေးကို အောက်စိုက် မြေနှင့်ထောက်လျက် လွယ်ကူသက်သာစွာ လေးကြိုးကိုဆွဲ၍တင်လိုက်သည်။ ထို့နောက် မြားတစ်စင်းထည့်၍ ပစ်မှတ်ရှာသည်။ ပစ်မှတ်တွေ့လိုက်ပြီ။

"ဒူးထောက်ထိုင်ပြီး လက်အုပ်ချီပါ"

သုဇိလသည် တဲရှင်ဟု ဆိုသူကြီးအား လေးနှင့် ချိန်ရွယ်၍အမိန့်ပေးနေသည်။

"ငါဟာ မင်းပြောတဲ့ ပေါက်လွှတ်ပဲစားမဟုတ်ဘူး၊ သကျသာကီဝင် မင်းသားတစ်ပါး ဖြစ်တယ်။ ဓဇရာဇာနဲ့ တစ်ဆွေတည်း တစ်မျိုးတည်းဆိုတာ မင်း မြဲမြဲမှတ်ထားလိုက်ပါ။ မင်းကို ငါတာဝန်ပေးရမယ် ဒီဒူးလေး ဘယ်မှာလုပ်တာလဲ"

ဟု သုဇိလက မျက်နှာကြီး နီမြန်းလျက် ဆိုလိုက်လေရာ ထိုလူကြီးမှာ ကြောက်ဒူးများတုန်လျက်-

"ကျွန်တော်မျိုးကြီးကိုယ်တိုင် လုပ်ထားတာပါ၊ လေးကိုင်းက တရော်သားပါ၊ လေးက ပိတောက်နှစ် ဖြစ်ပါတယ်၊ မောင်းခလုတ်ကတော့ နွားခြေသလုံးရိုးပါ။ ကြိုး.. ကြိုးက ချဉ်ပေါင်ဖြူပင်ကရတဲ့ လျှော်ကြိုး ဖြစ်ပါတယ်"

ဟု တုန်တုန်ယင်ယင် ဆိုလာသည်။

"ကောင်းပြီ၊ ခု လုပ်ပြီးသား ဘယ်နှခုရှိလဲ"

www.burmeseclassic.com

ဟု ဆက်၍မေးရာတွင် မျက်လုံးကြီးပြူး၍ ကြည့်နေပြန်ရာ သီတာကပါ တီဘက်စားကောက်ကြီး ဆွဲထုတ်၍. .

"ကိုင်း အချိန်မရဘူး အမှန်အတိုင်း အမြန်သံတော်ဦး တင်လိုက်ပါ"

ဟု ဆိုလိုက်မှ တဲအောက်ရှိ မြေတိုက်တံခါး ဖွင့်၍ပြတော့သည်။

သီတာသည် ဝါးကျည်တောက်များဖြင့် ထည့်ထားသော မြားဘူး နှစ်ဘူးယူသည်။ ထို့နောက် ဒူးလေး တစ်ခုကိုပါယူ၍ တံခါးကို ပြန်ပိတ်လိုက်၏။

"မောင်ကြီး လောလောဆယ်တော့ ဒီနှစ်လက်ဆို ရပြီမို့လား"

ဟု ဆိုလိုက်သည်။

"ခင်ဗျားနာမည် ပြောပါ"

ဟု သုဇိလက မေးလိုက်ပြန်သည်။

"သုညလို့ ခေါ်ပါတယ်"

"ကောင်းပြီ၊ ဒီဒူးလေးတွေဟာ နယ်ချဲ့တော်လှန်ရေးအတွက် သိပ်လိုအပ်တယ်၊ အဲဒီတော့ တစ်လပြည့်ရင် ကျုပ်တို့ပြန်လာမယ်၊ ဒူးလေး အလက်တစ်ရာပြည့်အောင် လုပ်ထားပါ။ အခမဲ့ခိုင်းတာမဟုတ်ပါဘူး၊ [illegible]ွင်တစ်ပိဿာပေးမယ်၊ အလက်တစ်ရာတော့ ပြည့်ရမယ်၊ မပြည့်လို့ကတော့ ခင်ဗျားကြီး သေဖို့ပြင်ထားပါ သီတာ သွားစို့"

ဟု ဆိုကာ ထိုတဲလေးမှ ထွက်ခွာခဲ့ကြတော့၏။

x x x

ဒေါင်းမြူးချောင်းဘေးတွင် သေသပ်စွာ ဆောက်လုပ်ထားသော တဲကြီးတစ်လုံးရှိသည်။ ထိုတဲကြီးမှာ ရံဖန်ရံခါတွင် ဇေရာဇာနှင့် နန္ဒိသေနတို့ ချိန်းဆိုလျက် ရှေ့လုပ်ငန်းစဉ်အတွက် လျှို့ဝှက်စွာ ဆွေးနွေးတိုင်ပင်ကြရသည်။

နေ့ခင်းဘက်မှာတော့ ထိုတဲကြီးအနီးမှ မြေကွက်လပ်တွင် စစ်သည်ရဲမက်များ သီးပင်စားပင် စိုက်ပျိုးကြသဖြင့် ဆူညံနေတတ်သည်။ ညအခါများဆိုပါလျှင် ထိုအနီးတွင် လူတစ်ဦးတစ်ယောက်မှပင် မတွေ့ရပေ။

ယခုညမှာလည်း ဇေရာဇာနှင့် နန္ဒိသေနတို့ ထိုတဲကြီးမှာ တွေ့ဆုံရန် ချိန်းဆိုထားသဖြင့် နန္ဒိသေန ကြိုတင်ရောက်ရှိနေပေသည်။ မိုးကောင်းကင်မှာ ကြယ်ရောင်များ ဖြာဆင်းနေသော်လည်း လဆုတ်ရက်မို့ လမင်းက မပေါ်လာသေးပေ။

အဝေးဆီမှ ချေဟောက်သံများ ရံဖန်ရံခါ ကြားနေရ၏။ မောရတောင်အောက်မှ မျောက်များကလည်း တစ်ခါတစ်ခါထ၍ အော်လိုက်ကြပြန်သည်။ ဇေရာဇာသည် ကပ္ပရာဇာအား အဝေးမှာ ထားခဲ့၍ တစ်ကိုယ်တော်ပင် တဲကြီးဆီသို့ ထွက်ခဲ့သည်။

"ရောက်လာပြီလား ရာဇာ"

ဟု နန္ဒိသေနက ဆီးကြိုနှုတ်ခွန်းဆက်လေသည်။

"နန္ဒိသေန. . မင်းကို ငါ မေးစရာရှိလို့ ခုလိုချိန်းလိုက်ရတာကွဲ့"

ဟု ဆိုလိုက်သည်။

"ဘာမေးမှာလဲ ရာဇာ"

"သုဇိလကို မင်း လွှတ်ပေးလိုက်တာ မဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်တယ် ရာဇာ၊ ဘာမဟုတ်တဲ့အမှုနဲ့တော့ ကိုယ့်လူမျိုးတစ်ယောက် အဆုံးရှုံး မခံနိုင်လို့ လွှတ်လိုက်ရတာ"

ဟုပင် ဝန်ခံလိုက်သည်။

"ငါက သုဇိလကို သတ်ပစ်မယ်လို့ မင်း ထင်နေလား၊ အမှန်တော့ သုဇိလမှာ ရန်သူတွေ ဝိုင်းဝိုင်းလည်နေလို့ ဒီမှာထိန်းထားတာပါကွာ၊ တို့လေးဦးမှာ သုဇိလက အငယ်ဆုံးဆိုတော့ အဆိုးဆုံး အနွဲ့ဆုံးမို့လား၊ စိတ်ကလည်း အရမ်းဆတ်တယ်။ ငါက သုဇိလအတွက် အမြဲရင်လေးရသူပါ"

ဟု ဇေရာဇာက စိတ်မကောင်းစွာ ဆိုသည်။

"မပူပါနဲ့ ရာဇာရယ်၊ သုဇိလက ကြံရည်ဖန်ရည် ရှိပါတယ်၊ မျိုးချစ်စိတ်ဓာတ်လည်း အပြည့်အဝ ရှိတယ်၊ မာယာဒေဝီအပေါ် [illegible]လည်း

www.burmeseclassic.com

အမြဲတမ်း အနစ်နာခံရှာတယ်"

ဟု ပြောလိုက်ရာ နှစ်ယောက်သား စကားမဆက်နိုင်။ မာယာဒေဝီကို ပြန်၍သတိရနေကြသည်။

"ဟုတ်ပါတယ်၊ မင်းရယ်၊ သုဇိလရယ်၊ မာယာရယ်ဟာ ငါ့အတွက် တန်ဖိုးဖြတ်လို့မရတဲ့ သူတွေပါကွာ၊ အကယ်၍များ ကျောက်ဂူကြီး ပြိုကျလို့ မာယာများ အသက်မသေ မပျောက်ဆိုရင် ငါ မိဖုရားမြှောက်မှာပါ"

ဟု ဓဇရာဇာက ပြောလိုက်ရာ

"ခင်ဗျား ကတိတည်နိုင်မှာလား ရာဇာ"

ဟု ဆိုကာ သုဇိလ ဒူးလေးကြီး ကိုင်၍ ပေါ်လာသည်။

"ဟင်. . . သု. . . သုဇိလ"

ဟု နှစ်ယောက်သား ပြိုင်တူဆိုလိုက်ကြသည်။

"ဟုတ်ပါတယ်၊ ရာဇာရယ် သုဇိလ [illegible]စစ်ကြီး ခင်ဗျားရှေ့မှောက် ရောက်လာတာပါ၊ ကိုင်း အချိန်ဆိုင်းမနေနဲ့ မာယာဒေဝီဆီ သွားကြစို့"

ဟု ဆိုလိုက်သည်။

"မင်းစကားကို ငါ ဘယ်လိုယုံရမှာလဲ သုဇိလ"

ဟု ဓဇရာဇာက ငြင်းဆိုလိုက်သည်။ ထိုအခါ သုဇိလ လက်ခုပ်သုံးချက်တီး၍ သီတာ ဝင်ရောက်လာခဲ့သည်။

"သူ့နာမည်က သီတာတဲ့၊ သူ့အဘိုးက ဘိုးသက္ကလို့ ခေါ်တယ်၊ မာယာဒေဝီကို သီတာရဲ့ အဘိုး ဘိုးသက္ကက ဥရုနဒီ သဲသောင်ပြင်မှာ တွေ့ခဲ့တယ်၊ ခင်ဗျားကြီး မယုံရင် ဟောဒီမှာကြည့်"

ဟု ဆိုကာ မာယာဒေဝီ ဝက်ပါဂူကြီးပြိုကျသည့်နေ့က ဝတ်ဆင်ခဲ့သော အဝတ်များကို ထုတ်၍ပြလိုက်သည်။

"မာယာ တကယ်မသေဘူး ဟုတ်လား သုဇိလ"

ဟု နန္ဒိသေနက မေးသည်။

"မာယာ တကယ်မသေဘူးပေါ့"

ဟု ဓဇရာဇာကလည်း ဆိုလိုက်လေ၏။

"ဒီမှာ ရာဇာ ခင်ဗျားယောကျ်ားကောင်းမှန်ရင် မာယာဒေဝီကို မိဖုရားမြှောက်ပါ"

ဟု သုဇိလက ဆိုလိုက်သည်။

"သုဇိလ ငါ ဘယ်မှာ ဘုရင်ဖြစ်သေးလို့လဲ၊ ဘယ်မှာ နန်းသိမ်းပွဲခံရသေးလို့လဲ၊ နန်းသိမ်းပွဲခံရအောင် ဘယ်မှာလဲ ရွှေထီး၊ ရွှေနန်း။ ထီးဘုရင်တွေ စံမြန်းတဲ့ ရွှေနန်းတော်ဟာ ဘာတွေရှိရမယ်ဆိုတာ မင်း သိပါတယ်၊ ငါ့ရဲ့အစီအစဉ်မှာ သုနာပရန္တတိုင်းရဲ့ စစ်ကူခေါ်မယ်ပေါ့၊ ဒါပေမဲ့ သူတို့က ရွှေစင်ဆယ်ပိဿာ တောင်းတယ်၊ ငါ့မှာ ရွှေစင် ဆယ်ပိဿာ ဘယ်မှာလာလို့ရနိုင်မှာလဲ"

ဟု ဓဇရာဇာက ရှည်လျားစွာ ရှင်းပြသည်။

"ကောင်းပြီ၊ ခင်ဗျားကြီး တကောင်းရွှေနန်း၊ ပြန်လည်သိမ်းမြန်းပြီးလို့ ဘိသိက်ခံရာမှာ မာယာဒေဝီကို မိဖုရားမြှောက်ပါမယ်လို့ ကတိပေးပါ၊ ကျုပ် ရွှေစင်ဆယ်ပိဿာ ပို့ပေးလိုက်ပါမယ်"

ဟု သုဇိလက ဓဇရာဇာကို ချည်ပြီးတုပ်ပြီးဖြစ်အောင် ပြောလိုက်သည်။

မာယာဒေဝီ မိဖုရားအရာ ပေးလိုက်ပါက နာဂဆိန်က ငြိမ်နေမည်မဟုတ်ပေ။ အကယ်၍ လက်ဝဲလက်ယာ စံမြန်းသည့်တိုင် အဂ္ဂမဟေသီ တောင်ညာစံဒေဝီအရာကို လုကြဦးမည်။

"တကောင်း နန်းသိမ်းပွဲမှာ ကျုပ်က တပ်အင်အားတစ်ထောင် ပါဝင်ကူညီမယ်၊ ပွဲပြီးရင် ဘာရာထူးမှ မပေးပါဘူးဆိုတဲ့ ကတိတော့ ပေးရမယ်"

ဟုလည်း သုဇိလက ဆိုလိုက်ပြန်သည်။

ဓဇရာဇာ ဒီတစ်ခါဖြင့် သုဇိလ၏ တောင်းဆိုချက်များကို ငြင်းနိုင်စွမ်း လုံးဝမရှိတော့ပေ။ ထို့ကြောင့်-

"ကောင်းပြီ သုဇိလ၊ မင်းတောင်းတဲ့ ကတိတွေအားလုံး ငါလက်ခံတယ်၊ မင်းအစီအစဉ်သာ အမြန်အကောင်အထည်ဖော်နိုင်အောင် ကြိုးစားပါ"

ဟု ဆိုလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မာယာဒေဝီဆီ လိုက်ကြည့်မယ့် အစီအစဉ်က ဘာလဲ"

ဟု သုဇိလက မေးလိုက်ပြန်သည်။

"နန္ဒိသေန၊ သုဇိလနဲ့အတူ မောင်မင်း လိုက်သွားပါ၊ မောင်မင်း ပြန်လာရင် ရွှေစင်ဆယ်ပိဿာ ယူခဲ့ပေါ့"

ဟု မှာလိုက်တော့၏။ မဇ ရာဇာမှာ သုဇိလကို လုံးဝလျှော့တွက်ရဲတော့ပေ။

သုဇိလသည် ခုတော့ ကပိလ နိုင်ငံတော်မှ စတင်ထွက်ခွာစကလို ၁၄ နှစ်အရွယ် လူမမည်လေး မဟုတ်တော့ပေ။ ၁၈ နှစ်အရွယ်သို့ ဝင်ခဲ့ပြီမို့ တကယ်ယောကျ်ားရင့်မာကြီး ဖြစ်လို့နေပေပြီ။

"သုဇိလ ဟိုတစ်ယောက် ဘယ်သူလဲ"

ဟု မဇရာဇာက စပ်စုကြည့်သည်။

"ဒါက ရာဇဝ့ကိစ္စမဟုတ်ပါဘူး၊ အျပ်ကိုယ်ရေးကိုယ်တာကိစ္စပါ၊ နန္ဒိသေန ခုလိုက်ခဲ့မှာလား၊ လိုက်ရင်သွားစို့"

ဟု သုဇိလက ဆိုလိုက်၏။ နန္ဒိသေနလည်း မောရတောင်မှာ အနေကြာခဲ့ပြီမို့ ကျောက်သွေးဂူမှာ အနားသူရန် စိတ်ကူးရသဖြင့် ချက်ချင်းပင် လိုက်ပါခဲ့တော့၏။

× × ×

ကျောက်သွေးတောင်၏ တောင်အရပ်တွင် သစ်ဆိမ့်တောကြီး ရှိသည်။ သုဇိလသည် လူငယ်များနှင့်အတူ သစ်ဆိမ့်သီးများ ခူး၍ ကျောက်မောင်းဆင်ကာ အဆီထုတ်ခြင်းလုပ်ငန်းကို သစ်ဆိမ့်သီးရာသီတိုင်း ပြုလုပ်ခဲ့သည်။ ရရှိလာသော သစ်ဆိမ့်ဆီများကို ဝါးပိုးကျည်တောက်များဖြင့် သိုလှောင်ခဲ့သည်။ ထိုတောကြီးတွင် ငှက်ပျောပင်၊ မာလကာပင်၊ ဩဇာပင်၊ ပိန္နဲပင်များလည်းရှိ၍ စားသောက်ဖွယ်ရာ အတွက် အဆင်ပြေသည်။

ထိုသစ်ဆိမ့်တောကြီးအလယ်တွင် ကျောက်ဂူကြီးတစ်လုံးလည်း ရှိသည်။ ထိုဂူကို သစ်ဆိမ့်ဂူဟု အမည်ပေးခဲ့ကြသည်။

သုန္ဒရသည် နေ့လယ်ဘက်တွင် ထိုဂူကြီးအတွင်းမှာပင် လူငယ်လေးများ စုရုံးလျှက် တရားမှတ်ခိုင်းလေ့ရှိသည်။

"မြတ်ဗုဒ္ဓဟာ ငါတို့သာကီဝင်မင်းသားတစ်ပါးဖြစ်တယ်၊ မြတ်ဗုဒ္ဓတွေ့ရှိတဲ့ ဝိပဿနာတရားကို ငါတို့သာကီဝင်များက ဆက်လက်ထိန်းသိမ်းကြရမယ်"

ဟုလည်း မကြာမကြာ ကလေးများအား ဩဝါဒပေးသည်။

သုန္ဒရတို့အဖွဲ့တွင် အရွယ်ရောက်နေသော မင်းသမီးလေး တစ်ပါးလည်း ပါသည်။ သူ့နာမည်မှာ ဥတ္တရာဒေဝီဟု ခေါ်သည်။

"ဝိပဿနာတရား ရှုမှတ်ရာမှာ စိတ်ကို ငြိမ်အောင်ထားရမယ်"

ဟု သုန္ဒရက ဆိုသည်။

"စိတ်ကို ဘယ်လို ငြိမ်အောင်ထားရမှာလဲ"

ဟု ဆိုကာ ဘိုးသက္က တောင်ဝှေးကြီးနှင့် သစ်ဆိမ့်ဂူတွင်းသို့ ဝင်လာသည်။

"ဘဘက ဘယ်ဒေသက ကြွခဲ့ပါသလဲ"

ဟု သုန္ဒရက ဆီးကြိုနှုတ်ဆက်သည်။

"ဘဘ ကသိုဏ်းတောင်က လာခဲ့တာပါ၊ အမောင့်အမည်က သုန္ဒရ ဟုတ်ပါသလား"

"မှန်ပါတယ် ဘဘ၊ ကျွန်ုပ်နာမည် သုန္ဒရပါပဲ၊ 'ဒါနဲ့ ဘဘ ဒီနေရာကို ဘယ်သူများ လမ်းညွှန်လိုက်လို့ ကြွခဲ့ပါသလဲ"

"ဘယ်သူ့ရှိ ရမှာလဲကွယ်၊ အမောင့်ရောင်းရင်း သုဇိလက လမ်းညွှန်လိုက်လို့ လာခဲ့တာပါ"

"ဘဘနဲ့ သုဇိလ ဘယ်မှာဆုံဖြစ်ကြတာလဲ"

ဟု သုန္ဒရက ဆက်၍မေးလိုက်ရာ ဘိုးသက္ကသည်လည်း မနေသာ၍ သုဇိလ ပေါ်လာပုံနှင့် မာယာဒေဝီအား တွေ့ရှိပုံများကို ပြောပြရတော့၏။

"ဒါဆို မာယာဒေဝီ မသေဘူးပေါ့နော် ဘဘ"

ဟုပိုင်း၍မေးလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ မာယာဒေဝီ မင်းသမီးလေး သက်ရှိထင်ရှား ရှိနေပါသေးတယ်"

ဟု ဘိုးသက္က ပြောလိုက်ရာ အားလုံးဝမ်းသာနေကြရတော့၏။

"ဘာဘရောက်လာလို့ ဝိပဿနာအလုပ်ပျက်ကုန်တော့မယ်၊ ရောက်ရောက်ခိုက်ဆိုတော့ ဘာဘကိုယ်တိုင် ဗုဒ္ဓရဲ့တရား မှတ်ကြည့်ပါရစေကွယ်၊ ဆက်ပြီးပြပါတော့"

ဟု ဘိုးသက္ကကပင် တောင်းဆိုလိုက်တော့သည်။

"ကောင်းပါတယ် ဘာဘရယ်၊ မြတ်ဗုဒ္ဓကလည်း ဧဟိပဿိကောလို့ ဟောကြားတော်မူခဲ့ပါတယ်"

"ဧဟိမဿိကောဆိုတာ ဘာကို ဆိုလိုတာလဲကွဲ့"

"ဧဟိပဿိကောဆိုတာ လာပါရှုပါ ကျင့်ကြံပွားများ အားထုတ်ကြည့်ပါလို့ အစီပွာယ်ရတယ် ဘာဘရဲ့၊ ဒီတော့ ဘာဘလည်း အားထုတ်ကြည့်ပေါ့"

ဟု သုန္ဒရက ရှင်းပြသည်။

"ကျင့်ကြံအားထုတ်နည်းလေး ပြောပါဦးကွယ်"

ဟု ဘိုးသက္ကက ဆိုလိုက်သည်။

"ခန္ဓာရရှိသူတိုင်းဟာ ခန္ဓာဝန်ကို ထမ်းဆောင်နေရပါတယ်၊ ဒါကို ခန္ဓာဒုက္ခလို့ ခေါ်ပါတယ်၊ ခန္ဓာကြီးက အစဉ်ထာဝရ ပျက်စီးခြင်းသဘောကို ဆောင်ပါတယ်။ ဒီတော့ ဆာလောင်မယ်၊ ဝေဒနာမယ်၊ ပူမယ်၊ အေးမယ်၊ ငိုက်မျဉ်းမယ်၊ ငိုကြွေးမယ်၊ ဘယ်တော့မှ အလိုမပြည့်နိုင်ပါဘူး။ ဒီတော့ ဒီခန္ဓာအသစ်တစ်ဖန်ပြန်လည်မရရှိနိုင်တဲ့ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ဗုဒ္ဓက တွေ့ရှိခဲ့ပါတယ်။

သူတွေ့ရှိတဲ့ တရားကိုပဲ လူသားအားလုံးအတွက် မျှဝေပေးတယ်။ အဲဒီလမ်းစဉ်ကို ဝိပဿနာလမ်းစဉ်လို့ ခေါ်ပါတယ်။ ဝိပဿနာလမ်းစဉ်ကို ကျင့်ကြံရာမှာ ဦးစွာပထမ မိမိခန္ဓာကိုယ်ကြီး တရစပ်မရပ်မနား ပျက်နေတာကို သိအောင်ကြည့်ရမှာ ဖြစ်ပါတယ်"

"ဘယ်နေရာက စကြည့်ရမှာလဲ"

ဟု သုန္ဒရအား ဘိုးသက္က မေးလိုက်သည်။

"တင်ပျဉ်ခွေ ထိုင်လိုက်ပါ၊ ဘယ်လက်ပေါ် ညာလက်တင်ပါ၊ မျက်စိကို အလိုက်သင့်လေး ပိတ်လိုက်ပါ၊ အသက်ကို ပုံမှန် ရှူပါ၊ နှာသီးဝမှာ အသိကပ်ပါ၊ မိမိစိတ်ကို အပြင်မထွက်ပါစေနဲ့၊ အာရုံတစ်ပါးသို့ စိတ်ရောက်မသွားအောင် ထိန်းထားပါ။ ထွက်သွားမှန်းသိရင် နှာသီးဝမှာ ပြန်ဆွဲတင်လိုက်ပါ။

ဘဝအဆက်ဆက်က သွားချင်ရာသွားနေတဲ့စိတ်ဟာ အစပိုင်းမှာ နွားရိုင်းတစ်ကောင်လို ထိန်းကျောင်းရခက်ပါလိမ့်မယ်။ အသက်ကို ပုံမှန်ရှူပါ၊ နှာသီးဝမှာ အသိကပ်ပါ၊ သတိလက်မလွှတ်ပါစေနဲ့"

ဟု သုန္ဒရက ရှေ့ဆုံးမှထိုင်ကာ တတွတ်တွတ် နှိုးဆော်နေပေသည်။

"ဘာဘမျက်နှာမှာ ရွစိရွစိ ဖြစ်နေတယ်"

ဟု ဘိုးသက္က ဆိုလိုက်ရာ

"နှာသီးဝမှာ အသိကပ်ထားပါ၊ ယားတဲ့နောက် မလိုက်ပါနဲ့ဦး"

ဟု တီးတိုးပြောလိုက်သည်။

သူတို့၏ တရားစခန်းလေးသည် တောကြီးမျက်မည်းဖြစ်၏။ လွန်စွာမှ တိတ်ဆိတ်လျက် ရှိပေသည်။ ရံဖန်ရံခါ ချိုးကူသံ၊ ခါတွန်သံ၊ တောကြက်တွန်သံတို့တော့ ကြားရပေ၏။ ဂူကြီးမှာလည်း ဝင်ပေါက်တစ်ခုသာရှိ၍ အလင်းရောင် စူးရှခြင်း မရှိပေ။ အတွင်းမှ အပူအအေးလည်း မျှတမှု ရှိလှပေသည်။

"ကိုင်း ဒီနေ့တော့ ဒီလောက်နဲ့ နားကြပါစို့၊ အားလုံးတရားဂုဏ်တော်ဆိုကြပါ"

ဟု သုန္ဒရက ပြောလိုက်ရာ အားလုံး ဆောင့်ကြောင့်ထိုင်လျက် သံပြိုင်ဆိုလိုက်ကြသည်။

"သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော

ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" တိ။

သာဓု . သာဓု . သာဓု . ဟုဆိုကာ အားလုံး ဦးချလိုက်ကြတော့၏။

"အမောင်သုန္ဒရ ဝိပဿနာဆို



www.burmeseclassic.com

www.burmeseclassic.com

တာလေး ရှင်းပြပါဦး”

ဟု ဘိုးသက္ကက မေးလိုက်သည်။

“ဝိပဿနာ ဆိုတာက ဝိနဲ့ ပဿနာ စကားရပ်နှစ်ခု ပေါင်းထားတာပါ”

“ဘယ်လိုစကားရပ် နှစ်ခုလဲ”

“ဝိဆိုတာ အထူးလို့ ဆိုပါတယ်၊ ပဿနာဆိုတာကတော့ ရှုခြင်း ဆိုပါတော့။ အထူးရှုမှတ်ပွားများ အားထုတ်ခြင်းလို့လည်း ဆိုနိုင်ပါတယ်”

ဟု သုန္ဒရက သူသိသမျှ ရှင်းပြသည်။

“အဓိက လူသားတွေ လိုက်နာကျင့်သုံးရမယ့်အရာက ဘာလဲ”

ဟု ဘိုးသက္ကက မေးလာသည်။

“အဓိက လူသားအားလုံး လိုက်နာကျင့်သုံးရမယ့် တရားဟာ ဗြဟ္မစိုရ်တရားလေးပါး ဖြစ်ပါတယ်။

“အဲဒီဗြဟ္မစိုရ်တရားလေးပါးကို ရှင်းပြပါဦးကွယ်”

ဟု ဆိုလိုက်ပြန်သည်။

(၁) မေတ္တာ-သူတစ်ပါး အကျိုးစီးပွားကိုလိုလားသောသဘော။

(၂) ကရုဏာ-ဆင်းရဲဒုက္ခရောက်နေသူကို သနားစာနာခြင်း။ ထိုဆင်းရဲဒုက္ခမှ လွတ်မြောက်စေလိုခြင်း။

(၃) မုဒိတာ-သူတစ်ပါး ကြီးပွားချမ်းသာနေတာကို ကြည့်ပြီး ကြည်နူးဝမ်းမြောက်ခြင်း။

(၄) ဥပေက္ခာ-အရာအားလုံး အပေါ်မှာ ကြောင့်ကြကင်းမဲ့စွာ နေထိုင်ခြင်းတဲ့ ဘာဘရဲ့။

“ကောင်းလိုက်လေကွယ်၊ သာဓု . သာဓု . သာဓု”

“မြတ်ဗုဒ္ဓက လူသားတွေ အထူးရှောင်ကြဉ်ရမယ့် တရားကော မဟောဘူးလား”

ဟု ဘိုးသက္က ဆက်၍မေးလာသည်။

“ဟောပါတယ် ဘာဘရဲ့ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးတဲ့”

“ကာယဒုစရိုက်သုံးပါးက ဘာတွေလဲ”

ဟု ခက်မေးသည်။

(၁) ပါဏာတိပါတာ-သူတစ်ပါး အသက် သတ်ခြင်း၊

(၂) အဒိန္နာဒါနာ-သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်း၊

(၃) ကာမေသုမိစ္ဆာစာရာ-ကာမဂုဏ်တို့ကို မှားယွင်းစွာ ဖြူကျင့်ခြင်းတဲ့ ဘာဘရဲ့”

“ဝစီဒုစရိုက်လေးပါး ဆက်ပါဦးကွယ်”

ဟု ဆက်လက်တောင်းဆိုလာပြန်သည်။

(၁) မုသာဝါဒါ-မဟုတ်မမှန် လိမ်ညာပြောဆိုခြင်း၊

(၂) ပိသုဏဝါစာ-ကုန်းချောရန်တိုက်စကားပြောဆိုခြင်း၊

(၃) ဖရုသဝါစာ-ရိုင်းစိုင်းကြမ်းတမ်းသောစကားပြောဆိုခြင်း၊

(၄) သမ္ဖပ္ပလာပဝါစာ-အကျိုးမရှိ အနှစ်မပါသော စကားပြောဆိုခြင်းတဲ့ ဘာဘရဲ့။

“ကောင်းလိုက်လေကွယ် မနောဒုစရိုက်သုံးပါး ဆက်ပါဦး”

ဟု တောင်းဆိုပြန်သည်။

(၁) အဘိဇ္ဈာ-သူတစ်ပါးပစ္စည်းဥစ္စာကို မတရားသောနည်းဖြင့် ရယူရန် ကြံစည်ခြင်း၊

(၂) ဗျာပါဒ-သူတစ်ပါး သေကြေပျက်စီးအောင် ကြံစည်ခြင်း၊

(၃) မိစ္ဆာဒိဋ္ဌိ-အသိအမြင် အယူဝါဒ လွဲမှားခြင်းတို့ ဖြစ်ပါတယ် ဘာဘရယ်”

ဟု သုန္ဒရက ဆိုလိုက်ရာ ဘိုးသက္ကသည် သုန္ဒရအား လက်အုပ်ချီလျက် ကန်တော့လိုက်ပါတော့၏။

“ဘာဘ၊ အဲဒီလိုမလုပ်ပါနဲ့ ကျုပ်ကို ငရဲပေးသလို ဖြစ်ပါတယ်”

ဟု ပျာပျာသလဲ တောင်းပန်နေပေ၏။

“ဘယ်က ငရဲပေးရမှာလဲ၊ အမောင်ဟာ ငယ်ရွယ်သူပင် ဖြစ်ပေမယ့် မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နေသူမို့ ယနေ့မှစပြီး ဆရာတစ်ဆူအဖြစ် ခံယူပါ၊ နောက်နောင် အခါ အခွင့်သင့်ရင်လည်း ဆက်လက်နာယူပါရစေ၊ သိသမျှ ဟောပြောဆုံးမပါ၊ ဒီနေ့တော့ မာယာဒေဝီ မင်းသမီးလေးကို ဆေးတိုက်ရဦးမှာမို့ ပြန်ခွင့်ပြုပါတော့”



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ ဘိုးသတ္တ သစ်ဆိမ့်ဝူမှ ပြန်သွားတော့၏။

× × ×

"သုဇိလ. . မင်းဒူးလေးက ဘယ်ကရတာလဲ"

ဟု နန္ဒိသေနက မေးသည်။

"မင်းတို့ဆီလာရင်း လမ်းမှာ သုညဆိုတဲ့လူနဲ့တွေ့ပြီး ရခဲ့တာ"

ဟုပင် အမှန်အတိုင်း ပြောလိုက်သည်။

ညောင်ပင်စခန်းရောက်သည်နှင့် မီးမွှေး၍ ဆန်ကို ဝါးကျည်တောက်အတွင်းထည့်၍ မီးဖုတ်ကြသည်။ ထိုအချိန်မှာပင် နန္ဒိသေန ဒူးလေးဆွဲယူပြီး တောနက်ကြီးအတွင်း ဟင်းစားရှာရန် ထွက်သွားသည်။ သုဇိလကတော့ ဝါးကို အဖျားချွန်၍ အင်းကြီးအတွင်းမှာ ငါးထိုးရန် ထွက်သွားသည်။ ညောင်ပင်စခန်းသည် ယခင်က တိဘက်ကြီးများ နှစ်ချီကြာအောင် နေထိုင်သွားသဖြင့် တဲလေးများလည်းရှိသည်။ သီတာမှာတော့ အသင့်တွေ့ရသော မီးဖိုဟောင်းနေရာမှာပင် ထင်းများထည့်၍ ထမင်းကျည်တောက်ကို ဟိုဒီလှည့်ပေးနေရသည်။

မကြာပါ။ သုဇိလ လက်ဝါးခန့် ငါးကြီးသုံးကောင်နှင့်အတူ ပြန်လာသည်။ သီတာသည်လည်း ထိုင်ရာမှ ထ၍ ငါးများကို ဝမ်းဗိုက်ခွဲကာ အူထုတ် ဆားနယ်၍ တံစို့ထိုးကာ မီးကင်ရသည်။

"သုဇိလရေ. . အမောင့်ဒူးလေးကြီးက အတော်ကိုကောင်းကွာ၊ ဒီမှာမြင်လား၊ ယုန်တစ်ကောင် ရခဲ့တယ်"

ဟု ဆိုကာ နန္ဒိသေနက သူ ရလာသော ယုန်ကောင်ကြီးကို မြှောက်ပြလိုက်သည်။

"ဟာ တယ်ဟုတ်ပါလား၊ ဒီနေ့တော့ ယုန်သားကင်၊ ငါးကင်နဲ့ ထမင်းစားရတော့မယ်ဟေ့၊ ပေးပေး ယုန်ကို အရေခွံခွာလိုက်မယ်"

ဟု သုဇိလက ယုန်ကလေး ဆွဲလျက် အရေခွံမပျက်အောင် စိတ်ရှည်လက်ရှည် ခွာတော့သည်။

"သုဇိလ မြန်မြန်လုပ်ပါဟ၊ မင်း ယုန်အရေခွံခွာနေတာ ဒီလောက်ကြာရလားကွ"

ဟု နန္ဒိသေနက ဆိုလိုက်ရာ-

"စိတ်ရှည်ပြီး သည်းခံပါကွာ၊ ငါ ယုန်သားရေတွေ စုရမယ်ကွ"

ဟု သုဇိလက လူကြီးလေသံနှင့် ပြောလိုက်သည်။

"အောင်မယ် ကြီးကျယ်လို့ မင်းက ယုန်သားရေတွေစုပြီး ဘာလုပ်မှာမို့လဲ"

ဟု နန္ဒိသေနက ပြန်မေးသည်။

"ငါက မင်းလိုလူပျိုသိုးကြီးဘဝနဲ့ မနေနိုင်တော့ ကြင်ယာရှာမယ်လေ၊ ငါ့ရဲ့ကြင်ယာတော်ကို ယုန်သားရေ အင်္ကျီလှလှလေးလည်း ပေးရမယ်"

ဟု ဆိုကာ သီတာရှိရာသို့ ကြည့်လိုက်သည်။ သီတာကတော့ ရှက်သွေးဖြာသော မျက်နှာလေးဖြင့် သုဇိလကို မျက်စောင်းထိုးလိုက်လေ၏။

"သုဇိလ မင်းနဲ့သီတာ ဘယ်မှာတွေ့ကြတာလဲ"

ဟု နန္ဒိသေနက လေသံတိုးတိုးနှင့် မေးသည်။

"အချိန်ရှိရိုက် ရေချိုးလိုက်ကြရအောင်"

ဟု သုဇိလက ပြောလိုက်သည်။

"ဘာလို့ စကားလွှဲရတာလဲ"

ဟု နန္ဒိသေနက ပြောလိုက်သည်။

"စကားမလွှဲပါဘူးဗျာ၊ ရေချိုးရင်း ပြောကြတာပေါ့"

ဟု ဆိုကာ သုဇိလက အင်းရေပြင်ကြီးဆီသို့ ထွက်ခွာသွားတော့သည်။

"ဟေ့ သုဇိလ နေဦးလေ၊ ငါလည်း လိုက်မှာပေါ့"

ဟု ဆိုကာ နန္ဒိသေနက အပြေးပင်လိုက်ရသည်။

သုဇိလသည် အင်းကြီးအလယ်သို့ လှမ်းမျှော်၍ ကြည့်နေသည်။ အင်းကြီးပေါ်တွင် ရေမျော်ငှက်တို့ ဝဲပျံလျက် ညနေဆည်းဆာတွင် မြူးပျော်နေကြသည်။ ယခုတော့ အင်းရေလယ်မှ ကျောက်ဆောင်ကြီးလည်း မရှိတော့ပေ။ ကျောက်ဆောင်ကြီး မရှိမှ အင်းကြီးမှာ ပိုမို၍ကျယ်



www.burmeseclassic.com

www.burmeseclassic.com

နေသလို ခံစားမိသည်။ သုဇိလသည် အင်းကြီးအနီးသို့ မာယာဒေဝီ နောက်လိုက်ရင်း ဦးစွာပထမ တွေ့ရှိခဲ့ရသည်။

ထိုပထမတစ်ခေါက်၏ အကျိုးဆက်မှာ မပြီးနိုင်၊ ယနေ့တိုင် ပေးဆပ်နေရဆဲဖြစ်သည်။ ထိုပထမအခေါက်၏ အကျိုးဆက်ကြောင့် မာယာဒေဝီမှာလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရသည်။ ထို့ထက်ပိုဆိုးသည်မှာ မာယာဒေဝီသည် အတိတ်ကို ပြန်၍သတိမရခြင်းပင် ဖြစ်၏။

"သုဇိလ မင်း ဒီနေရာကို ရောက်ဖူးလား၊ ငါတော့ . . ဒါဟာ ပထမခေါက် ဆိုပါတော့ကွာ. . "

ဟု နန္ဒိသေနက ဆိုသည်။

"ငါကတော့ အခေါက်ခေါက် အခါခါ ဆိုပါတော့ကွာ၊ ပထမခေါက်က ငါ မာယာကို စိတ်မချလို့ လိုက်ရှာရင်းနဲ့ ရောက်ခဲ့တာပါ။ ဒုတိယအခေါက်က မောရတောင်ကနေ မင်း ငါ့ကို လွှတ်ပေးလို့ ပြေးရင်းလွှားရင်း သီတာတို့ရွာ ရောက်သွားတယ်၊ သီတာတို့ရွာမှာ ငါ့ကို သတ်ဖို့ စောင့်နေသူတွေနဲ့ ဝင်တိုးတော့ သီတာက ငါ့ကို ကယ်ပြီး ဒီအင်းကြီး ပြေးခဲ့ကြရတယ်၊ တတိယအခေါက်ကတော့ အင်းလယ်မှာ ရှိနေတဲ့ ကျောက်ဆောင်ကြီးကို ဖောက်ခွဲပစ်ဖို့ ငါရယ်၊ သီတာရယ်၊ အဘိုးသတ္တယ် လာခဲ့ကြတယ် ဆိုပါတော့"

ဟု ဆိုကာ သုဇိလမှာ သူ၏ အတွေ့အကြုံများကို နန္ဒိသေနအား ဖွင့်ဟနေရပေသည်။

"မင်းပြောသလိုဆိုရင် မင်း ဘိုးသတ္တနှင့် သီတာတို့ဟာ အာဂသတ္တိခဲတွေ မဟုတ်ဘူးပေါ့ကွာ"

ဟု ဆိုလိုက်ပေသည်။

"ဟုတ်တယ်၊ လူဆိုတာ မိမိ အသက်ရှင်သန်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှတော့ အစဉ်ထာဝရ ကြိုးစားနေကြမှာပါကွာ"

ဟု သုဇိလက ဆိုလိုက်လေ၏။

သူတို့နှစ်ဦး ရေချိုးပြီး၍ ပြန်လာကြသောအခါ သီတာက အင်ရွက်များခင်းလျက် ထမင်းဟင်းများ ပြင်ဆင်ထားနှင့်သည်။ ထိုညစာကို သူတို့အားလုံး မြိန်ယှက်စွာစားပြီး ခရီးဆက်ခဲ့ကြရ၏။

လမိုက်ညမို့ ကြယ်ရောင်ကို သာလျှင် အားကိုး၍လာခဲ့ကြသည်။ မြင်းများမှာ အစာဝ၍ အားအင်ပြည့်ကာ သခင့်အလိုတော်တိုင်း အသော့နှင်နေကြပေသည်။ သီတာကတော့ 'မာယာဒေဝီမင်းသမီး ဆိုသော ရုပ်ဆိုးမကြီးနှင့် သုဇိလတို့ ကင်းကင်းရှင်းရှင်းမှ ရှိခဲ့ပါရဲ့လား"

ဟု စဉ်းစားနေရပေတော့၏။

ဤရုပ်ရည်နဲ့ဆိုပါလျှင် သုဇိလ၏ အချစ်စိတ်သည် မာယာဒေဝီဘက်သို့ လုံးဝဖြန်မလည်နိုင်ဟုလည်း တွေးရင်းပြုံးနေမိသည်။ 'သုဇိလသည် အရွယ်နဲ့ မလိုက်အောင် သန်မာထွားကြိုင်းသော ယောကျ်ားကောင်း အာဇာနည်ကြီးပါလား'ဟုလည်း သီတာ တွေးရင်းကြည်နူးနေမိသည်။

လမ်းလေးသည် ဖြောင့်စင်း မနေပါ။ တောင်များကို တွေ့ကောက်ကာ သွားကြရပေသည်။ လူ့ဘဝကြီးသည်လည်း ဤနည်းပင် ဖြစ်၏။ သီတာ၏ဘဝသည် စစ်ချင်းမြို့ဝန်မင်းသမီးအဖြစ်နဲ့ပင် ဘဝကို စခဲ့သည်။ ဖခင်ကြီးက ရှုပ်ထွေးလှသော နန်းတွင်းရေးကြောင့် သီတာတို့သားအမိကို ရွာမှာပင် ရွှေမရှား ငွေမရှား ထားခဲ့သည်။

သီတာ၏ဖခင် ဦးယက္ခ၏ အမှားတစ်ကွက်ကြောင့် အသက်ပေးလိုက်ရသလို သီတာတို့သားအမိမှာလည်း ရွာမှာ မျက်နှာမပြရဲလောက်အောင် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည်။ ယခုတော့ ကံဇာတ်ဆရာ မျက်နှာသာပေး၍ သာကီဝင်မင်းသားလေးတစ်ပါးနှင့် ချစ်ကြိုးသွယ်ခွင့်ရခဲ့သည်။ ဒီအခွင့်အရေးကိုဖြင့် သီတာ ဘယ်နည်းနှင့်မှ လက်လွှတ်မခံနိုင်ပေ။

ကသိုဏ်းတောင်ရောက်မှ အဘိုးကို ပြောပြ၍ သူတို့ကို အမြန်ဆုံး လက်ထပ်ပေးရန် ပူဆာရပေတော့မည်။

"သီတာ. . ခရီးပန်းလို့ အိပ်ချင်နေပြီလား"

ဟု သုဇိလက သီတာ့မြင်းနောက်မှ လိုက်ပါလာရင်း မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မအိပ်ချင်ပါဘူး၊ ဒီတစ်ခေါက် ခရီးထွက်ရတာ သွားလမ်းသာသလို လာလမ်းဖြောင့်တော့ သီတာ ပျော်တယ်"

ဟု ဆိုလိုက်သည်။

"အေးပေါ့လေ၊ အဘိုးလည်း တို့အတွက် ခရီးလမ်း ဖြောင့်ဖြူးအောင် ဆုတောင်းမေတ္တာပို့နေမှာ သေချာတယ်"

ဟု သုဇိလ ဆိုလိုက်၏။

"မောင်ကြီး"

ဟု သီတာက ခေါ်လိုက်သည်။

"ပြောပါ သီတာ၊ မောင်ကြီး နားထောင်နေတယ်"

ဟု သုဇိလက စကားဦးကြိုဆိုလိုက်သည်။

"ကသိုဏ်းတောင်ရောက်ရင် အဘိုးကိုပြောပြီး သီတာတို့ လက်ထပ်ရအောင်"

ဟု သီတာက ဆိုလိုက်သည်။

သီတာစကားကြားလိုက်ရသည်နှင့် သုဇိလ ငိုင်သွားသည်။ သူနဲ့ သီတာ လက်ထပ်လိုက်ပါက မာယာသတိ ပြန်ကောင်းလျှင် မည်သို့များ ပြောလာမည်နည်းဟုလည်း စဉ်းစားကြည့်မိသည်။

"နင့်ကိုငါ ခွင့်မပြုဘူး"

ဟုများ ဆိုလာလေမည်လား။ အမှန်တော့ မာယာဒေဝီသည် သုဇိလအား ငယ်ငယ် ကလေးဘဝကပင် အမြဲ အနိုင်ယူလာခဲ့သူတစ်ဦးပင် ဖြစ်သည်။

နောက် သုဇိလ၏ ဘဝတွင် အသည်းနှင့်အောင် စွဲလမ်းချစ်ခင်ခဲ့ရသူ ငယ်ချစ်ဦးမှာလည်း မာယာဒေဝီ တစ်ဦးတည်းပင် ဖြစ်သည်။ သုဇိလသည် မာယာဒေဝီမင်းသမီးလေးက သေဆိုသေမည် ရှင်ဆိုလျှင်လည်း ရှင်ဝံ့သူပါ။ ခုတော့ မာယာဒေဝီမှာ အတိတ်ကိုမေ့နေသူ ရောဂါသည်တစ်ဦးပင် ဖြစ်၏။

မာယာဒေဝီ ထိုကဲ့သို့ဖြစ်ရသည်မှာ ဓဇရာဇာကြောင့်။ ဘာပဲဖြစ်ဖြစ် တစ်နေ့ မာယာဒေဝီကို ဓဇရာဇာ မိဖုရားမြှောက်အောင် သုဇိလ လုပ်ရပေတော့မည်။ ဓဇရာဇာ မာယာဒေဝီအား မိဖုရားမမြှောက်ပါက. . .

"မောင်ကြီး သီတာပြောတာ ကြားလား"

ဟု သီတာက လှမ်း၍မေးလိုက်သည်။ နန္ဒီသေနကတော့ နောက်က အလှမ်းဝေးဝေးမှ လိုက်ပါလာသဖြင့် သူတို့ပြောနေတာပင် ကြားမည်မထင်ပေ။

"ကြားပါတယ် သီတာ၊ ကသိုဏ်းတောင်ရောက်မှ စီစဉ်ကြတာပေါ့"

ဟုသာ ပြန်၍ပြောလိုက်ရတော့သည်။

x x x

မာယာဒေဝီ အိပ်စက်လျှင် အမြဲလိုပင် လက်ယာဘက်သို့သာ လျှင် စောင်း၍အိပ်စက်သည်။ ဘိုးသက္ကသည် မာယာဒေဝီအား သာကီဝင်မင်းသမီးတစ်ပါးအဖြစ် သိလိုက်ရချိန်မှစ၍ ကရုဏာသက်မိသည်။ ထို့ကြောင့်ပင်ကင်၏။ ဆေးသောက်ပြီး မာယာဒေဝီ အိပ်ပျော်သွားစဉ် မျက်နှာပေါ်မှ အမာရွတ်များကို ပျောက်ကင်းသွားရန် ပျားရည်လိမ်း၍ပေးသည်။ ထိုပျားရည်၏ အကျိုးကြောင့် မည်းနက်နေသော အမာရွတ်ကြီးများမှာ တစ်လွှာဆီကွာကျသဖြင့် ဆေးလိမ်းထားသောနေရာမှာ မူလကဲ့သို့ စိုပြည်ဝင်းဝါလို့လာသည်။

ခက်သည်က မာယာဒေဝီ အိပ်စက်လျှင် လက်ယာဘက်သို့ စောင်း၍ အမြဲအိပ်သဖြင့် ပျားရည်မှာ လက်ယာဘက်ခြမ်းကို လိမ်းမရခြင်းပင်ဖြစ်သည်။ မာယာဒေဝီ မအိပ်လျှင်လည်း သောက်ဆေးတော့ သောက်ပါ၏။ မျက်နှာ ဆေးလိမ်းမည်ဟုဆိုလျှင် လုံးဝပင် လက်မခံပေ။ ထို့ကြောင့် မာယာဒေဝီ၏ မျက်နှာပြင်မှာ တစ်ခြမ်းဖြူ၍ တစ်ခြမ်း မည်းနေပေသည်။

"လောကသုံးပါးတို့၏ သခင် ဘုရားရှင်၏ ဆွေတော်မျိုးတော်တို့ ဘဝက ဘာကြောင့်များ ဤမျှခက်ခဲပင်ပန်းရပါလိမ့်"

ဟုလည်း ဘိုးသက္က တွေး၍ပင် မရပေ။

"အဘိုး . . အဘိုး သီတာတို့ ပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဟု သီတာက အသံပြုသည်။

"လာပြီ . . လာပြီ မြေးလေး ရေ"

ဟု ဆိုကာ ဘိုးသက္က ဂူပြင် ထွက်၍ ကြိုဆိုသည်။

"အဘိုး . . မာယာဒေဝီ နေလို့ မှကောင်းရဲ့လား"

ဟု သုဇိလ အဆောတလျင် မေးလိုက်သည်။ ထိုအခါ သီတာက သုဇိလကို မယုံသလို အကဲခတ်ရတော့၏။

"မာယာ ကျန်းကျန်းမာမာ ရှိပါတယ်၊ ခု ဆေးသောက်ပြီး သူ အိပ်ပျော်နေခိုက်မို့ အဘိုးက သူ့မျက်နှာကို ဆေးလိမ်းပေးနေရတယ်လေ၊ အမောင်သုဇိလ ဝင်ကြည့်ပါဦး၊ ခုဆို သူ့မျက်နှာက ဖြူစင်ဝင်းပလို့လာပါပြီကွယ်"

ဟု ဘိုးသက္က ပြောလိုက်သည်နှင့် သုဇိလသည် နန္ဒိသေနလက်ကို ဆွဲ၍ ဂူတွင်းသို့ ဝင်ခဲ့သည်။ ထိုအခါ သီတာပါ လိုက်ရန်ပြင်နေခိုက် အဘိုးက လက်ကိုဆွဲ၍ . . .

"သူတို့တွေ လွတ်လွတ်လပ်လပ် နေကြပါစေ သမီးရယ်၊ မလိုက်ပါနဲ့"

ဟု ဆိုလိုက်သည်။

"အဘိုး . . သမီး မောင်ကြီး သုဇိလနဲ့ မခွဲနိုင်ဘူး၊ အမြန်ဆုံး သက်ထပ်ပေးပါ အဘိုးရယ်"

ဟု ဆိုကာ သီတာက အဘိုးကို ဖက်၍ ငိုချလိုက်လေ၏။

သုဇိလနှင့် နန္ဒိသေနတို့ ဂူတွင်း ဝင်ရောက်လာသော်လည်း မာယာဒေဝီမှာ အိပ်နေမြဲပင်။ သုဇိလက ဖြူစင်ဝင်းပနေသော မာယာဒေဝီ၏ မျက်နှာလေးအား ကြည့်လျှက် ပင့်သက်အသာချလိုက်၏။ ထို့နောက် အိပ်စက်နေသော မာယာဒေဝီ၏ ဦးခေါင်းအား အသာအယာဆွဲယူ၍ မျက်နှာကို လက်ဝဲဘက်သို့ စောင်းပေးလိုက်သည်။ ထို့နောက် မာယာဒေဝီ၏ မျက်နှာညာဘက်ခြမ်းတွင် ဝဲကျနေသော ဆံစများအား လက်နှင့် အသာဖယ်၍ . . .

"နန္ဒိသေန ဒီမှာကြည့်"

ဟု ဆိုကာ ပြလိုက်သည်။

"ဟာ . . ဖြစ်မှဖြစ်ရလေ မာယာဒေဝီရယ်"

ဟု နန္ဒိသေန အာမေဋိတ်ပင် သင့်ရပေ၏။

"အဘိုး ဆေးလိမ်းမပေးခင်က မာယာရဲ့မျက်နှာဟာ တစ်ပြင်လုံး ဒီတိုင်းပဲ မည်းနေတယ်၊ ခု အဘိုးက ဆေးလိမ်းပေးလို့ မျက်နှာရှေ့ခြမ်းနဲ့ ဘယ်ဘက်ခြမ်းက မူလအသား အရေအတိုင်း ပြန်ဖြစ်ခဲ့ရတာ"

ဟု ရှင်းပြသည်။

"အဘိုးက မာယာဒေဝီရဲ့ မျက်နှာ ညာဘက်ခြမ်းကို ဘာကြောင့် ဆေးလိမ်းမပေးရတာလဲ"

ဟု နန္ဒိသေန မေးနေခိုက်မှာပင် မာယာဒေဝီ၏ မျက်နှာမှာ ညာဘက်သို့ပြန်၍ စောင်းသွားတော့၏။

"လောကီပညာရပ်များ ဆိုစကားအရ မျက်နှာညာဘက်စောင်း၍ အိပ်သူများဟာ သေရင် သုဂတိလားသတဲ့၊ မျက်နှာဘယ်ဘက်စောင်း အိပ်သူများကတော့ ဒုဂ္ဂတိလားမယ်ပေါ့ကွာ၊ မာယာဒေဝီက ခုအခါ ဘယ်လောက်ဆိုးဆိုး၊ ဘယ်လောက် မိုက်မိုက် တကယ်တော့ ပါရမီရှင် တစ်ဦးဖြစ်တယ်။ တစ်နေ့ မလွဲဧကံ မိဖုရား ဖြစ်ကိုဖြစ်လာမှာပါ နန္ဒိသေနရယ်၊ မင်းမယုံရင် စောင့်ကြည့် နေပေတော့"

ဟု သုဇိလက သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ဖြင့် ဆိုလိုက်လေသည်။

"မင်းပြောသလို ဖြစ်ပါစေ၊ ဓရာဇာ စိတ်မပြောင်းသွားပါစေနဲ့လို့လည်း ဆုတောင်းရတော့မှာပေါ့"

ဟု ညည်းညည်းညူညူ ဆိုနေပေတော့၏။

× × ×

"လူလေး . . အမောင်နဲ့ အဘိုးမြေး သီတာတို့ ရည်ငံနေကြပြီဆိုတာ အမှန်ပဲလား"

ဟု ဘိုးသက္က ရှေ့မျက်နှာ နောက်ထား၍ မေးလိုက်ရသည်။

"မှန်ပါတယ် အဘိုးရယ်၊ ကျုပ် သီတာကို တစ်သက်မခွဲ ရွှေလက်တွဲ သွားမှာပါ"

ဟု သုဇိလက ဝန်ခံလိုက်၏။

"ကောင်းပါပြီ၊ ဒါဆို အမြန်



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ပေးရတော့မှာပေါ့ကွယ်"

ဟု အဘိုးက ဆိုလိုက်ရာ. . .

"သီတာနဲ့ လက်မထပ်ခင် ကျွပ်မှာ လုပ်စရာတစ်ခု ရှိနေပါသေးတယ်၊ အဲဒီအလုပ်ကလည်း အဘိုးနဲ့ သီတာ ကူညီမှရမှာပါ၊ ကူညီပေးပါ အဘိုးရယ်"

ဟု သုဇိလက အသနားခံလိုက်သည်။

"ဘယ်လိုကိစ္စမို့ အဘိုး အကူညီလိုရတာလဲ မောင် ပြောပါ"

ဟုပင် အသာတကြည် ခွင့်ပြုလာသည်။

"မဇရာဇာ တကောင်းပြည် ပြန်လည်ထူထောင်ရေးအတွက် သုနာပရန္တကို စစ်ကူတောင်းပါတယ်"

ဟု ပြောလိုက်ရာ. . .

"ဒီတော့ သုနာပရန္တက စစ်ကူပေးမယ်တဲ့လား"

ဟု အဘိုးက ပြန်မေးသည်။

"ပေးတော့ ပေးမယ်တဲ့ ဒါပေမဲ့ ရွှေစင်ပိဿာတစ်ဆယ်ပေးရမယ်လို့ တောင်းနေတယ်"

ဟု ပြောလိုက်ရာ. . .

"ဒီတော့ အမောင်က ဥရုနဒီမြစ်မှာ ရွှေသွားကျင်မယ် စိတ်ကူးနေတယ်ပေါ့"

ဟု အဘိုးက ဆိုလိုက်သည်။

"မဟုတ်ပါဘူး အဘိုး"

"ဒါဆို ဘယ်လိုလုပ်မယ် စိတ်ကူးလို့လဲ ပြောပါ"

"နတ်ပေးချောင်းအတိုင်း ဆန်တက်ပြီး ဝက်ပါဂူထဲ အရောက်သွားမှာပါ"

ဟု သုဇိလက ဆိုလိုက်သည်။

"ဝက်ပါဂူမှာ ရွှေတွေရှိလို့လား"

ဟု အဘိုးက မေးလိုက်ရာ သုဇိလ ခေါင်းညိတ်ပြလိုက်လေ၏။

"အဲဒီမှာ ရွှေတွေရှိတယ်ဆိုတာ မောင်ရင့်အပြင် ဘယ်သူတွေ သိသေးလဲ"

"မာယာဒေဝီနဲ့ ကျွပ်ကလွဲလို့ ဘယ်သူမှ မသိကြပါဘူး"

"ကောင်းပြီ ဒါဆို မောင့်မိတ်ဆွေ နန္ဒိသေနကိုလည်း ကျောက်သွေးဂူမှာ ခေတ္တသွားနေခိုင်းလိုက်ပါ"

"ဘာကြောင့်လဲ အဘိုး"

"လူဆိုတာ ဘာမျိုးနွယ်ကပဲ ဆင်းသက်လို့လာလာ၊ အမှန်တော့ လောဘသားတွေ ဖြစ်တယ်၊ ဒီရွှေတွေ မြင်သွားရင် ဘယ်သူမဆို စိတ်ပြောင်းတတ်ပါတယ်။ ဒီတော့ နန္ဒိသေနကို ကျောက်သွေးဂူမှာ သွားနေပါလို့ ပြောလိုက်တာ အကောင်းဆုံးပေါ့ ငါ့မြေးရယ်"

ဟု အဘိုးက ဆိုလိုက်သည်။

အဘိုး၏ စကားကို သုဇိလလည်း သဘောကျမိသည်။ ဝက်ပါဂူသို့ စင်ရာတွင် ရွှေတွေတောင်လိုပုံနေသည်ကို နန္ဒိသေန မဆိုထားနဲ့ မဇရာဇာကဲ့သို့ တိုင်းပြည် အုပ်ချုပ်မင်းလုပ်မည့်သူကိုပင် မမြင်စေလိုပေ။ ထို့ကြောင့် နန္ဒိသေနနှင့် တွေ့ဆုံ၍ ပြောရတော့သည်။

"နန္ဒိသေန. . သီတာနဲ့ ငါ မကြာမီ လက်ထပ်တော့မယ်၊ သုန္ဒရနှင့် ဥတ္တရာတို့လည်း မကြာမီ လက်ထပ်ကြတော့မှာ၊ ဒီတော့ မင်းလည်း ပဥ္စဒေဝီလေးကို လက်ထပ်ယူနိုင်အောင် ကျောက်သွေးဂူသွားပြီး ချစ်စကားဆိုပေါ့ကွာ၊ ပဥ္စဒေဝီက သဘောမနော ကောင်းပါတယ်"

"အေးပါကွာ၊ ငါပဥ္စဒေဝီရဲ့ အချစ်ကို ရအောင်ယူပြပါမယ်၊ ဖြစ်နိုင်ရင် ငါတို့စုံတွဲသုံးခု တစ်နေ့တည်း တစ်ချိန်တည်း တစ်နေရာတည်းမှာ မင်္ဂလာဆောင်လိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ ငါ စဉ်းစားနေမိတယ်ကွာ"

ဟု ဆိုကာ နန္ဒိသေန ကျောက်သွေးဂူသို့ ထွက်ခွာသွားတော့၏။

နန္ဒိသေန ထွက်ခွာသွားသည်နှင့် သုဇိလတို့လည်း ဝက်ပါဂူသို့ သွားရန်ပြင်ကြရသည်။ မာယာဒေဝီကတော့ ကွပ်ပျစ်ပေါ်မှာ ဆံပင်ဖားလျားချ၍ ထိုင်နေသည်။ သုဇိလက သစ်သီးများယူ၍ မာယာဒေဝီအနီး ချပေးလိုက်သည်။ မာယာဒေဝီ၏ မျက်လုံးများမှာ ပြူးကျယ်လျက် သုဇိလ၏ လှုပ်ရှားမှုမှန်သမျှ လိုက်၍ကြည့်နေပေ၏။ သီတာကလည်း မာယာဒေဝီ၏ မျက်လုံးများကိုသာလျှင် မလွတ်တမ်းလိုက်ကြည့်သည်။ သူတို့တွေ ပြောဆိုနေသည်များကို မာယာဒေဝီ သိပါလျက် မသိရှောင်များ

www.burmeseclassic.com

ဆောင်နေရှော့သလားဟု သံသယဝင်မိသည်။

"သုဇိလ ပြီးရင်သွားမယ်"

ဟု ဘိုးသက္က နှိုးဆော်လိုက်သည်နှင့် အားလုံးထွက်ခဲ့ကြရသည်။ ဇာသိုဏ်းတောင်မှ ဆင်းပြီးလျှင် ဂူကြီးတစ်ခု တွေ့ရသည်။ ထိုဂူဝတွင် ကျောက်တံခါးကြီးတစ်ချပ် တွေ့ကြရ၏။ ဘိုးသက္ကသည် ကျောက်တံခါးရှေ့မှာ ရပ်လျက် ဘုကြီးတစ်ခုပေါ် လက်တင်ကာ အားကုန်ဖိချလိုက်တော့၏။

'ဝုန်း' ဟူသော အသံနှင့်အတူ ပင် ကျောက်တံခါးကြီး ပွင့်သွားတော့သည်။ အဘိုးက ကျောက်နံရံမှာ ထောင်၍စိုက်ထားသော ထင်းရှူးတိုင်ကြီးယူကာ မီးစွဲလိုက်သည်။ မီးစွဲပြီးသည်နှင့် ဂူတံခါးဝကိုပြန်၍ ပိတ်ကာ ခရီးဆက်ကြသည်။ လမ်းလေးသည် ကွေ့ကာကောက်ကာနှင့် အောက်သို့ ဆင်းသွားသည်။

ခရီးအတော်ပေါက်မှ ရေစီးသံ ကြားရသည်။ မီးရောင်အောက်တွင် တသွင်သွင် စီးဆင်းနေသော ရေချောင်းလေးတစ်ခု တွေ့ရသည်။

"ဒါ နတ်ပေးချောင်းလို့ ခေါ်တယ်"

ဟု ဆိုကာ ဘိုးသက္ကတို့ ချောင်းရေအတိုင်း အထက်သို့ ဆန်တက်ခဲ့ကြသည်။ ရေမှာ ဒူးခေါင်းသာသာမျှသာ နက်သည်။ ရေမှာ ပူလွန်းခြင်း၊ အေးလွန်းခြင်း မရှိပေ။ အပေါ်ရေလွှာမှ အငွေ့တထောင်းထောင်း တက်နေသည်။

မကြာပါ။ ကျောက်စိမ်းအရိုင်းတုံးကြီးများ တွေ့ရသည်။ အချို့မှာ ထက်ခြမ်းကွဲနေသဖြင့် အစိမ်းကွက်ကြီးများထနေသည်။ ထိုကျောက်စိမ်းများသည် မည်မျှတန်ဖိုး ရှိသည်ဟု မဆိုနိုင်။ သို့သော် ထိုကျောက်စိမ်းများကိုပင် တိဘက်များက အသည်းအသန် နောက်ယောင်ခံလိုက်နေသည်။ ဤကျောက်စိမ်းများသည် အမှန်တော့ တကောင်းနိုင်ငံတော်ကြီး၏ နိုင်ငံပိုင်ရတနာများပင် ဖြစ်ပေ၏။

ကျောက်စိမ်းတောင် များလွန်သည်နှင့် ရွှေမှုံရွှေမွှားများကို စတင်၍ တွေ့ရသည်။ အချို့ရွှေမှုန်များမှာ ကျောက်လွှာမှာ ကပ်၍နေပြီး၊ အချို့မှာ သဲဆန်သောမြေနှင့် ရောနှောနေသည်။ သုဇိလ ချောင်းရေအောက်မှ သဲမြေများကို လက်နှင့် ကော်ကြည့်သည့်အခါမှာလည်း ဝင်းဝင်းလက်လက် ရွှေမှုန်များကို တွေ့ရသည်။

ဤမြေအောက်သယံဇာတများကို တိုင်းတစ်ပါးသားများ သိရှိမသွားရန် အထူးသိုသိုသိပ်သိပ် ရှိရပေမည်။ တစ်နေရာအရောက်မှာတော့ ကျောက်တုံးများ ပိတ်ဆို့နေသည်ကို တွေ့ရ၏။

"ဒါ ဝက်ပါဂူပေါ့"

ဟု အဘိုးက ဆိုကာ ကျောက်တုံးကြီးများအနီးတွင် ရပ်လိုက်သည်။

သုဇိလ ဘာမှပြန်မပြောပါ။ အဝတွင်ပိတ်နေသော ကျောက်တုံးများကိုသာ တစ်လုံးပြီး တစ်လုံး ဖယ်ရှားနေတော့၏။

"အချိန်တော်တော်ကြာအောင် ယူမှရမယ်ထင်တယ်"

ဟု ဆိုကာ သီတာကလည်း ဝိုင်းကူသည်။

"အဘိုး. . . ဇာသိုဏ်းတောင် ပြန်နှင့်လိုက်ပါ၊ ဟိုမှာ မာယာဒေဝီ တစ်ယောက်တည်းဆိုတော့"

ဟု သုဇိလက ပြောလိုက်သည်။

"ဟုတ်ပါပြီ၊ လူလေးတို့ အေးအေးဆေးဆေး နေခဲ့ကြပေတော့"

ဟု ဆိုကာ ဘိုးသက္က ပြန်သွားလေသည်။

"မောင်ကြီးက မာယာဒေဝီ တစ်ခုခုဖြစ်မှာ အရမ်းစိုးရိမ်နေတယ်ပေါ့"

ဟု သီတာက အဘိုးပြန်သွားသည်နှင့် ဆိုလိုက်သည်။

"ဘယ်လို ပြောလိုက်တာလဲ သီတာ၊ မာယာဒေဝီဟာ အသက် ၁၄-၁၅ နှစ် အရွယ်ကတည်းက ကပိလ နေပြည်တော်အတွက် ဒာမှုတော်ထမ်းရွက်ပေးခဲ့သူပါ။

မောင်ကြီးတို့ သာကီဝင်တွေ ဝိဍူဍဘမင်းလက်ချက်နဲ့ အသက်သေရတော့မယ်ဆိုပြီး ကြောက်လန့်ချောက်ချားနေကြခိုက် မာယာဒေဝီ မင်းသမီးလေးက မြို့လယ်မှာ ရင်ဆိုင်ပြီး ကြောက်စိတ်တွေ ပြေပျောက်



www.burmeseclassic.com

www.burmeseclassic.com

အောင် ကပြဖျော်ဖြေပေးခဲ့ရတယ်။ မောင်ကြီးတို့တွေ တကောင်း တိုင်းပြည် ရောက်လာတော့လည်း ဓဇရာဇာမင်းသား ထီးနန်းတက်နိုင်ဖို့ အရေး မာယာဒေဝီမင်းသမီးလေးက မြို့တကာ ရွာတကာ လှည့်လည်ပြီး သူမတတ်တဲ့ သုခုမအနုပညာနဲ့ ကပြဖျော်ဖြေပြီး စည်းရုံးပေးခဲ့ရရှာတယ်။

သီတာ. . မာယာဒေဝီမင်းသမီးလေးဟာ လူသားစစ်စစ်ဖြစ်တယ်။ သူ့ရင်မှာ၊ သူ့နှလုံးသားမှာ ခံစားမှု ရှိတယ်။ မျှော်လင့်ချက် ရှိတယ်။ တစ်နေ့ သူ ဓဇရာဇာရဲ့ မိဖုရားကြီး ဖြစ်ရမယ်ဆိုတဲ့ မျှော်လင့်ချက် ရှိတယ်။

ဒါကို ဓဇရာဇာက မသိချင်ယောင်ဆောင်လို့ မရဘူး။ အချောင်နေရာဝင်ယူချင်တဲ့ တကောင်း မိဖုရား နာဂဆိန်ကို နေရာပေးလို့ မရဘူး။ ဓဇရာဇာ ထီးနန်းရတဲ့နေ့ဟာ မာယာဒေဝီ မိဖုရားဖြစ်ကို ဖြစ်ရမယ်။ အဲဒါဟာ မာယာဒေဝီ အပေါ် ထားရှိတဲ့ ငါ့ရဲ့ စေတနာတွေပါ သီတာရယ်"

ဟု ရှင်းပြလိုက်မှ သီတာ သုဇိလ၏ စေတနာကို နားလည်ခဲ့ရပေတော့သည်။

"ဟုတ်ပါတယ် မောင်ကြီးရယ်၊ တကယ်တော့ မမမာယာဒေဝီ အသက်နဲ့ သီတာရဲ့ အသက်ဟာ ကွာခြားလှမယ် မထင်ပါဘူး။ မမ မာယာဟာ လူမှုန်းသီတာတ်စ အရွယ်ကစလို့ တိုင်းပြည်နဲ့ လူမျိုးအတွက် အခက်အခဲပေါင်းများစွာကြား ကြိုးစားဆောင်ရွက်ခဲ့သူပါ။ သီတာမှာတော့ ဖခင်ကြီးရဲ့ အတ္တ၊ မာန၊ လောဘတွေကြောင့် လောကကြီး အလယ်မှာ မျက်နှာငယ်ခဲ့ရလို့ ဒီနေ့အထိ ဘာတစ်ခုမှ မပြုလုပ်နိုင်ခဲ့ပါဘူး။ ခုတော့ မောင်ကြီးနဲ့အတူ ရွှေလက်တွဲပြီး တိုင်းပြည်နဲ့ လူမျိုးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပါ့မယ်လို့ ကတိပြုပါတယ် မောင်ကြီးရယ်"

ဟု သီတာက မျက်ရည်များကြားမှပင် ဆိုရှာပေသည်။

"သီတာ. . . ဂူကြီး ပွင့်လာပြီ၊ ကျောက်တုံးတွေကို အမြန်ဖယ်"

ဟု သုဇိလက ဆိုလိုက်သည်။

သီတာမှာ ပျော်ရွှင်ကြည်နူးမှုတွေ တားဆီးမရအောင် ဖြစ်မိပေ၏။ ဂူကြီးအတွင်းမှာ မီးထွန်းရန်မလို၊ အထက်အမိုးကြားမှ အလင်းတန်းများဖြာလျက် တွေ့ရသည်။ သီတာလည်း သုဇိလနောက်မှ ထက်ကြပ်မခွာ လိုက်ပါခဲ့သည်။ သုဇိလသည် ရွှေသလွန်ကြီးပေါ်တွင် ထိုင်လိုက်၏။

သီတာသည်လည်း ထိုသလွန်တော်ကြီး ရှိရာသို့သွား၍ သုဇိလဘေးမှာပင် ဝင်ထိုင်လိုက်သည်။

"သီတာ. . . ဒီရွှေသလွန်တော်ကြီးကို စတင်တွေ့ရှိသူဟာ မာယာဒေဝီမင်းသမီးလေး ဖြစ်တယ်"

ဟု သုဇိလက ဆိုလိုက်သည်။

သီတာသည် ရွှေသလွန်တော်ပေါ် ထိုင်လျက် ဟိုဟိုဒီဒီ ကြည့်သည်။ ရွှေသလွန်တော်ကြီးမှာ ရွှေသားအစစ် သလွန်တော်ကြီး ဖြစ်သလို သလွန်တော်၏ အရှေ့ဘက်မှာလည်း အထက်သို့ ချွန်တက်နေသော ရွှေစေတီတော်လေးကို မြင်လိုက်ရသည်။ ကျောက်ဂူကြီး၏ အထက်မျက်နှာကြက်ကို ကြည့်ပြန်တော့လည်း ရေတစက်စက် ကျနေသော ကျောက်ပန်းဆွဲများကို မြင်နေရပေ၏။

"ဟော. . . ဒီမှာတွေ့ပြီ"

ဟု ဆိုကာ သုဇိလသည် စီးဆင်းနေသော ရေချောင်းအတွင်းသို့ လက်နှိုက်၍ ယူလိုက်ရာတွင် ကျောက်စိမ်းရုပ်တုနှစ်ခု ထည့်ထားသော ကတ္တီပါအိတ်ကို တွေ့လိုက်ရသည်။

ထိုရုပ်တုနှစ်ခု၏ အရောင်မှာ ဖက်ဖူးရောင်ဟု ဆိုရပေမည်။ အစိမ်းရင့်ရင့်ကြီး မဟုတ်ပေ။ ငှက်ပျောညွန့်ရောင်ကဲ့သို့ စိမ်းဝါရောင် သမ်းနေသည်။ ကျောက်စိမ်းရုပ်များမှာ လက်ရာအလွန်ကောင်းသော ပန်းပုလက်ရာဟုလည်း သီတာ နားလည်ရပေ၏။

ရုပ်တုနှစ်ခုမှာ ခွဲခြား၍ မရအောင်တူသည်။ သို့သော် ရုပ်တုတစ်ခုမှာ စံပယ်တင်မှဲ့လေးပါ၍သာ တစ်ခုနဲ့ တစ်ခု မတူပါဘူးဟု



www.burmeseclassic.com

www.burmeseclassic.com

သီတာ ခွဲခြားနိုင်တော့၏။

"စံပယ်တင်မှဲ့ပါတဲ့ ကျောက်စိမ်း ရုပ်က ကျော်စွာရဲ့ မယ်တော် ရုပ်တု ဖြစ်တယ်၊ စံပယ်တင်မှဲ့ မပါတာက နန္ဒရဲ့ ရုပ်တုပေါ့"

ဟု သုဇိလက ရှင်းပြသည်။

"နန္ဒရဲ့ရုပ်တုဆိုတာ နန္ဒမင်း သားလေးရဲ့ ပုံတူရုပ်တုလား"

ဟု သီတာက စပ်စုသည်။

"မဟုတ်ဘူး၊ နန္ဒမင်းသားလေး က မာယာဒေဝီအပေါ် တော်တော် ကြီးကို လေးစားချစ်ခင်ရှာတယ်။ ဒါနဲ့ ဘသုခကို မာယာဒေဝီရဲ့ ပုံတူ ကျောက်စိမ်းရုပ်တု ထွင်းထုခိုင်းခဲ့ တာ သီတာ"

ဟု ရှင်းပြရပေတော့၏။

သီတာသည် ကျောက်စိမ်းရုပ် လေး နှစ်ခုအား ကတ္တီပါအိတ်တွင်း ပြန်ထည့်လိုက်သည်။ သုဇိလက တော့ အမိုးမျက်နှာကြက်မှ တွဲကျနေ သော ရွှေမျှားကို ဝါးကျည်တောက် အတွင်း ထိုးသိပ်၍ ထည့်နေပေ သည်။ ဝါးကျည်တောက်နှစ်ခု ပြည့် သည်နှင့် ဝက်ပါဂူပေါက်ကြီးအား ကျောက်လုံးများဖြင့် ပြန်လည်ပိတ် ဆို့ကြသည်။

"မောင်ကြီး. . ရေချိုးလိုက်မှ ထယ်၊ နှစ်ယောက်လုံး ချွေးတွေ ... ပေနေတယ်"

ဟု ဂူကြီးပိတ်၍ ပြီးသည်နှင့် သီတာ ဆိုလိုက်ခြင်း ဖြစ်သည်။

"သီတာ. . ဒီဝက်ပါဂူက ရတနာ တွေဟာ သီတာတို့ မောင်ကြီးတို့ရဲ့ ရတနာတွေလို့ ဘယ်တော့မှ မတွက် လိုက်နဲ့နော်၊ အမှန်တော့ ဒီရတနာ တွေကို မာယာဒေဝီမင်းသမီးလေး က စတင်တွေ့ရှိတာပါ"

ဟု သီတာအား သုဇိလက ရှင်းပြရသည်။

"ဒါဆို ဒီရတနာတွေက မာယာ ဒေဝီ ပိုင်တာလား မောင်ကြီး"

ဟု သီတာက မေးလိုက်သည်။

"မာယာဒေဝီ ပိုင်တယ်လို့တော့ မဆိုလိုပါဘူး၊ အမှန်တော့ တိုင်းနိုင်ငံ အတွင်းက ထွက်ရှိတဲ့ ရတနာ မှန် သမျှ နိုင်ငံတော်က ပိုင်တာပါ။ သို့သော် စတင်တွေ့ရှိသူကိုတော့ ထိုက်သင့်အားလျော်စွာ ပြန်ပေးရ တာပေါ့"

ဟု ဆိုလိုက်သည်။

"ခု ယူခဲ့တဲ့ ရတနာတွေကို ဇေ ရာဇာလက် အားလုံးအပ်မှာလား"

ဟု သီတာက မေးလိုက်ပြန် သည်။

"ဇေရာဇာကို ရွှေစင်ဆယ်ပိဿာ ပေးမယ်လို့ ကတိပြုခဲ့တယ်၊ ဒါလည်း ဇေရာဇာ သုံးစွဲဖို့မဟုတ်ဘူး၊ တကောင်း နိုင်ငံတော် ပြန်လည်ထူထောင်ရာ မှာသုံးဖို့"

ဟု ဆိုလိုက်ရာ. . .

"ဒါဆို မာယာဒေဝီအတွက်က ဘယ်မှာလဲ"

ဟု သီတာက မေးလိုက်သည်။

"မာယာဒေဝီအတွက် အကျိုး ကျေးဇူး ရှိမှာပါ၊ ဘာကြောင့်ဆိုတော့ ဇေရာဇာတိုင်းနိုင်ငံ ထူထောင်ပြီးရင် မာယာဒေဝီကို မိဖုရားမြှောက်ပါမယ် လို့ ကတိပြုထားတာ ရှိတယ်လေ၊ ချစ်သူချင်းချင်း ပေါင်းသင်းရခြင်း ဟာလည်း မင်္ဂလာတစ်ပါးပေါ့ သီတာ ရယ်"

ဟု ဆိုကာ သုဇိလက သီတာ လေးအား ထွေးပွေ့ထားလိုက်ပေ ၏။

"လူပြောမသန့်. . လူသန့်မပြော တဲ့ စကားပုံရှိတယ်၊ သီတာကတော့ လက်ထပ်ပြီးမှကို ယုံမှာ၊ သိလား"

ဟု ဆိုကာ သုဇိလရင်အုပ် ကားကားကြီးကို လက်သီးဆုပ်ဖြင့် ဖွဖွလေး ထုနေတော့၏။

"ဘာမှပူမနေနဲ့ သီတာ၊ ရတနာ တွေ ယူပြီးမှတော့ မကြာမီ ရက်မြတ် ရွေးပြီး လက်ထပ်ပွဲကြီး ကျင်းပကြ တာပေါ့"

ဟု ဆိုလိုက်မှ သီတာ ပျော်ရွှင် လွန်း၍ သုဇိလ၏ ထွားကြိုင်းလှ သော ခန္ဓာကိုယ်ကြီးအား လွတ် ထွက်သွားမည်စိုးသည့်အလား ဖက် တွယ်ထားလိုက်လေတော့၏။

**ရွှေ့လဆက်ရန်**

**မောင်ယဉ်မွန်(မောင်နေခြည်)**

www.burmeseclassic.com

# နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၄)

## (ရုပ်ခဏတ်ရှစ်ပါး)

## (ပဋ္ဌဝီဓာတ်သဘောနှင့် အာပေါဓာတ်)

## မဟာထွန်း

ဤမွေစာစုသည် ရသမဟုတ်သောကြောင့် ဖတ်သူ နည်းလိမ့်မည်။ တရားကို မကြိုက်သော၊ လိုက်လည်းမလိုက် စားကြသည့် လူများအဖို့ ဖတ်၍လည်း နားလည်နိုင်ဖွယ် မရှိပေ။

တရားတော်ကို လိုလားကြသော အမျိုးကောင်းသား၊ အမျိုးသမီးတို့သည်သာ တရားတော်ကို လိုလား၍ ဖတ်ရှုလေ့ လာကြလိမ့်မည်ဟု ဆိုရမည်။ တရားတော်ကိုမှ လိုလားသော သူများ ရှိကြလျှင်ပင် စာကိုဖတ်၍ မရနိုင် နားမလည်နိုင်ဟူ၍သာ ရှိကောင်းရှိမည်။

တရားတော်ကို သိရှိနားလည်သွားလျှင်လည်း အရ သာအားလုံးတို့အထဲတွင် တရားတော်၏ အရသာသည် အသာဆုံး၊ အမြတ်ဆုံးဟု ဟောတော်မူသောကြောင့် မြတ်စွာဘုရားရှင်၏ တရားတော်စကားဖြစ်၍ ငြင်းနိုင်သူ မရှိသလို ငြင်းကောင်းသော အရာလည်း မဟုတ်ပေ။

ဤစာရေးသူသည်လည်း ရသစာပေကိုသာ အများ အားဖြင့် ရေးသားလေ့ရှိသည်။ သို့သော်လည်း တရားနှင့်စပ် ဆိုင်သော ဝိပဿနာပိုင်းကို ရောက်လာ၊ ရေးသားလာသော အခါ သူနေရာနှင့်သူ စာသွားစာလာအတိုင်းသာ ရေးသားရ၍ တရားတော်၏ အရေးအသားအတိုင်းကိုသာ ဦးစားပေးပြီး ရေးရသည့် သဘောဖြစ်သည်။

စင်စစ်တွင် ဗုဒ္ဓဘာသာဖြစ်သူတိုင်းသည် တရားတော် ကို လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ တရားစာပေ အားလုံးကို ဖတ်သင့်သည်။ ထိုအခါ မိမိနှစ်သက်သော တရားစာပေကို မလွဲမသွေ တွေ့လာပေလိမ့်မည်။

သို့တည်းမဟုတ် အသက်အရွယ် ရောပိုင်းကို ရောက် လာသောအခါသော်လည်း တရားတော်ကို လိုက်စားသင့် သည်။ ဘဝတစ်လုံး ဆုံးတုံးသည်အထိ တရားမလိုက်စားဘဲ မနေသင့်ပေ။

ဒါန၊ သီလမျှဖြင့်လည်း အားရကျေနပ်၍ မနေသင့် ပေ။ ဒါန၊ သီလသည်ကား သာသနာပမှာလည်း ရှိကြသည်။ ဝိပဿနာစသော မဂ်ပေါက်ဖိုလ်ရ ဘာဝနာသည်ကား သာသနာတော်အတွင်းမှာသာ ရှိလေသည်။

ထို့ကြောင့် သာသနာတော်နှင့် တွေ့ရကြုံရကျိုးနပ် အောင်လည်း ဝိပဿနာ တရားဘာဝနာကို လိုက်သင့်ကြ သည်။ သို့ပါမှလည်း လူဖြစ်ရကျိုး၊ သာသနာတော်နှင့် တွေ့ရ ကြုံရကျိုး နပ်ကြပေလိမ့်မည်။

နောက်ဆယ်နှစ်ကျော်က ဤစာရေးသူသည် တရား ခွေတစ်ခွေကို နားကြားလေ့လာလိုလှသဖြင့် ထိုတရားခွေကို ကိုင်ပြီး တိပ်စက်ရှိသော အိမ်တစ်အိမ်ကို သွားသည်။

ထိုအိမ်၌ တိပ်စက်အလွန်ကြိုက်သော မိခင်ကြီးတစ် ယောက်ရှိသည်။ အချိန်ရှိတိုင်း တိပ်စက်ရေမှာသာ အချိန်ကုန် တတ်သည်။ ဤသည်ကို ကရေးသူ မသိပေ။ ဘာသာရေးကို လေးစားခြင်းမရှိသည်ကိုမူ ထိုအခိုက်မှာပင် သိလိုက်ရသည်။

သံယာတော်တစ်ပါး အိမ်ပေါ်ကို ရောက်လာလျှင် အရိုအသေမပြုလျှင် ထိုအဘွားသည် အဘယ်သို့ ခံရမည် ပင် မသိတော့ပေ။ ဤစာရေးသူကို တစ်ချက်မျှ စောင်း၍



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး တီဗွီကိုသာ ထိုင်မြဲထိုင်ကြည့်နေလေသည်။

တစ်အောင့်အကြာတွင် ဆွမ်းလောင်းနေကျဖြစ်သော မြေးမလေး ရောက်လာသည်။ စာရေးသူကိုလည်း အရိုအသေပြုသည်။ ထို့နောက် -

"ဦးပဥ္စင်း ကိစ္စများ ရှိပါသလား"ဟုမေး၍ တရားခွေကို နာလိုကြောင်း ပြောလည်းပြော၊ ပြလည်းပြလိုက်ရာ လိုလိုလားလားပင် လက်ခံသည်။ သို့သော်လည်း အဘွားအိုက ခွင့်မပြု၍ တရားနာကြားခွင့် မရကြပေ။

ထို့နောက် အဘွားအို ဆေးခန်းသွားမှ တရားနာကြရသည်။ အဘွားအို ပြန်ရောက်လာချိန်တွင် ခွေကို ပြန်ထုတ်ရပြန်သည်။ အသက် ၁၆ နှစ်အရွယ် ၁၀ တန်းကျောင်းသူ မြေးမလေးက တရားနာလိုသော်လည်း အသက် ၉၀ ကျော် အဘွားအိုက တရားတော်ကို လိုလားခြင်းမရှိပေ။ DVD တရားခွေကြီးဖြစ်၍ တရားလည်း မပြီးဆုံးသေးပေ။

နောက်နေ့တွင်လည်း အဘွားအို ဆေးခန်းသွားချိန်၌ ဤစာရေးသူနှင့် မြေးမလေးဖြစ်သူတို့ တရားခွေကို ထိုးနာကြပြန်သည်။ ထိုနေ့တွင် ပြဿနာတက်လေသည်။

အဘွားအိုသည် ကားပေါ်မှဆင်းလာ၍ ဤစာရေးသူနှင့် မြေးမလေးတို့ .တရားနာနေကြသည်ကို မြင်သည်နှင့် အလွန်အမင်း ဒေါသထွက်သွားလေသည်။ ထို့နောက် တရားတော်ကို အပြစ်ပြောကာ ခွေကိုလည်း ချက်ချင်းထုတ်ပြီး ခြံမှာ တိုက်ပစ်လိုက်လေသည်။

ထိုမျှအထိ မထင်ခဲ့၍လည်း ဤစာရေးသူ သူတို့အိမ်မှာ သွားဖွင့်နာခြင်း ဖြစ်သည်။ ဤစာရေးသူမှာ တီဗွီ ကျောင်းမှာရှိ တယ်လီဖုန်းလည်း မရှိသေးပေ။ ထို့ကြောင့်လည်း သူတို့အိမ်၌ သွားကြည့်/နာရခြင်း ဖြစ်သည်။

မြေးမလေးကလည်း တရားတော်ကို လိုက်စားသည်။ ငယ်ရွယ်လျှင် ဥပုသ်စောင့်သည်၊ ရိပ်သာလည်းဝင်သည်။ ထို့ကြောင့်လည်း သူတို့အိမ်မှာ တရားတော်ကို သွားဖွင့်/နာခြင်းဖြစ်သည်။

မြေးမလေးကလည်း မဟုတ်မခံ အမှန်ဘက်က ရပ်တတ်သော ရဲရဲတောက်လေးဖြစ်သည်။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး သူ့အဘွားနှင့် တစ်ယောက်တစ်ခွန်း စကားများကြလေသည်။

ဤစာရေးသူလည်း အဘွားအိုနှင့်ပတ်သက်ပြီး စိတ်မကောင်းဖြစ်ရသည်။ အရွယ်သည် တီဗွီရှေ့၌ အချိန်ကုန်ရမည်မဟုတ်တော့ပေ။ ပဌမအရွယ်၊ ဒုတိယအရွယ်တုန်းက ပညာရေး၊ စီးပွားရေးကို အဓိကထားခဲ့ရသော်လည်း ယခုလို ဘဝနေဝင်ချိန် နီးသောအခါ၌ ဘဝကောင်းရာ နောင်ကောင်းရာ။

သို့တည်းမဟုတ် မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုသာ အချိန်နှင့်အမျှ လိုက်စားရတော့မည့် အခါဖြစ်သည်။ အသက်တစ်ရာနီးပြီဖြစ်၍ အချိန်ကား လွန်၍ပင်နေလေပြီ။

သို့သော်လည်း နောက်မှ မြေးမလေးပြောပြ၍ သိရသည်မှာ အဘွားအိုသည် တီဗွီနှင့် ဇာတ်လမ်းမှတစ်ပါး မည်သည့်အရာကိုမျှ စိတ်မဝင်စားဟု ဆိုသည်။ မည်သည့်အခါမျှ ဥပုသ်၊ ရိပ်သာ စသည်ဖြင့်လည်း စောင့်ထိန်းပွားများခြင်း မရှိဟုဆိုသည်။

နောင်တွင် ဤစာရေးသူသည် အဘွားအိုအား ဘာသာရေးဘက်သို့ သိမ်းသွင်းပေးပြောရန် စိတ်ကူးခဲ့သော်လည်း အချိန်မလောက်တော့ပေ။ အဘွားအိုမှာ နာမည်ကြီးပွဲသဘင်တစ်ခုကိုသွားရင်း ဇာတ်သိမ်းမကောင်းစွာဖြင့်ပင် လောကထဲမှ ထွက်သွားရကြောင်း မြေးမလေးက ပြောပြ၍ သိလိုက်ရသည်။

အဘွားအို၏ နောက်ဘဝတစ်ခု၌ နောင်တအကြောင်းကိုလည်း စိတ်မကောင်း ဖြစ်ခဲ့ရသည်။

ဤအဘွားအိုကဲ့သို့ နောက်လည်း အဘိုးအို၊ အဘွားအိုများ ရှိကြပေလိမ့်မည်။ အသက်အရွယ်နှင့် ဇရာဒုဗလကိုကြည့်ပြီးသော်လည်း ဘဝကောင်းရာ နောင်ကောင်းရာတည်းဟူသော ဘာသာတရားကို အမှတ်ရသင့်သည်။ လိုက်လည်းလိုက်စားသင့်သည်။

လွန်ပြီးသောအခါ ပြုပြင်ရခက်သည်။ အတတ်နိုင်ဆုံး နောင်တကင်းရန်လိုသည်။ နောင်တဟူသည်ကား သတိကင်းသူတို့၏ သဘောသာဖြစ်သည်။ ငယ်စဉ်အခါ၌ တရားတော်ကို မလိုက်စားနိုင်လျှင်ပင် ဇရာပိုင်းကို ရောက်လာသော

www.burmeseclassic.com

အခါ မိမိကိုယ်ကို သိသင့်သည်။

တီဗွီနှင့် အချိန်မကုန်သင့်ပေ။ အခြားသော ဝေယျာဝစ္စ စသည်များနှင့်လည်း အချိန်မကုန်သင့်တော့ပေ။ အချိန်မရွေး သေနိုင်သည်ကို သိသင့် မြင်သင့်သည်။ တဖြုတ်ဖြုတ်လည်း သေကုန်ကြပြီ။ နောက်လည်း သေနေကြဦးမည်။ ထိုအထဲ၌ ကိုယ်လည်း ပါဝင်လျက်ရှိသည်ဟု သတိပြုသင့်လှသည်။

× × ×

ကုန်ခဲ့သည့်လက ပထဝီဓာတ်ကို ဆက်ဦးမည်။ ဤစာရေးသူ ဝိပဿနာတရားစာပေများကို ရေးသားတိုင်း နဘောထပ်သာ ရေးသားလေ့ရှိသည်။ နဘောထပ်ရေးသားခြင်းဖြင့် ယခုမှ စတင်ဖတ်ရှုမည့် ယောဂီများအဖို့လည်း အဆင်ပြေသလို မူလယောဂီများအဖို့လည်း စိတ်ပျက်စရာ မဟုတ်ပေ။

မကြာခဏ သတိဖော်ပေးဖူးသည့်အတိုင်း ဝိပဿနာတရား ဟူသည်မှာ မိမိတို့ကြိုက်နှစ်သက်ရာ တရားတစ်ပါးပါးကိုသာ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စ မပြီးမချင်း ပွားများရှုမှတ်ရသည်ဟု။

တရားတစ်ပါးကို သဘောမပေါက်၍ဖြစ်စေ၊ သဘောပေါက်သော်လည်း မဂ်မတက်၍ဖြစ်စေ၊ နောက်ရှုနည်းတရားတစ်ပါးပါးသို့ ပြောင်းသင့်က ပြောင်းနိုင်သော်လည်း မလိုအပ်ဘဲ တရားတစ်ပါးကိုမှ အတိုင်းအတာတစ်ခုအထိ ရှုပွား၍မကြည့်ဘဲ ခဏခဏ တရားမပြောင်းသင့်ပေ။

ယခု ပထဝီဓာတ်ကို ပြန်လည်၍ အာရုံပြုပါ။ ဆိုခဲ့သည့်အတိုင်း ပထဝီမှာ အမာနှင့် အပျော့ နှစ်မျိုးသာ ပြဋ္ဌာန်းသည်။ ထိုအမာနှင့်အပျော့ နှစ်မျိုးကိုပင် မိမိတို့ ရှုကွက်အတိုင်း မဂ်ဆိုက် ဖိုလ်ဆိုက်သည်အထိ အဆင်ပြေသလို ရှုမှတ်ရသည်။

ယခုအခါ ထိုအမာနှင့်အပျော့ နှစ်မျိုးကို မိမိ၏ ကိုယ်ပေါ်သို့ တင်လိုက်ပါ။ မိမိ၏ကိုယ်၌လည်း အမာနှင့်အပျော့ နှစ်မျိုးသာရှိသည်။ အသားသည် ပျော့ပြီး အရိုးသည် မာ၏။

ခေါင်း၊ ခြေ ကိုယ်၊ လက်အဆုံး ကိုင်စမ်းကြည့်လျှင် အသားနှင့်အရိုး နှစ်မျိုးသာရှိသည်။ သို့တည်းမဟုတ် အပျော့နှင့်အမာ နှစ်မျိုးသာရှိသည်။ ရှုကွက်အားဖြင့်လည်း မများပေ။

အပျော့ဓာတ်ကို စတင်၍ ရှုကြည့်ပါ။

ခေါင်း၊ ခြေ ကိုယ်၊ လက် မည်သည့်နေရာကို ကိုင်စမ်းပြီး ကြည့်စေကာမူ အသားတည်းဟူသော အပျော့ဓာတ်ကို တွေ့လိမ့်မည်။ ထိုအပျော့ဓာတ်ကိုလည်း ရှာ၍မရပေ။ ကိုင်စမ်းကြည့်၍ ပျော့သည်ဟု ဉာဏ်နှင့်သာ သိနိုင်သည်။

ထိုအပျော့ဓာတ်သည် ဖြူသလား၊ မည်းသလား၊ ပြာသလားဟုလည်း ကြည့်၍မမြင်၊ ယူ၍လည်းမရ၊ အတုံးအလုံး အကောင်သဏ္ဌာန်လည်း မဟုတ်။ ကိုင်စမ်းကြည့်တိုင်းလည်း အပျော့ဓာတ်ကို တွေ့နေရသည်။

ထို့ကြောင့် ရှာ၍မရ၊ ကြည့်၍မမြင်၊ ကိုင်၍မရ၊ အဖြူအမည်း၊ အတုံးအလုံး အကောင်သဏ္ဌာန်လည်း မဟုတ်သောကြောင့် ပရမတ်ဟု ဆိုရသည်။ ဤကဲ့သို့ စမ်းသပ်ကြည့်နေခြင်းသည်ပင် တရားရှုမှတ်ပြီး ဖြစ်လေသည်။ မဂ်၊ ဖိုလ်ကိုလည်း ရနိုင်လေသည်။

ထို့နောက် အမာဓာတ်ကို ဆက်၍သွားပါ။

ခေါင်းမှစ၍ ခြေအဆုံး လူတစ်ကိုယ်လုံးကို ကိုင်စမ်းကြည့်လျှင် အမာဓာတ်နှင့် ပတ်သက်ပြီး အရိုးကိုသာ တွေ့ရပေလိမ့်မည်။ အရိုးကို ကိုင်စမ်းကြည့်မိတိုင်းလည်း အမာဓာတ်ကိုသာ တွေ့ရပေလိမ့်မည်။

အရိုးကြီးကို ကိုင်စမ်းကြည့်သည်ဖြစ်စေ၊ အရိုးကလေးကို ကိုင်စမ်းကြည့်သည်ဖြစ်စေ အမာဓာတ်တစ်ခုတည်းကိုသာ တွေ့ရမည်ဖြစ်သည်။

တွေ့သောအမာဓာတ်ကိုလည်း အတုံးအလုံးဟူ၍လည်းကောင်း၊ အကောင်သဏ္ဌာန်ဟူ၍လည်းကောင်း၊ အဖြူအမည်း အဝါအစိမ်းဟူ၍လည်းကောင်း ပြ၍ရနိုင်မည်မဟုတ်ပေ။

မာရုံသက်သက် သဘောမျှသာရှိသည်ဟု ဆိုရမည်။ ကိုင်၍ ပြ၍ ယူ၍ မရနိုင်။ သဘောမျှသာရှိသည်ဟု ဉာဏ်၌ ပြတ်ပြတ်သိသောကြောင့် ထိုအသိကို ပရမတ်ဟု ဆိုရသည်။

ဤကဲ့သို့ ဆင်ခြင်သုံးသပ်နေခြင်းပင် တရားရှုမှတ်

www.burmeseclassic.com

ရာရောက်၍ အချိန်မရွေး မက်ဖိုလ်ကိုလည်း ရနိုင်လေသည်။ ထို့ကြောင့်လည်း-

စတုန္နံ့ ဓာတွန်ံ့ ကောဓောသမေဝ
သမသေတ္တာ နိဗ္ဗာနံ ပါပုနန္တိ

ဟူ၍ ဟောတော်မူခဲ့ခြင်းဖြစ်သည်။

မိမိတို့ နိုင်ရာပိုင်ရာ ဓာတ်၊ ပရမတ် တစ်ပါးပါးကို ရှုမှတ်ပွားများဖြင့်လည်း မက်ဖိုလ်မှသည် မိဗ္ဗာန်တိုင်အောင် ရနိုင်ကြောင်းကို လင်းလင်းကြီး ဟောကြားတော်မူခြင်းဖြစ်သည်။ အားတက်ဘွယ် ကောင်းလှသည်။

ငါတို့ ဗုဒ္ဓဘာသာများ၏ သာသနာတော်နှင့် တွေ့ရကြုံရကျိုး နပ်ရုံသာမက အမြတ်ထွက်မည့် တရားတော်ကြီးပင် ဖြစ်လေသည်။ ဗုဒ္ဓဘာသာဖြစ်ရခြင်းသည် နတ်ပြည် ဗြဟ္မာ့ပြည်ကို ရောက်ဖို့ မဟုတ်ပေ။

နတ်ပြည်၊ ဗြဟ္မာ့ပြည်များကို အခြားဘာသာဝင်များလည်း ရောက်ကြသည်။ ထို့ကြောင့် နတ်ပြည် ဗြဟ္မာ့ပြည်မျှကို ရောက်ရုံမျှဖြင့်သာ ကျေနပ်နေလျှင် အခြားဘာသာဝင်များနှင့် ဘာမျှ ထူးမွယ်မရှိပေ။

သင်္ခတ နိဗ္ဗာန အငြိမ်းဓာတ်ကြီးကို ရရှိပိုင်ဆိုင်နိုင်ကြသည်မှာလည်း ဗုဒ္ဓဘာသာဝင်များသာ ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းပင် မက်ဖိုလ်ရမှသည် နိဗ္ဗာန်ရသည်အထိ ကြိုးစားကြရမည်သာ ဖြစ်သည်။ သို့ပါမှလည်း ဗုဒ္ဓဘာသာ ဖြစ်ရကျိုးနပ်ကာ အရင်းကျသည်ဟုလည်း ဆိုနိုင်လေသည်။

ဤပဌာန် ဓာတ်တရားတော်ကို စာရေးသူ သိစဉ်က ထနှ်လှမတတ်အောင်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ဖူးသည်။ မိမိသိထားသည့် တရားတော်ကို သူတစ်ပါးတို့အား ဟောချင်ပြောချင်စိတ်များလည်း ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် "ဦးမျိုးမြင့်"အမည်ရှိသော စာရေးဆရာဒါရိုက်တာ၊ သီချင်းရေးဆရာ၊ ဂီတစာဆို မောင်မျိုးသူ = ချမ်းမင်းသူတို့ လင်မယားအား ဟောခဲ့ဖူးသည်။

မိန်းမဖြစ်သူ စာရေးဆရာမ ဒေါ်ယဉ်ယဉ်ခွေ = အဆိုတော်/သရုပ်ဆောင် ယဉ်မျိုးခွေ = မရည်မွန်(ကျုံပျော်)က တရားတော်ကို ပရမတ်ပေါက်အောင် နားမလည်နိုင်ခဲ့သော်လည်း ဦးမျိုးမြင့်သည်ကား ပြတ်ပြတ်ထင်ထင်ကြီးပင် သဘောပေါက်ပြီး နားလည်သွားလေသည်။

တစ်ထိုင်တည်းဖြင့် တရားတော်ကို သဘောပေါက်ပြီး နားလည်နိုင်သောကြောင့် ဦးမျိုးမြင့်၏ ဉာဏ်ရည်နှင့် ပါရမီဓာတ်ခံကိုလည်း မကြည်ညိုဘဲ မရတော့ပေ။ ဉာဏ်ပါရမီထူးသော ပုဂ္ဂိုလ်တစ်ယောက်အဖြစ် အထူးလေးစားပြီး ကြည်ညိုရလေသည်။

တရားဟူသည်မှာ တစ်ထိုင်တည်းဖြင့် နားလည်နိုင်သည်လည်း ရှိသည်။ ကာလကြာကြာ လိုက်နာကျင့်သုံးပါမှ နားလည်နိုင်သည်လည်း ရှိတတ်သည်။ ထို့ထက် တစ်ဘဝပြီး တစ်ဘဝဆိုဘိသို့ ပါရမီဉာဏ်အဟုန် ပြည့်ဝလာသည်အထိ ကျင့်ကြံပွားများရသည်လည်း ရှိတတ်သည်။

အားမလျှော့သင့်ပေ။ အားလျှော့နေခြင်းဖြင့် အရင်းမရ အရှုံးကျလျက် သာသနာတော်ကြီးနှင့် တွေ့ရကြုံရသောဘဝသည်လည်း အချည်းအနှီးဟူ၍ပင် ဆိုရပေတော့မည်။

ဉာဏ်ပါရမီ ရင့်သူတို့ တစ်ထိုင်တည်းဖြင့် တရားတော်ကို နားလည်နိုင်သည့်အကြောင်းကိုလည်း အထောက်နှင့်တကွ ပြခဲ့ပြီ။ ဤစာရေးသူ တရားပြလာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ် ရှိပေတော့မည်။ ပရမတ်ပေါက်သည်အထိ တရားတော်ကို နားလည်ကြသော တပည့်ပေါင်းမြောက်မြားစွာလည်း ပေါ်ထွက်ခဲ့ပြီ။

ထိုထိုတပည့်ပေါင်း မြောက်မြားစွာတို့မှ သူတို့ တရားထူးရကြောင်းကို သူတို့ကိုယ်တိုင် လာပြောပြမှလည်း သိရခြင်းဖြစ်သည်။ ထိုထိုအထဲမှ လူသိများပြီး ထင်ရှားသော စာရေးဆရာ၊ ဂီတစာဆို၊ ဒါရိုက်တာ၊ သရုပ်ဆောင်၊ စာရေးဆရာမ စသည့် ဧနီးမောင်နှံတို့ကိုသာ ထုတ်ပြလိုက်သည်။

သည်လအတွက် စာမျက်နှာ မလောက်၍ အာပေါဓာတ်ကို မဆက်တော့ပေ။ နောက်လတွင်သာ အာပေါဓာတ်အကြောင်းကို ရေးသားပေတော့မည်။

*(ဆက်ရန်)*

**မဟာဂွန်း**

www.burmeseclassic.com

# ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော်

## တည်ထားဖြစ်မြောက်ရေးအတွက်

## ဝေနေယျပဋ္ဌာန်းဆက် ဆွေတော်မျိုးတော် အလှူရှင်များအား

## တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ သာသနာတော်မြတ်ကြီးသည် ယခင် ရေးနှစ်ပေါင်းများစွာ လူသူကင်းမဲ့ပြီး ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် မည်သူမျှ တည်ထားဆောင်ရွက်နိုင်ခြင်း မရှိ၊ ချုံနွယ်များနှင့် တောကြီးတမျှ မြင်သူနလုံး ယူကျုံးမရ သာသနာအတွက် ဖြေမဆည်နိုင်ရှိခဲ့ရာ -

ယခုအခါတွင် သမိုင်းတစ်ခေတ် ရာဇဝင်မှတ်တမ်းမော်ကွန်းတွင် ကျန်ရစ်စေမည့် သာသနာ့အာဇာနည် ဦးအာစာရ လင်္ကာသိရီ(ပင်မသဲအင်းဂူအဖွဲ့ချုပ်၊ တိုက်ခွဲအမှတ်-၂၁) အရှင်မြတ်သည် (၁၆-၂-၁၉၉၅)ခုနှစ်တွင် ရောက်ရှိ၍ ယနေ့ထက်တိုင် ပညတ်ဂါမ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ ကိုးကွယ်လက်ခံမှု လုံး၀(လုံး၀)မရှိ၊ တစ်ပါးတည်း တောရစုတင် အကျင့်မြတ် ပဋိပတ်တရားဒေသနာနှင့်အညီ အကျင့်သီလ သမာဓိ စရဏာစွမ်းအားဖြင့် ဝေနေယျ ဆွေတော်မျိုးတော်၊ (၇)ရက်သော ပဋ္ဌာန်းဆက် သားသမီးများကောင်းမှု အကြောင်းပြု၍ တည်ထားဆောင်ရွက်လုပ်ကိုင်နေဆဲ ဖြစ်ပါသည်။

ယခုအခါ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ ရင်ပြင်တော်ထက်တွင် အလျား ပေ-၅၀ အနံ ပေ-၃၀ ရှိ ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော် နှစ်ထပ်တည်ထားဆောက်လုပ်နေပါသည်။ သို့ပါသောကြောင့် စေတနာရှင် ဝေနေယျများအနေဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အသင်းအဖွဲ့များနှင့်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

### လှူဒါန်းနိုင်သော အလှူဝတ္ထု

| | |
|---|---|
| (၁) အလျား ၁၅ ပေ × အနံ ၁၀ ပေ ဘုရားကျောင်းဆောင်အတွက် | (၁၅)သိန်း |
| (၂) ၁၀ ပေ ပတ်လည် တစ်ခန်းအတွက်(အရေအတွက် ၁၅ ခန်း) | (၁၀)သိန်း |
| (၃) ၇ ပေ × ၃ ပေ ကျွန်းပြတင်းတံခါးမကြီး တစ်ချပ် (လိုအပ်မှု ကျွန်းပြတင်းတံခါးမကြီး ၄ ချပ်) | ၂၅၀,၀၀၀/- |
| (၄) ရေချိုးခန်း ကုဋီတွဲလျက် တစ်ခန်းအတွက် | (၁၀)သိန်း |
| (၅) အပေါ်ထပ်တက်လှမ်း လှေကားတစ်စင်း(စတီး) | (၁၂)သိန်း |
| (၆) ကြမ်းခင်းစတီးပန်းပြား ၈ ပေ × ၄ ပေ တစ်ချပ် (လိုအပ်မှု ၁၇ ချပ်) | ၅၀,၀၀၀/- |
| (၇) တိုင် ၆ ပေ × ၃ ပေ (T) တစ်ချောင်း (လိုအပ်မှု ၁၆ ချောင်း) | ၅၀,၀၀၀/- |
| (၈) နဂါးရုံရုပ်ပွားတော်အား စတီးလက်ရန်းကာရံမှုအတွက်(ပေ-၈၀) | ၁,၅၀၀,၀၀၀/- |
| (၉) ကျိုက်ထီးရိုးစေတီ အထက်ပစ္စယံတွင် စတီးလက်ရန်းကာရံမှုအတွက် | ၁,၅၀၀,၀၀၀/- |

**ပြည်တွင်း၊ ပြည်ပ ဝေနေယျများအနေနှင့် ဆက်သွယ်လှူဒါန်းလိုပါလျှင်**

Ph: 09-43141254, 09-421737919, 09-5119407

CB Bank : 0053 6001 0000 6583, KBZ Bank : 9503 0518 7430 8733

www.burmeseclassic.com

www.burmeseclassic.com

# ၁၃၇၉ ခုနှစ်၊

# မင်္ဂလာအပြည့်နဲ့မင်္ဂလာနှစ်သစ်

**ဒေါက်တာစောယုနွယ်** Ph.D(Tantra)(Kol-India)Astrologer

၁၃၇၉ ခုနှစ်သည် မြန်မာ့ရိုးရာဗေဒင်ပညာအရ ၁၃၇၉ ကို (၇)နှင့်စားလိုက်လျှင် (၀)ဂဏန်းကြွင်းသည်။ ၎င်း အကြွင်းနှင့် မဟာဘုတ်တိုင် ထူလိုက်ပါက အောက်ပါအတိုင်း ရရှိလေသည်။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

ကောဇာသက္ကရာဇ် ၁၃၇၉ ခုနှစ်တွင် အင်္ဂါသည် မရဏအိမ်မှာ ရပ်တည်ပြီး၊ စနေသည် ဘင်္ဂအိမ်မှာ ရပ်တည်ပြီး၊ တနင်္ဂနွေသည် ပုတိ အိမ်မှာရှိ၏။ ထို့ကြောင့် ထိုနှစ်ပိုင်းတွင် အင်္ဂါ၊ စနေနှင့် တနင်္ဂနွေသား သမီးများ အညွှံ့ထဲသို့ ရောက်ရှိလေသည်။

အထွန်းအိမ်တွင် သောကြာ၊ သိုက်အိမ်တွင် တနင်္လာ၊ ရာဇအိမ်တွင် ကြာသပတေး နှင့် အဓိပတိအိမ်တွင် ဗုဒ္ဓဟူးများရှိနေကြသောကြောင့် သောကြာ၊ တနင်္လာ၊ ကြာသပတေးနှင့် ဗုဒ္ဓဟူးသားသမီးများ ကံကောင်းနိုင်မည့် နှစ်ပိုင်းပင်ဖြစ်လေသည်။

ထို့ကြောင့် အညွှံ့ထဲသို့ ရောက်နေသူများအဖို့ အဆိုးအညံ့များ ကင်း လွတ်စေရန် နှစ်ဆန်းတစ်ရက်(နှစ်ဦးအစ)မှာ နှစ်ဦးယတြာချေရပေမည်။ ထို့ကြောင့် ကံကောင်းနိုင်သူများသည်လည်း အဆိုးအညံ့ မဝင်ရောက်စေရန် အကာအကွယ်ဖြစ်စေပြီး ကံကောင်းသည်ထက် ပိုကောင်းစေရန် နှစ်ဦး အစယတြာများကို ပြုလုပ်ဆောင်ရွက်ရပေသည်။ အစကောင်းမှ အနှောင်း သေချာဟူသော စကားနှင့်အညီ ခုနစ်ရက်သားသမီးများအားလုံး နှစ်ဆန်း တစ်ရက်နေ့တွင် နှစ်ဦးအစယတြာကိုကြိုးစားဆောင်ရွက်အပ်ပေသည်။

**သောကြာသားသမီးများအတွက်**

ဗေယံ့ဆိုတဲ့ အောင်မြင်ခြင်းဂြိုဟ်မှာ တည်ထွန်းနေတဲ့ အတွက် မည်သည့်ကိစ္စအကြောင်းအရာ ပြုလုပ်လုပ် အောင်မြင်ခြင်းတိုးတက်ခြင်းများနှင့် ပြည့်စုံရမည့်ကာလ ဖြစ်ပေသည်။ စက်ပစ္စည်းမော်တော်ယာဉ်၊ မော်တော်ကား များ အကျိုးပေးခြင်း၊ ဂုဏ်သတင်းကျော်ဇောခြင်း၊ ကျန်းမာ ရေးကောင်းမွန်ခြင်းများ စသည်ဖြင့် မလွဲကေန် ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် သောကြာသားသမီးတွေဟာ အောင်မြင်တဲ့ ဂြိုဟ်မှာ ရပ်တည်နေတဲ့အတွက် မိမိ အောင်မြင်မှုကို ဂုဏ်ယူခြင်း၊ ဆရာသမားမိတ်ဆွေများကို အသိပေးခြင်း၊ ဒါထိမ်းအမှတ်အနေဖြင့် နှစ်ဆန်း(၁)ရက် နေ့မှာ ဦးခေါင်းဆေးမင်္ဂလာ ပြုလုပ်ပြီးသည်နှင့် မိမိဆရာသမား မိတ်ဆွေ များကိုကျွေးမွေးပြုစုခြင်းဖြင့် ဂုဏ်ယူလိုက်ပါ။

**တနင်္လာ သားသမီးများအတွက်**

လာဘ်လာဘရရှိမည့်နှစ်ဖြစ်သောကြောင့် မြန်မာ နှစ်ဆန်း(၁)ရက်နေ့တွင် ဦးခေါင်းဆေးမင်္ဂလာပြုပြီးသည်နှင့် မိတ်ဆွေ သို့မဟုတ် ဆရာသမားတစ်ဦးထံမှ လက်ဆောင်ပစ္စည်းရပါက စီးပွား လာဘ်လာဘ်များ တိုးတက်ရရှိ၍ ကမ္ဘာ နိုင်ငံသုံးငွေများ အမြောက်အမြား အလုအယက် ဝင်ရောက်လာမည်ဖြစ်ပေသည်။

**ကြာသပတေးသားသမီးများအတွက်**

ယခုနှစ်အတွင်း အိမ်ထောင်ရေး၊ လူမှုရေး၊ အချစ်ရေးများနှင့် ပျော်ရွှင်ချမ်းမြေ့ရမည့်ကာလ ဖြစ်ပေသည်။ ထို့ကြောင့် အိမ်ထောင်ရေး လူမှုရေးအချစ်ရေး ပျော်ရွှင် မှုများနှင့်အတူ မင်းစိုးရာဇာ ကြည့်ရှုစောင်မမှုများ ခံရတတ်ပေသည်။ ထို့ကြောင့် ကြာသပတေးသားသမီးများသည် ၁၃၇၉ ခုနှစ် တွင် ဦးခေါင်းဆေးခြင်းမင်္ဂလာများပြုလုပ် ပေးခြင်းဖြင့် အကြီးအကဲ မင်းစိုးရာဇာများ၏ ချီးမြှင့်မြှောက်စားမှုကိုခံရလိမ့်မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများအတွက်**

ယခုနှစ်အတွင်း ငွေဝင်နည်းသော်လည်း မျှော်မှန်းထားသော လုပ်ငန်းကြီးများ အောင်မြင်စွာလုပ်ဆောင်နိုင်လိမ့်မည်။ တစ်နှစ်ပတ်လုံးပျော်စရာတွေကြုံလိုက်၊ စိတ်ညစ်စရာတွေကြုံလိုက်နှင့် ကောင်းတလှည့် ဆိုးတလှည့်ဖြစ်နေတတ်သည်။ ပျော်စရာဆိုလည်း နှစ်ခါ၊ စိတ်ညစ်စရာလည်း နှစ်ခါ ကြုံရတတ်ပါတယ်။ ဒါကြောင့်လည်း ဆိုးတာလေးတွေပျောက်ပြီး ကောင်းတာလေးတွေ ထပ်ခါဖြစ်ဖို့အတွက် နှစ်ဆန်း(၁)ရက်နေ့မှာ ခေါင်းဆေးမင်္ဂလာပြုလုပ်ပြီးတာနဲ့ ဘုန်းကြီးကျောင်းကို မုန့်ဟင်းခါးထဲ ဘဲဥလေးထည့်ပြီး လှူဒါန်းပေးလိုက်ပါက ၁၃၇၉ ခု၊ တစ်နှစ်လုံး အဆိုးတွေပျောက်ပြီး ကောင်းတာတွေ ဆင့်ကာ ဆင့်ကာ ပျော်ရွှင်လန်းဆန်းမှုတွေနဲ့ ကြုံတွေ့ရပါလိမ့်မည်။

**ဗုဒ္ဓဟူးသားသမီးများအတွက်**

ဒီနှစ်မှာ ငွေတွေကတော့ဝင်ပါရဲ့ ထွက်လိုက်တဲ့ ငွေတွေကလည်း ရေကို ခပ်ချလိုက်သလို ဝေါကနဲ ဝေါကနဲ ထွက်သွားတတ်တယ်။ ကျန်းမာရေးလည်း ဂရုစိုက်လိုက်ပါဦး။ မတော်တဆ လမ်းသွားရင်လဲ ထိခိုက်ဒဏ်ရာရတတ်တယ်။ အနှောင့်အယှက် အတိုက်အခံလေးတွေတွေ့ကြုံရပြီးမှ တိုးတက်ခြင်း အောင်မြင်ခြင်း တွေကြုံတွေ့ရတတ်သည်။ ထို့ကြောင့် အမှုအခင်းအတိုက်အခံတွေ ပျောက်သွားအောင် အိမ်ဘုရားမှာ အုန်းသီးနဲ့လုပ်သော "မုန့်" နှင့် ကျောက်ကျော လှူလိုက်ပါ။

**စနေသားသမီးများအတွက်**

ဒီနှစ်မှာ အတိုက်အခံများနှင့် အမှုအခင်းလေးတွေလည်း များနေတတ်ပါတယ်။ ဒါပေမယ့်လည်း မိမိဩဇာ တည်မြဲခြင်း၊ အတိုက်အခံများခြင်းနှင့်အတူ သူများတိုက်လေကိုက ထွန်းလင်းတောက်ပြောင်းကြလေဖြစ်သည်။

ဒါ့ကြောင့် ကိုယ့်ထက်ကြီးသူတွေနဲ့ အဆင်ပြေအောင် ကိုယ်ထက်ငယ်တဲ့သူတွေရဲ့ ချီးမြှောက်ခြင်းတွေဖြစ်စေဖို့ အတိုက်အခံတွေ ပျောက်စေဖို့ မြန်မာနှစ်ဆန်း(၁)ရက်နေ့မှာ မိမိပိုင်ပစ္စည်းတစ်ခုကို ကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ယောက်ကသော်လည်းကောင်း ဖျက်ဆီးပစ်လိုက်ပါ။ ဒီတစ်နှစ်လုံးအတွက် မီးနေသည်များကို မကြာခဏ လက်ဆောင်ပေးခြင်း ညောင်ထောက်ပေးခြင်းများ ပြုလုပ်ပေးလိုက်ပါက ၁၃၇၉ ခုနှစ်တွင် စနေသားသမီးများအားလုံးသည် အညံ့အခိုက်များပြေပျောက်ပြီး အခက်အခဲများ ကျော်လွှားနိုင်လိမ့်မည်ဖြစ်ပါသည်။

စနေသားသမီးတို့သည် ၁၃၇၉ ခုနှစ်မှာ ကျန်းမာရေး အညံ့၊ စီးပွားရေး ပိတ်ဆို့မှုများ ပြေပျောက်စေရန်နှစ်ဆန်း (၁)ရက်နေ့တွင် တရော်ကင်ပွန်း နံ့သာ(၅)ပါး ထည့်ထားသောနံ့သာရေနှင့် ခေါင်းဆေးမင်္ဂလာပြုလုပ်လိုက်ပါ။

**အင်္ဂါသားသမီးများအတွက်**

ယခုနှစ်အတွင်း ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါသည်။ စွန့်လွှတ်ခြင်း ဆုံးရှုံးခြင်းများလည်း ကြုံတတ်ပါသည်။ စိတ်ပင်ပန်းလူပင်ပန်းဖြစ်ပြီး ကိုယ်လုပ်သလောက်ကိုယ့်ကို အသိအမှတ်ပြုမခံရတဲ့ကာလ ဖြစ်ပါတယ်။

ဒါ့ကြောင့် တစ်နှစ်ပတ်လုံးအန္တရာယ်ကင်းပြီး စိတ်အနှောင့်အယှက်တွေပပျောက်စေရန် နှစ်ဆန်း(၁)ရက်နေ့တွင် ခေါင်းဆေးမင်္ဂလာပြုလုပ်ပြီးသည်နှင့် မိမိအနှစ်သက်ဆုံး ပစ္စည်းတစ်ခုကို လှူဒါန်းခြင်း၊ ပေးကမ်းခြင်း ပြုလုပ်လိုက်ပါ။ ထိုတစ်နှစ်ပတ်လုံး အဝတ်အစားသစ်သစ် လွင်လွင်တွေကို ပဝတ်ဆင်ဘဲ သန့်ရှင်းသပ်ရပ်သော အဝတ်အစားများကိုသာ ဝတ်ဆင်ရပါမည်။ မိမိစားချင်သော အစားအစာများကို တစ်စုံတစ်ယောက်ဆီမှ စတိသဘောမျိုး တောင်းစားပေးပါ။ မွေးနေ့တစ်ညတွင်လည်း အဝတ်အစား ခပ်နွမ်းနွမ်း တစ်စုံဝတ်ဆင်ရပါမည်။ ပြီးလျှင် ဘုန်းကြီးကျောင်း(သို့မဟုတ်) သီလရှင်ကျောင်း သွားအိမ် ကျောင်းသန့်ရှင်းရေးပြုလုပ်ပြီး ရေအိမ်သန့်ရှင်းရေးပြုလုပ်ပေးပါက အင်္ဂါသားသမီးတို့သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံ၍ ကျက်သရေမင်္ဂလာ အပေါင်းတိုးပွားပြီး ဂုဏ်ရှိန်မြင့်စေမည်ဖြစ်ပါသတည်း။

၁၃၇၉ ခုနှစ်တွင် တနင်္ဂနွေသားသမီးတို့သည် အတာ စားသောကြောင့် အတာတက်ချိန်တွင် ရတနာ(၇)ပါးစီရင် ပြီး မြတ်သောနေရာ၌ ဘုရား တရား သံဃာ မိဘ ဘိုးဘွား ဆရာသမား ပြဟ္မာ သိကြား စတုလောကပါလ သမ္မာဒေဝနတ်ကောင်း၊ နတ်မြတ်တို့အား လှူဒါန်းပူဇော် ပသကုသိုလ်ကောင်းမှုများပြုလုပ်လိုက်ပါ။ အတာတတ်သော အချိန်တွင် အတာစားခံလိုက်သည်နှင့် မိမိမကောင်းသော အညံ့အခိုက်များ ကျန်းမာရေးအညံ့များ စီးပွားရေး ပိတ်ဆို့နေမှုများ၊ အပြိုင်အဆိုင်များရန်မှ ကင်းလွတ်ပြီး နှစ်ဆန်း(၁)ရက်နေ့တွင် တရော်ကင်ပွန်း နံ့သာ(၅)ပါး ထည့်ထားသော နံ့သာရေနှင့် ခေါင်းဆေးမင်္ဂလာပြုလုပ် လိုက်ပါ။

ဉင်းကဲ့သို့ ပြုလုပ်လိုက်လျှင် အတာစားသည်ဟူသော မကောင်းသော အငွေ့အသက်ကြီးများ ကင်းစင်ပပျောက်သွားမှာဖြစ်ပါတယ်။ အတာစားခံရသူတိုင်း မဖြစ်မနေ အတာထမင်းနှင့်အတာဟင်းကို စားပေးရပါမယ်။ ထိုကဲ့သို့ ပြုလုပ်လိုက်ပါက တနင်္ဂနွေသားသမီးတို့သည် တစ်နှစ်လုံး ကြီးပွားတိုးတက်ခြင်း ပြည့်စုံမည်ဖြစ်ပါသတည်း။

မြန်မာပြည်သူပြည်သားအပေါင်းနဲ့ ပြည်ပရောက် မြန်မာပြည်သားအပေါင်း လိုရာဆန္ဒတွေ ပြည့်စုံရရှိပြီး ချမ်းသာကိုယ်စိတ်မြဲပါစေ…

**ဒေါက်တာစောယုနွယ်**

Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မင်္ဂလာခေါင်းဆောင်ယကြာ

## ဒေါက်တာစောယုနွယ်

Ph.D(Tantra)(Kol-India)Astrologer

ကျွန်မတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေသာမက လူမျိုးအသီးသီးတွင် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ နှစ်သစ်ကူးပွဲတော်တွေ လူမျိုးတိုင်း နိုင်ငံတိုင်းမှာ ကျင်းပလေ့ရှိကြပါတယ်။ နှစ်သစ်ဆန်းခြင်းကိုလည်း အားလုံး ဝမ်းမြောက်ဝမ်းသာပျော်ရွှင်စွာ ကြိုဆိုတတ်ပါတယ်။

အဟောင်းအဟောင်းတွေကနေ အသစ်အသစ်တွေကို ပြောင်းလဲခြင်း၊ ကူးပြောင်းခြင်းတွေဟာ ကောင်းတဲ့မင်္ဂလာနိမိတ်တွေဆောင်ပြီး နှစ်သစ်ကူးခြင်းကို လူမျိုးတိုင်းက မင်္ဂလာလို့မှတ်ယူ လက်ခံယုံကြည်ကြပါတယ်။ ပိတောက်တွေရွှေရည်လူးတဲ့ တန်ခူးလဟာဖြင့် ကျွန်မတို့ မြန်မာလူမျိုးတွေ အထွတ်အထိပ်ထားတဲ့ ရာသီအစ မင်္ဂလာအစ လတစ်ပါးဖြစ်ပါတော့တယ်။ နှစ်တစ်နှစ်ရဲ့အစ နှစ်ဦးလလို့လည်း ခေါ်ဆိုနိုင်ပါတယ်။

အမှုရှိန်ပြင်းစ နွေဦးကာလလည်း ဖြစ်ပါတယ်။ ရေတွင်းရေကန်လေးတွေမှာလည်း ရေတွေနည်းပါးခမ်းခြောက်စပြုတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ရှေးလူကြီးသူမတွေက-

**"တန်ခူးရေကုန် ကဆုန်ရေခန်းလို့"** ဆိုလေ့ရှိပါတယ်။ အဲဒီလို တန်ခူးလထဲကိုမှ ကျွန်မတို့ရဲ့ နှစ်သစ်ကူးပွဲတော်ဖြစ်တဲ့ တန်ခူးလသင်္ကြန်ပွဲတော်ကြီးလည်း ပါဝင်နေပါတယ်။ မြန်မာတို့ရဲ့ နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းချိန်ကို ကြည်နူးဖွယ်ရာ အတာရေသဘင်ပွဲနှင့် ဆင်နွှဲကြပါတယ်။

နှစ်သစ်မင်္ဂလာကို မင်္ဂလာရှိသော နှစ်သစ်ကြီးဖြင့် ကျွန်မတို့တွေက ကျွန်မတို့ရဲ့ မူလမြန်မာတို့ရဲ့ နူးညံ့သိမ်မွေ့သော စိတ်ဓာတ်ဖြင့် ကြိုဆိုရမှာဖြစ်ပါတယ်။

ထိုကဲ့သို့ မင်္ဂလာရှိသော နှစ်သစ်ကို ပြောင်းလဲရွေ့လျားရာမှာ သတ္တလောကသက်ရှိအားလုံးတို့ဟာ အသစ်ကိုကူးပြောင်းလာကြပြီး ဩကာသ လောက တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင် ရွေ့လျားမှုနှင့်အတူ လူလောကဘုံ လူသားတွေအားလုံး အဟောင်းဟောင်းတွေကို ထားပစ်ခဲ့ပြီး၊ အသစ်အသစ်တွေကို လက်ခံပြီး အသစ်ဖြစ်ပေါ်လာတဲ့ နှစ်သစ်နဲ့အတူ ကျွန်မတို့ရဲ့ နှစ်သစ်ကြီးနှင့်အတူ ၁၃၇၈ ခုနှစ်က ပြောင်းလဲခဲ့တဲ့ အဖြစ်အပျက် ပဋိပက္ခတွေ သဘာဝဘေးအန္တရာယ်တွေကို ကြံ့ခိုင်စွာ ကြံ့ကြံ့ခံနိုင်မှုတွေ မိမိတို့ တိုင်းပြည် လူမျိုးများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ရေရှည်အနာဂါတ်မှာ အကျိုးဖြစ်ထွန်းစေမည့် ရည်မှန်းချက်တွေနှင့်အတူ ၁၃၇၈ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ အဆိုးတွေ အကောင်းတွေ အကျိုးအပြစ်တွေ ဆုံးရှုံးမှုရပိုင်မှုတွေ အားလုံးကို ကျွန်မတို့ ကြည်ကြည်သာသာ လက်ခံခဲ့ပြီး ပျော်ရွှင်လိုက် ရယ်မောလိုက်နဲ့ပဲ နေခဲ့ကြပြီးဖြစ်ပါတယ်။ ဒါကြောင့်လဲ အခုရောက်ရှိမယ့် ၁၃၇၉ ခုနှစ်ဆိုတဲ့ မင်္ဂလာနှစ်သစ်ကြီးကို ကျွန်မတို့ မင်္ဂလာရှိစွာနှင့် မင်္ဂလာရှိတဲ့ နှစ်သစ်ကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သွားအောင် ကျွန်မတို့ တတ်စွမ်းနားလည်တဲ့ ပညာရပ်တွေ ရှေးဆရာသခင်တို့ တတ်သိနားလည်တဲ့ ပညာရပ်တွေနဲ့ (၇)ရက်သားသမီးနှင့် ရာဟုသားသမီးတွေပါ မကျန် ပြုပြင်ပြောင်းလဲပြီး ကောင်းကျိုးတွေကိုလည်း ရောက်ရှိစေမယ့် မကောင်းကျိုးတွေကိုလည်း ပပျောက်စေမယ့် ဂမ္ဘီရစွမ်းအင်တွေ ဂမ္ဘီရစွမ်းအားတွေ ယတြာအစီအစဉ်တွေနဲ့ ပြုပြင်ပြောင်းလဲ စီရင်ပေးရမှာ ဖြစ်ပါတယ်။

ကျွန်မတို့အားထားရာ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာထဲမှာလည်း (၃၈)ဖြာမင်္ဂလာတရားတော်ကြီးကို ဟောကြားမိန့်တော်မူခဲ့ပါတယ်။ ဒီ (၃၈)ဖြာမင်္ဂလာတရားတော်အတိုင်း ပြုပြင်ပြောင်းလဲမယ်ဆိုရင် ကျွန်မတို့အတွက် ကောင်းကျိုးမင်္ဂလာအဖြာဖြာတွေကို ရရှိကြမှာပါပဲ။


အဲဒီ(၃၈)ဖြာမင်္ဂလာနှင့်အတူ ကျွန်မတို့ လူသားတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းတရားတွေမှာ မူတည်ပြီး မကောင်းမှုကို ပယ်ဖျက်နိုင်ဖို့အတွက် လူသားတို့၊ မွေးဖွားလာတာနဲ့အတူ မင်္ဂလာ(၁၂)ပါးနှင့်အညီ နေထိုင်ကျင့်ကြံဖို့ မြတ်ဗုဒ္ဓကလည်းလမ်းညွှန်ပြသခဲ့ပါတယ်။

မီးရှူးသန့်စင်သော ဝိဇာတ မင်္ဂလာ၊ နန္ဒမုခ်နတ်ကို ပူဇော်တဲ့ မုခဒေသနာမင်္ဂလာ၊ တေသစ္ဆေဝိမင်္ဂလာလို့ခေါ်တဲ့ ကလေးခေါင်းရိတ်ပေးတဲ့မင်္ဂလာ၊ ဒေါကာကရဏ ခေါ်တဲ့ ပုခတ်တင်မင်္ဂလာ၊ ဆွမ်းထမင်းဦး စွန့်တဲ့မင်္ဂလာဖြစ်တဲ့ သဗ္ဗုသပတ္တမင်္ဂလာနှင့် ပထမဆတ္တမင်္ဂလာတို့အပြင် နေကပြတဲ့ ရဝိန္ဒုရဒဿနမင်္ဂလာနှင့် အမည်ပေးပြုလုပ်တဲ့ နာမကရဏ မင်္ဂလာပြုလုပ်ရပါတယ်။


ဒါ့အပြင် ဆံပင် ထုံးဖွဲ့တတ်တဲ့ ကဏ္ဏဝိဇ္ဈနမင်္ဂလာနှင့် သာသနာ့ဘောင်သွတ်သွင်းတဲ့ ပဗ္ဗဇ္ဇမင်္ဂလာ(သို့) သာသနာ့နဂ္ဂဟာမင်္ဂလာဆိုသော ရှင်ပြုမင်္ဂလာ ကျန်တဲ့မင်္ဂလာကတော့ အဝါဟ ဝိဝါဟ ဆိုသော လက်ထပ်မင်္ဂလာပါပဲ။

အဲဒီမင်္ဂလာတွေအပြင် နှစ်သစ်မင်္ဂလာမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစေတဲ့ နှစ်ဦးအတာ နှစ်ဦးယတြာအဖြစ် ခေါင်းဆေးခြင်းမင်္ဂလာလည်း ပါဝင်လေ့ရှိပါတယ်။ ဒါ့ကြောင့် **နှစ်သစ်မင်္ဂလာမှာ သစ်လွင်သော နှစ်ဦးကာစပြီး တစ်နှစ်တာလုံး လူသားတို့ ကံပွင့်၊ ကံမြင့်စေရန်နှင့် လူသားတို့ အောင်စေရန်အလို့ငှာ မင်္ဂလာအပေါင်း ခညောင်းကာ ကိစ္စအဝဝ အဖြာဖြာအောင်စေရန်အလို့ငှာ နှစ်သစ်ကူး ခေါင်းဆေးမင်္ဂလာကြီး ကို နှစ်စဉ်လုပ်နေကျအတိုင်း ပြုလုပ်ရအောင်**•••

## မြန်မာသက္ကရာဇ် ၁၃၇၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော်(၃)ရက်
## ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ(၁၄)ရက်




မဟာသင်္ကြန် "အကျနေ့" ဇာတာခွင်
၁၃၇၈
သာသနာတော်နှစ်(၂၅၆၀)




မဟာသင်္ကြန် "အတက်" နေ့ဇာတာခွင်
၁၃၇၉
သာသနာတော်နှစ်(၂၅၆၀)

**သောကြာနေ့ မြန်မာစံတော်ချိန် နံနက် စက်(၄)နာရီ(၅၆)မိနစ်၊ (၂၉)စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျ၍ ၁၃၇၈ ခု နှောင်းတန်ခူး လပြည့်ကျော်(၄)ရက်၊ ခရစ်နှစ် ၂၀၁၇ ခု ဧပြီလ(၁၅)ရက်၊ စနေနေ့တွင် မဟာသင်္ကြန် အကြတ်နေ့ဖြစ်ပြီး ၁၃၇၈ ခု နှောင်းတန်ခူး လပြည့်ကျော်(၅)ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ် ဧပြီလ(၁၆)ရက် တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် နံနက်စက်(၉)နာရီ(၁)မိနစ်(၁၀)စက္ကန့်တွင် မဟာသင်္ကြန် တက်ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com

ဘာနုရာဇာဂြိုဟ်မင်းသည် ခရုသင်းအဆင်းနှင့်တူသော အဝတ် တန်ဆာကို ဝတ်ဆင်လျက် နွားလားဥသဘာကိုစီးပြီး လက်တစ်ဖက်က ပုဆိန်ကိုကိုင်လျက် လက်တစ်ဖက်က တစည်းကိုကိုင်ကာ အရှေ့တောင် ဒေါင့်ကသည် အနောက်သို့ဝင်၏။

မြန်မာသက္ကရာဇ် ၁၃၇၉ ခု နှောင်းတန်ခူးလပြည့်ကျော်(၆)ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ(၁၇)ရက် တနင်္လာနေ့မှာတော့ ၁၃၇၈ ခုနှစ်ပြည့်ပြီး ၁၃၇၉ ခု၊ တနင်္လာနေ့ကစ‌ော့ ကျွန်မတို့ မြန်မာပြည်သူပြည်သားတွေ ချစ်လှစွာသော မိတ်ဆွေအပေါင်းအသင်းတပည့်တွေအတွက် အလွန်ဘဲ ကြည်နူးဖွယ်ကျက်သရေအပေါင်းနှင့်ပြည့်စုံပြီး ငြိမ်းချမ်းပျော်ရွှင်ရစေမဲ့ နှစ်သစ်ဦးအခါ အချိန်ဖြစ်ပါတယ်။

အဲဒီလို သင်္ကြန်အခါကို အကြောင်းပြုပြီး ကုသိုလ်ကောင်းမှုပြုတဲ့ လူတွေဟာ စည်းစိမ်ပေါ်များတယ်ပါတယ်။ အလွန်ကြီးကျယ်မြင့်မြတ်သော ချမ်းသာမှုကို ခံစားစံစားတတ်ပါတယ်။ အရပ်(၄)အရပ်(၈)အရပ်(၁၀) မျက်နှာမှလည်း စည်းစိမ်ဥစ္စာတွေ ကြီးပွားရောက်ရှိလာပါတယ်။ ရန်အပေါင်းကိုလည်း အောင်မြင်စေပါတယ်။ အခါခပ်သိမ်းကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေတယ်လို့ မြွတ်ကြား ဗျာဒိတ်ပေးခဲ့ပါတယ်။

ဒါကြောင့်လည်း မင်္ဂလာရှိသော နှစ်သစ်ဖြစ်စေဖို့ မင်္ဂလာနှစ်ဆန်းတစ်ရက်မှာ မေတ္တာတရားထားကြပြီး ကျွန်မကို ချစ်ခင်လေးစားတဲ့ ကျွန်မရဲ့ မိတ်ဆွေအပေါင်းအသင်းနဲ့ အတူ၊ ကျွန်မရဲ့ သားသမီးတပည့်လေးတွေကို တစ်နှစ်မှာတစ်လ၊ တစ်လမှာတစ်ရက် တစ်ရက်မှာတစ်နာရီခွဲသာရှိတဲ့ မိမိတို့ရဲ့ အဖိုးတန်လှတဲ့ အချိန်နာရီအတွင်းမှာ အတိုက် အခိုက်အနှောင့်အယှက်တွေအားလုံး ကင်းစင်ပြီး ဂြိုဟ်စီး ဂြိုဟ်နင်း အဆိုးတို့မှ လွတ်မြောက်စေနိုင်တဲ့ ဂုဏ်ရှိန်တင့်တယ်၊ ကျက်သရေရှိစေမဲ့ နှစ်ဦးမင်္ဂလာ ယတြာကြီးဖြင့် လက်ဆောင်ဂါရဝပြုလိုက်ပါတယ်။

## နှစ်ဦးမင်္ဂလာယတြာ

## ၂၀၁၇ ခုနှစ်၊ ဧပြီလ(၁၇)ရက်၊

## ၁၃၇၉ ခု၊ တန်ခူးလပြည့်ကျော်(၆)ရက် တနင်္လာနေ့မှာ

**သောကြာသားသမီး**

နံနက်(၆)နာရီမှ (၇း၃၀)နာရီအတွင်း မိမိတို့၏ တေဇအရပ်ဖြစ်သော အနောက်တောင်အရပ်ကို မျက်နှာလှည့်၍ ခြေထောက်အောက်တွင် ကြံရွက်(၂)ညွန့်၊ ပျဉ်းမ(၅)ညွန့်၊ အုန်း(၁)ညွန့်ကို ခြေစုံရပ်၍ မိမိရရနင်းထားပါ။ အရွက်အဖျားပိုင်းကို မျက်နှာမူရာလှည့်ထားပါ၊ တရော်ကင်ပွန်းနှင့် ခေါင်းလျှော်ပါ။ ခေါင်းလျှော်နေစဉ် သမ္ဗုဒ္ဓေဂါထာကို (၃)ခေါက်ရွတ်ပါ။ ခေါင်းလျှော်နေစဉ် ခြေမကြွရပါ။ အနားတွင် ခုံလေးတစ်လုံးပေါ်၌ ကြွေပန်းကန်ပြားတစ်ချပ်ထဲတွင် ငှီး(၃)ညွန့်၊ ထန်း(၇)ညွန့်၊ ရွက်လှ(၄)ညွန့် ထည့်ထားပါ။ ခေါင်လျှော်ပြီးသည်နှင့်နောက်ဆုံး ခေါင်းဆေးရေသန့်ကို အညွန့်ဆောင်ပန်းများ ထည့်ထားသော ပန်းကန်ပြားထဲသို့ သပ်ချပါ။ ၎င်းခေါင်းဆေးရေသန့်ထဲတွင် ပဋ္ဌာန်းရေများ အမိအဖ၏ လက်ဆေးရေများ၊ မိမိဂြိုဟ်တိုင် အမြင့်မှ ရေသပ္ပာယ်၍ ကျလာသော ရေများ ပူးပေါင်းထည့်ထားပါ။

၎င်းရေသန့်ကို လောင်းချနေစဉ် ဒိဝါတပတိဂါထာကို (၃)ခေါက်ရွတ်ပါ။ ပြီးလျှင် ရေသန့်ဆောင်ပန်းများထည့်ထားသော ပန်းကန်ကို မျက်နှာမူထားသော အနောက်တောင်အရပ်မှာရှိ အမြင့်တစ်နေရာတွင် စွန့်လိုက်ပါ။

ဆောင်ပန်းများကို ကိုယ်တိုင်သွားစွန့်နေစဉ် နေ့နံမတူသော သူက နင်းပန်းများကို အရှေ့တောင်အရပ်ရှိ မြောင်းစမ်းနား၌ သွား၍စွန့်လိုက်ပါ။ ပြီးလျှင် မိမိ၏ အာယုအရပ်ဖြစ်သော (အရှေ့မြောက်အရပ်) အပင်ကြီးတစ်ပင်ကို ရေလောင်းလိုက်ပါ။ တဖန် ဘုမ္မိအရပ်ဖြစ်သော(အရှေ့တောင်)တွင်ရှိသော သစ်ငုတ်တိုတစ်ခုကို ခြေထောက်ဖြင့် (၇)ချက်ကန်လိုက်ပါ။

အောက်ဖော်ပြပါ(တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ၊ ရာဟု)သားသမီးတို့သည်လည်း အထက်ပါ သောကြာသားသမီးများ လုပ်ဆောင်ရမည့်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းလျှော်ခြင်း၊ သမ္ဗုဒ္ဓေဂါထာတော်ရွတ်ဆိုခြင်း၊ သက်ဆိုင်ရာဂြိုဟ်တိုင်၌ ရေသပ္ပါယ်ခြင်း၊ ဗိဝါတပတိဂါထာတော်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ပေးရပါမည်။

ထိုသို့လုပ်ဆောင်ရာ၌ သက်ဆိုင်ရာ အချိန်နာရီအတွင်း လုပ်ဆောင်ရမည်ဖြစ်ပြီး မျက်နှာလှည့်ရာအရပ် ဆောင်ပန်း၊ နင်းပန်း၊ နင်းကြမ်း၊ ယကြောလုပ်ဆောင်ပေးပြီး စွန့်ပစ်ရာအရပ်တို့ကို သက်ဆိုင်ရာနေ့သားအလိုက် လုပ်ဆောင်ရန် ဖော်ပြပေးလိုက်ပါသည်။

**ဗုဒ္ဓဟူးသားသမီးတို့သည် နံနက်(၇း၃၀)မှ(၉း၀၀)နာရီအတွင်း**

မျက်နှာလှည့်ရန် - အရှေ့မြောက်အရပ်
ဆောင်ပန်း - အုန်း(၁)ညွန့်၊ မေမြို့(၅)ပွင့်၊ ကံ့ကော်(၂)ညွန့်
နင်းကြမ်း - ထန်း(၇)ညွန့်၊ ဇီး(၃)ညွန့်၊ သီဟိုဠ်(၆)ညွန့်
နင်းကြမ်းစွန့်ရန် - အနောက်မြောက်အရပ်

**တနင်္လာသားသမီးတို့သည် နံနက်(၉း၀၀)မှ(၁၀း၃၀)နာရီအတွင်း**

မျက်နှာလှည့်ရန် - အနောက်မြောက်
ဆောင်ပန်း - ဇီး(၃)ညွန့်၊ ထန်း(၇)ညွန့်၊ သပြေ(၆)ညွန့်
နင်းကြမ်း - ပျဉ်းမ(၅)ရွက်၊ အုန်း(၁)ညွန့်၊ ဝါး(၄)ညွန့်
နင်းကြမ်းစွန့်ရန် - အနောက်တောင်

**စနေသားသမီးတို့သည် နံနက်(၁၀း၃၀)မှ(၁၂း၀၀)နာရီအတွင်း**

မျက်နှာလှည့်ရန် - အရှေ့အရပ်
ဆောင်ပန်း - အုန်း(၁)ညွန့်၊ မေမြို့(၅)ပွင့်၊ ရွက်လှ(၄)ညွန့်
နင်းကြမ်း - ကြံ(၂)ရွက်၊ ဇီး(၃)ညွန့်၊ သီဟိုဠ်(၆)ညွန့်
နင်းကြမ်းစွန့်ရန် - မြောက်အရပ်

**ကြာသပတေးသားသမီးတို့သည် နံနက်(၁၂း၀၀)မှ(၁း၃၀)နာရီအတွင်း**

မျက်နှာလှည့်ရန် - အရှေ့တောင်အရပ်
ဆောင်ပန်း - ကံ့ကော်(၂)ညွန့်၊ သီဟိုဠ်(၆)ညွန့်၊ ဇီး(၃)ညွန့်
နင်းကြမ်း - အုန်း(၁)ညွန့်၊ ဝါး(၄)ညွန့်၊ ထန်း(၇)ညွန့်
နင်းကြမ်းစွန့်ရန် - အရှေ့မြောက်အရပ်

**အင်္ဂါသားသမီးတို့သည် နံနက်(၁း၃၀)မှ(၃း၀၀)နာရီအတွင်း**

မျက်နှာလှည့်ရန် - မြောက်အရပ်
ဆောင်ပန်း - ထန်း(၇)ညွန့်၊ ရွက်လှ(၄)ညွန့်၊ အုန်း(၁)ညွန့်
နင်းကြမ်း - သီဟိုဠ်(၆)ညွန့်၊ ကြံ(၂)ရွက်၊ ပျဉ်းမ(၅)ရွက်
နင်းကြမ်းစွန့်ရန် - အနောက်အရပ်

**တနင်္ဂနွေသားသမီးတို့သည် နံနက်(၃း၀၀)မှ(၄း၃၀)နာရီအတွင်း**

မျက်နှာလှည့်ရန် - အနောက်အရပ်
ဆောင်ပန်း - မေမြို့(၅)ပွင့်၊ ကံ့ကော်(၂)ညွန့်၊ သပြေ(၆)ညွန့်
နင်းကြမ်း - ဇီး(၃)ညွန့်၊ ထန်း(၇)ခက်၊ ဝါး(၄)ညွန့်
နင်းကြမ်းစွန့်ရန် - တောင်အရပ်

**အတာစား**

ယခုနှစ်တွင် တနင်္ဂနွေသားသမီးတို့သည် အတာစားသဖြင့် အတာတက်သောနေ့(သို့မဟုတ်) သင်္ကြန်တက်ချိန် တီထိ (၅)လုံး ပုဏ္ဏာ ကြာသပတေးမြေခံ ဂြိုဟ်ဇာပွင့်ရာ အထက်အရပ်သို့ မျက်နှာမူလျက် အတာစားကျန်ရာသည်။ သို့ဖြစ်၍ တနင်္ဂနွေသားသမီးတို့သည် ကံဇာတာ ကောင်းမွန်ရန်၊ ဘေးဥပါဒ်အန္တရာယ်နှင့် ရန်အပေါင်းကင်းဝေးစေလိုသော် မြောက်ဘက်အရပ် သင့်တင့်လျောက်ပတ်သောနေရာ၌ သံပုံစေတီ တည်ထားကိုးကွယ်ခြင်း၊ ပုန်းညက်ပင် စိုက်ပျိုးခြင်း၊ အနောက်မြောက်အရပ်လမ်းဘေးဝဲယာတွင် ဇောင်းယားပင် စိုက်ပျိုးခြင်းတို့ကို ပြုလုပ်ပါ။ နီရွှေရောင် ပတ္တမြားအဆင်းရှိသော ကျောက်မျက်ရတနာကို ဝတ်ဆင်ပါ။

**ရာဟုသားသမီးတို့သည် နံနက်(၁၀း၃၀)မှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း**

မျက်နှာလှည့်ရန် - တောင်အရပ်
ဆောင်ပန်း - အုန်း(၁)ညွန့်၊ မေမြို့(၅)ပွင့်၊ ကံ့ကော်(၂)ညွန့်
နင်းကြမ်း - ဒိန်း(၇)ညွန့်၊ ဇီး(၃)ခက်၊ သီဟိုဠ်(၆)ရွက်
နင်းကြမ်းစွန့်ရန် - အရှေ့အရပ်

(၇)ရက်သားသမီးအားလုံးနှင့် ရာဟုသားသမီးပါမကျန် (၁၃၇၉)ခုနှစ်အတွက် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အရပ်(၄)မျက်နှာ၊ အရပ်(၁၀)မျက်နှာမှာရှိသော လာဘ်လာဘများ၊ တိုက်တာအဆောက်အဦများ ကားကောင်း၊ ကားသန့်များ၊ ကမ္ဘာ့နိုင်ငံသုံးငွေများ ရရှိပြီး အခွင့်သာသော နှစ်တစ်နှစ်ဖြစ်စေ・・・

ချမ်းသာကိုယ်စိတ်မြဲပါစေ・・・

**ဒေါက်တာစောယွန်း**

Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com


# သီသာဗေဒကျောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိခ်၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ ဘစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း ဘစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ အရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

- အမှတ်(၂၀၅/က)
  ပိတောက်(၅)လမ်း၊
  မြို့သစ်(၈)၊
  ဘုရင့်နောင်ရိပ်သာ၊
  အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း ၀၁–၆၄၃၀၃၀
  ၀၉–၇၈၉၉၅၉၅၆၇ ,




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင်ဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီးများ သွားရတတ်တယ်။ ယခုကာလတွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသောအိမ်မျိုး ရတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်လာတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံရမယ်။ စက်ပစ္စည်းအသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကိုအကြောင်းပြု၍ စိတ်ညစ်ရတတ်သောကြောင့် မြေအဝင်မခံပါနှင့်။ မဖြစ်မနေ မြေဝယ်မယ်ဆိုလျှင် ဖျာချောချောလေးတစ်ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။

များ။ ဘာသာခြားတွေ မစတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင်ကြီးစွာ ကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အကြီးအကဲက ကိုယ့်ကို အကူအညီပေးတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်တတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်လာတတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ငြုပ်ရှပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၇၊ ၆၂၊ ၄၆၊ ၇၂

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်၊ အိမ်ပိုင် ရနိုင်သောကာလဖြစ်သောကြောင့် သူတစ်ပါး၏ ပရိဘောဂပစ္စည်းများကို မိမိအိမ်ခြံဝင်းအတွင်း လက်ခံထားခြင်း မပြုရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်ဖက်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## တနလ်ာ သားသမီး



သင်သည် ယခုကာလတွင် မရသေးတာတွေ ရလာလိမ့်မယ်။ ရငြိုးသားတွေလည်း တိုးပွားလာတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ကြုံတွေ့ရတတ်တယ်။ ငွေ အစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍ လည်းကောင်း ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့်ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်လိမ့်မယ်။ ကိုယ်ပိုင် လုပ်ငန်း လုပ်တဲ့သူဆိုရင် လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆို လျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရတတ်တယ်။ ပညာရေး ကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်အဟောင်း မဝယ်သင့်။ ဆွေမျိုးအကြီး အကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့သတင်းတွေ ကြားရတတ်တယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူးအမည် ပါတဲ့လူတွေဆိုရင် တခြားရွှေ့ထားလိုက်ပါ။ လက်အောက်ငယ်သား တပည့်သားသမီးနဲ့ ပတ်သက်ပြီး စိတ်ပူပင်ရတတ်တယ်။ မိမိလုပ်ငန်းကို အင်နဲ့အားနဲ့ တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းနည်းဖြင့်တော့ မလုပ်ပါနှင့်။ အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီးသွားရကိန်း ရှိတယ်။ နိုင်ငံခြားကနေ ကိုယ့်ကို လာရောက်ပြီး လုပ်ကိုင်ဖို့ ဖိတ်ခေါ်တာမျိုးလည်း ကြုံရတတ်တယ်။ လာဘ်ရွှင်ပေမယ့် ကျန်းမာရေးတော့ ဂရုစိုက်ပါ။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့် ဦးခေါင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် ဘန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကနက္ကဒါန်ထီးဖြူ (၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနလ်ာ၊ စနေ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၁၊ ၂၇၊ ၇၂၊ ၇၆

**အကျူးသတိပြုရန်**

မိမိနေအိမ်အနီးအနားတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်၊ အရူးတစ်ယောက် ကခုန်သော နိမိတ်များတွေ့ပါက ဝင်စရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်သောကြောင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံလိုက်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေလည်း ပျက်သွားတတ်တယ်။ ဒါပေမဲ့ မထင်မှတ်သောခရီး၊ မရည်ရွယ်သောခရီးများ သွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ လူမျိုးခြားက ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးဝေး သွားမယ်ဆိုရင် ယခုကာလတွင် သွားပါ။ အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ကြုံပေမယ့် အောင်မြင်မှု ရမှာပါ။ မိသားစုအတွင်းမှာ စိတ်ဝမ်းကွဲစရာတွေ ကြုံတွေ့တတ်တယ်။ ကိုယ်ရည်ရွယ်ထားတာတခြား၊ မိသားစုဖြစ်ချင်တာကတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုရင် အလုပ်နဲ့ပတ်သက်တဲ့ စာမေးပွဲ ဖြေဆိုရတတ်တယ်။ ပညာရပ်နှင့် ပတ်သက်၍ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့် ထိကံကောင်းတဲ့ကာလဖြစ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး အဆုံးအရှုံး အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင်ပြောင်းချင်စိတ် ပေါ်လာမယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ကြုံရတတ်တယ်။ မိမိကိုယ်တိုင် အမှုမဖြစ်သော်လည်း မိမိနှင့် ပတ်သက်သူတို့၏အမှု၌ လိုက်လံဆောင်ရွက်ပေးရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အည့်မျ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၄၊ ၄၅၊ ၄၄

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မငှားရမ်းပါနှင့်။ ငှားလျှင် ဆုံးရှုံးသွားတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဂဃာနို့ဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့နေပါတယ်။ အညံ့ကြီး မဟုတ်ပေမယ့် ထင်သလောက်အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလပဲ ဖြစ်ပါတယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတက်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ [illegible] ကြီး၊ ကြီးကဲသူတို့က ကူညီမစလိမ့်မယ်။ မြေတစ်ကွက် ဝင်[illegible]တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သော ကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက် လိုက်ခြင်းများ လုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံ၌ မွေးပါ။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုအချိန်တွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုပါနှင့်။ ယခုကာလတွင် အမွေရခြင်း (သို့မဟုတ်) အမွေကဲ့သို့ ပစ္စည်းများ ရတတ်တယ်။ ယခုကာလ၌ လက်ခံလိုက်လျှင် အလဟဿကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကြေဖြစ်နေတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၅၃၊ ၅၉

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်း မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာခြင်း၊ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထ[illegible]ပေါ် ဖျားရည်ဆမ်းပြီး ဘုရားဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတတ်ဘူး။ အနစ်နာခံ၊ အရှုံးပေးပြီး နှလုံးအေးအောင် နေပေမယ့်လည်း ကိုယ့်ကို ဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ်လုပ်ဖို့ စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ စပ်တူလုပ်ဖို့ဆိုရင် တနင်္ဂနွေ၊ အင်္ဂါက အကောင်းဆုံးပါပဲ။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ဆိုရင် ဒီကာလဟာ အကောင်းဆုံးပါပဲ။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးရွားရွား ညှိုးသွားတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အမွေလုပွဲ၊ မြေလုပွဲ ကြုံတွေ့ရတတ်တယ်။ အိမ်ငှား၊ မြေငှား အမှုအခင်းသေးသေးလေးတွေ လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေလည်း ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားရင် ကျန်းမာရေးညှိုးလို့ ခရီးစဉ် နောက်ဆုတ်ရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနဲ့ ကဆုန်လများ ပါဝင်နေရင်တော့ မမျှော်လင့်ဘဲ ငွေရတတ်တယ်။ သားသမီးများ ကျန်းမာရေး အနည်းငယ် ညှိုးတတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိရင် အိမ်ကနေ ထွက်သွားတတ်တယ်။ ရွှေထည်ပစ္စည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကထွက်တတ်ဘယ်။ မိမိအိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိလျှင် အိမ်မှာ မမွေးရ။ အပြင်မှာ ကိုယ်ဝန်ဆောင်သည် အိမ်မှာလာမွေးလျှင် ကောင်းပါတယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းပျက်ဝမ်းလျှော၊ လေနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခု တို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညှံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၇၊ ၃၁၊ ၁၃၊ ၁၅

### အထူးသတိပြုရန်

ယခုကာလတွင် လုပ်လက်စအလုပ်ကိုပဲ ဆက်လုပ်ပြီး မတိုးချဲ့၊ မပြောင်းပါနှင့်ဦး။ အမှုမဖြေရှင်းရပါ။ တတ်နိုင်သလောက် အချိန်ဆွဲထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါ်တွင် ဆီဆမ်း၊ ဆားဖြူး၍ ဘူးသီးတစ်စိတ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာများ ပွားလာတတ်တယ်။ ကျေးဇူးရှင် မိဘတွေကို ပြန်ပြီးကြည့်ရှုစောင့်ရှောက်နိုင်မယ့်ကာလဖြစ်တယ်။ စီးပွား သိသိသာသာတက်မယ်။ သိကြားမင်းလိုက်သတဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အထက်လူကြီး ဆရာသမားများလို ပုဂ္ဂိုလ်မျိုးကလည်း ကိုယ့်ကို ကြည့်ရှုစောင့်ရှောက်တတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်း တွေ့မယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပြည်ပက ကိုယ့်ကို လာရောက်ဖို့ ခေါ်ယူတာမျိုး ကြုံတွေ့ရတတ်တယ်။ မြေတစ်ကွက်လည်း ဝင်တတ်တယ်။ မိမိအိမ်မှာ စေ့စပ်မင်္ဂလာပွဲတွေ လုပ်ရတတ်တယ်။ သူများမင်္ဂလာဆောင်ပွဲတွေလည်း ပါဝင်လုပ်ဆောင်ပေးရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ်။ အိမ်ထောင်ကျလျှင် စည်ကားတဲ့ မင်္ဂလာပွဲ ဖြစ်တတ်တယ်။ အဖိုးတန်တဲ့ ကျောက်မျက်ရတနာတစ်ခုလည်း ဝင်လာတတ်တယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများ ဖြေရှင်းရခြင်း၊ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံရတတ်တယ်။ အမှုအခင်းများနှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်ပါလိမ့်မယ်။ စက်ရုံတစ်ခု ထူထောင်ခြင်း၊ စက်ပစ္စည်းအသစ်ဝင်ခြင်းများ ကြုံမယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးနှင့် ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေး လုံးဝမသွားပါနှင့်။ ညအိပ်ညနေ နာတာရှည် လူမမာများ မိမိအိမ်သို့ လာရောက်ဆေးဝါးကုသပါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေ့အိမ်ဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(၈)ပုံ၊ စံပယ်ပန်း(၈)တုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်တဲ့ အပြောင်းအလဲတွေ ကြုံတွေ့ရတတ်ပါတယ်။ အလုပ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အလုပ်သစ်တစ်ခုလည်း လုပ်ရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းများ ပြုလုပ်ရတတ်တယ်။ မရည်ရွယ်ဘဲ မြေဝင်တတ်တယ်။ အလုပ်က ကောင်းပေမယ့် နည်းနည်းတော့ သတိထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်စရာကြုံမယ်။ ရွှေနှင့် ရတနာပစ္စည်းများထွက်ခြင်း၊ ပေါင်နှံရခြင်း ကြုံရတတ်တယ်။ အစိုးရဝန်ထမ်းတွေအဖို့ ရာထူးတက်တာနှင့်အမျှ ပစ်စာ၊ တိုင်စာမျိုးတွေလည်း ကြုံတွေ့ရတတ်တယ်။ ဒါပေမဲ့ တနင်္ဂနွေသားသမီး၊ သောကြာသားသမီး ဌာနဆိုင်ရာအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလာလိမ့်မယ်။ အင်္ဂါနာမည်၊ စနေနာမည်ပါသော ကျန်းမာရေးညံ့သည့် သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ပြည်ပခရီးဝေးသွားမည်ဆိုရင် ယခုကာလတွင် စာရွက်စာတမ်းကိစ္စများ ပြုလုပ်ပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ ခြေထောက်တွင် ထိခိုက်အန္တရာယ် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးအနီရောင်(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| သောကြာ၊ တနင်္ဂနွေ |

| ညံ့သောရက် |
|---|
| အင်္ဂါ၊ စနေ |

| ကံကောင်းသောနံပါတ် |
|---|
| ၁၆၊ ၆၁၊ ၁၂၊ ၆၇ |

| အထူးသတိပြုရန် |
|---|
| ယခုကာလတွင် ခြံ၊ ကား ရောင်းချ၍ လုပ်ငန်းသစ် စတင်လုပ်ခြင်းမျိုး မပြုလုပ်ရပါ။ |

| ကံကောင်းပြီး လာဘ်ရှင်စေရန် |
|---|
| မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းဆွမ်း(၆)ပန်းကန် လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ကျန်းမာရေးကောင်းပြီး ပျော်ရွှင်မြူးတူးနေရမယ့် ကာလ ဖြစ်ပါတယ်။ အလှူတစ်ခုလည်း မမျှော်လင့်ဘဲ ပြုလုပ်ရတတ်တယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့ရပါလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်ပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မခေါ်တဲ့သူတွေက ပြန်ခေါ်၊ အပေါင်းအသင်းများ နှိမ်ခဲ့တဲ့သူတွေက ပြန်မြှောက်ပင့်ပြီး ပခုံးပေါ်ထမ်းတင်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ကိုယ်ကဖြစ်သလို ဝတ်စားထားလျှင်တောင် အေးလူက ကြည့်ကောင်းနေတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်မယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဖြေရှင်းပေးရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အထင်အမြင်လွဲမှားမှုတွေဖြစ်ခြင်း၊ ငယ်ရွယ်သူတွေ အစွပ်အစွဲခံရခြင်း၊ နောက်ဆုံး အိမ်ထောင်ပြုရသည်အထိ ဖြစ်တတ်တယ်။ အိမ်ထောင်ပြုလျှင် ရာသက်ပန်ခိုင်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ ယခုရောက်ရှိနေသောကာလတွင် တပို့တွဲလ၊ တပေါင်းလများ ပါနေပါက အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ရေး ပြိုကွဲမှုများနှင့် ကြုံတွေ့ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစားမှားခြင်း၊ ဆေးမှားခြင်း၊ သွားဒုက္ခပေးခြင်းများ ကြုံရမယ်။ အဆိပ်ရှိသောအကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း တံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဖြူ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ တနင်္လာ

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၆

### အထူးသတိပြုရန်

ယခုကာလတွင် ဆိတ်သားဟင်း မစားရ။ သဇင်ပန်းများကို အင်္ဂါနေ့နှင့် သောကြာနေ့များတွင် လှူဒါန်းခြင်း မပြုရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် မွေးနေ့တိုင်း ဓာတ်ကြီးလေးပါးဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၇-ခုနှစ်၊ မေလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတက်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၄/က)၊ ပိတောက်(၅)လမ်း။ ပြည့်သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၃၀၃၊ ၀၉-၇၃၃၀၅၅၅၅၆၇

## တနင်္ဂနွေသားသမီးများအတွက်

မပြည့်တာတွေ ပြည့်စုံလိမ့်မည်။ လုပ်ငန်းတွေ တိုးချဲ့ရလိမ့်မည်။ အလုပ်သစ်၊ အိမ်သစ် ရမည်။ ရွှေနှင့် အဖိုးတန်တဲ့ပစ္စည်းတွေ ဝင်လာလိမ့်မည်။ ကွဲကွာနေသော ဆွေမျိုးများနှင့် ပြန်ဆုံရမည်။ ငယ်ရွယ်သူတို့ ပညာကောင်းတစ်ခု သင်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီး လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရမယ့်အချိန်ပါပဲ။ အလုပ်တွေ တစ်ခုပြီးတစ်ခု လုပ်နေရလိမ့်မယ်။ သင်တန်းတစ်ခု တက်ရတာမျိုး၊ အဖွဲ့အစည်းတစ်ခုခု ဝင်ရတာမျိုး ဖြစ်မယ်။ နိုင်ငံခြားနှင့် ဆက်သွယ်ရတာတွေ၊ လူမျိုးခြားနှင့် လက်တွဲအလုပ်လုပ်ရတာတွေ လုပ်ရမယ်၊ ဆွေမျိုးသားချင်းထဲမှ နာရေးဖြစ်တတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးနှင့်လုပ်သောမုန့် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

မမျှော်လင့်သောနေရာမှ အမွေရတတ်သည်။ စာရွက်စာတမ်းနဲ့ ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း အရာထမ်းများ ပစ်စာ တိုင်စာ ကိစ္စများ ဖြေရှင်းရတတ်တယ်။ ပျိုရွယ်သူများ အိမ်ထောင်ဖက် တွေ့ရမယ်။

ယတြာ

ကလေးတွေကို မုန့်ဖိုးပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

လုပ်ရှားသမျှ အဖတ်မတင်တဲ့ကာလပါပဲ။ မသွားချင်တဲ့ခရီးတွေ သွားရတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ အမြင့်မှ လိမ့်ကျတာမျိုး ကားနဲ့ ပွတ်တိုက်တာမျိုး ကြုံရတတ်တယ်။ စပ်တူလုပ်ငန်းလုပ်ဖို့ ကမ်းလှမ်းလိမ့်မယ်။

ယတြာ

မိတ်ဆွေတစ်ဦးကို ပန်းစည်း လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

လက်ရှိအလုပ်ကနေ အခြားအလုပ်ကို ပြောင်းချင်ပေမယ့် မပြောင်းပါနှင့်ဦး။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်ခြင်းများ ကြုံမည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်သည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ထီးတစ်လက် လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများက အစစအရာရာ ထောက်ပံ့ပေးမယ့် အချိန်ပါပဲ။ စီးပွားရေး သိသိသာသာတက်မယ်။ အလုပ်သစ်တွေ ရလာမယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ဇနီးဖြစ်သူနှင့် အဆင်မပြေဖြစ်ပြီး ခေတ္တခွဲခွာရတတ်တယ်။ ယာဉ်တိုက်ခြင်း၊ ရေနစ်ခြင်း ဖြစ်တတ်တယ်။

ယတြာ

မိတ်ဆွေများကို နွားနို့ ဝယ်တိုက်ပါ။

---

## စနေသားသမီးများအတွက်

ကံအကောင်းဆုံးကာလပဲ ဖြစ်ပါတယ်။ မထင်မှတ်တဲ့နေရာတွေက ငွေတွေဝင်မယ်။ ကိုယ့်ကို မခေါ်မပြောချင်သူတွေက လက်ယပ်ခေါ်မယ့်ကာလပါပဲ။ အလှူအတန်း၊ မင်္ဂလာအခမ်းအနားတွေ စီမံပေးရတတ်တယ်။ ငွေဝင်လာရင် ရွှေဝယ်ထားလိုက်ပါ။

ယတြာ

မိတ်ဆွေတစ်ဦးကို ရေသန့်လှူပါ။

---

## ရာဟုသားသမီးများအတွက်

လုပ်သမျှအလုပ်တွေဟာ အထစ်အငေါ့ဖြစ်မယ်။ ဖြစ်ပြီးရင် အောင်မြင်မယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းလဲခြင်း ကြုံမည်။ သူတစ်ပါးက မကောင်းကြံတတ်သည်။ မထင်မှတ်ဘဲ သင်တန်းတက်ရတတ်သည်။ ချစ်သူနှင့် လမ်းခွဲရတတ်သည်။

ယတြာ

မိတ်ဆွေများကို ထောပတ်နှင့် ပြုလုပ်ထားသောမုန့် ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီး၏ အရိုးပြာ ရေမျှောပူဇော်ပွဲ



ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ [illegible] နာယက ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတာဘိဝံသ သက်တော်(၉၅)နှစ်၊ ဝါတော် (၇၅)[illegible] အရိုးပြာ ရေမျှောပူဇော်ပွဲကို ၂၀၁၇-ခုနှစ်၊ [illegible] ၄ ရက်၊ စနေနေ့ နေ့လည် ၁ နာရီတွင် [illegible] မြို့နယ်၊ ရဲရှိန်သာရပ်ကွက်၊ ဗိုလ်တထောင် [illegible] အမှတ်(၄) ဆောင်တားတွင် ကျင်းပပြုလုပ် [illegible]

သားငယ်

## မွန်ပြည်နယ်ရှိ အထူးပြု [illegible] ကလေးငယ်များ၏ သင်တန်း[illegible]



မော်လမြိုင်မြို့ စမ်းကြီးရပ်ရှိ [illegible] သင်တန်းကျောင်းဝင်းအတွင်း၌ [illegible] လိုအပ်သော ကလေးငယ်များ၏ [illegible] အတွက် ပညာရေး ကျန်းမာရေးနှင့် [illegible] မြင့်မားစေရန် ရည်ရွယ်၍ [illegible] ပေရှိသော RC(၂)ထပ်ဆောင် [illegible] ပါဝင်လှူဒါန်းလိုသူများအနေဖြင့် – [illegible] (ဥက္ကဋ္ဌ)(ဖုန်း-၀၉-၈၇၅၂၇၇၀၀၀) [illegible] ရေးမှူး)(ဖုန်း-၀၉-၅၀၃၉၄၃၀)၊ [illegible] (ဖုန်း-၀၉-၅၃၂၀၆၈၈)၊ ဦးချို[illegible] တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း [illegible]

www.burmeseclassic.com



## ရွှေတိဂုံစေတီတော် (၉၉)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိမွေ့နုဂ္ဂဟ စာအောင်ဆုနှင်းသဘင် အခမ်း အနား ကျင်းပ





၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ တနင်္ဂနွေနေ့တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၉၉) ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိမွေ့နုဂ္ဂဟ စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်သော ဆုနှင်းသဘင်အခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အင်ကြင်း

BURMESE CLASSIC

---

## ရွှေဘုန်းပွင့်စေတီတော်၌ နှမ်းထမနဲ စတုဒိသာပွဲတော် ကျင်းပ



၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ သောကြာနေ့မှ ဖေဖော်ဝါရီလ ၁၁ ရက်၊ စနေနေ့(တပို့တွဲလပြည့်နေ့)အထိ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော် ဩဝါဒပါတိမောက်အခါတော်နေ့ (၂၁)ကြိမ်မြောက် နှမ်းထမနဲ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။


### သုံးရောင်ခြယ်ဘုရားများ ဝယ်ယူပူဇော်နိုင်

ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)များကို ဉာဏ်တော်အမြင့် ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ မိမိ နှစ်သက်ရာ ဉာဏ်တော်ကို ဘုန်းရောင်ဂျာနယ်တိုက်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။ (ဖုန်း-၀၉-၂၅၁၀၂၂၃၁)


www.burmeseclassic.com

www.burmeseclassic.com

## ရွှေစာရံမှ ဘောဂဝတီ နာဂသေန နဂါးမယ်တော်ကြီး စံနန်းဆောင် ရေစက်ချပွဲ



(၁၂-၁-၂၀၁၇)ရက်နေ့တွင် အလှူရှင် ဘုရားဒါယကာကြီး ဦးတင်မင်းဦးမှ ရွှေစာရံရှိ နာဂသေ နဂါးမယ်တော်ကြီး စံနန်းဆောင် ရေစက်ချပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုစံနန်းဆောင် ရေစက်ချပွဲတွင် တိုင်တစ်ရာ ဆရာတော်မှ ရေစက်ချပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်တစ်ရာဆရာတော်အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ကြွရောက်လာသော ဧည့်ပရိသတ်တို့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

## ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် စိုးရန်အောင် ၏ မွေးနေ့မင်္ဂလာ



ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် စိုးရန်အောင်၏ မွေးနေ့မင်္ဂလာပွဲကို (၅-၂-၂၀၁၇)တနင်္ဂနွေနေ့ နံနက်(၇း၃၀)နာရီ၌ ရွှေတိဂုံစေတီတော် အင်္ဂါထောင့်မှာ ဆွမ်း၊ သင်္ကန်း၊ ဆီမီးများ၊ ပန်းများ၊ ရေချမ်းများကို သူ၏ပရိသတ်နှင့်အတူ ကပ်လှူကုသိုလ်ယူခဲ့ကြပြီး ရွှေတိဂုံစေတီတော်ကြီး ဘက်စုံအတွက် အလှူတော်ငွေ ငါးသောင်းကျပ် လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

စိုးရန်အောင်နှင့်အတူ ပါဝင်ကုသိုလ်ယူခဲ့သူတွေ အားလုံး M3 စားသောက်ဆိုင်မှာ နံနက်စာ အတူစားကြပြီး နံနက် ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၊ နှလုံးရောဂါဆောင်နှင့် အဆောင်-၁ မှာ ရှိသည့် လူနာရှင်များနှင့် လူနာစောင့်များကို ကြက်သားဟင်း၊ ငါးပိကြော်၊ ချဉ်ပေါင်ကြော်၊ သခွားသီးတို့ဖြင့် ထမင်းဘူးများ လိုက်လံဝေ၍ လှူဒါန်းခဲ့ပြီး သူနှင့်အတူ ပါလာကြသော အခြားအလှူရှင်များမှလည်း ယမ်ယမ်ခေါက်ဆွဲခြောက်၊ ကွေကာ့အုပ်ထုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။


ညနေပိုင်းတွင်လည်း ဆရာကြီး ဒေါက်တာမင်းသိခ်၏ ပညာအမွေ လက်ဆင့်ကမ်းပွဲမှ ဗေဒင်သင်တန်းသား သင်တန်းသူများကို ရွှေတောင်ခေါက်ဆွဲဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။

TN



www.burmeseclassic.com

www.burmeseclassic.com



"ရေနှောက်မှာ ရွှေကြ ပေါက်ရင် ပေါက်တဲ့ရွှေကြာ မင်္ဂလာမရှိဖြစ်မယ်" ဆိုတဲ့စကား ကြားဖူးမိ၏။

ပဒုမ္မာရွှေကြာတို့သည် နွံထဲမှာ ပေါက်သော်လည်း ကြာရှိသော ကန်ရေသည် အမြဲကြည်လင်နေလေ့ရှိ၏။

ပဒုမ္မာတို့သည် ရေနှောက်မှာ မပေါက်ဟု ဆို၏။ ထို့အတူ လူတို့၏ နှလုံးသားလည်း လောဘ၊ ဒေါသ၊ မောဟတို့ လွှမ်းခြုံနေပါက စိတ်နှလုံး ဖြူစင်မည် မဟုတ်ဟု ယူဆရ၏။

ထို့ကြောင့် ရောင်ပြန်ပရိသတ်ကြီးလည်း ရေနှောက်မှာ ရွှေကြာ မပေါက်သလို လောဘ၊ ဒေါသ၊ မောဟ လွှမ်းခြုံသော နှလုံးသားပိုင်ရှင်များ မဖြစ်စေရန် ဆုတောင်းလိုက်ရသော်···

www.burmeseclassic.com